City MAGAZINE

Vol- 257, 2019



နှစ်သစ်မှာ
စိတ်သစ်၊ လူသစ်နဲ့
ရှင်လန်းချမ်းမြေ့ကြပါစေ

City MAGAZINE

VOL - 257, 2019

အယ်ဒီတာချုပ်

ကိုရာဇာ

အမှုဆောင်အရာရှိ

စောလှဦး

အယ်ဒီတာ

ကိုစော(ပထဝီဝင်)

စာပြင်

သင်မိုးနီ၊ အောင်ကျော်

မျက်နှာဖုံးနှင့်အတွင်းဒီဇိုင်း

MOE-Z

စာစီစာရိုက်

မြတ်မြတ်၊ သျှင်မင်း

ဓာတ်ပုံ

သန့်စင်

ပန်းချီသရုပ်ဖော်

အေကျော်စွာ၊ ဝင်းသိန်း၊ ဆု၊ ဝင်းတင်

ဖက်(စ်) ၀၁-၅၀၃၆၂၆

Email: yangoncitynews@gmail.com

ပုံနှိပ်ထုတ်ဝေသူ

ဒေါက်တာ တိုးအောင်

ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ(၀၄၅၁၇)

ပုံနှိပ်တိုက်

မြို့တော်ပုံနှိပ်တိုက်မြေ(၀၀၅၈၃)

ဟံသာဝတီလမ်းနှင့် ကမ်းနားလမ်းထောင့်

ကြည့်မြင်တိုင်မြို့နယ်

ပြန့်ချိရေး

ကျော်မင်းထိုက်၊ အောင်မျိုးသန့်

ဖုန်း - ၀၉၂၅၄၂၉၇၇၊ ၀၉-၄၂၁၁၂၉၇၉

မြို့တော်မဂ္ဂဇင်း

ဟံသာဝတီလမ်းနှင့် ကမ်းနားလမ်းထောင့်

ကြည့်မြင်တိုင်မြို့နယ်

ဖုန်း ၀၁-၅၀၃၆၇၀၊

တန်ဖိုး

၂၀၀၀ ကျပ်

အုပ်ရေ

၂၀၀၀

City MAGAZINE

Vol : 257, 2019

CONTENTS



4 EDITORIAL NOTE

POEM

5 မေတ္တာစမ်းရေ အလွမ်းလှေ မြင်းမူမောင်နိုင်မိုး
6 မေတ္တာနှင့် အာဏာ နေဇင်(ပေါက်ခေါင်း)
7 အညတရဆရာဘဝ ဇွန်ကိုကို
8 လောကလမ်း မောင်စိမ်းနောင်(လယ်ဝေး)
30 ရန်ကုန်---သို့မဟုတ် သက်ထိုက်ဦး
31 စာဆို ဂုဏ်တင် ဆောင်းရင်ခွင် မင်းမောင်နွယ်(မွန်ဌာနီ)
32 တို့သိက္ခာ လာမထိနဲ့ ကျော်စောဟန်
118 မွေခံထိုက်စေ အောင်ထွန်းလင်း(ချောက်)
119 ဘဝဆရာ သို့မဟုတ် မောင်လွမ်းနိုင်(စံပယ်ဦ)
124 သမုဒယ မျက်ကန်း မင်းသစ်ဝင်း(ကျောက်တံခါး)
137 ရွှမဝ အောင်မြင့်စိုး(ရေစကြို)

CARTOON

9 ကျော်ကိုကို 10 မင်းထက်လူ 11 ဇက်တီ
12 ဖြူးလေး 76 ဖိုးတုတ်ကလေး 138 ဖိုးကလေး
139 အောင်အောင်ထွေး 140 ရန်ကြီးအောင်
145 လှိုင်ဝင်းသစ် 146 ကိုရိုး

RELIGION

25 လက်ဆင့်ကမ်း ထပ်ဆင့်ဓမ္မဒါန သာကီဝင်း(ဓာတု)

ARTICLE

13 ရန်ကုန်မြို့ကြီးရဲ့ သမိုင်းဝင် သိမ်ကြီး(၉)သိမ်တွင်ပါဝင်တဲ့ ကျားကူးသိမ်တော်ကြီး၊ ကျားကူးကျောင်းတိုက် မောင်မြတ်မွန်(ဆူးလေ)
17 အငယ်စား၊ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး မူဝါဒဆိုရာမှာ ဇော်ဟိန်း
77 လေဆင်နာမောင်းလာ စိုက်ဆင်းလေပြင်းလာ သိပ္ပံစာရေးဆရာကိုကိုအောင်
88 တော်ဝင်အိမ်ရာ မိုးမိုးလှိုင်မြင့်(မြို့ပြ)
107 မြေငလျင်မိတ်ဆက်(Earthquake Tips) အယ်ဒီတာတစ်ဦး

EXPERIENCE ESSAY

83 တစ်ကြိမ်လောက်ပြန်တွေ့ပါရစေ ပုသိမ်အောင်သန်းဦး
99 လွမ်းလောက်သူတစ်ယောက်အကြောင်း ကိုကိုလင်း(အမေ့အိမ်)

STRANGE

95 ဂရိတောင်ကုန်းပေါ်က သမိုင်းဝင်မြို့ ရဲမာန်ခ

TRANSLATION

39 ချစ်ခြင်းမေတ္တာဟူသည်မှာကား: ဘနင်း(မြန်မာပြန်)
47 ဘုရင်မ သေဆုံးသွားခြင်း: ကိုဇော်
71 ဖွင့်ချလိုက်ပါ မောင်သီဟ

PHOTO

120 မြန်မာနိုင်ငံဓာတ်ပုံအသင်း လစဉ်ဓာတ်ပုံပြိုင်ပွဲများ: သန့်စင်

CELEBRITY

133 *Celebrity and Showbiz* အောင်စိုးသူ(LPN)

YOUTH

61 မျိုးဆက်သစ်တို့အား မာန်ဝေ ထူးကြီးမြင့်ကျော်ကျော်
158 သဘင်မှဆိုင်ရာ အနုပညာကိုလေ့လာခြင်း: ကိုစော(ပထဝီဝင်)

SHORT STORY

33 သည်ပန်းမှ မြတ်ပန်းတော် ဆင်ဖြူကျွန်းအောင်သိန်း
43 လင်မျော်ကုန်း: အောဘုန်းခေတ်
53 ရပ်တန့်ခြင်းမရှိ ထာဝရစီးဆင်းနေသော မောင်မောင်မိုးအောင်(စာပေဗိမာန်စာမူဆု)
67 မျှဝေခြင်း: သင်းအောင်သန်း
91 လက်ဆောင် မွေးငယ်ငယ်
103 လေထဲဆောက်တဲ့ ချစ်စံအိမ် ရေနံမြေမောင်မောင်ကြည်
125 မောင်ကျောင်းသား: မင်းထက်မြို့
147 အဖျတ္တ၏အမှားများ: မြနင်းဝေအောင်
155 ကြေကွဲခြင်းအားဖြင့် ခင်လပြည့်ဝန်း

HEALTH

141 အစာအသောက်ဘေးအန္တရာယ်ကင်းရှင်းရေး ပြည်သူများဝိုင်းဝန်းဆောင်ရွက်ပေး
ဒေါက်တာမြင့်သန်းထွန်း(ပြည်သူ့ကျန်းမာရေး)

JOKE

24, 38, 42, 60, 66, 90,

LONG STORY

162 ငယ်ကချစ် အနစ်တစ်ရာမမေ့သာ သောင်းဝေဦး





ရှေးဦးစကား

မင်္ဂလာပါ

ယခုအပတ် City Magazine (257) တွင် ယခင်အစဉ်အလာအတိုင်း သုတ၊ ရသစုံလင်စွာဖြင့် ဝတ္ထုဆောင်းပါးများကို ဖွဲ့စည်းထုတ်ဝေလိုက်ပါပြီ။ ယခုအပတ်တွင် သုတအဖြစ် အသေးစား၊ အလတ်စား၊ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံပြုချက်၊ ကမ္ဘာတစ်ခွင်အပျက်အစီးများကိုဖန်တီးနေသည့်လေဆင်နာမောင်းအကြောင်း၊ ကျားကူးသိမ်တော်ကြီး၏ သမိုင်းကြောင်းပါရှိပြီး၊ ဘဝပညာပေးအဖြစ် စိတ်အလိုလိုက်မိသောမောင်ကျောင်းသား၏နောင်တ၊ အချစ်သင်ခန်းစာပေးအဖြစ် ရေနံမြေမောင်မောင်ကြည်၊ သောင်းဝေဦးနှင့် မြနှင်းဝေအောင်တို့၏ ဝတ္ထုရှည်များက စာဖတ်သူများကို ဆွဲဆောင်နိုင်မည်ဟု ယုံကြည်ပါသည်။

ထို့ပြင် အညာဒေသ စိုက်ပျိုးရေးကဏ္ဍ သရုပ်ဖော်အဖြစ် အညိုနှင့် ကျော်မြင့်သိန်းတို့၏ အိမ်ထောင်သည်ဘဝကိုလည်းကောင်း၊ သွေးလှူရခြင်း၏ အကျိုးဆက်ကို မွှေးငယ်ငယ်ရခဲ့သည်ကိုလည်းကောင်း ဖတ်ရှုနိုင်ပြီး၊ ဘာသာရေးကဏ္ဍတွင် လက်ဆင့်ကမ်းခမွေဒါနကို မျှဝေခံစားနိုင်ပါသည်။

ဘာသာပြန်ဝတ္ထုဆောင်းပါးအဖြစ် ယခုအပတ်တွင် ရီးဒါးဒိုင်ဂျက်စ်မှ ဘာသာပြန်နှစ်ပုဒ်ကို ထည့်သွင်းထားပါသည်။

တစ်ဖန် အပျော်အပါးနှစ်သက်သူများအတွက် ဓာတ်ပုံကဏ္ဍနှင့် Celebrity ကိုလည်း မပျက်မကွက်ဖွဲ့စည်းထားပါသည်။

ခြံ၍ဆိုရသော် City Magazine အယ်ဒီတာအဖွဲ့သည် ရသစုံပါဝင်အောင် ကြိုးပမ်းအားထုတ်ထားကြောင်း တင်ပြလိုပါသည်။

တဒင်္ဂဖြစ်စေ ဘဝအမောပြေစေရန်

မေတ္တာရည်လျက် -

အယ်ဒီတာချုပ်



မေတ္တာစမ်းရေ အလွမ်းလှေ

❖ ကိုယ်ငယ်စဉ် စာသင်သားအရွယ်က
ကျောင်းစာကို အိမ်မှာပါးလျှင်ဖြင့်
သိနားမလည်ချေလို့
အမေရယ် ကူပါဦးဆိုတော့
အပြုံးချီပြေပြေနဲ့
သည်အဖြေ သည်လိုရေးရတယ်လို့
ဖေးကူခဲ့ဖူးပါသည်။

❖ ကျောင်းတော်မှာ ဆရာမ
စာပြတော့ အဘယ်ပုံ
စာသင်ခုံ ဘယ်လိုထား
သူငယ်ချင်းများ ဘယ်လိုနေ
ကြိုသရွေ့အခြေ အမျိုးမျိုးကြောင်းငဲ့ပြင်
ဆုံတွေ့ပေ အဆိုးအကောင်းတွေနဲ့
ဖြစ်ကြောင်းရယ် အကုန်တိုင်တော့
ပုဏ္ဏားတိုင် အမေဖြစ်
ချစ်ခဲ့ရှာသည်။

❖ အရွယ်ရလာတော့
ငယ်ဘဝလို အမေ့ရင်ွေ့ကိုဖြင့်
နေ့စဉ်မတွေ့မလွဲသာဘူး
အတောင်စုံလာ ငှက်ကလေးလိုပ
တစ်နယ်တစ်ကျေး အခြေတည်တော့
အမေသည် တစ်ကိုယ်တည်းပါကလား
ခရီးဆန် ပြန်ရောက်ခဲ့ပေမဲ့
အခေါက်ခေါက် လူကြုံတွေနဲ့
မွေးမေမေ သူလေပို့ရှာခဲ့
မေတ္တာပြ စမ်းရေကြည်
စုန်သည်ကွဲ့ ငြိမ့်ငြိမ့်ညောင်း။

❖ "သားကြိုက်တဲ့ ပဲနီလှော်
သမီးကြိုက်တဲ့ ထန်းလျက်နော်
မြီး(မြေး)ကြိုက်တဲ့ မြေပဲကြော်"
စာရွက်ပေါ် ခဲတံကလေးရယ်နဲ့
ရေးခြစ်လှာ အခါခါပေါ့
မေတ္တာစမ်းရေ ငြိမ့်ငြိမ့်ကလေးမှာဖြင့်
ချစ်သဒ္ဓါလျှမ်းဝေ တသိမ့်သိမ့်အေးပါဘိ
ပန်းလှေကလေး အမေမျှောလိုက်တယ်လို့
သဘောပိုက်ကာ သားမောင်တမ်းလေတော့
လွမ်းကမျာ စာတစ်ပိုဒ်ရယ်နဲ့
ဦးခိုက်ပါကြောင်း။ ။

မြင်းမူမောင်နိုင်မိုး



မေတ္တာနှင့် အာဏာ

❖ လောကမှာ လူအများ
ယူထားကြ ထိုအာဏာ။
ရလာသော် အစဉ်သုံး
ရှင်ပြုံးကြည်စွာ။
အာဏာကို တပ်မက်ကာ
စွဲလျက်သာ သူယစ်မူး။
အာဏာရှင်
ငါသာလျှင် ဘဝင်ဟပ်
တွယ်ကပ်လို့ရူး။

❖ အားကျဖွယ် ဩဇာညောင်း
ထပ်လောင်း၍ လိုချင်ပြန်။
မှန်ကန်စွာ မေတ္တာစစ်နဲ့
အချစ်ခံရန်။
သူ့အထင်နှင့် သူမှန်
အပြန်လှန် မလေးစား။
နှုတ်မချို
ဟုတ်မလို ဟန်ဆောင်ပြုံးတော့
အမုန်းဆပ်ပွား။

❖ စေတနာ မေတ္တာများ
ရင်မှာပွား အစဉ်သာ။
ဖြူစင်စွာ စိတ်ကိုထား
အများချစ်တာ။
အာဏာက ပူလောင်စွာ
မေတ္တာသာအေးချမ်း။
အဝှမ်းကမ္ဘာ
လန်းဖြာကာ အေးစေကြောင်းရယ်
ကောင်းမေတ္တာဖျန်း။ ။

နေဇင်(ပေါက်ခေါင်း)

(၁)
အလုပ်ကကျောင်းဆရာ။
နယ်တကာစာသင်ပြ
ဘဝဇာတာ။
မာန်မာနဂုဏ်ပါဝါ
ဥုံဂါထာနတ္ထိ။
အပူငြိမ်း
အဖြူစိမ်းအဝတ်စားနဲ့
တစ်ပြားမရှိ။

(၂)
ပိုင်ဆိုင်မှု အများသိ
ဆား-ငပိလျက်လို့နေ။
တစ်ယောက်စာဝမ်းရေးတွက်
မခက်လှပေ။
သို့ပေမယ့် အဖေ-မေ
သွားကာလေသား-ကန်တော့။
အချိန်တန်
အိမ်အပြန် လစာပြတ်လို့
လက်ဗလာပေါ့။

(၃)
စိန်ပန်းပွင့် ရဲရဲနီ
ကျောင်းဖွင့်ပြီအမေရယ်။
အမေ့ကိုပစ်ခွာသွား
သား-ပြန်တော့မယ်။
တာဝန်ကျ နယ်ပယ်
ပျော်တယ် ထင်လား။
မျက်နှာမှာအပြုံးပန်းနဲ့
ကိုယ်စိတ်နှမ်းနေ-နေရတယ်
ဒုက္ခတွေကြား။

(၄)
သောကများလှဘုံ။
ဆရာတွေ အလကားတဲ့
ပြစ်မှားကြကုန်။
တို့များရဲ့ ဆရာဂုဏ်
ပြောမကုန် အနန္တ။
လမင်းကိုခွေးဟောင်လို့
အလင်းရောင် မှိန်မပျက်တယ်
မြင့်မြတ်ဘဝ။

(၅)
လစာကတစ်သိန်းကျော်။
ဘဝတူဆရာမများက
မကြေင်ကြနော်။
ဆရာတွေ ကို,မခေါ်
ဓိလ်ကတော် ရည်မှန်း။
ဆရာများဘဝ
တမာသားထက်ခါးလှတယ်
ဘဝဇာတ်လမ်း။

(၆)
စီးပွားရေးမနေသာ
အဖြေရှာ ကျူရှင်ပြမယ်။
ပညာလိုမိဘများက
ထားဖို့ရည်ရွယ်။
အိပ်မက်တို့ ပျက်ပြယ်
ကျူရှင်ရယ် တိုင်ကြား။
လုပ်စားတော့ မိုးခါင်
ခိုးစားတော့ ခွေးဟောင်
အလင်းရောင် အမှောင်ကျတယ်
တို့-ဘဝများ။ ။

ဖွန်ကိုကို

အညတရဆရာဘဝ





လောကလမ်း

သွားပါလာပါ၊ ဆောင်ရွက်ပါဟု
ပြောပါဆိုပါ၊ ကျင့်ကြံပါဟု
ပမာဆိုခဲ့က်၊ နာယူထိုက်သည်
တိုက်တွန်းချက်ပင် မဟုတ်လော။

မဆောင်ရွက်ရာ၊ မသွားရာဟု
မပြောဆိုရာ၊ မကျင့်ရာဟု
ပမာဆိုထား၊ ထိုစကားသည်
တားမြစ်ချက်ပင် မဟုတ်လော။

လူဆိုသည်ကား၊ လောကီသားမို့
အမှားဆိုသည်၊ ရှိလေမည်တည့်
မှားသည်မှန်၏၊ ဒုန်တွဲရှိလည်း
ထိုက်သည့်လျော်စွာ၊ မှားခြင်းသာလျှင်
သူငါယုတ်မြတ်၊ ခွင့်လွှတ်တတ်၏။

မှားရန်မသင့်၊ အမှားဆင့်သော်
အမှန်ဖြစ်သင့်၊ မှားခဲ့လင့်သော်
ရင်နင့်စရာ၊ ကြုံတတ်စွာတည့်။


တိုက်တွန်းတားမြစ်၊ ရှိသည်ဖြစ်၍
စနစ်ကျန်၊ စဉ်ပြည့်ဝအောင်
နေ့ညဖြည့်ကျင့်၊ ကိုယ်တိုင်မြှင့်လျက်
ဆောင်သင့်သည်ဆောင်၊ ရှောင်သင့်ရှောင်လျှင်
'ထောင်'ဟူသည်ပင် ဘယ်မရှိ။
ရှိပေသည့်တိုင် ဟင်းလင်းတည့်။ ။

မောင်စိမ်းနောင်(လယ်ဝေး)

CARTOON


စားရေး မကျိတော့လည်း
ပေါင်နှံသုံးရတာ ပေါ့
ကိုယ်စားလှယ်ကြီးကွယ်.
ဟုတ်ဘာ ပေါ့ မှာ
ဒုံစွဲဝမ်းရေးကားရေးကြီး
တယ်လေ...
ဒါနဲ့...ဘာကိုမှာ
ပေါင်သုံးထိုက်သိုက်လဲ
ကျွန်းရေခြောက်
စမတ် ကတ်ကိုပါ.

CARTOON



... နှင်းကိုတော့ ပါတယ်...
ဝင်ငွေတွေနဲ့ ပတ်သက်လို့တော့ပါ...
.. ပြဿနာနဲ့တော့ ပတ်သက်ချင်ပါဘူးနဲ့...
အိုတာ... အဆုတ်တွေ ဝင်လာတော့...
ပါတော်လား... !!!
2017

ငတ်မှု CARTOON



ငမ့ CARTOON








သာသနာတော်နှစ်(၂၃၈) မှာ ရဟန္တာအရှင်မြတ်တွေ ဦးစီးတည်ဆောက်ကာ သိမ်သမုတ်တော်မူခဲ့တဲ့ ရန်ကုန်မြို့အတွင်းရှိ သမိုင်းဝင်သိမ်ကြီး (၉)သိမ်တွင် ကျားကူးသိမ်တော်လည်းပါဝင်တယ်။ ဒါကြောင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ် အတွင်းရှိ ရှေးဟောင်းလက်ရာ အဆောက်အအုံများစာရင်း အမှတ်စဉ်(၉၉) မှာ ''ကျားကူးကျောင်းတိုက်၊ အမှတ်(၄၉) ရွှေတိဂုံဘုရားလမ်း၊ ဒဂုံမြို့နယ်''လို့ ဖော်ပြထားတာဖြစ်တယ်။ ကျားကူးသိမ်တော်ကြီးနဲ့ ကျားကူးတံခါးပေါက်တို့ဟာ ''ငါးမည်ရ မြို့ရန်ကုန်''ရဲ့

ရန်ကုန်မြို့ကြီးရဲ့ သမိုင်းဝင်သိမ်ကြီး(၉)သိမ်တွင်ပါဝင်တဲ့ ကျားကူးသိမ်တော်ကြီး၊ ကျားကူးကျောင်းတိုက်

မောင်မြတ်မွန်(ဆူးလေ)





သမိုင်းအထောက်အထားလည်း ဖြစ်ပါပေတယ်။ ဘာကြောင့်လဲဆိုတော့ ကောဇာ ၁၂၀၃၊ ခရစ် ၁၈၄၁ ခုနှစ်တွင် ကုန်းဘောင်မင်း(ခ)သာယာဝတီမင်း တည်ဆောက်ခဲ့တဲ့ ''ဥက္ကလာပ အောင်မြေ ရန်နှင်မြို့ (ငါးမည်ရွာ မြို့ရန်ကုန်တွင်ပါဝင်) ရဲ့ တံခါး(၁၂)ရပ်တွင် ''ကျားကူးတံခါး''လည်း ပါဝင်ခဲ့လို့ပါပဲ။

ကျားကူးအမည်နာမရဲ့ ရင်းမြစ်

အလောင်းဘုရား ရန်ကုန်မြို့ကွက် ကာလမှာ မြတ်ဘုရားရွှေတိဂုံသို့ သွားရောက် ဖူးမြော်ရန် တောတောင်လှိုမြောင်တွေကို ဖြတ်သန်းသွားရောက်ခဲ့ကြရတယ်။ ဘုရားဖူးလမ်းကြောင်းမှာ ထူထပ်တဲ့ သစ်တောကြီး ကာဆီးနေလို့ ''ချောက်ကမ်းပါး'' တွေကို ဖြတ်ကျော်ဖို့ရာ သစ်ပင်ကိုခုတ်လဲပြီး ''သစ်လုံးတံတားထိုး''ကာ သွားခဲ့ရဖို့ကို Have Locke ဆိုသူက ဓာတ်ပုံနဲ့ မှတ်တမ်းတင်ထားပုံအား 'Memoirs of three Campaigns' စာအုပ်တွင် ထည့်သွင်းဖော်ပြထားတယ်။ အဲဒီ သစ်လုံးတံတားထိုးထားတဲ့ နေရာအပါအဝင်မှာ ယခုအခါ ''ဦးဝိစာရလမ်း'' တည်ရှိနေတာဖြစ်တယ်။ ဒါကြောင့် ဦးဝိစာရလမ်းရဲ့ ကနဦးအမည်က ''ဆင်သွားရင် လမ်းဖြစ်''ဆိုရိုးအတိုင်း ဆင်လမ်းအမည်ရခဲ့တယ်။ တောကြီးထဲမှာ ကျားသတ္တဝါတွေပါ ကျက်စားနေတာကို တွေ့မြင်ရတဲ့ နယ်ချဲ့တို့ကတော့ Tiger Alley ကျားရှိတဲ့လမ်းသွယ်လို့ ခေါ်ခဲ့ကြတယ်။ မြတ်ဘုရားရွှေတိဂုံတည်ထားတဲ့ သိဂုံတ္တရတောင်တော်မြတ်ကို သစ်တောရဂုံကြီးတွေ ဝန်းရံထားတဲ့အတွက် တောင်ခိုးနဲ့တိမ် ရောယှက်လိမ်နေပုံကို ရေလမ်းခရီးက ဘုရားဖူးလာသူ ကွမ်းခြံကုန်းနယ်သား ''ဆတိုင်မွတ်ဦးကူး'' စာပန်းချီခြယ်ထားပုံက ''တိမ်အုပ်မှောင်၊ သိဂုံတ်တောင်၊ ဘယ်ဌာနရယ်လို့၊ ရွှယ်ဆနိုင်ဘူး''လို့ ဖြစ်တယ်။

အဲဒီလို ကျားကူးသိမ်တော်ကြီး တည်နေရာဟာ ထူထပ်သိပ်သည်းတဲ့ တောကြီးမျက်မည်းမှာ ''ကျားသတ္တဝါ''တွေ ကျင်လည်ကျက်ကစားရာ ''လမ်းဆုံလမ်းခွ''မှာ တည်ရှိနေခဲ့တဲ့အတွက် ''ကျားကူးရပ်''လို့ အမည်တွင်ခဲ့ပါတယ်။ သာဓကအားဖြင့် ၁၉၀၃ ခုနှစ်၊ မတ်လ(၂)ရက်နေ့က ရွှေတိဂုံစေတီတော် အထက်ပစ္စယာပေါ်သို့ ''၈'' တောင်ရှိတဲ့ ''ကျားမ''တစ်ကောင် တက်ခဲ့ဖူးတာကို ''ရွှေတိဂုံဘုရားမှာ၊ ကျားတက်တာ၊ ငါးရက်တောင်ကြာ''လို့ လင်္ကာသွယ်ကာ မှတ်တမ်းပြုထားတဲ့ဖြစ်စဉ်ပင် ရှိခဲ့ဖူးပါတယ်။ သာသနာတော်နှစ် ၂၃၈ ကပင် သိမ်သမုတ်တော်မူခဲ့တဲ့ မူလ ကျားကူးသိမ်တော်ကြီးဟာ ''ရာဟု၊ သူရိန်၊ မြူ၊ တိမ်၊ မီးခိုး''ဖျက်ငါးမျိုးကြောင့် ယိုယွင်းပျက်စီးခဲ့ရပေမယ့် သိမ်သမုတ်ထားတော်မူခဲ့တဲ့ သိမ်သမုတ်ကျောက်ငုတ်ကြီးတွေကို ''ကျားကူးကျောင်းတိုက်''ရဲ့ ဥပစာအဝင်မှာ မျက်မှောက်ကာလတိုင် တွေ့မြင်နေရပါသေးတယ်။ အလားတူ သိမ်ကျောင်းတိုက်ရဲ့ ဘုရားခန်းမှာ ကောဇာ ၁၂၂၈၊ ခရစ် ၁၈၆၆ ခုနှစ်၊ မင်းတုန်းမင်းတရားကြီး လက်ထက်တော်တွင် ထုဆစ်ပူဇော်ခဲ့တဲ့ ဉာဏ်တော် ငါးပေခန့်ရှိ ''ဘူမိဖဿမုဒြာ၊

ဂျပန်ခေတ်မှာ ကျားကူးသိမ်ကျောင်းတိုက်ဟာ ဂျပန်ဖက်ဆစ်ရဲ့ စစ်ဦးဘီလူး "ဗုံး" ဒဏ်ကို ခံခဲ့ရသလို နယ်ချဲ့အင်္ဂလိပ်တွေ အိန္ဒိယနိုင်ငံ ဆင်းမလားသို့ စစ်ပြေးအစိုးအရအဖြစ် ထွက်ခွာသွားချိန်မှာလည်း မြေလှန်စနစ်နဲ့ကြဲခဲ့တဲ့ ဗုံးဒဏ်ကိုပါ နှစ်ကြိမ်နှစ်ခါ ပြန်ခံခဲ့ရရှာပါတယ်။

တင်ပျဉ်ခွေ စကျင်ကျောက်ဆင်းတုတော်ကြီးကို ကြည်ညိုသပ္ပါယ်စွာ ဖူးမြော်နိုင်ကြပါတယ်။ အဲဒီ ဆင်းတုတော်ကြီးမှာ ကျောက်ဆစ်သမားကြီး ''ဗညားကျော်စွာ နော်ရထာ''အား ''ကံကျွေးလက်ခ ၅၃၀ ပေးပြီး ဘုရားဒကာ ကိုတုပ်ကြီး၊ ဘုရားအမ မမယ်တို့ ပြုလုပ်ကောင်းမှု ကမ္ဘည်းကျောက်စာချပ်ကြီး၊ ကျောက်ကုန်းပေါ်တွင် ''ဆီမီးခွက်''ပါတဲ့ ''ဆင်ရုပ်ဆီမီးခွက်(၂)ရုပ်၊ ဆင်ရုပ်ငယ်(၃)ရုပ်တို့ကို ဖြူနုချောမွတ်တဲ့ စကျင်ကျောက်နဲ့ ထုဆစ်ထားတယ်။ ကျောင်းအဝင်ဝ လှေကားအတက်အဆင်းမှာလည်း ''အစောင့်အရှောက်''အနေနဲ့ မြန်မာမှုလက်ရာမြောက်စွာ ထုဆစ်ပုံဖော်ထားတဲ့ ''ခြင်္သေ့ကြီးနှစ်ကောင်''ကိုပါ တွေ့မြင်လေ့လာနိုင်ကြပါသေးတယ်။

ဖြစ်ရပ်ထူးထွေ၊ ကျားကူးသိမ်ကျောင်းတိုက်မြေ

Re-construction of Modern Rangoon,1853 မြို့ကွက်မှာ ''ကျားကူးရဟန္တာသိမ်ကျောင်း တည်နေရာအထိ မပါဝင်ခဲ့ဘူး။ ခရစ် ၁၈၆၆ ခုနှစ်တွင် ရန်ကုန်မြို့ကွက်ကို မြောက်ဘက်သို့ ဆက်လက်တိုးချဲ့တော့မှ ပါဝင်လာတာဖြစ်တယ်။ အဲဒီအခါမှာ နယ်ချဲ့တပ်စခန်းတွေချခဲ့တဲ့ Camp (ယခု စမုံလမ်း)နေရာတွင် ''မြင်းလေ့ကျင့်ရေးကွင်း'' (Maiden) ဆောက်လုပ်ရန် ကျားကူးရဟန္တာသိမ်တော်ကြီးနေရာကို သိမ်းယူမယ်လို့ ''ရန်ကုန်မြူနီစီပယ် (R.C) က Notice ထုတ်ခဲ့တယ်။ ဒါကြောင့် ပုဇွန်တောင်ရပ်နေ ပွဲစားကြီး ဦးဘိုးခင်အမှူးပြုတဲ့ ဗုဒ္ဓဘာသာဝင်တွေက ''ကျားကူးရဟန္တာသိမ်တော်ကြီး''ဟာ သမိုင်းဝင်သိမ်ကြီး (၉)သိမ်တွင်ပါဝင်တဲ့အတွက် သာသနာ့နယ်မြေအဖြစ် သတ်မှတ်လျှဒါန်းပေးရန်နဲ့ ရှေးဟောင်စကျင်ကျောက်ဆင်းတုတော်ကြီးကိုလည်း ပြင်ဆင်မွမ်းမံခွင့်ပြုရန် ရန်ကုန်မြူနီစီပယ် (R.C) သို့ လျှောက်ထားခဲ့ရာ (R.C) က ခွင့်ပြုသတ်မှတ်ပေးခဲ့ပါတယ်။ ဦးဘိုးခင်ဦးစီးတဲ့ ဒါယကာ/ဒါယိကာမတွေက ကောဇာ ၁၂၈၂၊ ခရစ် ၁၉၂၀ ပြည့်နှစ်တွင် ''ကျားကူးရဟန္တာသိမ်တော်ကြီးနဲ့ ကျားကူးကျောင်းတိုက်''တွေကို ''အများကောင်းမှု''နဲ့ မွမ်းမံတည်ဆောက်ခဲ့ကြတယ်။ ''ကျားကူးသိမ်ကျောင်းတိုက်''ကို ဝံသာနုစိတ်ဓာတ် ပြုထွက်စ ကိုလိုနီကာလမှာ တည်ဆောက်ခဲ့ရလို့ မြန်မာမှုနဲ့ ကိုလိုနီလက်ရာတွေ ရောပြွန်းနေတာပါ။ ကျောင်းတိုက် အဝင်လှေကားကတော့ ကုန်းဘောင်ခေတ်ဟန် ''သရက်ကင်းလှေကားပုံစံ''ဖြစ်ပြီး မြန်မာမှုနဲ့ ထုံမွမ်းထားတဲ့ ခြင်္သေ့ကြီးတွေကို အစောင့်အရှောက်အဖြစ် ထုဆစ်ပေးထားပါတယ်။

ဂျပန်ခေတ်မှာ ကျားကူးသိမ်ကျောင်းတိုက်ဟာ ဂျပန်ဖက်ဆစ်ရဲ့ စစ်ဦးဘီလူး ''ဗုံး''ဒဏ်ကို ခံခဲ့ရသလို နယ်ချဲ့အင်္ဂလိပ်တွေ အိန္ဒိယနိုင်ငံ ဆင်းမလားသို့ စစ်ပြေးအစိုးအရအဖြစ် ထွက်ခွာသွားချိန်မှာလည်း မြေလှန်စနစ်နဲ့ကြဲခဲ့တဲ့ ဗုံးဒဏ်ကိုပါ နှစ်ကြိမ်နှစ်ခါ ပြန်ခံခဲ့ရရှာပါတယ်။ ကောဇာ ၁၃၁၅၊ ခရစ် ၁၉၅၃ ခုနှစ်တွင် ကျားကူးကွက်သစ်မီးကြီးမှာ ကျားကူးကျောင်းတိုက်ထဲက မင်းကြီးကျောင်းပါ မီးလောင်ကျွမ်းခံခဲ့ရပါတယ်။ အဲဒီကာလက ''သပိတ်စုံ၊ သူပုန်ထ'' သရောကြီးကာလဖြစ်လို့ ရန်ကုန်မြို့ကြီးမှာ ကျူးကျော်ရပ်ကွက်တွေ ပြည့်နှက်နေခဲ့ပြီး ''ပုပ်စော်နံတဲ့မြို့ကြီး''လို့ပင် တင်စားထားခဲ့ဖူးတယ်။ မင်းမနိုင်ရပ်ကွက်၊ ကိုယ့်မင်းကိုယ်ချင်းရပ်ကွက်၊ ဖဆပလရပ်ကွက်၊ လွတ်လပ်ရေးရပ်ကွက်၊ မေဒေးရပ်ကွက်၊ ငါးထပ်ကြီးဘုရားရပ်ကွက်၊ မုန့်လက်ဆောင်းကုန်းရပ်ကွက်၊ ဝါဝါဝင်းရပ်ကွက်၊ ကပ္ပလီကွက်သစ်၊ သမ္မတကွက်သစ်၊ ရွှေကြက်ယက်ရပ်ကွက်…စတဲ့ သမိုင်းတင်ကျူးကျော်ရပ်ကွက်ပေါင်းများစွာ ရှိခဲ့ဖူးပါတယ်။

ကုန်းဘောင်ခေတ်နှောင်းကာလမှာ ''တောရကျောင်း''အဆင့်သာရှိခဲ့တဲ့ ကျားကူးသိမ်ကျောင်းတိုက်ဟာ ဗဟန်း၊ ကြည့်မြင်တိုင်ရှာ၊ ပုဇွန်တောင်ရှာနဲ့ ဗိုလ်တထောင်ရပ်တို့ကို ဂေါစက်ပြုပြီး သာသနာပြုခဲ့ကြရတယ်။ ဒုတိယကမ္ဘာစစ်အတွင်းတွင် ဗုံးဒဏ်ကို နှစ်ကြိမ်နှစ်ခါ ခံစားခဲ့ရလို့ ကျောင်းထိုင်ဆရာတော်မရှိတဲ့အတွက် ''တိုးချောင်ကလေးရွာဦးကျောင်းဆရာတော် ဦးသုနန္ဒ''က



ကျောင်းအရောမ်ကို ယာယီထိန်းသိမ်းစောင့်ရှောက်ပေးတော်မူခဲ့ရတယ်။ ကျားကူးသိမ်ကျောင်းတိုက်ဟာ ''စစ်ကိုလည်းကြံ့၊ ပုံးဒဏ်လည်းခံ၊ မီးဘေးကိုလည်းကြံ့ရ''တဲ့ အပြင် မြေသိမ်းဘေးကနေ ဗုဒ္ဓဘာသာဝင်တွေက ဝိုင်းဝန်းဖယ်ရှားပေးခဲ့ရတဲ့ ဖြစ်ရပ်ထူးတွေ များပြားလှစွာကို သမိုင်းစဉ်မှာ ကြုံတွေ့ခဲ့ရရှာပါတယ်။

ချိန်တုန်းခါသင့် ပန်းနယ်ပွင့်လာတဲ့ ကျားကူးသိမ်ကျောင်းတိုက်

မြန်မာနိုင်ငံရဲ့ အချုပ်အခြာအာဏာ ပိုင်စိုးမှု ပြယုဂ်ဖြစ်တဲ့ လွတ်လပ်ရေးမီးရှူးရောင်နှင့်အတူ ချိန်တုန်းခါသင့် ပန်းနှယ်ပွင့်လာတော်မူတဲ့ ကျားကူးသိမ်ကျောင်းတိုက်တော်ကြီး တည်ရာဟာ ကန်တိုမင့်တိုက်နယ်၊ မြေတိုင်းရပ်ကွက်၊ အမှတ် (၆၈)၊ မြေကွက်အမှတ် (၁၈)ရဲ့ မူလဝင်္ကပမြေအကျယ်အဝန်းက ၀.၈၆၄ ဧက ဖြစ်ပါတယ်။ စစ်ကြိုခေတ် Prewar ကာလမှာ မူလ ကျားကူးရဟန္တာသိမ်တော်ကြီး၊ မူလ ကျားကူးကျောင်းတိုက်၊ စက်ရှင်မင်းကြီး ဆောက်လုပ်လှူဒါန်းခဲ့တဲ့ မင်းကြီးကျောင်းနဲ့ ဆွမ်းစားကျောင်း စတဲ့ သာသနိက အဆောက်အအုံ(၄)လုံးသာ ရှိခဲ့တယ်။ ၄-၈-၅၇ နေ့မှာ ကျားကူးကျောင်းတိုက် အရာမ်အတွင်းရှိ အဆောက်အအုံနှင့်တကွ ဂရုဘဏ်/လဟုဘဏ်(မရွှေပြောင်းနိုင်၊ ရွှေပြောင်းနိုင်ပစ္စည်း)တွေကို ထေရ်ဝါဓိဠ အတိုင်း ထိန်းသိမ်းစောင့်ရှောက်နိုင်ကြရန် ဆရာတော်ကြီး ဦးနန္ဒမုစတင်ကာ သံဃာတော်(၈)ပါးအား လွှဲအပ်တော်မူခဲ့တာ ၂၀၀၇ ခုနှစ်မှာ ၎ ဆက်မြောက်ဖြစ်တဲ့ ပဓာနနာယကဆရာတော် ဦးဥတ္တရက ဆက်လက်ထိန်းသိမ်းစောင့်ရှောက်တော်မူနေတာကို တွေ့မြင်ခဲ့ရပါတယ်။

ဆရာတော်ဦးဥတ္တရလက်ထက်မှာ ကျားကူးကျောင်းတိုက် အရာမ်အတွင်း၀ယ် သာသနာ့နိကာအဆောက်အအုံ (၅)လုံးအထိ ရှိလာသလို၊ ကျားကူးပရိယတ္တိ စာသင်တိုက်ကြီး ထီးထီးမားမားဖြစ်တည်နေပါပြီ။ စာသင်တိုက်ကြီးအတွင်းရှိ ဝါဆိုသံဃာ (၅၀) တို့ရဲ့ သာသနာရေသောက်မြစ်ဖြစ်တဲ့ ပရိယတ္တိ စာဝါပို့ချရွတ်ဖတ်သံတွေဟာ မြတ်



ဘုရားရွှေတိဂုံရဲ့ ထီးရိပ်ဝန်းမှသည် ဘဝဂ် ထိတိုင် ပျံ့နှံ့နေပြီဖြစ်ပါတယ်။ ဒါ့အပြင် ကျားကူးကျောင်းတိုက်တော်ကြီးအတွင်းမှာ ''ဘုန်းတော်ကြီးသင်ပညာရေး''နဲ့ စာမတတ်သူ ပပျောက်ရေးနဲ့ စာမဖတ်သူ လျော့ချရေးတွေကို ပရိယတ္တိစာသင်တိုက်နဲ့ တွဲဖက်ဆောင်ရွက်ပေးနေတာကိုလည်း တွေ့မြင်ခဲ့ရတယ်။

သမိုင်း၀င် ကျားကူးသိမ်ကျောင်းတိုက်နဲ့ တစ်ဆက်တစ်စပ်တည်းဖြစ်တဲ့ တောင်ဘက် နယ်နိမိတ်ရှိ အလျားပေ ၁၀၀ x အနံပေ ၎၀ (၀.၁၆၁ ဧက)ပေါ်မှာ ''ကျားကူး ဓမ္မဗိမာန်တော်အသစ်ကြီးကို မြန်မာမှုအမွမ်းအပြောက်များနဲ့ ခံ့ညားထည်ဝါတင့်တယ်လှပစွာ တည်ဆောက်ပေးထားပြီးဖြစ်



တယ်။ ဓမ္မဗိမာန်တော်ကြီးတွင် တရားပွဲများ စဉ်ဆက်မပြတ်ကျင်းပနေသလို ''စရမင်္ဂလာပွဲ''တွေကိုလည်း အခါအားလျော်စွာ လက်ခံကျင်းပပေးနေပါတယ်။ (စရမင်္ဂလာဆိုတာ သတို့သား/သတို့သမီးအိမ်ကေဟာမှာကျင်းပတဲ့ ''အာ၀ါဟ၊ ဝိ၀ါဟ'' မင်္ဂလာမှတစ်ပါး အခြားနေရာတစ်ခုခုၭ်ကျင်းပတဲ့ ထိမ်းမြားမင်္ဂလာပွဲဖြစ်ပါတယ်။)

မျက်မှောက်ကာလမှာတော့ သမိုင်း၀င် ကျားကူးသိမ်ကျောင်းတိုက်ရဲ့ မြေကျယ်အဝန်းဟာ ''တစ်ဇကေ''ကျော် ရှိလာပြီဖြစ်ကာ သိမ်ကျောင်းတော်ကြီးရဲ့ ''အရာမ်'' အဝန်းအဝိုင်းအတွင်းမှာ ရှေးဟောင်းလက်ရာ ကျားကူးသိမ်ကျောင်းတိုက်၊ ဆရာတော်ကျောင်းတိုက်၊ ပရိယတ္တိစာသင်တိုက်၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းနဲ့တကွ သစ်လွင်ခံ့ညားကျယ်ဝန်းတဲ့ မြန်မာမှုလက်ရာ ဓမ္မဗိမာန်တော်ကြီးတို့ရဲ့ ''ဝန်းရံမှု''နဲ့ အတူ မြတ်ဘုရားရွှေတိဂုံ ထီးရိပ်ဝန်းအောက်က (ဦးပြားကျောင်းတိုက်၊ ဂျူဘလီဟောနဲ့ တပ်မတော်စစ်သမိုင်းပြတိုက်ကြီး)တို့ တည်ရှိခဲ့ရာ မြေပထဝီနဲ့ ဥက္ကာလာပအောင်မြေရန်နှင် ကာလက တံခါး(၁၂)ရပ်တွင် ကျားကူးတံခါးပေါက် (ဆံတော်ကြိုလမ်း/ရွှေတိဂုံဘုရားလမ်း)ဥပစာတွင် တည်ရှိနေဆဲဖြစ်တဲ့ သမိုင်း၀င် ''ဝိဟာရ''(သိမ်ကျောင်းတိုက်တော်ကြီး) စင်စစ်ဖြစ်ပါပေကြောင်း သမိုင်းမှတ်တမ်းတင်လိုက်ရပါပေတယ်။

မောင်မြတ်မွန်(ဆူးလေ)





အငယ်စား၊ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး မူဝါဒဆိုရာမှာ

ဇော်ဟိန်း

ခေါင်းစဉ်က အငယ်စား၊ အသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး မူဝါဒဆိုရာမှာလို့ ညွှန်းလိုက်ပေမယ့် တကယ်တမ်း ပြဋ္ဌာန်းထားတာက အသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး မူဝါဒ (Small and Medium Enterprises Develo-pment Policy) သာလျှင် ဖြစ်ပါတယ်။

ဖွံ့ဖြိုးဆဲနဲ့ ဖွံ့ဖြိုးပြီး အာဆီယံဒေသတွင်းနိုင်ငံများရဲ့ စီးပွားရေးတွေမှာ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းတွေဟာ ၈၉ ရာခိုင်နှုန်းမှ ၉၉ ရာခိုင်နှုန်းအထိပါဝင်နေပြီး အလုပ်အကိုင်ရှာဖွေပေးနိုင်မှုမှာ ၅၂ ရာခိုင်နှုန်းမှ ၉၇ ရာခိုင်နှုန်းအထိ ရှိနေပါတယ်။ စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုတန်ဖိုးရဲ့ ၂၃ ရာခိုင်နှုန်းမှ ၅၈ ရာခိုင်နှုန်းအထိနဲ့ ပြည်ပပို့ကုန်တန်ဖိုးရဲ့ ၁၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိဟာ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းတွေရဲ့





ပါဝင်ဖြည့်ဆည်းမှုဖြစ်တယ်လို့ အာဆီယံနဲ့ အရှေ့အာရှစီးပွားရေး သုတေသနအဖွဲ့ (Economic Research Institute For ASEAN and East Asia-ERIA) က ဆိုပါတယ်။

မြန်မာနိုင်ငံဟာ မြေဧရိယာ ၁၆၇,၁၀၆,၀၀၀ ကေကျယ်ဝန်းပြီး လူဦးရေ ၅၂ ဒသမ ၉ သန်း မှီတင်းနေထိုင်တဲ့ အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်ပါတယ်။ သဘာဝသယံဇာတအားဖြင့် ပတ္တမြား၊ ကျောက်စိမ်း၊ ရေနံနဲ့ သဘာဝဓာတ်ငွေ့များထွက်ရှိတဲ့အပြင် စိုက်ပျိုးမြေဧက သန်း ၃၀ လောက်ကို ပိုင်ဆိုင်ထားပါတယ်။ လူဦးရေရဲ့ ၆၅ ဒသမ ၄ ရာခိုင်နှုန်းဟာ ကျေးလက်ဒေသမှာ နေထိုင်ကြပြီး ၂၃ ဒသမ ၆ ရာခိုင်နှုန်းဟာ လယ်ယာလုပ်ငန်း၊ ၂၅ ဒသမ ၅ ရာခိုင်နှုန်းဟာ လယ်ယာထွက်ကုန်တွေကို တန်ဖိုးမြှင့်ပြုပြင်တဲ့လုပ်ငန်းတွေလုပ်ကိုင်ကြပါတယ်။ စီးပွားရေးလုပ်ငန်းများရဲ့ ၉၀ ရာခိုင်နှုန်းဟာ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းများဖြစ်ပြီး အငယ်စားလုပ်ငန်းတွေလည်း ပါဝင်တယ်လို့ ဆိုရပါမယ်။

မြန်မာနိုင်ငံရဲ့ ပြည်ပပို့ကုန်အများစုဟာ အရိုင်းထည်ကုန်ကြမ်းများသာဖြစ်ပြီး တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် တင်ပို့ခြင်းမပြုနိုင်သေးတာကို တွေ့ရပါတယ်။ လက်မှုထုတ်ကုန်နဲ့ စားသောက်ကုန်စည်အချို့သာ တန်ဖိုးမြှင့်ပြုပြင်တင်ပို့နိုင်ပေမယ့် အရေအတွက်များများစားစား မရှိသေးဘူးလို့ ဆိုပါတယ်။ စုစုပေါင်း ပြည်ပပို့ကုန်ရဲ့ ၃၁ ရာခိုင်နှုန်းဟာ ရေနံနဲ့ သဘာဝဓာတ်ငွေ့ ပစ္စည်းဖြစ်ပြီး ၁၉ ရာခိုင်နှုန်းကတော့ လယ်ယာထွက်ကုန်များဖြစ်ပါတယ်။ ကုန်သွယ်ဖက်နိုင်ငံတွေထဲက အိမ်နီးချင်းနိုင်ငံများဖြစ်တဲ့ တရုတ်သို့ ၄၀ ဒသမ ၆ ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံသို့ ၁၉ ဒသမ ၁ ရာခိုင်နှုန်း တင်ပို့တယ်လို့ သိရပါတယ်။ မြန်မာနိုင်ငံရဲ့ ပို့ကုန်သွင်းကုန်၊ ကုန်သွယ်မှုအချိုးဟာ ၁ အချိုး ၂ ဖြစ်ပြီး ၂၀၁၈ ခုနှစ် ၆ လ ဘတ်ဂျက်စာရင်းအရ လိုငွေ ကျပ် ၂၁၈၆ ဘီလီယံရှိခဲ့ပါတယ်။

နိုင်ငံစီးပွားရေးမှာအရေးပါတဲ့ (အငယ်စား)အသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းများအနက် ပြည်ပပို့ကုန်နဲ့ သွင်းကုန်အစားထိုးလုပ်ငန်းတွေကို အားမြှင့်ပေးခြင်းအားဖြင့် ကုန်ထုတ်လုပ်မှု တိုးတက်လာရင် တိုင်းပြည်ရဲ့ စီးပွားရေးဟာ ဦးမော့လာဖွယ်ရှိပါတယ်။ လက်ရှိအခြေအနေမှာ မက်ခရိုဘောဂဗေဒ (Macro Economics) သဘောအရ အမျိုးသားစီးပွားရေးအခြေအနေ တည်ငြိမ်စပြုလာပြီဖြစ်ပေမယ့် မိုက်ခရိုဘောဂဗေဒ (Micro Economics) ဆိုင်ရာ ပကတိစီးပွားရေး (Real Economics) ကတော့ တန့်နေဆဲဖြစ်တဲ့အပြင် အချို့ကဏ္ဍတွေမှာ ယိုင်နဲ့နဲ့တောင်ဖြစ်လာပါတယ်။ အခြေခံလူတန်းစားတွေနဲ့ တိုက်ရိုက်ထိစပ်နေတဲ့ စီးပွားရေးကဏ္ဍတွေကို ရေတိုနည်းနဲ့ အမြန်ဆုံးကုစားဖို့ လိုအပ်တယ်လို့ ဘဏ္ဍာရေးအားမြှင့်ပေးခြင်း (Financial Stimulus) နည်းလမ်းနဲ့တကွ Prosper Myanmar Think Tank(MIEGA) က ၂၀၁၈ ခုနှစ်၊ မတ်လအတွင်းက အကြံပြုတင်ပြခဲ့ဖူးပါတယ်။

ဘယ်လိုနည်းလမ်းကို အသုံးပြုသည်ဖြစ်စေ၊ စီးပွားရေးလုပ်ငန်းများရဲ့ မောင်းနှင်အားဖြစ်တဲ့ (အငယ်စား)အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းများကိုသာ အားထားရမှာဖြစ်ပါတယ်။ ထိုထိုလုပ်ငန်းများကလည်း ဥပဒေလုပ်ထုံးလုပ်နည်းစည်းမျဉ်းစည်းကမ်းများနဲ့အညီ သွားရမှာဖြစ်သလို မူဝါဒပြဋ္ဌာန်းချက်များနဲ့လည်း ဆန့်ကျင်ခြင်းမရှိစေဖို့ လိုအပ်ပါတယ်။ ဒါကြောင့် ၂၀၁၅ ခုနှစ်က ထုတ်ပြန်ခဲ့တဲ့ (အငယ်စား)အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး မူဝါဒနဲ့တကွ နောက်ဆက်တွဲတွေဖြစ်တဲ့ ဥပဒေ၊ နည်းဥပဒေပါ အချက်များအပြင် လက်တွေ့မြေပြင်ဆောင်ရွက်နိုင်စွမ်းတွေကို လေ့လာဆန်းစစ်ဖို့ လိုအပ်နေပြီဖြစ်ပါတယ်။

ဈေးကွက်စီးပွားရေးစနစ်မှာ ဝယ်လိုအားနဲ့ရောင်းလိုအားကိုအခြေခံတဲ့ ပုဂ္ဂလိကလုပ်ငန်းရှင်များရဲ့ အခန်းကဏ္ဍကို မြှင့်တင်ပေးရပါတယ်။ အထွေထွေလုပ်ငန်းများဟာလည်း (အငယ်စား)အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းများပဲဖြစ်ပါတယ်။ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးတဲ့နောက် မြန်မာနိုင်ငံဟာ ထိုခေတ်ကာလအခေါ် အရင်းရှင်ဒီမိုကရေစီစနစ်၊ ဓနရှင်စနစ်စသည်ဖြင့် စီးပွားရေးမူဝါဒချမှတ်ပြီးဆောင်ရွက်ခဲ့ပါတယ်။ ၁၉၆၂ ခုနှစ်မှာ စစ်တပ်က အာဏာသိမ်း၊ တော်လှန်ရေးကောင်စီ

အစိုးရဖွဲ့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကို ပြဋ္ဌာန်းပြီး အဓိကလုပ်ငန်းများအားလုံးကို နိုင်ငံပိုင်သိမ်းခဲ့ရာမှာ အငယ်စား၊ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းများ ပါဝင်သွားတဲ့အတွက် ပုဂ္ဂလိကအခန်းကဏ္ဍ မှေးမှိန်ပျောက်ကွယ်သွားခဲ့ရပါတယ်။

၁၉၆၇/၆၈ ခုနှစ်က အသေးစား စက်မှုလုပ်ငန်းများ စီမံကိန်းလို့ အမည်တပ်ထားတဲ့ Small Scale Industries Project ကို စတင်အကောင်အထည်ဖော်ခဲ့ရာက ၁၉၈၈ ခုနှစ်နောက်ပိုင်းရောက်တော့ စားသောက်ကုန်နဲ့ လူသုံးကုန်ထုတ်လုပ်တဲ့ နိုင်ငံပိုင်စက်ရုံများကို အခြေခံပြီး အမှတ်(၁) စက်မှုဝန်ကြီးဌာန၊ စက်မှုလုပ်ငန်းသုံး စက်ပစ္စည်းအစိတ်အပိုင်းများနဲ့ မော်တော်ယာဉ် အပိုပစ္စည်း ထုတ်လုပ်တပ်ဆင်ရေး လုပ်ငန်းတွေကို စုဖွဲ့ပြီး အမှတ်(၂) စက်မှုဝန်ကြီးဌာနရယ်လို့ စက်မှုဝန်ကြီးဌာနနှစ်ခုကို သီးခြားစီ ခွဲထုတ်လိုက်ပါတယ်။ ၁၉၉၀ ပြည့်နှစ်မှာ အသေးစားနဲ့ အလတ်စား စက်မှုလုပ်ငန်းများဥပဒေ (Small and Medium Industrial Law) ကို ပြဋ္ဌာန်းခဲ့ပါတယ်။ ဒါပေမဲ့ စက်မှုဝန်ကြီးဌာနနှစ်ခုရဲ့ လက်အောက်မှာရှိတဲ့ စက်ရုံ အလုပ်ရုံများနဲ့ ကုန်ထုတ်လုပ်ငန်းတွေဟာ ဖွံ့ဖြိုးတိုးတက်လာခြင်းမရှိဘဲ တဖြည်းဖြည်း ခေတ်ကာလနဲ့ အလှမ်းကွာလာတဲ့အပြင် ပြည်တွင်းလိုအပ်ချက်ကိုပင် ပြည့်မီအောင်ဖြည့်ဆည်းမပေး



နိုင်ရုံမျှမက အရည်အသွေးကလည်း ကျဆင်းလာတဲ့အတွက် ပြည်ပသွင်းကုန်များကသာ ဈေးကွက်အတွင်း နေရာယူထားတဲ့ အနေအထားကို ရောက်ရှိသွားပါတယ်။

၂၀၁၀ ပြည့်နှစ်မှာ ဒီမိုကရေစီ အသွင်ပြောင်းအစိုးရ တက်လာပြီး မအောင်မမြင်ဖြစ်နေတဲ့ စက်မှုဇုန်တွေနဲ့ ကုန်ထုတ်လုပ်ငန်းတွေကို ပြန်လည်ထူမတ်ဖို့ ဆောင်ရွက်ရမယ့်အကြောင်းတွေဖြစ်ပေါ်လာခဲ့ပါတယ်။ ၁၉၉၇ ခုနှစ်၊ ဇူလိုင်လအတွင်းမှာ အာဆီယံအသိုက်အဝန်း(ASEAN Community) အဖွဲ့ဝင်နိုင်ငံအဖြစ် လက်မှတ်ရေးထိုးခဲ့တဲ့ မြန်မာနိုင်ငံဟာ ၂၀၁၅ ခုနှစ်မှာ အာဆီယံစီးပွားရေးအသိုက်အဝန်း (ASEAN Economic Community-AEC) ထဲ ရောက်ရှိပြီး ဒေသတွင်းစီးပွားရေးလုပ်ငန်းတွေဟာ လွတ်လပ်စွာ စီးဝင် စီးထွက်ကြတော့မှာ ဖြစ်တဲ့အတွက် ပြည်တွင်းစီးပွားရေးလုပ်ငန်းတွေကို ခေတ်စနစ်နဲ့အညီ ပြုပြင်ပြောင်းလဲကြရမယ့်အနေအထား



ကို ဆိုက်ရောက်လာခြင်းပဲဖြစ်ပါတယ်။ အာဆီယံစီးပွားရေး အသိုက်အဝန်း(၂၀၁၅)နဲ့ ဆက်နွှယ်ပြီး ၂၀၁၂ ခုနှစ်ကစလို့ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနကိုဖွဲ့စည်းပြီး ဆိုင်ရာမူဝါဒဥပဒေနဲ့ နည်းဥပဒေလုပ်ထုံးလုပ်နည်းများကို ရေးဆွဲပြဋ္ဌာန်းဖို့ ကြိုးပမ်းဆောင်ရွက်ခဲ့တာတွေ့ရပါတယ်။

အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒဟာ အလုပ်အကိုင်ရရှိရေးနဲ့ စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုသည့် အသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းများကို ပံ့ပိုးကူညီပေးရန်ဆိုတဲ့ နိုင်ငံတော်ရဲ့ စီးပွားရေးမူဝါဒ (၁၂)ရပ်ထဲက အမှတ်စဉ်(၃)နဲ့ လယ်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍနဲ့ စက်မှုကဏ္ဍများ ဘက်ညီစွာတိုးတက်လာစေရန်ဆိုတဲ့ အမှတ်စဉ်(၆)တို့နဲ့ ဘောင်ဝင်အောင်ရေးဆွဲထားပေမယ့် ပြီးပြည့်စုံတဲ့ မူဝါဒတစ်ရပ်တော့ မဟုတ်သေးဘူးလို့ဆိုနိုင်ပါတယ်။ ၂၀၁၂ ခုနှစ်က စတင်ရေးဆွဲပြီး ၂၀၁၅ ခုနှစ်မှာ ထုတ်ပြန်လိုက်တဲ့ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒနဲ့ ဥပဒေတို့ဟာ ၁၉၉၀ ပြည့်နှစ်မှာ ပြဋ္ဌာန်းခဲ့တဲ့ အသေးစားနဲ့ အလတ်စား စက်မှုလုပ်ငန်းဆိုင်ရာ ဥပဒေကိုအခြေခံထားတဲ့အတွက် စက်မှုကုန်ထုတ်လုပ်ငန်းများကိုသာ ဖောင်းပေးထားတာတွေ့ရပါတယ်။ မူဝါဒဆိုတာကတော့ ဥပဒေနဲ့ နည်းဥပဒေတွေထုတ်ပြန်တဲ့အခါ လက်တွေ့လုပ်ဆောင်နိုင်မယ့် အခြေအနေတွေနဲ့ ကိုက်ညီအောင် မူဘောင်သတ်မှတ်ပေးရတာဖြစ်လို့ ယေဘုယျဆန်ဆန်ပဲ ထုတ်ပြန်ရလေ့ရှိပါတယ်။

ဥပဒေနဲ့ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်ဆိုတာတွေကတော့ ဒေသန္တရအခြေအနေများနဲ့ အံဝင်ခွင်ကျဖြစ်အောင် အသေးစိတ်အချက်အလက်များ၊ အဓိပ္ပာယ်ဖွင့်ဆိုချက်များ ပါရှိရပါတယ်။ အသေးစားနဲ့အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒရဲ့ လက်ခွဲတစ်ခုဖြစ်တဲ့ ဥပဒေပြဋ္ဌာန်းချက်မှာ အဓိပ္ပာယ်ဖွင့်ဆိုချက်အပိုင်း အားနည်းသလို တချို့သောအသေးစိတ်အချက်အလက်များ မပါရှိဘဲ ဖြစ်နေပါတယ်။ နည်းဥပဒေမှာ

တော့ ဥပဒေအရ ဖွဲ့စည်းရမယ့် ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊ အေဂျင်စီနဲ့ အေဂျင်စီရုံးခွဲများ၊ လုပ်ငန်းသုံးသပ်မှု အစီရင်ခံရေးအဖွဲ့၊ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ စတာတွေကို ဖွဲ့စည်းပြီးတဲ့နောက် အဲဒီအဖွဲ့တွေရဲ့ လုပ်ပိုင်ခွင့်နဲ့ တာဝန်တွေကို ဥပဒေပါ အချက်များအတိုင်း ဖြစ်ရမယ်လို့ ဆိုထားပါတယ်။ အဓိကအားဖြင့် အေဂျင်စီဖွဲ့စည်းခြင်းနဲ့ လုပ်ငန်းသုံးသပ်မှုအဖွဲ့၊ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့တွေရဲ့ ဆောင်ရွက်ရမယ့် လုပ်ငန်းတာဝန်များကို ဖော်ပြထားခြင်းသာဖြစ်ကြောင်း တွေ့ရှိရပါတယ်။



အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းများရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကိုလည်း ယင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပါအတိုင်း ဖြစ်တယ်လို့ မူဝါဒအခန်း(၄)မှာ ပြဆိုထားတာတွေ့ရှိရပြီး လုပ်ငန်းအုပ်စု(၆) ခွဲခြားထားတဲ့အပေါ်မှာ အမြဲတမ်းဝန်ထမ်း လုပ်သားဦးရေ၊ မြေတန်ဖိုးမပါရှိတဲ့ မတည်ရင်းနှီး၊ တစ်နှစ်ဝင်ငွေ စတာတွေနဲ့ အသေးစား၊ အလတ်စား အမျိုးအစားသတ်မှတ်ထားတာ တွေ့ရပါတယ်။ စီးပွားရေးလုပ်ငန်း(Enterprise) တွေကို ခွဲခြားရာမှာ ထုတ်လုပ်မှု၊ လုပ်အားအခြေပြု၊ လက်ကားလက်လီရောင်းဝယ်ရေး၊ ဝန်ဆောင်မှုနဲ့ အခြားဆိုပြီး ခွဲခြားထားပေမယ့် ထုတ်လုပ်မှုကဏ္ဍမှာ စက်မှုကုန်ထုတ်လုပ်ငန်း၊ လယ်ယာ၊ ဥယျာဉ်ခြံထွက် ကုန်ထုတ်လုပ်ငန်း၊ သစ်တောထွက်ပစ္စည်း ကုန်ထုတ်လုပ်ငန်း၊ သယံဇာတတွင်းထွက်ကုန်ထုတ်လုပ်ငန်း၊ သားငါးရေထွက်ပစ္စည်း ကုန်ထုတ်လုပ်ငန်းရယ်လို့ ခွဲမထားတဲ့အတွက် စက်မှုကုန်ထုတ်လုပ်ငန်းတွေလောက် လမ်းမပွင့်သလိုဖြစ်နေပါတယ်။ လက်လီလက်ကားရောင်းဝယ်ရေးလုပ်ငန်းများဆိုရာမှာလည်း ကုန်စည်ထုတ်လုပ်ရောင်းဝယ်ရေး၊ သို့မဟုတ် ကုန်သွယ်ဝယ်ရောင်း စသည် မကွဲပြားသလို ပြည်တွင်းထုတ် ကုန်စည်၊ သို့မဟုတ် ပြည်ပသွင်းကုန်ကိုယ်စားလှယ်ယူပြန်ရောင်းရယ်လို့ ဖော်ပြမထားတာ တွေ့ရပါတယ်။

ဝန်ဆောင်မှုပေးတဲ့ လုပ်ငန်းပိုင်းကို ဝန်ထမ်းဦးရေ ၃၀ ထက်မပို၊ ၁၀၀ ထက်မပို စသည်ဖြင့် ကန့်သတ်ပြီး အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းများအဖြစ် ခွဲခြားပြထားပေမယ့် ပညာရေးဝန်ဆောင်မှု၊ ကျန်းမာရေးဝန်ဆောင်မှု၊ ခရီးသွားဝန်ဆောင်မှု၊ ကုန်စည်ပို့ဆောင်ဝန်ဆောင်မှု၊ စားသောက်နေထိုင်တည်းခို ဝန်ဆောင်မှု၊ ဆက်သွယ်ရေးဝန်ဆောင်မှု၊ ဥပဒေကြောင်းဆိုင်ရာ ဝန်ဆောင်မှု စတဲ့ များပြားလှတဲ့ ဝန်ဆောင်မှုအမျိုးအစားတွေကို စိတ်ဖြာပြဋ္ဌာန်းထားတာ မရှိဘူးဖြစ်ပါတယ်။ စီးပွားရေးလုပ်ငန်း (Enterprise) များကို အနက်ဖွင့်ရင် ကုန်ထုတ်လုပ်ငန်း(production)မှာ စက်မှုကုန်ထုတ်ပစ္စည်း(Industrial Product)၊ လယ်ယာကုန်ထုတ်ပစ္စည်း (Agricultural Product) တွေနဲ့အတူ အကျုံးဝင်တဲ့ သား၊ ငါး၊ သစ်တော၊ သယံဇာတ စတာတွေပါဝင်သလို ကုန်သွယ်မှုနဲ့ ဝန်ဆောင်မှုတွေမှာလည်း ကဏ္ဍမျိုးစုံပါဝင်နေတဲ့အတွက် အနက်အဓိပ္ပာယ်ကျယ်ဝန်းလှပါတယ်။

အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းတွေရဲ့ဘောင်ဟာ အပြန့်ကျယ်မှာရှိနေတဲ့အထဲ အိမ်တွင်းစီးပွားရေးလုပ်ငန်း (Cottage Industry) တစ်နိုင်တစ်ပိုင်မိသားစုစီးပွားရေးလုပ်ငန်းတွေဖြစ်တဲ့ အငယ်စားလုပ်ငန်းကလေးတွေကိုပါ ထည့်သွင်းတွက်ချက်ထားတဲ့ အငယ်စား၊ အသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းများ (Micro Small and Medium Enterprises-MSME) ရဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်မယ်ဆိုရင် လက်တွေ့အကောင်အထည်ဖော်ရမယ့် မဏ္ဍိုင်ဝန်ကြီးဌာန (Focal Ministry) အနေနဲ့ အတော်လေးလုပ်ကြပ်ကိုင်ကြပ်ဖြစ်မှာသေချာလှပါတယ်။ အငယ်စားစီးပွားရေးလုပ်ငန်းများ (Micro Enterprises) အတွက် တိကျတဲ့အဓိပ္ပာယ်ဖွင့်ဆိုချက် မရှိသေးတော့ အသေးစားစီးပွားရေးလုပ်ငန်းများထက် မတည်ရင်းနှီးငွေနည်းပါးသောလုပ်ငန်း၊ အမြဲတမ်း အလုပ်သမားနည်းပါးသော လုပ်ငန်းများဟာ အငယ်စားဖြစ်ပါတယ်လို့ ဆိုရမလိုဖြစ်နေပါတယ်။ ဒါပေမဲ့ အသေးစားလုပ်ငန်းများရဲ့ မတည်ရင်းနှီးငွေနဲ့ လုပ်သားအင်အားမှာ အောက်ခံကြမ်းခင်းကိန်းဂဏန်း ဖော်ပြမထားတဲ့အတွက် ယတိပြတ်ဖြတ်နိုင်ဖို့ သတ်မှတ်ချက်မဲ့နေပြန်ပါတယ်။

ဒါ့အပြင် မဏ္ဍိုင်ဝန်ကြီးဌာနဖြစ်တဲ့ စက်မှုဝန်ကြီးဌာနရဲ့ ပြည်ထောင်စုနဲ့ ပြည်နယ်နဲ့တိုင်းအဆင့် အရာထမ်း၊ အမှုထမ်းဝန်ထမ်းတွေဟာ စက်မှုဝန်ကြီးဌာနရဲ့ စက်မှုဝန်းကျင်က ပုဂ္ဂိုလ်တွေဖြစ်ရုံမျှမက၊ စက်မှုစစ်ဆေးရေးနဲ့ ကြီးကြပ်ရေးဦးစီးဌာန (Directorate of Industrial Supervisor Inspection-DISI) လက်အောက်ကဖြစ်တဲ့အတွက် စက်မှုကုန်ထုတ်လုပ်ငန်းတွေရဲ့ သဘာဝကို အကျွမ်းတဝင်ရှိကောင်းပေမယ့် ကျန်တဲ့ လယ်ယာကိုင်းကျွန်း ကုန်ထုတ်လုပ်ငန်းအပါအဝင်၊ သား ငါး သစ်တော သယံဇာတကုန်ထုတ်လုပ်ငန်းတွေနဲ့ ဝန်ဆောင်မှုလုပ်ငန်း၊ ကုန်သွယ်မှုလုပ်ငန်းတွေနဲ့ပတ်သက်ရင် နယ်မြေစိမ်းနေမှာ သေချာလှပါတယ်။ အဲဒီအတွက် ဆိုင်ရာဝန်ကြီးဌာန လက်အောက်ခံအဖွဲ့အစည်းတွေနဲ့ ဆက်သွယ်ဆောင်ရွက်ရပါလိမ့်မယ်။ လယ်ယာစိုက်ပျိုးရေး ကုန်ထုတ်လုပ်ငန်းကိုကြည့်ရင် စိုက်ကအပေါ်မှာ ရင်းနှီးမတည်ငွေ

ဟာ တစ်ကေစိုက်စရိတ်နဲ့ တွက်လို့ရပေမယ့် အမြဲတမ်းလုပ်သားဆိုတာ လယ်ယာလုပ်ငန်းမှာ ခန့်ထားရိုးထုံးစံမရှိတဲ့အတွက် အသေးစားနဲ့အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် အဓိပ္ပာယ်ဖွင့်ဆိုသတ်မှတ်ရာမှာ လက်ရှိဥပဒေနဲ့ မလုံလောက်တာ တွေ့နေရပါတယ်။ အလားတူပဲ သားငါးကဏ္ဍမှာလည်း မွေးမြူတဲ့ သားငါးအကောင်အရေအတွက်၊ မွေးမြူရေးခြံ၊ မွေးမြူရေးကန်အရေအတွက် အကျယ်အဝန်း စတာတွေအပြင် မတည်ရင်းနှီးငွေနဲ့ လုပ်သားဝန်ထမ်းဦးရေဟာလည်း လက်ရှိဥပဒေပါ ပြဋ္ဌာန်းချက်နဲ့ အံမဝင်ပဲဖြစ်နေပြန်ပါတယ်။ အဓိက အံမဝင်တဲ့အချက်ကတော့ ဥပဒေမှာ အမြဲတမ်းလုပ်သားဦးရေနဲ့ သတ်မှတ်ထားပြီး လယ်ယာ၊ သားငါး၊ သစ်တော၊ သယံဇာတ တွင်းထွက်လုပ်ငန်းတွေရဲ့ သဘာဝက ယေဘုယျအားဖြင့် ရာသီချိန်လုပ်သားတွေကိုသာ ငှားရမ်းအသုံးပြုလေ့ရှိတာပဲ ဖြစ်ပါတယ်။ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း၊ မိသားစု တစ်နိုင်တစ်ပိုင်လုပ်ငန်းတွေဟာလည်း အမြဲတမ်းလုပ်သား ခန့်အပ်ထားရှိခြင်းထက် မိဘလက်ငုတ်လုပ်ငန်းကို သားသမီးဆွေမျိုးသားချင်းတွေက ဝိုင်းလုပ်ဝိုင်းစားအသွင် ကူညီဝင်ရောက်လုပ်ကိုင်ကြလေ့ရှိတဲ့အတွက် အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပါလုပ်ငန်းပမာဏ အမြဲတမ်းလုပ်သားဦးရေ သတ်မှတ်ချက်တွေနဲ့ ကိုက်ညီခြင်းမရှိတာကိုပါ တွေ့ရပြန်ပါတယ်။

၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်နေ့ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ် Fortune Plaza မှာပြုလုပ်တဲ့ ပြည်ထောင်စုအဆင့် အသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုအေဂျင်စီနဲ့ တိုင်းဒေသကြီးအဆင့် အေဂျင်စီရုံးခွဲက အဖွဲ့ဝင်များ တွေ့ဆုံပွဲမှာ မူဝါဒပိုင်းနဲ့ ဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များအပေါ် လက်တွေ့နယ်ပယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်တဲ့အခါ တွေ့ကြုံရတဲ့ အခက်အခဲများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပါတယ်။ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းများမှာ အငယ်စားစီးပွားရေးလုပ်ငန်းတွေပါ ထည့်သွင်းပြီး SMEs မှ MSMEs သို့ တိုးမြှင့်စဉ်းစားဖို့အကြောင်း၊ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကို ပြင်ဆင်ရေးဆွဲဖို့ လိုအပ်ကြောင်း စတာတွေ ဆွေးနွေးခဲ့ကြပါတယ်။ အငယ်စားစီးပွားရေးလုပ်ငန်းများကို ကိုင်တွယ်ဖို့မသင့်သေးကြောင်းလည်း ပါဝင်ပါတယ်။

စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်း (Organisation For Economic Coorporation and Development.OECD) နဲ့ အာဆီယံနဲ့အရှေ့အာရှစီးပွားရေးသုတေသနအဖွဲ့ (Economic Research Institute For ASEAN and East Asian-ERIA) ရဲ့ ၂၀၁၈ ခုနှစ် အာဆီယံ အသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းများ မူဝါဒအညွှန်းမှာ ကဏ္ဍ (၈)ခုအတွက် အကဲဖြတ်အမှတ်တွေပေးထားတာရှိပါတယ်။ ကဏ္ဍတစ်ခုတိုင်းအတွက် (၆)မှတ်စီအကဲဖြတ်ရာမှာ မြန်မာနိုင်ငံရဲ့ ရလဒ်များက နည်းပါးလွန်းတာ တွေ့ရပါတယ်။

အမှတ်စဉ်(၁) – ထုတ်လုပ်မှုနည်းပညာနဲ့ တီထွင်ဆန်းစစ်မှု (Productivity Technology and Innovation) မှာ ၂ ဒသမ ၃၈။

အမှတ်စဉ်(၂) – အစိမ်းရောင်အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းများ (Green SMEs) မှာ ၁ ဒသမ ၇၂။

အမှတ်စဉ်(၃) –ဘဏ္ဍာငွေဖြည့်ဆည်းပေးနိုင်မှု(Access to Finance) မှာ ၁ ဒသမ ၈၃။

အမှတ်စဉ်(၄) – ဈေးကွက်နဲ့ အပြည်ပြည်ဆိုင်ရာ ဝင်ရောက်နေရာယူနိုင်မှု (Access to Market and Internation-alisation) မှာ ၂ ဒသမ ၂၀။

အမှတ်စဉ်(၅) – အဖွဲ့အစည်းဆိုင်ရာမူ ဘောင်သတ်မှတ်ချက်(Institutional Frame word) မှာ ၂ ဒသမ ၁၇။

အမှတ်စဉ်(၆) – ဥပဒေနည်းဥပဒေနဲ့ အခွန်အခ (Legislation Regulation and Tax) မှာ ၂ ဒသမ ၂၃။

အမှတ်စဉ်(၇) – စွန့်ဦးတီထွင်ပညာပေးခြင်းနဲ့ ကျွမ်းကျင်မှု (Enterprenearial Education and Skills) မှာ ၂ ဒသမ ၃၈။

အမှတ်စဉ်(၈) – လူမှုရေးအဖွဲ့အစည်းများနဲ့ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ပါဝင်မှု (Social Enterprises and Inclusive SMEs) မှာ ၁ ဒသမ ၇၁ တို့ပဲ ဖြစ်ပါတယ်။

အသေးစားနဲ့အလတ်စား စီးပွားရေးလုပ်ငန်းများမူဝါဒ မူဘောင်သတ်မှတ်ချက်တွေနဲ့ပတ်သက်လို့ အကဲဖြတ်အမှတ်ပေးရုံသာမက အကြံပြုချက်တချို့လည်း ပါရှိပါသေးတယ်။ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းများကို တန်းခွဲသတ်မှတ်တဲ့အခါ အမြဲတမ်းလုပ်သားများကို အခြေခံထားတဲ့အချက်နဲ့ မြန်မာနိုင်ငံကို လုပ်ငန်းသဘာဝ၊ အဖွဲ့အစည်းများရဲ့ စီမံခန့်ခွဲမှုစွမ်းရည်စတာတွေကို မူဝါဒချမှတ်သူများနဲ့ အလုပ်အဖွဲ့များက ပြန်လည်သုံးသပ်ဖို့လိုပြီး ဖြစ်ကြောင်း ထောက်ပြထားသလို မြန်မာ့စီးပွားရေးလုပ်ငန်းများရဲ့ အခြေအနေနဲ့ ပါဝင်ပတ်သက်တဲ့ လူဦးရေစာရင်းဇယား



အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရက အတိုးသက်သာစွာ သတ်မှတ်သော အထူးချေးငွေ၊ ပြည်တွင်း ပြည်ပဘဏ်များနဲ့ ငွေကြေးအဖွဲ့အစည်းများကရနိုင်တဲ့ အတိုးမဲ့ချေးငွေ၊ အတိုးသက်သာသော ချေးငွေများရယူပြီး . . .



အချက်အလက်များဟာလည်း အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းများ မူဝါဒကို ပုံစံဒီဇိုင်းရေးဆွဲဖို့ အခြေခံကိန်းဂဏန်းများဖြစ်တာကြောင့် ဘဏ္ဍာရေးထောက်ပံ့ပေးဖို့နဲ့ တိကျခိုင်မာပြီး မှီခိုအားထားလောက်တဲ့ စစ်တမ်းများ ကောက်ယူသင့်ကြောင်း အကြံပြုထားပါတယ်။ ဒါ့အပြင် ရင်းနှီးမြှုပ်နှံမှုနဲ့ နည်းပညာအဆင့်မြှင့်တင်ခြင်းလုပ်ငန်းတွေကို အစိုးရပိုင်းက မူဝါဒနဲ့လျော်ညီစွာ ဖြည့်ဆည်းဆောင်ရွက်ဖို့ လိုအပ်သလို အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းတွေကို စက်မှုဇုန်အတွင်းရှိ အထွေထွေစက်မှုလုပ်ငန်းများနဲ့သာမက အထူးစီးပွားရေးဇုန် လမ်းကြောင်းအတွင်း စက်မှုကုန်ကြမ်း၊ လယ်ယာ သားငါး၊ သစ်တော သယံဇာတ ကုန်ကြမ်းများအဖြစ် စီးဝင်အောင် ကုန်သွယ်ပေးသင့်ကြောင်း အထူးတလည်တိုက်တွန်းထားပါသေးတယ်။

မူဝါဒနဲ့တကွ မူဘောင်သတ်မှတ်ချက်၊ ဥပဒေ၊ နည်းဥပဒေလုပ်ထုံးနည်းနာများနဲ့ပတ်သက်လို့ ခေတ်ကာလနဲ့အညီဖြစ်အောင် ပြင်သင့်တာတွေကို ပြင်ရမှာဖြစ်ပါတယ်။ ၁၉၆၂ ခုနှစ်နောက်ပိုင်း ပဂ္ဂလိကအခန်းကဏ္ဍ မှေးမှိန်ပျောက်ကွယ်သွားခဲ့ရှိနေမှာ စိမ်ကိန်းချ စီးပွားရေးစနစ်ဖြစ်တဲ့ ဗဟိုချုပ်ကိုင်မှုနဲ့ စက်မှုကုန်ထုတ်လုပ်ငန်း၊ လယ်ယာ သားငါး သစ်တော ကုန်ထုတ်လုပ်ငန်းတွေကို တာဝန်အရ တာဝန်ကျဆောင်ရွက်ခဲ့ကြရလို့ တီထွင်ဆန်းသစ်မှုတွေလည်း တဖြည်းဖြည်း လျော့ပါးသွားခဲ့ရပါတယ်။ ၁၉၈၈ ခုနှစ်ကစပြီး စျေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးခဲ့ပေမယ့် စိမ်ခန့်ခွဲမှုအပါအဝင် အထွေထွေအားနည်းချက်တွေကြောင့် အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းတွေရဲ့ ကုန်ထုတ်လုပ်ရေးများဟာ သိသိသာသာ ကျဆင်းသွားခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်မှ စတင်ရေးဆွဲရတဲ့ အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC) အကြို အသေးစားနဲ့အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒနဲ့ ဥပဒေ၊ နည်းဥပဒေတွေကို ၂၀၁၅/ ၂၀၁၆ ခုနှစ်များအတွင်း ထုတ်ပြန်ခဲ့ပြီး နှစ်နှစ်ကျော်သုံးနှစ်တာကာလအတွင်းမှာ ပြင်ဆင်ရမယ့် အချက်အလက်တွေလည်း ပေါ်ထွက်လာခဲ့ပြီဖြစ်ပါတယ်။ ပြည်တွင်း စီးပွားရေးလုပ်ငန်းတွေအတွက် အဓိကလို အပ်ချက်ဟာ ဘဏ္ဍာငွေကြေး ထောက်ပံ့ပေးနိုင်မှုနဲ့ နည်းပညာဖြန့်ဝေပေးနိုင်မှုပဲ ဖြစ်ပါတယ်။

ငွေကြေးအရင်းအမြစ် ချေးငွေရရှိရေးအတွက် မူဝါဒမှာသက်သာသောအတိုးနှုန်းလို့ ဆိုထားပြီး အခွန်အကောက်နဲ့ပတ်သက်လို့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု နောက်ကျသော ဒေသများမှာ ကုန်ထုတ်လုပ်မှု စတင်သည့်နေ့မှ ကာလရှည် အထူးသက်သာခွင့်၊ ကင်းလွတ်ခွင့်ပေးရမယ်လို့ ဆိုပါတယ်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်သော ဒေသများမှာတော့ SME ဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း အခွန်ကင်းလွတ်ခွင့်နဲ့ သက်သာခွင့်များ ခံစားခွင့်ပြုရမယ်လို့ ပြဋ္ဌာန်းထားပါတယ်။ ဥပဒေမှာ ပြဆိုထားတာက အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရက အတိုးသက်သာစွာ သတ်မှတ်သော အထူးချေးငွေ၊ ပြည်တွင်း ပြည်ပဘဏ်များနဲ့ ငွေကြေးအဖွဲ့အစည်းများက ရနိုင်တဲ့ အတိုးမဲ့ချေးငွေ၊ အတိုးသက်သာသော ချေးငွေများရယူပြီး ပဂ္ဂလိက ဘဏ်တွေနဲ့ တိုက်ရိုက်ချိတ်ဆက်ဖြည့်ဆည်းပေးရမယ်လို့ပဲဖြစ်ပါတယ်။ အခွန်အကောက်ဆိုင်ရာ ဥပဒေသတ်မှတ်ချက်မှာတော့ တီထွင်ဆန်းသစ်ထားတဲ့ ကုန်စည်အသစ်၊ စွမ်းအင်ထုတ်လုပ်မှု စတာတွေအပါအဝင် သတ်မှတ်ထားတဲ့ လုပ်ငန်းများအပေါ် အခွန်ကင်းလွတ်ခြင်း၊ လျော့ပေါ့ခြင်းတွေ ဆောင်ရွက်ပေးရမယ်လို့ ဆိုထားပါတယ်။



ဘဏ်ချေးငွေနဲ့ပတ်သက်ပြီး ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်ကစလို့ မြန်မာကျပ်ငွေ ၃၀ ဘီလီယံ၊ ၂၀၁၈ ခုနှစ်အတွက် JICA နှစ်ဆင့်ချေးငွေ ကျပ် ၃၆ဘီလီယံ ထုတ်ချေးပေးခဲ့ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း မြန်မာကျပ်ငွေ ကျပ် ၁၅၀ ဒသမ ၆၈၅ ဘီလီယံအထိ နှစ်ဆင့်ချေးငွေ ထုတ်ချေးပေးဖို့ ပဂ္ဂလိကဘဏ် (၇)ခုနဲ့ စီမံထားရှိပြီးဖြစ်ကြောင်း သိရပါတယ်။ ဘဏ်ချေးငွေ ထုတ်ပေးရာမှာ အာမခံအပေါင်ပစ္စည်းတင်တဲ့ ချေးငွေ (Collateral Loan) အတွက် သန်း ၅၀၀ အထိ ချေးယူနိုင်ပြီး အတိုးက ၈ ဒသမ ၅ ရာခိုင်နှုန်းဖြစ်ပါ



တယ်။ အာမခံပစ္စည်းအဖြစ် မရွှေ့မပြောင်းနိုင်တဲ့ မြေနဲ့ စက်ပစ္စည်းတွေကို တင်သွင်းနိုင်တယ်လို့ သိရပြီး ရာဖြတ်သတ်မှတ်ချက် ပစ္စည်းတန်ဖိုးရဲ့ သုံးပုံတစ်ပုံချေးယူခွင့် ရမယ်လို့ဆိုထားတာကြောင့် သန်း ၅၀၀ ချေးယူလိုရင် အာမခံပစ္စည်း စုစုပေါင်းဟာ အနည်းဆုံး သန်း ၁၅၀၀ လောက် တန်ကြေးရှိရမှာဖြစ်ပါတယ်။ အာမခံ အပေါင်ပစ္စည်းမဲ့ချေးငွေ(Non-Collateral Loan) က နှစ်ဆင့်ခံချေးငွေနဲ့ အများဆုံးဆက်စပ်ပြီး ကျပ်သိန်း ၂၀၀ အထိ ချေးယူနိုင်ပေမယ့် အတိုးကတော့ ၁၃ ဒသမ ၅ ရာခိုင်နှုန်းလို့ ဆိုပါတယ်။ ဆိုင်ရာအာမခံလုပ်ငန်းမှာ အာမခံကြေး တင်သွင်းရတာ၊ ချေးငွေလျှောက်ထားချက်ပုံစံမှာ လိုအပ်တဲ့စာရွက်စာတမ်း ဖြည့်သွင်းရတာတွေကို အခက်အခဲမရှိ ဆောင်ရွက်နိုင်ပါတယ်။ ချေးငွေရယူခြင်းဟာ အာမခံပစ္စည်း တင်သွင်းနိုင်မှုရှိခြင်း၊ မရှိခြင်းအပေါ် မူတည်ပြီး ချေးငွေအနည်းအများ၊ အတိုးနှုန်း အနိမ့်အမြင့်ကို ဖြစ်ပေါ်စေတာ တွေ့ရပါတယ်။ ချေးငွေရဲ့ ပမာဏဟာ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်း အမျိုးအစားပေါ် အခြေမခံဘဲ အာမခံပစ္စည်းတင်ခြင်း၊ မတင်ခြင်းနဲ့ အာမခံပစ္စည်း တန်ဖိုးအရ သတ်မှတ်ထားသလို ဖြစ်နေပါတယ်။ ဒါက သာမန်ဘဏ်ချေးငွေလုပ်ငန်းမျှသာဖြစ်တဲ့အတွက် အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးမူကို တကယ်တမ်း အထောက်အကူပြု၊ မပြု စဉ်းစားသင့်တဲ့အချက် ဖြစ်ပါတယ်။

အလားတူပဲ နည်းပညာလွှဲပြောင်းပေးခြင်း၊ ဖြန့်ဝေပေးခြင်းဆိုင်ရာ သင်တန်းတွေကို ပြက္ခဒိန်နှစ်အလိုက် စက်မှုဝန်ကြီးဌာနက ဆောင်ရွက်ပေးနေတာ တွေ့ရပေမယ့် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ဆိုရင် လွန်စွာနည်းပါးနေပါသေးတယ်။ အေးဂျင်စီနဲ့ အေးဂျင်စီရုံးခွဲတွေမှာ အတွင်းရေးမှူးအဖြစ် စက်မှုဝန်ကြီးဌာန၊ စက်မှုစစ်ဆေးရေးနဲ့ ကြီးကြပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နဲ့ ပြည်နယ်နဲ့တိုင်းဒေသကြီး ညွှန်ကြားရေးမှူးများက တာဝန်ယူဆောင်ရွက်ရပါတယ်။ အဖွဲ့ဝင်များအဖြစ် ဝန်ကြီးဌာန အသီးသီးရဲ့ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ ညွှန်ကြားရေးမှူး၊ ပုဂ္ဂလိကဘဏ်များရဲ့ ရုံးချုပ်၊ ရုံးခွဲ မန်နေဂျာများ၊ အရပ်ဘက်အဖွဲ့အစည်းမှ သင့်တော်သူများ အစရှိသဖြင့် ပေါင်းစပ်ဖွဲ့စည်းပေးထားပါတယ်။ ပြည်နယ်နဲ့တိုင်းဒေသကြီးတွေမှာ ပုံနှိပ်တည်ရှိနေတဲ့ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အေးဂျင်စီရုံးခွဲတွေဟာ ရှေ့တန်းကျကျ ပါဝင်လှုပ်ရှားကြရမယ့် အဖွဲ့အစည်းတွေဖြစ်သော်ငြားလည်း လက်တွေ့မှာ လှုပ်ရှားနိုင်စွမ်းနည်းပါးတာတွေ့နေရပါတယ်။ ဆိုင်ရာဝန်ကြီးဌာနနဲ့ မူလတာဝန်များအပြင် အေးဂျင်စီ ရုံးခွဲတာဝန်တွေကို ထမ်းဆောင်ရတဲ့အတွက် ဘဏ္ဍာရေးခွင့်ပြုချက်၊ ရုံးခန်းနေရာ၊ ဝန်ထမ်း အင်အား စတာတွေ မပြည့်မစုံဖြစ်မှုနဲ့ ကြုံတွေ့နိုင်ပါတယ်။ ရန်ကုန်တိုင်း ဒေသကြီးမှာတောင် ဖော်ပြပါအခက်အခဲတွေ ရှိနေတဲ့အပြင် အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေးဂျင်စီရဲ့ လုပ်ငန်းတာဝန် (၈)ချက်ကို ကောင်းစွာ အကောင်အထည်ဖော်နိုင်ခြင်း မရှိသေးတာကို တွေ့ရပါတယ်။ အေးဂျင်စီရုံးခွဲနေရာသီးခြားမရှိသလို အထောက်အကူပြု အဖွဲ့အစည်းများလည်း မဖွဲ့စည်းနိုင်သေးတဲ့ အနေအထားရှိပါတယ်။

အေးဂျင်စီရုံးခွဲတွေရဲ့ ဖွဲ့စည်းပုံကိုကြည့်ရင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးအပ်တဲ့ ဝန်ကြီးက ဥက္ကဋ္ဌဖြစ်ပြီး စက်မှုကြီးကြပ်ရေးနဲ့ စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးက အတွင်းရေးမှူးဖြစ်ပါတယ်။



အဖွဲ့ဝင်များအဖြစ် တိုင်းအဆင့်ဌာနဆိုင်ရာ အကြီးအကဲများပါဝင်ပြီး ပဂ္ဂလိကဘဏ်များရဲ့ မန်နေဂျာများ၊ ပြင်ပပညာရှင်များ ပါဝင်ပါတယ်။ ဌာနဆိုင်ရာ ဝန်ထမ်းများအနေနဲ့ မူလတာဝန် များရှိနေတဲ့ အတွက် အေဂျင်စီရုံးခွဲတာဝန်များကို အထူးအာရုံစိုက်နိုင်ခြင်းမရှိဘဲ အစည်းအဝေးရှိရင် ပြောဆိုတင်ပြ ဆွေးနွေးရုံသာရှိပါတယ်။ ချေးငွေနဲ့ တိုက်ရိုက်ပတ်သက်တဲ့ ဘဏ်များနဲ့ ပြင်ပပညာရှင်များလောက်သာ ဆွေးနွေးကြတာရှိပါတယ်။ အခါအားလျော်စွာခေါ်ယူတဲ့ အစည်းအဝေးများမှာ ခွင့်ပန်သူများရှိသလို ကိုယ်စားတက်ရောက်သူများလည်း ရှိတဲ့အတွက် ထိရောက်မှုအားနည်းတာတွေ့ရပါတယ်။ ဒါဟာလည်း ဖွဲ့စည်းပုံသည်ပင်လျှင် ယာယီသဘော ဌာနဆိုင်ရာ စုပေါင်းအဖွဲ့၊ စေတနာ့ဝန်ထမ်းပုံစံမျိုး ဖြစ်နေလို့ပဲ ဖြစ်တယ်လို့ ကောက်ချက်ချနိုင်ပါတယ်။ ဒါကြောင့် အေဂျင်စီရုံးခွဲတွေကို သီးခြား ခိုင်မာတောင့်တင်းတဲ့ အဖွဲ့အစည်းတစ်ရပ်ဖြစ်လာအောင် ဖော်ဆောင်သင့်တယ်လို့ အကြံပြုလိုပါတယ်။ ဒါမှသာ အေဂျင်စီရုံးခွဲရဲ့ တာဝန်များဖြစ်တဲ့ နည်းပညာ၊ သတင်းအချက်အလက်၊ သုတေသနလုပ်ငန်း၊ လူစွမ်းအားအရင်းအမြစ်ဆိုင်ရာ သင်တန်း၊ လုပ်ငန်းတူအစုအဖွဲ့များ ဖော်ဆောင်ပေးခြင်း၊ နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်ခြင်း စတဲ့ ဝန်ဆောင်မှုများကို ဆောင်ရွက်နိုင်စွမ်းရှိမှာ ဖြစ်ပါတယ်။

ဘဏ်ချေးငွေဆိုင်ရာ သတ်မှတ်ချက်များမှာပါတဲ့ ချေးငွေရဲ့ ၅၀ ရာခိုင်နှုန်းကို ရင်းနှီးမြှုပ်နှံမှု၊ ကျန် ၅၀ ရာခိုင်နှုန်းကို လုပ်ငန်းလည်ပတ်မှုအတွက် အသုံးပြုရေး၊ နှစ်ဆင့်ချေးငွေမှာ ၈၀ ရာခိုင်နှုန်းကို ရင်းနှီးမြှုပ်နှံမှု၊ ၂၀ ရာခိုင်နှုန်းကို လုပ်ငန်းလည်ပတ်မှု လှည့်ပတ်အရင်းအနှီးအဖြစ် အသုံးပြုရေးဆိုတာကိုလည်း လုပ်ငန်းရှင်များရဲ့ လိုအပ်ချက်နဲ့ကိုက်ညီအောင် ညှိနှိုင်းပေးသင့်သလို အတိုးနှုန်းထားများကိုလည်း အနိမ့်ဆုံးအထိ လျှော့ချနိုင်အောင် နည်းလမ်းရှာဖွေသင့်ပါတယ်။ အငယ်စားအဆင့် (Micro Level) စီးပွားရေးလုပ်ငန်းများရဲ့ ငွေကြေးအရင်းအနှီး လိုအပ်ချက်ကိုတော့ အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများ(Micro Finance Enterprises) များကတစ်ဆင့်သာ ဆောင်ရွက်စေခြင်းအားဖြင့် အေဂျင်စီရဲ့ လုပ်ငန်းတာဝန်အစိတ်အပိုင်းတစ်ခုကို လျှော့ချနိုင်မှာဖြစ်ပါတယ်။ သို့ရာတွင် အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများက ကျင့်သုံးနေတဲ့ တစ်လလျှင် ၂ ဒသမ ၅ ရာခိုင်နှုန်းအတိုး၊ တစ်နည်းအားဖြင့် တစ်နှစ်လျှင် ၃၀ ရာခိုင်နှုန်းအတိုးကိုလည်း ပြန်လည်သုံးသပ်ပြီး လျှော့ချပေးနိုင်ရင် အငယ်စားစီးပွားရေးလုပ်ငန်းများအတွက် ကြီးစွာသော အထောက်အပံ့ကို ရစေမှာဖြစ်ပါတယ်။ ချေးငွေပေါ်အတိုးနဲ့ စပ်ဆိုင်သမျှ ငွေချေးသူအပိုင်းနဲ့ ငွေထုတ်ပေးတဲ့ ငွေရေးကြေးရေးအဖွဲ့အစည်း၊ ပဂ္ဂလိကဘဏ်များအပိုင်းကို ဘက်မျှစွာ စဉ်းစားဆုံးဖြတ်ဖို့တော့ လိုမှာဖြစ်ပါတယ်။

အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းများ ပံ့ပိုးတိုးတက်ရေးအတွက် ငွေကြေးအရင်းအမြစ်နဲ့ နည်းပညာပိုင်းဆိုင်ရာ အပြင် အခြားသော ထောက်ပံ့မှုများကို ဥပဒေ၊ နည်းဥပဒေ၊ မူဝါဒအရ ဦးစားပေးအစဉ်များ ချမှတ်ထားရှိပြီးဖြစ်ပေမယ့် အမှန်တကယ်အားဖြင့် ပြည်ပပို့ကုန်ထုတ်လုပ်ရေး၊ ပြည်ပသွင်းကုန်အစားထိုးလုပ်ငန်းနဲ့ ပြည်တွင်းစားသုံးမှုအတွက် အလားအလာကောင်းသော လုပ်ငန်းများကိုသာ ဦးစားပေး ဆောင်ရွက်သင့်ပါတယ်။ ဒါမှသာ များပြားလှတဲ့ စီးပွားရေးလုပ်ငန်းများကို ဆန်စင်ရာ ကျည်ပွေ့လိုက် အဖြစ်မျိုးမရောက်စေဘဲ လုပ်ငန်းမျိုးတူစုအလိုက် ထိထိရောက်ရောက် အားမြှင့်ပေးနိုင်မှာဖြစ်ကြောင်း အကြံပြုရေးသားလိုက်ရပါတယ်။

ဇော်ဟိန်း

သိတတ်မှုအတွက် ပေးတာပါ

ကျွန်မတို့ ဇနီးမောင်နှံနှစ်ယောက် ၂၅ နှစ်ပြည့်မြောက်တဲ့ မင်္ဂလာလက်ထပ်တဲ့နေ့ အထိမ်းအမှတ်အနေနဲ့ စားသောက်ဆိုင်တစ်ဆိုင်မှာ ထိုင်နေကြတုန်း ကျွန်မခင်ပွန်းက လှပစွာစိန်စီထားတဲ့ လက်ပတ်နာရီတစ်လုံး ကျွန်မကို လက်ဆောင်ပေးတယ်။

တွဲထားတဲ့ စာတိုလေးတစ်စောင်မှာ ရေးထားတာက–

''တို့ လွန်ခဲ့တဲ့ ၂၅ နှစ်က လက်ထပ်တဲ့နေ့မှာ မင်းက စားသောက်ဆိုင်မှာ စားဖို့သောက်ဖို့မမှာခင် မီနူး(Menu) ကိုဖတ်တဲ့အခါ တန်ဖိုးရေးထားတဲ့ ညာဘက်ကစာရင်းကို ကြည့်ပြီးတော့မှ ဘယ်ဘက်က အစားအသောက်ကို မှာတတ်တဲ့အတွက်လက်ဆောင်''လို့ ရေးထားပါတယ်။

မောင်သီဟ





လောကိအင်္ဂကမ်း ထပ်ဆင့်စမ္မဒါန

သာကီဝင်း(ဓာတု)

တရားဆိုတဲ့ အမှန်တရားကို မသိသရွေ့က တော့ အယူတွေအမျိုးမျိုးရှိနေဦးမှာပဲ။ ဗုဒ္ဓဘာသာလို့ အမည်ခံထားတဲ့ ဗုဒ္ဓဘာသာဝင်တွေမှာတောင် လွဲမှားတဲ့ မိစ္ဆာဒိဋ္ဌအယူတွေ ရှိနေကြသေးတာပဲ။ ကိုယ့် အယူဝါဒမှန်းမသိ၊ သူများအယူဝါဒမှန်းမသိ၊ ကိုယ့်ဗုဒ္ဓဘာသာရဲ့ အယူဝါဒက ဘာဝါဒမှန်းမသိ၊ ဟိန္ဒူအယူဖြစ်တဲ့ အသက်ရှိတယ်၊ ဝိညာဉ်ရှိတယ်၊ လိပ်ပြာရှိတယ်ဆိုတဲ့ အတ္တအယူဝါဒကိုပဲ ဗုဒ္ဓဘာသာ အယူထင်ပြီး ယူချင်သလို ယူနေကြတယ်။ လူသေရင် ကူးတို့ခ တစ်မတ်ထည့်ရတာနဲ့၊ သချိုင်းက



သစ်ခက်လေးချိုးပြီး ဝိညာဉ်ခေါ်လာရတာနဲ့၊ အိမ်မှာ ရ ရက်လောက်ထားပြီး အစာကျွေးမွေး၊ ရက်လည်တရားနာ ဆွမ်းကပ်ပြီးမှ သူရောက်လိုရာ ဘဝကူးရတာတို့ ဆိုတာတွေက ဟိန္ဒူဝါဒတွေ မသိမသာနဲ့ ဗုဒ္ဓဘာသာထဲ ဝင်ပူးနေတာပါ။ ဟိန္ဒူဝါဒက အတ္တဝါဒ၊ ဗုဒ္ဓရဲ့အယူဝါဒက အတ္တရဲ့ ဆန့်ကျင်ဘက် အနတ္တဝါဒ၊ အသက် ဝိညာဉ် လိပ်ပြာမရှိ၊ သူ့အကြောင်းအကျိုးနဲ့ သူဖြစ်တယ်။ ပိုင်သူဆိုင်သူမရှိ။ ဖန်ဆင်းရှင်မရှိဆိုတဲ့ အနတ္တဝါဒပါ။

အသက်ဝိညာဉ်မရှိရင် ဘာလို့လူပ်ရှားသွားလာ ပြောဆိုနိုင်လဲဆိုတော့ ခန္ဓာကိုယ်ပေါ်မှာရှိတဲ့ အတိတ်က ကံဇာတ်ဆရာ တပ်ဆင်ပေးလိုက်တဲ့ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်ဆိုတဲ့ ဒွါရခြောက်ပေါက်မှာ ခြောက်မျိုးအကြည်ဓာတ်တွေ ပါလာတယ်။ အတွင်းရုပ်လောက(ဝါ) အခံဓာတ် ခြောက်ပါးလို့ခေါ်တယ်။ ခန္ဓာကိုယ်အပြင်ဘက်မှာတော့ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့၊ အတွေးဆိုတဲ့ အာရုံခြောက်ပါးရှိတယ်။ အပြင်ရုပ်လောက(ဝါ) အတိုက်ဓာတ်လို့ခေါ်တယ်။ ဆိုင်ရာဆိုင်ရာ အခံဓာတ်နဲ့ အတိုက်ဓာတ်တို့ အကြောင်းစုံလို့ ပေါင်းဆုံကြတဲ့အခါ မြင်သိစိတ်၊ ကြားသိစိတ်၊ နံသိစိတ်၊ စားသိစိတ်၊ ထိသိစိတ်၊ ကြံတွေးစိတ်ဆိုတဲ့ ဝိညာဏ်ခြောက်(အပေါ်ဓာတ်)ပါး ဖြစ်ပေါ်တယ်။ အဲဒီ သိမှုသဘောလေးတွေဟာ ဝိညာဏ်လို့ခေါ်တဲ့ နာမ်တရားလေးတွေသာဖြစ်တယ်။ ခန္ဓာကိုယ်ထဲမှာ အသက်ကောင်၊ ဝိညာဉ်ကောင် အနေနဲ့ရှိတာ မဟုတ်ပါဘူး။ ဒီစိတ်ကလေးတွေဟာ ဖြစ်လာပြန်တော့လည်း အမြဲတည်မနေနိုင်ဘူး။ ချက်ချင်း ပျက်ရပြန်တယ်။ အဲဒီလို အာရုံနဲ့ ဒွါရတိုက်တိုင်းတိုက်တိုင်း ပေါ်လာတဲ့စိတ်ကလေးတွေဟာ တစ်စိတ်ပြီး တစ်စိတ် ဖြစ်လိုက်ပျက်လိုက်နဲ့ ဘယ်လောက်များ များသလဲဆိုရင် လက်ဖျစ်တစ်တီးမှာ စိတ်တွေ ကုဋေတစ်သိန်း ချုပ်ပျောက်ရတယ်လို့ ဘုရားရှင်ဟောတော်မူခဲ့တယ်။

စိတ်တွေ ဒီလောက်ပျက်တာတောင် အမြဲတမ်းရှိနေတယ်လို့ ဘာကြောင့်ထင်ရသလဲဆိုရင် မြစ်ရေအလျဉ်လိုပဲ ရှေ့ရေစီးသွားပေမယ့် နောက်ရေက အစားထိုးလို့ ရေအလျဉ်မပြတ်သလို ရှေ့စိတ်ပျက်လိုက်၊ နောက်စိတ် အစားထိုးလိုက်နဲ့ စိတ်အလျဉ်မပြတ်တော့လို့ အမြဲရှိနေတယ်လို့ ထင်ရတာပါ။ ဒါကြောင့် အသက်ကောင် ဝိညာဉ်ကောင်ရှိလို့ မြင်နိုင်ကြားနိုင်တာ မဟုတ်ဘဲ ခန္ဓာကိုယ်ပေါ်မှာရှိတဲ့ အကြည်ဓာတ်ခြောက်မျိုးနဲ့ ပတ်ဝန်းကျင်မှာရှိတဲ့ အာရုံခြောက်ပါး တိုက်ဆိုင်တိုင်း တိုက်ဆိုင်တိုင်း သိစိတ်ဆိုတဲ့ ဝိညာဉ်စိတ်လေးတွေ ပေါ်တာလို့သိရမယ်။ ဒါကြောင့် ခန္ဓာကိုယ်ကြီးကို သုံးသပ်ကြည့်မယ်ဆိုရင် အမြဲတမ်း ဖောက်ပြန်နေတဲ့ ရုပ်နဲ့ သိစိတ်ခေါ်တဲ့နာမ်၊ ရုပ်နာမ်နှစ်ပါးသာ တွေ့ရမယ်။ ဒီရုပ်တုံးခန္ဓာကြီးကလည်း ရုပ်ဟောင်းတွေပျက်တိုင်း ရုပ်သစ်တွေ အစားထိုးလိုက်နဲ့ ကလေးဘဝကရှိခဲ့တဲ့ရုပ်နဲ့ ယခုရှိနေတဲ့ရုပ်ဟာ တူသေးရဲ့လား။

ဒီရုပ်ကြီးကို နေ့စဉ်အစာကျွေးရ၊ ပူရင် ရေချိုးပေးရ၊ ချမ်းတယ်ဆိုရင် အနွေးထည် ဝတ်ပေးရနဲ့ ဘယ်လောက် သူ့ကို ပြုစုပြုစု သူ့သဘောကတော့ သူ့သွားလမ်းစဉ်အတိုင်း တစ်နေ့ထက်တစ်နေ့ အိုမင်းရင့်ရော်လာ၊ ရောဂါဘယတွေဖြစ်လာပြီး နောက်ဆုံးသေကြရတယ်။ ကံ၊ စိတ်၊ ဥတု၊ အာဟာရ အကြောင်းလေးပါး ထောက်ပံ့ပေးနေလို့သာ ရုပ်တည်နေနိုင်တာ။ တစ်ပါးပါး ချွတ်ယွင်းရင်တော့ သေမှာမလွဲဘူး။ ဒီဘဝ ရုပ်နာမ်အစုံ စဖြစ်ပြီး ဖြစ်ပျက်ဖြစ်ပျက်နဲ့ ဒီဘဝဆုံးသွားတာနဲ့ မိမိပြုခဲ့တဲ့ ကံအရှိန်ကြောင့် နောက်ဘဝသို့ တွန်းပို့လိုက်သလို ရုပ်နာမ်တစ်စုံစဖြစ်ပြီး ဖြစ်ပျက်ဖြစ်ပျက်နဲ့ တစ်ဘဝနဲ့တစ်ဘဝ ဖြစ်ပျက်နဲ့ ကူးဆက်ကြရတော့တယ်။ ဒီရုပ်နာမ်နှစ်ပါးကို ဘယ်နတ်၊ ဘယ်ဗြဟ္မာ၊ ဘယ်ဖန်ဆင်းရှင်မှ ဖန်ဆင်းတာမဟုတ်၊ သူ့အကြောင်းအကျိုးနဲ့ သူဖြစ်နေတာပါ။

ဒီခန္ဓာကိုယ်ကြီးကို ပထဝီ၊ အာပေါ်၊

တေဇော၊ ဝါယောဆိုတဲ့ ဓာတ်ကြီးလေးပါး နဲ့ ဖွဲ့စည်းထားတယ်။ ဒီလေးပါးထဲက ဝါယောလို့ခေါ်တဲ့ လေဓာတ်ကြောင့် လူပ်ရှားသွားနိုင်တာ။ ဥပမာ ပစ္စည်းတစ်ခု လှမ်းယူတော့မယ်ဆိုရင် ပထမဆုံးလှမ်းယူမယ် ဆိုတဲ့ စိတ်အကြံက အရင်ဖြစ်ပြီး ဒီစိတ်အကြံကြောင့် စိတ္တဇ ဝါယောဓာတ်ပုံနှံ့ကာ ထခြင်း၊ သွားခြင်း၊ လှမ်းခြင်း၊ ယူခြင်းဆိုတဲ့ ကာယလှုပ်ရှားမှုတွေ ပေါ်လာရတာပါ။ နာမ်က အခိုင်းသမား၊ ရုပ်က အလုပ်သမား ပေါ့။ နာမ်ကကြီးသမျှ ရုပ်က လှုပ်ရှားမှုဟန်တွေ ဖြစ်ရတာ။ နာမ်နဲ့ရုပ် အတူတကွ ကျေးဇူးပြုလို့ လူပ်ရှားသွားလာ ပြောဆိုမှုတွေ ဖြစ်ရတယ်လို့ သိလိုက်တော့ အသက်ဝိညာဉ် စတဲ့အယူတွေ စင်ကြယ်မသွားပေဘူးလား။

''သွားမယ်ကြံတာ နာမ်၊ သွားတဲ့ဟန်က ရုပ်၊ ငါမဟုတ် သူမဟုတ် သွားတာ နာမ်နဲ့ရုပ်''

''ပြောမယ်ကြံတာ နာမ်၊ ပြောတဲ့ဟန်က ရုပ်၊ ငါမဟုတ် သူမဟုတ် ပြောတာ နာမ်နဲ့ရုပ်''

ဒီဋ္ဌိပြုတ်တယ်ဆိုတာ မြင်လို့ ကြားလို့ နံလို့ စားလို့ ထိလို့ သိလို့ ပေါ်လာတဲ့ အသိတွေအပေါ်မှာ အာရုံနဲ့ဒွါရတိုက်မှ ပေါ်လာတဲ့စိတ်လို့ သိလိုက်တော့ 'ငါ'လို့ ယူစွဲထားတဲ့ အယူမှားတွေ မရှိတော့တာကို ပြောတာပါ။ မျက်စိက မြင်တယ်၊ နားကကြားတယ်၊ နှာခေါင်းက နံတယ်၊ စိတ်က သိတယ်၊ လောဘဖြစ်တော့ စိတ်မှာဖြစ်တယ်။ ဒေါသဖြစ်တော့လည်း စိတ်မှာဖြစ်တယ်။ သောကဖြစ်တော့လည်း စိတ်မှာဖြစ်တယ်။ ဒါပေမဲ့ အယူကျတော့ ငါမြင်တယ်၊ ငါကြားတယ်၊ ငါနံတယ်၊ ငါသိတယ်၊ ငါလိုချင်တယ်၊ ငါစိတ်ဆိုးတယ်လို့ ယူလိုက်ကြတယ်။ မဆိုင်တဲ့ 'ငါ'က ဝင်ဝင်ရှုပ်နေလို့ ဒိဋ္ဌိဖြစ်ရတာ။ ဘုရား၊ ရဟန္တာများမှာလည်း ငါ့သပိတ်၊ ငါ့သင်္ကန်းလို့တော့ ''အပြော ငါ'' အနေနဲ့ သုံးနှုန်းကြတာပါပဲ။ 'အပြော ငါ' နဲ့ 'အယူ ငါ'ကို ခွဲခြားနားလည်ထားဖို့တော့ လိုတယ်။ စိတ်မှာဖြစ်သမျှကို 'ငါ'လို့ ယူလိုက်တဲ့ အယူဟာ ဒိဋ္ဌိပဲ။ အဲဒီစိတ်တွေဟာ အစကရှိနေသလားဆိုတော့ ရှိမနေပါဘူး။ မြင်မှ၊ ကြားမှ၊ နံမှ၊ စားမှ၊ ထိမှ၊ တွေးမှ ပေါ်လာတာပါ။ ပေါ်လာပြီးတော့လည်း မြဲသလားဆိုတော့ မမြဲပါဘူး။ ပေါ်ပြီးတော့ ပျက်ရတာပါပဲ။ ပေါ်ပြီးပျက်တဲ့စိတ်က သူလား၊ ငါလား၊ ပုဂ္ဂိုလ်လား၊ သတ္တဝါလားဆိုတော့ မဟုတ်ဘူး။ ပေါ်ပြီးပျက်ရတဲ့ စိတ်တရားပါလားလို့ သိလိုက်ရင် ငါမြင်တယ်၊ သူဖြစ်တယ်လို့ ယူထားတဲ့အယူက လွတ်သွားတယ်။ စိတ်ကိုမနိုင်လို့သာ စိတ်ဆိုးဒေါသဖြစ်ရတယ်။ ဒီစိတ်ကို ငါလို့ယူတဲ့ အယူမဖြစ်တော့ဘူး၊ မြင်တိုင်း ကြားတိုင်းတော့ စိတ်ဖြစ်တာလို့ နောက်ကနေ လိုက်မသိနိုင်ဘူးပေါ့။ ဒါပေမဲ့ ပြန်ဆန်းစစ်ရင် 'ငါ'မဟုတ်ဘူးဆိုတဲ့ အသိကလေးမြဲသွားပြီ။ အမြဲမသိပေမယ့် အသိကလေး မြဲသွားပြီပေါ့။

သောတာပန်က ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာသာ ပယ်တာ၊ ကျန်တဲ့ ကိလေသာတွေတော့ မပယ်နိုင်သေးဘူး။ လောဘလည်းဖြစ်တာပဲ၊ ဒေါသလည်းဖြစ်တာပဲ၊ သောကပရိဒေဝဒိုကြွေးမှုတွေလည်း ဖြစ်တာပဲ။ သောတာပန်နဲ့ ပုထုဇဉ်က ဘာကွာလဲ၊ ဖြစ်တာချင်း တူပေမယ့် သိမှု၊ မသိမှုက ကွာတယ်။ သောတာပန်က လောဘ၊ ဒေါသတွေဖြစ်ပေမယ့် ဖြစ်လာတဲ့ လောဘ၊ ဒေါသတွေအပေါ်မှာ 'ငါ'ဖြစ်တာဆိုတဲ့ အစွဲမရှိဘူး။ လောဘဖြစ်တာ စိတ်၊ ဒေါသဖြစ်တာ စိတ်လို့ မှန်မှန်ကန်ကန်သိသွားတယ်။ ဒီစိတ်တွေ ဘာကြောင့်ဖြစ်လာသလဲဆိုတဲ့ အကြောင်းအကျိုးကိုလည်း သိတယ်။ ဖြစ်လာတဲ့ စိတ်မှန်သမျှ ပျက်သွားတယ်ဆိုတာလည်း သိတယ်။ မိမိက မြင်တဲ့အပေါ်၊ ကြားတဲ့အပေါ်၊ နံတဲ့အပေါ်၊ စားတဲ့အပေါ်မှာ မသင့်မတင့် နှလုံးသွင်းလို့ ဖြစ်လာရတာလို့ သိတော့ ငါ လောဘဖြစ်တယ်လို့ မယူတော့လို့ ပုဂ္ဂိုလ် သတ္တဝါ အယူက လွတ်သွားတယ်။ ပုထုဇဉ်များကျတော့ ဒါတွေဟာ စိတ်မှာဖြစ်၊ စိတ်မှာချုပ် သွားတာပါလားလို့ ဖြစ်ခြင်း၊ ဖြစ်ကြောင်း၊ ချုပ်ခြင်း၊ ချုပ်ကြောင်းဆိုတာတွေကို မှန်မှန်ကန်ကန်မသိတော့ မြင်တာ ငါ၊ ကြားတာ ငါ၊ အကုန်လုံး ဘာဖြစ်ဖြစ် ငါဖြစ်တာလို့ ယူလိုက်တယ်။

သောတာပန်က ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာသာ ပယ်တာ၊ ကျန်တဲ့ ကိလေသာတွေတော့ မပယ်နိုင်သေးဘူး။ လောဘလည်းဖြစ်တာပဲ၊ ဒေါသလည်းဖြစ်တာပဲ၊ သောကပရိဒေဝဒိုကြွေးမှုတွေလည်း ဖြစ်တာပဲ။ သောတာပန်နဲ့ ပုထုဇဉ်က ဘာကွာလဲ၊ ဖြစ်တာချင်း တူပေမယ့် သိမှု၊ မသိမှုက ကွာတယ်။



အနိစ္စ ဆရာတော်ကြီး၏ လင်္ကာ

ပန်းပင်တစ်ပင် သူများမြင်- မြင်တာက မျက်စိ
မြင်သူ မရူး သူများ ရူး - ရူးတာက လက်
ရူးသူ မပန် သူများပန် - ပန်တာက ခေါင်း
ပန်သူမမွေး သူများမွေး - မွေးတာက နာခေါင်း
ဘယ်မှာလဲ "ငါ"။



သာသနာခဲ့ကြီးကြီးကျက်တုန်းမှာ သာသနာတွင်း ဒါနဖြစ်အောင်၊ မင်္ဂိုလ် နိဗ္ဗာန် ရယူနိုင်တဲ့ ကုသိုလ်ဖြစ်အောင်၊ မိမိပြုလုပ်တဲ့ ဒါနတရားအပေါ်မှာ အမှန်ကိုအမှန် အတိုင်း သိတဲ့ဉာဏ်ဖြစ်ဖို့လိုတယ်။ 'ဒါန' ဆိုတာက ပေးလှူခြင်းလို့ အဓိပ္ပာယ်ရတယ်။ ဒါနဆိုတာ အပြစ်မရှိတဲ့ ကုသိုလ်တရား သန့်သန့်လေးပဲ။ ဒါပေမဲ့ လူတွေဟာ ဒါနတော့ ပြုကြပါရဲ့၊ ဘာကြောင့် သံသရာဝဋ်စက်က လွတ်မထွက်နိုင်ဖြစ်နေကြတာလဲ၊ ဘာကြောင့် လူချမ်းသာ နတ်ချမ်းသာ ဘဝကနေ အပါယ်ကိုပြန်ပြန်ကျကြရသလဲ ဆိုတော့ ဒါနပြုတဲ့အခါ အယူမှားတွေနဲ့ ပြုခဲ့ကြပြီး ဆုတောင်းလွဲခဲ့ကြလို့ပဲ။ ဒီအလှူကို ငါလှူတာ (ဒိဋ္ဌိ ငါ)၊ ဒီအလှူရဲ့အကျိုးကို ငါ ခံစားရလိမ့်မယ် (တဏှာ ငါ)နဲ့ ဒီအလှူကို ငါမို့လှူနိုင်တာ (မာန ငါ)ဆိုတဲ့ တရားဆိုး သုံးမျိုးက ဒါနနောက် ကပ်ကပ်ပါသွားကြတယ်။ ဒါကြောင့် ဒါနအကျိုးက နတ်ပြည်ရောက်လိုက် ဒိဋ္ဌိ၊ တဏှာ၊ မာနဆိုတဲ့ အကုသိုလ်ကအပါယ်ပြန်ဆွဲလိုက်နဲ့ သံသရာက လွတ်မထွက်နိုင်ဘဲ ဖြစ်နေတာ။ တချို့က ပြောကြတယ်၊ ဒါနပြုရင် သံသရာရှည်တယ်တဲ့၊ ဒါနက သံသရာမရှည်ပါဘူး၊ သံသရာဝဋ်ကို ကျွတ်ကျွတ်လွတ်လွတ် ခြေနဲ့ကန်၊ အလှူခံပုဂ္ဂိုလ်အပေါ်မှာ ချစ်ခြင်းမေတ္တာ၊ သနားခြင်း ကရုဏာ၊ ပြည့်စုံပါစေဆိုတဲ့ စေတနာသန့်သန့်လေးထားပြီး နိဗ္ဗာန်ကိုရည်မှန်းလှူဒါန်းလိုက်ရင် သံသရာမရှည်တော့ပါဘူး။

ဗုဒ္ဓဘာသာအများစုဟာ အလှူရေစက် လက်နဲ့မကွာဆိုသလို ဒါနကုသိုလ်တွေတော့ ပြုလုပ်ကြပါတယ်။ ဒါပေမဲ့ ဘယ်လိုအသိနဲ့ ပြုကြသလဲဆိုရင် ကောင်းတာလုပ်ရင် ကောင်းတာဖြစ်တယ်။ မကောင်းတာလုပ်ရင် မကောင်းတာဖြစ်တယ်ဆိုတဲ့ ကမ္မသကတာ သမ္မာဒိဋ္ဌိအယူနဲ့ လူချမ်းသာ နတ်ချမ်းသာ ဘုံဘဝတွေကို တောင့်တပြီး လှူကြလေတော့ အကျိုးပေးဖို့ အခွင့်သာတဲ့အခါတော့ ရကြပါတယ်။ ဒါနနောက်မှာ ကပ်ပါတဲ့ တဏှာ၊ မာန၊ ဒိဋ္ဌိရှိနေသရွေ့ တော့ အပါယ်က မလွတ်နိုင်ဘူး။

လှူတယ်ဆိုတာ ကုသိုလ်တရား၊ ဒီကုသိုလ်ရဲ့အကျိုးက စည်းစိမ်ဥစ္စာပြည့်စုံခြင်းဆိုတဲ့ အကျိုးကျေးဇူးရှိတယ်။ ဒါပေမဲ့ အလှူရဲ့နောက်မှာ အယူတွေဝင်လာလို့ အယူက အပါယ်ဆွဲချတာ ခံနေရတာ။ မလှူတတ်ရင် အယူရတယ်။ လှူတတ်မှ နိဗ္ဗာန်ရတယ်။ နိဗ္ဗာန်က နောက်ဘဝမှရောက်တာ မဟုတ်ဘူး။ အခုလှူရင် အခုရောက်ပါတယ်။ လှူတဲ့ပစ္စည်းတွေအပေါ်မှာ တပ်မက်နေတဲ့ လောဘရှိနေရင် လှူလို့ရပါ့မလား။ လောဘကိုစွန့်နိုင်မှ လှူနိုင်တာ။ လှူနေတဲ့အခိုက်မှာ လောဘမရှိဘူး။ လောဘငြိမ်းတဲ့စိတ်က လောဘငြိမ်းရာ၊ ကုန်ရာ နိဗ္ဗာန်နဲ့တွေ့နေတယ်။ တဒင်္ဂအားဖြင့် နိဗ္ဗာန်ရောက်နေတယ်။ လှူတာက ပစ္စည်း၊ စွန့်တာက လောဘ၊ ရောက်တာက နိဗ္ဗာန်ပေါ့။ သိပြီးလှူတာမို့ ဝိဇ္ဇာဉာဏ် ဦးစီးတဲ့ အလှူ၊ ဝဋ်အတွင်းက လွတ်ကင်းတဲ့ အလှူဖြစ်သွားပြီ၊ ဒါနနဲ့ပတ်သက်လို့ အယူမဝင်ဘဲ ဖြူဖြူစင်စင်နဲ့ ပြုနိုင်ကြပါစေ။ တဏှာ၊ မာန၊ ဒိဋ္ဌိလက်တွင်းက လွတ်ကင်းပြီး တဒင်္ဂ(တခဏ)နိဗ္ဗာန်မှသည် ဝိက္ခမ္ဘန (အတော်ကြာကြာ)နိဗ္ဗာန်၊ သမုစ္ဆေဒ(အပြီးပြတ်)နိဗ္ဗာန်သို့တိုင် ရောက်နိုင်ကြပါစေ။

သတ္တဝါခေါ်ဆို ဘယ်ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာမဆို လောဘ ဒေါသ စတဲ့ ကိလေသာတွေက ခန္ဓာကိုယ်ထဲမှာ မူလကရှိမနေကြပါဘူး။ မြင်တဲ့အပေါ် ကြားတဲ့အပေါ်မှာ မိမိကြိုက်တဲ့ အလို၊ မကြိုက်တဲ့အလိုနဲ့ နှလုံးသွင်း ထူထောင်ပေးလိုက်မှ လောဘ ဒေါသတွေက ဖြစ်လာကြတာပါ။ ဒါကြောင့် ကိလေသာတွေဟာ အမြဲတမ်းရှိနေတဲ့ အရှိတရား မဟုတ်ဘူး။ တစ်ခါတစ်ခါ နှလုံးသွင်းမှားမှ ဖြစ်လာတတ်တဲ့ အဖြစ်တရားတွေပါ။ ဒါကြောင့် ကိလေသာတွေဟာ မဖြစ်သေးခင်က အဖြစ်အေးနေတဲ့ အေးသဘော၊ ငြိမ်းသဘော၊ အကယ်၍ မိမိက နှလုံးသွင်းမှားသွားလို့ ကိလေသာတွေဖြစ်လာရင်လည်း ဖြစ်လာတဲ့ ကိလေသာမှန်သမျှ ပျက်သွားလို့ မရှိတော့ဘူးလို့ ဝိပဿနာဉာဏ်နဲ့ သိရမှာ။ လောဘ ဒေါသ စတဲ့ ကိလေသာတွေ မဖြစ်သေးတာ၊ အဖြစ်တွေ အေးနေ ငြိမ်းနေတာကိုသိပြီး ဖြစ်လာအောင် မထူထောင်ဘဲ နေတဲ့အကျင့်နဲ့ နေသွားရမှာ။ ဘာကိုမှ မကြိုစည် မအောက်မေ့ဘဲ ဒီအတိုင်း အသာလေးနေတာကို မင်္ဂအကျင့်ကျင့်တယ်လို့ ခေါ်တယ်။ မြင်တဲ့ကြားတဲ့အပေါ်မှာ မိမိရဲ့အကြိုက်၊ မိမိရဲ့အလိုတွေ ထည့်ထည့်မပေးဘဲ တည့်တည့်လေးသိနေရမှာပါ။ ရဟန္တာများကျတော့

မြင်–မြင်ကာမတ္တ၊ ကြား–ကြားကာမတ္တ မြင်တဲ့ ကြားတဲ့အပေါ်မှာ မိမိရဲ့အလိုအကြိုက်ကို ထည့်မပေးတော့ လောဘ ဒေါသဆိုတဲ့ အပိုစိတ်တွေ ဖြစ်မလာလို့ နဂိုအတိုင်း ငြိမ်နေတာပေါ့။

ခန္ဓာကျွေးမွေးမှုအတွက် ရှာဖွေဆောင်ရွက်ရတဲ့ ဒုက္ခ၊ အို နာ သေဆိုတဲ့ ရုပ်ဒုက္ခတွေက မဂ်နဲ့တားလို့မရတဲ့ ဒုက္ခ၊ အာရုံနဲ့ ဒွါရတိုက်တိုင်း ပေါ်နေတဲ့ ဝိပါက်စိတ်တွေရဲ့ ဖြစ်ခြင်း၊ ပျက်ခြင်းမကင်းတဲ့ သခါရဒုက္ခကလည်း မဂ်နဲ့ပယ်လို့မရဘူး။ သူကြောင်းကျိုးနဲ့ လည်နေမှာပဲ။ ဒါကြောင့် လည်နေတဲ့ တရားကိုလည်း ရပ်အောင်မလုပ်နဲ့၊ ရပ်နေတဲ့ တရားကိုလည်း လည်အောင်မလုပ်နဲ့လို့ ပြောတာ။ ရပ်နေတဲ့တရားဆိုတာ ယခုပစ္စုပ္ပန်မှာ သတ်မှု၊ ခိုးမှု၊ ကာမေသု စတဲ့ အကုသိုလ်တွေ ဖြစ်နေတာမရှိလို့ ရပ်နေတယ်။ လောဘ၊ ဒေါသ၊ သောကပရိဒေဝ စတဲ့ ကိလေသာတွေလည်း မဖြစ်တော့ ရပ်နေတယ်။ လည်အောင်က ကိုယ်ကသွားလုပ်မှ လည်မှာ။ မိမိရဲ့အလိုအာသာတွေကို ထည့်ပြီး နှလုံးသွင်းမှ ရောက်လာမှာ။ ဒါကြောင့် ရပ်နေတာကို လည်အောင်မလုပ်နဲ့လို့ ပြောတာ။

စိတ်က ဘာကိုမှ အာရုံမပြု၊ ဘယ်လိုမှ နှလုံးမသွင်းဘူးဆိုရင် ထူထောင်ပေးတဲ့ သမုဒယမရှိလို့ ဒုက္ခမရှိဘူး။ ဒုက္ခမရှိရင် ဒုက္ခချုပ်ရာငြိမ်းရာဆိုတဲ့ နိရောဓပဲ ရှိမှာပါ။ လောဘ၊ ဒေါသတွေမဖြစ်တဲ့အချိန်ကြည့် ဘာကိုတွေ့မလဲ၊ လောဘ၊ ဒေါသမရှိတာကို တွေ့မယ်။ လောဘ၊ ဒေါသဖြစ်လာပြန်တော့လည်း ကြည့်လိုက်ရင် ကုန်ပျောက်နေတာ တွေ့ရမှာပါ။ လောဘ၊ ဒေါသကုန်ရာ နိရောဓသစ္စာတရားကသာ အမြဲရှိနေပါမယ်။ ဘယ်အချိန် ဘယ်အခါကြည့်ကြည့် နိရောဓသစ္စာကိုသာတွေ့နေရမှာမို့ သမုဒယလည်း ပယ်ပြီးသား၊ နိရောဓလည်း ဆိုက်ပြီးသား၊ မဂ္ဂကလည်း ပွားပြီးသား၊ ဒါကြောင့် သစ္စာလေးချက် တစ်ပြိုင်နက် မဂ်၏ ကိစ္စသာဆိုတဲ့အတိုင်း နိရောဓသစ္စာဖြစ်တဲ့ ဉာဏ်ဖြစ်လိုက်ရင် သစ္စာလေးပါးလုံး သိမြင်တဲ့ဉာဏ် ဖြစ်သွားပါတယ်။

ကောင်းကောင်းဆိုးဆိုး၊ အမျိုးမျိုးသော စိတ်တွေသည် ဖြစ်လာရင်ပျက်တယ်လို့ သိတာ ဝိပဿနာဉာဏ်ဆိုပေမယ့် မဖြစ်ခင်ကလည်း မရှိဘူး။ ဖြစ်လာပြန်တော့လည်း ပျက်သွားလို့ မရှိတော့ဘူးလို့ သိတာက ပိုအဆင့်မြင့်တဲ့ ဝိပဿနာဉာဏ်ပဲ။ အဲဒီစိတ်တွေမရှိတော့လို့ ကုန်ပျောက်နေတဲ့ နေရာမှာ ပျောက်ရာ ကုန်ရာ ဆုံးရာဆိုတဲ့ နိဗ္ဗာန်ကြီးရှိတယ်ကို သိတာက မဂ်ဉာဏ်၊ နိဗ္ဗာန်ကို ပထမဆုံးမြင်တဲ့ဉာဏ်က မဂ်ဉာဏ်။ နောက်တစ်ခါ အာရုံပြုတိုင်း အလားတူ သိသိနေတာက ဖိုလ်ဉာဏ်လို့ ခေါ်တယ်။

ပထမဦးစွာ သောတာပတ္တိမဂ်ဉာဏ် ရဖို့အတွက်တော့ သစ္စာလေးပါးလို့ ဟော ပြောညွှန်ပြနိုင်တဲ့ ဆရာရှာရမယ်။ သစ္စာတရားနာကြား သဘောပေါက်ပြီး၊ ဉာဏ် ရောက်ပြီဆိုရင် အထက်မဂ်ရရေးအတွက် ကျင့်ရမယ်။ တရားဆိုတာ ကျင့်ပြီးမှ သိမှာလား၊ သိပြီးမှ ကျင့်ရမှာလားဆိုတော့ သိပြီးမှ ကျင့်ရမှာပါ။ ဝိဇ္ဇာပြီးမှ စရဏလာရမှာပါ။ သိပြီးကျင့်မှ အသိမှန်၊ အကျင့်မှန် ဖြစ်မှာပေါ့။ ကျင့်ရမယ့်အကျင့်က မဂ်အကျင့်၊ မဂ္ဂင်္ဂာဝနာပွားတဲ့အကျင့်ကို ကျင့်ရမှာ။ နိဗ္ဗာန်ကို ကြိမ်ဖန်များစွာမြင်ပြီး စိတ်ကို အနားပေးတဲ့ အကျင့်ကျင့်တော့ ကိလေသာအဖြစ်တွေ တဖြည်းဖြည်းပါးလာပြီး အထက်မဂ်သုံးပါးကို ဆရာမရှိ ကိုယ်တိုင် သိသွားပါလိမ့်မယ်။ သခါရတရားတွေ ကင်းရာချုပ်ရာဖြစ်တဲ့ အသခ်ံကဓာတ် နိဗ္ဗာန်တရားကို မမေ့မလျော့သော သတိတရားဖြင့် ပွားများအားထုတ်ကြပါလို့ တိုက်တွန်းလိုက်ပါတယ်။

ဝန်ခံချက် – ဒေါ်ဝင်းဝင်းမြင့်(ဝင်းလျှပ်စစ်နှင့် အီလက်ထရွန်းနစ်)၏ ကိုယ်တိုင်(ဝါ) တိတ်ခွေများမှတစ်ဆင့် နာကြားခဲ့ရသော တရားတော်များ၊ အထူးသဖြင့် ဆရာတော် ဦးသြသဓ(ဟသ်တမြို့၊ ပခမ်းရိပ်သာ)ဟော ကြားသော တရားတော်များကို အများဆုံး ကောက်နုတ်တင်ပြထားသည့် ''နိဗ္ဗာန်လမ်းပြ အလင်းရောင်''စာအုပ်မှ မှီငြမ်းကူးယူထားပါသည်။ ဓမ္မရေးရာ လမ်းညွှန်တချို့ကို အနှစ်ထုတ်၍ ဓမ္မမိတ်ဆွေများ လေ့လာလိုက်စား ကျင့်သုံးနိုင်ရန် လက်ဆင့်ကမ်း တစ်ဆင့်ဓမ္မဒါနပြုပါသည်။

သာကီဝင်း





ရန်ကုန်---သို့မဟုတ်

မိုးရေ ဖားလျား ချ ထားတဲ့ . . .
ရန်ကုန် မြို့ အဖျို မ . . .
သင့်ရဲ့ ခပ်လှမ်းလှမ်းက . . .
(ငေးကြည့်နေတဲ့ . . .)
ငါ့ကို . . .ခေါ်ပါ . . .။
သင့် ရင်ခွင်ဆီအရောက် . . .
ဖောက်ထားတဲ့ . . .
(တွန့်လိပ်ခွေခေါက်နေတဲ့ . . .)
လမ်းမ ပေါ်ကို နင်းလျှောက် . . .
မိုးကုပ်စက်ဝိုင်းအောက်က . . .
ငါ လာမယ် . . .
သင်ဟာ . . .
မီးစာ ကုန်ပြီး . . .ရေမခမ်းသေးတဲ့ . . .
ပင်လယ် . . .။
ရယ်မောနေသူတွေက တစ်ဝက် . . .
ငိုကြွေးနေသူတွေက တစ်ဝက် . . .
သင့်ရဲ့ . . .ရင်ခွင် ထက်မှာ . . .
နှလုံးသားတွေ ကွဲအက် နေလိုက်ကြတာ . . .။
ရင်နာတယ် . . .
နာကျင်နေတဲ့ ရင်ဘတ်ကို ထမ်းပြီး . . .
ငါ လာမယ် . . .။
နေကွယ် ပြီး . . .လ မထွက်ဘူး . . .
အရှူးတွေက နှစ်မူး . . .သုံးမူး သာ . . .
နေရာလည်း လု . . .
အာဏာလည်း လု . . .
ကိုယ်ကျင့်တရားတွေ ထုနှက် ချေ မွ ပြီး . . .
ရိုးသား ပြနေလိုက်ကြတာ . . .။
ရင်နာတယ် . . .
နာကျင်နေတဲ့ ရင်ဘတ်ကို ထမ်းပြီး . . .
ငါလာမယ် . . .။

အတိတ်ကလည်း . . .ဒဏ်ရာ . . .
ပစ္စုပ္ပန် မှာလည်း ဒဏ်ရာ . . .
အားလုံးဟာ . . .ခွာနာ လျှာနာ . . .
(ရန် မကုန်သေးတဲ့ . . .)
ရန်ကုန်ရဲ့ ရာဇဝင်မှာ . . .
အမည်းစက် မက တဲ့ . . .အမည်းကွက် . . .
သူတို့ ရက်စက်ခဲ့ကြတယ် . . .။
မိုးရေ ဖားလျားချထားတဲ့ . . .
ရန်ကုန်မြို့ အဖျိုမ . . .
အကျည်းတန် နေပေမယ့် . . .
လှတယ် . . .
သင်ဟာ . . .
ငါတို့အားလုံးရဲ့ . . .
ဒုက္ခ ပင်လယ် . . .။
ရင်နာတယ် . . .
နာကျင်နေတဲ့ ရင်ဘတ်ကို ထမ်းပြီး . . .
ငါ . . .
လာ . . .မယ် . . .။ ။

သက်ထိုက်ဦး

စာဆို ဂုဏ်တင် ဆောင်းရင်ခွင်

❖ ရှေ့မြောက်လေနှင်၊ စုံမြိုင်ခွင်၌
စိုလွင်စိမ်းမြ၊ ရွှတိုင်းလှသား
ဖြူလွကြူလွင်၊ ပန်းသဇင်လည်း
လေငင်ယိမ်းက၊ သင်းရနံ့ဖြင့်
လောကဝန်းကျင်၊ အလှဆင်သည်
ဝေဟင်မြင့်နန်း . . .ထူးတင့်ဆန်း။
တော်ဝင်ထိုက်သည့် . . .မင်္ဂိုဠ်ပန်း။
ခူးဆွတ်ရွှင်လန်း . . .လက်ဆောင်ကမ်း။

❖ ရွာနောက်ဝန်းကျင်၊ လယ်ယာခွင်၌
ညိုလွင်လိမ်းကျံ၊ စပါးနံတို့
ဖိတ်လှုံငှက်ကာ၊ ဆင်းရွှေဝါနှင့်
စာငှက်ငယ်များ . . .ဝဲပျံကျ။
ရွှခင်းလှပ . . .ပသာဒ။
ရိတ်ကြသိမ်းကြ . . .လယ်သူမ။

❖ ဆောင်းချမ်းမြမြ၊ ဟေမန္တ၌
မြနမာ့ပြည်ခွင်၊ စာသဘင်ပွဲ
ဆင်ယင်နွဲကြ၊ ရွှင်ပျပျနှင့်
ကျင်းပစဉ်လာ၊ စည်ကားစွာဖြင့်
စာဆိုတော်ပွဲ . . .ဖြိမ့်ဖြိမ့်သဲ။
ရေးဖတ်ဆင်နွဲ . . .ဟောပြောပွဲ။
မြို့ရောတောပါ . . .ညံမစဲ။

❖ ဩော် . . .စာဆိုအရှင်၊ ဆောင်းရင်ခွင်မှာ
ရာဇဝင်တစ်ခု၊ ဖော်ညွှန်းပြခဲ့
ပြစ်မဲ့စာဆို၊ အမျက်သိုကာ
'မဲဇာ'ကိုပို့၊ အပြစ်ဖို့လည်း
'စာဆို့လက်ာ၊ ဖတ်ရှုပါသော်'
'မင်းမှာ မျက်ပြေ၊ ပြစ်လွတ်စေခဲ့'
'စာပေကျေးဇူး၊ ခံစားဖူးပြီ'
'ဂုဏ်ရည်ထူးကဲ၊ စာချုန်ဖွဲကြောင့်'
'လက်ဝဲသုန္ဒရ . . .ချမ်းသာရ'။
'စာပေတန်ခိုး . . .ကြီးမြတ်စွ'။
'စာပေပင်နန်း . . .စွမ်းကုန်လှ'။
'စာပေပွင့်ပန်း . . .ဆန်းဂုဏ်ခဲ့'။ ။

မင်းမောင်နွယ်(မွန်ဌာနီ)



ဗုဒ္ဓ၏အဆုံးအမ
ယဉ်ကျေးကြေ တို့မြန်မာ
စရိုက်ဥာဉ် ပေါ်ထင်ရာ
ရိုးသားခိုင်မာ၊
သူတစ်ပါး ကျင့်သိက္ခာ
သူမြေယာ မထိပါး
ကိုယ်ချင်းစာ တန်ဖိုးထား
သစ္စာတရား။

ယစ်မျိုးဆို ဝေလာဝေး
တို့ဘိုးဘေး အော့နှလုံးနာ
ကင်းဝေးကွာ ရှောင်ဖယ်ရာ
မြစ်တားရုံရှာ၊
မူးယစ်လို့ မသွင်းလူရာ
ရင်သွေးခမျာ မျက်နှာမွဲ
တို့ခေတ်မှာ ဆယ်ဆကဲ
အမျိုးသားရေးပဲ။

တစ်မြေနေ တစ်မိပေါက်
တည်ဆောက်ကြ ဘိန်းမဲ့ဇုန်
သီးနှံစုံ အစားထိုး
စိုက်ပျိုးဘက်စုံ၊
တချို့က ပြီးပြည့်စုံ
တချို့ဇုန် နှစ်ထောင်ငါး၊
ကိုယ့်တာဝန် ကိုယ်အလေးထား
လက်တွဲကာ တို့ကြိုးစား
သန့်ဌာန်ထား။

သူခိုးက လူလူဟစ်
ကောက်ကျစ်သည့် မူယာပိုင်
ကြွက်မနိုင် ကျီကိုဖျက်
မရှက်ပါနိုင်၊
ဝိသမ စီးပွားကိုကိုင်
မူးယစ်ခိုင် ကိုယ်တိုင်လုပ်
မိခါခါ လက်ကိုင်ဆုပ်
မုန်လာဥလုပ်။

နှစ်သန်းပေါင်း 'လေးဆယ်'မက
ဒီမြေက လူသားမြန်မာ
'ကျောက်' 'ကြေး' 'သံ' ထင်အရာ
ခေတ်များရှည်ကြာ၊
အမျိုးသားရေး လက္ခဏာ
မြတ်နိုးရာ ကိုယ့်ဇာတိ
တို့သိက္ခာ လာမထိနဲ့
ကြောက်မွေးမရှိ။

ကျော်စောဟန်

တို့သိက္ခာ လာမထိနဲ့



ဆင်ခြေကျန်း

ဒေါ်သန်းမြိုင်ရဲ့ ပြောင်းပန်းဆေတံ

(၁)

နေကြာစိုက်မည်ဆိုကတည်းက အညို မကြည်သာခဲ့။ မရှောင်သာ၍ နေကြာ ဝေယျာဝစ္စများ ကူညီဆောင်ရွက်ခဲ့ငြား၊ လိုလိုလားလားမရှိ။ ရှောရှောရှူရှူမဖြစ်။ နေကြာစေ့ ရေစိမ်သည်ကအစ ကသိက အောက် လုပ်ခဲ့သည်။



သူတစ်ပါး၏ မုန်လာခင်းတွေကို အညို လည်တဆန့်ဆန့်ကြည့်သည်။ ပြာမှောင်သော ပန်းမုန်လာ(ပန်းဂေါ်ဖီ)ခင်းတွေ၊ ကားလျား ကြွားရွားသော မုန်လာထုပ်(ဂေါ်ဖီထုပ်)အပင်တွေ ကြည့်ကြည့်ပြီး အားကျသည်။ သည်အခင်းတွေ ရွှေကျောင်းပြောင်ပြောင် ဝမ်းဟောင်ဟောင် ဖြစ်ရသည်မှာ တစ်နှစ်လည်းမဟုတ်၊ နှစ်နှစ်လည်း မဟုတ်၊ အရင်းပါဆုံးခဲ့သည်ကို သူ မကြီဖူးသည်မဟုတ်။

စလင်းချောင်းကမ်း ဝဲယာတွင် မုန်လာတွေချည်း ဖြစ်နေပြီ။ ဖြစ်၍သာနေငြား၊ အကျိုးကမရှိလှ။ အခြား အစားထိုးစိုက်စရာ အပင်မရှိသောကြောင့်သာ စိုက်နေကြရသည်။ အဆင်သင့်သည့်နှစ်တွင်အရင်းသာ၊ အဆင်မပြေသောနှစ်တွင် အရင်းပါဆုံးသည်။ သို့သော် အဆင်မပြေသောနှစ်ကများသည်။

အဆင်ပြေပါမည်လား။ ပိုးက အရမ်းကျသည်။ မာလာသီယွန်အင်ဒရင်း မို့ငရသည်။ ဟိုဘက်တစ်ခင်းကျော်က ငဇော်တို့ ဇွဲကောင်းလိုက်ပုံများမှာ ပိုးသတ်ဆေးကို မရအရရှာပြီး ခုနစ်ရက်တိတိ ဆက်ပြီး စက်ဖြင့်ပက်သည်။ ပိုးတွေမှာ ဆေးပြီးနေပါပြီ။ ထို့ကြောင့်ပင် ငဇော်၏ အပင်တစ်ထောင်ကျော် မုန်လာခင်းမှာ အပွင့်တွေတန်းလန်းဖြင့် ခုတ်ပစ်လိုက်ရသည်။ ''ငဇော် ဘယ်လောက် ထိလိုက်လဲကွ''ဟု မေးသောအခါ မပြောချင့်ပြောချင်ဖြင့် လက်တစ်ချောင်းထောင်ပြသည်။ တစ်ရာမဟုတ်၊ တစ်ထောင်ဖိုး ဆုံးရှုံးခြင်းဖြစ်သည်။

မုန်လာမဟန်၍ မေမြို့ပန်းဘက်လှည့်သည်။ တစ်နှစ်သာ ဟန်၏။ နောက်နှစ်တွင် ပန်းစိုက်သူတွေ များလာရုံမက ပိုးပါကျလာသည်။ အလှအပကို ပွဲထုတ်ရောင်းချရသော ပန်းကို ပိုးဖဲ့သောအခါ အဘယ်မှာ ဟုတ်ပါတော့မည်နည်း။

ယမန်နှစ်က ပဲလင်းမြွေ ပြောင်းလဲစိုက်သည်။ ကျော်မြင့်သိန်းမှာ သူတစ်ပါးမစိုက်တာစိုက်မှ စျေးကောင်းရမည်ကို နားလည်၏။ သူတစ်ပါးနှင့်မတူမှ ပိုးအကျသက်သာမည် ယုံကြည်၏။ သို့အလျောက် ပဲလင်းမြွေစိုက်သောအခါ ပေါ်ဦးပေါ်ဖျားတွင် တစ်ထောင့်ငါးမူးအထိ ရောင်းရပါ၏။ ပိုးလည်းမရှိသလောက်ပင်၊ ငွေကြေးလည်း ရပါ၏။

သို့ရာတွင် ပဲလင်းမြွေကို ကျော်မြင့်သိန်း စိတ်ကုန်သွားပြီ။ တစ်လံမျှရှည်သော ပဲလင်းမြွေတစ်တောင့်ကို တစ်မတ်အထိ ချရောင်းရငြား၊ တွက်သားကိုက်ခဲ့သည်သာ။ တွက်သားကိုက်ငြား ငှက်ပျောဖတ်(ဖက်မဟုတ်၊ အရွက်မဟုတ်) ငှက်ပျောဖတ် ရှာရသည်မှာ ပင်ပန်းလှ၏။

ပဲလင်းမြွေသီးဝယ်ယူသော ဖောက်သည်များသည် ပဲသီးတစ်တောင့်တိုင်း၊ တစ်တောင့်တိုင်း၏အောက်တွင် ငှက်ပျောဖတ် မပါလျှင်ကား အလကားပေး၍သော်မျှ မယူချင်ပေ။ အကြောင်းသော်ကား အခုအခံအထိန်းအမှေးမရှိပါက ကျိုးကုန်သောကြောင့်ပေတည်း။

ငှက်ပျောခင်းအရှင်မှာ ငှက်ပျောခိုင်ထွက်ပြီး၍ ခုတ်ယူပြီးသော အပင်တစ်ပင်ကို အလကားပေးရန် ဝန်မလေးပါ။ အခိုင်မထွက်သေးသော ငှက်ပျောပင်တစ်ပင်ကိုကား တစ်ဆယ်ဖြင့်ရောင်းရန်ပင် 'အင်' သည်။ ကျော်မြင့်သိန်း ပေးနိုင်သည်က လည်း အပင်ကောင်းပါမှ သေရောကြေရောတစ်ဆယ်။

ပဲလင်းမြွေကိုဖျက်သော အကောင်မှာ နေ့တွင် ပွတ်ခွါနှင့် ရှုဉ်။ ညတွင် ကြွက်။ သည်အရာတွေကို ကျော်မြင့်သိန်း စိတ်မညစ်။ နေ့ရှိသရွေ့ တလည်လည်နှင့် ငှက်ပျောပင်ရှာရသောဒုက္ခကို မခံနိုင်။

သည်ကြားထဲတွင် သူ စနည်းနာကြည့်ရာ ပဲလင်းမြွေစိုက်ရန် အားခဲထားသူ နှစ်ဆယ်ခန့်ရှိသည်။ ထို့ကြောင့် စိမ်းစိမ်းမှောင်မှောင်တွေကြားတွင် ဝါဝါထိန်ထိန် ရွှေနေကြာချသည်။ မချမီကတည်းက ငြူစူသော အညို။ အပွင့်တွေ တင့်ငိုက်ငိုက် ဖြစ်လာသည်အထိ အစူမပျက်။

မုန်လာထွန်ရေးသည် ထွန်ရေးကို ဆန်မှုန့်တမျှညက်နေအောင် အထပ်ထပ် ထွန်ရ၏။ ထွန်ခမှာ တစ်နံနက်ကို နှစ်ဆယ်။ နည်းနည်းနောနော ထွန်ခမဟုတ်။

နေကြာသော်ကား ထယ်တစ်စပ်လှန်ပြီး ထွန်လေးစပ်သာ ဝင်ရုံဖြင့်ပြီး၏။ မုန်လာခင်း ထွန်ခ၏ လေးချိုးတစ်ချိုးသာ။ သည်အရာကိုလည်း အညို အမှုမထား။ နေကြာကြားက သည်းသည်းမဲမဲတက်လာသော ကုလားပဲခင်းကိုလည်း စာရင်းထဲ



ပါးစပ်ထဲခွံ့ခါနီး ထမင်းလုတ် ပုတ်ချမခံနိုင်ပါ။
သို့ကြောင့် နေကြာခင်းထဲတွင် ကျော်မြင့်သိန်းလျှောက်နေသည်။
ခူရှိသော အရွက်တွေ့လျှင် ခူးပြီး တောင်းထဲထည့်သည်။
အရွက်ကိုစားတာပဲလေ ကိစ္စမရှိပါဘူး၊ အပျင်းမွေးရ၏မရ။
အရွက်ကိုစားရာက အပွင့်ကောင်းမှန်းသိသွားလျှင်...

မထည့်။ မုန်လာ မစိုက်ကောင်းလား ရန်လုပ်သည်။

မွှင့်ဖတ်ကလေးတွေ အစိမ်းရောင်ဖျော့လာပြီ။ မကြာမီ ဝါတော့မည်။ ဝါလျှင် ချိတ်(ရိတ်သိမ်း)ရတော့မည်။ ကျော်မြင့်သိန်းမှာ စာခြောက်ရ။ ကျေး(ကြက်တူရွေး) မောင်းရ၊ ခူရှင်းရနှင့် မနားရ။

ပါးစပ်ထဲခွံ့ခါနီး ထမင်းလုတ် ပုတ်ချမခံနိုင်ပါ။ သို့ကြောင့် နေကြာခင်းထဲတွင် ကျော်မြင့်သိန်းလျှောက်နေသည်။ ခူရှိသော အရွက်တွေ့လျှင် ခူးပြီး တောင်းထဲထည့်သည်။ အရွက်ကိုစားတာပဲလေ ကိစ္စမရှိပါဘူး၊ အပျင်းမွေးရ၏မရ။ အရွက်ကိုစားရာက အပွင့်ကောင်းမှန်းသိသွားလျှင် ကိုယ်ကျိုးကြီး နည်းရချည့်။

အပေါင်းအသင်းတစ်ယောက်ထံမှ လျို့ဝှက်နည်းတစ်ခုရခဲ့သဖြင့် ရော်ဘာထုံးခြောက်တုံးကို နေကြာခင်းဘေး၌ မီးရှို့ထားသည်။ သည်ညော်နံ့ကို အကြောက်ဆုံးအကောင်မှာ ကြက်တူရွေး။ အစိမ်းပြင်အစိမ်းပြန့်ကြီး နေကြာခင်းပေါ် ဝဲမိုးလာငြား၊ ညော်နံ့ရသည်နှင့်တစ်ပြိုင်နက်တည်း ပြေးတော့သည်။

စာကား သည်ညော်နံ့ကိုအရေးမစိုက်။ မောင်းလိုက်လျှင် တောင်ဟုန်သံပြင်းပြင်းဖြင့် ပျံသွားကြငြား၊ ရောက်လာချိန်တွင် တိတ်တိတ်တိတ်ကလေး။ နေကြာခင်းထဲတွင် တချို့၊ နေကြာခင်းဘေးတွင်တချို့ ကျောက်ခဲတွေပုံထားသည်။ အကြီးကြီးတွေ မဟုတ်။ တကယ့် သေးသေးကလေးတွေ။

ယာထဲတွင် စာခြောက်ကြရာ၌ ဝါးလက်ခုပ်သံ၊ သစ်တုံးသံနှင့်အတူ စာတွေ တစ်အုပ်ကြီးထပျံ၏။ သည်နှယ် ထပျံသော စာမှာ စာပုတီး၊ စာဘုန်းကြီးနှင့် စာပူးတောင်းသာဖြစ်သည်။ အိမ်စာမှာ အုပ်နှင့် သင်းနှင့်မဟုတ်။ ပွင့်ညှာကို ကုတ်တွယ်ထားပြီး သူခိုးကျင့်သူခိုးကြိုဖြင့် ကပ်နေခဲ့ကာ ဝတ်ဆံကိုစိမ်ပြေနပြေစားသည်။ သည့်အတွက် ဟား ဟူးလည်းအော်၊ ကျောက်ခဲဖြင့်လည်း ဆုပ်ကြပစ်ပက်ရသည်။

(၂)

ကိုယ့်လုပ်စာကလေး ကိုယ်စားရပါမည့်အရေး လည်ချောင်းကွဲအောင် အော်ရ၊ ခြေတိုအောင် လျှောက်ရသည်။ သည်အထဲက အညို ရန်လုပ်လာသည်။ သည်နေ့က ဒုတိယအကြိမ်အဖြစ် နေကြာတွေ ချိတ်လာသည့်နေ့။

အိမ်ရှေ့တလင်းတွင် တစ်နေလှန်းရန် ပစ်ချထားသော နေကြာပွင့်တွေကို မျက်စောင်းခဲရင်းက ပုဏ္ဏားကွယ်မှ တစ်စုံတစ်ရာဆွဲပြီး ကျော်မြင့်သိန်းရှေ့သို့ ပစ်ချသည်။ ကျော်မြင့်သိန်း တိမ်းရှောင်ရင်း ငုံကြည့်သောအခါ နေကြာပွင့်ကြီးတွေ။

''မြင်တယ်မဟုတ်လား၊ သူများအခင်းက နေကြာပွင့်တွေ၊ တော့်နေကြာနဲ့ တူရဲ့လား''

အညိုပြောလောက်အောင်ကြီးသော နေကြာပွင့်တွေပါပေ။ တိုက်ပန်းကန်(ထမင်းစား ပန်းကန်)လောက်ကြီးသည်။ မြတ်စွာဘုရား ပွင့်တော်မူချိန်တွင်တစ်ကြိမ်၊ တရားဦး ဟောချိန်တွင်တစ်ကြိမ်နှင့် ပရိနိဗ္ဗာန်စံဝင်တော်မူချိန်တွင်တစ်ကြိမ်၊ နတ်တို့ လာရောက်ပူဇော်လျှုဒါန်းသော မန္ဒာရဝ နတ်ပန်းဆိုသည်မှာ သည်ပန်းများလေလား။

မြေတလင်းတွင် တုံးလုံးမှောက်လျက် ပက်လက်ကျနေသော အခင်းထွက်နေကြာများမှာ အညို့နေကြာနှင့်စာပါက တစ်ဝက်သာရှိသည်။ နေကြာကလေးတွေ မျက်နှာငယ်နေသည်။ သို့သော် ကျော်မြင့်သိန်း၏ မျက်နှာကား သေးငယ်မသွားပါ။

''ဘာပြောချင်လို့လဲ အညို၊ ရှင်းရှင်းပြောလေ''

''စူပါထည့်ဖို့ဟာ မထည့်လို့ အပွင့်သေးတာပေါ့၊ အပွင့်သေးရင် အစေ့ ဘယ်လိုလုပ်ပြီးရမှာလဲ''

ကျော်မြင့်သိန်းမျက်မှောင်ကြုတ်သည်။ သို့ဖြစ်ငြား ''စူပါ ထည့်ပါတယ်ဟာ''ဟူသော အဖြေမှာမူ ညင်ညင်သာသာပင်။

''ဒါဖြင့် ဘာပြုလို့ သူများလို့မကြီးသလဲ''

ကျော်မြင့်သိန်း မဖြေသေး၊ ရေနွေးကြမ်းအေးအေးတစ်ခွက် ငှဲ့သောက်၏။ အညိုကရေနွေးဗန်းကိုဆွဲယူပြီး ''မသောက်နဲ့'' အော်၏။

''အညို၊ ဒေါသမကြီးနဲ့နော်၊ ငါ့ကို ရန်လုပ်ချင်တာနဲ့ပဲ ရမ်းမပြောနဲ့''

''မျက်မြင်ကို မြက်ပင်မလုပ်နဲ့''

''စူပါဆိုတာ ထည့်တိုင်းကောင်းတာ မဟုတ်ဘူး၊ တန်ဆေးလွန်ဘေးတဲ့၊ မင်းလည်း ကြားဖူးသားပဲ''

''တော်အသုံးမကျ မကျဘူးပေါ့၊ မဆိုင်တာတွေ ပြောမနေနဲ့''

အနိမ့်အပြောခံရသဖြင့် ကျော်မြင့်သိန်း ဒုတိယအကြိမ် မျက်ကြောတင်းရပြန်ချေပြီ။

''ငါတို့စိုက်တာက အပွင့်ကိုရောင်းစားဖို့ စိုက်တာမဟုတ်ဘူး အညို၊ အစေ့ကို ဆီကြိတ်ဖို့စိုက်တဲ့ ဆီစားနေကြာကွ၊ ဆီထွက်ရင်ပြီးရော မဟုတ်လား''

''ဒီအပွင့်နဲ့ ထွက်ပါလိမ့်မယ် ဆီကြီး''

''မင်းလွန်ပြီ အညို၊ မိုက်မိုက်ရိုင်းရိုင်းပြောတာ သုံးခါရှိပြီ''

''မိုက်ရိုင်းလို့ မပေါင်းချင်ရင် ဆင်းသွား''

ကျော်မြင့်သိန်း မော့ကြည့်သည်။ အညိုက အကြည့်မခံ။ မီးဖိုခန်းထရံကို ကျောပေးလျက် ဘေးတိုက်ထိုင်နေသည်။

လင်နှင့်မယားကို လင်ကသာ မယားအား နှင်ချလေ့ရှိကြ၏။ ယခု သူက နှင်ချနေသဖြင့် ကျော်မြင့်သိန်း စူးစမ်းကြည့်ကြည့်၏။

''နေကြာ စစိုက်ကတည်းက ငါ့ကို

ရန်လုပ်နေတာကြာပြီ အညို့၊ နေကြာခင်းမှာ မင်းဘာဝင်လုပ်သလဲ၊ မလုပ်ဘဲနဲ့ အခုမှ သေးတယ် ကြီးတယ် မပြောနဲ့''

''ပြောတယ်–ပြောတယ်''

အညို့သည် လက်နှစ်ဖက် နောက်သို့ပစ်သွားအောင် ကုန်းအော်ရာက ရေနွေးဗန်းကို ကျွမ်းထိုးမှောက်ခုံဖြစ်အောင် တွန်းလှန်ပစ်၏။ သည်မျှဖြင့်လည်း မတင်းတိမ်သေးဘဲ ထရပ်၏။

''ရှုပ်ပါတယ်တော်၊ တော်အခု အိမ်ပေါ်က ဆင်းမလား၊ မဆင်းဘူးလား''

ကျော်မြင့်သိန်း၏ သွေးများ ဆူပွက်လာ၏။ နားထင် နားရင်း တီးပစ်ချင်ငြားလူကြီးတွေမျက်နှာ ထောက်ထားရသေး၏။

''ဒီစကားပြောလောက်အောင် ငါက ဘာလုပ်လို့လဲ''

စိတ်ထိန်းကာ မေးရငြား ဒေါသကားဖြစ်နေပြီ။

''မေးမနေနဲ့၊ တော် ဆင်းမလား မဆင်းဘူးလား၊ တော်မဆင်းရင်ကျုပ်ဆင်းမယ် ဒါပဲ''

မီးဖိုခန်းဝတွင် ရပ်နေသော အညို့ခြေထောက်သည် အိမ်ခန်းတွင်းသို့ လှမ်းလေပြီ။ ကျော်မြင့်သိန်း တောက်တစ်ချက် ခေါက်ကာ အိမ်ခါးပန်းမှ လျှောဆင်းခဲ့၏။

''အဖေ ဘယ်လဲ''

ဖုန်ထဲမှ လှမ်းမေးသံများကိုပင် မဖြေခဲ့။

(၃)

''ကျော်မြင့်သိန်းရာ၊ ယောကျ်ားစေ့းပျက်လိုက်တာ''

ပြောသံအဆုံးတွင် ကိုစိန်ဗလ၏ ဒေါက်ဖိုတဲထဲ၌ ရယ်မောသံများ စည်သွား၏။ ရွာနှင့် မလှမ်းမကမ်း ရေနီးသောနေရာကိုရွေးပြီး ဖိုတဲအဖြစ် မဏ္ဍပ်ကြီးထိုးထား၏။ မဏ္ဍပ်ရှေ့တွင် ဘီးပြုတ်လျက် တစ်နည်း၊ ဘီးမဖြုတ်ဘဲ တဖုံ ရပ်ထားသော လှည်းများမှာ ရယ်မောသံဝိုင်ရှင်များ၏ လှည်းချည်းမဟုတ်။ လေသာသောကြောင့် နေလာခိုသော ရွာသားများဖြစ်ကြ၏။

''ဘာပဲဖြစ်ဖြစ်ပေါ့ကွာ၊ ငါ့မိန်းမ မျက်နှာမြင်နေလို့ လူလိုနေတုန်း သည်ကောင်ရောက်လာတာ မိအညို့ကိုတောင် ငါဖြင့် ကျေးဇူးတင်သေး''

နားရင်းရိုက်တာက လွယ်တယ်ကွ၊ နားရင်းအုပ်တော့ သူ့အမေက ဘာပြောမလဲ၊ မသကာ ငါ့လာတိုင်ပါတော့လား၊ အခုတော့ နင်က ဘယ်လောက်သတ္တိရှိလို့ လဲဆိုပြီး အိမ်ပေါ်တက် နပန်းလုံးမှာ...

ကျော်မြင့်သိန်းမှာ လှည်းမီးချောတွင် အစိမ်းမဟုတ်သောကြောင့် သည်မှာ ခိုဖြစ်နေသည်။ ကိုစိန်ဗလသားမှာ ငယ်သေးသောကြောင့် ဖားဖိုဆွဲရန်သာ အသုံးဝင်၏။ သံခွေဆက်သောအခါ မီးဖုတ်သောအခါနှင့် မီးချသောအခါ အသုံးမဝင်။

''လှည်းမီးချတဲ့နေ့ တစ်နေ့တစ်ဆယ်ကွာ၊ လှည်းမီးမချရလို့ ဓား'ရိုက်'တဲ့အခါ ဆိုရင် ငါးချောင်းပြီးတိုင်းပြီးတိုင်း သူ့အတွက် တစ်ချောင်းရတာ ဟန်နေတယ်မောင်''

ကိုစိန်ဗလ မည်သို့ပင် ရှင်းပြစေကာမူ ပရိသတ်က ကာယကံရှင် ကျော်မြင့်သိန်းပါးစပ်လှုပ်စေချင်သည်။ သို့ကြောင့် ''မင်းကွာ နားရင်းပါးရင်းရိုက်ပြီး ဆုံးမပါတော့လား'' စသူကစ။ ''အလကား မယက ကောင်ပါကွာ''ကလိသူက ကလိ။ ထိုစဉ်တွင် သမီးကြီးရောက်လာပြီး ''အဖေ မပြန်သေးဘူးလား''မေးပြန်သောအခါ ကျော်မြင့်သိန်း ပြောစရာရပြီ။

''မီးတွေ စင်မယ်သမီး၊ အဖေ မအားသေးလို့ သွား–သွား''

သံပြားပိုးထားသော သံခွေရဲရဲကို ဆဆကလေးထုလိုက်သည်တွင် မီးပွားရဲရဲတွေ ဖွာလွင့်ကြ၏။ သမီးကြီးပြန်အသွားသံခွေကို ခွေတွင်းထဲချပြီး မီးဖုတ်တော့မှ ကျော်မြင့်သိန်း စကားဆက်ချိန်ရ၏။

''နားရင်းရိုက်တာက လွယ်တယ်ကွ၊ နားရင်းအုပ်တော့ သူ့အမေက ဘာပြောမလဲ၊ မသကာ ငါ့လာတိုင်ပါတော့လား၊ အခုတော့ နင်က ဘယ်လောက်သတ္တိရှိလို့ လဲဆိုပြီး အိမ်ပေါ်တက် နပန်းလုံးမှာ''

''ဒါနဲ့ပဲ ဆင်းလာရရောလား၊ မဟုတ်သေးပါဘူး ကျော်မြင့်သိန်းရာ''

''တွက်ပြီး ဆင်းလာတာဗျို့၊ ကျော်မြင့်သိန်းတို့က မတွက်ဘဲ ဘယ်တော့မှ မလုပ်ဘူး၊ ကဲ–ခင်ဗျားတို့ စဉ်းစားကြည့်၊ သူဆင်းသွားရင် ကျုပ်နဲ့ကလေးတွေကို ဘယ်သူ ထမင်းချက်ကျွေးမလဲ၊ ဟော–ကျုပ်ဆင်းလာတော့ ကလေးတွေအတွက် သူ့အမေနဲ့ သူကလေး ဟန်လို့ဗျာ''

''ဘာကစပြီး ဖြစ်တာလဲ''ဟု စပ်စုလာသူအားမူ သူမဖြေနိုင်သေးပေ။ ရဲရဲညီးလောက်ပြီဖြစ်သည့် သံခွေကို သွားဖော်နေရသည်။ စွပ်ပါဟ၊ ထုပါဟ၊ ရေလောင်းပါဟ။ အဓိကဖြစ်သော လှည်းဘီးတွင် သံခွေနေရာတကျဖြစ်အောင် ပြေးလွှားလုပ်ရသေးသည်။

နောက်တစ်ခွေအတွက် ကိုစိန်ဗလ ဖြတ်တောက်ဖြည့်ပိုးနေချိန်ကျမှ မြင်းခုံပေါ်သို့ ကျော်မြင့်သိန်း ပြန်ရောက်လာ၏။

''ကျုပ် နေကြာတွေက အပွင့်သေးပြီး လယ်နေကြာတွေက အပွင့်ကြီးလို့တဲ့ဗျာ၊ အပွင့်ကြီးပြီး အလယ်ခွက်နေတာ သူမသိဘူး၊ ဒီအပွင့်ကြီးတွေဟာ မိုးမလိုက်လို့ ကံကောင်းသွားတာ၊ မိုးရွာလို့ကတော့ မြေလူးပြီ၊ အေးလေ–ဘာပဲဖြစ်ဖြစ် ဆီကြိတ်တဲ့အချိန်မှာ အဖြေထွက်လိမ့်မယ်၊ ပြောလည်းသဘောမပေါက်ဘူးဗျာ၊ ရိုင်းရိုင်းစိုင်းစိုင်းတွေပြောတော့ ရိုက်မိမှာစိုးတာနဲ့''

''ကြောက်ကြောက်တယ် ပြောစမ်းပါကွာ''

ပထမ စကားစသူကပင် ဖောက်လိုက်သည့်ခဏဝယ် အုန်းခနဲရယ်မောသံကြီး ညံသွားလေသည်။ ကျော်မြင့်သိန်း မချေပတော့ပြီ။ သည်လူတွေမှာ လေးလေးနက်နက်သမားတွေမဟုတ်၊ အပျော်သဘောနှင့် ပြောမည်။ စကားအမှားပါလျှင် ချဲ့ကားပြီး လင်မယားကြား သပ်လျှိုမည်။

သို့ရာတွင် ''အေးပါကွာ၊ ကိုယ်က ယောကျ်ားပဲ၊ သည်းခံတာကောင်းပါတယ်၊ လမ်းဆုံးရင် ရွာတွေ့မှာပေါ့၊ အရေလည်တဲ့ တစ်နေ့မှာ အဖတ်ကော ဘယ်ပြေးမလဲ'' ပြောဖော်ရသူတစ်ယောက်တလေရှိသော ကြောင့် ခံသာပါသေးသည်။

(၄)

နေကြာရိတ်သိမ်းချိန်သည် မကြာလိုက်ပါ။ ဆယ်ရက်မျှဖြင့် ပြီးစီးသွားပြီး စည်းနှောင်ရခြင်း၊ အရွက်ပုပ်အောင် ပုံထားရခြင်း၊ အသီးကွဲအောင် ထောင်ထားရခြင်း စသည့် နှမ်း၏ ကရိကထများမရှိ။ တစ်နေလှန်းအပြီး၌ တုတ်ဖြင့်ရိုက်ခြွေရုံမျှသာ။

နေကြာမှာ မိုးကြောက်သည်။ အဆန်အောင်ချိန်တွင် သိမ်းကလည်း မသိမ်းနိုင်သေး။ မိုးကလည်း ရွာလာလျှင် အပင်ပေါ်မှာပင် အညောက်ပေါက်သည့်အမျိုး။ သို့ကြောင့် နေနာနာလှန်းရသည်။

အညိုတို့က လင်ကိုသာ နှင်ချငြား လင့်လုပ်စာ နေကြာကို နေလှန်းရာတွင် ကား ဝိရိယရှိသည်။ တစ်နေပြီးတစ်နေ လှန်းသည်။ လှန်းပေမပေါ့၊ ဆီစားချင်ပြီ၊ ရောင်းချင်ပြီကိုး။

ထိုအခါတွင် လမ်းဆုံးကရွာသည် မားမားကြီး ပေါ်လာပေပြီတည်း။

အညိုအထင်ကြီးခဲ့သော မန္နာရဝ နတ်ပန်းလား ထင်မှတ်ရသည့် နေကြာတွေက စွေးမရပေ။ အဘယ်မှာရပါမည်နည်း။ ဝယ်သူက တင်းဖြင့်ချည်းမဝယ်၊ ချိန်ခွင်ပါကိုင်သည်။ တစ်တင်းလျှင် ပိသာချိန် တစ်ဆယ်ရှိမှ ပေါက်စွေး တစ်ရာ့တစ်ဆယ်ပေးသည်။ မန္နာရဝနေကြာတွေမှာ တစ်တင်းကို တစ်ဆယ်မစီး၊ သည်တော့ ရှစ်ဆယ်ငါးကိုးဆယ်စွေးမျှသာ။

ရှင်းပါသည်။ မန္နာရဝ နေကြာတွေက နေကြာစေ့ပိသာချိန် တစ်ဆယ်ကို ဆီလေးပိသာမထွက်။ မထွက်ရသည့်အကြောင်းမှာ အခွံထူ၍ အဆန်သေးသောကြောင့်ပင်။

ကျော်မြင့်သိန်း အိမ်ပေါ်မှ ခါးကော့ဆင်းလာရသော နေကြာတွေမှာ အခွံပါးသည်။ တစ်တစ်ရစ်ရစ်ရှိသည်။ တစ်တင်းကို ပိသာချိန် တစ်ဆယ်ကျော်ချင်သေး။ ဆီကြိတ်ပြန်တော့ နေကြာတစ်ဆယ်ကို ဆီလေးပိသာ ပြေးမလွတ်။

သည်အခါ အညိုမှာ ကိုယ့်အမှားကို မြင်လာသည်။ စူပါတွေ များများမထည့်၊ ကောင်းလား အပြစ်တင်စဉ်က ''တန်ဆေးလွန်ဘေးတဲ့၊ မင်းမကြားဖူးဘူးလား''ဟု ပြောသံကို ကြားယောင်လာသည်။ သို့ကြောင့် သမီးနှင့်သားကို လွှတ်သည်။ ကလေးတွေကို 'အေး–အေး–အေး'ဟု ပြောလွှတ်ငြား ကျော်မြင့်သိန်း ရောက်မလာချေ။

သို့ဖြင့် အမေ့ထံ အပူကပ်ရသည်။ အမေကလည် ''ကိုယ့်ဘာသာ ကိုယ်နှင်ချတာ၊ ကျုပ်တို့ ကြားမဝင်နိုင်ပေါင်တော်'' ခါလွှတ်သည်။ သည်အတောအတွင်း ကုလားပဲတွေက ရင့်ရင့်လာပြီ။ ကုလားပဲအသိမ်းတွင် နောက်တစ်သီးမှာ ဂျုတ်လော၊ ခဝဲလော၊ ခရမ်းလော အညိုမသိ။ ခရမ်းမှာ ရှေးကနှယ် မဟန်သည်ကိုသာသိသည်။

သို့အတွက် ဒေါက်ဖိုတွင် လူရှင်းချိန် ရွေးပြီးထွက်လာသည်။ ကလေးနှစ်ယောက်၏မျက်နှာကို စစ်ကူဖြည့်ရန် စိတ်ကူးသည်။ သမီးကြီးက ဖုတ်ဖက်ခါပြီး လိုက်လာငြား၊ သားငယ်မှာ သားရေကွင်းနိုင်နေသဖြင့် ခေါ်၍မရ။

ကျော်မြင့်သိန်းတို့ တစ်နေ့တာ အလုပ်သိမ်းပြီ။ ကျော်မြင့်သိန်း ရေမိုးချိုးပြီး နားနေစအချိန်။

သမီးကြီးက ရှေ့မှပြေးလာသည်။ ကျော်မြင့်သိန်း အပြုံးဖြင့် နှုတ်ဆက်ရန် ပါးစပ်ဟဆဲတွင် ''အဖေ အမေလိုက်လာတယ်''အသံကြားရသဖြင့် အပြုံးကွယ်ချေ၏။ ''လာ–လာပေါ့ သမီးရယ်''ဟူ၍လည်း အောက်သိုးသိုး ဆိုမိချေသေး၏။

အဖေ့ထံမှ ပျူငှာစကားမကြားရသောကြောင့် သမီးကြီးမှာ နောက်သို့ဆုတ်သွားရှာသည်။ ထိုအချိန်တွင် ဒေါက်ဖိုမဏ္ဍပ်အစပ်သို့ အညိုရောက်လာပြန်ရာ ကျော်မြင့်သိန်း မျက်နှာတင်းမာသွားသည်။ အဖေ့မျက်နှာထား တင်းမာပြဆိုလျှင် သမီးပြေးမြဲ။ ယခုလည်း ပြေးပြီ။

''ဘယ်လိုလဲ၊ ကျုပ်ကိုယ်တိုင်မပင့်လို့ မကြွတာလား၊ တကတဲတော် အိုးပစ်အိမ်ပစ် သွားနေလိုက်တာ''

ရှေ့မှာလာရပ်ပြီး အညိုပြောငြား၊



ကျော်မြင့်သိန်းမူ သစ်ငုတ်။ မျက်နှာသေကြီး တပ်ဆင်ထားသော သစ်ငုတ်။

သုံးလခွဲခန့်သော နေကြာသက်တမ်းအတွင်း၌ ပင်ကျပ်ပင်ညပ်နုတ်ရာ ဘောင်တင်ရာတွင် ကူဖော်လောင်ဖက်မရခဲ့၍ စိတ်ဆိုးသည်။ ရိတ်သိမ်းချိန်ကျမှ အကြောင်းမဲ့ရန်လုပ်သောကြောင့် နာသည်။ နေလိုက်ဦးမည်။ နောက်ထပ်သုံးလေးရက်လောက်။

သို့ရာတွင် စိန်ဗလကတော်က ကလေးပွေ့လျက် မဏ္ဍပ်တွင်းသို့ထွက်လာပြီး ''ဟာ–အညိုတောင် လိုက်လာပြီကော''ဆိုသည်။ အတန်ကြာအောင် မိန်းမချင်း တွတ်ထိုးနေပြီးမှ ''ကဲပါတော်–ကျပ်လည်း အလုပ်လုပ်နိုင်ပါပြီ၊ လိုက်သွားပါတော့''ဟူသောစကားဖြင့် အဆုံးသတ်သည်။ ကျော်မြင့်သိန်းကား ကြားဟန်ပင် မပြချေ။

''ဟာ–လိုက်ပြီး ခေါ်နေပါပကောဟ ကျော်မြင့်သိန်းရဲ့ မူမနေနဲ့၊ လိုက်သွားတော့'' အော်သံနှင့်အတူ ကိုစိန်ဗလ ရေလဲအဝတ်ကြီးခြုံလျက် ရောက်လာပြန်သည်။

''နင်ကလည်း နင်ပဲဟ''

''ဟုတ်ပါတယ်တော်၊ ကျပ် မှားပါတယ်''

သည်နှယ် တောင်းပန်ငြား ကျော်မြင့်သိန်း လှည့်မကြည့်ချေ။ သို့အတွက် ''ဟေ့ကောင်–လိုက်သွားလေ၊ မိဏ္ဍိုင်း အလုပ်ဝင်နိုင်မှတော့ မင်းက ဘာအသုံးကျတော့မှာလဲ၊ ငါကလည်း ထမင်းကျွေးမှာမဟုတ်ဘူးဗျား''

ကိုစိန်ဗလ ဝင်တွန်းစေကာမူ ကျော်မြင့်သိန်း မလှုပ်ချေ။

မတတ်နိုင်တော့ပါ။ အညို ကျုံ့ကျုံ့ထိုင်ပြီး ''ကျပ် တောင်းပန်ပါတယ်၊ ကိုမြင့်သိန်းရယ်''ဆိုသည်။ ဆိုရင်းက အကဲခတ်ကြည့်ရာ ဟန်ပုံမပေါ်သဖြင့် နောက်ဆက်တွဲ စကားတစ်ခွန်း ထပ်ဖြည့်မိ၏။

''တော့်သားတောင် လိုက်ချင်တာ၊ ကောင်းကောင်း နေမကောင်းတာနဲ့ ထားခဲ့ရတာ''

မြင်းခုံပေါ်တွင် ကွေးထားသော ကျော်မြင့်သိန်း၏ခြေထောက်များ ပြေထွက်သည်။ မျက်နှာကလည်း ဆတ်ခနဲလည်လာကာ ''စောစောက ဘာဖြစ်လို့ မပြောသလဲဟ'' အော်သံနှင့်အတူ မဏ္ဍပ်ပြင်ဘက်သို့ သုတ်ခြေတင်လေ၏။ တဝါးဝါး ရယ်မောသံများ ညံစာနေခဲ့သော ဒေါက်ဖိုမှာ ပျင်းစရာကောင်းပေဦးတော့မည်။

ဆင်ဖြူကျွန်းအောင်သိန်း



အချိန်မှန်လေ့ကျင့်ဖို့



တစ်နေ့ ကျွန်မ လယ်တောတစ်ခုကို သွားလည်ပါတယ်။ လယ်တောမှာ ပင်စင်စား အဖိုးကြီး၊ အဖွားကြီးစုံတွဲ နေထိုင်ကြပါတယ်။ အဖွားကြီးမှာက အဆစ်မြစ်ရောင်တဲ့ရောဂါရှိတယ်။

ကျွန်မက ရောဂါအခြေအနေကိုမေးတော့ လက်ချောင်းလေးတွေ ချိုးရကွေးရတာ နည်းနည်းအခက်အခဲရှိတာနဲ့ ဆရာဝန်သွားပြတော့ ဆရာဝန်က ရော်ဘာဘောလုံးလေးကို မကြာခဏဆုပ်ညစ်ဖို့ မှာတယ်တဲ့။

''အဖွားက ဒီဘောလုံးလေးကို ခဏခဏညစ်ဖို့ဆိုတာ မလုပ်ဖြစ်ဘူး၊ ဒါနဲ့ အကြံရပြီး နွားမတစ်ကောင်ဝယ်လိုက်တယ်၊ အခုဆိုရင် နို့ညှစ်ဖို့မမေ့တော့ဘူး၊ အချိန်မှန်လေ့ကျင့်သလိုဖြစ်တယ်၊ နွားမကလည်း အချိန်ကျလို့ နို့ညှစ်ဖို့ဆိုရင် အသံပေးတော့တယ်'' လို့ အဖွားက ရွှင်ရွှင်ပျပျပြောပါတယ်။

မောင်သီဟ

ဘုန်း
(မြန်မာပြန်)
မိုးတိုးခြင်းဆေးတွင် ဘုရားမှော်ကား....



ကျဉ်းမြောင်းသော တောလမ်းနံဘေးတွင် ကားရပ်လိုက်သည်။ နောက်မှ ထပ်ကြပ်လိုက် လာသောဖုန်လုံးကြီးသည် ကျွန်မတို့ကို ဖုံးအုပ်သွားသည်။ ကျွန်မသည် လမ်းမြေပုံကို လိပ်ကိုင်ပြီး ယပ်ခတ်နေမိရင်း အသက်အောင့်နေလိုက်ရသည်။

''အထဲကိုဝင်ပြီး ဘယ်လောက်ပျက်စီးနေပြီလဲဆိုတာကိုကြည့်ရအောင်''

တိတ်ဆိတ်နေသော လယ်တောအိမ်ကြီးကိုလှမ်းကြည့်ပြီး ဂျွန်ကပြောသည်။

''သိပ်ပူတယ်၊ ရှင်ပဲသွားပါ၊ ကျွန်မ ဒီကပဲ စောင့်နေမယ်''

''လိုက်ခဲ့ပါ၊ ကိုယ်နေခဲ့တဲ့အခန်းကို ပြချင်လို့''

ဂျွန်က ထပ်ခေါ်သည်။

''ရှင်သွားနှင့်ပါ''

ကျွန်မ စိတ်မရှည်စွာပြောမိသည်။

ဂျွန်သည် ဒူးဆစ်ကျော်နေသောမြက်ပင်များကိုဖြတ်၍ အိမ်ကြီးဆီသို့လျှောက်သွား၏။ သူက အတိတ်ကိုတူးဆွဖို့သွားနေစဉ် ကျွန်မမှာ ပစ္စုပ္ပန်တွင် ချွေးပြန်နေရလေပြီ။

ကျွန်မတို့သည် တစ်လကျော်အောင် စကားများပြီးနောက် ကယ်လီဖိုးနီးယားရှိ နေအိမ်သို့ပြန်လာကြ၏။ ဤခရီးသည် ပြိုကွဲလုဖြစ်နေသော ကျွန်မတို့အိမ်ထောင်ရေးကို ပြန်တည့်မတ်အောင်ဆောင်ရွက်သည့် အစီအစဉ်တစ်ရပ်ပင်ဖြစ်၏။ နေအိမ်သို့ပြန်ရောက်ချိန်အထိ ကျွန်မတို့နှစ်ယောက် ပြန်လည်သင့်မြတ်မှုမရှိပါက ကွာရှင်းပြတ်စဲပြီး ကိုယ့်လမ်းကိုယ်လျှောက်ကြတော့မည် ဖြစ်၏။ ကျွန်မတို့သည် သုံးပတ်လုံးလုံး ကားတစ်စီးထဲတွင် အတူစီးလာကြသော်လည်း သူစိမ်းများသဖွယ်ဖြစ်နေခဲ့ကြ၏။ ကားထဲတွင် သူက ထောင့်တစ်ထောင့်တွင်အိပ်ပြီး ကျွန်မက အခြားထောင့်တွင် အိပ်သည်။

ဂျွန်သည် ဘဝကိုရည်မှန်းချက်ထားပြီး ထိုရည်မှန်းချက်ကိုရောက်အောင် ပြင်းပြင်းထန်ထန်ကြိုးစားခဲ့၏။ အောင်မြင်မှုရလုနီးအချိန်တွင် ကျွန်မ သူ့ကိုစိတ်ပျက်လာ၏။ ကျွန်မက အချစ်ကိုလိုချင်သည်။ အချစ်မရှိလျှင် ဘဝမရှိဟု ယူဆထားသည်။

''အပေါ်တက်ခဲ့ပါအုံး''

ပျက်စီးနေသောပြတင်းပေါက်မှ ဂျွန် ထွက်ခေါ်သည်။

''လှေကားကဆင်းလာတဲ့ ငါ့အဘိုးရဲ့ ဝိညာဉ်ကိုမြင်ရတယ်၊ မင်းလာရင်တော့ ဘာတွေမြင်ရမလဲမသိဘူး''

သူက ရယ်စရာပြော၏။ ကျွန်မက မကြားသလိုလုပ်နေသည်။

နောက်ဆုံးတွင် ဂျွန်သည် ကားဆီသို့ ပြန်လာသည်။ မြက်တောထဲတွင်ကျနေသော 'အခွင့်မရှိ မဝင်ရ'ဟူသော ဆိုင်းဘုတ်ကို လက်ထဲတွင်ကိုင်လာသည်။ ''ဒါကို အိမ်အထိ ယူမလာပါနဲ့''ဟု ကျွန်မက ပြောလိုက်သည်။ ဂျွန်က ဘာမှပြန်မပြောဘဲ ဆိုင်းဘုတ်သစ်သားပြားပေါ်တွင် ခဲတံဖြင့် ရေးနေ၏။ ထို့နောက် ဆိုင်းဘုတ်ကိုပြန်ယူသွားပြီး အိမ်ရှေ့တွင်ချိတ်ထားလိုက်၏။ ဆိုင်းဘုတ်ပေါ်တွင် ''အိမ်ထဲမှာ ဂျွန်နီလေးအိပ်နေတယ်''ဟု စာရေးထားလေသည်။ ထို့နောက် အိမ်ထဲသို့ဝင်သွားပြန်၏။

''ဘာသွားလုပ်ပါလိမ့်''ကျွန်မ စဉ်းစားနေမိသည်။ ''အိမ်ထဲမှာ ဘာရှိလို့လဲ'' ကားထဲတွင် ပူလောင်အိုက်စပ်လာသဖြင့် ကျွန်မ ကားပေါ်မှ ဆင်းလိုက်၏။ မြက်ပင်ရှည်များ အကြားမှဖြတ်၍ အိမ်ဆီသို့လျှောက်လာခဲ့သည်။

ကျွန်မ အိမ်ထဲသို့ဝင်လာခဲ့၏။ ပြိုကျနေသောအင်္ဂတေမျက်နှာကျက်များ၊ ဖုန်များ၊ ပင့်ကူအိမ်များအလယ်တွင် ရပ်နေသော ဂျွန်ကိုတွေ့ရသည်။

''ဒါဟာ ဧည့်ခန်းဖြစ်သလို အိပ်ခန်းလည်းဖြစ်တယ်''

ဂျွန်က ရှင်းပြသည်။ အခန်းထောင့်တွင် ခုတင်ဟောင်းတစ်လုံးတွေ့ရသည်။ ခုတင်ခေါင်းရင်းမှ အပိတ်ပျဉ်ပြားမှာ အလွန်မြင့်နေသည်။ ခေါင်းအုံးများကို စီထပ်ထား၏။ ခေါင်းအုံးစွပ်များပေါ်တွင် ရောင်စုံအပ်ချည်ဖြင့် ဒေါင်းရုပ်များ ပန်းထိုးထား၏။

မီးဖိုခန်းထဲသို့ ဝင်ခဲ့ကြပြန်၏။ ဂျွန်က မီးဖိုထားသောနေရာ၊ သစ်သားသေတ္တာထားသောနေရာကိုပြသည်။ ထို့နောက် ထမင်းစားပွဲကိုပြ၏။ ''စားပွဲကို ဖယောင်းပုဆိုးခင်းထားတယ်၊ ဖယောင်းပုဆိုးမှာ မြင်းပုလေးတွေရဲ့ပုံပါတယ်၊ ကိုယ်မြင်ဖူးတဲ့အထဲမှာ အလှဆုံးမြင်းပုံတွေပဲ''

ထို့နောက် အိမ်ပေါ်ထပ်သို့တက်ခဲ့ကြ၏။ ကျွန်မတို့သည် အလွန်မြင့်သောပြတင်းပေါက်ရှိသည့် အခန်းကြီးတစ်ခန်းထဲသို့ ရောက်လာကြ၏။

''ကိုယ်ဟာ ခုတင်ပေါ်မှာ လှဲရင်းပြတင်းပေါက်ကိုကြည့်နေမိတယ်၊ ဒီပြတင်းပေါက်ဟာ ကောင်းကင်ထဲရောက်အောင် ထိုးတက်သွားတယ်လို့ထင်ရတယ်''

''အခုမှပဲ ဘာကြောင့် ရှင် ဒီကိုပြန်

> ဤခရီးသည် ပြိုကွဲလုဖြစ်နေသော ကျွန်မတို့အိမ်ထောင်ရေးကို ပြန်တည့်မတ်အောင်ဆောင်ရွက်သည့် အစီအစဉ်တစ်ရပ်ပင်ဖြစ်၏။ နေအိမ်သို့ပြန်ရောက်ချိန်အထိ ကျွန်မတို့နှစ်ယောက် ပြန်လည်သင့်မြတ်မှုမရှိပါက ကွာရှင်းပြတ်စဲပြီး ကိုယ့်လမ်းကိုယ်...



လာချင်သလဲဆိုတာ သိတော့တယ်၊ ဒါ ရှင့် အိမ် မဟုတ်လား''

''မဟုတ်ဘူး၊ ခဏတစ်ဖြုတ်နားခိုဖူးတဲ့နေရာတစ်ခုပါ၊ ကိုယ်ဟာ ဒီအိမ်မှာ ရက်သတ္တပတ်အနည်းငယ်နေခဲ့ရတယ်၊ အဲဒီနောက် ဦးလေး၊ ဒါမှမဟုတ် အဒေါ် တစ်ယောက်ဆီကို ရောက်သွားပြန်တယ်၊ အဲဒီမှာလည်း ခဏပဲနေရတယ်၊ ကိုယ့်ခရီးဆောင်သေတ္တာကို အမြဲအသင့်ပြင်ထားတယ်၊ အိမ်ရှင်က ကိုယ့်ကိုမလိုလားဟန်ပြလာတာနဲ့တစ်ပြိုင်နက် တခြားတစ်နေရာကို ရွှေ့ရပြန်တယ်''

''တစ်ကြိမ်က ဆွေမျိုးအိမ်တစ်အိမ်မှာ နေခဲ့ရတယ်၊ နံရံပေါ်မှာ အင်္ကျီချိတ်တဲ့ချိတ် တွေရှိတယ်၊ ချိတ်တွေရဲ့အောက်မှာ နာမည်တွေရေးထားတယ်၊ ဘယ်သူမှ ကိုယ်နဲ့ မဆိုင်တဲ့ချိတ်မှာ အဝတ်ချိတ်ခွင့်မရဘူး၊ ကိုယ်ဟာ ကိုယ်ပိုင်အင်္ကျီချိတ်တစ်ခု လိုချင်ခဲ့တယ်၊ နောက်ဆုံးမှာ နာမည်မရေးရသေးတဲ့ အင်္ကျီချိတ်တစ်ခုတွေ့ရတဲ့အတွက် အန်တီမီလိုင်ကို ပြောပြတယ်။

''ဒီအင်္ကျီချိတ်ရဲ့အောက်မှာ ကျွန်တော့် နာမည်ရေးခွင့်ရမလား''

အန်တီမီလိုင်က . . .

''အို–မလိုတော့ပါဘူး၊ နောက်တစ်ပတ်ဆိုရင် မင်းဒီမှာရှိတော့မယ်မဟုတ်ဘူး''

အဲဒီနောက် ကိုယ်ဟာ လသာဆောင်မှ ပြေးထွက်လာပြီး ငိုနေခဲ့တယ်''

''တစ်ခါတော့ ကိုယ်ရဲ့ဝမ်းကွဲအစ်ကိုဟာ ခြေထောက်မှာဒဏ်ရာရခဲ့တယ်၊ အန်တီ မီလိုင်က သူ့ကိုပေါင်ပေါ်ပွေ့တင်ပြီး ခြေထောက်ကို ပတ်တီးစည်းပေးတယ်၊ သူ အငိုတိတ်တဲ့အထိ ချော့မြူပြုစုပေးတယ်၊ ကိုယ်ဟာ ကန့်လန့်ကာနားမှာရပ်ပြီး သူတို့ကို ကြည့်နေမိတယ်၊ ဒီလို အမေတစ်ယောက်က သားဖြစ်သူကိုပွေ့ဖက်ပြီး ပတ်တီးစည်းပေးနေတဲ့ မြင်ကွင်းဟာ ကိုယ့်အတွက် အံ့သြစရာအကောင်းဆုံးပဲ၊ အန်တီဟာ ပါးစပ်ကလည်း တဖွဖွပြောနေတယ်။

''မငိုပါနဲ့သားရယ် မကြာခင် အနာပျောက်သွားမှာပါ'' တဲ့။

''ကိုယ့်ဘဝမှာ အလိုချင်ဆုံးဟာ အဲဒါပဲ၊ ကိုယ်အထီးကျန်ဖြစ်နေချိန်မှာ၊ ဒါမှမဟုတ် အားငယ်ထိခိုက်နေချိန်မှာ တစ်ယောက်ယောက်က တင်းတင်းကြပ်ကြပ် ပွေ့ဖက်ထားစေချင်တယ်၊ ကိုယ်အင်္ကျီချိတ်မှာ အမြဲချိတ်နိုင်မယ့်နေရာမျိုးကို လိုချင်တယ်''

ဂျွန်သည် ဖုန်တက်နေသောပြတင်းပေါက်ဘောင်ပေါ်တွင် တက်ထိုင်လိုက်၏။ ကျွန်မကို သူ့အနားလာဖို့ ဆွဲခေါ်သည်။ ဂျွန်က ထိုအကြောင်းကို အမှတ်မဲ့ပြောခြင်းဖြစ်သော်လည်း ကျွန်မမှာ ရင်နှင့်အောင့်ခံစားနေရပါသည်။ ကျွန်မတစ်ကိုယ်လုံး တုန်ရင်နေသည်။ ကျွန်မမျက်စိထဲတွင် ထိုအခန်းတွင်း၌ရပ်နေသော ခြောက်နှစ်အရွယ် မိဘမဲ့ကလေးတစ်ယောက်၏ ရုပ်သွင်ကို မြင်ယောင်နေသည်။ ထိုကလေးငယ်ကို

ကိုယ့်ဘဝမှာ အလိုချင်ဆုံးဟာ အဲဒါပဲ၊ ကိုယ်အထီးကျန်ဖြစ်နေချိန်မှာ၊ ဒါမှမဟုတ် အားငယ်ထိခိုက်နေချိန်မှာ တစ်ယောက်ယောက်က တင်းတင်းကြပ်ကြပ် ပွေ့ဖက်ထားစေချင်တယ်။။။



ကျွန်မ သနားမဆုံးဖြစ်နေမိသည်။

လေပြင်းထန်သည့် ဆောင်းညများတွင် ကလေးငယ်သည် အခန်းထဲတွင် တစ်ယောက်တည်းကြောက်နေရာလိမ့်မည်။ ပြတင်းပေါက်မှန်တွင် မျက်နှာကပ်ပြီး ကောင်းကင်မှလမင်းကိုမော့ကြည့်ခဲ့လိမ့်မည်။ လမင်းသည် ထိုကလေးငယ်အတွက် အားကိုးရာ ဖြစ်ပေလိမ့်မည်။

''အဲဒီညနေမှာ အဘိုးက အန်တီအဲလစ်ကိုပြောမယ်၊ မနက်ကျရင် ကောင်လေးကို ငါတို့ခေါ်သွားမယ်၊ သူ့ကို တောထဲမှာ ထင်းရှာခိုင်းရမယ်၊ နောက်အပတ် ငါလာရင် နှင့်အတွက် နွားကလေးတစ်ကောင် ယူခဲ့မယ်''

ကြည့်စမ်း။ သူဟာ နွားကလေးတစ်ကောင်နှင့် လဲလှယ်ခြင်းခံရရှာပါလား။ သူသည် အဘိုးဖြစ်သူ၏ ဘာဂီလှည်းကို တစ်ကြိမ်မျှမစီးခဲ့ရပေ။ သို့သော် ဘာဂီလှည်းသည် ဂိုထောင်နှင့်မြင်းစောင်းအကြား ရှိ သီးသန့်နေရာတွင် ယခုတိုင်ရှိနေ၏။ ဘာဂီလှည်းအတွက် အိမ်ရှိသည်။ သူကသာ နွားကလေးလို တစ်လက်မှ တစ်လက်သို့ ပြောင်းခဲ့ရ၏။

လူကလေးသည် သူဦးလေး၏ညဝတ်အင်္ကျီကို မတော်တရော်ဝတ်ထား၏။ အိပ်ရာမှထပြီး အေးစက်သောကြမ်းပြင်ကိုနင်း၍ ပြတင်းပေါက်ဆီသို့ ခြေဖော့ပြီး လျှောက်လာ၏။ လူကလေးသည် လက်ညှိုးကို ပါးစပ်ထဲသို့ထည့်၍ ပူနွေးစိုစွတ်အောင်လုပ်လိုက်၏။ ထို့နောက် နှင်းများကြောင့် ပိန်းနေသောပြတင်းပေါက်မှန်ကို သုတ်လေသည်။ ထိုနေရာမှ အပြင်ကိုကြည့်ရန်ဖြစ်သည်။ ကောင်းကင်ကို မော့ကြည့်နေ၏။ သူ့ကိုယ်မှာ တုန်နေသည်။

''ကျေးဖူးပြုပြီး လမင်းထဲက လူကြီးခင်ဗျား၊ ကျွန်တော့်ကို နွားကလေးနဲ့ မလဲအောင် အဘိုးကိုပြောပါ၊ ကျွန်တော် ဒီမှာပဲ နေချင်ပါတယ်''

''အဲဒီညက ကိုယ် တစ်ညလုံးငိုနေခဲ့တယ်''

ကျွန်မနံဘေးက လူကပြောလေသည်။ ထို့နောက် ခပ်ဟက်ဟက်ရယ်လေတော့သည်။

သူစကားဆုံးသွားချိန်တွင် ကျွန်မသည် သူ့လက်ကို တင်းကြပ်စွာဆုပ်ကိုင်နေ

၏။ ထိုလက်သည် ကျွန်မခင်ပွန်း၏လက်ဟု ကျွန်မ မထင်ပါ။ အလွန်ကြောက်လန့်နေသော ကလေးငယ်တစ်ယောက်၏လက်ဟု ယူဆပါသည်။

ဂျွန်အား အကျိုချိတ်ရန် ကိုယ်ပိုင်ချိတ် မရှိသည့်လူတစ်ယောက်၊ လုံခြုံခြေနွေးထွေးသော နေစရာအိမ်ပိုင်မရှိသည့် လူတစ်ယောက်၊ ထိခိုက်ဒဏ်ရာရပါက ပတ်တီးစည်းပေးမည့်သူမရှိသည့် လူတစ်ယောက် မဖြစ်အောင် ကျွန်မ တာဝန်ယူဖို့ဆုံးဖြတ်လိုက်ပါပြီ။ ချစ်ခြင်းမေတ္တာကို ကျွန်မတစ်ဦးတည်း လက်ဝါးကြီးအုပ်မထားသင့်ကြောင်း သဘောပေါက်ခဲ့ပါပြီ။ သူ ဘာတွေအလိုရှိသည်ကို ရှင်းလင်းပြတ်သားစွာသိလိုက်ပါပြီ။

ထို့ကြောင့်ပင် သူက ''မင်းနေရာကို ပြန်သွားတော့၊ ငါတို့ခရီးဆက်ကြမယ်''ဟု ပြောသောအခါ ''မင်းကို ငါချစ်ပါတယ်၊ ငါ့ဆီလာပြီး ရှာင်းတွေအတူတူကြည့်ကြစို့'' ဟု ဖိတ်ခေါ်သလို ယူဆလိုက်ပါသည်။

ကျွန်မတို့သည် လယ်တောအိမ်ဟောင်းကို ကျော်ခိုင်၍ ဖုန်ထူသော တောလမ်းပေါ်တွင် ကားမောင်းထွက်ခဲ့၏။ ကျွန်မတို့နှစ်ယောက် အတူယှဉ်တွဲထိုင်ကြမည်ကို ပြောရန်မလိုတော့ပါ။ ထိုနောက်ပိုင်းတွင် ကျွန်မနှင့် ဂျွန်တို့သည် တစ်ယောက်ကို တစ်ယောက် ပိုမိုနားလည်မှုရှိလာကြ၏။ ကျွန်မစိတ်ဆိုးသည့်အခါတွင်လည်းကောင်း၊ သူအမှားအယွင်း လုပ်သည့်အခါတွင်လည်းကောင်း ကျွန်မသည် သူ့လက်ကိုတင်းတင်းဆုပ်ပြီး ''ကိစ္စမရှိပါဘူး၊ အားလုံးအဆင်ပြေသွားမှာပါ''ဟု အားပေးစကားပြောခဲ့၏။



ကျွန်မနှင့်သူအကြားတွင် မည်မျှတင်းမာမှုပေါ်နေပါစေ၊ ဂျွန်သည် ကျွန်မလက်ကို တင်းတင်းဆုပ်ပြီး အထက်ပါအတိုင်းပြောတတ်သည်။

တစ်နေ့တွင် ဂျွန်သည် ဦးနှောက်အမှေးရောင်ရောဂါကို အပြင်းအထန်ခံစားရပြီး သတိမေ့မျောမတတ်ဖြစ်သွားသည်။ လူနာတင်ကားဖြင့် ဆေးရုံသို့ခေါ်ဆောင်သွားချိန်တွင် သူ့ဘေး၌ ကျွန်မရှိနေခဲ့သည်။ သူ့လက်နှစ်ဘက်ကို ကျွန်မလက်များဖြင့် ဆုပ်၍ ''စိတ်မပူပါနဲ့၊ မောင် နေကောင်းသွားမှာပါ''ဟု အားပေးစကားဆိုပါသည်။

သူ ကျွန်မကို စိုက်ကြည့်နေသည်။ ကျွန်မလက်ကို သူပြန်ဆုပ်ကြောင်းသိလိုက်ပါသည်။ ထိုအချိန်မှာ တိုတောင်းလှပါသည်။ သို့သော် ထို တိုတောင်းသောအချိန်ပိုင်းတွင် သူလိုချင်သော ချစ်ခြင်းမေတ္တာနှင့်အားကိုးယုံကြည်မှုကိုရရှိလိုက်ကြောင်း ကျွန်မ သိလိုက်ပါပြီ။ ။

ဘနှင်း

၁၉၇၁ ခု၊ မတ်လထုတ်

Reader's Digest မဂ္ဂဇင်းမှ ''Little Johnny Slept Here''ကို ပြန်ဆိုသည်။

Win-Win သီအိုရီ



ကျွန်ုပ်ရဲ့မိတ်ဆွေက အိမ်မွေးတိရစ္ဆာန်တွေရောင်းတဲ့ဆိုင် ဖွင့်ထားတယ်။ ဆိုင်းဘုတ်မှာရေးထားတာက ''ပိုင်ရှင်မဲ့ကြောင်များ'' တဲ့။ အဘိုးကြီး၊ အဘွားကြီးစုံတွဲတစ်တွဲက ကြောင်လေးတစ်ကောင်ကိုယူတယ်၊ ပြီးတော့ ဆိုင်က ကြောင်စာတို့၊ ကြောင်အိပ်ရာတို့၊ ကြောင်ကစားစရာအရုပ်လေးတွေ ဝယ်သွားတယ်။

ကျွန်ုပ်မိတ်ဆွေဖြစ်သူရဲ့ ပရဟိတစိတ်နဲ့ လုပ်ကိုင်နေတဲ့ စိတ်နေသဘောထားကို ချီးကျူးစကားဆိုမိတယ်။ အထီးကျန်ဖြစ်နေတဲ့ အဘိုးကြီး၊ အဘွားကြီးတွေအတွက်လည်း အဆင်ပြေ၊ ကြောင်လေးတွေအတွက်လည်း အဆင်ပြေတာပေါ့။

မိတ်ဆွေက ပြန်ပြောတယ်–

''ကျုပ်အတွက်လည်း အဆင်ပြေတယ်ဗျာ၊ စုံတွဲက ကြောင်လေးတွေကို အလကားရသွားပြီး လိုအပ်တဲ့ပစ္စည်းပစ္စယတွေ ကျုပ်ဆိုင်က ဝယ်သွားတော့ ကျုပ်အတွက် ဒေါ်လာ ၅၀ ဖိုးလောက် ရောင်းရတယ်'' ဆိုပဲ။

မောင်သီဟ

ဇာတ်ကောင်ခေတ် လင်မျှော်ကုန်း

အခန်း(၁)

အချိန်က ည(၈)နာရီရှိပြီ။ နံပါတ် (၉) ကားဂိတ်အဆုံးမှာ အေးရီတို့သားအမိ ယောကျ်ားဖြစ်သူ ဂိတ်ကားဝင်လာချိန်ကို လည်တိုင်လေးတမော့မော့နဲ့။ ဒီဂိတ်မှာ အေးရီတို့ သားအမိအပြင် အခြားစောင့်မျှော်နေကြသူများလည်း ရှိသေး။ တချို့က အလုပ်ကပြန်လာတဲ့ သားသမီးတွေကို စောင့်မျှော်နေသူ။ အလုပ်ကပြန်လာတဲ့ ယောကျ်ားကို မျှော်နေသူ။ မျှော်နေသူအသီးသီးရှိတဲ့ ဒီကားဂိတ်လေးကို လင်မျှော်ကုန်းအဖြစ် နာမည်တွင်လာကြတယ်။



ကားတစ်စီးရပ်တိုင်းရပ်တိုင်း မျှော်နေသူများက လည်တိုင်ကိုယ်စီမော့နေကြတယ်။ တချို့ကလည်း စောင့်မျှော်နေသူကားထဲပါလာရင် ဝမ်းသာအားရဖြစ်ကြတယ်။ ပျော်ရွှင်စွာအိမ်ပြန်ကြတယ်။ အေးရီကတော့ သမီးလေးဖက်ပြီး မျှော်မြဲတိုင်း မျှော်နေရှာတယ်။ သမီးလေးက ကားတစ်စီးလာတိုင်း ထိုင်ရာမှ ထကြည့်တယ်။

ကားက ဂိတ်ကိုထိုးတော့
သားအမိနှစ်ယောက် အပြေးသွားကြတယ်။
ကားကိုကြည့်လိုက်တော့
သားအမိနှစ်ယောက်
အရုပ်ကြိုးပြတ်ဖြစ်သွားတယ်။
ယောကျ်ားဖြစ်သူကား မဟုတ်ပြန်ဘူး။
စိတ်ဓာတ်ကျကာ ထိုင်နေကြနေရာလေး
ပြန်လှည့်လာကြတယ်။



ဖခင်မောင်းလာတဲ့ ကားမဟုတ်ရင်တော့ ခေါင်းကုတ်နှုတ်ခမ်းဆူကာ မိခင်ဘေးနား သက်ပြင်းခပ်သဲ့သဲ့ချကာ ထိုင်လိုက်တယ်။ ပြီးတော့ မုန့်ဆိုင်ကိုကြည့် ဝိုက်ကလေးပွတ်ကာ တံတွေးအကြိမ်ကြိမ် မျိုချနေလေရဲ့။ ပြီးတော့ ဓာတ်တိုင်အောက်က မိခင်မျက်နှာကို သေချာအကဲခတ်ကြည့်ပြီး–

''မေမေ ဖေကြီးက အခုချိန်ထိ မလာသေးဘူး၊ ဝိုက်ကလည်း ဆာနေပြီ၊ သမီးကို မုန့်တစ်ရာဖိုးလောက် ဝယ်ကျွေးပါလား''

အေးရီက သနားစရာကောင်းတဲ့ သမီးလေးရဲ့တောင်းဆိုချက်ကို မလိုက်လျောနိုင်။ အခုချိန်ထိ ထမင်းကလည်း မချက်ရသေး။ ယောကျ်ားဖြစ်သူ ကားရပ်လို့ ပိုက်ဆံရမှ ဒီနေ့အဖို့ စားရမှာဖြစ်တယ်။ သမီးကိုတော့ ခဏဖြေသိမ့်လိုက်ရတယ်။

''အေးပါသမီးရယ်၊ ခဏစောင့်နော်၊ သမီးဖေကြီးပြန်လာရင် ဝယ်ကျွေးမယ်နော်''

သမီးလေးက ခေါင်းလေးညိတ်ကာ သူတို့သားအမိထိုင်တဲ့ အနောက်ဘက်ရေအိုးစင်က ရေတစ်ခွက်ကိုခပ်ပြီး အဆာဖြည့်လိုက်တယ်။ အေးရီကတော့ ခပ်လှမ်းလှမ်းမှာမြင်နေရတဲ့ကားတစ်စီးကို ယောကျ်ားဖြစ်သူကားဖြစ်ပါစေလို့ လက်အုပ်ချီ ဆုတောင်းနေတယ်။

ကားက ဂိတ်ကိုထိုးတော့ သားအမိနှစ်ယောက်အပြေးသွားကြတယ်။ ကားကိုကြည့်လိုက်တော့ သားအမိနှစ်ယောက် အရုပ်ကြိုးပြတ်ဖြစ်သွားတယ်။ ယောကျ်ားဖြစ်သူကား မဟုတ်ပြန်ဘူး။ စိတ်ဓာတ်ကျကာ ထိုင်နေကြနေရာလေး ပြန်လှည့်လာကြတယ်။

''အစ်မအေးရီ––အစ်မအေးရီ''

အနောက်က လှမ်းခေါ်လို့ကြည့်လိုက်တော့ ကားစပယ်ယာသိန်းနိုင် လှမ်းခေါ်ခြင်းဖြစ်တယ်။ အေးရီလည်း ခပ်သွက်သွက်သွားလိုက်တယ်။

''မောင်သိန်း . . . မင်းအစ်ကိုကားမလာသေးဘူးလား၊ ဒီနေ့နောက်ကျနေသလားလို့''

''ဟုတ်တယ် အစ်မအေးရီ၊ အစ်ကိုကနောက်တစ်စီးမှ၊ အခု အစ်မတို့ ထမင်းကြိုချက်လို့ရအောင် ပိုက်ဆံပေးလိုက်တယ်''

သိန်းနိုင်လှမ်းပေးသောငွေတစ်ထောင်တန် ငါးရွက်ကိုကိုင်ပြီး အေးရီပျော်သွားတယ်။ သမီးလေးကလည်း ပျော်မြူးနေလေရဲ့။ ဒီတော့ အေးရီက ပိုက်ဆံလေးကို လက်တစ်ဖက်က ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ပြီး သမီးလေးကို ကျန်လက်တစ်ဖက်က ကိုင်ကာ ဒေါ်အုံးကြည့်ကုန်ဆုံဆိုင်သို့ ခြေဦးတည့်လိုက်တယ်။ လမ်းတစ်ဝက်ရောက်တော့ အကြွေးတောင်းမယ့် ဌေးစိန်အလာကို တွေ့တဲ့အခါ ကွေ့ပတ်သွားရပြန်တယ်။

ဌေးစိန်ဆိုတာ ရပ်ကွက်ထဲ ငွေချေးသူ။ အေးရီယောကျ်ားဖြစ်သူ နေမကောင်းလို့ ငွေနှစ်သောင်းချေးထားရတယ်။ တစ်သောင်းယူရင် မတ်တိုးက တစ်ထောင်၊ နှစ်သောင်း ယူထားတော့ နေ့တိုင်း နှစ်ထောင်ပေးရတယ်။ ဒါတောင် သူများတွေဆို သုံးဆယ်တိုး။ အေးရီတို့ကို သနားလို့တဲ့။ အခု အေးရီ မပေးနိုင်တာ ၂ ရက်။ ရထားတာက ငါးထောင်။ လေးထောင် အတိုးပေးရင် ထမင်းက ငတ်ဦးမယ်။

အေးရီ ဘာမှမစဉ်းစားတော့ဘဲ ဆန်သာ ၂ ပြည် အရောယ်လိုက်တယ်။ လိုအပ်တဲ့ ဆီ၊ ဆား၊ အချိုမှုန့်ဝယ်တယ်။ သမီးလေးအဆာပြေအောင် မုန့်က တစ်ရာဖိုး ဝယ်ကျွေးလိုက်တယ်။

အိမ်ရောက်တော့ အိမ်ရှေ့အပေါက်ပိတ်ကာ ဖယောင်းမီးလေးနဲ့ နောက်ဖေးမှာ ချက်ပြုတ်လေရဲ့။ ထမင်းချက်ရင် မဌေးစိန်အကြွေးအော်မတောင်းပါစေနဲ့လို့ဆုတောင်းနေရပြန်တယ်။

အခန်း(၂)

အေးရီ ညက လက်ကျန်ငွေ အနည်းငယ်ထဲက သမီးလေးကို မုန့်ဖိုးပေး၊ ထမင်းချိုင့်လေးထည့်ကာ ကျောင်းကိုလွှတ်လိုက်ရတယ်။ သမီးဖြစ်သူအတွက် အများနည်းတူ ပြည့်ပြည့်စုံစုံမလုပ်ပေးနိုင်တဲ့အခါ အေးရီစိတ်မကောင်းဖြစ်ရတယ်။ အခု သမီးလေးကျောင်းသွားပြီဆိုတော့ အိမ်က လုပ်စရာရှိတဲ့ အလုပ်တွေကို လုပ်ရမယ်။

ပြီးလျှင် အဝတ်လျှော်ခိုင်းမယ့်အိမ်၊ ရေထမ်းခိုင်းမယ့်အိမ်တွေ ဘာခိုင်းမလဲဆိုတာ လိုက်မေးရဦးမယ်။ ဘယ်သူမှ မခိုင်းရင်တော့ လယ်ကွင်းထဲသွားပြီး ကန်စွန်းခူးမယ်။ ဒီနေ့ဆို ဌေးစိန်ကိုပေးဖို့ ၃ ရက်ခ

ခြောက်ထောင်။ အေးရီဦးနောက်ထဲ၊ အတွေးထဲ အကြွေးသာ အာရုံရောက်စိတ် စွဲနေတယ်။ အေးရီရဲ့စိတ်စွဲခြင်းကို ဌေးစိန်က အော်ဟစ်ရပ်တန့်ပလိုက်တယ်။

''ဟဲ့ အေးရီ၊ ဘာတွေ ငေးနေတာလဲ၊ ညကလည်း လာမပေး၊ ဒီနေ့ဆို ၃ ရက်ရှိပြီ၊ များနေပြီနော်''

''ဟုတ်ကဲ့ရှင်၊ ကျွန်မလည်း ငွေရှာဖို့ စဉ်းစားနေတာ၊ ဒီနေ့တော့ ပေးနိုင်အောင် ကြိုးစားပါ့မယ်''

ဌေးစိန် မတတ်နိုင်တဲ့အဆုံး သက်ပြင်းချကာ သိချင်တာကို ဆက်မေးလိုက်တယ်။

''ဒါနဲ့ ညည်းယောကျ်ား ကားသမား၊ ဒီရက်အတွင်း အိမ်ပြန်အမြဲနောက်ကျတယ်၊ ဇကော့ ညည်းယောကျ်ား မယားငယ်များရှိနေသလား''

''အို . . . မဖြစ်နိုင်ပါဘူး၊ ကျွန်မ ယောကျ်ားက သစ္စာရှိပါတယ်၊ ဒါမျိုးမလုပ်ဘူး''

''ပြောပြတာဟေ့၊ ကားသမားတွေ အကြောင်း ညည်းလည်း သိသားပဲ''

ဌေးစိန်ပြောချင်တာပြောပြီး ဆတ်ခနဲ လှည့်ထွက်သွားတယ်။ အေးရီက ဟုတ်များ ဟုတ်နေသလားသဘောနဲ့ အတွေးကလွန်နေပြန်တယ်။

ယောကျ်ားအကြောင်းကို သိနေတဲ့ အေးရီက မဖြစ်နိုင်ကြောင်း ခေါင်းခါဖယ်ထုတ်လိုက်တယ်။ ပြီးတော့ ပုဆိုးလေးခေါင်းပေါ် ရစ်ခွေပတ်လိုက်ကာ ရင်ပုက်ထဲထွက်လာတယ်။ လျှော်ခိုင်းနေကြလူတွေ တစ်အိမ်ဆင်း တစ်အိမ်တက် လိုက်မေးတယ်။ လျှော်ရမှာ မရှိသေးတော့ ပြန်ထွက်လာခဲ့ရတယ်။

ဒီတော့ ကန်စွန်းရွက်ခူးဖို့ ကွင်းထဲထွက်လာတော့ ကားဂိတ်ကို ဖြတ်တတ်ရတာပေါ့။ အစီအရီရှိနေတဲ့ကားတွေကိုလည်း ကြည့်လိုက်တယ်။ ယောကျ်ားဖြစ်သူ ကားရှိနေသလားပေါ့။ ကားတွေ့တော့ ဘယ်မှာထိုင်နေသလဲ နေရာစုံကြည့်လိုက်တယ်။ မတွေ့။ ကားလမ်းတစ်ဖက်ကူးတော့ အမှတ်မထင် အေးရီ သူ့ယောကျ်ားကို တွေ့လိုက်တယ်။

ယောကျ်ားဖြစ်သူက အမျိုးသမီးတစ်ယောက်နဲ့ စကားပြောနေလေရဲ့။ အေးရီ ဘာဆက်လုပ်ရမှန်းမသိ။ သူတို့ဆီသွားပြီး မေးရမလား။ စိတ်မကောင်းတဲ့ မျက်ဝန်းတစ်စုံနဲ့ကြည့်နေရင်း ခဏကြာတော့ သူတို့ ကားခေါင်းခန်းတက်ထိုင်လိုက်တယ်။ နောက်က စီးနင်းလိုက်ပါတဲ့ခရီးသည်တွေကလည်း ပြည့်လုလု။

ဂိတ်က ခရာမူတ်လိုက်တော့ ကားက ထွက်သွားတယ်။ အေးရီ လှုပ်ရှားသွားလာနေတဲ့လူတွေ၊ ဆိုင်တွေကို ငေ့ဝဲကြည့်ရင်း ငိုမဲ့မဲ့ဖြစ်လာတယ်။ ပြီးတော့ ခြေလှမ်းက ကွင်းထဲသွားရမလား။ အိမ်လှည့်ပြန်ရမလား ဆိုတဲ့အတွေး ဒွိဟနဲ့ရပ်နေလေရဲ့။

အခန်း(၃)

အေးရီတို့သားအမိ ပုံမှန်အတိုင်း ဂိတ်ကို ရောက်လာကြတယ်။ သူတို့မျှော်နေကြ နေရာလေးမှာပဲ ဝင်လာသမျှကားကို မျှော်နေကြတယ်။ ဒါပေမဲ့ အေးရီစိတ်က လေးလံနေတယ်။ ရင်ထဲကလည်း တုန်တုန်ရီရီ၊ သက်ပြင်းကိုလည်း အကြိမ်ကြိမ်မျိုချလိုက်။

''မေမေ ဒီည အဖေကြီးကိုစောင့်ပြီး အဖေကြီးနဲ့ အိမ်အတူတူပြန်မယ်နော်၊ သမီး ဖေကြီးကို မနမ်းရတာကြာပြီ''

အေးရီ အသက်မဲ့အပြုံးတစ်ခုသာ ပြုံးပြခေါင်းညိတ်ပြလိုက်တယ်။ အေးရီ မျက်ရည်များဝဲတက်လာတယ်။ တချို့ကား သမားတွေ ဂိတ်မှ သူတို့သားသမီးတွေနဲ့ အတူပြန်ကုန်ကြပြီ။ ဘာလို့ ကားက အမြဲနောက်ကျတာလဲ။ ဌေးစိန်ပြောသလိုများ ဖြစ်နေမလား။ အတွေးနဲ့မေးခွန်းတွေကို အေးရီ အပြန်အလှန်ပြောဆိုတွေးနေတယ်။ ဟော– နောက်ဆုံးကား ဝင်လာပါပြီ။ ကားပေါ်က ခရီးသည်တွေလည်း သူတို့ကို လာကြိုသူတွေနဲ့ ပျော်ပျော်ပါးပါးအိမ်ပြန်ကုန်ကြပြီ။

ယောကျ်ားဖြစ်သူကတော့ ကားကို ပိုင်ရှင်အပ်ပြီး အေးရီဆီ ခြေလှမ်းလှည့်လာတယ်။ သမီးဖြစ်သူက ဖေကြီးကို ပြေးဖက်လိုက်တယ်။ ကလေးကို တစ်ဖက်က ဖက်၊ ကျန်တစ်ဖက်က အေးရီနားရောက်တော့ အေးရီကိုကျစ်ကျစ်ပါအောင်ဖက်ပြီး အိမ်သို့ ပြန်လာတယ်။

အေးရီကတော့ ယောကျ်ားဖြစ်သူကို ဖက်ထားရင် ငိုချလိုက်တယ်။

''မိန်းမ အေးရီ ဘာဖြစ်လို့လဲ၊ လမ်းမ ကြီးမှာမငိုစမ်းပါနဲ့၊ ဘာဖြစ်လို့လဲ၊ ယောကျ်ား ကိုပြောပြ''

အေးရီမျက်ရည်သုတ်ကာ ယောကျ်ား ဖြစ်သူမျက်နှာကိုမော့ကြည့်ရင်း . . .

''ကျွန်မကို ချစ်သေးရဲ့လား . ''

''ဘာများလဲလို့ကွာ၊ ကိုယ့်မိန်းမကိုယ် မချစ်ဘဲနေပါ့မလား၊ ငါ့ဘဝမှာ ဒီမိန်းမနဲ့ ဒီသမီးလေးပဲရှိတာကို''

အေးရီက ယောကျ်ားဖြစ်သူရဲ့အဖြေ

ယောကျ်ားဖြစ်သူက
အမျိုးသမီးတစ်ယောက်နဲ့
စကားပြောနေလေရဲ့။
အေးရီ ဘာဆက်လုပ်ရမှန်းမသိ။
သူတို့ဆီသွားပြီး မေးရမလား။
စိတ်မကောင်းတဲ့မျက်ဝန်းတစ်စုံနဲ့ကြည့်နေရင်း
ခဏကြာတော့ သူတို့
ကားခေါင်းခန်း တက်ထိုင်လိုက်တယ်။



ကို ကျေနပ်ပေမယ့် စိတ်ထဲမှာတော့ စိတ်ချမ်းသာအောင် တမင်ကြံရွယ်ပြောနေသလားပေါ့။

အခန်း(၄)

အေးရီ အိမ်ရောက်တော့ ယောကျ်ားဖြစ်သူကို အကဲခတ်လေ့လာနေတယ်။ အမူအရာတွေပျက်နေသလား၊ ဖောက်ပြန်နေတဲ့ လက္ခဏာလည်းမတွေ့။ ပြီးတော့ နေ့ခင်းက အမျိုးသမီးတစ်ယောက်နဲ့ ကားဘေးရပ်စကားပြောနေတာ မေးရမလား။ မမေးရဲတော့ ခပ်ကုတ်ကုတ်နေရပြန်တယ်။

သမီးလေးကလည်း ဖခင်ဘေးနားအိပ်ပျော်နေပြီ။ အေးရီ နှုတ်ဆိတ်ငြိမ်သက်ကာ ယောကျ်ားဖြစ်သူကို ကြည့်နေတယ်။ ယောကျ်ားဖြစ်သူကလည်း အေးရီကို ထမင်းစားရင်းကြည့်ကာ ပြောလိုက်တယ်။

''မိန်းမ···မင်း ဒီနေ့ဘာဖြစ်နေတာလဲ၊ စောစောကလည်း ငိုတယ်၊ အခုလည်း ငေးကြောင်ကြောင်၊ ငိုမဲ့မဲ့နဲ့၊ အစ်ကို့ကို ဘာပြောစရာရှိလို့လဲ''

အေးရီမေးတော့ မျက်ရည်ကျလာတယ်။ ပြီးတော့ ငိုသံခပ်သဲ့သဲ့နဲ့။

''နေ့ခင်းက အစ်ကို ကားဘေးမှာ အမျိုးသမီးတစ်ယောက်နဲ့တွေ့တယ်''

''ဩော်–ဒါက အစ်ကိုအလုပ်ကိစ္စပါ၊ ဘာလဲ အေးရီက အစ်ကို့ကိုမယုံတာလား၊ အစ်ကိုက မိန်းမနဲ့သမီးအပေါ် သစ္စာမဖောက်ပါဘူး၊ စိတ်ကို အေးအေးထားနော်''

အေးရီ အနည်းငယ်စိတ်ထဲပျော်လာတယ်။ ယောကျ်ားအကြောင်းလည်း ကောင်းကောင်းသိနေတယ်။ အေးရီစိတ်ချတဲ့ အပြုံးတစ်ခုတွေ့လိုက်ရတယ်။

အခန်း(၅)

ဌေးစိန် ထဘီကိုခပ်တိုတိုဝတ်ပြီး အေးရီဆီလာနေတယ်။ အေးရီကမြင်တော့ အိပ်ကပ်ထဲကငွေကို အဆင်သင့်ယူလိုက်တယ်။ ဌေးစိန်ပြောဆို မှာကိုလည်း ကြောက်တတ်တယ်လေ။

''အစ်မ ဒီမှာ ၃ ရက်ခယူထားပါနော်၊ ဒီနေ့ခ မနက်ဖြန်မှပေါင်းပေးပါရစေ''

''အေးပါဟယ်၊ ရပါတယ်၊ ငါအခုလာတာ ညည်းယောကျ်ားအကြောင်း ပြောမလို့လာတာ၊ ဒီမနက် အမျိုးသမီးတစ်ယောက်နဲ့တွေ့ခဲ့တယ်၊ ဒီဘက်ဂိတ် မဟုတ်ဘူး၊ မြို့ထဲကဂိတ်မှာ၊ ကျုပ်ယောကျ်ားဆိုနေတိုင်းမြင်တယ်၊ အစကတည်းက ပြောပြချင်တာ၊ ကိုယ်တိုင်မြင်မှလာပြောဖြစ်တာ၊ ညည်းနဲ့သမီးလေးကိုတော့ သနားပါတယ်''

ဌေးစိန် စိတ်မကောင်းဖြစ်ပြီး စိတ်ထဲရှိတာပြောပြီး ပြန်ထွက်သွားတယ်။ အေးရီကတော့ စိတ်ထဲမကောင်း။ သမီးလေးကလည်းမရှိ။ အားရပါးရငိုချလိုက်တယ်။ စိတ်ထဲမှာလည်း ယောကျ်ားကပြောတော့ တစ်မျိုး။ ပတ်ဝန်းကျင်ကတစ်မျိုးနဲ့။ အေးရီစိတ်တွေ ဒိုဗာဖြစ်နေတယ်။

အေးရီ ငိုသာချလိုက်တယ်။ ပြီးတော့ ငိုရပါများလာတော့ မောပန်းကာ လဲအိပ်ပစ်လိုက်တယ်။ ဘာအလုပ်မှလည်းမလုပ်ချင်။ အချိန်အတန်ကြာလဲအိပ်နေရင်း အေးရီ မထချင်ထကာ အဝတ်လျော်ဖို့ အထည်တွေစုယူကာ နောက်ဖေးကိုယူသွားတယ်။ အဝတ်လျော်ဖို့လုပ်ရင်း ယောကျ်ားဖြစ်သူ အင်္ကျီအိတ်ကပ်ထဲက စာရွက်တွေအများကြီးတွေ့ပြီး ဖတ်ကြည့်လိုက်တယ်။

ကားအတွက်ဝယ်ထားတဲ့စာရင်းဇယားတွေ။ ငွေတွေကလည်း မနည်းဘူး။ အေးရီ နားမလည်စွာ ကြည့်နေလိုက်တယ်။



အခန်း(၆)

အေးရီတို့ထုံးစံအတိုင်း စောင့်နေကျနေရာလေးမှာ သားအမိနှစ်ယောက်စောင့်နေတယ်။ အေးရီက လက်ထဲက စာရွက်တွေကိုင်ပြီး စိတ်ကလေးလံနေတယ်။ ကားဂိတ်မှာ လာစောင့်မျှော်နေသူများကလည်း အပြုံးကိုယ်စီနဲ့။

အချိန်က ၉ နာရီရှိပြီ။ အေးရီ စိတ်တွေလောနေတယ်။ ဂိတ်မှာလည်း စောင့်မျှော်သူတွေ သိပ်မရှိတော့။ ဟော–ကားတစ်စီးဝင်လာတယ်။ အေးရီက သမီးလေးလက်ကိုကိုင်ကာ ကားဆီသွားတယ်။ အေးရီ တုန်တုန်ရီရီနဲ့။ ကားနားရောက်တော့ ယောကျ်ားဖြစ်သူကားမဟုတ်။

အေးရီစဉ်းစားမိလိုက်တယ်။ ဒီစာရွက်ကိစ္စတွေ သိန်းနှိုင်မေးကြည့်ဖို့စိတ်ကူးလိုက်တယ်။ ကားဘေးကနေ ထွက်လာသော သိန်းနှိုင်ကိုမေးလိုက်တယ်။

''သိန်းနှိုင်··''

''ဗျာ··''

''အေး–မင်းအစ်ကိုကား ပြန်မလာသေးဘူးလား''

''နောက်ကားက အစ်ကိုကား၊ အစ်မ ဘာဖြစ်လို့လဲ''

''ဒီစာရင်းစာရွက်တွေက ဘာတွေလဲ မမစိတ်ပူလို့ ပြောပြပါနော်''

အေးရီကမေးတော့ သိန်းနှိုင် မတုန်မလှုပ်နဲ့။ အေးရီက ထပ်မေးတော့။ သိန်းနှိုင် မဖြေချင်ဖြေချင် ဖြေလိုက်ရတယ်။

''အစ်မ ဒီစာရွက်တွေက အစ်ကို ဟိုရက်က ကား ကားချင်းတိုက်မိတုန်းက ဝယ်ထားတဲ့ဘောင်ချာတွေ၊ တော်တော်လျော်လိုက်ရတယ်၊ အစ်မ စိတ်ညစ်မှာစိုးလို့ မပြောဘဲ အစ်ကိုကြိုးစားပြီး အကြွေးကိုဆပ်နေတာ''

အေးရီရင်ထဲ တလုပ်လုပ်ခံစားနေတယ်။ ယောကျ်ားအပေါ် အထင်မှားခဲ့တဲ့စိတ်။ ပတ်ဝန်းကျင်ရဲ့ချောက်တွန်းစိတ်တွေကြောင့် အေးရီ အမျိုးမျိုးစိတ်ဆင်းရဲခဲ့ရတယ်။ ယောကျ်ားဖြစ်သူကိုလည်း အလွန်သနားပြီး ချစ်စိတ်တွေပိုလာတယ်။ အဝေးကမြင်နေရတဲ့ ကားမီးရောင်ကိုမြင်ပြီး အေးရီတို့သားအမိ ပျော်ရွှင်စွာမျှော်ငေးနေလေရဲ့···။ ။

အောဘုန်းခေတ်



ဘုရင်မ သေဆုံးသွားခြင်း

ကိုဇော်

၉ ရက်၊ ဇန်နဝါရီလ၊ ၁၉၇၂ ခုနှစ်။ တနင်္ဂနွေနေ့နံနက်ခင်းမှာ နေခြည်ဖြာလို့ ပင်လယ်ရေလှိုင်းကြက်ခွပ်လေးတွေမှာ ရွှေဝါရောင် တောက်ပလင်းလက်နေပါတယ်။

ဟောင်ကောင်(Hong Kong) မှ (Tsing Yi) ကျွန်းအနီးမှာ အလုပ်သမား ၁၂၀၀ တို့သည် နောက်ဆုံးအချောသတ်လို့ အပြီးသတ်ဖို့ လုပ်ကိုင်နေကြပါတယ်။

ယခင်တစ်ချိန်က ဗြိတိသျှသင်္ဘော လိုင်းကုမ္ပဏီရဲ့ တန်ချိန် ၈၃၆၇၃ ရှိသော အယ်လီဇာဘက်ဘုရင်မ (Queen Eliza-beth) အမည်ရှိ ခရီးသည်တင် ပင်လယ်ကူးသင်္ဘောကြီးပင် ဖြစ်ပါတယ်။

ယခုအခါမှာတော့ သူမရဲ့နာမည်အား ဉာဏ်ပညာရှိသော ပင်လယ်တက္ကသိုလ် (Sea-wise University) ဟု နာမည်ပြောင်းလဲ ခေါ်တွင်စေခဲ့ပါတယ်။ သူမသည် ယခင်က စိတ်ဓာတ်ခိုင်မာရဲရင့်သော ပင်လယ်ဘုရင်မကြီး အဖြစ်နှင့် သမုဒ္ဒရာ၊ ပင်လယ်ပြင်ခရီးစဉ်ပေါင်း များစွာကို သယ်ယူပို့ဆောင် မောင်းနှင်ဖြတ်





သန်းသွားလာစေခဲ့ပြီး၊ ယခုအခါမှာ အသစ်တစ်ဖန် ပြန်လည်မွေးဖွားရှင်သန်ကာ ဘဝသစ်ကို စတင်ခဲ့ပါပြီ။

❖ ❖ ❖ ❖ ❖ ❖

၁၉၃၈ ခုနှစ်၊ စက်တင်ဘာလမှစတင်ပြီး သူမရဲ့ သယ်ယူပို့ဆောင်ရေးခရီးစဉ်တွေမှာ မဟာမိတ်ခရီးသည်ပေါင်း ၈၀၀,၀၀၀ ကျော်ကို သြစတြေးလျ၊ အာရှအရှေ့ပိုင်း၊ အာရှအရှေ့အလယ်ပိုင်း၊ မြောက်အမေရိက၊ ဥရောပနှင့် မြောက်အာဖရိကသို့ ပို့ဆောင်ပေးခဲ့ပါတယ်။

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသွားချိန်မှာ ကမ္ဘာတွင် အကောင်းဆုံးလို့ဆိုနိုင်တဲ့ ကြီးကျယ်ခမ်းနားသောခရီးစဉ်တွေအတွက် ထပ်မံဖြည့်စွက်ပြင်ဆင် လုပ်ဆောင်မှုတွေနှင့်အတူ ပရိဘောဂ အဆောင်အယောင် ပစ္စည်းများ ထပ်မံဖြည့်ဆည်းပေးထားပါတယ်။

မြောက်အတ္တလန်တိတ်သမုဒ္ဒရာကို ဖြတ်သန်းမယ့် ခရီးစဉ်အသစ်မှာ ခရီးသည် ၂၃၀၀ ဦးအတွက် ဝန်ဆောင်မှုပေးမယ့် သဘော်ဝန်ထမ်းပေါင်း ၁၃၀၀ ဦး ခန့်အပ် ပေးထားသကဲ့သို့၊ ခရီးသည်အများနှင့်သက်ဆိုင်သော ခန်းမပေါင်း ၃၅ ခန်း၊ ရေကူးကန် ၃ ကန်၊ သစ်သီးဖျော်ရည်များသောက်ရန် နေရာကွင်း၊ အရက်ဘားခန်း ၁၂ ခန်း၊ တာကစ်ရေချိုးခန်း (Turkish Bath) ၊ ရှပ်ရှင်ရုံ ၂ ရုံ၊ ကိုယ်ကာယကျန်းမာရေးလေ့ကျင့်ခန်း (Gymnasiums) ၂ခန်း၊ အိမ်မွေးတိရစ္ဆာန်တွေအတွက် လှောင်အိမ်များ ထားရှိပေးသောအခန်း (Kennel) တွေ ပါဝင်ဖွဲ့စည်းတည်ဆောက်ထားသော



သဘော်ကြီးမှာ ကြီးမားကျယ်ပြန့်သကဲ့သို့ ၁၀၃၁ ပေ ရှည်လျားပါတယ်။ ထို့ကြောင့် ဗြိတိသျှရုပ်ရှင်မင်းသမီးဖြစ်တဲ့ (Bea Lille) က ''ဘယ်အချိန်ကျမှ ဒီလိုရှိတဲ့နေရာမျိုးကို အင်္ဂလန်မှာ ငါရရှိပိုင်ဆိုင်နိုင်မှာလဲ''လို့ အရွှန်းဖောက် ပြောဆိုသွားခဲ့ပါတယ်။

သူမရဲ့ ပိုင်ရှင်သည် ခရီးစဉ်များ တိုးချဲ့ကာ ၈၉၆ ကြိမ် အတ္တလန်တိတ်သမုဒ္ဒရာအား ဖြတ်သန်းခုတ်မောင်းသွားလာစေပြီး ခရီးသည်ပေါင်း ၁.၅ သန်း ဦးရေကို သယ်ယူပို့ဆောင်ကာ ၃.၅ သန်း မိုင်ခရီးအား ကူးသန်းသွားလာစေပြီးနောက်၊ ဗြိတိသျှ (cunard Line) မှ သူမရဲ့ပိုင်ရှင်သည် ၁၉၆၈ ခုနှစ်တွင် သူမကို အနားပေးကာ ရပ်ဆိုင်းလိုက်ပါတယ်။

အနားပေးရပ်ဆိုင်းထားသော သူမအား ဖီလာဒယ်ဖီးယား စီးပွားရေးသမားများအဖွဲ့ (A group of philadelphia business-men) မှ ဒေါ်လာ ၁၀ သန်းပေးပြီး ဝယ်ယူလိုက်ပါတယ်။ သူမကို ဖလော်ရီဒါ (Florida. USA) သို့ ယူဆောင်သွားခဲ့ပါတယ်။ ကမ္ဘာ လှည့်ခရီးသည်များအား ဆွဲဆောင်နိုင်စေရန်အတွက် သူမကို

ရေပေါ်ဟိုတယ်ကြီးအဖြစ် ဖန်တီးပြောင်းလဲခဲ့ပါတယ်။ သို့သော် ထိုကဲ့သို့ ဆန်းသစ်တီထွင် လုပ်ဆောင်ခဲ့သော ရေပေါ်ဟိုတယ် စီးပွားရေးလုပ်ငန်းကြီးမှာ ထင်သလို မအောင်မြင်ဘဲ ကျဆုံးသွားချိန်မှာ (Queen Elizabeth) သင်္ဘောကြီးရဲ့ အကျိုးစီးပွား ဖြစ်ထွန်းမှုတွေ အဆုံးသတ်သွားပြီလားလို့ ဗီလာဒယ်ဖီးယား စီးပွားရေးသမားများက တွေးဆထင်မြင်ခဲ့ကြပါတယ်။

ထို့ကြောင့် ၁၉၇၀ ပြည့်နှစ်၊ စက်တင်ဘာလတွင် အများပြည်သူအား လေလံတင်ခဲ့ပါတယ်။ ထိုသို့ လေလံတင်ရောင်းချပွဲတွင် (C.Y.Tung) အသက် ၆၀ နှစ်ရှိ ဟောင်ကောင် သင်္ဘောလိုင်းလူကြီးသည် ဒေါ်လာ ၃.၂ သန်းဖြင့် လေလံအောင်မြင်စွာ ဆွဲနိုင်ခဲ့ပါတယ်။ ဟောင်ကောင်သင်္ဘောလိုင်းသည် လွန်ခဲ့သော နှစ်ပေါင်း ၄၀ ကတည်းက ကုန်တင်သင်္ဘောကြီးများနှင့် ကုန်စည်ကူးသန်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းဖြင့် စီးပွားရေးအောင်မြင်လာခဲ့သော်လည်း ''ကွင်းအဲလီဇဘက်'' ခရီးသည်တင်သင်္ဘောကြီးနှင့် စီးပွားဖြစ် မလုပ်ဆောင်လိုတော့ပါ။ အဘယ်ကြောင့်ဆိုသော် ''ကွင်းအဲလီဇဘက်'' သင်္ဘောကြီးကို အလွန်ချစ်မြတ်နိုးတန်ဖိုးထားသောကြောင့်လို့ ပြောခဲ့ပါတယ်။

၁၉၇၁ ခုနှစ်၊ ဇူလိုင်လတွင် သူမကို ဟောင်ကောင်သို့ ခုတ်မောင်းနှင်ကာ ယူဆောင်သွားခဲ့ပါတယ်။ ဟောင်ကောင်တွင် ဆိုက်ရောက်ပြီးနောက် လအနည်းငယ်ကြာသောအခါမှ (Tung Group) က ဒေါ်လာ ၅ သန်း အကုန်အကျခံကာ ရေပေါ်တက္ကသိုလ်အဖြစ် ပြောင်းလဲခဲ့ခြင်းနှင့်အတူ



သူမရဲ့တစ်ကိုယ်လုံးကို အဖြူရောင်ဆေးအသစ် သုတ်လိမ်းခြယ်လိုက်ပါတယ်။ ယခင် သူမရဲ့ ကြီးကျယ်ခမ်းနားထည်ဝါမှုတွေကို ဆက်လက်ထိန်းသိမ်းပြုပြင်မွမ်းမံခဲ့ပါတယ်။

အလုပ်သမားဝန်ထမ်းတွေရဲ့ ဇနီးသည်နှင့်ကလေးများကို အတူတကွခေါ်ဆောင်စေကာ သင်္ဘောကြီးရဲ့ ပင်လယ်ပြင် စမ်းသပ်ခုတ်မောင်းခြင်း ၅ ရက်ခရီးစဉ်တွင် လိုက်ပါစေခဲ့ပါတယ်။ ထိုသို့ ဒဏ္ဍာရီဆန်သော လှေလာခြင်းဖြင့် လိုက်ပါလာသော ဧည့်သည်တော်များ တစ်ထောင်ကျော် အတွက် ဘူဖေးစားသောက်ဖွယ်ရာများ စီစဉ်ပေးထားသကဲ့သို့၊ ပျော်ပွဲရွှင်ပွဲ၊ ညစာစားပွဲ၊ ကခုန်ပွဲတော်ကြီးများကိုလည်း စီစဉ်ကျင်းပပေးခဲ့ပါတယ်။ ဤရွှေဤမျှ ကြည့်ခြင်းအားဖြင့် ယခင် သူမရဲ့အချိန်တွေကို ပြန်လည်နှိုးထလာသလို မြင်တွေ့နေရပါတယ်လို့ ဆိုကြပါတယ်။

❖ ❖ ❖ ❖ ❖ ❖




သူမအား ပင်လယ်ပြင်တွင် ၅ ရက် ခရီးစဉ် စမ်းသပ်ခုတ်မောင်းခြင်း ပြီးဆုံးသွားသည့် လရဲ့ နောက်ဆုံးသီတင်းပတ်ထဲမှာ တစ်နေ့သော နံနက် ၁၁ နာရီမှာ ဝန်ထမ်းအတော်များများသည် နေ့လယ်စာစားဖို့ အတွက် ကမ်းဆင်းသွားကြပါတယ်။ သင်္ဘောပေါ်မှာ လူ ၃၀၀ ခန့် ကျန်နေခဲ့ပါတယ်။

နေ့လယ် ၁၁ နာရီခွဲခန့်တွင် သင်္ဘောစက်ခန်း စတုတ္ထအင်ဂျင်နီယာ (Chang Huichiu) သည် သင်္ဘောရဲ့နောက်ပိုင်း ဘယ်ဘက်ဘေး လူသွားလမ်းစကြံ့မှ မီးခိုးမှိုင်းလုံးကြီးများ ထွက်လာသည်ကို မြင်တွေ့ခဲ့ပါတယ်။

သင်္ဘောကြီးရဲ့နောက်ပိုင်း ကုန်းပတ် ပထမထပ်မှာ မီးလောင်ကျွမ်းသွားပြီ။ ထိုအချိန်မှာ မီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်းရန် သင်္ဘောနောက်ဘက် ရွှေ့ပြောင်းနေစဉ်မှာပဲ သင်္ဘောရဲ့နောက်ပိုင်း ကုန်းပတ်ဒုတိယထပ်ကို မီးလောင်နေပြီ။ (C.Y Tung Group) မှ အရာရှိကြီးများထံ သတင်းပို့လိုက်သော အခါ လျင်မြန်စွာ ရောက်ရှိလာချိန်မှာ မီးခိုးလုံးကြီးများအား လှေကားများဆီမှ မှုတ်ထုတ်နေတာကို တွေ့မြင်ရတယ်။ ထိုအချိန်မှာပဲ သင်္ဘောရဲ့ရှေ့ပိုင်း ညာဘက်ကုန်းပတ် ပထမထပ်မှာမီးလောင်နေကြောင်း သတင်းပို့လာပါတယ်။ သူတို့သည် သင်္ဘောရဲ့ ရှေ့ပိုင်း ပြောင်းရွှေ့နေချိန်တွင် မီးခိုးအသစ်များ သင်္ဘောအနောက်ပိုင်းကိုဦးတည်ကာ စတင်ထွက်လာပါတယ်။

နံနက် ၁၁ နာရီ ၅၂ မိနစ်တွင် မီးသတ်ဌာနမှ ပထမခေါ်ဆိုခြင်းကို လက်ခံ



ရရှိခဲ့ပါတယ်။ နောက်သုံးမိနစ်မှာပဲ လက်ထောက် မီးသတ်ဦးစီးမှူးဖြစ်တဲ့ (Leonard Worra-llo) သည် အခင်းဖြစ်သွားသည့် နေရာသို့ ဟယ်လီကော်ပတာနှင့် သွားရောက်ခဲ့ပါတယ်။ ထိုအချိန်တွင် မီးလောင်မှုမှာ တဖြည်းဖြည်း ကြီးမားကျယ်ပြန့်လာသည်မှာ အဓိကဖွဲ့စည်းတည်ဆောက်ထားသည့် အပေါ်ပိုင်းကို မီးလောင်ကျွမ်းနေပါပြီ။ အလွန်ကြီးမားသော မီးခိုးမှိုင်းလုံးကြီးများ မှုတ်ထုတ်နေသောကြောင့် ဟယ်လီကော်ပတာ ဆင်းဖို့ဆိုရင် ပဲ့ထိန်းစင်ခန်းနှင့် အောက်တစ်ထပ်၊ နှစ်ထပ်ထက်ပိုပြီး မဆင်းနိုင်အောင် တားဆီးလို့နေပါတယ်။ အခြေအနေဆိုးဝါးနေပါပြီ။

မီးလောင်နေသော သင်္ဘောကြီးဆီသို့ မိနစ်ပိုင်းအတွင်းမှာပဲ မီးသတ်ဘုတ်အစီးရေ ၂၀ ကျော်အား ရေကြောင်းရဲနှင့် ရေကြောင်းဌာနမှ စေလွှတ်ကာ မီးငြိမ်းသတ်ခိုင်းပါတယ်။ ထို့အတူ ရေတပ်ဘုတ်များ၊ ဖယ်ရီပြေးဆွဲနေသော ဘုတ်များ၊ ငါးဖမ်းဘုတ်များ၊ သင်္ဘာန်များ၊ အပျော်စီးဘုတ်များနှင့် ဇြိတိသျှတိုက်သင်္ဘောများတို့သည် အခင်းဖြစ်ပွားရာ သင်္ဘောကြီးဆီသို့ ဦးတည်ကာ ရောက်ရှိလာကြပါတယ်။

Cynthia အမည်ရှိ ဦးဆောင်ကယ်ဆယ်ရေးသင်္ဘောငယ်မှ ကပ္ပိတန် Cheung wah-chai ပြောသည်မှာ သူတို့သင်္ဘောအခင်းဖြစ်ပွားရာ မီးလောင်နေသော သင်္ဘောကြီးဆီသို့ ရောက်ရှိသွားချိန်တွင် သင်္ဘောကြီးရဲ့ ဦးပိုင်းထက်မှာ အော်ဟစ်အကူအညီတောင်းနေကြတဲ့ လူအုပ်စုကြီးကို မြင်တွေ့ကြောင်းနှင့် သူရဲ့ သင်္ဘောသားများက အလျင်အမြန် ကြိုးများကို သင်္ဘောကြီးရဲ့ ဦးပိုင်းဆီသို့ ပစ်တင်ပေးလိုက်ကြတယ်။ ၎င်းကြိုးများကို တွဲလောင်းခိုဆင်းလာပါတယ်။ တချို့မှာ တွဲလောင်းခိုဆင်းဖို့ ကြိုးကိုမစောင့်နိုင်တော့ဘဲ နီးရာ ကျောက်ဆူးသံကြိုးကွင်းမှ တွယ်ဆင်းကြပါတယ်။ ထိုသို့ ကြောက်လန့်တကြား တွဲလောင်းခိုတွယ်ဆင်းရင်းနဲ့ လက်ချော်ကာ ပင်လယ်ရေထဲ ပြုတ်ကျသွားသူများကိုလည်း ချက်ချင်းရှာဖွေ ကယ်တင်ခဲ့ရပါတယ်။

အသက် ၂၀ နှစ်ရှိ စက်ခန်းအလုပ်သင်အရာရှိ (Engine Cadet-Ng sai-lung) သည် ကုန်းပတ်ပေါ် ရောက်ရှိနေချိန်မှာ မီးခိုးလုံးကြီးများ သင်္ဘောကြီးရဲ့ ခုနစ်ထပ်နှင့် ရှစ်ထပ်မှ ထွက်နေသည်ကို မြင်မြင်ချင်းပဲ မီးသတ်ဆေးဘူးကို ကိုင်ဆောင်ပြီး အပေါ်ထပ်ကို တက်သွားတယ်။ မီးခိုးငွေ့တွေထူထပ်နေသည့်ကြားမှ နောက်ပိုင်းဘက်မှာ ကြောက်ရွံ့ထိတ်လန့်စွာဖြင့် ကြောင်ပြီးရပ်နေသော ဧည့်သည်အမျိုးသမီးများနှင့်ကလေးငယ်များ ဆယ်ယောက်ခန့် တွေ့လိုက်ရပါတယ်။ ဆေးသုတ်သမားချန်ရစ်ခဲ့သော ကြိုးတန်းကို တွဲလောင်းခိုလျှောဆင်းရန် သူတို့ပြောကာ ဆင်းစေပါတယ်။ သူတို့ရဲ့နောက်မှ ကျွန်တော် လျှောပြီးဆင်းလိုက်သွားသော်လည်း သင်္ဘောရဲ့ လေဝင်လေထွက်ပေါက် (Porthole) နားမှ ဖြတ်သန်းချိန်မှာ ရုတ်တရက် မီးခိုးမည်းလုံးကြီးက ကျွန်တော့်မျက်နှာကို ပန်းထွက်ရိုက်ခတ်လိုက်သောကြောင့် ကြိုးတန်းကိုင်ထားသောလက်လွတ်ကာ သက်ကယ်ဘုတ်ပေါ် ကျသွားတယ်။

အလုပ်သမား(Tam Fat) သည် စက်ခန်းမှာ အလုပ်လုပ်နေရာမှ နေ့လယ် ၁၂ နာရီ၊ မိနစ် ၂၀ တွင် သူနှင့်အတူ အခြားလေးယောက်တို့ ကုန်းပတ်ပေါ်တက်လာခဲ့ကြပါတယ်။ မီးလောင်နေတာ တွေ့မြင်လိုက်ရတော့ အလွန်တရာ ထိတ်လန့်ချောက်ချားသွားပါတယ်။ အခြား လေးယောက်လည်း သူလိုပါပဲ။ ဒီအချိန်မှာ ပေါက်ကွဲသံနှစ်ခု ကြားလိုက်ရပါတယ်။ သူတို့တွေ သင်္ဘောရဲ့ ပွင့်နေသောနေရာ ညာဘက်ခြမ်းသို့ရောက်သွားချိန်မှာ ချည်

ထားသော ကြိုးလှေကားမှ တွယ်ဆင်းကာ ရဲဘုတ်နှင့် တွဲချည်ထားသော ကုန်တင်ဖောင် (Barge) ပေါ်သို့ဆင်းပြီး ထိုမှတစ်ဆင့် ရဲဘုတ်ပေါ်တွယ်တက်သွားခဲ့ကြပါတယ်။

နေ့လယ် ၁၂နာရီ၊ ၂၂မိနစ်တွင် မီးလောင်မှု အဆင့်လေး သတိပေးချက်မှ အဆင့်မြှင့်တင်ကာ ရုတ်တရက်ကြုံတွေ့ရသော ဘေးအန္တရာယ် သတိပေးချက်သို့ ပြောင်းလဲလိုက်ပါတယ်။ နောက်တစ်နာရီ အတွင်းမှာ (Harry Elsworth) မီးသတ်တပ်ဖွဲ့ဌာနမှ အခင်းဖြစ်ရာဆီသို့ နှစ်ထပ်ဖယ်ရီသင်္ဘောငယ်မှ (Hong) နှင့် မီးသတ်သမားနှစ်ဦးတို့ မီးသတ်ပစ္စည်းတွေဖြင့် ရောက်လာခဲ့ပါတယ်။ သို့သော်လည်း ထိုအချိန်မှာ သင်္ဘောကြီးရဲ့ နောက်ဘက်ပိုင်းမှာ မီးလောင်ကျွမ်းပြီး ပြင်းထန်လွန်းတဲ့ အပူရှိန်တွေ ထွက်နေပါတယ်။ ထို့ကြောင့် မီးသတ်သမားတွေမှာ ရှေ့ဆက်တိုးပြီး မီးမငြိမ်းနိုင်အောင် မီးခိုးငွေ့နှင့် မီးတောက်ကြီးရဲ့ အပူရှိန်မြင့်လွန်းတာကြောင့်ဟု ဆိုပါတယ်။

သင်္ဘောပဲ့ကိုင်သမား (Chan Yau) နှင့် အခြားသင်္ဘောသား ၆ ဦးတို့သည် လူပေါင်း ၁၅၀ ဦးကို မီးဘေးအန္တရာယ် လွတ်ကင်းရာသို့ ရွှေ့ပြောင်းကယ်ဆယ်ပေးခဲ့ပါတယ်။ ထိုသို့ ကယ်ဆယ်ရေးတွင် အံ့အားသင့်ဖွယ်ရာကောင်းလောက်အောင် ထိခိုက်ဆုံးရှုံးမှု အလွန်နည်းပါးခဲ့ပါတယ်။ ကယ်ဆယ်ခဲ့သူတွေထဲမှ ၁၄ ဦး ဒဏ်ရာရခဲ့သော်လည်း ၈ ဦးသာ ဆေးရုံမှာတင်ထားခဲ့ရပါတယ်။ (Chan Yau) နှင့် သင်္ဘောသား ၆ ဦးတို့ ကယ်ဆယ်ရေးအဖွဲ့သည် ကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်နေစဉ် သူတို့ကို အရှင်လတ်လတ် မီးကင်ခံနေရသလို ခံစားနေရတယ်လို့ပြောသွားပါတယ်။

ညနေ ၃ နာရီမှာ မီးတောက်မီးလျှံများက သင်္ဘောကြီးရဲ့အထက်ပိုင်း ၁၁ ထပ် ဖွဲ့စည်းတည်ဆောက်ထားသည့် ခန်းမကြီးများအနက်မှ ငါးထပ်အထိ ထိုးဖောက်ဝင်ရောက် မီးလောင်ကျွမ်းဖျက်ဆီးဝါးမျိုသွားပါတယ်။ သင်္ဘောကြီးသည်လည်း ညနေ ၃ နာရီ မိနစ် ၃၀ မှာ ညာဘက်သို့ ၁၇ ဒီဂရီ တိမ်းစောင်းသွားပါတယ်။ သင်္ဘောကြီး မီးလောင်ခြင်း အခင်းဖြစ်ပွားရာနေရာမှာ ဆိုးရွားစိတ်ပျက်ဖွယ်လိလို ဖြစ်နေပါတယ်။ သင်္ဘောကြီးရဲ့ လေဝင်လေထွက်ပေါက်များမှ မီးခိုးမှိုင်းလုံးကြီးများ

အပြူရောင် ဝေလငါးကြီးကို ငါးကွမ်းရှပ်အရွယ်ရှိ မီးသတ်ဘုတ်များ၊ သင္ဘာန်များ ဝန်းရံထားသကဲ့သို့၊ မီးသတ်ဘုတ်သည်လည်း မီးကြီးလောင်နေခြင်းကို မငြိမ်းသတ်နိုင်ဘဲ ရေပန်းထွက်နေသော ကလေးကစားစရာအရုပ်လေးလို့ မြင်နေရပါတယ်။

ထွက်နေပါတယ်။ ကြည့်မြင်နေရသည်မှာ အပြူရောင် ဝေလငါးကြီးကို ငါးကွမ်းရှပ်အရွယ်ရှိ မီးသတ်ဘုတ်များ၊ သင္ဘာန်များ ဝန်းရံထားသကဲ့သို့၊ မီးသတ်ဘုတ်သည်လည်း မီးကြီးလောင်နေခြင်းကို မငြိမ်းသတ်နိုင်ဘဲ ရေပန်းထွက်နေသော ကလေးကစားစရာအရုပ်လေးလို့ မြင်နေရပါတယ်။

မကြာမီ ထူထဲကြီးမားသော အမည်းရောင် မီးခိုးမှိုင်းလုံးကြီးများ သင်္ဘောကြီးရဲ့ ဧရာဝမ်းတွင်းမှ ထွက်လာပါတယ်။ မီးတောက်မီးလျှံများ လောင်ကျွမ်းနေသကဲ့သို့ ရံဖန်ရံခါ ပေါက်ကွဲခြင်းများလည်း ဖြစ်ပေါ်နေသောကြောင့် အလွန်ပြင်းထန်သော အပူရှိန်များ ထွက်ပေါ်နေပါတယ်။ မီးသတ်သမားများရဲ့ မီးငြိမ်းသတ်ရန် ကြိုးစားနေသော်လည်း မီးအပူရှိန်ဟပ်တဲ့ဒဏ်ကို မခံနိုင်တဲ့အတွက် ရှေ့ဆက်မတိုးနိုင်ဘဲ ရပ်ဆိုင်းသွားပါတယ်။

မီးသတ်ဌာနရဲ့ ဒါရိုက်တာက ဒီလို မီးကြီးလောင်ကျွမ်းနေသော အခြေအနေဆိုးကို ကမ္ဘာပေါ်ရှိ မီးသတ်တပ်ဖွဲ့များ လုပ်ဆောင်နိုင်စွမ်းရှိမယ် မထင်ပါဘူးလို့ ဆိုပါတယ်။

ဘာမှ လုပ်ဆောင်နိုင်စွမ်းမရှိသော်လည်း မီးလောင်ကျွမ်းနေတဲ့သူမဆီမှ ဆုတ်ခွာကာ စောင့်ကြည့်ရင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ယူထားကြပါတယ်။ သတင်းထောက်တွေကလည်း သင္ဘာန်များစီးကာ သတင်းယူနေကြသကဲ့သို့ ဟယ်လီကော်ပတာများသည် ဦးခေါင်းထက် ကောင်းကင်မှာ ပတ်ချာလည် ဝဲပျံနေကြပါတယ်။

ညနေ ၅ နာရီ ၄၅ မိနစ်တွင် သင်္ဘောကြီးရဲ့အပေါ်ပိုင်း ဖွဲ့စည်းတည်



ဆောက်ထားသော ခန်းမကြီးများနှင့် ကုန်းပတ်ပဉ္စမထပ်မှာ သဘော်ရဲဦးပိုင်းမှ နောက်ပိုင်းအထိ မီးတောက်မီးလျှံများက ဝါးမျိုလောင်ကျွမ်းသွားပါပြီ။ ထွက်ရှိလာသော မီးခိုးငွေ့မှိုင်းလုံးကြီးကလည်း ဟောင်ကောင်ဆိပ်ကမ်းတစ်ခုလုံးကို လွှမ်းခြုံဖုံးအုပ်လို့ သွားပါတယ်။

သဘော်ကြီးရဲ့ ၁၁ ထပ်လုံးမှာ မီးလောင်ကျွမ်းဝါးမျိုသွားပြီး၊ တချို့မှာ ပြိုပျက်ကျကုန်သကဲ့သို့ သဘော်ခေါင်းတိုင်ရဲ့ သံထည်လည်း အရည်ပျော်စပြုနေပြီ၊ တည်ဆောက်ထားသော သတ္တုသံထည်များ မီးလောင်ကျွမ်းမှုကြောင့် မီးနီရောင်သန်းလို့ နေပါတယ်။

နောက်တစ်နေ့ မနက် ၈ နာရီမှာ သဘော်ကြီးရဲ့ တိမ်းစောင်းမှုက ၂၀ ဒီဂရီ အထိတိုးကာ ညာဘက်စောင်းသွားပါတယ်။

နံနက် ၉ နာရီမှာ သီးခြားစီဖြစ်သွားသော ခေါင်းတိုင်များ၊ အနောက်ဘက်ရွက်တိုင်၊ အနောက်ဘက်ကုန်းပတ် ၅ ထပ်ရဲ့ အစိတ်အပိုင်းများ၊ ပဲ့ထိန်းစင်ခန်းရဲ့ အစိတ်အပိုင်းတို့ ပြိုပျက်ကျကုန်ပါတယ်။ ထုထည်ကြီးမားသော သံမဏိသဘော်ကိုယ်ထည်ကြီးမှာလည်း ကတ်ထူပုံးကြီးပမာ ဖြစ်လို့နေပါပြီ။

နောက် ၂၄ နာရီအကြာ ညနေပိုင်းမှာ ထိတ်လန့်ကြောက်ရွံ့ဖွယ်ရာမြင်ကွင်းစတင်လာခဲ့ပါပြီ။ ကြီးကျယ်ခမ်းနားလွန်းသော သဘော်ကြီးမှာ တိမ်းစောင်းနေသည့် ညာဘက်သို့ ပိုမိုတိမ်းစောင်းနိမ့်သွားကာ သဘော်ကြီးရဲ့ ကိုယ်ထည်တစ်ဝက်သည်လည်း ရေထဲသို့နစ်မြုပ်သွားပါတော့တယ်။

ပင်လယ်ရေပြင်ပေါ်သို့ ငေါထွက်နေသော သဘော်ကြီးရဲ့ ကိုယ်ထည်တစ်ဝက် သံမဏိပြားတွေမှာ တွန့်လိမ်ကောက်ကွေးလို့ နေပါတော့သည်။

❖ ❖ ❖ ❖ ❖ ❖

ထိုကဲ့သို့သော သဘော်ကြီးရဲ့သဘာဝဘေးအန္တရာယ်ကြီးက ဒီနေရာမှာ ပြီးမသွားသေးပါဘူး။ နောက်သုံးလကျော်ခန့်တိုင်အောင် တန်ချိန် ၃၀၀၀ ကျော်ရှိ လောင်စာဆီများသည် သဘော်ကြီးရဲ့ ကိုယ်ထည်ထဲမှ စတင်စိမ့်ထွက်လာသည်မှာ နှစ်မိုင်ပတ်ဝန်းကျင်ကို ထူထပ်သော အညစ်အကြေးလွှာအဖြစ်နှင့် ပင်လယ်ရေပြင်အပေါ်မှ မရောနှောဘဲ သီးသန့်ဖုံးအုပ်လို့နေသည်မှာ ဟောင်ကောင်ဆိပ်ကမ်းတစ်ဝိုက်မှာပင် ဖြစ်ပါတယ်။

❖ ❖ ❖ ❖ ❖ ❖

ရေကြောင်းဆိုင်ရာ တရားရုံးတော်မှာလူ သို့မဟုတ် မသိသောလူကြောင့် မီးလောင်မှုဖြစ်ပွားရခြင်း အကြောင်းအရင်းအား၊ မီးလောင်မှုအက်ဥပဒေအရ ဖြစ်စဉ် အလိုက် စုံစမ်းစစ်ဆေးကာ သေချာစွာ စဉ်းစားကြပါတယ်။

(Lloyd's of London) ပြောသည်မှာ ဤကဲ့သို့ ရုတ်တရက်တွေ့ကြုံရသော သဘာဝဘေးအန္တရာယ်မှာ တစ်ခုတည်းသော အကြီးမားဆုံး အာမခံဆုံးရှုံးမှုများက သဘော်လိုင်းမှာ သမိုင်းတွင်စေခဲ့ပါတယ်။ ထို့အတူ (Lloyd's) နှင့် အခြားကုမ္ပဏီများ ဆန့်ကျင်ဖီလာတောင်းဆိုမှုမှာ အကောင်းဆုံးဖြစ်နိုင်သော ဒေါ်လာ ၈ သန်းပင် ဖြစ်ပါတော့သည်။


ဘုရင်မကြီးလို မည်မျှပင် ခမ်းနားလှပကြီးကျယ်ဂုဏ်ယူဖွယ်ရာ ရှိနေစေကာမူ ရုတ်တရက် သဘာဝမီးဘေးအန္တရာယ် ကြုံတွေ့လိုက်ရသောအခါ ပင်လယ်ကြီးရဲ့ (Mistress) တိတ်တိတ်ပုန်း ဇနီးသည်အဖြစ်နှင့် နစ်မြုပ်နေသွားခဲ့ရပါတော့တယ်။

ကိုဇော်

Ref: Reader's Digest.
Vo-21 No.125
August, 1973
Death of a Queen. By Wong Yi အား ဘာသာပြန်ဆိုရေးသားပါသည်။



ကမ္ဘာပေါ်မှာ ကိုယ်တစ်ယောက်ထဲ ကျန်ခဲ့ပြီးမှ ထာဝရပိုးဆိုးခံရသလား...



''ဘာ . . .ဘာပြောတယ်၊ အဖေနောက် အိမ်ထောင်ပြုတော့မယ်၊ ဟုတ်လား''

''ဟုတ်တယ်အစ်ကို၊ သေချာသလောက်ဖြစ်နေပြီ''

''ဒီအသက်အရွယ်နဲ့ နောက်အိမ်ထောင် မပြုသင့်တော့ပါဘူး၊ ငါ့ညီမတို့ မတားကြဘူးလား''

''ညီမတို့တားပါတယ်၊ ဘွားလေးရဲ့ ဆန္ဒကို မလွန်ဆန်နိုင်လို့ပါတဲ့၊ အစ်ကိုလာနိုင်ရင်ကောင်းမယ်၊ အချိန်မီတားနိုင်တာပေါ့၊ အစ်ကိုလာရင် မောင်လေးထွန်းမြင့်ပါ ခေါ်ခဲ့ပါလား၊ ဒီမှာက သမီးတွေချည်းပဲ၊ သားတွေတားရင်တော့ ရမယ်ထင်တယ်'' တွင် အဆောင်ငှားနေထိုင်သည်။ ကျွန်တော်နှင့် ကျွန်တော့်ညီ ယောကျ်ားလေးနှစ်ယောက်သာ လုပ်ငန်းတာဝန်အရ ရန်ကုန်မြို့တွင် နေထိုင်လျက်ရှိသည်။

ကျွန်တော်တို့မိခင် ကွယ်လွန်ခဲ့သည်မှာ ဆယ်နှစ်ကျော်ခန့်ရှိခဲ့ပြီဖြစ်သည်။ ယခုဆိုလျှင် အဖေ့အသက်မှာ ခြောက်ဆယ်စွန်းခဲ့ပြီဖြစ်သည်။ ဖေဖေ့ပင်စင်လစာအပြင် သားသမီးများ ဝိုင်းဝန်းထောက်ပံ့ငွေဖြင့် ဖေဖေရပ်တည်နေထိုင်ခဲ့သည်။ ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်မှာလည်း ဝန်ထမ်းများသာဖြစ်သည်။ ဖေဖေ နောက်အိမ်ထောင်ပြုမည့်သတင်းကို လွန်ခဲ့သော တစ်နှစ်ခန့်ကတည်းက ကျွန်တော်ကြားသိခဲ့ရသည်။ ဖေဖေနောက်ထပ် လက်ဆက်မည့်သူမှာ အခြားသူမဟုတ်ပါ။ ကျွန်တော်တို့ ဘွားလေး၏ခင်ပွန်း ဘိုးလေး၏ တူမဖြစ်သည်။ မုဆိုးမ ကလေးတစ်ယောက်မိခင်ဖြစ်သည်။ သူ့ခင်ပွန်းကွယ်လွန်သွားပြီးချိန်မှစ၍ ဘိုးလေးနှင့်ဘွားလေးတို့ကပင် သားသမီးအရင်းသဖွယ် ခေါ်ယူကျွေးမွေးထားခဲ့သည်။ ကျွန်တော့်ထက် အသက်အနည်းငယ်သာကြီးသည်ဟုသိရသည်။ တစ်ဆယ့်သုံးနှစ်အရွယ် အပျိုပေါက်သမီးတစ်ယောက်လည်းရှိသည်။ ဖေဖေက ခြောက်ဆယ်ကျော်၊ သူက လေးဆယ်ကျော်ဖြစ်သည်။ ဖေဖေ နောက်အိမ်ထောင်ထူမည့်သတင်းလွန်ခဲ့သည့်နှစ်က ကြားခဲ့စဉ်မှာပင် ကျွန်တော်တို့ မောင်နှမများက ကန့်ကွက်ခဲ့ကြသည်။ ထို့ကြောင့် အချိန်တစ်နှစ်ခန့်ကြာခဲ့သည်။ ယခုကြားသိရသည့် ဖုန်းသတင်းအရ ဖေဖေ နောက်အိမ်ထောင် အမှန်တကယ်ပင် ပြုတော့မည်ထင်သည်။

ဖေဖေ နောက်အိမ်ထောင်ထူမည့်သတင်း လွန်ခဲ့သည့်နှစ်က ကြားခဲ့စဉ်မှာပင် ကျွန်တော်တို့မောင်နှမများက ကန့်ကွက်ခဲ့ကြသည်။ ထို့ကြောင့် အချိန်တစ်နှစ်ခန့်ကြာခဲ့သည်။ ယခုကြားသိရသည့် . . .



''အစ်ကိုသိပြီ၊ ခွင့်ယူပြီးလာခဲ့မယ်၊ ထွန်းမြင့်ပါခေါ်ခဲ့မယ်''

''ဒါပဲနော်၊ ညီမ အစ်ကိုဆီဖုန်းဆက်တာ အဖေ မသိစေနဲ့နော်''

''အေး . . .အေး ကောင်းပြီ''

မော်လမြိုင်မြို့နေ ကျွန်တော့်ညီမက ရန်ကုန်မြို့နေ ကျွန်တော့်ထံ တယ်လီဖုန်းနှင့်ဆက်သွယ်အကြောင်းကြားလာခြင်းဖြစ်သည်။ ကျွန်တော်တို့မိသားစုတွင် မောင်နှမခြောက်ယောက်ရှိသည်။ သားယောကျ်ားနှစ်ယောက်နှင့် သမီးမိန်းကလေး လေးယောက်ရှိသည်။ ယခု ဖုန်းဆက်လာသူမှာ ကျွန်တော့်အောက် ဒုတိယအကြီးဆုံး ကျွန်တော့်ညီမ ဖြစ်သည်။ မောင်နှမခြောက်ယောက်တွင် ကျွန်တော်က အကြီးဆုံးဖြစ်သည်။ ဖုန်းဆက်လာသူ ကျွန်တော့်ညီမ တစ်ဦးသာ မုဆိုးဖိုအဖေနှင့် အတူနေထိုင်ပြီး ပြုစုစောင့်ရှောက်နေသည်။ သူ့အောက် ညီမနှစ်ဦးမှာ အိမ်ထောင်သည်များဖြစ်ပြီး သီးခြားအိမ်ခွဲနေကြသည်။ အငယ်ဆုံးညီမ တစ်ဦးသာ အပျိုဖြစ်သည်။ ကျောင်းဆရာမ တစ်ဦးဖြစ်ပြီး ကျောင်းနှင့်နီးရာ ရပ်ကွက်

မဟုတ်သေးပါဘူး ဘွားလေးရာ၊ အဖေနဲ့ ဒီလောက်အသက်ကွာတာ၊ ပြီးတော့ အဖေ့ကို သားသမီးတွေကလည်း တတ်နိုင်သလောက် ထောက်ပံ့နေကြတာပဲမဟုတ်လား

ဆောက်လုပ်ရေးရုံးချုပ်တွင် အလုပ်လုပ်နေသော ကျွန်တော့်ညီကို အကြောင်းကြားကာ ညီအစ်ကိုနှစ်ယောက်ခွင့်ယူပြီး မော်လမြိုင်သို့ လိုက်သွားကြသည်။ မော်လမြိုင်မြို့၊ ရွှေပြည်အေးရပ်ကွက် နေအိမ်ရောက်ချိန် အဖေ့ကို အဆင်သင့်တွေ့ရသည်။

''ဟော သားကြီးတို့ညီအစ်ကိုပါလား၊ အလည်လာကြတာလား''

''အဖေနေကောင်းတယ်နော်၊အလည်ဆိုလည်းဟုတ်တယ်၊ အဖေ့ကိုတွေ့ချင်တာလည်းပါတယ်၊ ဒါကြောင့် ကျွန်တော်တို့ညီအစ်ကို ခွင့်ယူပြီးလာခဲ့တာ''

''အဖေ့ကိုတွေ့ချင်တာ အကြောင်းရှိလို့လား သားကြီး''

''သတင်းကြားလို့လာခဲ့တာ၊ အဖေတကယ်ပဲ နောက်အိမ်ထောင်ပြုတော့မလို့လား''

''ဟုတ်တယ် သားကြီး၊ မင်းတို့ ဘွားလေးရဲ့ဆန္ဒပါ၊ သူတူမ နောင်ရေးအတွက် စီစဉ်ရတာတဲ့''

''အဖေက မငြင်းဘူးလား''

''ငြင်းတာပေါ့ သားကြီးရယ်၊ သားသမီးတွေ သဘောမကျတဲ့အကြောင်း ပြောပြပါတယ်၊ သူ့တာဝန်ထားဆိုပြီး မင်းတို့ ဘွားလေးက စီစဉ်တာ''

''ဒါဆို ကျွန်တော် ဘွားလေးနဲ့သွားတွေ့လိုက်ပါအုံးမယ်''

''သားကြီးသဘောပဲလေ''

ကျွန်တော်တို့အတွက် အဘွား၏ညီမဖြစ်သော်လည်း ဘွားလေးကိုအားလုံးက လေးစားရိုသေကြသည်။ ဘွားလေးစကားကို လွန်ဆန်ဝံ့သူမရှိပေ။ ချစ်ကြောက်ရသော ဘွားလေး၏ဩဇာက မိသားစုကို လွှမ်းမိုးထားသည်။ စျေးကြိုရပ်ကွက်ရှိ ဘွားလေးတို့နေအိမ်သို့ ကျွန်တော်ရောက်ရှိသွားချိန်တွင် ဘွားလေးမှာ ကုန်စုံဆိုင်အရောင်းအဝယ်ကိစ္စဖြင့် အလုပ်ရှုပ်နေပါသည်။ ကျွန်တော်တို့ မိထွေးတော်ရမည့် ဒေါ်အုံးကြည်မှာလည်း စျေးဝယ်သူများဖြင့် အလုပ်ရှုပ်နေသည်ကိုတွေ့ရသည်။ ဘွားလေးတို့မှာ သားထောက်သမီးခံမရှိ၍ မြေးများကိုအလွန်ချစ်သည်။ ကြိုကြိုက်၍ သွားရောက်ကန်တော့လေတိုင်း ဝမ်းသာမျက်ရည်လည်ဖြစ်ကာ အသံများပင် တုန်နေတတ်သည်။ ကျွန်တော်တို့ညီအစ်ကိုနှစ်ယောက် အိမ်ပေါ်ရောက်သည်နှင့် စျေးဆိုင်ကိုပစ်ထားခဲ့ကာ အိမ်ပေါ်တက်လာသည်။

''ငါ့မြေးတွေ ဘယ်တုန်းကရောက်တာလဲ၊ အလည်လာတာလား''

''မနေ့ကရောက်တာ၊ ဘွားလေးကို သတိရလို့ လာကန်တော့တာပါ''

''သာဓုပါရှင်...သာဓုပါ၊ ဒါဆို ဒီညဒီမှာပဲအိပ်ကြ၊ မင်းတို့လာတာ အတော်ပဲ၊ ငါပြောစရာရှိတယ်၊ မင်းတို့အဖေနဲ့တွေ့ပြီးပြီမဟုတ်လား''

''ဟုတ်ကဲ့ အဖေနဲ့တွေ့ပြီးပါပြီ''

''ငါ့မြေးတွေ ဘာစားချင်လဲ၊ ဘာဟင်းချက်ရမလဲပြော၊ အဘွားကိုယ်တိုင်ချက်မယ်၊ ကဲ-အုံးကြည်ရေ စျေးရောင်းတာသမီးနဲ့ထားခဲ့၊ ငါ့မြေးတွေ ညနေစာအတွက် စျေးသွားဝယ်ပေးပါအုံး''

တစ်ဆက်တည်းပင် ဘွားလေးက အိမ်ဘေးဆိုင်တွင် စျေးရောင်းနေသော သူ့တူမ ဒေါ်အုံးကြည်ကိုလှမ်းပြောလိုက်သည်။

''ဘွားလေးဆိုင်က တော်တော်ရောင်းရသားပဲ''

''မင်းတို့မြင်တဲ့အတိုင်းပဲ၊ ဒီဆိုင်နဲ့စီးပွားဖြစ်နေတာ၊ အုံးကြည်တို့သားအမိပဲ လုပ်နေကြတာ၊ အဘွားက အသက်ကြီးပြီလေ''

ဒေါ်အုံးကြည် စျေးမှပြန်လာသည်နှင့် အဘွားလေးကိုယ်တိုင် မီးဖိုချောင်ဝင်ကာ ချက်ပြုတ်ပါတော့သည်။

ညနေစာစားသောက်ပြီးချိန်တွင် ဘွားလေးက ကျွန်တော်တို့ညီအစ်ကိုနှစ်ယောက်ကို စကားပြောသည်။

''မင်းတို့အဖေနဲ့ တွေ့ခဲ့ပြီးပြီဆိုတော့ မင်းတို့သိနေလောက်ပြီ၊ မင်းတို့အဖေကို ငါ့တူမ အုံးကြည်နဲ့နေရာချထားပေးဖို့ စီစဉ်ထားတယ်၊ ဒီတစ်ခါ မင်းတို့ ဘာမှမပြောပါနဲ့တော့''

''ဘွားလေးစီစဉ်တာတော့ဟုတ်ပါပြီ၊ ဘိုးလေးသဘောကကော''

''မင်းတို့ဘိုးလေးသဘောတူလို့ ငါကိုယ်တိုင်စီစဉ်တာ၊ တို့အမွေတွေ သူစိမ်းလက်ထဲပါသွားမှာစိုးလို့ ခုလိုစီစဉ်ရတာ၊ သူတို့ကိုနေရာချထားပြီးရင် မင်းတို့ ဘိုးလေးကော ငါပါနှစ်ယောက်စလုံး သာသနာ့ဘောင် ဝင်ကြတော့မယ်၊ သံသရာအတွက် ပါအောင် လုပ်ရအုံးမယ်၊ မင်းတို့ဘိုးလေးက ရဟန်းဝတ်မယ်၊ ငါက ယောဂီဝတ်တော့မယ်''

''ဒါဆို ဒီအိမ်ကြီးနဲ့ဒီဆိုင်ကို ဘယ်သူဦးစီးမှာလဲ''

''မင်းတို့အဖေကို အားလုံးပေးခဲ့မယ်၊ ခြံရော၊ အိမ်ရော၊ ဆိုင်ပါပေးခဲ့မယ်၊ တို့ပိုင်ဆိုင်တာအားလုံးစာချုပ်စာတမ်းနဲ့ တရားဝင်လွှဲပေးခဲ့မယ်၊ သူနဲ့အုံးကြည်တို့သားအမိဆက်ပြီးတော့ ရောင်းဝယ်စားသောက်ကြပေါ့၊ မင်းတို့ဘိုးလေးက သူ့တူမနဲ့မြေးမလေးတို့အတွက် စိတ်ချချင်လို့ ငါ့ကိုစီစဉ်ခိုင်းတာ''

''မဟုတ်သေးပါဘူး ဘွားလေးရာ၊ အဖေနဲ့ဒီလောက်အသက်ကွာတာ၊ ပြီးတော့ အဖေ့ကို သားသမီးတွေကလည်း တတ်နိုင်သလောက် ထောက်ပံ့နေကြတာပဲမဟုတ်လား''

''မင်းတို့က တစ်လကို သုံးလေးထောင် ပို့ပေးတာနဲ့ ဖအေ့အပေါ် ဝတ္တရားကျေပြီလို့ ထင်နေလား၊ မင်းတို့နှစ်ယောက်ကကော တစ်နှစ်တစ်ခေါက်တောင် မှန်မှန်ရောက်လို့လား၊ ပြီးတော့ မင်းအဖေနဲ့အတူနေတဲ့ မင်းညီမကကော အဖေတာဝန်ကျေလို့လား၊ စားချိန်မှာ ခူးခပ်ကျွေးရုံနဲ့ပြီးရောလား၊ အနီးကပ်ပြုစုဖို့လိုတယ်၊ မင်းတို့အသက်ကြီးမှသိမယ်''

ဘွားလေးပြောသော စကားများက မှန်သင့်သလောက်မှန်နေသည်။ မမေကွယ်လွန်ပြီးနောက်ပိုင်း ဖေဖေတစ်ယောက်တည်း အထီးကျန်သလိုဖြစ်နေသည်။ သားသမီးတွေက အဝေးရောက်နေကြသည်။ ဝန်ထမ်းမဟုတ်သော ကျွန်တော့်ညီမတစ်ယောက်သာ အဖေနှင့်အတူနေထိုင်ခဲ့သည်။ မောင်နှမများစိတ်ဝမ်းကွဲမည်စိုး၍ အဖေ့ကိစ္စကျွန်တော်ငြင်းနေသော်လည်း ဘွားလေးကပြတ်သားစွာဆုံးဖြတ်နေသည်။ နောက်ဆုံးဘွားလေးဆုံးဖြတ်ချက်က အတည်ဖြစ်ခဲ့ပါတော့သည်။ ချစ်ကြောက်ရိုသေခဲ့ရသော ဘွားလေးဆန္ဒကို ကျွန်တော် မဆန့်ကျင်ဝံ့တော့ပါ။ နောက်တစ်နေ့နံနက်တွင် ဘွားလေးကိုကန်တော့်ပြီး ရွှေပြည်အေးရပ်ကွက်သို့ ပြန်လာခဲ့သည်။ ကျွန်တော်တို့ညီအစ်ကိုပြန်ရောက်သည်နှင့် အဖေက မေးပါတော့သည်။

''မင်းတို့ ဘွားလေး ဘာတွေပြောလိုက်သေးလဲ''

''ကျွန်တော်တို့က မြေးတွေပဲလေ၊ ဘွားလေးဆန္ဒကို ဘယ်လွန်ဆန်နိုင်ပါ့မလဲ''

''သားကြီးရဲ့သဘောကကော ဘယ်လိုလဲ''

''ဘွားလေးရဲ့ဆန္ဒထဲမှာ စေတနာတွေပါနေတာ ကျွန်တော်ခန့်မှန်းမိတယ်၊ ပြီးတော့ အဖေ့ကိုလည်း ကျွန်တော်နားလည်ပေးလို့ရပါပြီ''

''ငါ့သားကြီးတစ်ယောက်သာ အဖေ့ကို နားလည်ပေးတာပါ၊ မင်းညီမတွေကိုပြောပြပါအုံး၊ သူတို့ငြိုငြင်မှာလဲ အဖေစိုးတယ်''

''စိတ်ချပါအဖေ၊ ညီမတွေကို ကျွန်တော်ပြောပါ့မယ်၊ သူတို့ကလည်း အမေ့နေရာမှာ ဘယ်သူ့ကိုမှအစားမထိုးချင်တဲ့သဘောသာရှိတာပါ၊ သူတို့နားလည်ကြမှာပါ''

ညနေဘက်တွင် ကျွန်တော့်ညီမများအားလုံး အိမ်သို့ရောက်လာကြသည်။ မိသားစုအားလုံး ဆုံစည်းရသည့်အချိန် ဖြစ်သည်။ ဘွားလေးနှင့် ကျွန်တော့်ဆုံးဖြတ်ချက်ကို စိတ်ဝင်တစားမေးလာကြသည်။

''အစ်ကို ဘွားလေးနဲ့တွေ့ခဲ့ပြီးပြီနော်၊ မြေးယောကျ်ားလေးတွေပြောတော့ရရဲ့လား''

''ဘိုးလေး၊ ဘွားလေးတို့ရဲ့စေတနာကို သိခဲ့လို့ အဖေ့ကိစ္စသဘောတူလိုက်ပြီ''

''ဒါဆို အဖေတို့ယူကြပြီးရင် ဒီအိမ်မှာ လာနေကြမှာလား''

''ညီမတွေရဲ့ ရင်ထဲကဆန္ဒတွေကို အစ်ကိုနားလည်ပါတယ်၊ ဒီအိမ်ပိုင်ဆိုင်မှုအတွက် စိုးရိမ်ပြီးမေးကြတာမဟုတ်လား၊ အဖေတို့ ဒီမှာမနေပါဘူး၊ ဈေးကြီးရပ်က ဘွားလေးအိမ်မှာပဲနေကြမယ်''

''ဘိုးလေးဘွားလေးတို့ကကော ဘယ်မှာသွားနေမှာလဲ''

''အဖေတို့ကိစ္စစီစဉ်ပြီးတာနဲ့ ဘိုးလေးကော ဘွားလေးကော နှစ်ယောက်စလုံး အပြီးအပိုင် သာသနာ့ဘောင်ဝင်ကြတော့မယ်၊ သူတို့ပိုင်ဆိုင်မှုအားလုံး အဖေနဲ့ သူတို့တူမကို စာချုပ်နဲ့ တရားဝင်လွှဲပေးခဲ့မယ်''

''အဖေတို့ယူပြီးရင် ဒေါ်အုံးကြည်က အဖေ့ဇနီးဖြစ်သွားပြီ၊ ဒီအိမ်ခြံမြေပိုင်ဆိုင်မှု သူတို့နဲ့ပတ်သက်လာပြီထင်တယ်၊ ဒေါ်အုံးကြည်နဲ့ သူ့သမီးလည်း ဒီအိမ်ကိုပိုင်ဆိုင်ခွင့်ရှိလာမှာလား''

''ဒါတွေမပူပါနဲ့၊ သူတို့နဲ့ ဘာမှမပတ်သက်စေရဘူး၊ အဖေ အစ်ကို့ကို အားလုံးပြောပြီးပြီ၊ ဘွားလေးတို့ အိမ်နဲ့ခြံကြီးကတို့အိမ်ထက် အများကြီးတန်ဖိုးရှိတာပဲ''

''ကိုယ့်မိဘအမွေကို သူစိမ်းလက်ထဲခွဲမပေးနိုင်ပါဘူး''

''ဘာ ငါ့ညီမတွေ ဘယ်လိုပြောလိုက်တာလဲ၊ ဘွားလေးတို့က သူတို့ပိုင်ဆိုင်သမျှအားလုံး ဈေးဆိုင်ပါမကျန် အဖေနဲ့သူတို့တူမကို လွှဲပေးခဲ့ကြမှာ၊ မင်းတို့စကားတွေမလွန်စေနဲ့''

''ညားပြီးလို့ အဖေစိတ်ပြောင်းသွားရင်မခက်ဘူးလား၊ ဟိုဘက်က မယားပါသမီးကလည်း ရှိသေးတယ်''

''တော်ကြတော့၊ ခုမှ မိဘအမွေကိစ္စဘာလို့ပြောနေကြတာလဲ၊ အစ်ကိုတို့နှစ်ယောက်ဆို တစ်နှစ်တစ်ခေါက်တောင်မှန်မှန်မရောက်ခဲ့ဘူး၊ တစ်မြို့ထဲနေကြတဲ့ ငါ့ညီမတွေကော အဖေ့အနားကို မှန်မှန်ရောက်ခဲ့ကြလို့လား၊ အမေမရှိတော့တဲ့နောက်ပိုင်း အဖေတစ်ယောက်ထဲ ဘယ်လိုနေထိုင်စားသောက်နေလဲ၊ အဖေ့ကျန်းမာရေးအခြေအနေ မေးခဲ့ကြဖူးလို့လား၊ ငွေလေးတစ်ထောင် နှစ်ထောင် လစဉ်မှန်မှန်ပေးခဲ့ကြလို့လား၊ အဖေပြောပြလို့ အားလုံးသိခဲ့ပြီးပြီ''

''ညီမတို့မပေးနိုင်လည်း အဖေပင်စင်လစာရှိသေးတာပဲ''

''အေး၊ အဲဒီအဖေ့ပင်စင်လစာ နှစ်လသုံးလပေါင်းပြီး ထုတ်လာတဲ့ရက်မှာဆိုရင် မြေးတွေအတွက် မုန့်တွေဝယ်၊ ကစားစရာအရုပ်တွေဝယ်ရတာနဲ့ ကုန်တော့တာပဲ၊ မင်းတို့အဖေ့ရဲ့ အထီးကျန်ဘဝကို နားလည်ပေးကြပါကွာ''

အဖေ နောက်အိမ်ထောင်ပြုသည့်ကိစ္စ ညီမတွေ မကျေနပ်ကြသော်လည်း ကျွန်တော်နှင့် ဘွားလေးအဆုံးအဖြတ်ကြောင့် မဆန့်ကျင်ရဲကြတော့ပါ။ ညီမများကို အသေအချာရှင်းပြီးမှ ကျွန်တော်တို့ ရန်ကုန်ပြန်လာခဲ့သည်။ ကျွန်တော် ရန်ကုန်ပြန်ရောက်ပြီး သုံးလခန့်တွင် အဖေနှင့် ဒေါ်အုံးကြည်တို့ လက်ထပ်ကြသည်။ ဒေါ်အုံးကြည်နှင့်လက်ထပ်ပြီး အဖေ ဈေးကြီးရပ်သို့ ပြောင်းရွှေ့နေထိုင်ကြောင်းနှင့် နောက်နှစ်လ၊ သုံးလအကြာတွင် ဘိုးလေးနှင့်ဘွားလေးတို့ သာသနာ့ဘောင်ဝင်သွားသည့်သတင်းများ ကြားသိခဲ့ရသည်။ လုပ်ငန်းတာဝန်များကြောင့်ကျွန်တော်မရောက်ဖြစ်ခဲ့ပါ။ အဖေတို့ ကုန်မျိုးစုံဆိုင်အရောင်းအဝယ်ကောင်း၍ အဖေတို့ စီးပွားတိုးတက်နေကြောင်း သိရသည်။ ကျွန်တော်တို့ မောင်နှမများထောက်ပံ့ငွေကို အဖေ လက်မခံတော့ပါ။ မြေးများကိုသာ ဂရုတစိုက်

တစ်မြို့ထဲနေကြတဲ့ ငါ့ညီမတွေကော အဖေ့အနားကို မှန်မှန်ရောက်ခဲ့ကြလို့လား၊ အမေမရှိတော့တဲ့နောက်ပိုင်း အဖေတစ်ယောက်ထဲ ဘယ်လိုနေထိုင်စားသောက်နေလဲ၊ အဖေ့ကျန်းမာရေးအခြေအနေ မေးခဲ့ကြဖူးလို့လား . . .

ကျွေးမွေးစောင့်ရှောက်ရန် အဖေမှာသည်။

ဤသို့ဖြင့် အဖေနောက်အိမ်ထောင် ပြုခဲ့သည်မှာ နှစ်နှစ်ကျော်သုံးနှစ်ခန့်ရှိခဲ့ပြီ ဖြစ်သည်။ ရဟန်းဝတ်ထားသော ဘိုးလေး လေဖြတ်ခံထားရကြောင်းသိရ၍ ကျွန်တော် မော်လမြိုင်တစ်ခေါက်ရောက်ခဲ့သည်။ မုဆိုမြို့ အနီး ဖားအောက်တောရကျောင်းသို့ အဖေ နှင်အတူ ကျွန်တော်ရောက်ခဲ့သည်။ ဘိုး လေးနှင့်ဘွားလေးတို့မှာ တစ်ကျောင်းတည်း တွင်တရားအားထုတ်နေကြသည်။ ဘိုးလေး မှာ လမ်းကောင်းကောင်း မလျှောက်နိုင် တော့ပါ။ ကျွန်တော်တို့သားအဖကို စကား သိပ်မပြောပါ။ တရားသမားပီပီ သံယော ဇဉ် ဖြတ်ထားပုံရသည်။ သူ့တူမအကြောင်း ကောင်းရဲ့လား၊ ပစ္စည်းတွေတင်ထားတာ နည်းသွားသလိုပဲ''

''ဆိုင်က အဆင်ပြေပါတယ်၊ အုံး ကြည်နဲ့ သူ့သမီးဦးဆောင်ပြီး လုပ်နေတာ ပဲ၊ ပစ္စည်းတွေနည်းသွားတာလည်း ဟုတ် တယ်၊ ကြံုတုန်း သားကြီးကိုပြောပြရမယ်၊ သမီးတွေက ခဏခဏလာပူဆာနေကြ တယ်၊ ပူဆာကြတော့လည်း အဖေပေးရပြန် ရော''

''အဖေ့သမီးတွေက ဘာတွေပူဆာပြီး ဘာတွေတောင်းကြတာလဲ''

''ကလေးကျောင်းစရိတ်ကအစအကြောင်း အမျိုးမျိုးပြပြီး ငွေလာတောင်းကြတယ်''

''သူတို့လာတောင်းတိုင်း အဖေက ပေးတာပဲလား''

''အဖေပဲလေ၊ တောင်းတိုင်း ပေးချင် တာပဲ၊ ခေါင်းမခါချင်ဘူး၊ လိုသလောက် မရရင် စိတ်ကောက်တဲ့သူက ရှိသေးတယ်၊ သူတို့စိတ်ကောက်တာမြင်တော့ အဖေ စိတ်မကောင်းဖြစ်ပြန်ရော''

''သူတို့ လွန်လွန်းတယ်၊ အဖေ့ကို မထောက်ပံ့တော့တဲ့အပြင် ဒုက္ခလာပေးနေ ကြတယ်၊ နောက်ကို သူတို့တောင်းတိုင်း မပေးပါနဲ့တော့''

''သားလည်း ဖခင်ဘဝရောက်နေပြီ လေ၊ သားသမီးလိုအင်ဆန္ဒ၊ လိုအပ်ချက် တွေဖြည့်ဆည်းပေးချင်တာ မိဘရဲ့ဆန္ဒပါပဲ''

''အဖေပေးတာတော့ဟုတ်ပါပြီ၊ ရှာ တော့ ဒေါ်အုံးကြည်နဲ့သူ့သမီးကရှာတယ်၊ ပေးတော့ အဖေ့သားသမီးတွေကို ပေး တယ်၊ ဒေါ်အုံးကြည် ဘာမှမပြောဘူးလား''

အဖေပဲလေ၊ တောင်းတိုင်း ပေးချင်တာပဲ၊ ခေါင်းမခါချင်ဘူး၊ လိုသလောက်မရရင် စိတ်ကောက်တဲ့သူက ရှိသေးတယ်၊ သူတို့စိတ်ကောက်တာမြင်တော့ အဖေ စိတ်မကောင်းဖြစ်ပြန်ရော...



ပင် မမေးခဲ့ပါ။ အပိုစကားသိပ်မပြောပါ။ ''မင်းတို့ အဆင်ပြေကြတယ်မဟုတ်လား၊ ခဏခဏမလာကြနဲ့၊ ပင်ပန်းတယ်၊ အလုပ် ပျက်တယ်''ဟုသာ တိုတိုတုတ်တုတ်ပြော သည်။ ဘိုးလေးက ထိုမျှသာပြောခဲ့သော် လည်း ယောဂီဝတ်ဘွားလေးက ဆုံးမစကား ပြောခဲ့သည်။ ကျွန်တော့်ကိုလည်း မင်းမှာ ညီလေးတစ်ယောက်တိုးလာပြီ ချစ်ချစ်ခင် ခင်စောင့်ရှောက်ပါဟု မှာလိုက်သေးသည်။ ဆေးဝါးများ စားသောက်ဖွယ်ရာများနှင့် ကန်တော့်ပြီး ကျွန်တော်တို့သားအဖ ဖား အောက်တောရကျောင်းမှ ပြန်လာခဲ့ကြ သည်။

ထိုညက ဈေးကြိုရပ်ရှိ အဖေတို့အိမ် တွင်ပင် ကျွန်တော်ညအိပ်ပါသည်။ အဖေ နောက်အိမ်ထောင်မှမွေးသော ယောကျ်ား လေးမှာ ကျွန်တော်တို့ညီအစ်ကိုနှင့် ရုပ်ချင်း အတော်တူနေသည်ကိုတွေ့ရသည်။ မျက်ခုံး၊ နှုတ်ခမ်း၊ နှာခေါင်းကအစ အသားညိုပုံပါ တူနေသည်။ ထိုညက ညဉ့်နက်သည်အထိ အဖေနှင့်စကားပြောဖြစ်ခဲ့သည်။

''အဖေတို့ဆိုင် အရောင်းအဝယ်

''မိထွေးဆိုပေမယ့် အုံးကြည်က တော်ရှာပါတယ်၊ ဘာမှဝင်မပြောပါဘူး၊ အဖေ့သဘောပါပဲ၊ တလောကတောင် မင်းညီမနှစ်ယောက် သူတို့ယောကျ်ား မလေးရှား အလုပ်သွားလုပ်ချင်တယ်ဆိုပြီး အဖေ့ကို ပြောထားကြသေးတယ်''

''လူနှစ်ယောက် မလေးရှားသွားဖို့ စရိတ်နည်းတာမဟုတ်ဘူး၊ အဖေလည်း အသက်ရလာပြီ၊ အဖေတို့နောင်ရေးရှိသေးတယ်၊ အခု ပါးစပ်တစ်ပေါက်ထပ်တိုးလာပြီလေ၊ အဖေ စဉ်းစားအုံးနော်၊ ညီမတွေကို ကျွန်တော်ပြောပါအုံးမယ်''

''မပြောပါနဲ့သားကြီးရယ်၊ သားကြီးကိုမပြောဖို့ သူတို့မှာထားတယ်၊ အဖေပြောတာ သိသွားလို့ အဖေ့ကိုစိတ်ကောက်နေကြအုံးမယ်၊ ပေးနိုင်တာ၊ မပေးနိုင်တာက အဖေ့အပိုင်းပါ၊ ဆိုင်ကပစ္စည်းနည်းလာတော့ အရောင်းအဝယ် အရင်လိုမကောင်းတော့ဘူး''

အဖေစိတ်မကောင်းဖြစ်မည်စိုး၍ ကျွန်တော် ဆက်မပြောတော့ပါ။ နောက်တစ်နေ့ ရွှေပြည်အေးရပ်ပြန်ရောက်တော့မှ အကြောင်းစုံ သိရတော့သည်။ သူတို့မကြာခဏ သွားတောင်းနေကြ၍ အဖေ့ဆိုင် ပြုတ်လုမတတ် ဖြစ်ခဲ့ကြောင်းကိုသိခဲ့ရသည်။ သူတို့တောင်းသမျှ အဖေကပေးခဲ့သည်ချည်းဖြစ်သည်ကိုလည်း သိခဲ့ရပြန်သည်။ ညီမများအပေါ် ဒေါသဖြစ်မိသော်လည်း အဖေ့ရင်တွင်းမှ စုန်ရေမေတ္တာကိုသိရှိခဲ့ရ၍ အဖေ့အပေါ် ပို၍ပင်ရိုသေလေးစားမိခဲ့သည်။

မော်လမြိုင်မှ ရန်ကုန်သို့ပြန်ရောက်ပြီး နောက်နှစ်ဝက်ခန့်အကြာတွင် ကျွန်တော် ရာထူးတစ်ဆင့်တိုးခဲ့သည်။ ရာထူးနှင့်အတူ ပြောင်းရွှေ့အမိန့်ပါ နောက်မှလိုက်လာသည်။ ဦးစီးအရာရှိရာထူးဖြင့် ရခိုင်ပြည်နယ်၊ စစ်တွေမြို့သို့ပြောင်းရွှေ့မိန့် ထွက်လာခြင်းဖြစ်ပြီး ကျောင်းများပြန်မဖွင့်မီ သင်္ကြန်ရက်များအလွန်တွင် ပြောင်းရွှေ့ရမည်ဖြစ်သည်။ တစ်လခန့်ကြိုတင်သိရှိခဲ့၍ ပြောင်းရွှေ့ရေး ကြိုတင်စီမံနိုင်ခဲ့သည်။ တာဝန်ဝတ္တရားလွှဲပြောင်းရေး မိသားစုပြောင်းရွှေ့ရေးပစ္စည်းများ ထုပ်ပိုးရေးတို့ဖြင့် အလုပ်ရှုပ်နေစဉ် မော်လမြိုင်မှ ကျွန်တော့်ညီမ ကျွန်တော့်အိမ်သို့ ရောက်လာသည်။

''အစ်ကို ရခိုင်ဘက်ပြောင်းရမယ်ဆို''

လူနှစ်ယောက် မလေးရှားသွားဖို့ စရိတ်နည်းတာမဟုတ်ဘူး၊ အဖေလည်း အသက်ရလာပြီ၊ အဖေတို့နောင်ရေးရှိသေးတယ်၊ အခု ပါးစပ်တစ်ပေါက်ထပ်တိုးလာပြီလေ...



''အေး ဟုတ်တယ်၊ လူကိုယ်တိုင် မသွားနိုင်တော့လို့စာရေးလိုက်တာ၊ ရန်ကုန်ဘာကိစ္စနဲ့လာတာလဲ၊ အဖေတို့ကော နေကောင်းရဲ့လား''

''အဖေနေကောင်းပါတယ်၊ ညီမ ယောကျ်ား မလေးရှားသွားဖို့ကိစ္စနဲ့ ရန်ကုန်လာတာ''

''ဘာလို့ အစ်ကိုအိမ် လာမတည်းတာလဲ''

''ညီမယောကျ်ားရဲ့အသိ ကြည့်မြင်တိုင်ဘက်မှာရှိတယ်၊ မလေးရှားသွားဖို့ သူပဲဆက်သွယ်ပေးတာ၊ အဲဒီမှာပဲ တည်းကြတယ်''

''ဒါနဲ့ မလေးရှားသွားဖို့ ငွေအရင်းအနှီး ဘယ်ကရသလဲ''

''အဖေ့ဆီက ရခဲ့တာပါအစ်ကို''

''နှင်တို့ အဖေ့ကို တော်တော်ဒုက္ခပေးကြပါလား၊ အဖေက အသက်ကြီးပြီ''

''ညီမယောကျ်ားအလုပ်ရပြီး ပိုက်ဆံပို့လာတာနဲ့ အဖေ့ငွေတွေပြန်ဆပ်မှာပါ၊ အဖေတို့ဆိုင်လည်း အရောင်းအဝယ်ပါးတာနဲ့ ဆိုင်ကိုရောင်းလိုက်ပြီအစ်ကို၊ ဆိုင်ရောင်းလိုက်တဲ့ကိစ္စ အဖေက အစ်ကို့ကိုမပြောပါနဲ့လို့ မှာလိုက်သေးတယ်၊ အစ်ကိုသိသင့်တယ်ထင်လို့ ညီမပြောတာပါ''

''အစ်ကိုသဘောပေါက်ပြီ၊ ငါ့ညီမတွေလိုတဲ့ငွေပေးနိုင်အောင်လို့ ဆိုင်ရောင်းလိုက်တာဖြစ်မယ်၊ အဖေတို့ စီးပွားရေးမရှိတော့ဘူးပေါ့''

''ညီမကိုပေးပြီး ငွေပိုသေးတယ်တဲ့၊ အဲဒီငွေလေးကို ရင်းနှီးထားတယ်လို့သိရတယ်''

''ငါ့ညီမတွေက ကိုယ်လိုချင်တာပဲ သိကြတယ်၊ အဖေ့ဘက်က မစဉ်းစားပေးကြဘူး''

ညီမဖြစ်သူကို အပြစ်ပြောရင်းနှင့်ပင် အဖေ့မေတ္တာကို တွေးကြည့်မိသည်။ သားသမီးအပေါ်ထားရှိသော မိဘ၏စုန်ရေမေတ္တာကို ပိုမိုနားလည်ခွင့်ရခဲ့သည်။ သင်္ကြန်ရက်များကုန်လွန်ပြီး မေလဆန်းတွင် ကျွန်တော် စစ်တွေသို့ပြောင်းရွှေ့သွားရပါသည်။ စစ်တွေရောက်ပြီး အလုပ်အကိုင် အနေအထိုင်အတည်တကျဖြစ်မှ မော်လမြိုင်သို့ စာရေးဆက်သွယ်ခဲ့သည်။ ကျွန်တော် စစ်တွေရောက်ပြီး တစ်နှစ်ခန့်အကြာတွင် ဘိုးလေးမှာ ရဟန်းဝတ်နှင့်ပင် ပျံလွန်တော်မူခဲ့ကြောင်းကြားသိရသည်။ နောက်တစ်နှစ်ခန့်အကြာမှာပင် ကျွန်တော်တို့ မြေးယောကျ်ားလေးများကို အလွန်ချစ်သော ဘွားလေးသည်လည်း ယောဂီဘဝဖြင့်ပင် ကွယ်လွန်ခဲ့ကြောင်း ကြားသိရပြန်သည်။ စိတ်ကသာ ရောက်ခဲ့သည်။ လူကိုယ်တိုင် မရောက်ဖြစ်ခဲ့ပါ။ စစ်တွေမြို့တွင် လေးနှစ်နီးပါး တာဝန်ထမ်းဆောင်ပြီးချိန်တွင် ရန်ကုန်မြို့သို့ ပြန်လည်ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခွင့် ပြောင်းမိန့်စာထွက်လာသည်။ ရန်ကုန်သို့ ပြောင်းရန်ပြင်ဆင်နေ

စဉ်ပင် အဖေတို့မိသားစု ဈေးကြိုရပ်ကွက်ရှိ ဘိုးလေးဘွားလေးတို့ထံမှ အမွေရခဲ့သော အိမ်နှင့်ခြံကိုရောင်းချလိုက်ပြီး ရွှေပြည်အေးရပ်ကွက်သို့ ပြောင်းရွှေ့နေထိုင်ကြောင်း သိခဲ့ရသည်။

ကျွန်တော် ရန်ကုန်ပြန်ရောက်ပြီး လုပ်ငန်းတာဝန် ထမ်းဆောင်နေရသော်လည်း စိတ်က မော်လမြိုင်ရောက်နေသည်။ အဖေ့ကိုကန်တော့လည်း မကန်တော့ရ၊ မတွေ့ရသည်မှာလည်း ငါးနှစ်ကျော် ခြောက်နှစ်နီးပါး ရှိခဲ့ပြီ။ ဈေးကြိုရပ်မှ ဘိုးလေးဘွားလေးတို့ အမွေပေးခဲ့သောအိမ်နှင့်ခြံကို မည်သည့် အကြောင်းများကြောင့် ရောင်းပစ်ခဲ့ရပါသနည်း။ အဖေ့အသက်အရွယ်နှင့် မည်သည့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်စားသောက်နေပါသနည်း။ သမီးများနှင့်အတူ ပြန်လည်နေထိုင်သည်ဟုသာ သိရသည်။ အဖေနှင့် တွေ့ချင်သည်ကတစ်ကြောင်း၊ အဖေတို့မိသားစု စီးပွားရေးအကြောင်း သိချင်သည်ကတစ်ကြောင်း စသည့်အကြောင်းများကြောင့် ရုံးမှခွင့်ယူပြီး မော်လမြိုင်သွားရောက်ခဲ့သည်။ ရွှေပြည်အေးရပ်ကွက်ရှိ နေအိမ်သို့ရောက်ရောက်ချင်းပင် ကျွန်တော့်ညီမကို မေးလိုက်သည်။

''အဖေတို့မိသားစု ဒီအိမ်မှာနေတာ မဟုတ်ဘူးလား၊ မတွေ့မိပါလား''

''အဖေတို့ ဒီအိမ်မှာမနေဘူးအစ်ကို၊ ဟိုဘက်လမ်းထဲက အိမ်ဝယ်ပြီး သီးခြားနေတာ''

''ဒီအိမ်က အဖေ့အိမ်ပဲ၊ ပြီးတော့ အကျယ်ကြီးပဲ၊ ဘာလို့ငွေအကုန်ခံပြီး အိမ်တစ်လုံးထပ်ဝယ်ရတာလဲ၊ အဖေတို့မိသားစု ဘယ်နှယောက်ရှိလို့လဲ''

''အဖေ့မယားပါသမီးတောင် အိမ်ထောင်ကျသွားလို့ ယောကျ်ားနဲ့လိုက်နေတာ၊ ကျွန်မတို့မောင်လေးနဲ့ပါဆိုမှ မိသားစုသုံးယောက်တည်းရှိတာ''

''ဒီအိမ်မှာ ငါးညီမတွေနဲ့အတူ အဖေတို့ နေလို့ရပါတယ်''

''အဖေက သူ့မိသားစုနဲ့ညီမတို့တွေ ပြဿနာမဖြစ်စေချင်ဘူးတဲ့၊ တစ်ခုခုဖြစ်ခဲ့ရင် ငါ့သမီးတွေ စိတ်ဆင်းရဲနေရမယ်တဲ့၊ အဲဒါကြောင့် အိမ်ခွဲနေတာတဲ့''

''အေးလေ၊ အစ်ကို အဖေ့ဆီလိုက်သွားအုံးမယ်''

အဖေတို့ ဝယ်ယူနေထိုင်သည့်အိမ်ကို တွေ့လိုက်ရစဉ် ကျွန်တော်ရင်ထဲ ဆို့နင့်သွားပါသည်။ ဈေးကြိုရပ်တွင်နေထိုင်စဉ်က ဘိုးလေးဘွားလေးတို့အမွေပေးခဲ့သောအိမ်ကြီးမှာ နှစ်ထပ်တိုက်ခံအိမ်ကြီးဖြစ်သည်။ ခြံကျယ်ကြီးဘေးတစ်ဖက်တွင် ကုန်စုံဆိုင်အဆောက်အအုံက သီးခြားတည်ရှိခဲ့သည်။ ယခု အဖေတို့နေထိုင်သည့်အိမ်မှာ ပေလေးဆယ်ပေခြောက်ဆယ်မြေကွက်ကို တစ်ဝက်ပိုင်းထားသည့် ပေနှစ်ဆယ်ခြောက်ဆယ် မြေကွက်ပေါ်ရှိ တစ်ထပ်သွပ်မိုးပျဉ်ထောင်အိမ်လေးသာဖြစ်သည်။

''ဟော-သားကြီး ရောက်လာပြီ၊ ဘယ်တုန်းက ရောက်တာလဲ''

''ခုမနက်ပဲရောက်တယ်အဖေ၊ ဈေးကြိုက အိမ်ကြီးကို ဘာဖြစ်လို့ရောင်းလိုက်တာလဲ၊ ပြီးတော့ လက်ရှိကျွန်တော့်ညီမတွေ နေနေတဲ့အိမ်ဟာ အဖေ့အိမ်ပါပဲ၊ ဘာဖြစ်လို့ အိမ်အသစ်ထပ်ဝယ်ရတာလဲ''

ကျွန်တော်မမျိုသိပ်နိုင်တော့၍ ရောက်ရောက်ချင်း အဖေ့ကိုမေးလိုက်မိသည်။

''မင်းညီမ ဘာမှမပြောပြလိုက်ဘူးလား၊ အေးလေ သားကြီး မသိသေးတော့ အဖေပြောပြရတာပေါ့၊ မင်းညီမ လုလုဝင်း၊ သူ့ယောကျ်ားမလေးရှားသွားချင်တယ်ဆိုလို့ အဖေဈေးဆိုင်ရောင်းပြီးပေးလိုက်တယ်''

''ကျွန်တော် စစ်တွေမပြောင်းခင်က မဟုတ်လား၊ ကျွန်တော့်ဆီတောင် လာသွားသေးတယ်''



''အေး-ဟုတ်ပါလိမ့်မယ်၊ တစ်ယောက်သွားပြီးမကြာခင်မှာ မင်းညီမ တင်တင်မြင့် အဖေ့ဆီရောက်လာပြန်တယ်၊ သူ့ယောကျ်ားကိုလည်း မလေးရှားပို့ချင်တယ်ဆိုပြီး အပူ လာကပ်ပြန်တယ်''

ပထမသမက်တစ်ယောက်ကို ကူညီပြီးသားဆိုတော့ အဖေမငြင်းသာတော့ဘူးလေ။

''သမက်တွေကို ကူညီချင်တာနဲ့ အဖေတို့အိမ်ကြီးကို ရောင်းလိုက်တာမဟုတ်လား''

''အဲဒီအတွက်ချည်းပဲ မဟုတ်ပါဘူး၊ သမက်တွေ စီးပွားတိုးတက်ပြေလည်စေချင်တာရယ်၊ မင်းညီမအကြီးဆုံးကလည်း သူ့လုပ်ငန်းမှာ ငွေအရင်းအနှီးလိုနေတာတွေ ဖြည့်ဆည်းပေးချင်တာရယ် စတဲ့အကြောင်းတွေကြောင့် အိမ်ကိုရောင်းလိုက်တာပါ၊ ပြီးတော့ အဖေက အသက်ကြီးပြီလေ၊ မင်းညီမတွေက သူတို့အနားမှာလာနေပါဆိုပြီး ခေါ်ကြတာလည်း ပါတာပေါ့ကွယ်၊ ဒါတွေကြောင့် အိမ်ကိုရောင်းခဲ့တာပါ''

''အဖေ့ဆီက မျှော်လင့်စရာငွေတွေရှိနေလို့သာအနားမှာနေဖို့ ခေါ်ကြတာဖြစ်မှာပါ၊ အဖေသိပ်ပြီးအလိုမလိုက်ပါနဲ့၊ ဒါနဲ့ မလေးရှားသွားပြီး အလုပ်သွားလုပ်နေတဲ့ သမက်နှစ်ယောက် အဆင်ပြေတယ်မဟုတ်လား၊ အဖေ့ငွေတွေပြန်ဆပ်ပြီးရောပေါ့''

''အဲဒီအကြောင်းတွေလည်း သားကြီး မသိသေးပဲကိုး၊ နှစ်ယောက်စလုံး သုံးလေးလလောက်ပဲကြာတယ်၊ ဟိုမှာ အလုပ်အဆင်မပြေဘူးဆိုပြီး ပြန်လာကြပြီလေ''

''ဒါဆို အဖေ့ငွေတွေဆုံးပြီပေါ့၊ သူတို့ပြန်မပေးနိုင်ဘူးမဟုတ်လား''

''သမက်တွေလည်း သားတွေပါပဲ၊ သူတို့ ပြေလည်တဲ့တစ်နေ့ ပြန်ပေးကြမှာပါ''

''အခု အဖေတို့မိသားစု ဘာစီးပွားရေး လုပ်နေလဲ''

''ဒီရပ်ကွက်မှာစီးပွားရေးလုပ်ဖို့မလွယ်ပါဘူး၊ မင်းညီမအကြီးဆုံးကို အရင်းအနှီးထုတ်ပေးထားတယ်၊ သူလစဉ်ပေးတဲ့ အတိုးငွေနဲ့စားနေတာ၊ စားလို့လောက်ပါတယ် သားကြီးရယ်''

''ဈေးကြိုရပ်က ဘိုးလေးဘွားလေးတို့အိမ်ကို ရောင်းလိုက်တော့ တော်တော်လေးရမှာပဲ၊ ခုပြန်ဝယ်တဲ့အိမ်က သေးသေး

လေး၊ မြေကွက်ကလည်း ကျဉ်းကျဉ်းလေး အဖေ့မှာ ငွေပိုတွေရှိအုံးမှာပေါ့''

''ဒီအိမ်ဝယ်ပြီးတော့ ငွေပိုငွေလျှံရှိခဲ့ပါ တယ်၊ မင်းညီမအကြီးမက ငွေအတိုးနဲ့ချေး တယ်၊ ပြီးတော့ အပေါင်ခံတဲ့အလုပ်လုပ် တယ်၊ သူအပေါင်ခံထားတဲ့ရွှေငါးကျပ်သား ကျော်ကို လာမရွေးတာကြာတော့ ပြန်ထုတ် ရောင်းတော့မှ အတုတွေဖြစ်နေတာ သိရ တော့တယ်၊ တော်တော်ရှုံးသွားတယ်၊ ပြီး တော့ နွေပြန်တိုးနဲ့ပေးထားတာလည်း ပြန် မဆပ်ဘဲ လိမ်သွားတာရှိသေးတယ်၊ မင်း ညီမ အရင်းပြုတ်မတတ်ဖြစ်ခဲ့တာ၊ စီးပွား ရေး ဆက်လုပ်ဖို့ ငွေထပ်လိုလာပြီလေ၊ ငွေ လိုတော့ အဖေပဲထပ်ထုတ်ပေးရပြန်တယ်''

''ဒါတွေ ကျွန်တော်အခုမှသိရတယ်၊ အဖေ့သမီးတွေက အဖေ့ကိုတော်တော်ဒုက္ခ ပေးနေတာပဲ၊ အဖေနောက်အိမ်ထောင်ပြု မယ် ဆိုတုန်းကတော့ ကန့်ကွက်လိုက်ကြ တာ၊ အဖေ့မှာရှိတော့ ဝိုင်းပြီးနှိပ်စက်ကြ တယ်၊ သူတို့ တော်တော်လွန်နေပြီ''

''သူတို့အလွန်မဟုတ်ပါဘူး၊ အဖေ မပေးလည်းဖြစ်တာပဲ၊ အဖေပေးနိုင်လို့ ပေး ခဲ့တာပါ၊ ဒီထက်မကတောင် ပေးချင်သေး တယ်၊ စုန်ရေဆိုတဲ့ မိဘရင်တွင်းက မေတ္တာ တွေပေါ့၊ စုန်ရေဟာ ဘယ်တော့မှရပ်တန့် သွားတယ်မရှိပါဘူး၊ စဉ်ဆက်မပြတ်စီးဆင်း နေတဲ့ စုန်ရေပါသားကြီးရယ်''

''ဩော်–အဖေရယ်၊ ရှိတဲ့စည်းစိမ် လေး ကုန်သလောက်ဖြစ်နေတာတောင် သမီးတွေကို အဖေက ပေးချင်နေသေး တယ်၊ ဒါနဲ့အဖေ ဘာဖြစ်လို့ ဒီအိမ်လေး ထပ်ဝယ်ရတာလဲ၊ ကျွန်တော်တို့အိမ်ဟာ အဖေ့အိမ်ပဲလေ၊ အဖေပိုင်တာပဲ''

''ဒီအိမ်ဝယ်ရတာက အုံးကြည်နဲ့ သူ့ သားအတွက်ရည်ရွယ်ပြီးဝယ်ခဲ့တာ၊ အုံး ကြည်ရဲ့သားဟာ သားကြီးရဲ့ညီလေးပါပဲ၊ သားကြီး ငယ်ငယ်ကရုပ်အတိုင်းပဲ၊ အဖေ မရှိတော့တဲ့တစ်နေ့ သားကြီးက စောင့် ရှောက်ပေးပါ၊ ဟိုအိမ်ကြီး အဖေပိုင်တာ မှန်တယ်၊ ဒါပေမဲ့ သားတို့မောင်နှမခြောက် ယောက်အတွက် အဖေ့ရဲ့အမွေပေါ့၊ သား ကြီးက ဦးစီးပြီး ထိန်းသိမ်းစောင့်ရှောက်ပါ၊ အဖေမရှိတော့တဲ့နောက်ပိုင်း သားကြီးကပဲ သင့်တော်သလိုစီမံပေးပါ၊ နောင်ရေးအတွက် အဆင်ပြေအောင် ကြိုတင်စီစဉ်ထားတဲ့ သဘောပါ၊ အဖေ့မေတ္တာကို သားကြီးနား လည်ပါတယ်''

''ကျွန်တော်နားလည်ပါတယ်အဖေ၊ ကျွန်တော်နားလည်သလို ညီမတွေလည်း သိနားလည်ကြမှာပါ၊ အဖေ့ကို ကျွန်တော် ကန်တော့ပါရစေ''

ခြောက်နှစ်ကျော်ကွဲကွာခဲ့ရသည့်အဖေ ကို ကျွန်တော်ဦးချကန်တော့ပါသည်။ အဖေ ဆုတွေတစ်သီကြီး ပေးနေသည်ကို ကျွန် တော် မကြားတစ်လှည့်၊ ကြားတစ်လှည့် ဖြစ်နေသည်။ ကြီးမားလှသောအဖေ့မေတ္တာ၊ ရပ်တန့်ခြင်းမရှိဘဲ ထာဝရစီးဆင်းနေသည့် အဖေ့ရင်တွင်းမှ စုန်ရေမေတ္တာကို မျက်ရည် စို့လျက် လေးစားဦခိုက်ကန်တော့လိုက်ရပါ တော့သည်။ ။



မောင်မောင်မိုးအောင်
(စာပေဗိမာန်စာမူဆု၇)

ဒီလို လေးလေးစားစားအသံ မကြားရတာကြာပြီ

တစ်ရက်၊ ကျွန်တော်က နောင်နှစ် ဘတ်ဂျက်အတွက် ကိန်းဂဏန်းတွေနဲ့ အကြီးအကျယ်အလုပ်များနေ ချိန်ပေါ့၊ အထက်ဌာနက အရေးတကြီးလိုချင်လို့ ကျွန်တော်က မမှားယွင်းရအောင် ဂရုတစိုက်တွက်ချက်ပြီး၊ အထက်အရာရှိကို ပြရတယ်။ သူကတစ်ဆင့် ဝန်ကြီးဌာနကို တင်ပြရတယ်။ အဲဒီလိုအလုပ်ရှုပ်နေတဲ့ အချိန် ကျွန်တော့်စာရေးမလေးက Big Boss က ဖုန်းဆက်ခေါ်တယ်ဆိုပြီး ကျွန်တော့်ကို ဖုန်းထိုးပေးတယ်။

''ဟုတ်ကဲ့၊ အမိန့်ရှိပါခင်ဗျာ'' တစ်ဘက်က ကျွန်တော့်ဇနီးက–

''ဒီလောက်ကြီး လေးလေးစားစားမပြောနဲ့ရှင်''လို့ ပြောပါတယ်။ ဆက်ပြီးပြောတာက–

''နားထောင်လို့တော့ ကောင်းသား''တဲ့။





မောင်သီဟ



မျိုးဆက်သစ်တို့ အားမာန်ဝေ

ထူးကြီးမြင့်ကျော်ကျော်



ယနေ့ လူငယ်များသည် နောင်တစ်ခေတ်တွင် လူကြီးများဖြစ်လာကာ တိုင်းပြည်တာဝန်ကို ပခုံးပြောင်းထမ်းဆောင်ကြရမည်ဖြစ်သည်။ လူငယ်ဟူသည်မှာ ပစ္စုပ္ပန်တွင် သာမက နောင်အနာဂတ်အတွက်လည်း အရေးပါသူများဖြစ်သည်။ ယနေ့ကာလ၌ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်နေကြသူများသည် တစ်ချိန်သောအခါက လူငယ်များဖြစ်ခဲ့ကြပြီး လူငယ်ဘဝတွင် ဘဝသင်ခန်းစာများကို စာတွေ့၊ လက်တွေ့ သင်ယူခဲ့ကြသူများဖြစ်သည်။ လူကြီးများမှတစ်ဆင့် အတွေ့အကြုံများကို ဆည်းပူးကာ တာဝန်ကျလုပ်ငန်းအသီးသီး၏ အောင်မြင်မှုများ၊ တိုးတက်မှုများအတွက် ကြိုးပမ်းခဲ့ကြရသည်။

ကလေးဘဝ၏ နောက်ဆုံးကာလနှင့် လူကြီးဘဝ၏ အစဦးဆုံးကာလတွင် အင်အားအတက်ကြွဆုံး၊ အားမာန်စွမ်းအား အပြည့်ဝဆုံးအရွယ်များ ဖြစ်ပေသည်။ လူငယ်သည် ပွင့်လင်းသည်။ ရိုးသားသည်။ ခွဲရှိသည်။ စွန့်စွန့်စားစား လုပ်ကိုင်ဆောင်ရွက်လိုစိတ်ရှိသည်။ ကိုယ်ကျိုးစွန့်၍ စွန့်စားလိုစိတ်၊ အများအကျိုးသယ်ပိုးလိုစိတ်လည်း ရှိကြသည်။



လူငယ်လူရွယ်တို့၏ဘဝတွင် ရပ်တည်ချက် မှန်ကန်ရပေမည်။ အင်သစ်အားသစ် ပြည့်ဝဖို့လည်း လိုပေသည်။ လမ်းကြောင်းမှန်ပေါ်လည်း လျှောက်လှမ်းနေကြရန်လိုပေသည်။ လူတို့သည် ရပ်ရွာတွင် နေထိုင်လျှင် ရပ်ရွာတာဝန် ထမ်းဆောင်ရပေမည်။ လူပတ်ဝန်းကျင်နှင့်နေလျှင် လူသားတို့အတွက် အကျိုးဖြည့်စွမ်းရပေမည်။ ထိုနည်းတူပင် နိုင်ငံသားတစ်ယောက်အနေဖြင့် မိမိနိုင်ငံ၏ အကျိုးကိုလည်း သယ်ပိုးရပေလိမ့်မည်။ ထိုသို့ သယ်ပိုးဆောင်ရွက်နိုင်ရန် လူငယ်တွေ၏ အရည်အချင်းများ ပြည့်ဝနေဖို့ လိုအပ်လှပေသည်။

နိုင်ငံသားကောင်းတစ်ယောက်အတွက် အရည်အချင်းများမှာသတ်မှတ်၍မရလောက်အောင် များပြားလှသည်။ အကောင်းမှန်သမျှ လိုအပ်မည်သာဖြစ်သည်။ သို့ရာတွင် အခြေခံအားဖြင့် လိုအပ်သည်မှာ မိမိအရည်အချင်းကို မိမိအတွက်ရော၊ အများအတွက်ပါ အသုံးချလေ့ရှိခြင်းပင်ဖြစ်သည်။

လူသားတို့အတွက် အကျိုးဖြည့်စွမ်းရာတွင် ကိုယ်ကာယတစ်ခုတည်းသာမဟုတ်ဘဲ မိမိတို့၏ စွမ်းအားကိုလည်း မြှင့်တင်ရန် လိုအပ်လှပေသည်။ ရုပ်ခန္ဓာသည် စိတ်ဆန္ဒ၏ ညွှန်ကြားပြသရာဖြစ်သောကြောင့် ရုပ်ခန္ဓာ၏ အကျိုးအပြစ်မှာ စိတ်သာလျှင် ပဓာနဖြစ်ပေသည်။ တစ်နည်းအားဖြင့် ရုပ်ခန္ဓာကြီးခိုင်တောင့်တင်းရန် အာဟာရကောင်းမျိုးစုံကို စားသောက်ပေးရသကဲ့သို့ စိတ်ခန္ဓာ တောင့်တင်းရန် စာအုပ်ကောင်းများ စွာကို ဖတ်ရှုပေးရပေမည်။

လူငယ်တွေ စာဖတ်ကြဖို့အတွက် စာသင်ပေးခဲ့ခြင်းဖြစ်သည်။ စာတတ်လျက် စာမဖတ်သူသည် စာမတတ်သူနှင့် အတူတူပင်ဖြစ်၏။ စာမတတ်၍ စာမဖတ်ဘဲ အမှားများကို လုပ်ဆောင်ပြောဆိုခြင်းကား နားလည်ခွင့်လွှတ်နိုင်ပါ၏။ စာတတ်ပြီး စာမဖတ်မိ၍ လုပ်ကိုင်ပြောဆိုသမျှ အမှားမှား အယွင်းယွင်းချည်းသာ ဖြစ်နေလျှင်ကား လက်မခံစရာ၊ သဘာဝမကျစရာဖြစ်ပါတော့သည်။



ဆင်းရဲဒုက္ခဖြစ်ရခြင်း၏ အကြောင်းရင်းသည် မသိမှု(အဝိဇ္ဇာ)ကြောင့် ဖြစ်သဖြင့် စာတတ်၊ ပေတတ်၊ အသိတတ်သည့် မတ်တတ်ခြောက်သောသစ်ပင်လိုဖြစ်နေရသော လူများစုအတွက် ခိုကိုးရာ လူထုတက္ကသိုလ်သို့မဟုတ် ''ပြည်သူ့စာကြည့်တိုက်များ'' လည်း ပေါ်ထွန်းရှင်သန်နေပြီဖြစ်သည်။

မြန်မာနိုင်ငံတွင် ကျေးရွာပေါင်း (၅၀၀၀)ကျော်အတွင်း ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖြစ်ပေါ်လာခဲ့ပြီးဖြစ်၍ ပြည်သူများ၊ လူငယ်များအတွက် အလွယ်တကူ စာပေဖတ်ရှုလေ့လာနိုင်သော အခွင့်အရေးများ အရံသင့်ရှိနေပြီဖြစ်သည်။

''စာအုပ်စာပေ လူ့မိတ်ဆွေ''ဟု အဆိုရှိရာ လူတိုင်းသည် စာပေနှင့် မကင်းကွာသင့်ပေ။ လူတိုင်းသည် စာပေကို လေ့လာလိုက်စားကြရပါမည်။ မကုန်ဆုံးသော အတတ်ပညာရပ်တို့သည် စာအုပ်စာပေအတွင်း၌ ရှာဖွေတွေ့ရှိနိုင်ပါသည်။

စာပေဖတ်ရှုလေ့လာခြင်းဖြင့် အသိပညာ ဗဟုသုတ တိုးပွားခြင်း၊ အမှန်နှင့် အများကို ဝေဖန်ပိုင်းခြားနိုင်ခြင်း၊ အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေခြင်း၊ ယဉ်ကျေးသိမ်မွေ့၍ ကိုယ်ကျင့်တရားကောင်းမွန်စေခြင်း၊ နိုင်ငံတော်ကို အကျိုးပြုမည့် သီလလည်း လုံ၊ ပညာလည်းစုံသော သားကောင်း သမီးကောင်းများ ပေါ်ထွန်းလာ



စေခြင်း စသောအကျိုးတရားများ ရရှိခံစားခဲ့ကြရပေမည်။ သီလလုံပြီး၊ ပညာစုံရမည်ကို ကျေးဇူးတော်ရှင် မန်လည်ဆရာတော်ကြီးက မဃဒေဝလင်္ကာတွင် ''ပညာပြည့်ဝ၊ နှလုံးလှသော်၊ ကိစ္စကြီးငယ်၊ ဆောက်သဖွယ်လျှင်၊ ကျဉ်းကျယ်ထွင်းဖောက်၊ ဖြတ်တောက်လိုရာ ပြီးနိုင်စွာဏ်''ဟူ၍ ရေးဖွဲ့သီကုံး ဆုံးမတော်မူခဲ့ပေသည်။

မြန်မာ့လူဘောင်အဖွဲ့အစည်းကိုပညာလွှမ်းမိုးသောလူငယ်များ ဖြစ်ထွန်းလာစေရန်နှင့် နိုင်ငံတော်အား အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်အဖြစ် တည်ဆောက်နိုင်စွမ်းရှိသော လူစွမ်းအားအရင်းအမြစ်များ ဖန်တီးမွေးထုတ်နိုင်စေရန် နိုင်ငံတစ်ဝန်း ပြည်သူ့ဗဟိုပြုအသိပညာဖြန့်ဝေရာ ကျောင်းစာကြည့်တိုက်များအပါအဝင် နိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များတွင် စာပေဖတ်ရှုလေ့လာနိုင်ကြပြီဖြစ်သည်။ ဝမ်းစာပြည့်နေစေရန် ခွန်အားရှိသော စာများ၊ စာပေဗဟုသုတများမှတစ်ဆင့် အကောင်းနှင့်အဆိုးကို ခွဲခြားသိမြင်လာပြီး အသိဉာဏ်ကျယ်ပြန့်လာမည် ဖြစ်ပေသည်။ လူတစ်ဦးတစ်ယောက်၏ တိုးတက်မှုသည် ထိုသူ၏ အသိဉာဏ်ရှိမှုအပေါ် မူတည်ခြင်းကြောင့် အသိဉာဏ်ကျယ်ပြန့်ရေးအတွက် စာပေဖတ်ရှုရာမှ ရရှိနိုင်သည်။ စာပေသည် အသိဉာဏ်ကျယ်ပြန့်ရေးအတွက် ရေသောက်မြစ် ဖြစ်လေသည်။

ယနေ့လူငယ်များအနေဖြင့် များစွာကံကောင်းလှပေသည်။ မိမိတို့ သိလိုဖတ်လိုသော အကြောင်းအရာများကို လက်တစ်ကမ်းအကွာမှာပင် လေ့လာရှာဖွေဖတ်ရှုနိုင်သည်။ မိမိတို့မသိရသေးသည်များကို သိသာရုံသာမဟုတ် အသိဉာဏ်တိမ်သလွှာဖုံးနေပါကလည်း ပွင့်လင်းအောင် အလွယ်တကူ ကြံဆောင်နိုင်ကြပေပြီ။ စာဖတ်သူတို့မှာ အရှိန်အဟုန်ဖြင့် တိုးတက်လာမည်ဖြစ်ပြီး စာမဖတ်သူတို့မှာ ရပ်တန့်နေမည်သာ ဖြစ်သည်။



လူငယ်များအတွက် သီးသန့်ရေးသားထားသော စာအုပ်များရှိသကဲ့သို့ လူငယ်များ ဖတ်ရှုသင့်သော စာအုပ်များလည်းရှိသည်။ စာဖတ်ဝါသနာပါရန်အတွက် စာဖတ် လေ့ကျင့်စေလိုပါသည်။ ဝါသနာဆိုသည်မှာ အလေ့အကျင့်ပင်ဖြစ်သည်။ မိမိဘဝကို အလင်းရောင်အောက်မှ ခလုတ်မထိ၊ ဆူးမထိအောင် လျှောက်လှမ်းနိုင်ရန် စာဖတ်ခြင်းကား မရှိမဖြစ် လိုအပ်လှပေသည်။ စာအုပ်စာပေများ ဖတ်ရှုခြင်းသည်သာ အချိန်ကိုတန်ဖိုးရှိစွာ အသုံးချခြင်းပင်ဖြစ်ပေသည်။ စာဖတ်ခြင်းသည် ဘဝလမ်းကို အားမာန်ဖြင့် လျှောက်လှမ်းစေ လူငယ်များကို တစ်ဦးချင်းအနေဖြင့် တိုးတက်ပြောင်းလဲစေနိုင်သည်။ လူငယ်တစ်ဦးချင်း တိုးတက်ပြောင်းလဲမှုမှ လူငယ်ထုတစ်ရပ်လုံး၏ တိုးတက်မှုကို ဖြစ်စေသည်။ ထိုမှတစ်ဆင့် လူငယ်တို့မွေးဖွားရာ နိုင်ငံနှင့် လူဘောင်လောကကြီးတစ်ခုလုံးကို အကျိုးပြု ဖွံ့ဖြိုးစေသော အပြောင်းအလဲများ ဖြစ်ပေါ်စေနိုင်ပါသည်။

လူငယ်ဆိုသည်မှာ နောင်တွင် တိုင်းပြည်အတွက် အရေးပါသော လူကြီးတစ်ဦးဖြစ်မည်။ မိသားစုအတွက် ဦးဆောင်သူဖြစ်ဦးမည်။ လူငယ်ဘဝတွင် ခွန်အားရှိသောစာများကို ဖတ်ရှုခြင်းဖြင့်...

လူငယ်ဆိုသည်မှာ နောင်တွင် တိုင်းပြည်အတွက် အရေးပါသော လူကြီးတစ်ဦးဖြစ်မည်။ မိသားစုအတွက် ဦးဆောင်သူဖြစ်ဦးမည်။ လူငယ်ဘဝတွင် ခွန်အားရှိသော စာများကို ဖတ်ရှုခြင်းဖြင့် ဘဝမှာ တကယ့်ကို အားနှင့်မာန်နှင့်လုပ်ရင်း ကျေနပ်စရာ

ဘဝတွေ၊ အောင်မြင်မှုတွေ ရလာပါလိမ့်မည်။

ယနေ့အချိန်အခါတွင် အရည်အချင်းရှိသော၊ အရည်အသွေးပြည့်ဝသော စိတ်ဓာတ်မျိုး မွေးမြူနိုင်ကြဖို့လိုပေသည်။

၂၁ ရာစုမှာ တိုင်းပြည်နှင့်လူမျိုးကို ခေတ်မီအောင် ထူထောင်တည်ဆောက်ကြမည်ဆိုလျှင် အဓိက,ကတော့ လူတစ်ဦးချင်းစီ၏ အကျင့်စရိုက်၊ အလေ့အထ၊ အသိဉာဏ် ဗဟုသုတ၊ အမြော်အမြင်ကို လူငယ်ဘဝမှ စတင်ပြုပြင်ပြောင်းလဲကြရပါမည်။ အားနည်းချက်တွေကို ပြုပြင်ကြရမည်။ တစ်ဦးချင်းသည် အသိပညာဗဟုသုတ ရေချိန်မြင့်လာအောင် ပွင့်ပွင့်လင်းလင်း ဆွေးနွေးသုံးသပ်ရမည်။ ဝေဖန်ရမည်။ လွတ်လွတ်လပ်လပ် တွေးခေါ်ကြရမည်။

ခေတ်မီနည်းပညာ၊ အတတ်ပညာတွေကို ရနိုင်သမျှ ကြိုးကြိုးစားစား လေ့လာဆည်းပူးကြရမည်။ ကိုယ်ဝါသနာပါရာ၊ ကိုယ်နှစ်သက်ရာကို မဖြစ်မနေ ဆည်းပူးသင်ယူမည်ဆိုသည့်စိတ်မျိုး လူငယ်တိုင်းမှာ ရှိရမည်။ တိုးတက်ချင်သည့်ဆန္ဒ ထက်သန်ကြဖို့ လိုသည်။ နိုးကြားသည့် အသိပညာ လိုလားသည့်စိတ်မျိုး လှုံ့ဆော်၊ နှိုးဆော်ဖို့၊ ပညာလိုလားပြီး စွမ်းအားရှိသမျှ လေ့လာဆည်းပူးကြဖို့၊ စာကြည့်တိုက်တွေ အားပေးဖို့၊ စာများများဖတ်ကြဖို့ လိုအပ်သည်မဟုတ်ပါလော။

အနာဂတ် လူမှုမျက်နှာစာကို ပခုံးပြောင်း တာဝန်ယူကြမည့် မျိုးဆက်သစ် လူငယ်များသည် ကိုယ်ကျင့်တရား၊ ကိုယ်ကျင့်တရားသိက္ခာအပေါ် ရင်းနှီးကျွမ်းဝင်ဖို့

တိုးတက်ချင်သည့်ဆန္ဒ ထက်သန်ကြဖို့ လိုသည်။ နိုးကြားသည့် အသိပညာ လိုလားသည့်စိတ်မျိုး လှုံ့ဆော်၊ နှိုးဆော်ဖို့၊ ပညာလိုလားပြီး စွမ်းအားရှိသမျှ လေ့လာဆည်းပူးကြဖို့၊ စာကြည့်တိုက်တွေ အားပေးဖို့၊ စာများများဖတ်ကြဖို့

လိုသည်။ တန်ဖိုးထား ကျင့်ကြံရမှန်းသိအောင် ရွက်ဆောင်ဖို့လိုသည်။ မိမိကိုယ်ကို ကျိုးနွံမှုဂါရဝတရား၊ နိဝါတတရား လက်ကိုင်ပြုလာအောင် တွန်းပို့ဖို့လိုသည်။ သူရော ကိုယ်ပါ ချမ်းသာသုခပြည့်ဝရန် အတွက် လောကလူသားအားလုံး ရိုးသားဖြူစင် ကျန်းမာကြဖို့ခိုင်သော အခြေခံစိတ် အဆောက်အအုံသည် မဖြစ်မနေလိုအပ်လှသည်။

ဗုဒ္ဓ၏ ဒဿနအလိုအရလည်း လူတို့၏စိတ်သည် မိမိတို့၏ ဘဝအမျိုးမျိုးကို ဖန်တီးနိုင်ရုံမက မိမိ၏ပတ်ဝန်းကျင်လောကကိုပါ ဖန်တီးနိုင်စွမ်းရှိလေသည်ဟု ဆိုထားပေသည်။

လူတန်ဖိုးကို မြှင့်တင်ရာတွင် စိတ်ဓာတ်ခွန်အား ပြည့်ဝရမည်။ စိတ်ဓာတ်ခွန်အား ပြည့်ဝသူသည် စာနာစိတ်ရှိသည်။ အများအကျိုးကို လိုလား၍ အများအတွက် ဆောင်ရွက်နိုင်သော ကိုယ်ကျင့်တရား ကောင်းသော၊ ယဉ်ကျေးလိမ္မာသော လူကောင်းများလည်း နိုင်ငံအတွက် လိုအပ်လှသည်။ ''လူတော်လူကောင်းများ''၏ ပေါင်းစုအားဖြင့် မြန်မာနိုင်ငံကို လုံခြုံငြိမ်းချမ်းတိုးတက်စေရန် ဆောင်ရွက်ကြရမည်။ အနာဂတ်လူငယ်များသည် စိတ်ဓာတ်ခွန်အား ပြည့်ဝသည့် ''တန်ဖိုးရှိသောလူ'' အဖြစ် ကြိုးစားကြရမည်ဖြစ်ပေသည်။

ခေတ်လူငယ်များ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးရေး ပြုစုပျိုးထောင်ကြရာတွင် လူအဖွဲ့အစည်းနှင့် ပတ်ဝန်းကျင်တို့ သဟဇာတဖြစ်စေရန်လည်း အဓိကကျလှပေသည်။

အနာဂတ်နိုင်ငံတော်၏ ကံကြမ္မာသည် ယနေ့လူငယ်တို့၏ မှန်ကန်သော ခံယူချက်နှင့် လုပ်ဆောင်ချက်များအပေါ်မျာ်းစွာတည်မှီနေပေသည်။

လူငယ်ထု၏အင်အားကို နိုင်ငံတော်က များစွာအလေးထားလျက်ရှိသည်။ လူငယ်တိုင်းမှာလည်း (Life Force) ဆိုသည့် စွမ်းရည်သတ္တိတွေရှိသည်။ အရည်အချင်းတွေကို ထုတ်ပြီးသုံးမှ အကောင်းဆုံးလူငယ်တွေ ဖြစ်လာမည်။ လူငယ်များ၏ ဖန်တီးနိုင်သော စွမ်းအားကိုလည်း အားထားသည်။ လူငယ်ထုသည် နိုင်ငံတော်၏ အင်အားတစ်ရပ်ဟု ဆိုနိုင်ပါသည်။

''နိုင်ငံတော်သည် လူငယ်များ မျိုး





ချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ် မှန်ကန်ရေးနှင့် ဗလငါးတန် တိုးတက်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရမည်''ဟု ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈) ပုဒ်မ ၃၃ တွင် ပြဋ္ဌာန်းထားရှိသကဲ့သို့၊ ပုဒ်မ ၂၈ ပုဒ်မခွဲ(ဃ)တွင်လည်း ''ဘက်စုံအတွေးအခေါ် အယူအဆမှန်ကန်၍ အကျင့်စာရိတ္တကောင်းမွန်ပြီး နိုင်ငံတော်တည်ဆောက်ရေးအတွက် အကျိုးပြုမည့် ခေတ်မီပညာရေးစနစ်ကို ဖော်ဆောင်ရမည်''ဟု ပြဋ္ဌာန်းထားသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အခွန်ရှည်ရေးနှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ဘဝသာယာဝပြောရေးအတွက် လူငယ်အပါအဝင် ပြည်သူတစ်ရပ်လုံး၏ ကျစ်လျစ်ခိုင်မာသော စွမ်းအားဖြင့် ဖော်ဆောင်နိုင်မည်ဟု နိုင်ငံတော်က အလေးအနက်ခံယူထားသည်။ ယနေ့ လူငယ်များသည် ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်ရေးတွင် ကြီးမားသောအင်အားစုအဖြစ် ရှိနေပေသည်။

လူငယ်တစ်ယောက်သည် မည်မျှ ပညာထူးချွန်၍ စာရိတ္တကောင်းမွန်စေကာမူ ထိုအရည်အချင်းများသည် သူ၏အကျိုးကျေးဇူးအတွက်သာမကဘဲ နိုင်ငံအကျိုး၊ အများအကျိုးရှိရာရှိကြောင်းကို ဖြည့်စွမ်းထမ်းဆောင်မှ နိုင်ငံသားကောင်းတစ်ယောက် ပီသနေပါလိမ့်မည်။ မိမိဘဝအတွက်လည်း လူတော်တစ်ယောက်ဖြစ်နေပေလိမ့်မည်။



လူဘဝမှာ အားယူရှင်သန်ဖို့ အစပျိုးနေသည့် မျိုးဆက်သစ်လူငယ်တွေသည် စိတ်ထားမြင့်မြတ်မှုနှင့် အမှန်ကိုရွေးချယ်တတ်ရန်ဖြစ်သည်။ မိမိတို့၏ ရည်မှန်းချက်အောင်မြင်မှုအတွက် စံနမူနာကောင်းတွေနှင့်ယှဉ်ကာ လုပ်နိုင်ခြင်း၊ မလုပ်နိုင်ခြင်းပေါ်မှာ မူတည်ပါသည်။ စိတ်ဓာတ်စွမ်းရည်မြင့်မားဖို့က ပဓာနကျလှသည်။

အောင်မြင်မှုအတွက် အချိန်နှင့်အခွင့်အလမ်းကို အသုံးချနိုင်လျှင် ပန်းတိုင်ဆိုသည်မှာ မဝေးလှပေ။ ''အချိန်ရှိခိုက် လုံ့လစိုက်''ဆိုသည့် စကားရပ်ကို တိတိကျကျလိုက်နာဖို့လိုအပ်လှသည်။ လူငယ်ဘဝမှ အချိန်ဖြုန်းတာ အဆိုးဆုံးဖြစ်သည်။ ကုန်သွားသည့်အချိန်ကို ပြန်မရနိုင်သည့်အတွက် ဆုံးရှုံးမှုက မရေမတွက်နိုင်အောင် ရှိလှသည်။ လူငယ်တွေ အချိန်ကိုတန်ဖိုးထားဖို့လိုသည်။ တန်ဖိုးသိမှ အကျိုးရှိရှိ အသုံးချနိုင်မည်။ သို့ပါ၍ လက်ရှိ မိမိပိုင်ဆိုင်ထားသည့် အချိန်တွေကို အကျိုးရှိရှိ အသုံးချမည်ဆိုလျှင် မိမိအတွက်၊ မိမိပတ်ဝန်းကျင်အတွက်၊ နိုင်ငံနှင့် လူမျိုးအတွက်ပါ တိုးတက်မှု အရှိန်အဟုန်မြင့်မားလာမည်မှာ မလွဲကောန်အမှန်ပင် ဖြစ်ပေသည်။

ယနေ့ မျိုးဆက်သစ်လူငယ်များသည် အနာဂတ်တွင် အမိနိုင်ငံတော်၏တာဝန်ကို

မလွဲမသွေ ထမ်းဆောင်ကြရမည့်သူများ ဖြစ်ပေရာ မျိုးဆက်သစ်တို့၏ နူးညံ့သိမ့်မွေ့သော ကိုယ်ကျင့်တရားများ၊ မွန်ရည်သော စိတ်ဓာတ်များ ကိန်းအောင်းဖွံ့ဖြိုးလာမှသာ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တွင် ပါဝင်စွမ်းဆောင်နိုင်ရေးနှင့် လူမှုရေးနယ်ပယ်တို့၌ အဆင်ပြေချောမွေ့မည်ဖြစ်ပေသည်။

နူးညံ့သိမ်မွေ့သော ကိုယ်ကျင့်တရား၊ မွန်ရည်သောစိတ်ဓာတ်၊ ကောင်းမွန်မြင့်မြတ်သော မျှော်မှန်းချက်စသည်တို့သည် ''အသိတရား'' ပေါ်တွင် အခြေခံသည်ဖြစ်၍ ကောင်းမြတ်သည့် အရည်အသွေးတို့ အမြဲကိန်းဝပ်နေရပေမည်။ တစ်နည်းအားဖြင့် မျိုးဆက်သစ် လူငယ်တွေ၏ အကောင်းဆုံးပိုင်ဆိုင်မှုသည် အနာဂတ်ကို ပိုင်ဆိုင်ရမည်ဆိုသည့် ''ယုံကြည်မှု'' (Confidence)ပင်ဖြစ်လေသည်။

အချုပ်အားဖြင့်ဆိုရသော် ယနေ့လူငယ်လူရွယ်တိုင်းသည် သိမြင်ခြင်းများဖြင့် ဘဝကိုမြင့်တင်ရမည်။ ရင့်ကျက်နားလည်ခြင်းများဖြင့် လူလောကကို အကောင်းမြင်တတ်ကြရမည်။ ကြိုးစားခြင်းများဖြင့် လောကကို အလှဆင်ကြရမည်ဖြစ်သည်။ လူငယ်လူရွယ်တိုင်းသည် နိုင်ငံအတွက် တစ်နည်းနည်းဖြင့် အကျိုးပြုသော နိုင်ငံ့သားကောင်းများသာ ဖြစ်လာကြမည်ဆိုပါက ထို နိုင်ငံသည်လည်း တိုးတက်စည်ပင်သာယာလာမည်ဖြစ်သည်။ သို့ပါ၍ ယနေ့လူငယ်များအနေဖြင့် နိုင်ငံသားကောင်းများ ဖြစ်လာကြစေရန် ရုပ်ခန္ဓာကြံ့ခိုင်ဖွံ့ဖြိုးမှု၊ စိတ်ခန္ဓာ တောင့်တင်းမှုတွေနှင့် အားမာန်တက်ကြွလန်းဆန်းကာ ကြိုးပမ်းကြပါစို့ဟု တိုက်တွန်းနှိုးဆော်ရေးသားလိုက်ရပါသည်။

ထူးကြီးမြင့်ကျော်ကျော်





သူကိုယ်သူ ယုံကြည်လွန်းသူ

ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်ရှိနေတဲ့ လူငယ်တစ်ယောက်ဟာ ဘားဆိုင်ထဲကိုရောက်လာပြီး မိန်းမချောလေးတစ်ဦးရဲ့ဘေးမှာ ဝင်ထိုင်လိုက်တယ်။ သူမလေးကိုစိုက်ကြည့်ပြီး လက်ပတ်နာရီကိုမြှောက်ကာ သူနားရွက်နား ကပ်လိုက်တယ်။

''ဘာကြားလို့လဲဟင်''

မိန်းကလေးက မေးတယ်။

''ဒီဟာက နည်းပညာမြင့်ထားတဲ့ နာရီဖြစ်တယ်၊ ဒီနာရီက လှိုင်းနှုန်းတွေလွှင့်ပြီး ကျွန်တော့်ကို စကားပြောတယ်''လို့ လူငယ်က ပြန်ဖြေတယ်။

''အခု-နာရီက ရှင့်ကိုဘာပြောသလဲ''လို့ မိန်းကလေးက ပြောင်စပ်စပ်နဲ့ မေးတယ်။


''နာရီက ပြောတာကတော့ မင်းက ကျုပ်ကို အရူးအမူးချစ်နေတယ်ဆိုပဲ''လို့ သူက ပြန်ပြောတယ်။

''နာရီက အပျက်ကြီးဖြစ်မယ်၊ ကျွန်မ ရှင့်ကို သိတောင်မသိဘူး''လို့ မိန်းကလေး ရီပြုံးပြီးပြောတယ်။

''ဟုတ်ပါပြီ-ဒီနာရီက တစ်နာရီလောက်မြန်နေတာ ဖြစ်ကောင်းဖြစ်မယ်''လို့ သူကိုယ်သူ ယုံကြည်မှုအပြည့်နဲ့ လူငယ်ကပြောလိုက်ပါတယ်။

မောင်သီဟ





খাওয়া

''တော့နယ်တော်၊ လွယ်တာမှတ်လို့၊ သင့်သလောက်ပေါ့၊ ကျုပ်တို့ ကြားဖူးတာတော့ ဘုန်းကြီးသေရင် ရွာကြေတယ်တဲ့''

''အေးမေရာ . . . နင်ဘယ်လိုပြောလိုက်တာလဲ၊ ဆရာတော်ကြီးက တို့ရဲ့ ငယ်ဆရာတော်ဖြစ်ခဲ့တာ မေ့သွားပြီပေါ့လေ၊ ပြီးတော့ ဒီနေ့ ဒီနယ်တဝိုက်မှာ အကျော်ဇေးယျပုဂ္ဂိုလ်ကြီးမဟုတ်လား၊ နင်ပြောလိုက်ရင် အရမ်းချည်းပဲ''

ဘိုးအောင်သာ မကျေမချမ်းနဲ့ ကြီးအေးမေကို မျက်စောင်းခဲကြည့်လိုက်သည်။

''တော့ . . . သဘော . . . တော့ သဘောပဲ ကိုအောင်သာ''

''အေးမေ နင်ပါးစပ်ပိတ်ထားစမ်း၊ ဟိုမှာ အလှူခံပုဂ္ဂိုလ်တွေလာနေပြီ''

အနီပုဂ္ဂိုလ်များမှာ တစ်ရွာတည်းသားများဖြစ်ကြပြီး ငယ်ပေါင်းကြီးဖော်များဖြစ်ကြသည့်အတွက် ဘိုးအောင်သာ နိုင်သည့်ဝန်ကို ထမ်းလိုက်သည်။

ဇလောင်းတောင်ရွာက ကြီးအေးမေဆိုရင် လူတိုင်းက ရှောင်ဖယ်ရှောင်ဖယ်လုပ်ကြသည်။ မိန်းမစီး၊ မိန်းမကပ်ကြီးဟု အမည်တွင်သည်။ ရွာမှာ သာရေး၊ နာရေးစည်းရှိကြသည်။ ဆွေမျိုးသားချင်းများကထပ်၍ စည်းရှိကြပြန်သည်။ အလွန်မွန်မြတ်သည့် မြန်မာ့ဓလေ့တစ်ခုဖြစ်သည်။ ကြီးအေးမေက သားသမီးမရှိ။ အဘိုးကြီး၊ အဘွားကြီးနှစ်ဦးသာရှိသည်။ အလယ်အလတ် စီးပွားရေးအဆင့်မဟုတ်၊ စီးပွားရေးကား အထက်အဆင့်၌ရှိသည်။ လုပ်ငန်းပိုင်း၌ အိမ်မှာငှားထားသည့်သူရင်းငှားများကို စနစ်ဇယားကျကျ ကိုင်တွယ်တတ်သည်။ အဘက်ဘက်မှ လစ်ဟာမှုမရှိအောင် သူကိုယ်တိုင်လိုက်ပါဆောင်ရွက်တတ်သည်။ ဆွေမျိုးသားချင်း စည်းလည်းဝင်ထားသည်။ သားချင်းများ၌ သာရေး၊ နာရေးရှိလျှင်လည်း ဗျိတည်းဗျစ်တောက်နှင့် သွားတတ်သည်။ ပြီးတော့ ပြောသေးသည်။

''ဟဲ့ . . . ကောင်မတွေရဲ့၊ ငါတို့က သေတော့မယ့်အရွယ်ရောက်နေပြီ၊ နင်တို့ပဲ မင်္ဂလာဆောင်ရတာနဲ့၊ ကင်ပွန်းတပ်ရတာနဲ့၊ လုပ်လုပ်နိုင်လွန်း၊ ငါတို့သေရင်တောင် ငါတို့ရမယ့်စည်း . . . ဘယ်သူကကိုင်သုံးပါ့မလဲလို့ . . . ငါ စဉ်းစားမိတိုင်း အိပ်မပျော်ဘူးဟယ် . . . တကယ်၊ တကယ်၊ တကယ်''



“ဟဲ့ . . . ကောင်မတွေရဲ့၊ ငါတို့က သေတော့မယ့်အရွယ်ရောက်နေပြီ၊ နင်တို့ပဲ မင်္ဂလာဆောင်ရတာနဲ့၊ ကင်ပွန်းတပ်ရတာနဲ့၊ လုပ်လုပ်နိုင်လွန်း၊ ငါတို့သေရင်တောင် ငါတို့ရမယ့်စည်း . . . ဘယ်သူကကိုင်သုံးပါ့မလဲလို့ . . . ငါ စဉ်းစားမိတိုင်း အိပ်မပျော်ဘူးဟယ် . . .”

အပျော်အပျက်ပြောသလို ပြောချလိုက်ပြီး စည်းသတ်မှတ်ထားတဲ့အတိုင်း မထည့်။ အမြဲတစ်ရာ၊ နှစ်ရာကျန်စမြဲ။ ကာလသား၊ ကာလသမီးတွေကတော့ နောက်ကျ၊ ပြောင်ကျစမြဲ။

''ကြီးအေးမေကလည်း ကျုပ်ကို မွေးစားလိုက်ပါတော်၊ ပြီးတော့ မင်္ဂလာတွေ၊ ဘာတွေဆောင်ပေးပေါ့၊ ဒါမှ စည်းဝင်ထားတာတွေ ပြန်ရမှာမဟုတ်လား''

ခပ်ပျော်ပျော်နောက်တတ်တဲ့ရွာထဲက ဇာမဏီခင်ကြည်တို့ပြောလိုက်ပုံက–

''အားအား . . . ယားယားအေ၊ ငါ့ပစ္စည်းတွေပါ နွားလူခိုး . . . ဆန်ပိုး ဆိုသလိုကုန်ပါ့မယ်''

ခါးခါးသီးသီးပြန်လည်ငြင်းချက် အမြဲထုတ်သည်။

အနီ ကြီးအေးမေကား ကိုယ့်ဝမ်း တောင်ကိုယ် မသဒ္ဓါအောင်ရှိသည်ကို ဒိုင်နယ် အားလုံးသိကြသည်။

တစ်နေ့...

ဆရာကိုလေးအောင်ကို ပင့်ရသည်။ ဆရာ ရွာစဉ်လှည့်တုန်း တဲ့တဲ့တိုးသဖြင့် စရိတ်မကုန်ဘဲ ဆရာကြွလာသဖြင့် ကြီးအေးမေ ပျော်နေသည်။

''ဝမ်းသာလိုက်တာ...ဆရာရယ်၊ ဆရာ့ကို ဖမ်းမိဖို့က လေဖမ်းရတာထက် ခက်တယ်၊ အိမ်မှာလည်းမရှိ၊ ရွာစဉ်ကျယ် လျှောက်သွားနေတော့ ဘယ်တော့မှ မတွေ့ဘူး၊ ခုတော့လည်း ဆိုက်ဆိုက်မြိုက်မြိုက်ပါပဲ၊ ဆရာထိုင်အုံး၊ ရေနွေးကြမ်းသောက်ပါအုံး''

''ဟုတ်ကဲ့...ကျွန်တော့်အလုပ်ကလည်း တောပဲသွားနေရတာမဟုတ်လား၊ တစ်ခါတလေတော့လည်း သည်းခံပြီး လိုက်ရှာရမှာပေါ့၊ အခုဟာကလည်း သည်ဘက်မှာ ကူးစက်ရောဂါဖြစ်နေတယ်လို့ ရွာလူကြီးတွေ စာတင်လို့ လာခဲ့ရတာပါ''

ဆရာကိုလေးအောင် အခြေအတင် ပြောပြီး ရေနွေးကြမ်းတစ်ခွက်သောက်လိုက်သည်။

''ဟုတ်တယ်ဆရာရေ၊ အဲဒါ ရွာထဲက တောလွန်တာဆိုပြီး ဖျက်စားကြတာလေ၊ ကျုပ်တို့လည်း တားမရတာနဲ့ ကြည့်နေရတယ်၊ အဲဒီနောက် ဆက်တိုက်ဆိုသလို ငါးကောင်ခြောက်ကောင်လောက်ရှိပြီလေ၊ ပျက်စီးတာ အခုလည်း ကျုပ်နွားပေါက်စ၊ တရူးရူးနဲ့အသက်ရှူကြပ်နေသလိုပဲ၊ ပါးစပ်က သွားရည်တွေလည်းကျနေတယ်၊ ကြည့်ပေးပါအုံးဆရာ''

ဘိုးသာအောင်က ထပ်ဆင့်ရှင်းပြသည်။ ဆရာလာသည်ဆိုတော့ အရင်ဆုံး ရောက်လာတာက ရွာလူကြီးတွေမဟုတ်ပေ။ နှပ်ချေးတွဲလောင်း၊ ဘောင်းဘီမပါ၊ ပုဆိုးဗလာနဲ့ ရွာထဲက ဟန်သာဦးစီးသောကလေးတစ်သိုက်ပဲဖြစ်ပါသည်။ ဘာမှကြောက်ရမှန်း လန့်ရမှန်းမသိ။ အတင်းဖွတ်တိုးပြီး ဆရာ့နားတိုးကပ်ပြီး ကြည့်တော့သည်။ တစ်ယောက်စကား တစ်ယောက်နားနှင့်ကြားပြီး ရွာလူကြီးတွေ ရောက်လာမှပဲ ကလေးတွေကို...

''ဟာ...ဒီကလေးတွေ၊ ဆရာလေး



> ရွာထဲက တောလွန်တာဆိုပြီး ဖျက်စားကြတာလေ၊ ကျုပ်တို့လည်း တားမရတာနဲ့ ကြည့်နေရတယ်၊ အဲဒီနောက် ဆက်တိုက်ဆိုသလို ငါးကောင်ခြောက်ကောင်လောက် ရှိပြီလေ၊ ပျက်စီးတာ အခုလည်း ကျုပ်နွားပေါက်စ၊ တရူးရူးနဲ့ အသက်ရှူကြပ်နေသလိုပဲ၊

အလုပ်မလုပ်တတ်အောင် လာရှုပ်နေပြီ၊ သွားကစားကြစမ်းပါအုံးကွ၊ စကားပြောမဖြောင့်ပါဘူး''

ဖုံတသောသောနှင့် ကလေးတွေ အထပ်ထပ်အရံရံဝိုင်းထားသော ဆရာကိုလေးအောင်အတွက်ကား ဤကဲ့သို့ ကလေးများဝိုင်းနေခြင်းသည် အထူးအဆန်းမဟုတ်တော့ပေ။ ကလေးများအား တွေ့နေကြ၊ ဆုံနေကြ မြင်ကွင်းတွေမို့ မထူးတဲ့သဘောနဲ့ ပြုနေကြအတိုင်း ဆေးထိုးအပ်ကို မြောက်ပြလိုက်သည်။

''လာပြီကွနော်၊ ဆင်ထိုးတဲ့အပ်နဲ့ ထိုးမှာ၊ ဖမ်း...ဖမ်း...ဟိုင်နဲသား ပြူးကျော်ကိုဆွဲ...ဆွဲလိုက်စမ်းပါကွာ''

ရွာထဲက လူလတ်ပိုင်းတချို့က ခြိမ်းခြောက်လိုက်ပြီး ဟိုဆွဲဒီဆွဲလုပ်လိုက်မှ သုံးပုံတစ်ပုံလောက်ရဲသွားသည်။ ကျန်သောကလေးတွေအားလုံး အနားတော့ သိပ်မကပ်ကြတော့ပါ။

''ရှင်းပါအုံးဆရာရဲ့၊ ဘာရောဂါတွေလဲ၊ ကျုပ်တို့ကတော့ တောလွန်တာဆိုပြီး တစ်နေ့ကဖျက်စားမိန့်ပေးလိုက်တာ၊ အဲဒါလွဲသွားတယ်ဆရာရေ၊ ခုတော့ ခြောက်ကောင်လောက်ရှိပြီထင်တယ်၊ ပျက်စီးနေတာ၊ အဲဒါကြည့်လုပ်ပေးပါအုံးဆရာ''

''အဲဒါခက်တာပေါ့...ကြီးမြစိန်တို့ လူကြီးလုပ်သက်ကလည်းကြာလာပြီ ခုထိတောတွေ၊ မြို့တွေရှိနေသေးလား၊ ဘာလဲကျွဲနွားတွေ နေမကောင်းရင် ကြက်တို့ နတ်တို့ လုပ်နေတုန်းပဲလား ခေတ်နောက်ပြန်တဲ့အလုပ်တွေ ရပ်ပစ်စမ်းပါဗျာ၊ ကျွန်တော်ပြောမယ်၊ ခုဖြစ်နေတာ လည်ချောင်းကွဲရောဂါတွေပဲ၊ ချက်ချင်းဖြစ်၊ ချက်ချင်းသေဆိုတော့ လူတိုင်းကတော လွန်တာပဲလို့ပြောကြမှာ၊ ဒီရောဂါက ဒီလိုပဲ တစ်ခါတစ်ရံ ခပ်မြန်မြန်သေတတ်တယ်၊ တစ်ခါတစ်ရံတော့ အကြာကြီးနေပြီးမှ ဆေးမကုရင်သေတယ်၊ အဓိက,ကတော့ဗျာ ကာကွယ်ဆေးထိုးထားရမယ်ပေါ့၊ နောက်ပြီး ကျွဲနွားဘယ်လိုသေသေ၊ လုံလုံခြုံခြုံနဲ့ သေသေချာချာမြေမြှုပ်ရမယ်၊ ဒါမှ မကူးစက်မှာပေါ့၊ အခုတော့ ရွာထဲမှာ အပ်ပုန်းတွေနဲ့ ဆေးကု၊ သေ၊ သေတော့ ဖျက်စား၊ ခုပုံနဲ့ဆိုရင် တစ်ရွာလုံး ကွဲ၊ နွားတွေသေကုန်မှာပဲ၊ ခုကြည့်လေဗျာ...ကြီးအေးမေဆိုရင်လည်း

လက်ပူမှ နားရွက်သတိရဖြစ်နေပြီ၊ ကာကွယ်ဆေးထိုးတုန်းက မအားတာနဲ့၊ ခရီးလွန်တာနဲ့၊ နွားပိန်မှာစိုးတာနဲ့၊ မထိုးဖြစ်ဘူးမို့လား၊ ခုဖြစ်တဲ့ရောဂါက ကူးစက်ရောဂါပဲ၊ ဒီတော့မလွယ်ဘူး၊ ငွေကုန်သံပြာဖြစ်နိုင်တယ်၊ လှေကွဲစီးသလိုမျိုးပေါ့''

ဆရာကိုလေးအောင် မနားတမ်းရှင်းပြနေစဉ်...

''အို–ဆရာကလည်း လှေကွဲစီးရင် ရေမဝင်အောင် ဖာပြီးစီးမှာပေါ့တော်... အားမငယ်ပါဘူး''

''ကျွန်တော်က မလိုအပ်ဘဲ ငွေကုန်မှာ စိုးလို့ပါ''

ဆရာကိုလေးအောင် ကြီးအေးမေ၏ အထာကိုသိသည်။ ကြားဘူးသည်။ ကိုယ့်ဝမ်းကိုယ်တောင် မသဒ္ဓါတဲ့မိန်းမကြီး၊ အလှူအတန်းကိစ္စမှာပင် နှမြောတွန့်တိုတဲ့အဘွားကြီးပဲ နွားဆေးကုဖို့ ဘယ်လိုလုပ်ပိုက်ဆံအကုန်ခံပါ့မလဲ။

''ဆရာလေးနှယ်...ဘယ်လိုလုပ်ပြောလိုက်တာလဲ၊ ကျုပ်တို့ဘဝ လူဖြစ်အောင် ဒီကျေးဇူးရှင်တွေ လုပ်ပေးခဲ့တာမို့လား၊ သူတို့ရှာပေးလို့ လှူရ၊ တန်းရ၊ စားရ၊ ဝတ်ရ၊ ပျော်ရနဲ့ သူတို့နေထိုင်မကောင်းမှ ဆေးမကုဘဲရောင်းပစ်ရမယ်ဆိုတော့ နာပါတယ်ဆို ချွန်းနဲ့ထိုး ကျုပ်တို့လောက်မိုက်တဲ့လူ၊ ကျေးဇူးကန်းတဲ့လူ ဘယ်ရှိတော့မလဲ''

အသံဝါကြီးနဲ့ တိမ်လိုက်နက်လိုက် စကားပင်မမှန်တော့။ ပြောရင်းက ဝမ်းနည်းပြီး ဆို့နင့်လာသလိုထင်ရတဲ့အတွက် ဆရာကိုလေးအောင် စူးစူးစိုက်စိုက် ကြီးအေးမေကိုကြည့်လိုက်သည်။ တုန်ရင်လှိုက်လဲ့တဲ့အသံကြီးနဲ့ ကြီးအေးမေပြောလိုက်ပုံကို ဆရာကိုလေးအောင် ကြားလိုက်ရသောအခါ။

''ကုန်ချင်သလောက် ကုန်စမ်းပါစေ ဆရာလေးရယ်၊ အသက်ရှင်အောင်သာ ကြိုးစားပြီး ကုသပေးပါ''

''ဗျာ''

မိမိနားကိုပင် မိမိ မယုံကြည်နိုင်လောက်အောင် ဆရာကိုလေးအောင်တစ်ယောက် အံ့သြရင်း ပြုံးကြောင်ကြောင်ဖြင့် ကြီးအေးမေကို ထပ်မံကြည့်နေတော့သည်။

သင်းအောင်သန်း



> ကျုပ်တို့ဘဝ လူဖြစ်အောင် ဒီကျေးဇူးရှင်တွေ လုပ်ပေးခဲ့တာမို့လား၊
> သူတို့ရှာပေးလို့ လှူရ၊ တန်းရ၊ စားရ၊ ဝတ်ရ၊ ပျော်ရနဲ့
> သူတို့နေထိုင်မကောင်းမှ ဆေးမကုဘဲရောင်းပစ်ရမယ်ဆိုတော့
> နာပါတယ်ဆို ချွန်းနဲ့ထိုး ကျုပ်တို့လောက်မိုက်တဲ့လူ၊
> ကျေးဇူးကန်းတဲ့လူ ဘယ်ရှိတော့မလဲ...

অপরিচিত



ယောက်ျမအိမ်မှာ ဟိုဟာဒီဟာလုပ်ရင်း ဆူတော (Sue Torr) တစ်ယောက် အမှတ်မထင် သတင်းစာကိုကောက်ကိုင်လိုက်တယ်။ ဘေးအခန်းက ယောက်ျမကြီးက TV မှာ ဘာလာနေလဲလို့ လှမ်းမေးတယ်။

သူတုန်သွားတယ်။ ဒီလိုအချိန်မျိုးတစ်နေ့မဟုတ်တစ်နေ့ တွေ့ကြုံရမယ်ဆိုတာ သိထားပေမယ့် တကယ်တန်းကြုံလာရတဲ့အခါမှာတော့ ခြေမကိုင်မိလက်မကိုင်မိ ဖြစ်သွားရတယ်။

''ဘာမှ ထွေထွေထူးထူးမလာပါဘူး'' လို့ ပြန်ပြောလိုက်တယ်။ ဒါပေမဲ့–ဒါပေမဲ့ပေါ့။ ဒေါ်အမေကတော့ ဆက်ပြောနေတယ်။

''BBC လိုင်းခွဲကဖြစ်ပြီး Channel 4 ဖြစ်ဖြစ် ဘာမှထူးတာမလာဘူးလား''

သူက ပြန်အော်လိုက်တယ်။

''လိုင်းအားလုံးက ဘာမှထူးခြားတဲ့ သတင်းမလာပါဘူးအမေ''

ပြောရင်းဆိုရင်း ရုက်ကြောက်တဲ့စိတ်နဲ့ အပေါ်ကိုပြေးတက်သွားတယ်။ မိသားစုတွေကိုရော၊ မိတ်ဆွေအပေါင်းအသင်းတွေကိုရော ဖုံးကွယ်ထားတာ၊ ယောကျ်ားကိုတောင် ဖုံးကွယ်ထားတာ၊ ဆုက စာမရေးတတ်၊ မဖတ်တတ်ဘူးလေ။

၁၉၅၂ ခုနှစ်၊ မတ်လမှာမွေးတဲ့သူဟာ အင်္ဂလန်၊ ပလိုင်းမောက်(Plymouth)မှာ ကြီးပြင်းခဲ့တာ၊ မွေးချင်းရှစ်ယောက်အနက် ဆုက စတုတ္ထသမီး၊ မိဘတွေက မပြည့်စုံဘူး၊ အချိန်ပြည့်အလုပ်လုပ်ကြရတာဆိုတော့ ကလေးတွေအတွက် အချိန်မပေးနိုင်ဘူး။

သူက ကျောင်းမှာ အနေအထိုင်ကောင်းတယ်။ စာကိုစိတ်မဝင်စားပေမယ့် အားကစားမှာထူးချွန်တယ်။ ဆရာ၊ ဆရာမတွေကလည်း သူစာမလိုက်နိုင်တာကို သတိမထားမိဘူး။

သူမကလည်း သူမပဲ။ စာသင်နေတုန်း ကျောက်သင်ပုန်းမှာရေးထားတာကိုလိုက်ကူးနိုင်တယ်။ အဓိပ္ပာယ်ကိုတော့ သိနားလည်ခြင်းမရှိဘူး။ အတန်းထဲမှာ သူမကို အသံထွက်ပြီးစာဖတ်ခိုင်းရင် အကြောင်းမရှိအကြောင်းရှာပြီး စာသင်ခန်းအပြင်ကိုထွက်သွားတတ်တယ်။

> **အတန်းဖော်သူငယ်ချင်းတွေ စာဖတ်စွမ်းရည်တက်လာတာနဲ့အမျှ သူကတော့ ပိုပိုပြီးသိမ်ငယ်လာတယ်။ နောက်တော့ ကြိုးစားချင်စိတ်ပါမရှိတော့ဘူး။ အသက် ၁၅ နှစ်လောက်မှာ ကျောင်းကနေထွက်ခဲ့တယ်။ အဲဒီနောက်...**

အတန်းဖော်သူငယ်ချင်းတွေ စာဖတ်စွမ်းရည်တက်လာတာနဲ့အမျှ သူကတော့ ပိုပိုပြီးသိမ်ငယ်လာတယ်။ နောက်တော့ ကြိုးစားချင်စိတ်ပါမရှိတော့ဘူး။ အသက် ၁၅ နှစ်လောက်မှာ ကျောင်းကနေထွက်ခဲ့တယ်။ အဲဒီနောက် သူမထက် ၁၁ လသာကြီးတဲ့ အစ်မဖြစ်သူ အီလိန်းနဲ့အတူ အမေဖြစ်သူက အနားကမိတ်ဆွေတစ်ယောက်ရဲ့ စားသောက်ဆိုင်မှာအလုပ်သွင်းလိုက်တယ်။

စားသောက်ဆိုင်မှာလည်း သူက ပရိယာယ်သုံးတယ်။ တစ်ယောက်ယောက်က ဒိုဗာဆိုး(Dover Sole)ဆိုတာကို အော်ဒါ မှာလိုက်ရင် သူက ဟင်းအမည်စာရင်းမီနူးကိုယူလာပြီး အစ်မကိုပြတယ်။

''ကျွန်မတို့ဆိုင်က ဒိုဗာဆိုးရောင်းသလားလို့မေးရင် အီလိန်းက ဒိုဗာဆိုးဆိုတာကို မီနူးမှာထောက်ပြတယ်၊ အဲဒီစာလုံးကို သူက ကူးမှတ်ပြီး နောက်ဘက်က ကစ်ချင်းကို မှာပေးတယ်၊ အရက်တို့၊ အဖျော်ယမကာတို့မှာပြီဆိုရင်တော့ သူ ဒုက္ခတွေ့တော့တာပဲ၊ တစ်ခါမှာ အမျိုးသမီးတစ်ယောက်က လိုင်ဘရောမစ်(Lie Bfraumitch) ဆိုတာကိုမှာတယ်၊ သူမက စိတ်ထဲထင်တာ ကောက်ရေးပြီး ဘားကောင်တာကို သွားပေးတယ်၊ ပြီးတော့ မယောင်မလည်နဲ့ လစ်ထွက်သွားတယ်၊ ကောင်တာက အရက်ရောင်းသူက စာရွက်ကိုင်ပြီး ''ဒါဘာမှာတာလဲဟေ့'' လို့မေးရင် သူက မေ့သလိုလိုနဲ့ ''ဘယ်က ဘာမှာတာလဲရှင်'' လို့ ဆက်အော်မေးတယ်၊ စားသုံးမယ့်သူက လိုင်ဘရောမစ်လို့ထပြောရင် ဆုကပါ သံယောင်လိုက်ပြီး လိုင်ဖရောမစ်လို့အော်ပြောလိုက်တယ်။

ဒီလိုနဲ့ အဲဒီတစ်နေ့အတွက် အခက်အခဲကိုကျော်ဖြတ်ခဲ့တာ ဒါပေမယ့် ဆုက အလုပ်လုပ်ချင်တယ်။ ရင်ထဲမှာတော့ စိုးထိတ်နေတာပေါ့။ အသက် ၁၈ နှစ်အရွယ် ရောက်လာတော့ ဆုတစ်ယောက် ကိုယ်လုံးသွယ်သွယ်၊ မျက်လုံးဝိုင်းဝိုင်းနဲ့ ဆံပင်ရှေ့ရောင်ဝိုင်ရှင် လှတပတလေးဖြစ်လာတယ် ဆိုရင်ပဲ အသက် ၁၉ နှစ်အရွယ် ကောင်လေး ဒေးဗစ်ဒိုးဆိုတာနဲ့ ရည်ငံမိကြတယ်၊ ကောင်လေးက ပလိုင်းမောဘ်ရေတပ် လေ့ကျင့်ရေးကျောင်းမှာ သင်တန်းတက်နေတာ၊ သမီးရည်းစားကာလတစ်လျှောက်လုံး သူမ စာမတတ်တာကိုဖုံးကွယ်နိုင်ခဲ့တယ်။

နောက်မကြာမီ သူတို့နှစ်ဦးလက်ထပ်ဖို့ဖြစ်လာတဲ့အခါမှာ အခက်အခဲတစ်ခုကြုံရသေးတယ်။ လက်ထပ်စာချုပ်အတွက် မှတ်ပုံတင်လုပ်မယ့်ရုံးမှာ ဆုရဲ့နာမည်အပြည့်အစုံရေးသွင်း လက်မှတ်ထိုးဖို့ရှိတဲ့အတွက် ဆုက သူမရဲ့နာမည်အလယ်စာလုံး ကာရိုးလ်(Carol)ဆိုတာကို အခန်းအပြင်ထွက်ပြီး တစ်ယောက်ကိုမေးတယ်။ ''ကာရိုးဆိုတာကို o နဲ့လား၊ e နဲ့လားရှင်'' လို့မေးတော့ အဲဒီတစ်ယောက်က စာလုံးပေါင်းတာကို လက်ဝါးမှာရေးမှတ်ယူခဲ့တယ်။

မင်္ဂလာအခမ်းအနားမှာကျတော့ဘယ် သူမှမသိအောင် လက်ဝါးမှာရေးမှတ်ထားတာကို ခိုးကြည့်ပြီး ကူးရေးလိုက်တယ်။ နောက်လအနည်းငယ်ကြာတော့ သူတို့စုံတွဲဟေးစကင်းကိုပြောင်းခဲ့ကြတယ်။

ဆုအဖို့ နေရာသစ်မှာ အခက်အခဲအတော်လေးကြုံခဲ့ရတယ်။ ဆိုင်းဘုတ်တွေမှာ ရေးထားတဲ့ဆိုင်နာမည်တွေ၊ လမ်းနံပါတ်၊ အမည်တွေဟာ ဆုအဖို့ ဘာသာခြားစကားနဲ့ ရေးထားသလိုမျိုး နားမလည်နိုင်ခဲ့ဘူး။ အလုပ်လိုချင်လို့ လျှောက်မယ် စိတ်ကူးရှိပေမယ့် လျှောက်လွှာလည်း မရေးတတ် ပုံစံမှာလည်းမဖြည့်တတ်နဲ့ အတော် ဒုက္ခရောက်ရတယ်။ နောက်ဆုံးတော့ သန့်ရှင်းရေးအလုပ်သမား အလုပ်ရခဲ့ပါတယ်။

စာကိုလည်းမရေးနိုင်။ မဖတ်နိုင်တဲ့အပြင် စတိုးဆိုင်မှာ စားစရာသောက်စရာ

ဝယ်ဖို့ကျတော့လည်း ချိတ်ဆွဲထားတဲ့စာကို မဖတ်တတ်၊ ဇာထိုးပန်းထိုးအလုပ်ကိုလည်း မကျွမ်းနဲ့ အတော်ဒုက္ခရောက်ခဲ့ရတယ်။ ခင်ပွန်းဖြစ်တဲ့ ဒေးက သူစားချင်တဲ့အစား အစာကိုပြောတဲ့အခါ စာရွက်မှာရေးခိုင်းပြီး ဆိုင်က အရောင်းစာရေးကိုပြကာ ''ဒါကို လိုချင်တယ်၊ ဒီဟာရောင်းပါဆိုပြီး''စာရွက် ထိုးပေးလိုက်တာပဲ။

ညနေပိုင်းယောကျ်ားဖြစ်သူက စာအုပ် တစ်အုပ်ကိုင်ဖတ်နေတဲ့အချိန်မှာ ဆုက စဉ်းစားမိတယ်။ ''ငါလည်း စာရေးနိုင်၊ဖတ်နိုင်ဆိုရင် သူ့လိုပဲ စာအုပ်နဲ့အချိန်ဖြုန်းမယ်၊ ယောကျ်ားက ''အချစ် ဘာစာတွေဖတ်နေတာလဲ''လို့မေးရင် ကျွန်မ အိုလီဗာတွစ်စ် (Oliver Twist) စာအုပ်ဖတ်နေတာလို့ ပြောလိုက်ချင်တယ်''လို့

အိမ်ထောင်သက်တစ်နှစ်ရလာတဲ့အခါ သမီးကလေးတစ်ယောက်ရတယ်။ တင်ညာ မွေးပြီး ခြောက်နှစ်လောက်ကြာတော့ သား ယောကျ်ားလေး ဂလင်းကိုမွေးပြန်တယ်။ ကလေးတွေကျောင်းနေအရွယ်ရောက်တော့ ဆုက ကျောင်းစာနဲ့ပတ်သက်ပြီး အကူအညီ ပေးချင်ပေမယ့် အကူအညီမဖြစ်မြောက်ခဲ့ ဘူး။ ကလေးတွေက ကျောင်းစာအုပ်ကိုင်ပြီး မေးတဲ့အခါ ''အမေ မအားဘူး၊ မင်းတို့ အဖေကိုသွားမေး''လို့ရှောင်လွှဲလို့ရပေမယ့် ကလေးတို့အဖေ အိမ်မှာမရှိတဲ့အခါကျရင် ''အေး၊ အမေ မအားသေးဘူးဟေ့''လို့ အော်ဟစ်ငေါက်ငမ်းပြီး ရှောင်ထွက်ခဲ့တယ်။ ''ကလေးတွေကို ငေါက်ငမ်းရတာကလည်း သူတို့ နောင်မမေးရဲအောင် ခြောက်လှန့်ရ တဲ့သဘောပါ၊ အမှန်တကယ်က ကျွန်မကို ကျွန်မ မကျေနပ်တာပါ''

ဒီလိုနဲ့ အချိန်တွေကြာလာတော့ သူဟာသူ သိမ်ငယ်ပြီး ကလေးတွေနဲ့ရော၊ ခင်ပွန်းသည် ဒေ့ဗ်နဲ့ပါ အနေဝေးလာတယ်။ နောက်တော့ ခင်ပွန်းနဲ့ခွဲပြီး မိခင်ရှိရာ ပလိုင်းမော့သ်ကို ကလေးတွေခေါ်ပြီး ပြောင်းလာတယ်။ ဒါပေမဲ့ အသက် ၁၇ နှစ်အရွယ်ရှိလာပြီဖြစ်တဲ့ တင်ညာက နေရာဟောင်းက သူငယ်ချင်းတွေကိုပဲ လွမ်းတယ်ဆိုပြီး အဖေနဲ့ပြန်နေတယ်။ ဆု က သမီးဆီစာရေးချင်တော့ သား ဂလင်း ကို အကူအညီတောင်းပေမယ့် သားဖြစ်သူ က ဆယ်မိနစ်တောင် အချိန်မပေးချင်ဘူး ဖြစ်တယ်။

ဒီလိုနဲ့ ခင်ပွန်းနဲ့ခွဲခွာပြီး ကွာရှင်းတဲ့ ကိစ္စ တရားဝင်ဆောင်ရွက်နေတုန်း အမျိုး သားတစ်ယောက်နဲ့ဆုံဖြစ်တယ်။ ဒါပေမဲ့ အဲဒီလူနဲ့လည်း သားတစ်ယောက် ဘရိုင် ယန်ဂျန် (BJ)ကိုမွေးပြီးတာနဲ့ကွဲရပြန်တယ်။ ဒီတစ်ခါတော့ ဆုက သူ့သားငယ်ဘီဂျေရဲ့ အိမ်စာနဲ့ပတ်သက်လို့ မဖြစ်ဖြစ်အောင် အကူအညီ ပေးနိုင်ရမယ်လို့ စိတ်ဆုံးဖြတ်ခဲ့ တယ်။ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် ဆုတစ် ယောက် စာရေးစာဖတ်တတ်အောင် သင် မယ်ပေါ့။

ဘရိုင်ယန်ဂျန်လေး မူကြိုတတ်တဲ့ အချိန်မှာတော့ ဆုပါ ကျောင်းကိုအတူ လိုက်သွားတယ်။ ကလေးက ကျောင်းမှာပုံ ဆွဲပြီး ဆရာမဆီပို့တဲ့အခါ ဆုက အကူ အညီသဘောနဲ့ ကလေးနာမည်၊ ဆရာမ နာမည်ကို စာအုပ်မှာရေးဖို့ လုပ်ချင်ပေမယ့် ဆရာမနာမည်ကို စာလုံးမပေါင်းတတ်တာနဲ့ မလုပ်ဖြစ်ပြန်ဘူး။

ကြာတော့ ကလေးတွေက ဆု စာ မတတ်တာကို ရိပ်မိလာတယ်။ တခြား ကလေးတွေက စာရွက်ထိုးပေးပြီး ဖတ်ပြ ခိုင်းရင် ''မင်းတို့ဆရာမ ပြောတဲ့အချိန်တွေ မှာ ဂရုစိုက်နားထောင်''လို့ပြောပေမယ့် ကလေးတွေက ဆု စာမဖတ်တတ်တာကို သိသွားကြတယ်။ ဒီတော့လည်း ဆု တစ် ယောက် ဝန်ခံရုံကလွဲလို့ ဘာမှမတတ်နိုင် ဘူး။

နောက် ဘီဂျေးလေး အတန်းကျောင်း မူလတန်းကို တက်တဲ့အချိန်မှာ ဆုက စဉ်းစားပြီ။ ဒီတစ်ခါလည်း ကလေးတွေနဲ့ အနေစိမ်းရတော့မယ်လို့။

ပထမခြေလှမ်း

ကျောင်းမှာက မိဘဖြစ်သူရဲ့ပညာရေး ကို ကူညီမြှင့်တင်ပေးတဲ့ပညာရေးဝန်ထမ်း တစ်ဦးရှိတယ်။ သူက ကျောင်းသားမိဘ တွေကို သင့်တော်မယ်ထင်တဲ့စာအုပ်တွေ၊ ပုံပြင်တွေပေးဖတ်တယ်။ ဆုက ပုံနှိပ် စာလုံးကြီးကြီးနဲ့ ရုပ်ပုံတွေပါတဲ့ စာအုပ် တစ်အုပ်ကို ကောက်ကိုင်လိုက်တယ်။ ပြီး တော့ အိမ်ယူလာတယ်။ ဒါပေမဲ့ အိမ် ရောက်လို့ဖတ်ကြည့်တော့ ဆု နားလည် တာဆိုလို့ စာနှစ်လုံး သုံးလုံးပဲရှိတယ်။



ကျန်တာ နားမလည်ဘူး။ နောက်နှစ်ရက်၊ သုံးရက်လောက်နေတော့ ဆရာမ ဆူဆန်ကာစင် (Susan Cousin)က ကျောင်းကို တစ်ခေါက်ရောက်လာပြီး မေးတယ်။ ''ဘယ်နှယ်တုန်း၊ စာအုပ်လေးက ကောင်းရဲ့လား''တဲ့။

ဆုက ''တကယ်ကောင်းမယ့် စာအုပ်လေးပါရှင့်''လို့ပြန်ဖြေတယ်။ ပြီးတော့မှ ''ဒါပေမဲ့ ကျွန်မနားမလည်ဘူး''လို့ ဝန်ခံပြောတယ်။

ဆူဆန်က သူ့ကိုခေါ်ပြီး သူမရုံးခန်းကို သွားတယ်။ အဲဒီမှာ ဆုကို ဘေးမှာထိုင်ခိုင်းပြီး စာအုပ်ကိုအသံထွက်ပြီးဖတ်ပြတယ်။ စာအုပ်အမည်က(Never in a Loving Way)တဲ့။ ရေးသူက ဂျိုစီရိုင်းစ် (Josi Ryones)၊ စာအုပ်မှာက တစ်မျက်နှာ စာနှစ်ကြောင်းသုံးကြောင်းပဲပါတယ်။ ပထမတန်းကလေးတွေ ဖတ်ဖို့အတွက် ရုပ်ပြရေးထားတာ။ ဆရာမက ဖတ်ရှုင်းပြတော့ ဆုတစ်ယောက် အတော်လေးနှစ်သြိုက်သဘောကျသွားတယ်။ စာရေးဆရာကိုယ်တိုင်က စာမရေးတတ်၊ မဖတ်တဲ့ဘဝရောက်ခဲ့သူဖြစ်တယ်။

စာကိုတစ်ကြောင်းချင်း အသေအချာဖတ်တယ်။ မသိတဲ့စာလုံးကို ပြန်ပေါင်းဖက်တယ်။ ရှေ့စာမျက်နှာမလှန်ခင် မှတ်မိအောင်ဖတ်တယ်။ ၁၅ ကြိမ်လောက် ဖတ်လိုက်၊ မှတ်လိုက် လုပ်တဲ့အခါကျတော့ စာတစ်အုပ်လုံးကို မှတ်မိသွားတယ်။ ဒီလိုနဲ့...

ဆုက အဲဒီစာအုပ်ကိုအိမ်ကို တစ်ခါပြန်ယူလာတယ်။ ဇာတ်လမ်းကိုသိထားပြီးပြီမို့ စာကိုတစ်ကြောင်းချင်း အသေအချာဖတ်တယ်။ မသိတဲ့စာလုံးကို ပြန်ပေါင်းဖက်တယ်။ ရှေ့စာမျက်နှာမလှန်ခင် မှတ်မိအောင် ဖတ်တယ်။ ၁၅ ကြိမ်လောက်ဖတ်လိုက်၊ မှတ်လိုက်လုပ်တဲ့အခါကျတော့ စာတစ်အုပ်လုံးကို မှတ်မိသွားတယ်။ ဒီလိုနဲ့ စာလုံးတွေကို ဖတ်နိုင်၊ မှတ်နိုင်လာတယ်။



အဲဒီနောက်တော့ ဆုတစ်ယောက် ဆရာမ ဆူဆန်ကာစင်နဲ့ အမြဲဆက်သွယ်ပြီး သင်ခန်းစာကိုသင်ယူခဲ့တော့တယ်။ အတော်တော့ ဇွဲရှိရတယ်။ တိုးတက်မှုကလည်း နှေးကွေးတယ်။ ဒါပေမဲ့ ဆူဆန်ရဲ့ အားပေးမှုနဲ့ ဆက်လုပ်ဖြစ်တယ်။ ဆရာဖြစ်သူကလည်း ကလေးတွေတောင် သင်ကြားလို့ရရင် ဆုအတွက် ဘာမရစရာရှိလဲလို့တွေးတယ်။

''ဒါကလည်း အလုပ်တွေ၊ အထောက်အကူပစ္စည်းတွေကြောင့်ချည်းလည်း မဟုတ်ပါဘူး၊ တစ်ဦးနဲ့တစ်ဦး ဆက်သွယ်နားလည်မှုပါပဲ''လို့ ဆူဆန်ကပြောတယ်။ ဆုကတော့–

''ဆရာမဟာ သူမအတွက် ဒဏ္ဍာရီပုံပြင်ထဲက မွေးစားအမေပဲ''ရယ်လို့ ရိုးရိုးဆိုပါတယ်။

၁၉၉၁ ခုနှစ်မှာ ကော်မတီအုပ်ချုပ်ရေးအဖွဲ့က ဆုနဲ့သူ့သားတွေ ငှားရမ်းနေထိုင်တဲ့ ဒေဗင်ဖို့တ်ပင်စာရွာတ် လမ်းဘေးမှာ နေတဲ့လူတွေကို လွတ်နေတဲ့တိုက်ခန်းတစ်ခုကို လူမှုဗဟိုဌာနအဖြစ် အခမဲ့ အသုံးပြုခွင့်ပေးခဲ့တယ်။ ဒီနေရာမှာ ဆူဆန်ကာစင်က လက်သင်စာရေးဆရာတွေကို စုဖွဲ့လိုက်တယ်။

ဆုကတော့ စာသာမဖတ်တတ်တာ၊ စာရေးဖို့အတော်လေးအားခဲတယ်။ စာရေးဆရာမတစ်ယောက်ဖြစ်ရမယ်လို့လည်း အမြဲတမ်းစိတ်ကူးရှိခဲ့တယ်။ ဒါပေမဲ့ သူရေးတာက သူ့သဘောနဲ့သူစိတ်ကူးရသလို စာလုံးပေါင်း သတ်ပုံမမှန်၊ သဒ္ဒါနည်းမကျ ရေးထားတာဆိုတော့ ဘယ်သူမှမပြဘဲ သိမ်းထားတာ၊ ဆရာမဆူဆန်ရဲ့သင်တန်းကို မပျက်မကွက် တစ်ပတ်နှစ်ကြိမ် တက်ဖြစ်အောင် တတ်ခဲ့တယ်။ နောက်တော့ သူရေးထားတာတွေကို ဆရာမဆူဆန်က ယူသွားပြီး လက်နှိပ်စက်နဲ့ စာလုံးပေါင်းမှန်အောင်၊ သဒ္ဒါနည်းကျကျရိုက်ပြီး ပြန်ပေးတယ်။ ဒီလိုနဲ့ ဆုဟာ သူရေးတဲ့စာကို မှန်မှန်ကန်ကန်ဖတ်နိုင်လာတယ်။

နောက်တော့ ဆရာမဆူဆန်က သူ့ကို ဘဝမှာ ကြုံခဲ့ရတဲ့အခက်အခဲတွေ၊ ရုန်းကန်ခဲ့ရတာတွေကို ဖွင့်ချရေးဖို့တိုက်တွန်းတယ်။ ဆုရဲ့ လျှို့ဝှက်ချက်တွေကို ဖော်ထုတ်ရေးခိုင်းတော့ ဆုခဗျာ အတော်လေး စိတ်

ဆင်းရဲရတယ်။ ဒါပေမဲ့ ဆုက အမှန်အတိုင်း ဖြစ်ခဲ့တဲ့ အနှစ်သုံးဆယ်က အကြောင်းအရာတွေကိုရေးဖို့ ဆုံးဖြတ်ချက်ချခဲ့တယ်။ အေးလေ လူအများ သူ့ကိုနားလည်စေချင်တယ်လို့တော့ ဆန္ဒပြုရတာပေါ့။

၁၉၉၂ ခုနှစ်၊ စက်တင်ဘာလထဲမှာ ဒီးအီဗန် (Dee Evans)ဆိုတဲ့ အမျိုးသမီးကြီး၊ သူတို့ရဲ့ လူမှုဗဟိုဌာနကို လာလည်တယ်။ အဲဒီအမျိုးသမီးကြီးက ပလိုင်းမောက် ပြဇာတ်ရုံတည် ဆောက်စဉ်က ပါဝင်ခဲ့သူဖြစ်ပြီး ဆုတို့ရဲ့ လူမှုဗဟိုဌာနနဲ့ အဆက်အသွယ်ရှိသူဖြစ်တယ်။ ဒီးအီဗန်က ဆုတို့အဖွဲ့ထဲက တချို့ရဲ့ ရေးထားမှတ်ထားတွေ ဖတ်ပြတာကို နားထောင်တယ်။ နောက် သူတို့ကို စင်မြင့်ပေါ်မှာ ဖတ်ဖို့တောင်းဆိုတယ်။

ဆုရဲ့အလှည့်ကျတော့ ဒီအီးဗန်က ထူးထူးခြားခြားခံစားမိပြီး သာမန်စာတစ်ပုဒ်ကို ဖတ်ခိုင်းရာကနေ ပြဇာတ်တစ်ပုဒ်လို စျာန်သွင်းဖတ်စေတယ်။ အကြောင်းအရာကတော့ စာသင်ခန်းထဲမှာထိတ်လန့်ကြောက်ရွံ့ခဲ့ရတာတွေ၊ အလုပ်လျှောက်တုန်းက လျှောက်လွှာကို မဖြည့်တတ်တာတွေ၊ ကလေးတွေရဲ့အိမ်စာကို အကူအညီမပေးနိုင်ခဲ့တာတွေ စသဖြင့် ဆုဘဝရဲ့ဒဏ်ရာဒဏ်ချက်တွေ ပါဝင်တာပေါ့။

ဆူဆန်ကာစင်က ဒါတွေဒါတွေကို ဇာတ်ညွှန်းခွဲတယ်။ ဆုရဲ့စကားပြောတွေ ''ကျွန်မအထဲကိုဝင်သွားတယ်''သူက ကျွန်မကို ဒါတွေပြောတယ်။ ကျွန်မ ဒါတွေပြောတယ်ဆိုတာတွေကို အသေ့လိုက်ရေးတယ်။

''ဒါတွေက ရယ်စရာလည်းကောင်းပြီးတော့ တကယ့်ရင်တွင်းဖြစ်ပဲ''လို့ပြောတယ်။

အခြားသောအမျိုးသမီးတွေရဲ့ဇာတ်လမ်းတွေက တစ်ခန်းရပ်နဲ့ပြီးသွားပေမယ့် ဆုရဲ့ဇာတ်လမ်းကျတော့ အခန်းဆက်နဲ့ ဇာတ်လမ်းတွဲသဘောမျိုးဖြစ်တယ်။ နောက်ခေါင်းစဉ်ကိုလည်း 'Shout it out'လို့ ပေးလိုက်တယ်။

ပထမဆုံးပြကွက်က ဘီဂျေရဲ့ကျောင်းဖြစ်တယ်။ ဆုက လန့်နေတယ်။ အများပရိသတ်က ဘာပြောမလဲပေါ့၊ စင်ပေါ်က နေ ပြန်ဆင်းပြေးလာတယ်။ ဒါပေမဲ့ ဒီးက သူ့ကိုလက်မောင်းဆွဲပြီး စင်ပေါ်ပြန်တက်ဖို့

> **စာသင်ခန်းထဲမှာ ထိတ်လန့်ကြောက်ရွံ့ခဲ့ရတာတွေ၊ အလုပ်လျှောက်တုန်းက လျှောက်လွှာကို မဖြည့်တတ်တာတွေ၊ ကလေးတွေရဲ့အိမ်စာကို အကူအညီမပေးနိုင်ခဲ့တာတွေ စသဖြင့်...**

တောင်းပန်တယ်။ ''ကျွန်မ မလုပ်နိုင်ဘူး'' ဆုက တိုးတိုးငြင်းတယ်။ ဒီနောက်တော့ သူမရဲ့ခံစားချက်တွေကို အများပြည်သူသိအောင် ထုတ်ဖော်သင့်တယ်လို့တွေးမိပြီး စင်ပေါ် ပြန်တက်တယ်။ တစ်ကိုယ်လုံးတုံတုံယင်ယင်နဲ့ သူ့ဇာတ်လမ်းကိုပြောတယ်။ ပရိသတ်က အော်တဲ့သူအော် ငိုတဲ့သူငိုပေါ့။ ဆူဆန်ကာ စင်က ''တကယ့်သတ္တိပဲ''လို့ မှတ်ချက်ပြုတယ်။

ဒီဇာတ်လမ်းကိုပဲ ရိုင်ရယ်ပြဇာတ်ရုံမှာ တစ်ခါကတယ်။ တစ်နေ့ ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလထဲမှာ ဘီဘီစီကထုတ်လုပ်ရေးတာဝန်ရှိသူ လဲန်ဖီးလ်စ်(Lan Philies)ဆိုသူက သတင်းစာမှာ အဲဒီအကြောင်းဖတ်မိပြီး အသံလွှင့်ဖို့ဆက်သွယ်လာတယ်၊ မေလထဲမှာ ဒီ Shout it out ဆိုတဲ့ဇာတ်လမ်းကို သက်ကြီးတန်းကဏ္ဍကနေ ရေဒီယိုလွှင့်



တယ်။ ဗြိတိသျှတယ်လီကွန်းက စပွန်ဆာပေးပြီး မိတ္ထူ ၅၀၀ မှာကာ စာကြည့်တိုက်တွေကိုဖြန့်တယ်။ သက်မွေးပညာသင်ကျောင်းတွေ၊ ဒေသကောလိပ်တွေကို ဖြန့်တယ်။ လအနည်းငယ်ကြာတော့ (YW CA)က ဆုတောကို အနောက်ပိုင်းက ထူးချွန်တဲ့အမျိုးသမီးအဖြစ် ချီးကျူးတယ်။

လဲန်ဖီးလ်စ်ဟာလည်း ဆုကို အသိမပေးဘဲ Shout it out ကို ဆိုနီဆုပေးပွဲမှာ တင်သွင်းလိုက်တယ်။ ၁၉၉၄ ခုနှစ်၊ ဆိုနီဆုစာရင်းမှာ ပေးပို့လာတဲ့ ဇာတ်လမ်း ၅ ပုဒ်ထဲက Shout it out ဆိုတဲ့ ဇာတ်လမ်းခွေဟာ ဆန်ခါတင် ၃ ခုထဲပါသွားတယ်။ လန်ဒန်မှာကျင်းပတဲ့ဆုပေးပွဲကို ဆုတစ်ယောက် သွားတက်လိုက်တယ်။ ဟိုရောက်တော့ လူမှုရေဒီယိုအသံလွှင့်တဲ့ အကောင်းဆုံးဆုအဖြစ် Shout it out ဇာတ်လမ်းနဲ့ စာရေးသူ ဆုစန်တောလို့ ကြေညာလိုက်တဲ့အခါမှာ ဆုက ဝမ်းသာလွန်းလို့မျက်ရည်များတောင်လည်ခဲ့ပါတယ်။

စင်ပေါ်မှာ ဆုယူပြီး စကားပြောတဲ့အခါမှာ ဆုက ''ဒီလိုအောင်မြင်မှုဆိုတာ ကျွန်မ အိပ်မက်တောင်မမက်ရဲခဲ့ပါဘူး''လို့ ဖွင့်ဟရှာတယ်။

အခုဆို ဆုဟာ အသက် ၄၃ နှစ်ရှိလာပြီး ဘီဂျေလေးရဲ့ကျောင်းက ကဖေးဆိုင်မှာ အလုပ်လုပ်နေပါပြီ။ ဘဝမှာ ခက်ခက်ခဲခဲရုန်းကန်ပြီး အောင်မြင်လာပြီးနောက် အခြားသော သက်ကြီးရွယ်အို စာတတ်မြောက်ရေးကိစ္စရပ်တွေမှာ ပါဝင်ကူညီဆောင်ရွက်ပေးနေပါပြီ။ စာမတတ်သူတွေ စာတတ်အောင်နဲ့စာဖတ်ဖို့ ဆော်သြနေပါပြီ။

ပလိုင်းမောအစိုးရဌာနတစ်ခုကလည်း သူ့ပြဇာတ်ကိုဝယ်ပြီး နေရာအနှံ့ပြဇာတ်ကို တင်ဆက်ခဲ့တယ်။ တစ်နေရာမှာ အဲဒီပြဇာတ်ကို တစ်ခါကပြီးတိုင်း ပရိသတ်ထဲမှာ စာမတတ်သူတချို့တလေပါလာပြီး သူတို့အဖို့ အားဆေးတစ်ခွက်ဖြစ်ကာ ''သူတောင် ဒီလို စာမတတ်ရာကနေ ဒီလိုဖြစ်လာနိုင်ရင် တို့ ဘာလို့မဖြစ်ရမလဲ''ဆိုပြီး အားတက်လာတယ်လို့ ဆိုကြပါတယ်။ ။

မောင်သိဟ

(Ref.R/D. Sept.1995-Breda Houghtun Sue open a New Chapter.)

ငေါ့ CARTOON





လေဆင်နှာမောင်းလား
ဒိုက်ဆင်းလေပြင်းလား

သိပ္ပံစာရေးဆရာကိုကိုအောင်

လေဆင်နှာမောင်း ဟူသည်မှာ အလွန်အားကောင်းသော မိုးတိမ်တောင်များ ဖြစ်ပေါ်နေချိန်တွင် မိုးတိမ်တောင်၏ အောက်ခြေပိုင်းမှ အစပြု၍ ဆင်၏ နှာမောင်းပုံသဏ္ဌာန်ဖြင့် ပြင်းထန်စွာတိုက်ခတ်သော လေဝဲအကြီးအစားပင်ဖြစ်သည်။ လေဆင်နှာမောင်း၏ အင်အားအလွန်ကောင်းသည့်အခါ တစ်နာရီလျှင် မိုင် ၃၀၀ ကျော်အထိပင် တိုက်ခတ်လေ့ရှိသည်။ ကမ္ဘာအရပ်ရပ်တွင် တိုက်ခတ်ခဲ့ဖူးသော လေဆင်နှာမောင်းများ၏ သဘောသဘာဝကို လေ့လာကြည့်သည့်အခါ လေဆင်နှာမောင်းတိုက်ခတ်ချိန်သည် အနည်းဆုံး မိနစ် ၃၀ မှ အများဆုံး ၆ နာရီအထိ ကြာမြင့်နိုင်ကြောင်း တွေ့ရှိရသည်။

လေဆင်နှာမောင်းသည် မုန်တိုင်းအမျိုးအစားတစ်ခုပင် ဖြစ်သော်လည်း ရိုးရိုးလေပြင်းမုန်တိုင်းကဲ့သို့ လူသိမများလှပေ။ ကမ္ဘာအရပ်ရပ်တွင် မုန်တိုင်းတိုက်ခတ်မှု အကြိမ်ရေအများအပြားရှိခဲ့သဖြင့် ကမ္ဘာ့ပြည်သူအများစုတို့အနေဖြင့် ဘဝသက်တမ်းတစ်လျှောက်၌ မုန်တိုင်းကိုတစ်ကြိမ်မဟုတ်တစ်ကြိမ် ကြုံတွေ့ကြရလေ့ရှိသည်။ လေပြင်း





မုန်တိုင်းနှင့် ထိပ်တိုက်မဟုတ်သည့်တိုင် မုန်တိုင်းအဖျားခတ်ခြင်း၊ မုန်တိုင်းအရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့် ရက်ကာလရှည်ကြာစွာ မိုးရွာသွန်းခြင်းများကို အနည်းနှင့်အများ ကြုံတွေ့ဖူးကြသည်။

သို့ရာတွင် လေဆင်နာမောင်းဆိုသည်ကိုမူ ဘဝသက်တမ်းတစ်လျှောက် ကြားဖူးရုံမျှသာရှိပြီး တကယ့်ထိပ်တိုက် နဖူးတွေ့၊ ဒူးတွေ့ ကြုံတွေ့ဖူးခြင်းမရှိသူ သန်းပေါင်းများစွာ ရှိနေကြသည်။ အဘယ်ကြောင့်ဆိုသော် လေပြင်းမုန်တိုင်းများသည် ကမ်းလွန်ပင်လယ်ပြင်နှင့် ပင်လယ်အော်များ၌ ဖြစ်ပေါ်လေ့ရှိသော လေဖိအားနည်းရပ်ဝန်းကို အကြောင်းပြု၍ ထိုပင်လယ်၏ ရေပြင်အပူချိန်မြင့်တက်နေခြင်း၊ ပင်လယ်ရေအချဉ်ပေါက်နှုန်း မြင့်မားနေခြင်းတို့နှင့် တိုက်ဆိုင်သည့်အခါ အင်အားကောင်းသော မုန်တိုင်းအဖြစ်သို့ အသွင်ပြောင်းသွားလေ့ရှိကြပြီး၊ လေဆင်နာမောင်းကမူ ဖြစ်တည်လာနိုင်ခြေ အခွင့်အလမ်းနည်းပါးသည့်အပြင် အကယ်၍ တိုက်ခတ်လျှင်လည်း လေဆင်နာမောင်းအများစုတို့၏ တိုက်ခတ်ချိန်မှာ အလွန်တိုတောင်းပြီး ရွေ့လျားတိုက်ခတ်ရာ ပင်မလမ်းကြောင်းမှလွဲ၍ ကျန်နိုးကပ်သော ပတ်ဝန်းကျင်၌ သက်ရောက်မှုမရှိသလောက် နည်းပါးခြင်းကြောင့်ပင်ဖြစ်သည်။

သာဓကအားဖြင့် ၁၉၈၀ ပြည့်နှစ်က ရန်ကုန်မြို့ အင်းစိန်မြို့နယ်၌ မိနစ်အနည်းငယ်မျှသာ တိုက်ခတ်သွားခဲ့သော လေဆင်နာမောင်းကြောင့် မြန်မာနိုင်ငံ ဆေးဝါးထုတ်လုပ်ရေးစက်ရုံ(ကြို့ကုန်း)၌ မြွေဆိပ်ဖြေဆေးထုတ်လုပ်ရန် မွေးမြူထားသည့် မြွေအကောင်ရေများစွာတို့မှာ ၎င်းတို့အား ထည့်သွင်းထားသည့် သံပခြုပ်များနှင့်အတူ လေထဲသို့ လွင့်ပါပျောက်ဆုံးသွားခြင်း၊ ခေါင်မိုးကျောက်ပြား သွပ်ပြားများနှင့် လေအေးစက်များ လေထဲသို့ လွင့်ပါသွားခြင်း၊ ရန်ကုန်စက်မှုတက္ကသိုလ်ဝင်းအတွင်းရှိ သစ်ပင်အချို့ အပင်ရင်းမှပြတ်ထွက်ကာ လေထဲလွင့်ပါသွားခြင်း စသည်တို့ကို ကြုံတွေ့ခဲ့ကြရသည်။

သို့ရာတွင် အင်းစိန်မြို့နယ်အတွင်း၌ ထိုကဲ့သို့ လေဆင်နာမောင်း တိုက်ခတ်သွားသည်ကို ကျန်မြို့နယ်များရှိ ပြည်သူလူထုတို့က လုံးဝမသိရှိလိုက်ကြပေ။ ရန်ကုန်မြို့တစ်မြို့ထဲ၌ပင် လေဆင်နာမောင်း တိုက်ခတ်မှုကို ခံစားရသော မြို့နယ်နှင့် လုံးဝမသိရှိလိုက်သော မြို့နယ်များဟူ၍ ရှိနေခဲ့ခြင်းသည် လေဆင်နာမောင်း၏ သဘောသဘာဝနှင့် သရုပ်သကန်ပင်ဖြစ်သည်။

ကမ္ဘာပေါ်၌ လေဆင်နာမောင်းတိုက်ခတ်မှုအကြိမ်ရေ အများဆုံးနိုင်ငံမှာ အမေရိကန်ပြည်ထောင်စုပင်ဖြစ်သည်။ အမေရိကန်ပြည်ထောင်စု အလယ်ပိုင်းရှိ ပြည်နယ်များကိုဖြတ်သန်း၍ ပြင်းအားအမျိုးမျိုး လေတိုက်နှုန်းအမျိုးမျိုးတို့ဖြင့် တိုက်ခတ်သွားသော လေဆင်နာမောင်းအရေအတွက်မှာ ထောင်နှင့်ချီ၍ပင် ရှိခဲ့သည်။ ထို့ကြောင့်ပင် လေဆင်နာမောင်း၏ဒဏ်ကို အကြိမ်ကြိမ်ခံနေရသော အမေရိကန်ပြည်ထောင်စု၌ လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ကျော် ကာလကတည်းကပင် လေဆင်နာမောင်း ဖွဲ့စည်းဖြစ်ပေါ်လာပုံ၊ ပြင်းအားပမာဏနှင့် တိုက်ခတ်ရွေ့လျားပုံ စသည်တို့ကို နက်နက်နဲနဲ လေ့လာသုတေသနပြုခဲ့ကြသည်။

သယ်ယူရွေ့ပြောင်းနိုင်သော မိုးလေဝသဆိုင်ရာ ခေတ်မီစက်ကိရိယာများဖြင့် လေဆင်နာမောင်းကို ထိပ်တိုက်ရင်ဆိုင်ကာ လေ့လာသုတေသနပြုခဲ့ကြရာ၌ ပညာရှင်အချို့ အသက်ဆုံးရှုံးခဲ့ရခြင်း အပါအဝင် အခက်အခဲပေါင်းများစွာကို ဖြတ်သန်းခဲ့ကြပြီးနောက် ကြောက်မက်ဖွယ်ကောင်းလှသည့် လေဆင်နာမောင်း၏

လေပြင်းမုန်တိုင်းများသည် ကမ်းလွန်ပင်လယ်ပြင်နှင့် ပင်လယ်အော်များ၌ ဖြစ်ပေါ်လေ့ရှိသော လေဖိအားနည်းရပ်ဝန်းကို အကြောင်းပြု၍ ထိုပင်လယ်၏ ရေပြင်အပူချိန် မြင့်တက်နေခြင်း၊ ပင်လယ်ရေအချဉ်ပေါက်နှုန်း မြင့်မားနေခြင်းတို့နှင့် တိုက်ဆိုင်သည့်အခါ အင်အားကောင်းသော မုန်တိုင်းအဖြစ်သို့...



အတွင်းသန္ဌာန်ကို ဖော်ထုတ်နိုင်ခဲ့သည်။ ထိုမှဆက်စပ်၍ လေဆင်နှာမောင်း၏ လေတိုက်နှုန်းနှင့် ပြင်းအားပမာဏအတိုင်းအတာကို ချီကာဂိုတက္ကသိုလ်ပါမောက္ခ ဒေါက်တာဖူဂျီတာက တိုင်းတာတွက်ချက် ဖော်ထုတ်အသိပေးနိုင်ခဲ့ပြီး ထိုစကေးကို ဖူဂျီတာစကေး (Fujita Scale) ဟု ခေါ်တွင်ခဲ့သည်။

ဖူဂျီတာစကေး အနိမ့်ဆုံးကို F0 ဖြင့်သတ်မှတ်ပြီး အမြင့်ဆုံးကိုမူ F5 ဖြင့် သတ်မှတ်သည်။ F0 အဆင့်သည် လေတိုက်နှုန်း တစ်နာရီလျှင် မိုင် ၄၀ မှ ၇၂ မိုင်အတွင်းရှိပြီး ထိုအဆင့်တွင် သစ်ကိုင်းများကျိုးပဲ့ကာ အမြစ်တိမ်သောအပင်များ ပြိုလဲသွားနိုင်သည်။ F1 အဆင့်သည် လေတိုက်နှုန်း တစ်နာရီလျှင် ၇၃ မိုင်မှ ၁၁၂ မိုင်အတွင်းရှိပြီး ထိုအဆင့်တွင် ကျောက်စရစ်မြေ၌ အမြစ်စွဲနေသော သစ်ပင်များ ပြိုလဲနိုင်သလို၊ အဆောက်အဦ၏ အုတ်မြစ်ကြီခိုင်မှု အားနည်းလျှင် ပြိုပျက်သွားနိုင်သည်။

F2 အဆင့်သည် လေတိုက်နှုန်း တစ်နာရီလျှင် ၁၁၃ မိုင်မှ ၁၅၇ မိုင်အတွင်းရှိကာ ထိုအဆင့်၌ နေအိမ်အဆောက်အဦအမိုးများ ပြုတ်ထွက်လွင့်ပျံသွားနိုင်ပြီး ကြီခိုင်မှုအသင့်အတင့်ရှိသော အဆောက်အဦများပင် ပြိုကျပျက်စီးသွားနိုင်သည်။ အသင့်အတင့်



လေးလံသော ဝတ္ထုပစ္စည်းများလည်း လေထဲမှတဆင့် ဝေးရာသို့ ပျံဝဲရောက်ရှိသွားနိုင်သည်။ F3 အဆင့်ကမူ လေတိုက်နှုန်း တစ်နာရီလျှင် ၁၅၈ မိုင်မှ ၂၀၆ မိုင်အတွင်းရှိပြီး သစ်ပင်အများအပြားအမြစ်က ကျွတ်ထွက်လွင့်ပါခြင်း၊ နေအိမ်အဆောက်အဦများ အလုံးစုံ ပျက်စီးပြိုလဲခြင်းနှင့် မော်တော်ကားများ လေထဲသို့လွင့်ပါခြင်းများအထိ ဖြစ်ပေါ်နိုင်သည်။

ဖူဂျီတာစကေး F4 အဆင့်သည် လေတိုက်နှုန်း တစ်နာရီလျှင် ၂၀၇ မိုင်မှ မိုင် ၂၆၀ အတွင်းရှိပြီး နေအိမ်များနှင့် မော်တော်ကားများကို ဒုံးကျည်ပစ်လွှတ်လိုက်သည့်အလား အလွန်ဝေးရာဆီသို့ ဆွဲငင်ယူဆောင် ပစ်ထုတ်နိုင်စွမ်းရှိပြီး လွှင့်စဉ်ရောက်ရှိလာသော ဇရာမဝတ္ထုအစိုင်အခဲကြီးများကြောင့် လူအများအပြားတို့ ထိမှန်ခံရကာ အသက်ဆုံးရှုံးသွားနိုင်သည်။

ဖူဂျီတာစကေး အမြင့်ဆုံးဖြစ်သော F5 အဆင့်ကမူ လေတိုက်နှုန်း တစ်နာရီလျှင် ၂၆၁ မိုင်မှ ၃၁၈ မိုင်အထိရှိကာ သံမဏိဖြင့် တည်ဆောက်ထားသော အဆောက်အဦများပင် မြင်မကောင်းလောက်အောင် ပျက်စီးသွားနိုင်သည်။ သာမန်နေအိမ် အဆောက်အဦတို့ကမူ လေးခွဖြင့်ပစ်လွှတ်လိုက်သည့် လောက်စာလုံးပမာ ဝေးရာသို့ အလုံးလိုက်လွင့်စဉ်မျောပါ ရောက်ရှိသွားနိုင်သည်။

လေဆင်နှာမောင်း၏ ဖြစ်တည်လာပုံ သဘောသဘာဝကို သိရှိနားလည်သဘောပေါက်လာသည်နှင့်အမျှ ဘေးအန္တရာယ်ကျရောက်မည့် နေရာဒေသများကို ခေတ်မီနည်းပညာများအသုံးချကာ မိနစ်အနည်းငယ်မျှ ကြိုတင်သတိပေးလာနိုင်သည်။ သာဓက တစ်ခုအဖြစ် အမေရိကန်ပြည်ထောင်စု အိုကလာဟိုးမားပြည်နယ်တွင် ၂၀၀၇ ခုနှစ်၊ မေလအတွင်းက လေဆင်နှာမောင်း မတိုက်ခတ်မီ ၁၃ မိနစ်မျှ ကြိုတင်သတိပေးနိုင်ခဲ့သဖြင့် ပျက်စီးမှုများရှိခဲ့သည့်တိုင် လူအသက်သေဆုံးရမှုကို များစွာလျှော့ချပေးနိုင်ခဲ့သည်။

နိုင်ငံတကာမှ သိပ္ပံပညာရှင် ၁၀၀ ကျော်ပါဝင်သော သုတေသန မစ်ရှင်တစ်ခုသည် ကမ္ဘာ့သမိုင်းတွင် အကျယ်ပြန့်ဆုံးသော



လေဆင်နှာမောင်း လေ့လာရေးစီမံကိန်းကို ၂၀၁၀ ပြည့်နှစ်က စတင်ဆောင်ရွက်ခဲ့ကြသည်။ ကမ္ဘာပေါ်၌ လေဆင်နှာမောင်း ဖြစ်ပေါ်တိုက်ခတ်မှု အများဆုံးနေရာများဖြစ်သော မစ္စစ္စပီမြစ် အနောက်ဘက်ရှိ မဟာလွင်ပြင်ဒေသနှင့် ရော့ကီးတောင်တန်းအရှေ့ဘက်ရှိ မြက်ခင်းလွင်ပြင်ဒေသ၌ သုတေသနဆိုင်ရာ အဆင့်မြင့်နည်းပညာသုံး စက်ပစ္စည်းကိရိယာများကို ဖြန့်ကြက်ချထားခဲ့ကြသည်။

Vortex-2 ဟု အမည်ပေးထားသော အဆိုပါစီမံကိန်းတွင် သယ်ယူရွှေ့ပြောင်းနိုင်သော ရေဒါ ၁၀ ခုကို အသုံးပြုခဲ့ပြီး တိုက်ခတ်နေသော လေဆင်နှာမောင်းအနီးသို့ ချဉ်းကပ်ပျံဝဲလေ့လာမှတ်တမ်းတင်မည့် မောင်းသူမဲ့ စက်ရုပ်လေယာဉ် ၁၂ စင်းကိုပါ အသုံးချခဲ့ကြသည်။

အဆိုပါစီမံကိန်း၏ အကျိုးရလဒ်တစ်ခုအဖြစ် လေစီးကြောင်းနှင့် အပူချိန်တို့ သဟဇာတမဖြစ်ဘဲ ဆန့်ကျင်ဘက်အခြေအနေတစ်ရပ်သို့ ရုတ်ချည်းကူးပြောင်းသွားပါက မိနစ်ပိုင်းအတွင်းမှာပင် လေဆင်နှာမောင်းတစ်ခု ဖြစ်ပေါ်လာကြောင်း ဖော်ထုတ်တွေ့ရှိခဲ့သည်။ စတုရန်းမိုင်ပေါင်း ၉၀၀ ကျော်မျှ ကျယ်ဝန်းသည့်ဒေသအတွင်း၌ သုတေသနလုပ်ငန်းများကို စဉ်ဆက်မပြတ်လုပ်ဆောင်နေသော Vortex-2 စီမံကိန်းသည် လေဆင်နှာမောင်း ကြုံတင်သတိပေးနိုင်းဆော်ရေးနှင့် လူ့အသက်ကယ်တင်ရေးဆိုင်ရာ အထောက်အကူပြု ရလဒ်အများအပြားကို ရရှိလာမည်ဟု မျှော်လင့်ရသည်။

လေဆင်နှာမောင်းလောက် အင်အားမပြင်းထန်သော်လည်း မိုးတိမ်တောင်များကိုပင် အခြေပြုကာ ဖြစ်ပေါ်လာသည့် စိုက်ဆင်းလေပြင်းများသည်လည်း ကြောက်မက်ဖွယ်ကောင်းသော သဘာဝဘေးအန္တရာယ်တစ်မျိုးဖြစ်သည်။ စိုက်ဆင်းလေပြင်းများသည် လေကြောင်းပျံသန်းမှုနှင့် ရေကြောင်းသွားလာမှုတို့အတွက် အထူးပင် သတိပြုကြရမည့် အန္တရာယ်ဖြစ်သည်။

စိုက်ဆင်းလေပြင်းများသည် အဓိကအားဖြင့် အားကောင်းသော မိုးတိမ်တောင်များ ရွေ့လျားမှုကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်ပြီး၊ လေပြင်းတိုက်ခတ်ခြင်းနှင့် လေဖိအား ရုတ်တရက်မြင့်တက်ခြင်းများကို ဖြစ်ပေါ်လာစေသည်။ လေတိုက်နှုန်း တစ်နာရီလျှင် မိုင် ၁၀၀ ကျော်အထိ တိုက်ခတ်နိုင်သော စိုက်ဆင်းလေပြင်းများသည် လေဆင်နှာမောင်းနှင့် မတူကွဲပြားသော တိုက်ခတ်မှုပုံစံမျိုးရှိနေသည်။





လေဆင်နှာမောင်း ဖြစ်ပေါ်ခြိုန်၌ လေသည် လက်ဝဲရစ်တိုက်ခတ်ပြီး အထက်သို့ ရစ်ခွေတိုက်ခတ်ခြင်းကြောင့် သဲနှင့်ဖုန်မှုန့်များ၊ သစ်ကိုင်းသစ်ခက်များ၊ အကျိုးအပဲ့အပိုင်းအစများကပါ လိုက်၍မျောပါရွေ့လျားနေခြင်းကြောင့်...

လေဆင်နှာမောင်း တိုက်ခတ်နေချိန်တွင် လေဖိအားအလွန်အမင်းကျဆင်းကာ လေဖိအားခြားနားမှုကြောင့် ကြီးမားသော အဆောက်အဦများသည်ပင် အလွန်ဝေးကွာသော အရပ်ဆီသို့ လွှင့်စဉ်မျောပါသွားနိုင်သည်။ စိုက်ဆင်းလေပြင်း တိုက်ခတ်နေချိန်၌မူ လေဖိအားရုတ်ချည်းမြင့်တက်မှုကြောင့် အဆောက်အဦအချို့ကို လဲပြိုသွားစေနိုင်သည်။

လေဆင်နှာမောင်း ဖြစ်ပေါ်ခြိုန်၌ လေသည် လက်ဝဲရစ်တိုက်ခတ်ပြီး အထက်သို့ ရစ်ခွေတိုက်ခတ်ခြင်းကြောင့် သဲနှင့်ဖုန်မှုန့်များ၊ သစ်ကိုင်းသစ်ခက်များ၊ အကျိုးအပဲ့ အပိုင်းအစများကပါ လိုက်၍ မျောပါရွေ့လျားနေခြင်းကြောင့် လေဆင်နှာမောင်း တိုက်ခတ်နေသည်ကို အဝေးကပင် ထင်ရှားစွာမြင်နိုင်သည်။ စိုက်ဆင်းလေပြင်းကမူ လေပြင်းတိုက်နေခြင်းကိုသာ ခံစားသိရှိနိုင်ပြီး လေတိုက်နေသည့် ပုံသဏ္ဌာန်ကို မမြင်တွေ့နိုင်ပေ။

လေဆင်နှာမောင်းသည် တိုက်ခတ်ချိန်အားဖြင့် မိနစ် ၃၀ မှ ၆ နာရီအထိပင် ရှိနိုင်သော်လည်း စိုက်ဆင်းလေပြင်းကမူ တိုက်ခတ်ချိန် အလွန်တိုတောင်းပြီး မိနစ်အနည်းငယ်မျှသာ ကြာမြင့်သည်။ လေဆင်နှာမောင်း တိုက်ခတ်ရွေ့လျားရာ လမ်းကြောင်းတစ်လျှောက်တွင် လေဆင်နှာမောင်းသည် တည့်တည့်ရွေ့လျားခြင်း၊ ဝဲဘက်သို့ကွေ့ခြင်း၊ ယာဘက်သို့ကွေ့ခြင်း၊ ကွေ့ဝိုက်ကာ နောက်ပြန်ရွေ့လျားခြင်း စသည်ဖြင့် ဦးတည်ရာဘက် အမျိုးမျိုးရှိသည့်အတွက် လေဆင်နှာမောင်း တိုက်ခတ်ပြီးချိန်တွင် ပျက်စီးသွားသော နေအိမ်အဆောက်အဦများနှင့် ဝတ္ထုပစ္စည်း ကြီးငယ်တို့သည် အရပ်မျက်နှာအမျိုးမျိုးသို့ဦးတည်ကာ လဲပြိုနေသည်ကို မြင်တွေ့ကြရသည်။

စိုက်ဆင်းလေပြင်းကမူ တိုက်ခတ်ရွေ့လျားရာ လမ်းကြောင်းဖြောင့်ပြီး အရပ်မျက်နှာ တစ်ဘက်တည်းသို့သာ တိုက်ခတ်သည့်အတွက် ပျက်စီးသွားသော အဆောက်အဦနှင့် ဝတ္ထုပစ္စည်းကြီးငယ်တို့မှာ အရပ်မျက်နှာ တစ်ဘက်တည်းသို့သာ ဦးတည်လဲကျနေသည်ကို တွေ့မြင်ကြရသည်။ စိုက်ဆင်းလေပြင်း၏ ထူးခြားချက်တစ်ရပ်မှာ စတင်တိုက်ခတ်ရာနေရာ၌ သက်ရောက်မှုဇရိယာကျဉ်းမြောင်းပြီး တဖြည်းဖြည်းအားပျော့လာသည့်အခါ၌မူ သက်ရောက်မှုဇရိယာက ပို၍ကျယ်ပြန့်လာခြင်းပင်ဖြစ်သည်။ တစ်နည်းဆိုရသော် ယပ်တောင်ဖြန့်သကဲ့သို့ တိုက်ခတ်ခြင်းဖြစ်ပြီး၊ ထိုသို့သော သဘောသဘာဝကြောင့်ပင် စိုက်ဆင်းလေပြင်း တိုက်ခတ်ရာလမ်းကြောင်းတွင် ပျက်စီးသွားသော ဝတ္ထုပစ္စည်းအစုအပုံများမှာ တဖြည်းဖြည်း ပို၍ပြန့်ကားသွားသည်ကို တွေ့မြင်ကြရခြင်းဖြစ်သည်။



မည်သို့ပင်ဆိုစေကာမူ လေဆင်နှာမောင်းနှင့် စိုက်ဆင်းလေပြင်းများကို ဖြစ်ပေါ်လာစေနိုင်သည့် မိုးတိမ်တောင်ကြီးများကို မိမိတို့နေထိုင်ရာဒေသ၏ ကောင်းကင်ယံ၌ မြင်တွေ့ကြရသည်ဆိုပါက သတိရှိကြရန် လိုအပ်သည်။ လေဆင်နှာမောင်း တစ်ကြိမ် နှစ်ကြိမ် မျှ တိုက်ခတ်ဖူးသော ဒေသဖြစ်ပါက အထူးပင် သတိရှိသင့်သည်။ လေဆင်နှာမောင်း၏အန္တရာယ်ကို ကာကွယ်ရန်အတွက် အကောင်းဆုံးသော နည်းလမ်းတစ်ခုမှာ မြေပေါ်အဆောက်အဦနှင့် တွဲစပ်ခြင်းမရှိဘဲ သီးသန့်တည်ဆောက်ထားသည့် ခိုင်ခန့်တောင့်တင်းသော မြေအောက်ခန်းအတွင်း နေထိုင်ခြင်းပင်ဖြစ်သည်။

မျက်မှောက်ခေတ်၏ ဆောက်လုပ်ရေးနည်းပညာများထဲတွင် ပိုင်တိုင်များ မြေအောက်သို့ နက်ရှိုင်းစွာရိုက်သွင်းသည့်နည်းဖြင့် စံချိန်မီစွာ တည်ဆောက်ထားသော အဆောက်အဦများသည် လေဆင်နှာမောင်း၏ဒဏ်ကို အတိုင်းအတာတစ်ရပ်အထိ ခံနိုင်ရည်ရှိသည်။ အဆောက်အဦ၏ ပြတင်းတံခါးများ၊ ဝရန်တာလက်ရန်းများက လေဆင်နှာမောင်း၏ လေဝဲဂယက်အတွင်း လွင့်စဉ်မျောပါသွားနိုင်သည့်တိုင် ပင်မအဆောက်အဦကြီးအဖို့ မြေမှ ကျွတ်ထွက်လွင့်ပါရန် အခွင့်အလမ်း အလွန်နည်းသောကြောင့်ပင်ဖြစ်သည်။

စိုက်ဆင်းလေပြင်း၏ အန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရန် ကမူ အဆောက်အဦများကို ခိုင်ခံ့တောင့်တင်းအောင် စနစ်တကျ ဆောက်လုပ်ထားခြင်း၊ ခေါင်မိုးရှိ ဒိုင်း၊ မြားနှင့် အမိုးပြားများကို ကြံ့ခိုင်တောင့်တင်းမှုရှိအောင် တွဲဆက်တပ်ဆင်ထားခြင်း၊ ခိုင်ခံ့တောင့်တင်းသော တံခါးကျည်းပေါင်များနှင့် တံခါးရွက်များကို အသုံးပြုတပ်ဆင်ထားခြင်း စသည်တို့ပင်ဖြစ်ပေသည်။

သိပ္ပံစာရေးဆရာကိုကိုအောင်







သည်တုန်းက ဒါကိုတာလေယာဉ်ပေါ်မှဆင်းပြီး ထွန်စက်နောက်တွဲပေါ်တွင် ပစ္စည်းတွေပေါ်ထိုင်ရင်း ကျွန်တော်တို့တွေ ပြုံးပြုံးရွှင်ရွှင်ပါလာကြသည်။ မြို့သစ်ရပ်ကွက်ရှိ တည်းခိုအိမ်တွင် ပစ္စည်းတွေချပြီးသည်နှင့် နမ့်ခုတ်ချောင်းထဲ ဆင်းရေကူးခဲ့ကြသည်။ ရေက စိမ့်ပြီးအေးနေသည်။ နွေရာသီဖြစ်၍ ရေကကြည်လဲ့နေသည်။

''နမ့်ခုတ်ချောင်းရေချိုးမိရင် မိုင်းဆက်က မပြန်နိုင်ဘူးတဲ့''

တစ်ယောက်က ရယ်စရာလိုလိုပြောသည်။

''မပြန်နိုင်တော့လည်း ဘာဖြစ်လဲ၊ ရှမ်းမလေးယူပြီး ပဲပုပ်စားနေလိုက်မှာပေါ့''ဟု ပြောလိုက်တော့ အားလုံးရယ်ကြသည်။

''ဘာလဲ ခမ်းကိုချစ်ရင် ပဲပုပ်ကိုလည်း ချစ်ရမယ်နော်...''ဟု နောက်ကာ ကျွန် တော်တို့တွေ ပျော်ခဲ့ကြဖူးသည်။

ထိုစဉ် ရှမ်းအိုးစည်ဗေထိကြီး၏အသံက တစ်ဖက်ကမ်းရှိ ဆိုက်ခေါင်ရွာဆီမှ ထွက်လာသည်။ အားလုံးက အိုးစည်သံကို ရေထဲမှ နားစွင့်နေကြသည်။

ပုသိမ်အောင်သန်းဦး
တစ်ကြိမ်လောက်ပြန်တွေ့ပါရစေ



''ပွဲရှိလို့လား''ဟု ဒေသခံစာရေး ကိုကျော်ဝင်းကိုမေးကြည့်မိသည်။ ကိုကျော်ဝင်းက ဆိုက်ခေါင်ဘက်ကမ်းကိုကြည့်ကာ ပြုံးလိုက်သည်။

''ရှင်ပြုပွဲရှိတယ်...''ဟုဆိုလေသည်။ ရှင်ပြုပွဲကိုသွားကြည့်ကြဖို့ စိတ်ကူးမိသည်။ ရှမ်းတို့သည်လည်း ဗုဒ္ဓဘာသာ၊ ''တစ်မူးရလို့ တစ်ပဲလျှူ တို့ရှမ်းတောင်သူ တူနိုင်ရိုးလား''ဆိုသည့်စကားလည်းရှိသည်။ မိုင်းဆတ်တွင် ရှမ်းရှင်ပြုပွဲကိုလေ့လာရမည်။

ကျွန်တော်တို့တွေ ရေချိုးပြီးတော့ တည်းခိုရာအိမ်ဆီ လျှောက်ခဲ့ကြသည်။ အချိန်က ၁၉၆၇ ခုနှစ် နလကခေတ်၊ နယ်စပ် ဒေသလုံခြုံရေးနှင့် အုပ်ချုပ်မှုကောင်စီခေတ်ဖြစ်သည်။ ကျွန်တော်တို့တွေ နယ်စပ်ရုံး နယ်မြေစာရေးများလိုင်းတွင် တည်းခိုကြခြင်း ဖြစ်သည်။

ထမင်းအမြန်စားကြသည်။ ရန်ကုန်က မနက်ခုနစ်နာရီခွဲခန့် မင်္ဂလာဒုံလေဆိပ်မှ လေယာဉ်တက်ခဲ့သည်။ ဟဲဟိုးတွင် ခေတ္တနား ဆီထည့်ပြီး မိုင်းဆတ်သို့ထွက်လာခဲ့သည့်လေယာဉ် မိုင်းဆတ်ရောက်တော့ နံနက် ဆယ်တစ်နာရီခန့်ရှိပြီ။

မိုင်းဆတ်တွင် ကျွန်တော်တို့ဆင်းကျန်ရစ်တော့ ဒါကိုတာလေယာဉ်ကြီးက ကျိုင်းတုံမြို့ဆီ ဆက်လက်ထွက်ခွာသွားတော့သည်။ ရေချိုးထမင်းစားပြီးမကြာမီ စောစောကလေယာဉ် ကျိုင်းတုံမှ မိုင်းဆတ်မြို့သို့ ပြန်ရောက်လာသည်။ မိုင်းဆတ်မှတဖန် ဟဲဟိုး– ရန်ကုန်မြို့များသို့ ပြန်လည်ထွက်ခွာသွားမည်ဖြစ်သည်။

ညဘက်တွင် ဆိုက်ခေါင်ကျေးရွာဘက် လက်နှိပ်ဓာတ်မီးကိုယ်စီဖြင့် ကျွန်တော်တို့တွေ ထွက်ခဲ့ကြသည်။ ရှမ်းအိုးစည်ဗေထီကြီးအသံကြားရာဆီသို့ ဦးတည်ထွက်ခဲ့ကြခြင်းဖြစ်သည်။ နမ့်ခုတ်ချောင်းကိုကူးရန် ဝါးတံတားလေး တည်ဆောက်ထားသည်။ ဤတံတားလေးက ယာယီတံတားဖွေရာသီတွင်သာရှိပြီး မိုးတွင်းရေကြီးလျှင် တံတားလေးသည် ရေစီးနောက်ပါပြီး ပျက်စီးသွားသည်ဟုဆိုသည်။

ညှပ်ပဲ့ညှပ်ပဲ့ဝါးတံတားလေးပေါ်မှ ဖြတ်သန်းလျှောက်ခဲ့ကြရသည်။ တံတားအောက်တွင် ရေတွေက တဝေါဝေါစီးဆင်းနေသည်။ တစ်ဖက်ကမ်းရောက်တော့ ချောင်းစပ်တွင် မီးရောင်လက်လက်နှင့် ငါးရှာနေကြသည်ကိုတွေ့ရသည်။

''ညဘက်ကြီး ငါးရှာသလား''

ရန်ကုန်သား ကျွန်တော်က မသိ၍ မေးကြည့်သည်။

''မီးရောင်နဲ့ငါးကိုကြည့်ပြီး ခုတ်တာ''

''ဓားနဲ့လား''

''အင်း''

''ငါးခုတ်တာပေါ့''

''အင်း''

''အတော်ရသလား''

''ရတာပေါ့၊ ရှမ်းလေးတွေ ညဆို ဒီလိုပဲ ရေချောင်းထဲမှာ ငါးရှာကြတာ''

ညဘက်ထမင်းကျွေးသည့် ရှမ်းအလှူက ကောက်ညှင်းကိုဆုပ်လုံးပြီး ဟင်းနှင့် တို့စားရသည်။ မုန့်ညင်းဟင်းရည်ကိုဇွန်းဖြင့် ကော်၍သောက်ရသည်။ ကောက်ညှင်းကို ထမင်းလုပ်၍ ပထမဆုံးစားဖူးခြင်းဖြစ်သည်။

''ထူးဆန်းတယ်ဗျာ၊ သွားကြည့်ရအောင်''

''နောက်မှကြည့်၊ ခင်ဗျား ဒီမှာ အကြောကြီးနေမယ့်ဥစ္စာ''

မြို့ပိုင်ရုံးစာရေး ကိုကျော်ဝင်းက ပြုံးရယ်ကာဆိုသည်။

''ခင်ဗျားမှဟုတ်နေပြီ၊ နေတောင်မနေရသေးဘူး၊ အကြောကြီးတွေ အပါကြီးတွေလုပ်နေပြီ''

''ဟုတ်တယ်ကွ၊ တို့မိုင်းဆတ်မှာက ကျောင်းဆရာတွေ၊ ဆရာမတွေ သိပ်လိုအပ်နေတာ၊ ဒီတော့ မင်းတို့တွေ ခဏလုပ်ပြီး ပြန်ပြေးလို့ ဘယ်ဖြစ်မလဲ၊ အကြောကြီးနေမှ ဖြစ်မှာပေါ့''

''ဘာလဲ တစ်သက်လုံးနေလို့တော့ မဖြစ်ဘူးဆိုချင်တာလား၊ တော်ကြာ မင်းကြိုက်တဲ့ကောင်မလေးတစ်ယောက်နဲ့တွေ့ရင် မောင်ကြီးမပြန်နိုင်တယ်ဖြစ်မှာပါကွာ''ဟု ဆိုကာ ကိုကျော်ဝင်းကရယ်နေသည်။

''နေတာတော့နေတာပေါ့ဗျာ၊ အလုပ်လုပ်နေရရင် ပျော်ပါတယ်၊ ဒါပေမဲ့ ကျွန်တော့်ဘဝရဲ့တက်လမ်းနဲ့ ကျွန်တော့်မိဘတွေက အဝေးမှာဆိုတော့ ရေရှည်နေဖို့ကိုတော့ စဉ်းစားရမှာပေါ့ဗျာ''ဟုပြုံးကာ ဆိုလိုက်တော့ ကိုကျော်ဝင်းရယ်ပြန်လေသည်။

ရှမ်းရှင်ပြုပွဲကျင်းပရာ အိမ်ကြီးရှေ့တွင် အိုးစည်ရှည်ဗေထီတီးပြီး ရှမ်းအဘိုးအိုတွေကော လူလတ်လူငယ်များပါမကျန် သိုင်းအက,ကနေကြသည်။ သူတို့တွေပျော်နေကြ၏။ သူတို့ကိုကြည့်ပြီး ကျွန်တော်တို့လည်း ပျော်ရွှင်မိကြသည်။

''က,ချင်ရင် ဝင်ကလို့ရတယ်၊ ဘယ်သူမဆို က,နိုင်တယ်''

ကိုကျော်ဝင်းက က,ရန်ပြောသည်။ ကျွန်တော်မကရဲပါ။ သိုင်းအကဖြစ်၍ ပိုပြီးမကတတ်ပါ။

''မားလည်ခ ပီအိုက်''

အလှူအိမ်ပေါ်မှ ကိုကျော်ဝင်းကိုဖိတ်ခေါ်နေသည်။ လာလည်ပါတဲ့။ ကိုကျော်ဝင်းက မြို့ပိုင်ရုံးစာရေးဆိုတော့ လူသိများသည်။ ကျွန်တော်တို့တွေပါ အလှူရှင်၏အိမ်ပေါ်သို့ တက်ခဲ့ကြသည်။ မကြာမီ ကောက်ညှင်းနှင့် မုန့်ညင်းဝက်သားဟင်းတွေ ကျွန်တော်တို့ရှေ့ ရောက်လာသည်။

ညဘက်ထမင်းကျွေးသည့် ရှမ်းအလှူက ကောက်ညှင်းကိုဆုပ်လုံးပြီး ဟင်းနှင့် တို့စားရသည်။ မုန့်ညင်းဟင်းရည်ကိုဇွန်းဖြင့် ကော်၍သောက်ရသည်။ ကောက်ညှင်းကို ထမင်းလုပ်၍ ပထမဆုံးစားဖူးခြင်းဖြစ်သည်။ နောင်မိုင်းတွမ်းရွာလေးတွင် နေခဲ့စဉ်တစ်လျှောက်လုံး ကောက်ညှင်းဆန်ကိုသာ စားခဲ့ရသည်။ တစ်သက်မမေ့နိုင်ပါ။

+ + + + + +

ကျွန်တော် မိုင်းတွမ်းရွာလေးတွင် တာဝန်ကျသည်။ မိုင်းဆတ်နှင့်တာချီလိတ်နှစ်မြို့ကြားက ရွာပါ။ ထိုအချိန်က မိုင်းတွမ်းရွာလေးသို့သွားရန် လှည်းလမ်း၊ ကားလမ်းတို့ မပေါက်သေးပါ။ မိုင်းဆတ်မှတောများတောင်များ စိမ့်စမ်းများကိုဖြတ်ကာ လျှိုကြီး

အတွင်းမှနေပြီး လွယ်ဆန်စုံတောင်မြင့်ကြီးကို တက်ကြရသည်။ လွယ်ဆန်စုံတောင်ကြီး၏ တစ်ဖက်အရှေ့အရပ်တွင် မိုင်းတွမ်းရွာလေးရှိသည်။

မိုင်းတွမ်းရွာမှ တာချီလိတ်သို့လည်း လှည်းလမ်း၊ ကားလမ်းမပေါက်သေးပါ။ တာချီလိတ်သို့ နှစ်ညအိပ် ခြေကျင်ခရီးသွားကြရပါသည်။ ကျွန်တော် တာချီလိတ်သို့ တစ်ခေါက်မျှမရောက်ဘူးပါ။ ထိုအချိန်က နယ်မြေလုံခြုံရေးမရှိ မအေးချမ်းသည်လည်း ပါပါသည်။ သို့သော် တာချီလိတ်တွင် ပညာသင်ကြားခဲ့သော သားဖွားဆရာမလေး နန်းစံခမ်းနှင့်တော့ ချစ်သူတွေဖြစ်လိုက်ကြသေးသည်။ ထိုအချိန်က မြန်မာစကား ကောင်းကောင်းတတ်သူဟူ၍ ဆရာမလေးတစ်ယောက်သာရှိသည်။ အခြားသူများနှင့် စကားပြောရာတွင် 'မဟု'ဟုသာ ဆိုကြပြောကြသဖြင့် ကျွန်တော်တို့ အခက်တွေ့နေကြချိန်ဖြစ်သည်။ ကိုယ်တိုင်က ရှမ်းစကားမတတ်၊ ရွာသားတွေက မြန်မာစကားမတတ်ကြ။ တစ်ယောက်နှင့်တစ်ယောက် ဆက်သွယ်ရေးအဆင်မပြေ။

ကျွန်တော့်မှာ နေ့စဉ် ကျောင်းသားလေးများထံမှ ရှမ်းစကားသင်နေရသည်။ မတ်တတ်ရပ်ပါ(လွတ်လဲ)၊ စာဖတ်ပါ (အံလိတ်)၊ စာသင်ပါ(ဆွမ်လိတ်)၊ စကားမပြောနဲ့(ယာပီမော)၊ စာရေးပါ(တန်လိတ်)၊ ထိုင်ပါ(နမ့်လဲ)၊ ထမင်းစားပြီးပြီလား(ကြင်ရောက်ဟား)၊ ရေသောက်ပါ(ကြင်နံ့)၊ ရေနွေးသောက်ပါ(ကြင်နံ့နိမ့်)၊ စသည်စသည့် အခြေခံမှ စ၍သင်ရတောသည်။ ညဘက်တွင် ရှမ်းအဘိုးအိုတစ်ဦးထံမှာ ရှမ်းစာကို ကျွန်တော်သင်သည်။ နှစ်လခန့်အကြာ ကျွန်တော် ရှမ်းစကားကော ရှမ်းစာပါ အတော်အသင့်တက်လာသည်။ သည်တော့မှ စာကောင်းကောင်းသင်နိုင်သည်။ အဓိပ္ပာယ်တွေရှင်းပြနိုင်သည်။ ကလေးတွေလည်း ပျော်ကြသည်။

သားဖွားဆရာမလေး နန်းစံခမ်းလည်း ပျော်ပါလိမ့်မည်။ ညနေကျောင်းဆင်းလျှင် ဆရာမလေးဆီသွားသည်။ ဆရာမလေး ဆေးကုသရာနောက်သို့ လိုက်ခဲ့သည်။ ဆရာမလေးနှင့်အတူ တပူးတွဲတွဲနေလာကြပြီး သုံးလခန့်အကြာတွင် ဆရာမလေး မိုင်းဆတ်ဆေးရုံသို့ပြောင်းရသည်။ ကျွန်တော် ဆရာမလေးကို လွယ်ဆန်စုံတောင်ထိပ်သို့ပို့ပေးခဲ့သည်။

''ကိုယ့်ကိုမမေ့ပါနဲ့နန်းရယ်''ဟု ရင်ခုန်မောလျစွာ ပြောမိခဲ့သေးသည်။

သို့သော် မကြာလိုက်ပါ။ ဆရာမလေးကို မိုင်းဆတ်မှ စီးပွားရေးသမားတစ်ဦးက ဂွေလက်ဝတ်လက်စားများနှင့်အတူ ငွေငါးသိန်းဖြင့်တင်တောင်းသည်ဟူသောသတင်း၊ ရန်ကုန်က အူတူတူ ကျောင်းဆရာလေးတစ်ယောက် မိုင်းဆတ်ရောက်ပြီး မကြာမီ အသည်းကွဲသွားပြီဆိုသည့်သတင်း မိုင်းဆတ်မြို့ပေါ်အထိ ပျံ့နှံ့သွားခဲ့ဖူးပါသည်။

+ + + + + +

ဆရာမလေးအသည်းခွဲခဲ့ပေမယ့် မိုင်းတွမ်းကျေးရွာက ကျောင်းသား၊ ကျောင်းသူလေးများနှင့် တတွဲတွဲပျော်ခဲ့ဖူးပါသည်။ ကျေးရွာလူကြီး၊ လူလတ်၊ လူငယ်တွေနှင့်လည်း အ,သုံးလုံးသင်တန်းတွင် ညစဉ် ဆုံခဲ့ကြပါသည်။

အလုပ်ကို ပိုလုပ်သည်။ လွမ်းစိတ်ကို အလုပ်ထဲမှာ နစ်ထားလိုက်သည်။ နေ့တွင်ကလေးတွေကို စာသင်၊ ညဘက်တွင် လူကြီးတွေကိုစာသင်၊ ကျောင်းစာကြည့်တိုက်လေးကိုပြုစု၊ ကျောင်းစိုက်ပျိုးရေးခြံကို ပြင်ဆင်၊ အားကစားကွင်းထဲတွင် ကလေးတွေနှင့်ဘောလုံးကန်။

တစ်နေ့ မိုင်းဆတ်မှ တပ်ရင်းမှူးဒုတိယဗိုလ်မှူးကြီး ကယ်ပိရိုင်း မိုင်းတွမ်းရွာသို့ ရောက်လာသည်။ တပ်စစ်ရန်ရောက်ခိုက် ကျွန်တော်နှင့်တွေ့သည်။ ကျောင်းဆရာနှင့် တွေ့ချင်သည်ဆို၍ လူကြီးက ကျွန်တော့်ကိုလာခေါ်ခြင်းဖြစ်သည်။ တွေ့ကြတော့ ဒုတိယဗိုလ်မှူးကြီးက ကျွန်တော့်ကိုကြည့်သည်။

''ဒီရွာမှာ အလုပ်လုပ်ရတာ အဆင်ပြေရဲ့လား''ဟုမေးသည်။

''အေး...ဘယ်သူမဆို မြို့ကျောင်းမှာ နေချင်ကြမှာပေါ့၊ ဒါပေမဲ့ ဆရာစဉ်းစားကြည့်၊ ရန်ကုန်မှာ ဆရာလုပ်ရတာနဲ့ ဒီမှာ ဆရာလုပ်ရတာ ဘယ်ဟာကပိုပြီးခက်သလဲ၊ ဘာသာစကားအခက်အခဲ၊ သင်ကြားရေးအခက်အခဲတွေ ဒီရွာမှာ ပိုပြီးရှိနိုင်တယ်၊ ပြီးတော့ လမ်းပန်းဆက်သွယ်ရေး၊ ပျော်စရာ ရွှင်စရာလည်း ဘာမှမရှိဘူး၊ ဟုတ်တယ်နော်၊ ဒါပေမဲ့ တစ်ချိန်ချိန်မှာ ခုလို မြန်မာနိုင်ငံ နယ်စပ်မဖွံ့ဖြိုးသေးတဲ့ရွာလေးမှာ အခက်အခဲအမျိုးမျိုးကို ရင်ဆိုင်ဖြေရှင်းပြီး ဆရာလုပ်ခဲ့ရတဲ့အကြောင်းတွေကို နောင်လာနောင်သားတွေကို ဆရာပြန်ပြောနိုင်လိမ့်မယ်၊ ဆရာ့မှာ သမိုင်းရှိနေပြီ၊ ကိုယ့်



သမိုင်းကိုယ်ရေးတယ်လို့ဆိုကြတယ် မဟုတ်လား၊ အခု ဆရာ့သမိုင်းဆရာရေးနေပြီ၊ ဂုဏ်ယူစွာနဲ့ဆက်ပြီးရေးလိုက်၊ သမိုင်းမှာ အမည်းကွက်တွေ၊ အမှားအယွင်းတွေ၊ နောင်တတွေနဲ့ သံဝေဂတွေ ဘာမှမပါစေနဲ့''

ကျွန်တော် ဗိုလ်မှူးကြီးကိုငေးပြီး ကြည့်နေမိသည်။

''ရောက်တဲ့နေရာမှာ အကောင်းဆုံးလုပ်သွား၊ တစ်နေ့ ဆရာမြို့ကျောင်းပြန်ရောက်မှာပါ''

ကျွန်တော် ဗိုလ်မှူးကြီးကိုဦးညွတ်အလေးပြုပြီး ကျောင်းဆီသို့ပြန်လျှောက်ခဲ့သည်။ သည်တော့မှ မိမိအလုပ်ကို ပို၍တန်ဖိုးထားဂုဏ်ယူမိလိုက်သည်။

''ဟုတ်သည်၊ ငါ့မှာ သမိုင်းရှိသည်''

ကျွန်တော် ဤသို့ပင် တစ်ကိုယ်တည်း ရေရွတ်လိုက်မိသည်။

ကျွန်တော် သီတင်းကျွတ်ကျောင်းပိတ်ရက်တွင် မိုင်းဆတ်မြို့သို့ခေတ္တပြန်မည်ဆိုသောအခါ ထမင်းထုပ်၊ ဟင်းထုပ်လေးများနှင့်တပည့်လေးတွေရောက်လာကြသည်။ သူတို့မျက်နှာလေးတွေ ညှိုးနွမ်းနေကြသည်။

''ဆရာ ပြန်လာမှာပါကွာ၊ စာအုပ်တွေ၊ ခဲတံတွေယူလာခဲ့မယ်''

သူတို့လေးတွေက မယုံတစ်ဝက် ယုံတစ်ဝက်နှင့် ကျွန်တော့်ကိုကြည့်နေကြသည်။ ယခင်က ဆရာတွေက မိုင်းဆတ်ခဏပြန်ဦးမည်ဆိုကာ ပြန်မလာကြသည့် သမိုင်းဆိုးကြီးက ရှိနေခဲ့ဖူးသည်။

''ဆရာပြန်လာရင် မင်းတို့ဖတ်ဖို့ ရွှေသွေး၊ တေဇ စတဲ့အရုပ်စာအုပ်လေးတွေလည်း ယူလာခဲ့မယ်၊ ရန်ကုန်က ဆရာ့သူငယ်ချင်းတွေဆီမှာထားတာ မိုင်းဆတ်ရောက်နေပြီ၊ မင်းတို့ဖတ်တတ်အောင် ဖတ်ရမယ်နော်၊ လူကြီးတွေ အ,သုံးလုံး သင်တန်းသားတွေဖတ်ဖို့ကတော့ သတင်းစာဟောင်းတွေတစ်ထပ်ကြီး ယူလာခဲ့မယ်''

''ဆရာ ကျောင်း . . . ပြန်လာနော်၊ ရေကန်ထဲမှာ ငါးဆယ်ကြမယ်၊ မျှော့မကြောက်နဲ့အုံး''

ပေါ့ထောက်(အဘိုး)စံတက ကရယ်ပြီးပြောသည်။ သူ့ငါးကန်တွင် ငါးဆယ်ကြရင်းကန်ထဲက မျှော့ကြီးက ခြေသလုံးတွင် ကပ်

မျှော့ကြီးက ခြေသလုံးတွင် ကပ်နေရာ ကျွန်တော်ကြောက်လန့်ပြီး အော်မိသဖြင့် ပေါ့ထောက်စံတက ခါးကြားမားအိမ်မှ မားကိုဆွဲတ်၍ ခြေသလုံးမှမျှော့ကြီးအား ခွာချခြစ်ထုတ်ပေးခဲ့ရသည့်အဖြစ် ရင်မောစရာ အမှတ်တရလေးတွေပါ။

နေရာ ကျွန်တော်ကြောက်လန့်ပြီးအော်မိသဖြင့် ပေါ့ထောက်စံတက ခါးကြားမားအိမ်မှ မားကိုဆွဲတ်၍ ခြေသလုံးမှမျှော့ကြီးအား ခွာချခြစ်ထုတ်ပေးခဲ့ရသည့်အဖြစ် ရင်မောစရာ အမှတ်တရလေးတွေပါ။

ကျွန်တော် လွယ်ဆန်စုံတောင်ကြီးကို ကျော်ကာ အခေါက်ခေါက်အခါခါသွားလိုက် ပြန်လိုက်တက်လိုက်ဆင်းလိုက် တစ်နေ့ခရီး အကြိမ်ကြိမ်သွားလာခဲ့ဖူးသည်။ မိုင်းတွမ်းရွာလေးတွင် သုံးနှစ်ပြည့်သောအခါ ကျွန်တော့်အား ကျိုင်းတုံမြို့ရှိ အမှတ်(၄) အလယ်တန်းကျောင်းသို့ အလယ်တန်းပြဆရာအဖြစ် ရာထူးတိုးကာ ပို့လိုက်သည်။

မခွဲခွာချင်သော်လည်း အသည်းနာနာနှင့် ခွဲခွာခဲ့ရပါသည်။

+ + + + + +

ကျွန်တော်သည် ကျိုင်းတုံမြို့တွင် ခြောက်နှစ်တာဝန်ထမ်းဆောင်ခဲ့ပြီး မိုင်းဆတ်မြို့နယ်သို့ မူလတန်းကျောင်းအုပ်နှင့် ပြန်လည်ရောက်ရှိခဲ့ပါသည်။ မိုင်းဆတ်ရှိ ကျဒယ်လားဟူရွာလေးတွင် တာဝန်ကျစဉ် ကျေးရွာလူကြီး ဦးကျဒယ်အား စာသင်ပေးခဲ့ဖူးပါသည်။

''လုပ်ပါအုံးဆရာ၊ ငါ စာမတတ်ဘူး၊ လက်မှတ်လည်းမထိုးတတ်ဘူး''

''ရပါတယ်ဗျာ၊ ကျွန်တော် သင် ပေးမယ်''

ထိုအချိန်က ဦးကျဒယ်သည် လားဟူကာကွယ်ရေးခေါင်းဆောင်ဖြစ်သည်။ မြို့နယ် ပြည်သူ့ကောင်စီလက်ထက်တွင် မြို့နယ် ကိုယ်စားလှယ်ဖြစ်လာသည်။ အစည်းအဝေးတက်ရသည့်အခါတက်ရောက်ကြောင်း လက်မှတ်ထိုးရသည်။ သူစာမတတ်၍ ကြက်ခြေခတ်ရ၊ လက်ဗွေနှိပ်ရသည်ကို မကျေနပ်၊ ရှက်လာသည်။ စာသင်ခိုင်းသည်။ ကျွန်တော် သူ့ကို စာသင်ပေးခဲ့သည်။

+ + + + + +



ကြာပြီ။

ခုဆို မိုင်းဆတ်နှင့် ဆိုက်ခေါင်ဖြတ်သန်းသည့် ဆိုက်ခေါင်တံတားခေါ် နမ့်ခုတ်တံတားသည် သံကူကွန်ကရစ်နှင့် အခိုင်အမာတည်ထားသည့် တံတားကြီးဖြစ်နေပါပြီ။

ယခင်ကလို ခနော်ခနဲပါးတံတားလေးမဟုတ်တော့ပါ။ ကတ္တရာလမ်းမကြီးသည် တံတားပေါ်မှဖြတ်ကာ ဖြူးဖြောင့်လျက် မယ်ကျန့်–မိုင်းတွမ်းကျေးရွာများကိုဖြတ်ကာ မိုင်းထလန်းမှတစ်ဆင့် တာချီလိတ်အထိ ကားလမ်းပေါက်နေပြီဖြစ်သည်။

မယ်ပန်ရေတံခွန်ကြီးမှ လျှပ်စစ်မီးတွေလည်းရနေပြီ၊ တယ်လီဖုန်းအိတ်ချိန်း၊ ဘဏ်စသည်စသည်တို့ဖြင့် မိုင်းဆတ်သည် ယခင်က မိုင်းဆတ်မဟုတ်တော့၊ ကတ္တရာလမ်းမကြီးတွေ လမ်းမီးတိုင်တွေနှင့် တင့်တယ်နေပေပြီ။

ကျွန်တော်သည် မိုင်းဆတ်မှမိုင်းတွမ်း၊ ပြီးတော့ တာချီလိတ်ထိ ကားလေးစီးပြီး သွားကြည့်ချင်မိသည်။ တာချီလိတ်မြို့သည်လည်း ယခင်နှယ်မဟုတ်တော့၊ မယ်ဆိုင်နှင့် အပြိုင် တိုက်ကြီးတွေ မိုးပျံဟိုတယ်ကြီးတွေနှင့် လှချင်တိုင်းလှနေပေလိမ့်မည်။ တစ်ခါတစ်ခေါက်တော့ဖြင့် ရောက်စမ်းချင်ပါသည်။

သို့သော်...မဖြစ်နိုင်တော့ပါ။ ကျွန်တော် မိုင်းဆတ်တွင်မရှိတော့ ကျောင်းဆရာဘဝမှ အငြိမ်းစားဘဝဖြင့် ရန်ကုန်သို့ ပြန်ရောက်နေပြီ။ ရန်ကုန်ရှိ ဂျာနယ်တစ်ခုတွင် အယ်ဒီတာလုပ်နေရသဖြင့် မအားလပ်နိုင်တော့ပါ။ နှစ်တွေကြာခဲ့ပေမယ့် အချစ်တွေ မဟာသေးပါ။ အားလုံးသော မိုင်းဆတ်၊ မိုင်းတွမ်း၊ ကျိုင်းတုံဒေသများဆီမှ တပည့် အပေါင်းနှင့် ရှုမ်း၊ လားဟူ၊ အားခါစသည့် မိတ်ဆွေအပေါင်းတို့ကို သတိရမြဲပါ။

တစ်နေ့ ဆရာမလေးနှင့်ပြန်ဆုံတွေ့ကြပြီး ငယ်ငယ်ကအကြောင်းတွေ ရယ်ရယ်မောမော ပြောချင်ပါသေးသည်။ ပြီးတော့ လွယ်ဆန်စုံတောင်ထိပ်မှာ ကျွန်တော်ပြောခဲ့တဲ့စကားလေး မှတ်မိသေးရဲ့လားလို့ မေးကြည့်ချင်ပါသေးသည်။

မြို့တွေ၊ ရွာတွေအားလုံးတိုးတက်ဖွံ့ဖြိုးနေသလို အားလုံးသောမိတ်ဆွေများ၊ တပည့်များဘဝတွေလှပပြီး ချမ်းမြေ့သာယာဖို့ နေ့စဉ်ဆုတောင်းမေတ္တာပို့သလျက်ပါ။

အားလုံးကိုမမေ့ဟုဆိုသော်လည်း မေ့နေသူတစ်ယောက်ရှိနေပါ၏။ သူကား ကျွန်တော့်အသည်းကို ပထမဆုံးခွဲသွားသူ သားဖွားဆရာမလေး နန်းစံခမ်းရယ်ပါ။

တစ်နေ့ကမှ မိုင်းဆတ်မှ ရန်ကုန်သို့ ရောက်လာသူ အားသစ်စာပေပိုင်ရှင် ဦးခင်မောင်ကြည်က ဆရာမလေးနန်းစံခမ်း အကြောင်း ပြောသွားခဲ့ခြင်းဖြစ်သည်။

''ဆရာမလေး နန်းစံခမ်း ဆုံးသွားပြီ...''တဲ့။

အို...ဆရာမလေးရယ်။ ဖြစ်မှဖြစ်ရလေ။ ဆရာမလေးကို မသေစေချင်သေးပါ။ သားတွေသမီးတွေနှင့်အတူ ခင်ပွန်းသည်နှင့် ပျော်ရွှင်ချမ်းမြေ့စွာ နေစေချင်ပါသေးသည်။

တစ်နေ့ ဆရာမလေးနှင့်ပြန်ဆုံတွေ့ကြပြီး ငယ်ငယ်ကအကြောင်းတွေ ရယ်ရယ်မောမောပြောချင်ပါသေးသည်။ ပြီးတော့ လွယ်ဆန်စုံတောင်ထိပ်မှာ ကျွန်တော်ပြောခဲ့တဲ့စကားလေး မှတ်မိသေးရဲ့လားလို့ မေးကြည့်ချင်ပါသေးသည်။ စိတ်ကူးယဉ်အိပ်မက်တွေပါ ဆရာမလေးရယ်...။

ခုတော့ ကျွန်တော်တို့တွေ ဘယ်တော့မှ ပြန်ဆုံနိုင်ကြတော့မှာ မဟုတ်တော့ပါဘူး။

အို...ချစ်တပည့်တွေရယ်...၊ ခင်မင်ကျွမ်းဝင်ခဲ့ရတဲ့ ချစ်မိတ်ဆွေတွေရယ်၊ သူတို့တွေအားလုံးနဲ့ကော ဘယ်တော့များမှ ပြန်လည်ဆုံတွေ့နိုင်ကြမှာလဲ...၊ မလွယ်တော့ပါ။

ကျွန်တော့်အသက်က ခုနစ်ဆယ်၏ တစ်ဖက်စွန်းလာခဲ့ပါပြီ။ မငယ်တော့။ တတိယအရွယ်၏ ဇရာပိုင်းသို့ရောက်လာပြီ။

မကြာမီကျွန်တော်သည်လည်းဆရာမလေး နန်းစံခမ်း၏နောက်သို့ လိုက်ရပေတော့မည်။

အို...မသေချင်သေးပါ။ မသေမီ အတိတ်ကနေရာဟောင်းလေးတွေမှာ ချစ်တပည့်များနှင့်ချစ်မိတ်ဆွေများကို တစ်ကြိမ်လောက်တော့ ပြန်လည်ဆုံတွေ့ချင်ပါသေးသည်။ ။

ပုသိမ်အောင်သန်းဦး








တော်ဝင်အိမ်ရာ

မိုးမိုးလိုင်မြင့်(မြို့ပြ)

၂၀၁၃ ခုနှစ်၊ အောက်တိုဘာလမှာ Women for the World က ဦးဆောင်ပြီး ဆောင်ရွက်ထားတဲ့ ရပ်ရွာအခြေပြု ဖွံ့ဖြိုးရေးစီမံကိန်းနေရာကို ရောက်သွားပါတယ်။ Women for the World ဆိုတဲ့အဖွဲ့ဟာ မြန်မာနိုင်ငံမှာ ၂၀၀၄ ခုနှစ်က စတင်တည်ထောင်ခဲ့တာလို့ သိရပါတယ်။ ဒီလိုအိမ်ရာတွေနဲ့ပတ်သက်တဲ့ အကျိုးပြုလုပ်ငန်းတွေကိုတော့ ၂၀၀၈ ခုနှစ်ကစပြီး လုပ်ခဲ့တာဖြစ်ပါတယ်။

ရွှေပေါက်ကြံမြို့ရဲ့ ပုဂံလမ်းအတိုင်းသွားပြီး ညာဘက်ချိုး အောင်ဘောဂလမ်းအတိုင်း၀င်သွားရင် လမ်းအဆုံးမှာ အဆောက်အဦတစ်ခု တွေ့ပါလိမ့်မယ်။ ဒါကတော့ Women Community Center ပါ။ အဲဒီအဆောက်အဦ ၀န်းကျင်မှာတော့ နှစ်ကေမြေအကျယ်ပေါ်မှာ တည်ဆောက်ထားတဲ့ အိမ်အလုံး ၁၂၀ ကို တွေ့ရပါတယ်။ တော်၀င်အိမ်ရာလို့ အမည်ပေးထားပါတယ်။

ရှင်းပြချက်အရ သိရတာက အဲဒီမြေဟာ လန-၃၉ ကျပြီးသား မြို့ပြမြေဖြစ်ပြီး ငမိုးရိပ်ချောင်းအနီးမှာ Open space အဖြစ် ထားခဲ့တဲ့နေရာ ဖြစ်ပါတယ်။ လယ်သမားတွေဆီက တစ်ဧကကို သိန်း ၅၅၀ နဲ့ ၂ ဧက သိန်း ၁၁၀၀ ပေးပြီး ၀ယ်ရပါတယ်တဲ့။ အိမ်ထောင်စု ၁၂၀ ရှိရာမှာ တစ်အိမ်အတွက် မြေဖိုးက ၉ သိန်းကျော်ကျပြီး အိမ်တည်ဆောက်မှုအတွက်က ၁၀ သိန်းကျော်၊ စုစုပေါင်း သိန်း ၂၀ ကုန်ကျတာဖြစ်ပါတယ်။ စုပေါင်းပိုင်မြေပုံစံမျိုးဖြစ်ပြီး ပျမ်းမျှမြေအကျယ်က အိမ်အပါအ၀င် ၂၀' x ၅၀' လောက်တော့ ရှိမယ်ထင်ပါတယ်။ အိမ်အကျယ်က ၁၅' x ၃၅' ရှိတယ်လို့ ဆိုပါတယ်။





နေထိုင်သူတွေရဲ့ မျက်နှာလေးတွေဟာ ကြည်လင်ဝင်းပနေပြီး တက်ကြွလို့နေပါတယ်။ နေထိုင်သူတွေအတွက်လည်း စည်းကမ်းချက်တွေ ရှိပါတယ်။ ခိုက်ရန်မဖြစ်ရဘူး။ အမည်ပေါက်သူမှတစ်ပါး အခြားသူစိမ်းတရံစာကို နေထိုင်ခွင့်မပေးရဘူး စသည်ဖြင့် စည်းကမ်းချက်တွေအများကြီးနဲ့ပါ။

ကိုရီးယားနိုင်ငံ Kookmin ဘဏ်က တစ်နှစ်အတိုးနှုန်း ၂၀ ကျပ် လစဉ်အတိုး ၁.၆၇ ကျပ်နဲ့ ၅နှစ် ငွေချေးပေးတာဖြစ်ပါတယ်။ အိမ်ထောင်စုတစ်စုအနေနဲ့ လစဉ် ၅၃၀၀၀ ကျပ်ကို ပုံမှန်ပေးဆပ်ရတာဖြစ်ပါတယ်။ တချို့အိမ်ထောင်စုတွေဆို တစ်ပတ် တစ်ထောင်၊ တစ်လ ၄၀၀၀ ကျပ်နဲ့ ငွေစုလာခဲ့တာ ၃-၄ နှစ်တောင်ရှိပြီလို့ ဆိုပါတယ်။

ကျွန်မတို့အဖွဲ့ကိုရှင်းပြတဲ့ ဗန်လီဆာဆိုတဲ့ အမျိုးသမီးဟာ သူမ လှုပ်ရှားရုန်းကန်နေရတဲ့ အချိန်ကာလ ဆယ်နှစ်ကျော်အတွင်းမှာ အတွေ့အကြုံအခက်အခဲအမျိုးမျိုးကို ကြုံတွေ့ဖြတ်သန်းခဲ့ရသူ ဖြစ်ပါတယ်။ အခုအချိန်မှာတော့ ရင့်ကျက်တဲ့မျက်နှာ၊ တည်ကြည်တဲ့အသံနဲ့ ကြုံတွေ့ခဲ့ရသမျှကို အပြုံးမပျက် ပြောပြနေခဲ့ပါတယ်။

အဲဒီအိမ်ထောင်စု ၁၂၀ ဟာ အရင်က လမ်းဘေး informal နေရာတွေမှာ နေထိုင်ခဲ့ရသူတွေဖြစ်ပါတယ်။ အချို့က အိမ်ငှားနေကြသူတွေ ဖြစ်ပါတယ်။ သူတို့တွေကို စုစည်းလို့ ငွေအဝင်နဲ့ အသုံးစာရင်းမှတ်နည်း အခြေခံသင်ကြားပေးခဲ့တဲ့အပြင် ငွေစုဆောင်းဖြစ်အောင်လည်း စည်းရုံးခဲ့ပါတယ်။ စုပေါင်းပိုင်မြေနေရာလေးတစ်နေရာရဖို့အတွက် အဖွဲ့တွေခွဲပြီး မြေနေရာလွတ်တွေကို ရှာဖွေစေခဲ့ရာမှာ အခု ရွှေပေါက်ကွဲမြို့နယ်အတွင်းက မြေအကျယ် ၁၀ ဇက နေရာတစ်နေရာကို တွေ့ရှိခဲ့ပါတယ်။ အဲဒီအထဲကမှ မြေနှစ်ဇကကို လယ်သမားဆိုသူထံမှ ဝယ်ယူခဲ့တာပါ။

ရှင်းပြနေတဲ့အချိန်မှာ စိတ်ဝင်စားဖို့ကောင်းသလောက် လက်တွေ့ အိမ်ရာတွေကို ကွင်းဆင်းကြည့်တဲ့အခါမှာ ပိုပြီး စိတ်ဝင်စားစရာ၊ ခြီးကျူးစရာကောင်းတာ တွေ့ရပါတယ်။ လမ်းဘေးအမှိုက်ပုံးရယ်၊ အမှိုက်နဲ့ပတ်သက်တဲ့ ပညာပေးပိုစတာရယ် ချိတ်ဆွဲလို့ တစ်လသား အိမ်ရာလေးဟာ ရှင်းသန့်လို့နေပါတယ်။ လမ်းအကျယ်က ၁၈ ပေရှိပြီး လမ်းသားက ၆ပေအကျယ် သဲအိတ်တွေ အနားကွပ်ထားတဲ့ မြေသားလမ်းလေးပါ။ မိုးတွင်းကာလဖြစ်လို့ အိမ်အောက်က ရေအပြည့်နဲ့ပါ။ နောက်ပိုင်းမှာတော့ ရေမြောင်းတွေ လမ်းတွေကို ပြန်အဆင့်မြှင့်မယ်လို့ ပြောပါတယ်။

အိမ်အများစုကတော့ သွပ်မိုး၊ ဝါးထရံကာ၊ ပျဉ်ခင်းလေးတွေပါ။ အိမ် ၁၂၀ မှာ အိမ်ဆိုင်ဖွင့်ထားတဲ့ အိမ်ခြေက ခန့်မှန်းခြေ ၂၀ လောက်ရှိမယ် ထင်ပါတယ်။ မီးသွေးဆိုင်၊ ကုန်ခြောက်ဆိုင်၊ ကုန်စိမ်းဆိုင် စသဖြင့်တွေ့ရပါတယ်။ ရေကတော့ မိုးတွင်းမှာ မိုးရေကို စုဆောင်းပြီး သုံးကြသလို၊ ရေဝယ်သုံးရပါတယ်တဲ့။ သောက်ရေကတော့ ရေသန့်ဘူးကြီးတွေ ဝယ်သုံးကြပါတယ်။ အမှိုက်စွန့်ပစ်ဖို့အတွက် တစ်အိမ်ကို ၆၀၀ ကျပ်နှုန်းနဲ့ လစဉ်ပေးရပါတယ်။ တနလ်၁၊ ဗုဒ္ဓဟူး၊ သောကြာ ၃ရက် အမှိုက်ကို တွန်းလှည်းနဲ့ သိမ်းပြီး ရပ်ကွက်အမှိုက်ပုံကို ပစ်ပါတယ်။ အမှိုက်သိမ်းတာဝန်ယူထားသူကို လစာပေးပြီး လိုအပ်တဲ့အမှိုက်သိမ်းပစ္စည်းတွေကို ပံ့ပိုးပေးပါတယ်တဲ့။

နေထိုင်သူတွေရဲ့ မျက်နှာလေးတွေဟာ ကြည်လင်ဝင်းပနေပြီး တက်ကြွလို့နေပါတယ်။ နေထိုင်သူတွေအတွက်လည်း စည်းကမ်းချက်တွေ ရှိပါတယ်။ ခိုက်ရန်မဖြစ်ရဘူး။ အမည်ပေါက်သူမှတစ်ပါး အခြားသူစိမ်းတရံစာကို နေထိုင်ခွင့်မပေးရဘူး စသည်ဖြင့် စည်းကမ်းချက်တွေအများကြီးနဲ့ပါ။

အိမ်တစ်အိမ်ကို ဝင်ရောက်လေ့လာကြည့်တဲ့အခါမှာ နေထိုင်









သူ မိသားစု ၄ ဦးရှိပြီး အပေါ်မှာ ထပ်ခိုးတစ်ဝက်တင်ထားပါတယ်။ သားလေးက ပဉ္စမတန်းကျောင်းသားဖြစ်ပြီး လသားသမီးငယ်လေး ရှိပါတယ်။ အမျိုးသားက Taxi မောင်းတယ်လို့ သားဖြစ်သူက ပြောပြပါတယ်။ ထမင်းဟင်းချက်တာကိုတော့ Gas နဲ့ချက်တယ်လို့ ပြောတာကြားလိုက်ပါတယ်။ အများစုကတော့ မီးသွေးနဲ့ချက်တယ်လို့ ဆိုပါတယ်။

ဒီလို အိမ်ရာလိုအပ်နေတဲ့လူတွေကို သင့်လျော်တဲ့ လစဉ်ချေးငွေနဲ့ ဘဏ်နဲ့ချိတ်ဆက် ဆောင်ရွက်နိုင်အောင် ကြိုးစားအားထုတ်ကြတဲ့ Women for the World နဲ့ ငွေချေးပေးတဲ့ Kookmin Bank ဖြစ်မြောက်အောင် ဝိုင်းဝန်းဆောင်ရွက်ပေးကြတဲ့ သူများအားလုံးကို ချီးကျူးမိပါတယ်။

ကျွန်မတို့ဆီမှာ အိမ်ရာတကယ်လိုအပ်တဲ့သူတွေအတွက် ဒီလို အိမ်ရာမျိုးတွေကို ထိထိရောက်ရောက် ကူညီဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။ ဒါဟာ တကယ့်အခြေခံအိမ်ရာပါ။ ဒီကနေတဆင့် ဝင်ငွေရရှိမှုအပေါ်မူတည်ပြီး အိမ်တွေကို ဝါးထရံကာအဆင့်မှ ပိုပြီး အဆင့်မြှင့်တင်နိုင်အောင်၊ တိုးချဲ့နိုင်အောင် ကြိုးစားရမှာဖြစ်ပါတယ်။ ကျွန်မတို့ ဒေသအစိုးရတွေအနေနဲ့လည်း ဒီလို နည်းမှန်လမ်းမှန် ဆောင်ရွက်နေတဲ့ အဖွဲ့အစည်းတွေရဲ့ အကျိုးပြုလုပ်ငန်းတွေကို အားပေးကူညီခြင်းဖြင့် Grass-Root Level တွေရဲ့ လူနေမှုဘဝကို မြှင့်တင်ပေးစေချင်မိပါတယ်။

မိုးမိုးလှိုင်မြင့်(မြို့မြ)

အပြောင်းအလဲမြန်လိုက်ပုံက

ပင်တဂွန်ဌာနချုပ်(Pentagon)မှာ လက်သမားနှင့် ဆေးသုတ်သမားတွေဆိုတာ အမြဲတမ်းလိုလို အကျပ်အတည်း ကြုံကြရတယ်။ ဘာလို့တုန်းဆိုတော့ ပင်တဂွန်မှာက မကြာခဏဆိုသလို အခန်းဖွဲ့စည်းပုံတွေကို ပြုပြင်ပြောင်းလဲတတ်ကြလို့ပဲ။

ကျွန်တော် ဝါရှင်တန်ကို ပထမဆုံးအကြိမ် ရောက်ရှိစဉ်က ကျွန်တော့်ရုံးခန်းကို အခန်းပြန်လည်ဖွဲ့စည်းတယ်။ နောက်ခြောက်လလောက်ကြာတော့ တစ်ခါပြောင်းပြန်ရော။ နောက်တစ်ကြိမ် ဆေးအသစ်ပြန်သုတ်ဦးမယ်လုပ်တော့ ကျွန်တော်ကတားတယ်။ ဒီလိုသာလုပ်နေရင် အကုန်အကျများမယ်။ မလိုအပ်သေးဘူးဆိုပြီး တားလိုက်တယ်။ ဒီတော့ ဆေးသုတ်သမားလေးတွေက–

''အဲဒီအတွက် မပူပါနဲ့ကာနယ်၊ မကြာခင်က ကျွန်တော်တို့ နံရံတစ်ခုကို ဆေးသုတ်နေတုန်း အရာရှိတစ်ယောက်ရောက်လာပြီး အဲဒီနံရံကို အခြားအသစ်တစ်ခုအနေနဲ့ လဲပစ်လိုက်တယ်၊ ကျွန်တော်တို့ ဆေးသုတ်တာတောင် မပြီးသေးဘူး''လို့ ပြန်ရှင်းပြပါတယ်။

မောင်သီဟ





චූදිතයෙක්

''ဒကာမကြီး ဘာကိစ္စရှိလို့လဲ''

စာချဆရာတော်ဂဏဝါစကဦးပဏ္ဍိတ၏အသံမြင့်၍မေးသံကြောင့် ကျောင်းတိုက်၏လှေကားဝဆီသို့ ကျုပ်လှည့်ကြည့်မိလိုက်သည်တွင်...

ဦးဇင်းတစ်ပါးနှင့်အတူ မျက်နှာသွင်ပြင်ညှိုးငယ်စွာဖြင့် ဒူးတုပ်ထိုင်လျက် လက်နှစ်ဖက်ကိုသိုင်းယှက်ကာ လက်အုပ်ချီလျက်သား ဒကာမတစ်ယောက်ကိုတွေ့လိုက်ရ၏။

စာချဆရာတော်၏မေးမြန်းသံအဆုံးတွင် ဒကာမ၏အသံက မဝံ့မရဲနှင့်ဖြေလိုက်ကြောင်းကြားလိုက်ရပြန်သည်။

''တပည့်တော်မရဲ့ညီမ... ဆေးရုံတင်ထားရတာ သွေးသွင်းဖို့ 'ဘီ'သွေးနှစ်ပုလင်း အရေးပေါ်လိုအပ်နေလို့ သွေးအလှူခံချင်လို့ပါဘုရား''

''ဒကာမကြီးက ဘယ်ကလာတာတုံး''

''တပည့်တော်မက ရန်ကုန်က လာခဲ့တာပါ၊ ဒီပြည်ဆေးရုံမှာတင်ထားရတဲ့ ညီမက 'ပေါင်းတလည်'ကပါဘုရား၊ သဘက်ခါမနက် ဗိုက်ခွဲရမှာမို့ ဒီနေ့ သွေးနှစ်ပုလင်းသွင်းရမှာမို့ 'ဘီ'သွေးနှစ်ပုလင်းအရေးပေါ်လိုအပ်နေလို့ပါဘုရား''

''သြော်...သြော်...၊ ကဲ ဦးဇင်းတို့ ဘီသွေးလိုလို့ အလှူလာခံတာ၊ ဘီသွေးလှူနိုင်မယ့်သူရှိရင် လှူလိုက်ပါ''

စာချဆရာတော်မှာ လက်ထဲတွင်ကိုင်ထားသောကြိမ်တံနှင့် ကြမ်းပြင်ကို နှစ်ချက်ဆင့်ကာ တဖြန်းဖြန်းရိုက်လိုက်ရင်းက စာသင်သားအားလုံးထံ လွှမ်းခြုံကြည့်လိုက်၏။

ကျောင်းတိုက်အပေါ်ထပ်ရှိ လေး၊ ငါးဆယ်ခန့်ရှိသော စာသင်သားဦးဇင်းသံဃာတို့၏တစ်ပါးချင်းစီအသံများက ဆရာတော်၏ ကြိမ်တံနှစ်ဆင့်ရိုက်သံအဆုံးတွင် 'အပ်' ကျသံပင်ကြားရလောက်အောင် တိတ်ဆိတ်ငြိမ်သက်သွားတော့၏။

ဆရာတော်၏ ထပ်ဆင့်ဆော်သြသံက ဒုတိယမိပေါ်လာပြန်သည်။

''ကဲကဲ...ဘီသွေးလှူနိုင်မယ့် ဦးဇင်းတို့ လှူလိုက်ကြပါ၊ လှူနိုင်မယ့်သူ တစ်ပါးမှ မရှိကြဘူးလား''

စာချဆရာတော်၏စကားသံအဆုံးတွင်



တပည့်တော်မရဲ့ညီမက သဘက်ခါ မနက်ပိုင်း ဗိုက်ခွဲရမှာပါ၊ သွေးက ရပြီးပါပြီ၊ ဆေးရုံမှာရှိတဲ့သွေးဘဏ်က အရေးပေါ်ချေးပြီး သွင်းထားပေးခဲ့ပါပြီ၊ သွေးအစား ပြန်ပေးရမှာမို့ တပည့်တော် ဦးဇင်းတို့ ကျောင်းတိုက်ကို အလှူခံခဲ့ရတာပါ

ကျုပ် စိတ်ကိုထိန်းထားလို့မရတော့။ ညာလက်ကိုမြှောက်ရင်း မတ်တတ်ရပ်လိုက်မိလျက်သားဖြစ်သွား၏။

''ကဲ...ဟုတ်ပြီ၊ 'ဦးဇင်းသံဝရ' တစ်ပါးတော့ရပြီ၊ ကဲ...ကဲ နောက်ထပ်တစ်ပါး မရှိတော့ဘူးလား''

စာချဆရာတော်၏စကားသံအဆုံးတွင် စာသင်သားအားလုံး၏ နောက်ဆုံးတန်းဝဲအစွန်ရှိ ဦးဇင်းတစ်ပါးက လက်တစ်ဖက်ကို မြှောက်ရင်း ရဲဝံ့စွာမတ်တတ်ရပ်လိုက်၏။

''အဲ...ဒီလိုမှပေါ့၊ ဦးဇင်းသုစိတ္တနဲ့ဆို နှစ်ပါးရပြီ၊ ဒါဆို ဦးဇင်းတို့နှစ်ပါးစလုံး ဒကာမကြီးနဲ့လိုက်သွားလိုက်ပါ၊ 'သွေး'ဆိုတာ လှူရတာမြတ်ပါတယ်၊ ကဲ...ဒကာမသွေးလှူရှင်နှစ်ပါးဆို ပြည့်စုံပြီပေါ့''

''တင်ပါ့ဘုရား...၊ နှစ်ပါးဆို လုံလောက်ပါပြီဘုရား၊ ကျေးဇူးတင်ပါတယ်ဘုရား၊ တပည့်တော်ကိုခွင့်ပြုပါဘုရား''

''ကဲ...ကဲ...သွားတော့''

ကျုပ် အလှူခံရောက်လာတဲ့ဒကာမကြီးကို လှမ်းကြည့်မိလိုက်တဲ့အချိန်မှာ လငယုတ်ဖမ်းနေရာက ကင်းလွတ်တဲ့လမင်းလို သွေးအလှူခံလာတဲ့ ဒကာမကြီးရဲ့ မျက်နှာမှာ လင်းလက်သွားတဲ့အသွင်နဲ့ ညှိုးငယ်မှုများ အစုလိုက် ချုတ်ချည်းပျောက်ကွယ်သွားတာတွေ့လိုက်ရပါ၏။

စာသင်ဆောင်၏အောက်ထပ်ရှိ စကြံ့ရှေ့အရောက်တွင် ဒကာမကြီးနှင့်ညှိနှိုင်းဖြစ်၏။

''ဦးဇင်းတို့ ဆေးရုံကို အခုပဲလိုက်ခဲ့ရမှာလား''

''တပည့်တော်မရဲ့ညီမက သဘက်ခါမနက်ပိုင်း ဗိုက်ခွဲရမှာပါ၊ သွေးက ရပြီးပါပြီ၊ ဆေးရုံမှာရှိတဲ့သွေးဘဏ်က အရေးပေါ်ချေးပြီး သွင်းထားပေးခဲ့ပါပြီ၊ သွေးအစား ပြန်ပေးရမှာမို့ တပည့်တော် ဦးဇင်းတို့ ကျောင်းတိုက်ကိုအလှူခံခဲ့ရတာပါ၊ ဆေးရုံက ဆရာမတွေက ဇောတိကာရုံကျောင်းတိုက်ကိုသာ သွားပါဆိုတာနဲ့ တပည့်တော် အရဲစွန့်ပြီး လာခဲ့ရတာပါဘုရား၊ ဦးဇင်းတို့ကို ကျေးဇူးအထူးတင်ရှိပါတယ်ဘုရား၊ ဦးဇင်းတို့ ဒီညနေ အချိန်နည်းနေမှာကို စိုးပါတယ်ဘုရား၊ ဒါကြောင့် မနက်ဖြန်မနက် ဦးဇင်းတို့လာပေးနိုင်မယ့်အချိန်ကို တပည့်တော် ဆေးရုံခွဲစိတ်လူနာဆောင်ကစောင့်ရင် ဖြစ်နိုင်ပါ့မလားဘုရား''

''ကောင်းပါတယ်ဒကာမကြီး၊ ဒါဖြင့် ဦးဇင်းတို့မနက် ၇ နာရီအရောက်လာခဲ့မယ်၊ ဖြစ်တယ်မဟုတ်လား၊ အခုချိန်က ရေမိုးချိုးမှာနဲ့ မှောင်တော့မှာ၊ အခုပဲ ငါးနာရီထိုးတော့မှာ၊ မနက်ပိုင်း ဦးဇင်းတို့ဆွမ်းခံမကြွခင် ဆေးရုံကိုလာခဲ့ပါ့မယ်...''

''ကျေးဇူးတင်လှပါတယ်ဘုရား၊ တပည့်

တော်မ ဦးဇင်းတို့အတွက် ခရီးစရိတ်လှူခဲ့ပါရစေဘုရား၊ တပည့်တော် မနက်ဖြန် မနက်ပိုင်းမှာ ခွဲစိတ်လူနာဆောင်က စောင့်နေပါ့မယ်ဘုရား''

ကျေပ် ဒကာမကြီးကပ်လှူသည့် ခရီးစရိတ်ငွေကိုလက်ခံရင်း သွေးအလှူလာခံသည့်ဒကာမကြီး၏ ရင်ထဲကခံစားမှုပီတိကို မျှဝေခံစားကြည့်လိုက်မိပါ၏။

ကြည်နူးမှုပီတိအဟုန်တို့က နှိုင်းချင့်၍ မရနိုင်တော့လောက်အောင်ပင် ဘောင်ဘင် ဝေလျက်ရှိနေ၏။

သွေးအလှူရှင် ဦးဇင်းဦးသုစိတ္တလည်း ကျေပ်ကဲ့သို့ပင် ပီတိတို့ဝေနေမည်ကို ကျေပ် အတတ်သိလိုက်၏။ ဦးသုစိတ္တက ကျေပ်၏ သဘောဆန္ဒကိုအလိုက်တသိပင် ထောက်ခံလျက်ရှိနေ၏။ နှုတ်ကမူ ဘယ်သို့မျှ ဖွင့်ဟပြောဆိုခြင်းအလျဉ်းမရှိခဲ့ပါပေ။

မိုးမှာ ခပ်ဖွဲဖွဲရွာနေရာမှ သည်းသည်းမည်းမည်းရွာချလိုက်၏။ ဒကာမကြီးမှာ ပါလာသည့်ထီးကိုဖွင့်ဆောင်းရင်းက ကျောင်းတိုက်ထဲမှ ခပ်သုတ်သုတ်လှမ်းလျှောက်ရင်း ကျေပ်၏ အမြင်အာရုံကပျောက်ကွယ်သွားတော့၏။

+ + + + + +

ကျေပ်အတွေးများက ကျေပ်ငယ်ငယ် အသက် ရှစ်နှစ်သားဘဝကိုပြန်လည်သတိရမိနေတော့၏။

အချိန်မှာ နေဝင်ရီတရောအချိန်သို့ ရောက်နေပေပြီ။ ကျေးလက်သဘာဝမို့ ချောင်းခွရွာအတွင်းဝယ် ကလေးများ၏ ဆူညံသံ၊ နွားလှည်းမောင်းသူတို့၏ နွားငေါက်သံနှင့်ခွေးဟောင်သံတို့က တိတ်ဆိတ်မှုကို ဖြိုခွင်းနေသည်။

အသက်ရှစ်နှစ်သားရှိ သောင်းဖေမှာ နေ့စဉ်လုပ်နေကျဖြစ်သော သောက်ရေအိုးမှ အစ အိမ်ရှိန္ဓာသောက်ရန် ရေတကောင်းနှင့် ခြေဆေးအိုးအတွက် လိုအပ်သည့်ရေများကို ထမ်းတံပိုးတပ် ရေပုံးနှစ်ပုံးဖြင့် သယ်လျက် အခေါက်ခေါက်အခါခါ ထမ်းပိုးဖြည့်ဆည်းနေသည်။

မိခင်ဖြစ်သူဒေါ်အေးမြမှာ ကိုယ်ဝန်မပေါ်မပါးနှင့်ဖြစ်နေ၍ ကျောင်းဆင်းချိန်မို့ တတ်စွမ်းသည့်ဘက်က ဖြည့်ဆည်းရင်း



ကျောင်းကအပြန် ထမင်းဆာနေသော်လည်း ရေခပ်နေရသည်မို့ ညစာမစားရသေးသည်ကို သောင်းဖေစိတ်ထဲက ထမင်းစားလိုစိတ်မရှိ၊ မိခင်ဖြစ်သူအတွက် စိတ်ထဲတွင် ထင့်နေ၏။ အကျိုးအကြောင်းပြောပြီး ရင်ထဲတွင် လှုပ်ရှားနေသည်။

မိသားစုတာဝန်ကိုယူနေခြင်းပင်။

ဖခင်ဖြစ်သူဦးမောင်ထိန်က အိမ်တွင်မရှိ။ ကြံစိုက်ခင်းအတွက် အခင်းထွန်သွားနေသည်မှာ ပြန်ရောက်မလာသေး။ မိခင်ဒေါ်အေးမြ၏စေခိုင်းမှုဖြင့် ရွာအနောက်ပိုင်းက လက်သည် ဒေါ်မစာကိုသွားခေါ်သဖြင့် ဒေါ်မစာတစ်ယောက်အပြေးအလွှားရောက်လာကာ မိခင်နှင့်အတူ အိမ်ပေါ်ထပ်မီးဖိုခန်းထဲတွင် တစ်သိုက်သိုက်နှင့် အလုပ်ရှုပ်နေ၏။

အချိန်မှာ တစတစနှင့်အမှောင်ထုက လွှမ်းမိုးသွားတော့၏။ ဖခင်ဖြစ်သူမှာ ယာထဲကပြန်ရောက်ရောက်ချင်း အိမ်ပေါ်တက်သွားပြီး လှမ်းပြောလိုက်သည်။

''ဟဲ့ . . . သောင်းဖေ . . . အရှေ့ပိုင်းက မင်းအမေကြီးကို သွားခေါ်စမ်း၊ အမေမီးဖွားဖို့ခက်နေလို့ အမြန်လာခဲ့ပါလို့၊ မင်းလည်းပြောပြီး အမြန်ပြန်လာခဲ့နော်''

''ဟုတ်ကဲ့ . . . အဖေ''

သောင်းဖေအရှေ့ပိုင်းက အမေကြီးတို့အိမ်ရောက်တော့ ညစာထမင်းဝိုင်းနှင့်ဆုံနေ၏။ အမေကြီးတို့အိမ်ကထမင်းဝိုင်းကိုမြင်မှ ကျောင်းကအပြန် ထမင်းဆာနေသော်လည်း ရေခပ်နေရသည်မို့ ညစာမစားရသေးသည်ကို သောင်းဖေစိတ်ထဲက ထမင်းစားလိုစိတ်မရှိ၊ မိခင်ဖြစ်သူအတွက် စိတ်ထဲတွင် ထင့်နေ၏။ အကျိုးအကြောင်းပြောပြီး ရင်ထဲတွင် လှုပ်ရှားနေသည်။

''အမေများ တစ်ခုခုဖြစ်သွားခဲ့ရင်'' ဟူသော စိုးရိမ်စိတ်တို့က သောင်းဖေ တစ်ကိုယ်လုံးကို ထိန်းချုပ်ထားသလို ခံစားလိုက်မိရင်း ထမင်းဆာစိတ် ပျောက်သွားလေသည်။

''အမေကြီး ကျွန်တော်ပြန်နှင့်မယ်၊ အဖေက အမြန်လာခဲ့ပါတဲ့''

''အေး . . . အမေကြီး အခုပဲလိုက်ခဲ့ပြီလို့ပြောလိုက်၊ ကြားလားမြေးလေး''

''ဟုတ်''

သောင်းဖေတစ်ယောက်'ဟုတ်ကဲ့'ကိုပင် ပီပီသသမပြောမိ။ အိမ်သို့အမြန်ပြန်လာခဲ့၏။ အိမ်ရှေ့အရောက်တွင် တဝါးဝါးနှင့် ကလေးငိုသံကိုကြားလိုက်ရသည်မို့ မိခင်အတွက် အားတက်သွားမိသလိုခံစားလိုက်ရ၏။ သောင်းဖေ အိမ်ပေါ်သို့မတက်ဖြစ်သေး။ မိခင်၏စကားသံကိုသာ နားစွင့်နေမိသည်။

အဘွားဖြစ်သူမှာ ပျာပျာသလဲနှင့် အိမ်ပေါ်တက်သွားသည်ကိုသာ ငေးကြည့်နေ၏။ မမျော်လင့်သောအဖေ့စကားသံက သောင်းဖေရင်ဝကို ဆောင့်ထိုးလိုက်သည့်နှယ် သက်သက်သာသာမရှိလှ။

''လူလေး . . . သောင်းဖေ၊ နွားလှည်းပေါ် ကောက်ရိုးတွေဖြည့်တင်လိုက်၊ နွားတွေကိုလည်း ရေတိုက်လိုက်ကြားလား''

သောင်းဖေစဉ်းစားလို့မရ။ ကလေးငို သံသာကြားရပြီး အမေ့အသံက ဘာမျှ မကြားရ။ စိတ်က အမေ့မျက်နှာကိုသာ အပြေးကြည့်ချင်နေသည်မို့ အဖေစေခိုင်းမှုကို စိတ်မပါတပါဖြင့် လုပ်နေရသည်။

သောင်းဖေ နွားလှည်းပေါ်ကောက်ရိုးများတင်၍ မပြီးခင်မှာပင် အိမ်ပေါ်က အဘွားဇော်ငိုသံကို ကလေးငိုသံနှင့် ရောပြွမ်းကြားလိုက်ရသည်။

''အမယ်လေးသမီးရဲ့၊ အမေတို့ကို ပစ်သွားပြီလား၊ အမေတို့ ဆေးရုံကိုတောင် ပို့ချိန်မရတော့ပါလား၊ သမီးအတွက် လိုနေတဲ့သွေးကို အမေ့ခန္ဓာကိုယ်ထဲကရှိသမျှ သွေးအားလုံး ထုတ်ပေးလိုက်ချင်ပါတယ်၊ ခုတော့ ခုတော့...အမေတို့ဆန္ဒမပြည့်တော့ပါလား သမီးရဲ့''

အဘွားဇော်ငိုသံကိုနားစွင့်ရင်းက အမေမီးဖွားပြီးသွေးလွန်ကာ ဆုံးသွားကြောင်း သောင်းဖေသိလိုက်ရသည်။

+ + + + + +

''သွေးဟာ အသက်ပဲ''

'ဦးဇင်းသံဝရ'၏နှုတ်က အမှတ်မထင် ရေရွတ်လိုက်မိရင်းက ဦးသုစိတ္တာကို သူ၏မွေး မိခင်ဒကာမကြီး၏အဖြစ်ကို ပြောပြလိုက်၏၊

+ + + + + +

မိုးမှာ သည်းသည်းမည်းမည်းရွာသွန်းပြီး မိုးစဲစပြုလာပြီမို့ ကျောင်းတိုက်အသီးသီးပေါ်မှ စာသင်သားဦးဇင်းများနှင့် ကိုရင်ကြီး၊ ငယ်တို့မှာ ကျောင်းရှေ့ရှိစကြံဆီသို့ ဆင်းလာကြရာ 'ဇောတိကာရုံ' ကျောင်းတိုက်ကြီးတစ်ခုလုံး၏ကျက်သရေကို လွှမ်းခြုံပြသည့်နယ် ရှိတော့၏။

+ + + + + +

ပြည်မြို့ ပြည်သူ့ဆေးရုံကြီးအတွင်းရှိ စားသောက်ဆိုင်တန်းအတွင်းဝယ် စားသောက်သူများရှင်းနေ၏။

ခွဲစိတ်လူနာအတွက် သွေးလှူခဲ့ပြီးပြီမို့ လူနာရှင်ဒကာမကြီးကပ်လှူသည့် နို့နှင့်



ဦးဇင်းရဲ့မယ်တော်ကြီးဟာ အရေးပေါ် သွေးလိုတာ သွေးအချိန်မီမရနိုင်လို့ အသက်ဆုံးခဲ့ရတဲ့အဖြစ် ကြုံခဲ့ရတယ်လေ၊ အဲဒီအချိန်က ဒေသဖွံ့ဖြိုးရေးကလည်း မပြည့်စုံခဲ့ကြတာလည်း ပါတယ်ပေါ့ ဒကာမကြီးရယ်၊ ဘာပဲဖြစ်ဖြစ် အရေးပေါ်လူနာတွေအတွက် သွေးလိုတယ်လို့ကြားလိုက်တာနဲ့ ဦးဇင်း မိခင်မယ်တော်ကြီးအဖြစ်မျိုး မကြုံရအောင်...

ကြက်ဥကိုသုံးဆောင်ရန် စားပွဲဝိုင်းတွင်ထိုင်ရင်း ကျုပ် ဒကာမကြီး၏ညီမအကြောင်းကိုသိလိုသမျှ မေးခဲ့မိသည်။

''အင်း...သွေးဆိုတာ အသက်တစ်ချောင်းပဲဒကာမကြီးရဲ့၊ ဦးဇင်းအနေနဲ့ ဒီတစ်ကြိမ်နဲ့ပါဆိုရင် သွေးလှူတာ ငါးကြိမ်ရှိပြီပေါ့၊ မနေ့က ဒကာမကြီးကျောင်းတိုက်ပေါ်တက်ပြီးအလှူခံတော့ ချက်ချင်းဆန္ဒမပြုတာက ဦးဇင်းဖျားထားတာမကြာသေးလို့၊ သွေးပေါင်ချိန်မပြည့်ဖြစ်မှာစိုးလို့ပါ၊ ဦးဇင်းက သွေးဆိုတဲ့အသံကြားလိုက်ရတာနဲ့ လှူချင်စိတ်က အမြဲရှိနေတာ၊ သွေးအလှူခံလာတိုင်း ကြုံကြိုက်သလို လှူလိုက်တာပဲလေ၊ ဦးဇင်းမှာ သွေးနဲ့ပတ်သက်ပြီး ခံစားချက်တစ်ခုက ဘဝနဲ့ရင်းခဲ့ရဖူးတယ် ဒကာမကြီးရဲ့''

''အဖြစ်ကိုသိခွင့်ရှိမယ်ဆိုရင် ပြောပြပါဦးဇင်း''

''မနေ့က ဒကာမကြီးပြန်သွားပြီး ဦးဇင်းငယ်ငယ်ကအဖြစ်ကို ဒီက ဦးဇင်း ဦးသုစိတ္တာကိုတောင် ပြောပြမိသေးတယ်၊ ဦးဇင်းရဲ့မယ်တော်ကြီးဟာ အရေးပေါ် သွေးလိုတာ သွေးအချိန်မီမရနိုင်လို့ အသက်ဆုံးခဲ့ရတဲ့အဖြစ် ကြုံခဲ့ရတယ်လေ၊ အဲဒီအချိန်က ဒေသဖွံ့ဖြိုးရေးကလည်း မပြည့်စုံခဲ့ကြတာလည်း ပါတယ်ပေါ့ဒကာမကြီးရယ်၊ ဘာပဲဖြစ်ဖြစ် အရေးပေါ်လူနာတွေအတွက် သွေးလိုတယ်လို့ကြားလိုက်တာနဲ့ ဦးဇင်း မိခင်မယ်တော်ကြီးအဖြစ်မျိုး မကြုံရအောင် ဦးဇင်းကတော့ သွေးဆိုရင် လှူဖြစ်နေတာပဲလေ၊ ကြုံတုန်းလက်ဆောင်တစ်ခု ပါးလိုက်ချင်တယ် ဒကာမကြီး''

''အမိန့်ရှိပါဦးဇင်း...''

''လူ့ဘဝမှာ အသက်ပေါင်းများစွာအတွက် 'သွေးစက်'ပေါင်းများစွာ လိုအပ်နေပါတယ်၊ လိုအပ်ချက်မှန်သမျှ ဖြည့်စွမ်းတတ်ဖို့နဲ့ ကိုယ့်သွေးစက်နဲ့ အသက်ပေါင်းများစွာကို ကယ်နိုင်အောင် ကြိုးစားပါလို့၊ ဒါဟာ ဦးဇင်းရဲ့ရင်ထဲက ထာဝရလက်ဆောင်ပါ''

(သွေးလှူရှင် ရဟန်းသံဃာများနှင့် အလှူရှင်အားလုံးသို့ ဦးညွတ်လျက်)

မွေးငယ်ငယ်



ဂရိတောင်ကုန်းပေါ်က သမိုင်းဝင်မြို့

ရဲမာန်ခ

Acropolis အမည်သည် ရှေးခေတ်ဂရိဘာသာ စကားလုံးဖြစ်သည်။ Akros ဆိုသည်မှာ 'Highest' ဖြစ်ပြီးမှာ 'City' ဟုအဓိပ္ပာယ်ရသည်။ ထို့ကြောင့် Acropolis သည် တောင်ကုန်းပေါ်ရှိမြို့ဟု ဆိုလိုသည်။

ရှေးခေတ်ဂရိတို့သည် တောင်ကုန်းပေါ်တွင် မြို့တည်လေ့ရှိသဖြင့် သူတို့၏မြို့အားလုံးနီးပါးမှာ Acropolis များဖြစ်ကြသည်။ ထိုအထဲတွင် အုပ်ချုပ်ရေးဆိုင်ရာ နန်းတော်များ၊ ဘာသာရေးဆိုင်ရာ အဆောက်အဦးများနှင့် လူနေအိမ်များပါဝင်သည်။

ဂရိခေတ်အကျော်ကြားဆုံး Acropolis မှာ ဂရိနိုင်ငံ အေသင်မြို့အနီး ပေ ၅၀၀ အမြင့်ရှိ တောင်ကုန်းပေါ်မှ Acropolis ဖြစ်သည်။





အေသင် Acropolis

အေသင် Acropolis သည် (ဘီစီ ၁၄၅၀–၁၂၀၀) ကတည်းက တည်ရှိခဲ့သည်ဟု သမိုင်းမှတ်တမ်းများမှဆိုသည်။ အေသင်ဒေသတွင် ကျောက်တုံးအဆောက်အဦးကို ဘီစီ ၆ ရာစုအချိန်က စတင် တည်ဆောက်ခဲ့သည်ဟု ယူဆကြသည်။

သို့သော်လည်း (ဘီစီ ၇၅၀–၄၈၀) Archaic ခေတ်အချိန်က အေသင် Acropolis အကြောင်းကို သမိုင်းပညာရှင်များ အနည်းငယ်မျှသာ သိရှိကြသည်။ ဘီစီ ၄၈၀–အချိန် ဘုရင် Pericles ခေတ်ရောက်မှ ဂရိတို့သည် ကြီးမားသည့် အဆောက်အဦးများကို စတင်ဆောက်လုပ်ခဲ့ကြသည်။ ထိုနေရာများမှ အဆောက်ဦးများသည် ရှေးခေတ်ဂရိများ၏ ဗိသုကာလက်ရာအနုပညာ ပြောင်မြောက်မှုကို ဖော်ပြနေသည်။

အေသင် Acropolis ရှိ ဂရိခေတ် ဗိသုကာလက်ရာများမှာ

The Propylaea

အေသင် Acropolis ၏ အဓိကဝင်ပေါက်အားဟုခေါ်သည်။

The Ionic columns (ထောက်တိုင်)များအား အဖြူရောင်မာဘယ် ကျောက်တုံးများနှင့် ပြုလုပ်ထားသည်။

ထိုဝင်ပေါက်ကို ဘီစီ ၄၃၇ အချိန်က စတင်ဆောက်လုပ်ခဲ့ပြီး ဘီစီ ၄၃၁–အချိန်တွင်ဖြစ်ပွားခဲ့သည့် အေသင်နှင့် စပါတာတို့၏ စစ်ပွဲကြောင့် မပြီးစီးခဲ့ဟုဆိုသည်။ ထိုစစ်ပွဲတွင် စပါတာများမှ အနိုင်ရရှိခဲ့သော်လည်း ထိုဝင်ပေါက်အား ဆက်လက်မတည်ဆောက်ခဲ့ကြဟု သမိုင်းပညာရှင်များမှ ထင်ကြေးပေးကြသည်။

Temple of Athena Nike

Propylaea ဝင်ပေါက်အနီးတွင်တည်ရှိသည့် မာဘယ် ကျောက်တုံးငယ်များနှင့် တည်ဆောက်ထားသည့် အဆောက်အဦးဖြစ်သည်။ ဘီစီ ၄၂၀ အချိန်က ဆောက်လုပ်ခဲ့ပြီး Ionic columns တိုင် ၄ လုံးပါရှိသည်။

The Parthenon

The Parthenon အမည်ရှိ အဆောက်အဦးအား Athena Parthenos (ဘုရင်မ) အား ရည်ရွယ်ပြီး ဘီစီ ၄၄၇ မှ Parthenon အဆောက်အဦး၏ မြောက်ဘက်တွင်တည်ရှိသည့် အဆောက်အဦးဖြစ်သည်။ အေသင်ဘုရင် Erechtheus မှ ဘီစီ ၄၂၀အချိန်က ဆောက်လုပ်ခဲ့ပြီး ဘီစီ ၄၀၅ အချိန်တွင် ပြီးစီးခဲ့သည်ဟု ဆိုသည်။ အလွန်လက်ရာမြောက်လှသည့် အမျိုးသမီးရုပ်ပုံများကို ထောက်တိုင်အဖြစ် ပြုလုပ်ထားသည်။



သမိုင်း


ရှေးခေတ်အချိန်က ဂရိတို့၏သမိုင်းနှင့် ကြီးကျယ်ခမ်းနားမှုများကို ယနေ့အေသင် Acropolis ဒေသရှိ ဂရိခေတ်အဆောက်အဦးများက ဖော်ပြနေသည်။ ဤဒေသသို့ ခရစ်ယာန်ဘာသာပျံ့နှံ့လာခဲ့ပြီး အချို့အဆောက်အဦးများသည် ခရစ်ယာန်ဘုရားကျောင်းများအဖြစ် ပြောင်းလဲလာခဲ့သည်။

Parthenon သည် အေဒီ ၄၂၆ တွင် ခရစ်ယာန်ဘုရားကျောင်း ဖြစ်ခဲ့သည်။ တစ်ဖန် အေဒီ ၆၂၂ တွင် Our Lady of Athens အမည်ရ ခရစ်ယာန်ဘုရားကျောင်းဖြစ်ခဲ့သည်။ အေဒီ ၁၄၅၈ ခုနှစ်တွင် ဤဒေသသည် အော်တိုမင်အင်ပါယာ၏ လက်အောက်သို့ ကျရောက်ခဲ့သည်။ ထိုအခါအချို့အဆောက်အဦးများသည် ဗလီများအဖြစ် ပြောင်းလဲလာခဲ့ပြန်သည်။









အေသင် Acropolis သည် စစ်စခန်းဖြစ်လာခဲ့သည်။ အေဒီ ၁၆၈၈ အချိန်တွင် စစ်ပွဲကြောင့် အဆောက်အဦးအများစုသည် ပျက်စီးခဲ့သည်ဟုဆိုသည်။ အေဒီ ၁၈၂၉ တွင် ဤဒေသသည် အော်တိုမင်အင်ပါယာလက်အောက်မှ လွတ်မြောက်လာခဲ့သည်။ ထိုချိန်မှစ၍ ဂရိများသည် အဆောက်အဦးများကို ရှေးခေတ်လက်ရာအတိုင်း တဖြည်းဖြည်းပြန်လည်ထိန်းသိမ်းခဲ့ကြသည်။

၂၀ ရာစုအရောက်တွင် ခရီးသွားများလာရောက်လည်ပတ်မှုများပြားလာခဲ့သော်လည်း ပြုပြင်မှုအားနည်းသဖြင့် ပြန်လည်ပျက်စီးလာခဲ့သည်။ ရှေးဟောင်းအမွေအနှစ်များစွာသည်လည်း ခိုးယူခြင်းခံခဲ့ရကာ ကမ္ဘာ့နေရာအနှံ့သို့ ရောက်ရှိသွားခဲ့သည်။ ဤဒေသ၏ ရှေးဟောင်းနယ်မြေများကို ပြန်လည်တည်ဆောက်သည့် စီမံကိန်းအား ၁၉၈၁ ခုနှစ်တွင် စတင်ခဲ့ပြီး ၂၀၀၄ နွေရာသီအေသင်အိုလံပစ်ပွဲအချိန်ရောက်မှ အဆုံးသတ်နိုင်ခဲ့သည်။

ယနေ့အချိန်တွင် အေသင် Acropolis သည် ကမ္ဘာ့သမိုင်းဝင် အမွေအနှစ် World Heritage Site နယ်မြေတစ်ခုဖြစ်လာခဲ့သည်။ ထို့အတူ ဂရိနိုင်ငံ၏ အဓိက ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်ရာ ကမ္ဘာ့ရှေးအကျဆုံး သမိုင်းဝင်နေရာတစ်ခုအဖြစ် တည်ရှိနေပြီဖြစ်သည်။ ။





ရဲမာန်ခ

Source;
1.Acropolis of Athens by wikipedia.com
2. Thuta zone.com



လွမ်းလောက်သူ တစ်ယောက်အကြောင်း

ကိုကိုလင်း(အမေ့အိမ်)



လူတိုင်း၏ဘဝမှာ အမြဲအောက်မေ့ သတိရစရာ လူပုဂ္ဂိုလ်တွေရှိကြပါလိမ့်မည်။ အထူးသဖြင့် မိမိဘဝ အတွက် တစ်စုံတစ်ရာ အကျိုးပြုနေသူတွေကို ပိုလို့လွမ်းဆွတ်သတိရမိကြပါလိမ့်မည်။ ဘယ်လိုပုဂ္ဂိုလ်တွေကို သတိရသလဲဆိုတာတော့ တစ်ဦးချင်းအပေါ် မူတည်နေမည်ဖြစ်ပါသည်။ ကိုယ့်ဘဝမှာ သတိရလွမ်းဆွတ် အောက်မေ့စရာ ဘယ်နှစ်ယောက်ရှိလဲဆိုတာကလည်း လူတစ်ဦးချင်းနှင့်သာ သက်ဆိုင်ပါလိမ့်မည်။ ဘာပဲ ပြောပြော လွမ်းလောက်စရာကောင်းသော၊ မိမိအပေါ် ကျေးဇူးရှိခဲ့ဖူးသောသူတွေကိုလွမ်းဆွတ်သတိရခြင်း သည် ကောင်းမြတ်သော ယဉ်ကျေးမှုသင်္ကေတတစ်ခုပင် ဖြစ်ပါသည်။

ကျွန်တော့်ဘဝကို ရှေ့တန်းရောက်အောင် ပံ့ပိုးပေးခဲ့သူတွေအကြောင်းပြောလျှင် ဆုံးမည်မထင်ပါ။ ဒဏ်ရာဒဏ်ချက် များပြားလှသောဘဝတစ်ခုကို ခိုင်ခိုင်မတ်မတ် ရပ်တည်နိုင်အောင် ကျွန်တော်ကြိုးစား ခဲ့ရသဖြင့် ကျွန်တော့်အပေါ် ကျေးဇူးပြုသူတွေက အင်မတန်ကိုပဲ များပြားလွန်းလှပါ၏။ လောကအလယ် ကိုယ်တိုင်မရပ်တည်နိုင်မီ လာရောက်ကမ်းလှမ်းလာကြသော လက်များ၏ကျေးဇူးကို မေ့၍မရပါ။ ထိုလက်ပိုင်ရှင်များကို သတိရအောက်မေ့မိပါ၏။

ထိုလက်များကြောင့်ပင် ကျွန်တော်တို့ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်လာနိုင်ခြင်းပဲ မဟုတ်လား။ ထိုလက်များနှင့် ကင်းခဲ့သူ ဤကမ္ဘာလောကၤ၌ ရှိနိုင်မည်ဟု ကျွန်တော် မထင်ပါ။ ထိုလက်များကို မေ့သွားသူသာ ရှိပါလိမ့်မည်။

ကျွန်တော့်ဘဝကို အရောင်တင်ပေးခဲ့သူတစ်ယောက်အကြောင်းကို အမြဲသတိရနေမိပါ၏။ နေ့စဉ် အလုပ်ခွင်ထဲ၌ စိတ်တိုင်းမကျစရာများနှင့် ကြုံတွေ့ရတိုင်း သူ့ကို ပို၍သတိရမိပါသည်။ လူတစ်ယောက်၏ တန်ဖိုးကို ထိုလူမရှိမှ သတိရတတ်ကြသည်ဟု ဆိုကြ၏။ နီးလွန်း၍ မမြင်တတ်ခြင်း ဖြစ်ပေမည်။ ကျွန်တော်သည်လည်း ထိုကဲ့သို့သော လူတစ်ယောက်ဖြစ်မည်ဟု ထင်၏။ ထိုင်ခုံကို ဖက်တွယ်ကာ အမှန်တရားကို မျက်ကွယ်နေတတ်သူ၊ တပည့်တို့အကျိုးထက် မိမိ၏နေရာအတွက်သာ ကြည့်တတ်သူတွေကိုတွေ့တိုင်း သူ့ကို ကျွန်တော် ပို၍သတိရအောက်မေ့နေမိပါသည်။

(၂)

သူသည် လူမှန်းများသောဇာတ်လိုက်မင်းသားတစ်ဦးဖြစ်သည်ဟု ကျွန်တော်တို့ တပည့်တွေက မှတ်ယူမိကြသည်။ သူသည်



လက်ညှိုးထောင် ခေါင်းညိတ်တတ်သူတို့အလယ်
လက်ညှိုးမထောင် ခေါင်းမညိတ်တတ်သူသည် ကွဲပြားနေနိုင်သည်။
ခေါင်းညိတ်ခြင်းတို့ အလေ့အကျင့်ဖြစ်နေခဲ့သော ကျွန်တော်တို့လူ့ဘောင်၌
ခေါင်းခါခြင်း၏ နောက်ဆက်တွဲများကမူ ခါးသီးလွန်းလှ၏။

ထက်၏။ သူ့မှာ အမှန်တရားကိုမြတ်နိုးသော နှလုံးသားတစ်စုံရှိ၏။ ထိုနှလုံးသား၏ စေ့ဆော်မှုကြောင့်ပင် အစည်းအဝေးများတွင် အမှန်တရားဟု ယုံကြည်သည့်အရာတို့ကို သူ မပျက်မကွက်တင်ပြတတ်၏။ ထိုသို့ ဝေဖန်ထောက်ပြတတ်လွန်းသဖြင့် အမှန်တရားကို ကျောခိုင်းသူလူကြီးတချို့က သူ့ကို နာမည်ဆိုးစာရင်းထဲထည့်လိုက်ကြ၏။ မည်သူတွေက မည်သို့ပင်ဆိုစေ သူ၏အမှန်တရားအတွက် တာဝန်ကျမှု၊ ပညာရှင်ပီသစွာ ရပ်တည်နိုင်မှုအပေါ် ကျွန်တော် လေးစားကြည်ညိုမိပါ၏။

လက်ညှိုးထောင်ခေါင်းညိတ်တတ်သူတို့အလယ် လက်ညှိုးမထောင် ခေါင်းမညိတ်တတ်သူသည် ကွဲပြားနေနိုင်သည်။ ခေါင်းညိတ်ခြင်းတို့ အလေ့အကျင့်ဖြစ်နေခဲ့သော ကျွန်တော်တို့လူ့ဘောင်၌ ခေါင်းခါခြင်း၏ နောက်ဆက်တွဲများကမူ ခါးသီးလွန်းလှ၏။ အမျက်တော်အရှခံရကာ နေရာမရခြင်းက ထိပ်ဆုံးစာမျက်နှာ၏ ပထမဆုံးဝါကျ ဖြစ်မည်ထင်၏။ ထို့နောက်တွင် နေရာပျောက်ခြင်းကလည်း ထက်ကြပ်မကွာ ကပ်ပါလာတတ်၏။ ထို့ကြောင့် ခေါင်းညိတ်တတ်အောင် လေ့ကျင့်တတ်လာကြပြီး ခေါင်းခါတတ်အောင် လေ့ကျင့်ဖို့ ယုတ်လျော့လာခဲ့ကြ၏။ ခေါင်းခါခြင်းယဉ်ကျေးမှုမထွန်းကားသော လူ့ဘောင်၌ အမြဲအမှောင်တို့က ကြီးစိုးခြယ်လှယ်နေမည်သာဖြစ်၏။ အမှန်တရားအတွက် တာဝန်ကျခဲ့ကြသည့် ခေါင်းလေ့ကျင့်ခန်းပြောင်းခဲ့သူများ၊ ပြောင်းနေသူများကို ကျွန်တော်လေးစားမိပါ၏။ အတုယူမိပါ၏။

သူ့အကြောင်းကို ဆက်ပြောပါရစေ။ သူ့ကို ဆရာစိုးဟု တပည့်အပေါင်းက ချစ်စနိုးဖြင့် ခေါ်လေ့ရှိကြ၏။ သူက ဌာနတစ်ခု၏ ပါမောက္ခ၊ ဌာနမှူးတစ်ဦးလည်း ဖြစ်၏။ ထို့ကြောင့် ဌာန၏ပညာရပ်အရေးအရာမှန်သမျှကို သူစီမံခန့်ခွဲရ၏။ သူ ဆုံးဖြတ်ရ၏။ ပညာရပ်တိုးတက်ရေး၊ ဌာနတွင်း ငြိမ်းချမ်းရေးကို အမြဲရှေးရှုတတ်သောသူနှင့် တော့တော့ဆိုင်ဆိုင်ဆုံခဲ့ရဖူးပါသည်။ ထိုတွေ့ဆုံမှုလေးကပင် ဤစာရေးဖို့ ရေသောက်မြစ်လည်း ဖြစ်၏။

ကြာတော့ကြာခဲ့ပါပြီ။ သို့သော် မမေ့။ ထိုဖြစ်ရပ်လေးက ကျွန်တော့်ဘဝကို တစ်ဆစ်ချိုးပြောင်းလဲစေခဲ့သလို ဘဝခံယူချက်၊ ရပ်တည်ချက်နှင့် ပတ်သက်၍ အသိသစ်တစ်ခုလည်းတိုးပွားစေခဲ့၏။ ပြန်တွေးမိတိုင်း သူ့ကျေးဇူးတရားနှင့် သူ၏ကျောင်းဆရာပညာရှင်ပီသသည့် နှလုံးသားတစ်စုံကို ကျွန်တော် ဦးညွတ်နေမိ၏။

လွန်ခဲ့သော လေးနှစ်လောက်ကပေါ့။ နှစ်ကာလကြာခဲ့ပေမယ့် ဆရာနှင့်ကျွန်တော်တို့၏ စာသင်ခန်းထဲက အားပြိုင်မှုလေးကို ဘယ်တော့မှမမေ့ပါ။ မေ့၍လည်းမရပါ။ ပြန်တွေးတိုင်းလည်း ကြည်နူးစိတ်နှင့်အတူ ဆရာ့ကို လေးစားဦးညွတ်မိပါသည်။ ထို့ပြင်



ဘဝနေနည်းကို လမ်းညွှန်ပြသပေးနေသည်ဟု ခံယူကာ မိမိဘဝကိုလည်း ထိုသို့သောနှလုံးသားဖြင့်ဖြတ်သန်းသွားဖို့ အမြဲသတိပေးမိ၏။ ဟော–အဖြစ်အပျက်လေးက ကျွန်တော့်စိတ်ကြေးမုံပြင်၌ တဖြည်းဖြည်းကြည်လင်ပြတ်သားလာခဲ့ပါပြီ။

ကျွန်တော် မဟာပညာရေး ဒုတိယနှစ် ကျောင်းသားဘဝကဖြစ်၏။ ဆရာက ကျွန်တော်တို့ဌာန၏ဌာနမှူး သူ့ဆုံးဖြတ်ချက်က အရေးပါလွန်းလှ၏။ ပထမနှစ် စာတွေ့ပြီးသည်နှင့် ဒုတိယနှစ်တွင် ကျမ်းတင်သွင်းရ၏။ ထို့အတွက် ကျွန်တော်တို့ မေးခွန်းရဖို့ ဖြစ်လာ၏။ သင်ပြနည်းနှင့်ပတ်သက်၍ ကျွန်တော်သည် မြန်မာစာသင်ပြနည်းကိုသာ ကျမ်းရေးလို၏။ ပညာရေးဘွဲ့ကိုလည်း မြန်မာစာအထူးပြုယူခဲ့သောကျွန်တော်သည် မဟာပညာရေးကျမ်းကိုလည်း မြန်မာစာဖြင့်သာ ရေးသားတင်သွင်းလို၏။ မြန်မာ့လူမှုအဝန်းအဝိုင်းတွင် မိခင်မြန်မာစာသည် မျက်နှာငယ်နေရချိန်၊ မြန်မာစာကို မေးခွန်းယူသူတို့ အင်မတန်ရှားပါးနေချိန်မှာ ကျွန်တော်သည် မြန်မာစာကိုရွေးချယ်ခဲ့၏။ စာပေဖတ်ရှုကာ ရေးသားစပြုလာသည့် နောက်ပိုင်းတွင် မြန်မာစာအပေါ် တွယ်ငြိခဲ့သော သံယောဇဉ်ကြိုးက ပို၍ခိုင်မာလာခဲ့သည်။ ထို့ကြောင့် ကျွန်တော် မြန်မာစာဖြင့်သာ မဟာဘွဲ့အတွက် ကျမ်းရေးရမည်ဟု ဆုံးဖြတ်ထားမိသည်။

''သက်ကိုထွေး မြန်မာစာမယူနဲ့ကွာ၊ တခြားဘာသာရပ်တစ်ခုခုကိုပြောင်းကွာ''

စာသင်ခန်းအတွင်း ခွဲနေလေပြီ။ အားလုံးလိုလိုက အဆင်ပြေကြပေမယ့် ကျွန်တော် တစ်ယောက်သာ အဆင်မပြေဖြစ်နေ၏။ မြန်မာစာကျမ်းကိုကြိုးကြပ်ပေးမည့် ဆရာသည် သူ၏ပါရဂူကျမ်းအတွက် မအားလပ်နိုင်အောင်ရှိနေသဖြင့် ဆရာက ကျွန်တော့်ကို မေးခွန်းပြောင်းခိုင်းနေခြင်းဖြစ်၏။ ကျွန်တော် ဆရာ့ကို ခေါင်းခါပြလိုက်မိသည်။ ဆရာထပ်ပြော၏။ ကျွန်တော် နှုတ်ဆိတ်နေလိုက်သည်။ ဆရာ ခဏကြာမှ အသံတိတ်သွား၏။ တွေဝေသွားသည်လား။ မဟုတ်။ စဉ်းစားချင့်ချိန်နေခြင်းဖြစ်ကြောင်း သူ၏နောက်ဆက်တွဲစကားတို့က သက်သေတည်နေ၏။

''ဒါဆို ဒီလိုလုပ်ကွာ၊ ဘာသာစကားတစ်အုပ်စု၊ သခ်ၤာတစ်အုပ်စု၊ သိပ္ပံတစ်အုပ်စုခွဲလိုက်မယ်၊ မြန်မာစာ၊ အင်္ဂလိပ်စာသမားတွေက ဘာသာစကားအုပ်စုထဲ ပါသွားမယ်''

ဆရာ၏ ထိုဆုံးဖြတ်ချက်ကြောင့် ကျွန်တော် မြန်မာစာဖြင့် ကျမ်းပြုစုခွင့်ရရှိခဲ့၏။ ယနေ့အချိန်အထိ စာပေလေ့လာမှု၊ ရေးသားမှုများသည် ဆရာ၏ ထိုဆုံးဖြတ်ချက်ကြောင့်ဖြစ်တည်လာခြင်းဟု ဆိုနိုင်ပါသည်။ အကယ်၍ ကျွန်တော်သာ မိမိမချစ်မနှစ်သက်သည့်တခြားဘာသာရပ်တစ်ခုခုကို ကျမ်းရေးရမည်ဆိုလျှင် ကျွန်တော်သည် ကျွန်တော်ချစ်မြတ်နိုးသည့်စာပေနှင့် တစ်စုံတစ်ရာအတိုင်းအတာအထိ ကင်းကွာသွား



မည်ထင်၏။ ဟိုမရောက်ဒီမရောက်ဖြင့် မျောက်သစ်ကိုင်းလွတ်သည့်ဘဝကို ရောက်သွားမှာသေချာ၏။ ဆရာ့ကို ပို၍ ကျေးဇူးတင်နေမိသည်ကား တပည့်တို့၏အကျိုးကို ရှေးရှုပေးတတ်ခြင်းဖြစ်၏။ ဌာနဒ္ဒ ဆရာအခက်အခဲဖြစ်နေသည့်ကြားက ကျွန်တော့်ကို မိမိချစ်သည့်သူနှင့်မကွေကွင်းအောင် စီမံဆောင်ရွက်ပေးခဲ့ခြင်းကို ကျွန်တော့်တစ်သက် မမေ့နိုင်ပါ။ မြန်မာစာမျိုးဆက်ပြတ်မည့်အရေးကို အလေးထားခဲ့ပြီး ပြတ်သားစွာ ဆောင်ရွက်ပေးခဲ့ခြင်းအပေါ် ကျွန်တော် လေးစား၍မဆုံးပါ။

ခုနေအခါ ကျွန်တော်ပြန်တွေးမိပါသည်။ အကယ်၍ ဆရာသာ ကျွန်တော့်ကို မြန်မာစာမပေးခဲ့ရင် ကျွန်တော် ဘာလုပ်မလဲဆိုသည့်အမေးပဲဖြစ်ပါသည်။ ကျွန်တော် ဖျာလိပ်၍ သေတ္တာမကာ ရန်ကုန်မြေမှ စွန့်ခွာသွားမိမည်ထင်၏။ ခေါင်းမာတာလား၊ ယုံကြည်ချက်ပြတ်သားတာလား ကျွန်တော် မပြောပြတတ်ပါ။ ကြုံက်သလို တံဆိပ်ကပ်နိုင်ပါသည်။ ထိုအကြောင်းကို ပြန်တွေးတိုင်း မြန်မာစာသင်ကြားရေးအတွက် ကျွန်တော့်မှာ တာဝန်တွေပို့ရှိလာပြီဟု ခံယူမိလာ၏။ တစ်ဖန် ကျွန်တော်သည် ဆရာ့နေရာရလာခဲ့ပြီး ကျွန်တော့်လို တပည့်မျိုးနှင့်တွေ့ဆုံရသည့်အခါ ဘယ်လိုဆုံးဖြတ်သွားရမလဲဆိုတာ ကြုံတင်ပြင်ဆင်မိလာ၏။ ထို့အတူ မိမိ၏နေရာတည်မြဲရေးလောက်ကိုသာအလေးထားတတ်ပြီး တပည့်တွေအရေး၊ လုပ်ဖော်ကိုင်ဖက်တွေအရေးကို လျစ်လျူရှုတတ်သောအကြီးအကဲများကိုမြင်တွေ့ရလေတိုင်း ကျွန်တော် သူ့ကိုပိုလွမ်းဆွတ်မိတာ အမှန်ပင် ဖြစ်၏။

(၃)

သူ့အကြောင်းပြန်တွေးမိတိုင်း နှလုံးသားမှာ နွေးထွေးသွားရသည့်ဖြစ်ရပ်လေးတစ်ခုလည်းရှိသေး၏။ တစ်ခါက မဟာပညာရေးသင်တန်း ပထမနှစ် သင်တန်းသူတစ်ယောက်ကို သူတာဝန်ကျသည့်ကျောင်းမှ ကျောင်းအုပ်က ကျောင်းတက်ဖို့ ခွင့်မပြုသည့်အတွက် ထိုကျောင်းသူမှာ ရယ်ရမလို၊ ငိုရမလိုဖြစ်နေ၏။ ကြံရာမရသည့်အဆုံး ဆရာ့ဆီ အကျိုးအကြောင်းပြောပြကြ၏။ ဆရာသည် ချက်ချင်းပင် ထိုကျောင်းအုပ်ထံ



အမှန်တရားကိုကိုးကွယ်သည့်အတွက် ဆရာသည် ချောင်ထိုးခြင်းခံလိုက်ရ၏။ တက်လမ်းတို့ ပိတ်သွား၏။ သူ့ထက် ပညာနိမ့်ပါးသူ၊ လုပ်သက်ငယ်သူတို့ပင် သူ့ကို ကျော်တက်သွားကြ၏။ အမှန်တရားမျက်နှာကြည့်သူနှင့် လူကြိုးမျက်နှာကြည့်သူတို့၏ ရလဒ်ခြင်းကား ကွာခြားလှပေ၏။

ဖုန်းဆက်ပေး၏။ နိုင်ငံတော်က တရားဝင်ဖွင့်ထားသည့်သင်တန်းကို ခွင့်မပြုသည့် ကျောင်းအုပ်ကို ဆရာဒေါသထွက်သွား၏။ နောက်ဆုံးတွင် ထိုကျောင်းအုပ်ကို အရေးယူမည်ဟုပြောလိုက်ရာ ထိုကိစ္စပြေလည်သွားရ၏။ ထိုသို့သော ကျောင်းသား၊ ကျောင်းသူတို့၏ အရေးကိစ္စတွေမှာလည်း အကြီးအကဲပီသစွာ ဒိုင်ခံဖြေရှင်းတတ်သည်မှာ သူ့ကိုကျွန်တော်လွမ်းမိသောအကြောင်း တစ်ရပ်လည်း ဖြစ်ပါသည်။

ဆရာသည် ပညာရဲရင့်၏။ ထက်မြက်၏။ သွက်လက်၏။ ဌာနရှိဆရာ၊ ဆရာမများနှင့် ကျွန်တော်တို့ကိုလည်း ထက်စေချင်၊ မြက်စေချင်၏။ ထို့ကြောင့် ဖတ်စရာစာအုပ်များကိုအမြဲညွှန်းတတ်၏။ အကြောင်းတိုက်ဆိုင်၍ သူစာမေး၍ ကျွန်တော်တို့မဖြေနိုင်လျှင် ဆရာသည် ပြစ်ပြစ်နှစ်နှစ် ဆူလေတော့သည်။ အားမနာတတ်ပေ။ ပညာနှင့်ပတ်သက်လျှင် သူသည် အလျှော့မပေးတတ်ပေ။ ကျွန်တော်သည် သူ၏ပညာဉာဏ်မြင့်မားမှုကို အထင်ကြီးပါ၏။ သို့သော် ပညာရပ်အစည်းအဝေးများ၌ မိမိယုံကြည်ချက်၊ မိမိပညာရပ်နှင့်ပတ်သက်၍ ရဲရဲဝံ့ဝံ့ထုတ်ဖော်တတ်ခြင်းကိုမူ ကျွန်တော် ပို၍လေးစားကြည်ညိုမိပါသည်။ ထိုသို့ပြောဆိုခြင်းတို့ကြောင့် သူသည် ရာထူးတိုးနှင့် လမ်းခွဲလိုက်ရရှာသည်မဟုတ်လား။

(၄)

အမှန်တရားကိုကိုးကွယ်သည့်အတွက် ဆရာသည် ချောင်ထိုးခြင်းခံလိုက်ရ၏။ တက်လမ်းတို့ ပိတ်သွား၏။ သူ့ထက် ပညာနိမ့်ပါးသူ၊ လုပ်သက်ငယ်သူတို့ပင် သူ့ကို ကျော်တက်သွားကြ၏။ အမှန်တရားမျက်နှာကြည့်သူနှင့် လူကြိုးမျက်နှာကြည့်သူတို့၏ ရလဒ်ခြင်းကား ကွာခြားလှပေ၏။ မည်သို့ကွာနေပါစေ၊ ဆရာသည် အမှန်တရားမျက်နှာကိုသာ အမြဲကြည့်နေလိမ့်မည်ဟု ကျွန်တော့်အသွေးအသားထဲက ယုံကြည်မိသည်။ သူ့လိုပညာ၊ သူ့လိုသတ္တိ၊ သူ့လို စေတနာတို့ထားရှိနိုင်အောင် ကျွန်တော် အတော်ကြီးလေ့ကျင့်ပျိုးထောင်ရပေဦးမည်ဖြစ်၏။

ကျွန်တော်တို့၏ဘဝမှာ လွမ်းလောက်စရာကောင်းသောသူတွေနှင့် မလွဲမသွေကြုံရတတ်ပါသည်။ လွမ်းလောက်စရာကောင်းသူ၊ လွမ်းချင်စရာကောင်းသူတွေများပြားစွာ ပိုင်ဆိုင်ထားသောဘဝသည် အင်မတန်ကြည်နူးလွမ်းဆွတ်စရာကောင်းနေမည်ဖြစ်၏။ ကျွန်တော်တို့အနေဖြင့်လည်း ဘယ်သူက လွမ်းလောက်၍ ဘယ်သူက မလွမ်းလောက်ဘူးဆိုတာကိုတော့ခွဲခြားတတ်ဖို့ လိုပါလိမ့်မည်။ ထို့အတူ လွမ်းလောက်စရာကောင်းသူတွေကိုလည်း ကျွန်တော်တို့သည် မမေ့မလျော့လွမ်းဆွတ်နေမိဖို့တော့လိုပါသည်။ အရေးကြီးဆုံးမှာ ကျွန်တော်တို့ကိုယ်တိုင်လည်း တစ်ပါးသူတို့က လွမ်းလောက်စရာကောင်းသော၊ လွမ်းချင်စရာကောင်းသောသူတွေဖြစ်ဖို့ ကြိုးစားကြရမည်လည်းဖြစ်ပါသည်။ ။

(ဆရာကြီးဒေါက်တာစိုးသန်း (ပါမောက္ခ–ငြိမ်း)သို့အမှတ်တရ)

ကိုကိုလင်း(အမေ့အိမ်)

ရေနံဖြေ
စိတ်ရောဂါသည်ကြောင့် မေတ္တစိတ်ဓာတ်ကို အဓိပ္ပာယ်ဆုံးရှုံး



စိုးအောင့် မေတ္တာကို လက်ခံခဲ့ပြီးနောက် သုံးလအကြာတွင် သူဆီမှ အံ့သြဖွယ်ရာစကားများကို ကြည်ပြာ ကြားရသည်။

ထိုနေ့က ကြည်ပြာတို့ ကျူရှင်မတက်ဖြစ်ကြ။ သို့ရာတွင် အိမ်ကတော့ ကျူရှင်သွားမည်ဆိုပြီး ထွက်ခဲ့သည်။ လွယ်အိတ်ကို လွယ်သည်။ မုန့်ဖိုးကို အမေ့ဆီက တောင်းသည်။ ပြီးလျှင် မြို့ထဲကို တစ်ကျပ်ကားစီးပြီး လာခဲ့သည်။

သူနေသည်က မြို့သစ်တစ်ခုမှာဖြစ်သည်။ စိုးအောင်နှင့် ချိန်းဆိုထားသော ဇန္ဓာလပန်းခြံထဲသို့ ကြည်ပြာဝင်လိုက်သည်။ စိုးအောင်စောင့်နေမည်ကို ကြည်ပြာအတပ်သိသည်။ မနေ့ နေ့လယ်က သူနှင့် ချိန်းဆိုထားခဲ့ပြီးပြီ မဟုတ်လား။

ကြည်ပြာသည် ပန်းခြံထဲသို့မဝင်မီ ဘေးဘီကို တစ်ချက်အကဲခတ်သလို လှမ်းကြည့်လိုက်၏။ ပန်းခြံထဲသို့ ဝင်ရမည်ကို ကြည်ပြာ မဝံ့မရဲဖြစ်နေမိသည်။ အိမ်က တစ်ယောက်ယောက်နှင့်များ တွေ့သွားမည်လား။ သို့မဟုတ် အသိတစ်ယောက်ယောက်နှင့်များ သွားတိုးနေမည်လား။

သို့နှင့် ပန်းခြံထဲသို့ ကြည်ပြာဝင်လိုက်သည်။ အခန့်သင့်ပင် ခရေပင်ရိပ်ရှိ ခုံတန်းဖြူလေးတွင် စိုးအောင်ကို လှမ်းတွေ့လိုက်ရ၏။

သူကို စိုးအောင်မြင်တော့ ထပြီး လျှောက်လာသည်။ နှစ်ဦးစလုံး ရင်ထဲတွင် ချမ်းမြေ့သွားကြသည်။

ကြည့်စမ်းပါ။ ပန်းခြံထဲတွင် လန်းဆန်းဆန်းပွင့်နေသော ပန်းပွင့်ကလေးများနှယ် သူတို့မျက်နှာများက လန်းဆန်းသွားကြသည်။

စိုးအောင်နှင့် ကြည်ပြာတို့နှစ်ဦးစလုံး ၁၀ တန်းကို တစ်နှစ်ရှုံးထားပြီးသူများ ဖြစ်ကြသည်။ သူတို့နှစ်ဦးမှာ မြို့လယ်ရှိ ကျူရှင်တစ်ခုကို တက်ရင်းမှ ရင်းနှီးသွားကြခြင်း ဖြစ်သည်။

ခုတော့ မခွဲနိုင်၊ မခွာနိုင် ဖြစ်ကြရပြီ။ ကျူရှင်ကို သိပ်စိတ်မဝင်စားချင်ကြတော့။

ခရေပင်ရိပ်ရှိ ခုံတန်းဖြူလေးတွင် နှစ်ဦးသား ဝင်ထိုင်လိုက်ကြသည်။

ကြည်ပြာတို့ရွေ့တွင် ကြည်ညိုဖွယ် ဆူးလေစေတီတော်နှင့် မြို့ကျက်သရေဆောင် မြို့တော်ခန်းမကို တွေ့ရ၏။ လက်ဝဲဘက်တွင်တော့ လွတ်လပ်ရေးကျောက်တိုင်ကြီးသည် မိုးသို့ထိုးထွက်ကာ လွတ်လပ်ခြင်း၏အဓိပ္ပာယ်ကိုဆောင်၍ တည်ငြိမ်ခိုင်မတ်စွာရှိသည်။

နှစ်ဦးသား တစ်ဦးကိုတစ်ဦးကြည့်ပြီး ကြည်နူးနေကြ၏။ စိုးအောင်က ကြည်ပြာ၏ ပျော့ပျောင်းသော လက်ချောင်းကလေးများကို ဆုပ်နယ်ကာ ကိုင်လိုက်သည်။

ကြည်ပြာ့ရင်ထဲတွင် လှိုက်ဖိုတုန်ရင်သွားလေသည်။ ထိုအချိန်တွင် လေပြေတစ်ချက်ဖွေလိုက်သောကြောင့်ဆည်းလည်းသံလွင်လွင်ကို နားဝင်ချိုစွာ ကြားရသည်။

''က...ကိုအောင်၊ ဒီမှာအကြာကြီးထိုင်နေလို့ မကောင်းဘူး၊ သိလား''

''အို...ကြည်ပြာကလဲ၊ ဘာဖြစ်သလဲ၊ ကိုယ့်ချစ်သူနဲ့ကိုယ် ထိုင်နေတဲ့ဥစ္စာပဲ၊ ဘယ်သူ မြင်မြင်ပေါ့''

''ကိုအောင်ကလည်း ခက်လိုက်တာနော်''

ကြည်ပြာက တိုးညင်းစွာပြောလိုက်သည်။ စိုးအောင်က တစ်ချက်ပြုံးလိုက်ပြီး ကြည်ပြာ့မျက်နှာကို စေ့စေ့ကြည့်ကာ ပြောလိုက်၏။

''ဒီမှာကြည်ပြာ၊ ကြည်ပြာ့ကို ကိုအောင် ပြောစရာရှိလို့ မနေ့ကချိန်းလိုက်တာ''

''ဘာပြောမလဲ၊ အမြန်ပြော''

''ကိုအောင် ကြည်ပြာနဲ့ မခွဲနိုင်တော့ဘူးကွယ်''

''အို...ကိုအောင်ကလဲကွယ်''

''မအို့နဲ့ ကြည်ပြာ၊ ကိုအောင့်ကို ကြည်ပြာချစ်ရင် ကိုအောင့်နောက်ကို လိုက်ခဲ့ရမယ်''

''ရှင်...''

ကြည်ပြာ အလန့်တကြား ရေရွတ်လိုက်မိသည်။ သူမျက်လုံးအစုံက စိုးအောင်ဆီသို့ ရူးစိုက်ကြည့်နေမိလျက်သား ဖြစ်သွားသည်။

''မရှင်နဲ့ ကြည်ပြာ၊ ကြည်ပြာ့ကို ကိုအောင် ဒီနေ့ခိုးပြေးဖို့ ဆုံးဖြတ်ထားတယ် သိလား''

''ကိုအောင်ကလဲ နောက်နေပြန်ပြီ''

''နောက်နေတာမဟုတ်ဘူး ကြည်ပြာ၊ တကယ်ပြောနေတာ၊ ထ–သွားမယ်''

စိုးအောင်က အတည်ပေါက်ပြောလိုက်သောအခါ ကြည်ပြာ မဝံ့တဝံ့နှင့် ဝေခွဲမရနိုင် ဖြစ်သွားသည်။

ခက်ပြီ။ ကြည်ပြာ ဘာလုပ်ရပါ့မလဲ။ သို့သော် ကြည်ပြာ ကြာကြာမစဉ်းစားလိုက်ရပါဘူး။

ချစ်သူမောင် စိုးအောင်က သူ့လက်ကို ဆွဲပြီး ပန်းခြံထဲမှ အပြင်ဘက်သို့ဆွဲကာ ခေါ်လာခဲ့သည်။

သည်လိုတော့လည်း ချစ်သူနောက်က တစ်ဖဝါးမှမကွာ ဆင်မယဉ်သာ လိုက်ပါရ



"မရှင်နဲ့ ကြည်ပြာ၊ ကြည်ပြာ့ကို ကိုအောင် ဒီနေ့ခိုးပြေးဖို့ ဆုံးဖြတ်ထားတယ် သိလား"

စမြဲ မဟုတ်ပါလား။

သို့သော် ကြည်ပြာ့ရင်ထဲတွင်တော့ တထိတ်ထိတ်နှင့် ရင်တုန်ပန်းတုန်နှင့်ပါကလား။

✦ ✦ ✦ ✦ ✦ ✦

တိုက်ပျက်ကြီးတစ်လုံးအတွင်းတွင် ဆောက်ထားသော တဲများအတွင်းသို့ ဝင်လိုက်သည်။ ထိုတိုက်ပျက်အတွင်းတွင် တစ်ဘက်ယပ် ထိုးထားသော တဲငယ်သုံးလေးလုံးကို ပြွတ်ကျပ်စွာတွေ့ရ၏။

မြို့အနောက်ပိုင်းရှိ အစွန်ခပ်ကျကျ လမ်းကျဉ်းတစ်ခုထဲသို့ သူတို့နှစ်ယောက် ရောက်ရှိလာခဲ့ကြသည်။

မကြာမီတိုက်ပျက်ကြီးတစ်လုံးအတွင်းတွင် ဆောက်ထားသော တဲများအတွင်းသို့ ဝင်လိုက်သည်။ ထိုတိုက်ပျက်အတွင်းတွင် တစ်ဘက်ယပ် ထိုးထားသော တဲငယ်သုံးလေးလုံးကို ပြွတ်ကျပ်စွာတွေ့ရ၏။

''ကိုအောင် ဘယ်ကိုသွားမလို့လဲဟင်''

''ကိုအောင့် မိတ်ဆွေအိမ်ပါ။ ဘာမှအားနာစရာမရှိပါဘူး''

ကြည်ပြာ့အမေးကို စိုးအောင်က ပြန်ဖြေလိုက်သည်။

သူတို့နှစ်ယောက်သည် မခိုင်တခိုင် ဆောက်ထားသော တဲငယ်ပေါ်ရှိ ကျိုးတိုးကျဲတဲခင်းထားသော ဝါးကြမ်းပေါ်သို့ လှမ်းတက်လိုက်သည်။

တဲထဲသို့ ဝင်လိုက်သည်နှင့် မွန်းကျပ်ပိတ်လောင်သော ဆိုးဆိုးရွားရွားအနံ့အသက်များက ကြည်ပြာ့ကို ဆီးကြိုလိုက်သည်။

ကြည်ပြာ နှာခေါင်းတစ်ချက် ရှုံ့လိုက်လေသည်။ ပြီးမှ သူခါးကြားမှ လက်ကိုင်ပဝါနှင့် သူနှာခေါင်းကို အုပ်ထားလိုက်သည်။



အနံ့အသက် စူးရှရုံတင်မက တဲအတွင်းပိတ်လောင်နေသောကြောင့်လည်းကြည်ပြာ ချွေးပြန်နေရပြီ။

စိုးအောင်ကလည်း အကင်းပါးလှသည်။ ကြည်ပြာ ကွာရှေ့ပျက်နေသည်ကို စောစောကတည်းကပင် ရိပ်မိသည်။ ထို အချိန်မျိုးတွင်တော့ စိုးအောင်တို့က လျင်သည်။ တည်ငြိမ်စွာနှင့် နေတတ်လေသည်။

''ထိုင်လေ ကြည်ပြာ''

စိုးအောင်က ကြည်ပြာ့လက်ကလေးကိုဆွဲပြီး ထိုင်ခိုင်းလိုက်သည်။

ကြည်ပြာမှာ မရွံ့တရွံ့နှင့် ဖြစ်နေသည်မို့ ထိုင်ဖို့ ခပ်ခက်ခက်ဖြစ်နေသည်။ သို့သော် မိမိချစ်သူတစ်ယောက်လုံး အနားတွင် ရှိနေသောအခါ စိတ်ကိုတင်းပြီး ကြည်ပြာ ထိုင်လိုက်သည်။

''ထိုင်ပါကွယ်၊ ကြည်ပြာ့ကြည့်ရတာ ကြောက်နေသလိုပဲ၊ ကိုအောင်တစ်ယောက်လုံး အနားမှာရှိပါတယ်''

''ဟာ...ကိုအောင်ကလဲ၊ ကြည်ပြာဒီအထဲမှာ အကြောကြီးမထိုင်ချင်ဘူး၊ အပြင်ဘက်ကိုသွားမယ်''

ကြည်ပြာက စိုးအောင်ကို ပြောလိုက်လေသည်။

''အို...ကြည်ပြာကလဲ၊ လုပ်ပြီ။ ဒီမှာ ခဏတော့နေရအုံးမှာပေါ့၊ နောက်မှ ကြည်ပြာ့ကို ကိုအောင့်အိမ်ခေါ်သွားမယ်၊ သုံးလေးရက်လောက်ဆိုရင် အိမ်က လိုက်ရှာနေပြီပေါ့–ဟင်း...ဟင်း''

''အို...ဒီအထဲမှာတော့ ကြည်ပြာကြာကြာနေလို့မရဘူး၊ ခုခဏလေး ထိုင်ရတာတောင် စိတ်ထဲတစ်မျိုးကြီးပဲ၊ မသန့်ဘူး၊ ကြောက်တယ်''

သူတို့နှစ်ယောက်အချီအချစကားပြောနေစဉ် တဲထဲသို့ ရှစ်နှစ်ကျော်အရွယ်ရှိ မိန်းကလေးတစ်ယောက် အကြော်ဗန်းကိုပိုက်ပြီး ဝင်လာသည်ကိုတွေ့ရ၏။

''ဟင်...အိမ်ထဲမှာ ဘယ်သူတွေပါလိမ့်၊ အစ်ကို ကျောင်းကပြန်လာပြီလား၊ သူက ဘယ်သူတုံး၊ အစ်ကို့အသိလား''

မိန်းကလေးက အကြော်ဗန်းကိုချပြီး သောက်ရေအိုးစင်မှ ရေတစ်ခွက်ကို ခပ်သောက်ရင်း မေးသည်။ သောက်ပြီးတော့လည်း မရပ်သေး၊ ဆက်ပြောနေသည်။

''အစ်ကို...အမေက မှာခဲ့တယ်၊ ကျောင်းကပြန်လာရင် ပြည်သူဆိုင်က ဆန်တစ်ပြည် သွားထုတ်ထားတဲ့၊ ပိုက်ဆံပေးခဲ့တယ်၊ ပိုက်ဆံ ကွမ်းအစ်ထဲမှာနော်၊ ညီမ အကြော်သွားပို့လိုက်အုံးမယ်၊ သွားမယ်နော်''

ပြောဆိုကာ ထွက်သွားသည်။

ထိုအခါ စိုးအောင်ကို ကြည်ပြာ ဖြတ်ခနဲ လှမ်းကြည့်လိုက်သည်။

စိုးအောင်ခမျာ ခိုးထုပ်ခိုးထည်နှင့်မိသူတစ်ဦးနှယ် မင်သက်မိကာ မတုန်မလှုပ်ဖြစ်နေသည်။

''ဩော်...ဒါ ကိုအောင်တို့အိမ်ကိုး၊ ဒါနဲ့များ သူမိတ်ဆွေအိမ်တဲ့၊ ဟင်း–ဟင်း–ကိုအောင် မကောင်းဘူး၊ လိမ်တယ်၊ ညာတယ်၊ လိမ်တာ ညာတာကို ကြည်ပြာ အမုန်းဆုံးပဲ သိလား''

''ဟုတ်တယ် ကြည်ပြာ၊ ကြည်ပြာ အပြစ်တင်လည်း ခံရမှာပါ၊ ဒါ ကိုအောင့် အိမ်ပဲ၊ ခုနလာတာက ကိုအောင့် ညီမလေး၊ ကိုအောင့်အမေက အကြော်ကြော်တယ်၊ မိသားစုသုံးယောက်တည်းပဲ ဒီမှာနေကြတယ်''

စိုးအောင်က သူ့ဘဝမှန်ကို ကြည်ပြာသိသွားပြီဖြစ်သဖြင့် အမှန်အတိုင်းပြောပြလိုက်သည်။

''ကြည်ပြာ့ကို ကိုအောင် သိပ်ချစ်လို့ ခုလိုလိမ်ပြီး ခေါ်လာခဲ့တာပါ။ တကယ်တော့ ကိုအောင့်ဘဝနဲ့ ကြည်ပြာ့ဘဝဟာ မိုးနဲ့မြေလို ကွာခြားပြီး မတူမှန်း ကိုအောင်သိခဲ့ပါတယ်၊ ခွင့်လွှတ်ပါ ကြည်ပြာ၊ ကိုအောင် တောင်းပန်ပါတယ်''

စိုးအောင်က ကြည်ပြာ့ကို ရင်နှင့်စွာ နှင့် ပြောလိုက်၏။

ကြည်ပြာသည် စိုးအောင်၏စကားကို နားထောင်ရင်း ဝမ်းပန်းတနည်းငိုရှိုက်လိုက်မိသည်။ ထို့နောက် ဆုံးဖြတ်ချက်တစ်ခုကို ပိုင်နိုင်စွာချလိုက်သည်။ ပြတ်သားသော ဆုံးဖြတ်ချက်ကြောင့်လည်း ကြည်ပြာ၏မျက်နှာမှာ ထိုတဒင်္ဂကလေးအတွင်းမှာပင် ကြည်လင်သွားလေသည်။

''ဒီမှာ ကိုအောင်၊ ခုကိစ္စမှာ ကိုအောင်က တောင်းပန်စရာမလိုပါဘူး၊ ကြည်ပြာက တောင်းပန်ရမှာပါရှင်၊ ကြည်ပြာ တောင်းပန်ရမယ်ဆိုလို့ ကိုအောင် မအံ့သြလိုက်ပါနဲ့၊ တကယ်တော့ ကြည်ပြာ့အမှားပါ၊ မဆင်မခြင်ပြုမိခဲ့လို့ပါ၊ အဲဒါကို ကိုအောင်က အခွင့်ကောင်းမယူခဲ့လို့ ကြည်ပြာက ကျေးဇူးတင်ရမှာပါ၊ အမှန်ပြောရရင် ကိုအောင်ဟာ ရုပ်ရည်ချောမောပြီး ရှိုးအပြည့်နဲ့ပို့ ကြည်ပြာ စိတ်ဝင်စားမိပြီး ကိုအောင် ချစ်ရေးဆိုတာကို လက်ခံခဲ့တာပါပဲ''

ကြည်ပြာက ကိုအောင့်ကို တစ်ချက်လှမ်းကြည့်လိုက်ပြီး စကားကို ရပ်လိုက်သည်။ စိုးအောင်က အပြင်လမ်းမဘက်သို့ ငေးမောကြည့်နေမိသည်။

ကြည်ပြာ သူ့စကား ပြန်ဆက်သည်။

''ခုလို ဘဝမှန်ကိုတွေ့လိုက်ရတော့ တူနှစ်ကိုယ် တဲအိုပျက်မှာ နေဖို့အတွက် တကယ့်လက်တွေ့မှာ မဖြစ်ဘူးဆိုတာ ကြည်ပြာ နားလည်သွားပါပြီ၊ တကယ်တမ်းဆိုလည်း ကြည်ပြာ မနေနိုင်ဘူး၊ မစွန့်စားရဲတော့ဘူး၊ ဒါကြောင့် ကြည်ပြာ့ကိုခွင့်လွှတ်ပါ၊ ကြည်ပြာ အိမ်ပြန်ပါရစေနော်၊ ကြည်ပြာ သွားမယ်''

ကြည်ပြာသည် စိုးအောင်ကို ပြောဆိုနှုတ်ဆက်ပြီး တဲအတွင်းမှ ကားဂိတ်ရှိရာသို့ အမြန်ဆုံးထွက်ခွာလာခဲ့သည်။

စိုးအောင်မှာ ပင့်သက်ကိုအခါခါရှိုက်ရင်း ကြည်ပြာထွက်သွားသည်ကို နှုတ်မှမတားမိလိုက်ဘဲ ငူငူကြီးကြည့်နေမိလေသည်။

တကယ်တော့ ရှက်ရွံ့ခြင်း၊ ကြောက်ခြင်း၊ ရင်နှင့်ခြင်းတို့ ရောပြွမ်းသောဝေဒနာများကို ကြည်ပြာရော စိုးအောင်ပါ ခံစားနေကြရသည်မှာ အမှန်ပင်။

သို့သော် ကြည်ပြာ၏လုပ်ရပ်သည် ယခုခံစားနေရသော ဝေဒနာတို့ကို တစ်နေ့နေ့တွင် နည်းလမ်းမှန်စွာဖြင့် ချေဖျက်နိုင်မည့်လုပ်ရပ်ဖြစ်သည်ကလည်း အမှန်ပါပင်။

ရေနံမြေမောင်မောင်ကြည်



မြေငလျင်မိတ်ဆက်
Earthquake Tips

မြန်မာပြည်အတွက် ငလျင်ရပ်ဝန်းများ မည်သို့ရှိသနည်း

အဆောက်အအုံများရှိ အရွေ့အရှိန်အားများ

ငလျင်လှုပ်သောအခါ အဆောက်အအုံ အောက်ခြေပိုင်းသည် မြေပြင်၏လှုပ်ရှားမှုနှင့်အတူ ရွေ့သွားပါသည်။ သို့သော် အဆောက်အအုံ၏ အထက် ခေါင်မိုးပိုင်းသည် မူလအနေအထား အတိုင်း မရွေ့ရှားသေးဘဲ ကျန်ခဲ့သည်။ ထိုအခါ အဆောက်အအုံ ပုံစံ ပျက်ယွင်းမှုနှင့်အတူ တိုင်နှင့်နံရံများအတွင်း တွန်းအား၊ ဆွဲအားများပေါ်လာပြီး အဆောက်အအုံကို မူလအနေအထား ဆီသို့ ပြန်တွန်းလိုက်သည်။ ယင်းသဘောကို အီနားရှား (inertia) အရွေ့အရှိန်ဟုခေါ်ပြီး ယင်းသဘောကြောင့် ဖြစ်လာသော အားကို အရွေ့အရှိန်အားဟု ခေါ်ပါသည်။ ပုံ (၁) ကို ကြည့်ပါ။



ပုံ (၁) အဆောက်အဦ အောက်ခြေတွင် ရွေ့လျားမှုကြောင့် အဆောက်အဦတွင် ဖြစ်ပေါ်လာသော အီနားရှား အရွေ့အရှိန်အားများ


တိုင်များဖြင့် ထောက်ထားသော ရိုးရှင်းသည့် အဝိုးတစ်ခုကို စဉ်းစားကြည့်ပါစို့။ ပုံ (၂) ကို ကြည့်ပါ။ ငလျင်ကြောင့် မြေပြင် အရွေ့ဖက်ကို ရွေ့သွားသောအခါ အဆောက်အအုံ အဝိုးပိုင်းသည် အနောက်ဘက်ကို တွန်းလိုက်သကဲ့သို့ ဖြစ်ပြီး အီနားရှား အရွေ့ အရှိန်အားကို ခံစားရပါသည်။ ယင်းအရွေ့ အရှိန်အား၏ လားရာသည် သက်ရောက်လာသော ငလျင်အရှိန်၏ လားရာနှင့် ဆန့်ကျင်ဘက်ဖြစ်သည်။

နယူတန်၏ ကျော်ကြားလှသော နိယာမ F = m x a အရ သက်ရောက်အားသည် ထုထည် (mass) နှင့် အရွေ့အရှိန်အား (a) တို့၏ မြောက်လဒ် ဖြစ်သောကြောင့် ထုထည်ပိုကြီးလေလေ သက်ရောက်အား ပိုများလေလေ ဖြစ်သည်။ ထို့ကြောင့် ပေါ့ပါးသော အဆောက်အအုံများသည် ငလျင်ဒဏ်ကို ပိုမိုခံနိုင်ရည်ရှိသည်ကို တွေ့နိုင်ပါသည်။

အခြားတစ်ဖက်တွင်လည်း အဆောက်အအုံ ပို၍ တောင့်တင်းခိုင်မာ (stiffen) လေလေအတွင်းသက်ရောက်မှုအား (internal forces) ပိုများလေလေ ဖြစ်သည်။ ထို့ကြောင့် ပျော့ပြောင်းသော အဆောက်အအုံများ ငလျင်ဒဏ်ကို ပိုမို ခံနိုင်ရည်ရှိသည်ကို တွေ့နိုင်ပါသည်။

အဆောက်အအုံများ ပုံပျက်ယွင်းမှု

ငလျင်လှုပ်သောအခါ အဆောက်အအုံ၏ အခြေနှင့် ခေါင်မိုးကြား မတူညီသော အရွေ့တစ်ခု ပေါ်လာသည်။ ၎င်းကို ပုံ (၂) တွင် u အနေဖြင့် ပြထားသည်။ ယင်းအရွေ့ကြောင့် တိုင်များတွင် ကွေးညွှတ်မှုဖြစ်လာပြီး အတွင်း သက်ရောက်မှု အားများ (internal forces) ဖြစ်ပေါ်လာသည်။ တိုင်အခြေနှင့် ထိပ်အကြား အရွေ့များလေလေ အတွင်းသက်ရောက်မှု အား (internal forces) များလေလေ ဖြစ်သည်။



ပုံ (၂) အဆောက်အဦးတစ်ခုတွင် ဖြစ်ပေါ်လာနိုင်သော အီနားရှားအရွေ့အရှိန်အား နှင့် သက်ဆိုင်သော ရွေ့လျားမှုများ

အလျားလိုက်လှုပ်ခါမှုနှင့် ဒေါင်လိုက်လှုပ်ခါမှု


ယေဘူယျအားဖြင့် လှုပ်ရှားမှုတိုင်းကို လားရာသုံးခု အလျားလိုက် လားရာနှစ်ခု (X and Y direction) နှင့် ဒေါင်လိုက်လားရာ တစ်ခု (Z direction) တို့ဖြင့် ဖော်ပြနိုင်သည်။ ပုံ (၃) ကို ကြည့်ပါ။ ဒေါင်လိုက်လားရာအတိုင်း အောက်ဘက်သို့ သက်ရောက်သော အားများကို (gravity load) မြေဆွဲအား ဟုခေါ်သည်။ အဆောက်အအုံ အားလုံးသည် အခြေခံအားဖြင့် မြေဆွဲအားကို ခံနိုင်ရန် မဖြစ်မနေ ဒီဇိုင်းပြုလုပ် တည်ဆောက်ကြရသည်။ ထို့ကြောင့် အဆောက်အအုံ အများစုသည် ဒေါင်လိုက် လှုပ်ခါမှုကို ခံနိုင်ရည်ရှိကြသည်။ သို့သော် ငလျင်လှုပ်နိုင်ခြေရှိသည့် မြန်မာနိုင်ငံကဲ့သို့နေရာမျိုးတွင် အလျားလိုက် လှုပ်ခါမှု (X and Y direction) အတွက်လည်း လုံလောက်စေရန် ဒီဇိုင်းတွက်ချက်ပေးရန် လိုအပ်သည်။



ပုံ (၃) အဆောက်အဦတစ်ခု၏ လားရာပြပုံ

အုတ်မြစ်ဆီကို အိနားရှား အားများ စီးဆင်းမှု

အလျားလိုက် မြေပြင်လှုပ်ခတ်သောအခါ အိနားရှား အရွေ့အရှိန်အားများသည် အဆောက်အအုံ၏ ထုထည်စုဝေးရာ ကြမ်းပြင်အထပ်တိုင်းတွင် ဖြစ်ပေါ်လာသည်။ အလျားလိုက် ဘေးတိုက် သက်ရောက်လာသော အိနားရှားအားများသည် ကြမ်းပြင်မှတဆင့် နံရံ၊ တန်း၊ တိုင်များကိုဖြတ်၍ အုတ်မြစ်ဆီသို့ အဆင့်ဆင့် ဖြတ်သန်းသွားပြီး နောက်ဆုံးတွင် အောက်ခံမြေသား အထိ စီးဆင်း ရောက်ရှိသွားပါသည်။ ပုံ (၄) ကို ကြည့်ပါ။ ထို့ကြောင့် ကြမ်းခင်းများ၊ နံရံများ၊ တန်း၊ တိုင်နှင့် အုတ်မြစ် အစရှိသော အဆောက်အအုံ၏ အစိတ်အပိုင်းတစ်ခုချင်းစီသည် ၎င်းအိနားရှားအားများ ဖြတ်သန်း စီးဆင်းနိုင်စေရန်နှင့် အိနားရှား



ပုံ (၄) အဆောက်အဦတစ်ခု၏ အစိတ်အပိုင်းများသို့ ငလျင် အိနားရှား အရွေ့အရှိန်အားများ ဖြန့်ကျက် သက်ရောက်ပုံ

အားများကို ခံနိုင်ရည်ရှိစေရန် အသေအချာ တွက်ချက် ဒီဇိုင်း ပြုလုပ်ထားရန် လိုအပ်သည်။

နံရံများနှင့် တိုင်များသည် အိနားရှားအားများကို ခုခံရာတွင် အရေးအပါဆုံး အစိတ်အပိုင်းများ ဖြစ်သည်။ အများအားဖြင့် ပုံမှန် ငလျင်ဒဏ် ခံနိုင်ရန် ဒီဇိုင်းမလုပ်ထားသောအခါ အောက်ခံကြမ်းခင်းနှင့် ယက်မများကို နံရံနှင့်တိုင်များထက် ပို၍ ခိုင်ခံအောင် အလေးထားပြုလုပ်ကြပြီး နံရံများကိုလည်း ပါးလွှာပြီး ကြွတ်ဆတ်သော အုတ်ရိုးများဖြင့် တည်ဆောက်လေ့ရှိသည်။ ထို့ကြောင့် လှုပ်ခတ်ခဲ့ပြီးသော ငလျင်များကို လေ့လာသောအခါ အုတ်နံရံများ အများအပြား ပျက်စီးလေ့ရှိသည်ကို တွေ့နိုင်သည်။ ဥပမာ အနေဖြင့် ပုံ (၅က) ကို ကြည့်ပါ။ အလားတူပင် သံကွန်ကရစ် တိုင်များကို လုံလောက်အောင် ဒီဇိုင်းမလုပ်ထားပါက ပျက်စီးဆုံးရှုံးများ ဖြစ်နိုင်ပါသည်။ ငလျင်ကြောင့် မြေညီထပ်တွင်ရှိသော တိုင်များ ပြိုကျ ပျက်စီးခဲ့ပုံကို ပုံ (၅ ခ) တွင် ကြည့်ပါ။ ထို့ကြောင့် ငလျင်ဒဏ် ခံနိုင်အောင် ဒီဇိုင်းတွက်ချက် ရာတွင် တိုင်များနှင့် နံရံများကို တန်း၊ ယက်မနှင့် ကြမ်းခင်းများထက် ပိုမို ခိုင်မာအောင် ပြုလုပ်ကြလေ့ ရှိသည်။


(က)

(ခ)
ပုံ(၅) ငလျင်ကြောင့် အဆောက်အုံများ ပျက်စီးပုံ

ဘာသာပြန်ဆိုသူ
မြန်မာနိုင်ငံ မြေလျင် တော်ပတ်
မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၊ ရန်ကုန်ပြို့.

ရည်ညွှန်း

C.V.R.Murty, Indian Institute of Technology Kanpur, India / Earthquake Tips Volume 5 ကို ဆီလျော်အောင် ဘာသာပြန်ပါသည်
This publication has been produced by UN-Habitat in collaboration with Myanmar Engineering Society, Myanmar Geoscience Society, Myanmar Earthquake Committee supported by Norwegian Ministry of Foreign Affairs and European Humanitarian Aid and Civil Protection.

မြေငလျင်မိတ်ဆက်
Earthquake Tips


မြန်မာပြည်အတွက် လျင်ရပ်ဝန်းများ မည်သို့ရှိသနည်း

အဆောက်အအုံပုံစံ၏ အရေးပါပုံ

အဆောက်အအုံတစ်ခု၏ လျင်ခံစားရပုံသည် အဆိုပါ အဆောက်အအုံ၏ ပုံစံ၊ အရွယ်အစား၊ အနေအထားနှင့် အောက်ခံ မြေသားပေါ်တွင် မူတည်နေပါသည်။ ထို့ကြောင့် အဆောက်အအုံပုံစံကြမ်း ရေးဆွဲသောအဆင့်မှာပင် မလိုလား အပ်သော အင်္ဂါရုပ်များကို ရှောင်လွှဲနိုင်ရန်နှင့် ကောင်းမွန်သော အဆောက်အအုံ ပုံစံတစ်ခုကို အသေအချာ ရွေးချယ်နိုင်ရန် ဝိသုကာပညာရှင်နှင့် အဆောက်အအုံဆိုင်ရာ အင်ဂျင်နီယာများ အတူတကွ ပူးပေါင်း လုပ်ဆောင်သင့်ပါသည်။

ဝိသုကာဆိုင်ရာ အင်္ဂါရုပ်များ

အဆောက်အအုံပုံသဏ္ဌာန်သည် လူ၏ အမြင်အာရုံကို ဖမ်းစားနိုင်သည်။ တစ်ခါတစ်ရံတွင် ၎င်း၏ဖွဲ့စည်းတည်ဆောက်ပုံ စနစ်သည် စိတ်ကို ဆွဲဆောင်နိုင်စွမ်း ရှိသည်။ ပုံသဏ္ဌာန်နှင့် ဖွဲ့စည်းတည်ဆောက်ပုံစနစ် နှစ်ခုလုံးသည် အဆောက်အအုံ တစ်ခုကို အံ့ဖွယ်လက်ရာတစ်ခု ဖြစ်စေရန် အတူတွဲ လုပ်ဆောင် ရမည်။ ပြင်းထန်သောငလျင် လှုပ်ခတ်သောအခါ အဆောက် အအုံများတွင် ကွဲပြားသော တုန့်ပြန်မှုများ ရှိသည်။ လျင်များ ကြောင့် ပျက်စီးသွားသော အဆောက်အအုံများကို လေ့လာ ကြည့်သောအခါ အဆောက်အအုံများ၏ ဖွဲ့စည်းပုံတွင် ထည့် သွင်းသင့်သောအရာများနှင့် ရှောင်ရှားရမည့်အရာ များဟူ၍ ခွဲခြားသိလာရသည်။




ပုံ (၁) အဆောက်အဦး၏ အလျားတစ်ဖက်သည် ကျန်နှစ်ဖက်ထက် အလွန် များနေလျှင်သော်လည်းကောင်း အလွန်နည်းနေလျှင်သော် လည်းကောင်း ၎င်း အဆောက်အဦးသည် လျင်ဒဏ်ကို ကောင်းစွာ မခံနိုင်ပါ

အဆောက်အအုံများ၏ အရွယ်အစား

အဆောက်အအုံ၏ အမြင့်နှင့် အောက်ခြေအနံ အချိုး များသော၊ တစ်နည်းအားဖြင့် အလွန်မြင့်မားသော အဆောက် အအုံများမှာ [ပုံ (၁-က) တွင် ကြည့်ပါ။] လျင်လှုပ်သောအခါ အဆောက်အအုံ၏ ကြမ်းပြင်များသည် ပိုပြီး အလျားလိုက် ရွှေ့လျားနိုင်သည်။ နိမ့်သော်လည်း အလျားအလွန်ရှည်သော အဆောက်အအုံ [ပုံ (၁-ခ)] နှင့် ဂို့ထောင်ကဲ့သို့ ပုံပြားပြား အဆောက်အအုံ [ပုံ (၁-ဂ)] ပုံစံများသည်လည်း လျင်လှုပ် သောအခါ အပျက်အစီး များလေ့ရှိသည်။

အဆောက်အအုံများ၏ အလျားလိုက် စံနစ်ပုံ

ယေဘုယျအားဖြင့် ရိုးရှင်းသော ဖွဲ့စည်းပုံရှိသော အဆောက်အအုံများသည် [ပုံ (၂-က)] ပြင်းထန်သော လျင်းဒဏ်ကို ကောင်းစွာ ခံနိုင်ရည် ရှိသည်ကို တွေ့ရသည်။ ပုံ (၂-ခ) ကဲ့သို့ U၊ V၊ H နှင့် + စံနစ်ပုံ အတွင်းထောင့်ချိုးပါဝင်သော အဆောက်အအုံပုံစံများသည် ပိုမို၍ ပျက်စီးလွယ်သည်ကိုတွေ့



ပုံ (၂) ရိုးရှင်းသော ဖွဲ့.စည်းမှု ပုံစံရှိသော အဆောက်အဦးများသည် လျင် လှုပ်စဉ်တွင် လှုပ်ရှားမှုဒဏ်ကို ကောင်းစွာ ခံနိုင်သည်


ရသည်။ ယင်းကဲ့သို့ အဆောက်အအုံပုံစံတွင် အတွင်း ထောင့်ချိုး များ ပါဝင်နေလျှင် အဆောက်အအုံကို အပိုင်းနှစ်ပိုင်းဖြစ်အောင် ခွဲလိုက်ပြီး ရိုးရှင်းသော ဖွဲ့စည်းပုံဖြစ်စေရန် ပြောင်းလဲနိုင်သည်။ ဥပမာ အားဖြင့် L ပုံသဏ္ဌာန် ရှိသော အဆောက်အအုံကို ထောင့်မှန် စတုဂံ ပုံသဏ္ဌာန်နှစ်ခုဖြစ်အောင် လျင်အဆက် (seismic separation joint) ကို အသုံးပြုပြီး ခွဲခြားနိုင်သည်။ ပုံ (၂-ဂ) တွင် ကြည့်ပါ။ တစ်ခါတစ်ရံ အဆောက်အအုံပုံစံ ရိုးရှင်း သော်လည်း တိုင်များနှင့် နံရံများ၏ ဂန်အားများသည် မြေပြင် ပေါ်ကို တူညီစွာ သက်ရောက်မှု မရှိနေပါက လျင်လှုပ်လျှင် အဆောက်အအုံ လိမ်ရွဲ့ (twist) သွားသည်မျိုးလည်း ဖြစ်တတ် သည်။

အဆောက်အအုံများ၏ ဒေါင်လိုက်စံနစ်ပုံ

အဆောက်အအုံတစ်ခု၏ ကြမ်းခင်းအထပ်များတွင် ဖြစ်ပေါ်လာသော လျင်အားများကို အဆောက်အအုံ၏ အမြင့် တစ်လျှောက် မြေပြင်ရောက်သည်အထိ စီးဆင်း သယ်ဆောင် သွားနိုင်ရန် လိုအပ်သည်။ လျင်အားသယ်ဆောင်သော လမ်း


တလျောက် လမ်းကြောင်းတစ်ဆက်တည်း မရှိပါက အဆောက်အအုံများ၏ ခံနိုင်ရည်ကို လျော့နည်းစေသည်။ ပုံ (၃-က) တွင် ပြထားသကဲ့သို့ အဆက်ဖြတ်ထားသော အထပ်များတွင် လျင်အားများကို သိသိသာသာ ပိုမိုခံစားရစေသည်။ တခြား အထပ်များထက် တိုင်နှင့် နံရံ နည်းနေသော အထပ် (သို့) အမြင့်ပိုသော အထပ်ပါသော အဆောက်အအုံများသည် ပို၍ အားနည်းသည်ကို တွေ့ရလေ့ရှိသည်။ ပုံ (၃-ခ) တွင် ကြည့်ပါ။

မြေအစောင်းပေါ်တွင် ဆောက်ထားသော အဆောက်အအုံများသည် (ပုံ (၃-ဂ) တွင် ကြည့်ပါ) အမြင့်မတူသော တိုင်များကြောင့် လျင်လှုပ်သောအခါ လိမ်ချိုးကျစီးသွားနိုင်သည်။ ပုံ (၃-ဃ) တွင် ကြည့်ပါ။ ကြားအထပ်တစ်ခုတွင် တိုင်ကို ဖျောက်ထားပြီး ဝန်လွှဲယက်မ (Transfer Beam) မှတဆင့် ဘေးတစ်ဖက်တစ်ချက်စီရှိ တိုင်များပေါ်သို့ အထက်မှတိုင်၏ အားကို လွှဲပြောင်းသက်ရောက် ထားသည်ကို တွေ့နိုင်သည်။ ယင်းကဲ့သို့ ဝန်သယ်ဆောင်ရာ လမ်းကြောင်း တစ်လျောက်ရှိ တိုင်များ၊ နံရံများ အဆက်အစပ် ပြတ်တောက်မှုများရှိသော အဆောက်အအုံများသည် လျင်လှုပ်သောအခါ ပြင်းထန်သော ပျက်စီးမှုများ ပိုမို ကြုံတွေ့ရလေ့ ရှိသည်။



ပုံ (၃) အဆောက်အဦ၏ အမြင့်တစ်လျောက်တွင် ဝန်သယ်ဆောင်ရာ လမ်းကြောင်း ရုတ်တရက်ပြောင်းလဲသွားခြင်းကြောင့် အဆောက်အဦ၏ ဝန်ခံနိုင်စွမ်းကို လျော့နည်းစေသော ပုံစံ ခွဲ.စည်းပုံများ

အဆောက်အအုံများ တစ်ခုနှင့်တစ်ခု နီးကပ်စွာတည်ရှိမှု



ပုံ (၄) ချေပြင်ညီ လှုပ်ခါမှုကြောင့် နီးကပ်စွာ တည်ရှိနေသော အဆောက်အဦ နှစ်ခု တစ်ခုနှင့် တစ်ခု တိုက်မိပုံ

အဆောက်အအုံနှစ်ခုသည် တစ်ခုနှင့်တစ်ခု အလွန်နီးနီး ကပ်ကပ် ရှိနေလျှင် လျင်လှုပ်သောအခါ အချင်းချင်း တိုက်မိ၊ ဆောင့်မိနိုင်သည်။ အဆောက်အအုံ ပိုမြင့်လေလေ ပို၍ကြီးသော ပြဿနာဖြစ်လေလေပင် ဖြစ်သည်။ ပုံ(၄)တွင် ကြည့်ပါ။ အဆောက်အအုံအမြင့် မတူညီလျှင် ပိုနိမ့်သော အဆောက်အအုံ၏ ခေါင်မိုးသည် ပိုမြင့်သော အဆောက်အအုံရှိ တိုင်၏အလယ်ကို တိုက်မိနိုင်သည်။

အဆောက်အအုံဒီဇိုင်းနှင့် သတ်မှတ်ချက်များ

အနာဂတ်တွင် ထူးခြားသော စိတ်ဝင်စားဖွယ် ကောင်းသော အဆောက်အအုံပုံစံများကို ဆက်လက်၍ ပုံစံထုတ်နေကြပေဦးမည်။ ဤနေရာတွင် အဆောက်အအုံများ၏ လျင်ဒဏ် တုံ့ပြန်မှုကို တွက်ဆပြီး အန္တရာယ်ဖြစ်စေနိုင်သော ဝိသုကာဆိုင်ရာ ပုံသဏ္ဌာန်များကို ရှောင်ရှားသင့်သည်။ အကယ်၍ ရှောင်ရှားရန် မဖြစ်နိုင်လျှင် အတတ်နိုင်ဆုံး လျော့ချသင့်သည်။ သို့မဟုတ် ပိုမို ခိုင်ခံ့အောင် တွက်ချက် တည်ဆောက်သင့်ပါသည်။

ဆာဆာမြိုးဟိုး
မြန်မာနိုင်ငံ မြေဝလျှင် ကော်မတီ
မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၊ ရန်ကုန်မြို့.

ရည်ညွှန်း

C.V.R.Murty, Indian Institute of Technology Kanpur, India / Earthquake Tips Volume 6 ကို ဆီလျော်အောင် ဘာသာပြန်ပါသည်


This publication has been produced by UN-Habitat in collaboration with Myanmar Engineering Society, Myanmar Geoscience Society, Myanmar Earthquake Committee supported by Norwegian Ministry of Foreign Affairs and European Humanitarian Aid and Civil Protection.

မြေငလျင်မိတ်ဆက်
Earthquake Tips

ငလျင်ဒဏ်ခံရတဲ့အခါ အဆောက်အဦတွေ ဘာကြောင့် လည်သွားရသလဲ


မည်ကဲ့သို့သော အဆောက်အအုံများ ငလျင်လှုပ်လျှင် လည်သွား နိုင်သလဲ

ကလေးဘဝတွင် သစ်ပင်ကြီးတစ်ပင်၏ သစ်ကိုင်းတွင် ကြိုးနှင့်ချည်ထားသော ဒန်းကို စီးဖူးကြပေလိမ့်မည်။ အရှည်တူ ကြိုးနှစ်ချောင်းဖြင့်ချည်ထားသော ဒန်း၏အလယ်တွင် ထိုင်နေလျှင် ၄င်းဒန်းသည် ရှေ့နောက် ဟန်ချက်ကျစွာ ယမ်းနေပေလိမ့်မည်။ အဆောက်အအုံများသည်လည်း ယင်းဒန်းကဲ့သို့ အလားသဏ္ဌာန် တူပါသည်။ ပြောင်းပြန်လှုန်ထားသော ဒန်းကဲ့သို့ဖြစ်သည်။ ပုံ (၁) ကို ကြည့်ပါ။ နံရံများနှင့် တိုင်များသည် ကြိုးနှင့်တူပြီး ကြမ်းခင်းသည် ပုခက်နှင့်တူပါသည်။ အထပ်များသော အဆောက်အအုံများသည် ပုခက်တစ်ခုမကပါသော ဒန်းများကဲ့သို့ ဖြစ်သည်။



ပုံ (၁) သစ်သားဒန်းနှင့် အဆောက်အဦတို့ ရေပြင်ညီအတိုင်း ရှေ့နောက် ဟန်ချက်ကျစွာ လှုပ်ယမ်းပုံ

ညီညာသော အဆောက်အအုံတစ်ခုသည် ငလျင်လှုပ်သောအခါ ဒန်းကဲ့သို့ ရှေ့တိုးနောက်ငင် လှုပ်ယမ်း ပါလိမ့်မယ်။ ၄င်းကို အပေါ်တည့်တည့်မှ ကြည့်ပါက လှုပ်ယမ်းသော လားရာ အတိုင်း တူညီသောပမာဏဖြင့် ရွေ့နေသည်ကို တွေ့ရပေမည်။ ပုံ (၂) ကို ကြည့်ပါ။



ပုံ (၂) ထပ်တူညီသော ဒေါင်လိုက် အစိတ်အပိုင်းများကို အဆောက်အဦ တစ်ခု၏ ရေပြင်ညီ ခွဲ.စည်းပုံတွင် ဘက်ညီအောင် နေရာချထားခြင်းဖြင့် အဆောက်အဦတစ်ခုလုံး ရေပြင်ညီအတိုင်း ပမာဏတူ ရွေ့လျားစေပုံ


အကယ်၍ သင်သည် ပုခက်၏အစွန်းတစ်ဖက်တွင် ကပ်ပြီး ထိုင်နေလျှင် ယင်းပုခက်သည် လည်သွားမည် ဖြစ်သည်။ သင်ထိုင်သောဘက်သည် တခြားတစ်ဖက်ထက် ပိုရွေ့သွားပေလိမ့်မည်။ ထိုနည်းတူစွာ အဆောက်အအုံတစ်ခု၏ တစ်ဖက်ခြမ်းသည် ပိုတောင့်တင်းနေမည် သို့မဟုတ် ပိုပြီး လေးလံနေမည် ဆိုပါက (ဥပမာ- အဆောက်အအုံ၏အစွန်းတစ်ဖက်သည် ကုန်လောင်ခန်း သို့မဟုတ် စာကြည့်တိုက် ဖြစ်နေလျှင်) ၄င်းအစွန်းသည် လျင်လှုပ်သောအခါ ပိုရွေ့သွားပေမည်။ ပုံ (၃) ကို ကြည့်ပါ။



ပုံ (၃) အဆောက်အဦး၏ တစ်ဖက်ခြမ်းတွင် ပန်ပိုများခြင်းကြောင့် အဆောက်အဦအား လည်သွားစေပုံ

အကယ်၍ သစ်ကိုင်းတွင် ချည်ထားသော ကြိုးနှစ် ချောင်းသည် အရှည်မညီနေလျှင် (ပုံ (၄-က) ကို ကြည့်ပါ) ၎င်းဒန်းသည် လည်သွားပေမည်။ အလားတူစွာ အဆောက်အအုံ တစ်ခုတွင် တိုင်နှင့်နံရံများ အနိမ့်အမြင့် မတူသောအခါ ဒန်းကဲ့သို့ လည်သွားမည်ပင်ဖြစ်သည်။ ပုံ (၄-ခ)ကို ကြည့်ပါ။ နံရံ တစ်ဖက် သာပါသော အဆောက်အအုံ၊ တောင့်တင်းမှု မတူသော အဆောက်အအုံ များသည်လည်း လျောင် လှုပ်သောအခါ လည် သွားနိုင်သည်။ ပုံ (၄-ဂ) ကို ကြည့်ပါ။

ထို့ကြောင့် ယေဘူယျ ပြောရမည်ဆိုလျှင် ပုံမှန်မဟုတ် ဘဲ ထူးခြားသော ပုံသဏ္ဌာန်ရှိသော အဆောက်အအုံများသည် လျောင်လှုပ်လျှင် လည်သွား နိုင်သည်။




ပုံ (၄) ဒေါင်လိုက် အစိတ်အပိုင်းများ အမြင့် မတူသော အဆောက်အဦများတွင် အဆောက်အဦ ကြမ်းစင်းများသည် ဒေါင်လိုက်ဝင်ရိုး တစ်ခုကို ဝဟိုပြု၍ လည်သွားနိုင်ပုံ



ပုံ (၅) မြေညီထပ်တစ်ဖက်ခြမ်းတွင် နံရံမရှိသော အဆောက်အဦများသည် လျောင်လှုပ်သောအခါ လည်သွားနိုင်ပုံ

လည်ခြင်း (twist) သည် အဆောက်အအုံ၏ အစိတ် အပိုင်းများကို ဘယ်လိုဖြစ်စေနိုင်သလဲ

လည်အား (Torsion) ဖြစ်ပေါ်စေသော လည်ခြင်း ကြောင့် ပိုပြီး ရှေ့.သွားသော အစွန်းနှစ်ဖက်ရှိ တိုင်နှင့်နံရံများသည် ပို၍ပျက်စီး နိုင်သည်။ ပုံ ၆ ကို ကြည့်ပါ။ ထို့ကြောင့် လည်ခြင်းကို ရှောင်လွှဲ၍မရနိုင်လျှင် အဆောက်အအုံပုံစံကို ခေါက်ချိုးညီ ဖြစ် အောင် ပြုလုပ်ပြီး လည်ခြင်းကို လျော့ချနိုင်သည်။ အကယ်၍ လည်ခြင်းကို ရှောင်လွှဲရန်၊ လျော့ချရန် မဖြစ်နိုင်လျှင် လည်ခြင်း ကြောင့် အဆောက်အအုံ အစိတ်အပိုင်းများတွင် ဖြစ်ပေါ်လာ သော ပွတ်ဆွဲအားများ (Shear Forces) များကို အသေအချာ ထည့်သွင်းစဉ်းစား တွက်ချက်ထားရန် လိုအပ်ပေမည်။



ပုံ (၆) ပို၍ ရှေ့.လျားရသော ၏အစိတ်အပိုင်းများ ပို၍ ပျက်စီးနိုင်ပုံ

ဘာသာပြန်တိုသူ
မြန်မာနိုင်ငံ မြေလျှင် ကော်မတီ
မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၊ ရန်ကုန်ပြို့.

ရည်ညွှန်း

C.V.R.Murty, Indian Institute of Technology Kanpur, India / Earthquake Tips Volume 7 ကို ဆီလျော်အောင် ဘာသာပြန်ပါသည်
This publication has been produced by UN-Habitat in collaboration with Myanmar Engineering Society, Myanmar Geoscience Society, Myanmar Earthquake Committee supported by Norwegian Ministry of Foreign Affairs and European Humanitarian Aid and Civil Protection.

မြေငလျင်မိတ်ဆက်
Earthquake Tips

အဆောက်အဦတွေကို ငလျင်ဒဏ်ခံနိုင်အောင် ဘယ်လိုဒီဇိုင်းလုပ်သလဲ

ငလျင်ဆိုင်ရာ ပြဿနာ

ငလျင်များ၏ ပြင်းအားကို သာမန် (minor)၊ အသင့်အတင့် (moderate)နှင့် ပြင်းထန် (major) ဟူ၍ အဆင့် သုံးဆင့် ခွဲခြား သတ်မှတ်ပါသည်။ သာမန်ငလျင်များသည် မကြာခဏ လူပ်လေ့ရှိပြီး ပြင်းထန်သော ငလျင်ကြီးများကမူ အကြိမ်ရေ နည်းလေ့ရှိသည်။ ဥပမာအားဖြင့် ကမ္ဘာတစ်ဝှမ်းတွင် နှစ်စဉ် နှစ်တိုင်း ပြင်းအား ၅ မှ ၆ ထိ ပမာဏ ရှိသော အသင့်အတင့် ငလျင်ပေါင်း အကြိမ် ၈၀၀ ခန့် ဖြစ်ပွားခဲ့ပြီး ပြင်းအား ၇ အထက် ပြင်းထန် ငလျင်ပေါင်းမှာ ၁၈ ကြိမ်မျှသာ ပျှမ်းမျှ ဖြစ်ပွားတတ် သည်ကို လေ့လာတွေ့ရှိရပါသည်။ သာမန်ငလျင် ဆိုသည်မှာ မကြာခဏ လူပ်လေ့ရှိသော ငလျင်ငယ် လေးများကို ဆိုလိုခြင်း ဖြစ်ပြီး နှစ် ၅၀ အတွင်း အပြင်းထန်ဆုံး လူပ်နိုင်သည့် ငလျင်ပြင်း အားကို အခြေခံပြီး တွက်ချက်လေ့ ရှိသည်။ အသင့်အတင့် ငလျင်ကို နှစ် ၅၀၀ အတွင်း အပြင်းထန်ဆုံး လူပ်နိုင်သည့် ငလျင်ပြင်းအားကို အခြေခံပြီး ပြင်းထန်ငလျင်ကို နှစ် ၂၀၀၀ အတွင်း အပြင်းထန်ဆုံး လူပ်နိုင်သော ငလျင်ကို အခြေခံပြီး တွက်ချက်လေ့ ရှိသည်။

သာမာန် နှစ် ၅၀-၁၀၀ သက်တမ်းမျှသာ ရည်ရွယ်သော အဆောက်အဦ အများစုကို တည်ဆောက်သည့်အခါ နှစ် ၅၀၀ သို့မဟုတ် နှစ် ၂၀၀၀ အတွင်း တစ်ကြိမ် ဖြစ်တတ်သည့် ငလျင်ကြီးများကို ခံနိုင်ရန် ဒီဇိုင်းလုပ်ထားလျှင် မလိုအပ်ဘဲ အကုန်အကျ များနေမည် ဖြစ်သကဲ့သို့ တဖက်တွင်လည်း ငှင်းငလျင်ကြီးများ အဆောက်အအုံ၏ သက်တမ်းအတွင်းတွင် မလူပ်ခတ်နိုင်ဘူးဟူ၍ အသေအချာပြော၍မရသည့်အတွက် အကယ်၍ ငလျင်ကြီးများ လူပ်ခတ်ခဲ့သော် သေကြေပျက်စီး ဆုံးရှုံးမှုများနှင့် ကြုံကြရမည်ဖြစ်သည်။ ထို့ကြောင့် ယင်းပြဿနာ သည် ဆုံးဖြတ်ရခက်သော ပြဿနာ တစ်ရပ်ဖြစ်သည်။

ငလျင်ဒဏ်ခံအဆောက်အအုံများ

ထို့ကြောင့် ငလျင်ပညာရှင်များနှင့် အင်ဂျင်နီယာများ သည် ငလျင်ငယ်များလူပ်သောအခါ ပျက်စီးမှုမရှိစေဘဲ၊ တစ်ဖန် ငလျင်ကြီးများလူပ်သောအခါတွင်လည်း အဆောက်အအုံ ပျက်စီးသော်လည်း သေကြေပျက်စီးဆုံးရှုံးမှုနည်းစေမည့် အစွန်း နှစ်ဖက်ကြားမှ နည်းလမ်းကို ကြံဆလာကြသည်။


ငလျင်ဒဏ်ခံ ဒီဇိုင်းဆိုင်ရာအယူအဆ

ငလျင်ဒဏ်ခံ ဒီဇိုင်းဆိုင်ရာအယူအဆကို အတိုချုပ် အားဖြင့် အောက်ပါအတိုင်း ဖော်ပြနိုင်သည်။ ပုံ ၁ ကို ကြည့်ပါ။

(က) အကြိမ်များစွာ လူပ်လေ့ရှိသော ငလျင်ငယ်များမှာ အဆောက်အအုံ၏ အဓိကအစိတ်အပိုင်းများ လုံးဝ မပျက်စီးစေရပါ။ သို့သော် အဓိကမကျသည့် အစိတ် အပိုင်းအချို့များကမူ ပြင်ဆင်ရန်လွယ်ကူသည့် ပျက်စီး မှုများ ဖြစ်နိုင်သည်။

(ခ) အသင့်အတင့် ပြင်းအားရှိသော ငလျင် လူပ်ခတ်ခဲ့ပါက အဆောက်အအုံ၏ အစိတ်အပိုင်းများ ပျက်စီးမည် ဖြစ်သော်လည်း အဆောက်အအုံ၏ အဓိက အစိတ် အပိုင်းများကမူ ပြန်လည်ပြင်ဆင်၍ရနိုင်သည့် ပျက်စီးမှု များသာ ဖြစ်စေရမည်။

(ဂ) ပြင်းထန်သော ငလျင် လူပ်ခဲ့သည်ဆိုပါက အနည်းဆုံး အဆောက်အအုံသည် မပြိုကျသင့်ပေ။



ပုံ (၁) ငလျင်၏ ကွဲပြားခြားနားသော ပြင်းထန်အားအောက်တွင် အဆောက်အဦ၏ ပြုမူလှုပ်ရှားပုံ

ယင်းသို့ ဒီဇိုင်းလုပ်ထားခြင်းအားဖြင့် သာမာန် ငလျင်ငယ်များ၏ ဒဏ်ကို ခံရပြီးသောအခါ အဆောက်အအုံကို ချက်ချင်း ပြန်လည် အသုံးပြုနိုင်မည် ဖြစ်သည်။ ပြင်ဆင် စားရိတ်နှင့် ဆုံးရှုံးမှုလည်း နည်းမည် ဖြစ်ပါသည်။ အသင့်အတင့် ငလျင်များနှင့် ကြုံလာခဲ့သော်လည်း အဆောက်အအုံကို ပြန်ပြင်ဆင်၍ ဆက်လက် အသုံးပြုနိုင်စေနိုင်မည် ဖြစ်သည်။ သို့သော် ပြင်းထန်သည့် ငလျင်ဖြစ်ခဲ့သော် အဆောက်အအုံမှာ ကြီးကြီးမားမား ပျက်စီးသွားပြီး နောက်ထပ် အသုံးပြု၍ ရတော့ မည် မဟုတ်ပေ။ သို့သော် ပြိုကျ မသွားသေးသည့်အတွက် လူများကို ဘေးကင်းရာကို ပြောင်းရွေ့ ပေးထားနိုင်ပြီး ပိုင်ဆိုင်ရာ ပစ္စည်းများကိုလည်း ပြန်လည် ရရှိနိုင်မည် ဖြစ်သည်။

ဒီဇိုင်းဆိုင်ရာ အယူအဆများမှ နောက်တစ်ခုမှာ အရေး ပေါ် အဆောက်အအုံများသည် (ဥပမာ ဆေးရုံ၊ မီးသတ်၊ ရဲ၊ စစ်တပ်၊ အစိုးရရုံး အစရှိသည် အရေးကြီး အဆောက်အအုံများ)

ငလျင် လှုပ်ပြီးသည့်နောက်တွင် ချက်ချင်းပြန်လည်အလုပ်လုပ်နိုင်ရန် လိုအပ်သည့်အတွက် ယင်းအဆောက်အအုံများကို ပိုမိုခိုင်ခံ့အောင် ပြုလုပ်ထားရန် လိုအပ်သည်။ ထို့အပြင် ဆည်များ၊ နျူကလီးယား စွမ်းအားစက်ရုံများအစရှိသည့် နောက်ဆက်တွဲကြီးမားသော ပျက်စီးဆုံးမှုများ ဖြစ်စေနိုင်သည့် အဆောက်အအုံများကိုလည်း ငလျင်ဒဏ်ကို ပိုမိုခံနိုင်အောင် ဒီဇိုင်းပြုလုပ်ထားသင့်သည်။

ရှောင်လွှဲမရသော ပျက်စီးမှု

ငလျင်ဒဏ်ခံ ဒီဇိုင်းဆိုင်ရာ အယူအဆအရ ငလျင်လှုပ်သောအခါ အဆောက်အအုံများတွင် အနည်းနှင့် အများ ပျက်စီးမှု ရှိမည်ဖြစ်ပါသည်။ ရှောင်လွှဲ၍ မရနိုင်ပါ။ သို့သော် ၄င်းပျက်စီးမှုများမှာ အန္တရာယ်မကြီးမားသော ပျက်စီးမှုများ သာဖြစ်ပါက ပို၍ လက်ခံနိုင်ဖွယ် ဖြစ်ပေလိမ့်မည်။ ဥပမာ သံကွန်ကရစ် အဆောက်အအုံတစ်ခုတွင် တိုင်နှင့် အုတ်နံရံများကြား အက်ကြောင်းပေါ်ခြင်းသည် လက်ခံနိုင်သော ပျက်စီးမှု ဖြစ်ပါသည်။ သို့သော် ကွန်ကရစ်တိုင်တွင် ဒေါင့်ဖြတ် အက်ကြောင်းများ ဖြစ်လာပါက လက်ခံ၍မရနိုင်ပေ။ ပုံ ၃ ကို ကြည့်ပါ။

ငလျင်ဒဏ်ခံ အဆောက်အအုံတစ်ခုသည် ငလျင်လှုပ်ပြီးသောအခါ အဆောက်အအုံတွင် လက်ခံနိုင်သည့် အပျက်အစီးများသာ ဖြစ်ပေါ်စေပြီး လွယ်လွယ်ကူကူ၊ စားရိတ် သက်သက် သာသာဖြင့် ပြုပြင် နိုင်စေရမည်ဖြစ်သည်။



ပုံ (၂) အဆောက်အဦ၏ တိုင်တစ်လျှောက် ဒေါင့်ဖြတ်အက်ကြောင်း ဖြစ်ပေါ်နေပုံ (လက်မခံနိုင်သော အဆောက်အဦ ပျက်စီးမှု အခြေအနေ)

လက်သင့်ခံနိုင်သော ပျက်စီးမှု

ထို့ကြောင့် အဆောက်အအုံ အမျိုးအစားအလိုက် လက်ခံနိုင်သော ပျက်စီးမှုပုံစံကို သတ်မှတ်ရန်နှင့် လျင်လှုပ်စဉ်တွင် အဆောက်အအုံ၏ အစိတ်အပိုင်းတစ်ခုစီ၏ တုန့်ပြန်ပုံ၊ လုပ်ဆောင်ပုံကို သဘောပေါက်ထားနိုင်ရန် လိုအပ်ပါသည်။

ယင်းသို့ဖြစ်ရန်ဆိုလျှင် ငလျင်ဒဏ်ခံ အဆောက်အအုံတစ်ခု၏ အဓိကအစိတ်အပိုင်းများသည် ကွေးညွှတ်နိုင်သည့် ဂုဏ်သတ္တိရှိနေရန် လိုအပ်ပါသည်။ သို့မှသာ လျင်လှုပ်စဉ်တွင် အဆောက်အအုံ ရမ်းခါသွားသော်လည်း ယိမ်းညွှတ်နိုင်သော ဂုဏ်သတ္တိရှိသည့်အတွက် မပြိုကျဘဲ ကြံ့ကြံ့ခံနိုင်မည် ဖြစ်ပါသည်။ ပုံ ၄ ကို ကြည့်ပါ။ ကွေးညွှတ်နိုင်သည့် ဂုဏ်သတ္တိသည် ငလျင်ဒဏ်ခံအဆောက်အအုံတစ်ခု၏ အရေးအကြီးဆုံး အချက်များထဲမှ တစ်ခုဖြစ်သည်။ ထို့ကြောင့် ငလျင် ဒဏ်ခံ ဒီဇိုင်းများမှာ အပျက်အစီးဖြစ်နိုင်သည့် နေရာများကို ကြိုတင်ဆုံးဖြတ်နိုင်ရန်နှင့် အဆောက်အအုံ၏ ကွေးညွှတ်နိုင်မှုကို သေချာစေရန် အသေးစိတ်စီစဉ်ပေးထားနိုင်ရန် လိုအပ်ပါသည်။



(က) ငလျင်လှုပ်စဉ်အတွင်း အဆောက်အဦ၏ ပြုမူလှုပ်ဆောင်ချက်များပြပုံ (ကွေးညွှတ်နိုင်သော ဂုဏ်သတ္တိနှင့် ကျွတ်ဆင်းသော ဂုဏ်သတ္တိ)

(ခ) သံကွန်ကရစ် ဆောက်တိုင်တွင် ကျွတ်ဆင်းသော ဂုဏ်သတ္တိကြောင့် ပျက်စီးနေပုံ

ပုံ (၃) ကွေးညွှတ်လွယ်သော အဆောက်အဦနှင့် ကျွတ်ဆင်းသော ဂုဏ်သတ္တိ ရှိသော အဆောက်အဦပြပုံ (ငလျင်ဒဏ်ခံ အဆောက်အဦဆိုသည်မှာ ကွေးညွှတ်လွယ်သော အဆောက်အဦဖြစ်သည်)

ဘာသာပြန်ဆိုသူ
မြန်မာနိုင်ငံ မြေလျင် ကော်မတီ
မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၊ ရန်ကုန်ပြို့.

ရည်ညွှန်း

C.V.R.Murty, Indian Institute of Technology Kanpur, India / Earthquake Tips Volume 8 ကို ဆီလျော်အောင် ဘာသာပြန်ပါသည်


This publication has been produced by UN-Habitat in collaboration with Myanmar Engineering Society, Myanmar Geoscience Society, Myanmar Earthquake Committee supported by Norwegian Ministry of Foreign Affairs and European Humanitarian Aid and Civil Protection.

မြေငလျင်မိတ်ဆက်
Earthquake Tips

ငလျင်ဒဏ်ကောင်းကောင်းခံနိုင်ဖို့ အဆောက်အဦတွေ ပျော့ပြောင်းအောင် ဘယ်လိုလုပ်သလဲ

ဆောက်လုပ်ရေးပစ္စည်းများ

မြန်မာနိုင်ငံတွင် စီးပွားရေးတိုးတက်လာတာနှင့်အမျှ အုတ် အဆောက်အအုံများ၊ ကွန်ကရစ် အဆောက်အအုံများကို ပို၍ ဆောက်လုပ်လာကြသည်။ အုတ်စီထားသည့် နံရံများနှင့် ကွန်ကရစ်များသည် ဖိအားကို ကောင်းစွာခံနိုင်သော်လည်း ဆွဲအားကိုမူ မခံနိုင်ပါ။ ပုံ ၁ ကို ကြည့်ပါ။




ပုံ (၁) အုတ်စီ အဆောက်အဦသည် ဖိအားဝန်ကို ခံနိုင်သော်လည်း ဆွဲဆန့်အားကို မခံနိုင်ပုံ

ကွန်ကရစ်ဆိုသည်မှာ ဘိလပ်မြေ၊ သဲ၊ ကျောက် နှင့် ရေကို အချိုးကျ ရောစပ် အသုံးပြုခြင်းဖြစ်သည်။ ကွန်ကရစ်သည် ပါဝင်သော ရေပမာဏပေါ် မူတည်သည်။ ရေများလွန်းလျှင် ခံနိုင်ရည်အားကို လျော့သွားစေနိုင်ပြီး ရေနည်းလွန်းလျှင်လည်း ကွန်ကရစ်ကို လုပ်ရကိုင်ရ ခက်ခဲစေသည်။

ယေဘုယျအားဖြင့် အုတ်နှင့် ကွန်ကရစ် နှစ်မျိုးစလုံးသည် ကြွတ်ဆတ်သည့်သဘောရှိပြီး ရုတ်တရက် ပြိုကျပျက်စီးစေတတ်သည်။ ခံနိုင်ရည်ထက် ဝန်ပိုထမ်းနေရသည်ကို ကြိုတင်မသိနိုင်ဘဲ ရုတ်ချည်းပြိုကျတတ်သည့်အတွက် အန္တရာယ်များလှသည်။

သံသည် ဖိအားရော၊ ဆွဲအားရောပါ နှစ်မျိုးလုံးတွင် ခံနိုင်ရည်အားကောင်းသည်။ သံချောင်းသည် ကွေးညွှတ်လွယ်သည့်အတွက် ၎င်း၏ခံနိုင်ရည်အားထက် ကျော်လွန်သွားသော အခါတွင်ပင် ချက်ချင်းကျိုးပြတ်မသွားဘဲ ဦးစွာဆန့်ထွက်လာသည်ကို တွေ့ရပေမည်။ ခံနိုင်ရည်အားထက် ကျော်လွန်နေသည်ကို ကြိုတင်သိနိုင်သည့်အတွက် အန္တရာယ်ကို ကာကွယ်နိုင်သည်။ ထို့ကြောင့် ငလျင်ဒဏ်ခံနိုင်ရန်အတွက်ဆိုလျှင် သံသည် ကွန်ကရစ်နှင့် အုတ်တို့ထက် ပိုမိုကောင်းမွန်ပါသည်။ သို့သော် သံသည် အဆဖေါင်းများစွာ ဈေးပိုကြီးသည့်အတွက် အုတ်၊ ကွန်ကရစ်တို့ဖြင့် ရောစပ်အသုံးပြုကြလေ့ ရှိသည်။


ကြွပ်ဆတ်သည့်အုတ်နှင့် ကွန်ကရစ်ကို ဖိအားပေးကြည့်ပါက အနည်းငယ်သာ ပုံပျက်ကျိုး၀င်သွားပြီး ၎င်း၏ အမြင့်ဆုံးခံနိုင်ရည်အားကို ရောက်သည့်အခါ ရုတ်တရက်ပြတ်ထွက်သွားသည်ကို တွေ့ရမည်။ ကွေးညွှတ်လွယ်သည့် သံချောင်းကို ဆွဲကြည့်လျှင် ပြတ်ထွက်မသွားမီ အတော်များများ ရှည်ထွက်လာပြီး နောက်တဆင့် အမြင့်ဆုံး ခံနိုင်ရည်အားကို ရောက်ပြီး သောအခါမှသာ ပြတ်ထွက်သွားသည်ကို တွေ့ရပေမည်။ အဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်းတွင် အသုံးပြုသော ပစ္စည်းများအနက် သံချောင်းသည် ကွေးညွှတ်လွယ်ပြီး အုတ်နှင့် ကွန်ကရစ်မှာ ကြွပ်ဆတ်သည်။ ပုံ ၂ တွင် ကြည့်ပါ။



ပုံ (၂) အရာဝတ္ထုများ၏ ဝန် ခံနိုင်အား စမ်းသပ်ပုံ

အုတ်နှင့် ကွန်ကရစ် အဆောက်အအုံများတွင် သံချောင်းကို အားကူပစ္စည်းအဖြစ် ထည့်သွင်း အသုံးပြုကြလေ့ရှိသည်။ ယခုအခါ လူသုံးများလာသော သံကူကွန်ကရစ် (Reinforced Concrete) အဆောက်အအုံဆိုသည်မှာ သံနှင့် ကွန်ကရစ်ကို တွဲစပ်အသုံးပြုထားသော အဆောက်အအုံများကို ခေါ်ဝေါ်ခြင်း ဖြစ်သည်။ ယင်းသို့ တွဲစပ်အသုံးပြုသည့်အခါ ထည့်သွင်းရမည့် သံချောင်းအရေအတွက်နှင့် ထည့်သွင်းမည့်နေရာများမှာ လွန်စွာ အရေးကြီးသည်။ ဥပမာ သံကူကွန်ကရစ် ယက်မတစ်ချောင်းတွင် သံချောင်းကို ကွန်ကရစ်၏ခံနိုင်ရည်ထက် လျော့ပြီး ထည့်သွင်းအသုံးပြုလေ့ရှိသည်။ သို့မှသာ ယက်မ၏ ခံနိုင်ရည်ကို ကျော်လွန်သွားသည့်အခါ သံချောင်း ဦးစွာရှည်ထွက်လာပြီး ယက်မတွင် အက်ကြောင်းများပေါ်လာမည်ဖြစ်သောကြောင့် ကြိုတင်သိရှိပြီး အန္တရာယ် ကာကွယ်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် သံကူကွန်ကရစ် အဆောက်အအုံများတွင် သံချောင်းကို လိုအပ်သည်ထက်ပို၍ အပြောက်အများ ထည့်သွင်းအသုံးမပြုသင့်ပေ။


အလားတူ အဆောက်အအုံတစ်ခုလုံးကို ခြုံငုံပြီး ကွေးညွတ်နိုင်စွမ်းရှိအောင် ပြုလုပ်ကြည့်ကြပါစို့။ ချိန်းကြိုးတစ်ခုကို ကြည့်ပါ။ (ပုံ ၃)။ ဆွဲအားကို တဖြည်းဖြည်း တိုးလိုက်သည့်အခါ ခံနိုင်ရည်အား အနည်းဆုံးကွင်းဆက်မှာ ပြတ်ထွက်သွားပေလိမ့်မည်။ အကယ်၍ ကွေးညွတ်လွယ်သည့် ကွင်းတစ်ခုကို ချိန်းကြိုးတွင် ထည့်လိုက်ပါက ချိန်းကြိုးပြတ်ထွက်မသွားတော့ဘဲ ရှည်ထွက်လာသည်ကို တွေ့ရမည်။



ပုံ (၃) ကွေးညွတ်လွယ်သော ချိန်းကြိုးပုံစံ

အဆောက်အအုံများ၏ ငလျင်ဒဏ်ခံဒီဇိုင်း

ထို့ကြောင့် အဆောက်အအုံများကို ကွေးညွတ်လွယ်သည့် ချိန်းကြိုးကဲ့သို့ တည်ဆောက်သင့်သည်။ အဆောက်အအုံ၏ အစိတ်အပိုင်းများ ကွေးညွတ်နိုင်မှုရှိရန် လိုအပ်သည်။ သာမန် သံကူကွန်ကရစ် အဆောက်အအုံတစ်ခုတွင် ယက်မများ (Beams)နှင့် တိုင်များ (Columns) ပါဝင်သည်။ တိုင်တစ်လုံးကျိုးသွားလျှင် အဆောက်အအုံတစ်ခုလုံး ပြိုကျသွားမည်ဖြစ်သည်။ သို့သော် ယက်မတစ်ခု ပျက်စီးသွားပါက ၎င်းထမ်းထားသည့် နေရာတစ်ကွက်ကိုသာ ထိခိုက်မှု ဖြစ်စေပေမည်။ ထို့ကြောင့် တိုင်နှင့် နှိုင်းယှဉ်လျှင် ယက်မများကို ကွေးညွတ်လွယ်ရန် ပိုလုပ်သင့်ပါသည်။ ၎င်းကို အားကောင်းသည့်တိုင်နှင့် အားပျော့သော ယက်မ (strong column weak beam) နည်းလမ်းဟု ခေါ်ပါသည်။ ပုံ ၄ ကို ကြည့်ပါ။



ပုံ (၄) သံကူကွန်ကရစ် အဆောက်အဦဒီဇိုင်းပုံ - အားကောင်းသော ထောက်တိုင်နှင့် အားပျော့သော ယက်မဒီဇိုင်း ဖြစ်ရမည်။ ထောက်တိုင်နှင့်ယက်မ အရွယ်အစားများ၊ ထည့်သွင်းသော သံချောင်းပမာဏများ မှန်ကန်မှု ရှိရမည်။

ဆောက်လုပ်ရေးလုပ်ငန်း အရည်အသွေးထိန်းသိမ်းခြင်း

အကယ်၍ အဆောက်အအုံတစ်ခုရှိ တိုင်များ၏ ဖိအား ခံနိုင်ရည်သည် လိုအပ်သောတန်ဖိုးထက် လျော့နည်းနေလျှင် ငလျင်ဒဏ်ခံဒီဇိုင်း၏ အယူအဆမှာ ပျက်ယွင်းသွားပေလိမ့်မည်။ အဆောက်အအုံ အစိတ်အပိုင်းများ၏ ခံနိုင်ရည်သည် အသုံးပြုသည့်ပစ္စည်းများ၏ အရည်အသွေး၊ ကျွမ်းကျင်မှု၊ ဆောက်လုပ်ရာတွင် ကြီးကြပ်နိုင်မှုနှင့် ဆောက်လုပ်သည့် နည်းလမ်းများပေါ်တွင် မူတည်နေပါသည်။ သတ်မှတ်ထားသော စံချိန်စံညွှန်းများကို အတိအကျလိုက်နာနိုင်မှုသည် ငလျင်ဒဏ်ခံ အဆောက်အအုံတစ်ခုအတွက် မရှိမဖြစ် လိုအပ်ပါသည်။ ဆောက်လုပ်ရေးပစ္စည်းများ၏ အရည်အသွေးကို ပုံမှန်စစ်ဆေးသပ်ခြင်း၊ အတတ်ပညာသင်တန်းကျောင်းများတွင် အလုပ်သမားများကို သေချာစွာလေ့ကျင့်ပေးခြင်းနှင့် လုပ်ငန်းခွင်အတွင်း စောင့်ကြည့် အကဲဖြတ်ခြင်းတို့သည်ကောင်းမွန်သောအရည်အသွေးထိန်းသိမ်းခြင်း နည်းလမ်းများပင်ဖြစ်သည်။

ဘာသာပြန်ဆိုသူ
မြန်မာနိုင်ငံ မြေလျှင် ကော်မတီ
မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၊ ရန်ကုန်ခြို့.

ရည်ညွှန်း


C.V.R.Murty, Indian Institute of Technology Kanpur, India / Earthquake Tips Volume 9 ကို ဆီလျော်အောင် ဘာသာပြန်ပါသည်
This publication has been produced by UN-Habitat in collaboration with Myanmar Engineering Society, Myanmar Geoscience Society, Myanmar Earthquake Committee supported by Norwegian Ministry of Foreign Affairs and European Humanitarian Aid and Civil Protection.

မြေငလျင်မိတ်ဆက်
Earthquake Tips

ကွေးညွတ်လွယ်တဲ့ အဆောက်အအုံဟာ ငလျင်ဒဏ်ကို ဘယ်လိုတုံ့ပြန်သလဲ

ကွေးညွတ်လွယ်သော အဆောက်အအုံများ တုန်ခါပုံ

လျင်လှုပ်သောအခါ အဆောက်အအုံ အောက်ခြေသည် မြေပြင်နှင့်အတူ ရွေ့သွားပြီး အဆောက်အအုံသည် ရှေ့တိုးနောက်ငင် ရမ်းခါသွားပေမည်။ ကြီးမားသော ကြိုးတစ်ချောင်းကိုယူကာ အဆောက်အအုံတစ်ခု၏ ခေါင်မိုးတွင်ချည်ပြီး တခြားတစ်ဘက်မှ ထွန့်စက် တစ်စီးဖြင့်ဆွဲပါက အဆောက်အအုံသည် ထွန့်စက်ဆွဲသောဖက်သို့ယိုင်သွားမည်။ ၄င်းကြိုးကို ဖြတ်လိုက်ပါက အဆောက်အအုံသည် ရှေ့တိုးနောက်ငင် လွှဲယမ်းပြီး မကြာခင်မှာပင် မူလအနေအထားသို့ ပြန်ရောက်သွားမည်။ ပုံ (၁-ခ)ကို ကြည့်ပါ။ ယင်းကဲ့သို့ ရှေ့တိုးနောက်ငင် လွှဲယမ်းမှုဖြစ်စဉ်ကို အဆောက်အအုံ၏ လွှဲချိန် (natural period)ဟု ခေါ်သည်။ အဆောက်အအုံ၏ လွှဲချိန်သည် အဆောက်အအုံ၏ ကွေးညွတ်လွယ်မှု (flexibility) နှင့် ထုထည် (mass) တို့ပေါ်တွင် မူတည်နေသည်။ ကွေးညွတ်လွယ်လေလေ သို့မဟုတ် ထုထည်ကြီးလေလေ၊ လွှဲချိန်များလေလေ ဖြစ်သည်။ မြင့်သောအဆောက်အအုံများသည် လွှဲချိန် (natural period) များပြီး နိမ့်သောအဆောက်အအုံများမှာ လွှဲချိန် (natural period) နည်းသည်။




ပုံ (၁) အဆောက်အဦ တစ်လုံး၏ ရှေ့တိုး နောက်ငင် လွှဲယမ်း ရွေ့လျားပုံ

လွှဲချိန်သည် အဆောက်အအုံတစ်ခု၏ သဘာဝဂုဏ် သတ္တိ ဖြစ်သည်။ အဆောက်အအုံကို အပြောင်းအလဲလုပ်ပါက လွှဲချိန် တန်ဖိုး ပြောင်းသွားမည် ဖြစ်သည်။ အကြမ်းအားဖြင့် လွှဲချိန် (natural period) သည် အဆောက်အအုံအထပ်၏ ဆယ်ပုံတစ်ပုံ ရှိသည်။

ကွေးညွတ်လွယ်ခြင်း၏ အရေးပါပုံ

ငလျင်လှုပ်လျှင် မြေကြီးလည်း ငလျင်လိုင်း အတိုအရှည် အမျိုးမျိုးဖြင့် လှုပ်ယမ်းသွားသည်။ ခါယမ်းမှုတစ်ပတ်ပြည့်ရန် ကြာသောအချိန်ကို ငလျင်လိုင်း၏ လွှဲချိန် (period of earthquake wave) ဟု ခေါ်သည်။ အဆောက်အအုံတစ်ခု၊ နေရာတစ်ခုအတွက် ငလျင်လိုင်းများ၏ပြင်းအားသည် ငလျင်ပြင်းအား၊ ငလျင်ဗဟို အကွာအဝေးနှင့် ငလျင်လိုင်းဖြတ်သွားရသော မြေအမျိုးအစားတို့ပေါ်တွင် မူတည်သည်။

မြို့တစ်မြို့ရှိ အဆောက်အအုံပုံသဏ္ဌာန်အမျိုးမျိုးကို ၄င်းတို့၏ လွှဲချိန်အပေါ် မူတည်ပြီး အမျိုးအစားခွဲခြားနိုင်သည်။ အဆောက်အအုံအောက်ရှိ မြေပြင်လှုပ်ရှားမှုသည် နေရာနှင့် အောက်ခံမြေသားပေါ်တွင် မူတည်ပြီး အမျိုးမျိုးကွဲပြားနိုင်သည်။ လိုင်းတိုငလျင်လိုင်းများသည် လွှဲချိန်တိုသော အဆောက်အအုံများကို ပျက်စီးစေနိုင်ပြီး ငလျင်လိုင်းရှည်များကြောင့် လွှဲချိန်ရှည်သောအဆောက်အအုံများကို ပို၍ပျက်စီးစေနိုင်သည်။



ပုံ (၃) ပြင်းထန်သော ငလျင်ကြောင့် မြေကြီးလှုပ်ယမ်းမှုသည် အမျိုးမျိုးသော ကြမ်းနှန်းရှိသည့် ဓါတ်မျိုးညီလိုင်းတွန့်များ ဖြစ်စေပုံ

ဘာသာပြန်ဆိုသူ
မြန်မာနိုင်ငံ မြေငလျင် ကော်မတီ
မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၊ ရန်ကုန်မြို့

ရည်ညွှန်း

C.V.R.Murty, Indian Institute of Technology Kanpur, India / Earthquake Tips Volume 10 ကို ဆီလျော်အောင် ဘာသာပြန်ပါသည်

This publication has been produced by UN-Habitat in collaboration with Myanmar Engineering Society, Myanmar Geoscience Society, Myanmar Earthquake Committee supported by Norwegian Ministry of Foreign Affairs and European Humanitarian Aid and Civil Protection.



မွေခံထိုက်စေ

❖ ယဉ်ကျေးမှုမွေအနှစ်
သား မြေး မြစ် သူတို့ဆီ
ပေးထားခဲ့ပြီ။
မျိုးဆက်သစ်သားတို့သည်
ချစ်ရမည် သက်ထက်ဆုံး။
မျိုးအနွယ်စဉ်အဆက်
မပျက်မသုဉ်း။

❖ မျိုးချစ်စိတ်မွေအနှစ်
သား မြေး မြစ် သူတို့ဆီ
ပေးထားခဲ့ပြီ။
သား မြေး မြစ်အားလုံးသည်
ချစ်ရမည် သက်ထက်ဆုံး။
ဘယ်သူတွေ ဘယ်လိုဖျက်ဖျက်
မပျက်မသုဉ်း။

❖ ဇာတိဂုဏ်မွေအနှစ်
သား မြေး မြစ် သူတို့ဆီ
ပေးထားခဲ့ပြီ။
မျိုးနွယ်ဆက် အားလုံးသည်
ထိန်းရမည် သက်ထက်ဆုံး။
ဆွေမျိုးတွေစဉ်အဆက်
မပျက်မသုဉ်း။

❖ မိဘနှင့် ဘိုးဘွားများ
ပေးထားခဲ့မွေအနှစ်သည်
သား မြေး မြစ် အသည်းထဲ
စွဲနှစ်ရမည်။
သို့မှသာ သားတို့သည်
ဝီပြင်လိမ့်မွေခံထုံး။
မပျောက်ပျက် မယိုင်ယိမ်းအောင်
ထိန်းသိမ်းသက်ဆုံး။ ။

အောင်ထွန်းလင်း(ချောက်)

ဘဝဆရာ သို့မဟုတ်

❖ အပင်လှ၏
လှသည့်အပင်၊ စိမ်းစိုလွင်ရန်
သင့်တွင်တာဝန်ရှိပါသည်။

❖ အပွင့်လှ၏
လှသည့်အပွင့်၊ ငွားငွားစွင့်ရန်
သင့်တွင်တာဝန်ရှိပါသည်။

❖ ပင်စည်လှ၏
လှသည့်ပင်စည်၊ ခိုင်ခံ့တည်အောင်
ရေရှည်စောင့်ရှောက်ရပါမည်။

❖ ကိုယ်မပိုင်ပြီ၊ ဆိုမည်ရဲမှ
ဘဝတာဝန်၊ မကျေပွန်နိုင်
ကိုယ်မဆိုင်ပြီ၊ သွေဖည်ရဲမျှ
ဘဝလူသား၊ ဝတ္တရားမပီ
လူဆိုသည်မှာ၊ တွယ်မှီလက်ချင်း
သွေးတစ်ခင်းနှင့်၊ ဆွေရင်းပေါက်ဖော်
အမျိုးသေါ်သည့်၊ လဲသော်ထူမ
နိမ့်ကမြှင့်တင်၊ မြင့်လျှင်ပီတိ
ကြည်နူးကြည့်ပါ၊ မုဒိတာယှဉ်
သနားကြင်လျက်၊ ပျက်လျှင်ပြင်ပေး
နွေးနွေးထွေးနှင့်၊ ဆိုရေးရှိက
ဆိုအပ်လှ၏၊ ဘဝဆရာ
သင်လည်းပါ၏၊ တာဝန်တွေရှိ
သည်အသိနှင့်၊ လှသည့်အပင်
လွင်သည့်အပွင့်၊ တင့်သည့်အရောင်
ဆောင်သည့်ရနံ့၊ မြေမိုးနံ့မျှ
အစွန့်ရှည်ကြောနိုင်စေသတည်း။ ။

မောင်လွမ်းနိုင်(စံပယ်ဇံ)



လစဉ်စာတ်ပုံပြိုင်ပွဲများ

အကြီးတန်းစံပြမယ် စာတ်ပုံပြိုင်ပွဲ

MODEL နန်းဦးခင်

သန့်စင်



ပထမ

ဦးသန့်ဇင်



ဒုတိယ
ဇွဲသီထက်(ခ)
မောင်ညီညီ



တတိယ
မေတောလွင်

မြန်မာနိုင်ငံဓာတ်ပုံအသင်း

လစဉ်ဓာတ်ပုံပြိုင်ပွဲများ

ပြင်ပရိုက်ကူးရေး(OUTING)အစီအစဉ်

“ဂလွန်-ဓနုဖြူ” ခရီးစဉ်

သန့်စင်







ဒုတိယ
သွယ်သွယ်ထွန်း



တတိယ
ရဲကျော်သူ

❖ ပိုက်ကွန်ကိုထမ်းပါလို့
ကမ်းစပ်မှာ ခေါက်တဲ့ ပြန်။
တံငါအိုမာန်မကျ
နွမ်းလျ ပူပန်။
ငါးရမှ ဝမ်းရေးမှန်
အိမ်အပြန်သာစေရေး။
ကွန်တစ်ချက်လွှား အချမှာဖြင့်
ငါးရဖို့တွေး။

❖ ပိုက်ကွန်ကိုအသာမ
လှုပ်ရှတဲ့ ငါးတွေမြင်။
တံငါအို ဘဝင်လန်းလို့
ချမ်းမြေ့ပျော်ရွှင်။
မိသားစုတွယ်နှောင်ငင်
သံယောဇဉ်အပူမီး။
သားကျွေးမှု မယားကျွေးမှုက
ထောင်းထုဖိစီး။

❖ ငါးတွေမြင်သူပျော်ပိုက်လှ
သူဘဝ သူမမြင်။
သမုဒယန္တံပိုက်ကွန်တွင်း
ဆင်းရသူပင်။
မီးရောင်ကိုရွှေတောင်ထင်
ပုထုဇဉ်ငမိုက်သား။
ရာဂနှောင်လောင်မြိုက်တဲ့
ကာမဘောင်အမှောင်တိုက်မှာ
(အသင်လည်းလေ)...
ပိုက်ထဲကငါး။ ။

မင်းသစ်ဝင်း(ကျောက်တံခါး)

သမုဒ္ဒယ မျက်ကန်း



စာသင်ခန်းထဲတွင် အပ်ကျသံပင် မကြားရလောက်အောင်ပင် တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။

ဆရာဦးသိန်းအောင်က ကျောင်းသား၊ ကျောင်းသူများအားလုံးရှေ့တွင် စာအုပ်တစ်အုပ်ကိုင်၍ မတ်တတ်ရပ်နေသည်။ ကျောင်းသားအားလုံးကို စိတ်ကုန်နေသည့် ပုံစံဖြင့်ကြည့်နေသည်။ ကျောင်းသားများမှာလည်း ကိုယ့်အပြစ်ကိုယ် သိနေကြသည်။ ဆရာကြီးကိုလည်း မကြည့်ဝံ့ကြသောကြောင့် ခေါင်းများကိုငုံ့ထားသည်။ ခဏအကြာတွင် . . .

စိန်းထောက်ဖြူ

ဇော်ဇော်ကျော်သူ



“သိပ်လည်း အထင်ကြီးမနေပါနဲ့ကွာ၊ ကျောင်းမှန်မှန်တက်၊ စာမှန်မှန်လုပ်၊ ကျူရှင်ကိုအားမကိုးဘဲ ကျောင်းက ဆရာရှင်းပြတာကိုသေချာအာရုံစိုက်ပြီး ဂရုတစိုက်နားထောင်၊ ဒါဆိုရင် ဘယ်သူမဆို စာတော်မှာပါကွာ၊ မင်းလည်း ကြိုးစားရင်ဖြစ်ပါတယ်...”

“ဒီအတန်းထဲမှာ ဆယ်တန်းကို နှစ်ချင်းပေါက်အောင်မယ့်သူ တစ်ယောက်ပဲရှိတယ်” ဆိုသော ဆရာဦးသိန်းအောင်၏ အသံမှာ ဟိန်းထွက်သွားသည်။

ဆရာဦးသိန်းအောင်သည် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၏ သခ်ၤာဆရာတစ်ဦးဖြစ်သည်။ နဝမတန်းကျောင်းသား၊ ကျောင်းသူများကို သင်ကြားပြသရသည်။

ဆရာဦးသိန်းအောင်ပြောလိုက်သော ဆယ်တန်းအောင်မည့်သူဆိုသည်မှာ ကျော်ကြီးကို ရည်ရွယ်၍ပြောလိုက်မှန်း ကျောင်းသားအားလုံးက သိနေသည်။ ကျော်ကြီးကိုယ်တိုင်လည်း သိသည်။ အကြောင်းမှာ ဆရာကြီးက အိမ်စာအနေဖြင့် တွက်ခိုင်းလိုက်သောသခ်ၤာသင်ခန်းစာများကို ကျော်ကြီးတစ်ယောက်တည်းကသာ တွက်လာခြင်းကြောင့်ဖြစ်သည်။

ထို့အပြင် ဆရာများ၏သင်ကြားမှုနှင့် သွန်သင်ဆုံးမမှုများကို လိုက်နာသည်။ ယဉ်ကျေးလိမ္မာပြီးပေးလိုက်သည့်အိမ်စာများကို မှန်မှန်ပြုလုပ်သည်။ ကျောင်းမှန်မှန်တက်၍ စာကြိုးစားသည်။ စာတော်သည်။ ဉာဏ်ကောင်းသည်။ စသည့်ကျော်ကြီးအကြောင်းများကို စာသင်ခန်းတွင်သင်ကြားပြလျက်ရှိသော ဆရာ၊ ဆရာမများက ပန်းသတင်းလေညင်းဆောင်ဆိုသကဲ့သို့ တစ်ဆင့်စကား တစ်ဆင့်ကြားကာ သိနေကြသည်။

တစ်ခါကဆိုလျှင် မြန်မာစာဆရာမက စာသင်ရင်းဖြင့်...

“ကမ္ဘာမှာ လောကကြီးဘယ်နှစ်ခုရှိလဲဖြေကြစမ်း” ဟု ကောက်ကာင်ကာမေးလိုက်ရာ အတော်ကြာသည့်တိုင်အောင်ပင် မည်သူမှမဖြေနိုင်ကြဘဲဖြစ်နေခဲ့သည်။

ထိုစဉ် ကျော်ကြီးက သူ့အဘကြီးဘုရားရှိခိုးလျှင် အမြဲတမ်းပါတတ်သော “သတ္တလောက၊ ဩကာသလောက၊ သင်္ခါရလောကတည်းဟူသော လောကသုံးခွင်ကို အကုန်အစင်သိမြင်တော်မူသော မြတ်စွာဘုရား” ဆိုသည်ကို သတိရလိုက်၍–

“သိပါတယ်ဆရာမ” ဟု မတ်တတ်ရပ်၍ဖြေလိုက်မိရာ ဆရာမနှင့်အခန်းထဲရှိ ကျောင်းသား၊ ကျောင်းသူများ၏အကြည့်များက ကျော်ကြီးအပေါ်သို့ စုပြုံရောက်ရှိလာပြီး ဆရာမက...

“ကဲ... ဒါဆိုပြောပါအုံး၊ ဘာလောကတွေလဲဆိုတာ”

“သတ္တလောက၊ ဩကာသလောက၊ သင်္ခါရလောကပါဆရာမ”

“အေး...ဟုတ်တယ်၊ တော်တယ်” ဟုဆိုကာ ဗလာစာအုပ်တစ်အုပ် ဆုချခံခဲ့ရဖူးသည်။

ထို့ကြောင့် စာသင်ခန်းထဲရှိ ကျောင်းသား၊ ကျောင်းသူများကလည်း ဗဟုသုတအရာကအစ သူတို့ထက်သာသည်ဟုလက်ခံထားကြသည်။ သူတို့နားမလည်၍မတွက်တတ်၊ မလုပ်တတ်သောဘာသာရပ်များကို ကျော်ကြီးအား ပြန်လည်ရှင်းပြခိုင်းလေ့ရှိသည်။ ကျော်ကြီးကလည်း သူတို့ကိုရှင်းပြလျှင် ကိုယ်ကိုယ်တိုင်ပို၍ စာကျေညက်သည်ဟု သဘောပေါက်ထားသည့်



အတွက် ဂရုတစိုက်ရှင်းပြတတ်သည်။

“ငါ မင်းကိုအားကျလိုက်တာကွာ၊ အခန်းထဲမှာ မင်းက တကယ့်ကို ဂရိတ်(Great)ပဲ၊ ခုလိုစာရှင်းပြတဲ့အတွက်လည်း မင်းကိုကျေးဇူးတင်ပါတယ်”

စာသင်ခန်းထဲတွင် စာညံ့သည်ဟုဆိုနိုင်သော ဟိန်းထက်သည် သူနားမလည်သည့်စာများကိုရှင်းပြနေသော ကျော်ကြီးအား သေချာစိုက်ကြည့်၍ပြောလိုက်ခြင်းဖြစ်သည်။

“သိပ်လည်း အထင်ကြီးမနေပါနဲ့ကွာ၊ ကျောင်းမှန်မှန်တက်၊ စာမှန်မှန်လုပ်၊ ကျူရှင်ကိုအားမကိုးဘဲ ကျောင်းက ဆရာရှင်းပြတာကိုသေချာအာရုံစိုက်ပြီး ဂရုတစိုက်နားထောင်၊ ဒါဆိုရင် ဘယ်သူမဆို စာတော်မှာပါကွာ၊ မင်းလည်း ကြိုးစားရင်ဖြစ်ပါတယ်”ဟု ပြန်ပြောလိုက်သောအခါ ဟိန်းထက်သည် လက်မထောင်ကာ ပြုံးစိစိဖြင့် ထွက်သွားခဲ့သည်။

ဤသို့ဖြင့် ကျော်ကြီးသည် နဝမတန်းစာမေးပွဲကိုအောင်မြင်စွာဖြတ်ကျော်နိုင်ခဲ့ပြီး ဒသမတန်းကိုရောက်ရှိလာခဲ့သည်။

(၂)

ဒသမတန်းသည် လူတစ်ယောက်၏ဘဝကို အဆုံးအဖြတ်ပေးသော စာမေးပွဲတစ်ခုဟုယူဆကြသည်။ ထို့ကြောင့် ဒသမတန်းက နတ်ကြီးသည်ဟုလည်း ဆိုကြသည်။ ဒသမတန်းအောင်ခြင်း၊ မအောင်ခြင်းကလည်း အဆင့်အတန်းတစ်ခုကို ခွဲခြားထားကြသည်။ မိဘများသည် ဒသမတန်းအောင်ရန်အတွက် ကုန်ချင်သလောက် ကုန်ပါစေ အဆင်သင့်ဖြစ်နေတတ်ကြသည်။ မပြေလည်သည့် မိဘများဖြစ်လင့်ကစား မရှိမဲ့၊ ရှိမဲ့ပစ္စည်းများကို ပေါင်နှံရောင်းချ၍ထားတတ်ကြသည်။ အကောင်းဆုံးကျူရှင်များတွင် ရွေး၍ထားတတ်ကြသည်။

“ ငါ့သားတဲ့ မင်းမှာ အမေနဲ့ အဖေလည်းမရှိတော့ဘူး၊ ဦးလေး၊ အန်တီ၊ ဒေါ်လေးဆိုတာတွေကလည်း ကမ္မသကာတဲ့၊ အဲဒါကြောင့် ကိုယ့်ဒူးကိုယ်ချွန်ပြီး ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်အောင် လုပ်ရမှာတဲ့၊ အဲဒီတော့ စာကိုသာ ဖိကြိုးစားပါ ငါ့သားရယ်တဲ့၊ အဲဒါကြောင့် ငါစာကြိုးစားနေတာကွ... ”

“သူငယ်ချင်း မင်းက စာတော်လှချည်လား၊ ဘယ်ကျူရှင်မှာ တက်တာလဲ” ဟု ကိုဖြိုးက ကျော်ကြီးကိုမေးသည်။

ကိုဖြိုးသည် အခြားအထက်တန်းကျောင်းမှ ပြောင်းလာသူဖြစ်သည်။ အသားဖြူသည်။ မျက်လုံး၊ မျက်ခုံးကောင်းသည်။ ရုပ်ရည်ချောမောသည်။ သဘောလည်း အလွန်ကောင်းသည်။ ထိုအချက်များကြောင့် အတန်းထဲရှိ ကောင်မလေးများက ကိုဖြိုးကို အင်မတန်စိတ်ဝင်စားကြသည်။ ကျော်ကြီးနှင့် ကိုဖြိုးသည် တတိယခုံတွင် ဘေးချင်းကပ် အတူတူထိုင်ကြသည်။ ကျောင်းဖွင့်ပြီး သိပ်မကြာခင်မှာပင် ရင်းနှီးသောသူငယ်ချင်းများ ဖြစ်ခဲ့ကြသည်။ ယခုလည်း ဆရာက သင်ပုန်းတွင် လေ့ကျင့်ခန်းများရေးပြီး တွက်ခိုင်းထားသဖြင့် အတူတူတွက်နေရင်းက မေးလိုက်ခြင်းဖြစ်သည်။

“ငါက ကျူရှင်မတက်ဘူးကွ၊ တက်လည်း မတက်နိုင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ငါတို့မှာ ဝင်ငွေဆိုလို့ ငါ့အဘကြီး ပင်စင်လစာလေးပဲရှိတာကွ” ဟု ပြောလိုက်သောအခါ ကိုဖြိုးက စိတ်ဝင်စားသွားသည့် ပုံစံဖြင့် ဘောပင်ကိုချကာ ကျော်ကြီးဘက်ကို လှည့်၍...

“မင်းအဖေနဲ့ အမေကရော”

“ငါ့ အဖေနဲ့အမေက ငါ ငါးတန်းနှစ်လောက်ကတည်းက မရှိကြတော့တာ၊ အဖေကတော့ အရက်ကြောင့်တဲ့၊ အမေကတော့ မွေးရာပါကို ချူချာတာလို့ပြောကြတာပဲ”

“ဒါဆို မင်းနဲ့မင်းဘကြီးနှစ်ယောက်တည်းနေတာပေါ့”

“အေး ဟုတ်တယ်လေ၊ တစ်ခါတလေတော့ အန်တီကြီးတို့လင်မယားက အဘကို ပြုစုရအောင်ဆိုပြီး တစ်လ၊ နှစ်လလာလာနေကြတယ်” ဟုပြောနေစဉ်တွင်–

“ဂလောင် . . . ဂလောင် . . . ဂလောင်” ဆိုသော ကျောင်းဆင်းသံချောင်းခေါက်မည်၍လာသည်။

“ကဲ...သူငယ်ချင်း မုန့်စားကျောင်းဆင်းပြီ၊ အချိုရည်လေးဘာလေး သွားသောက်ရအောင်’ဟုဆိုကာ ကျော်ကြီးလက်ကိုဆွဲလိုက်သည်။

ကျော်ကြီးက ကိုဖြိုးကိုကြည့်လိုက်ပြီး

“ငါ့မှာ ပိုက်ဆံမပါဘူးနော်”

“မင်းကလည်း ပြောနေသေးတယ်၊ ငါနဲ့သွားရင် မင်း ပိုက်ဆံရှင်းရဖူးလို့လား၊ လာ...သွားမယ်”

ကျော်ကြီးနှင့်ကိုဖြိုးတို့သည် ကျောင်းဝန်းဇ၀်မုန့်ဆိုင်တန်းဘက်သို့သွား၍ အချိုရည်ဘူးများကိုဝယ်ကာ ပြန်လာခဲ့ကြသည်။ ကိုဖြိုးက ကျော်ကြီးပခုံးကိုဖက်၍ အချိုရည်ကို မော့သောက်လိုက်သည်။ ပြီးနောက်

“မင်းက ကျူရှင်မတတ်ဘဲနဲ့ ဘာလို့ဒီလောက်ကြီးတော်နေရတာလဲ၊ ငါဖြင့် ကျူရှင်တက်တာတောင် သိပ်နားမလည်ချင်ဘူး”

“ဒါကတော့ကွာ ငါ့ဘကြီးကကျောင်းဆရာတစ်ယောက်မို့ပါ၊ မသိတာ၊ မရှင်းတာရှိရင် အဘကြီးကိုမေးလို့ရတယ်လေ၊ ပြီးတော့ ငါ့ဘကြီးက ငါ့ကိုအမြဲပြောထားတာ



တစ်ခုရှိတယ်၊ ငါ့သားတဲ့ မင်းမှာ အမေနဲ့ အဖေလည်းမရှိတော့ဘူး၊ ဦးလေး၊ အန်တီ၊ ဒေါ်လေးဆိုတာတွေကလည်း ကမ္မသကာတဲ့၊ အဲဒါကြောင့် ကိုယ့်ဒူးကိုယ်ချွန်ပြီး ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်အောင် လုပ်ရမှာတဲ့၊ အဲဒီတော့ စာကိုသာ ဖိကြိုးစားပါ ငါ့သားရယ်တဲ့၊ အဲဒါကြောင့် ငါစာကြိုးစားနေတာကွ”

“အေးပါကွာ . . . မင်းလည်း မင်းဘဝနဲ့ မင်းကို၊ အဲဒါတွေ ထားလိုက်ပါတော့၊ ကျောင်းတက်တော့မယ် အခန်းထဲမြန်မြန်သွားရအောင်”

“အေး . . . အေး” ဟုဆိုကာ ကျော်ကြီးတို့နှစ်ယောက်သည် တစ်ယောက်ပခုံးတစ်ယောက်ဖက်၍ သုတ်သုတ်သုတ်သုတ်ဖြင့် စာသင်ခန်းထဲကိုပြန်သွားခဲ့ကြသည်။

(၃)

ကျော်ကြီးနှင့်ကိုဖြိုးသည် ကျောင်းဝန်းအတွင်းရှိ မန်ကျည်းပင်ကြီးအောက်တွင် အချေအတင်ငြင်းခုံပြောဆိုဆွေးနွေးနေကြသည်။

“မင်းကွာ . . . ငါ ကျောင်းမပြေးတတ်ဘူးဆိုတာကိုလည်း သိရဲ့သားနဲ့၊ မကူညီနိုင်ဘူးကွာ” ဟုဆိုကာ ကိုဖြိုးကို မျက်နှာလွှဲ၍ ကျောပေးထားလိုက်သည်။

ကိုဖြိုးကလည်း ကျော်ကြီးမျက်နှာရှေ့တည့်တည့်ကိုလာရပ်ပြီး...

“မင်းကလည်းကွာ ငါ့မှာတွဲသွားတွဲလာပေါင်းတဲ့သူငယ်ချင်းဆိုလို့ မင်းကလွဲပြီး ဘယ်သူရှိလို့လဲ မင်းစဉ်းစားကြည့်ပါအုံး၊ အဲဒီတော့ မင်းကိုအကူအညီမတောင်းရင် ဘယ်သူ့ကိုအကူအညီတောင်းရမှာလဲ”

“အဲဒါဆို ရှေ့က ကျောင်းတက်မှန်ခဲ့တဲ့ဟာတွေကို ဒီတစ်ကြိမ်ထဲနဲ့ သဲထဲရေသွန်ပစ်သလို ထားလိုက်ရမှာလား၊ ပြီးတော့ ငါက မင်းတို့လို ကျူရှင်တက်တဲ့

ကောင် မဟုတ်ဘူး၊ အဲဒီတော့ တစ်နေ့ ကျောင်းပျက်လို့ သင်ခန်းစာကွင်းဆက်ပြတ်သွားရင် ပြန်လိုက်ရခက်တယ်ကွ''

''အေးပါသူငယ်ချင်းရာ၊ ငါကလည်း မင်းရဲ့ဘဝအခြေအနေနဲ့ခံစားချက်ကို နားလည်ပါတယ်၊ ဒီကျောင်းထဲမှာ မင်းကို နားအလည်ဆုံးကလည်း ငါပဲမဟုတ်ဘူးလား၊ ဒီကျောင်းထဲမှာ ပိုက်ဆံနဲ့ပတ်သက်ပြီး သူများနဲ့ယှဉ်ရင် မင်းမျက်နှာမငယ်ရအောင် ထားနေတာရော ငါပဲမဟုတ်ဘူးလား''

ပိုက်ဆံဆိုသည့်အသံကြား၍ ကိုဖြိုးကို ဖျပ်ခနဲကြည့်လိုက်မိသည်။ ကိုဖြိုးကလည်း ကျော်ကြီးအကြည့်ကို နားလည်လိုက်သဖြင့်...

''ဆောရီးကွာ၊ ငါအပြောမှားသွားတယ်''ဟုဆိုကာ ခေါင်းကိုငုံ့လိုက်သည်။ ခဏအကြာတွင် ခေါင်းကိုပြန်မော့၍ ''ထားလိုက်ပါတော့ကွာ၊ ဒီတစ်ရက်ထဲတောင် မကူညီနိုင်ဘူးဆိုတော့လည်း ငါ့ကံတရားပေါ့၊ ငါအခင်ဆုံးသူငယ်ချင်းကတောင် မကူညီနိုင်တာ ငါဘာတတ်နိုင်မှာလဲ''ဟုဆိုကာ သွားတော့မည့်ပုံစံ ပြင်လိုက်သည်။

ကိုဖြိုး၏သိမ်ငယ်စွာပြောဆိုလိုက်သော အပြောကြောင့် အနည်းငယ် တွေဝေသွားသည်။ ကျော်ကြီးစာအုပ်လိုအပ်လျှင် သူဝယ်ပေးတတ်သည်။ ဘောပင်လိုအပ်လျှင် သူဝယ်ပေးတတ်သည်။ နောက်ဆုံး ဈေးကြီးပါသည်ဆိုသောလွယ်အိတ်၊ ဖိနပ်ကအစ သူဝယ်ပေးတတ်သည်။ ကျော်ကြီးကို အနိုင်ကျင့်ချင်သည့်ကျောင်းသားများကိုလည်း လူမိုက်ကြီးလုပ်၍ ဖြေရှင်းပေးတတ်သည်။ ထိုအရာများကို တစ်ကွက်ချင်းပြန်မြင်လာသောအခါ စိတ်ထဲတွင် ကူညီသင့်၊ မကူညီသင့်ဆိုသောဆုံးဖြတ်ချက်နှစ်ခုမှာ တစ်လှည့်စီ ပြေးလွှားနေသည်။ နောက်ဆုံးတွင်...

''ငါ ကူညီမယ်၊ ဒါပေမဲ့ ဒီတစ်ရက်ထဲပဲနော်၊ နောင်ကို အခြားသူတစ်ယောက်ကိုပဲ အကူအညီတောင်းရမယ်''

''တကယ်ပြောတာလားသူငယ်ချင်း၊ ကျေးဇူးတင်လိုက်တာကွာ''ဟုဆိုကာ ကျော်ကြီးလက်မောင်းနှစ်ဖက်ကိုကိုင်၍ ညှစ်ထားသည်။

ကိုဖြိုးကိုကြိုက်နေသည့်ကောင်မလေးများ အများအပြားရှိနေသဖြင့် ယခုကဲ့သို့သော ဆယ်တန်းတက်နေစဉ်ကာလတွင် မည်သူ့ကိုမှ ပြန်မကြိုက်ရန် အကြိမ်ကြိမ် သတိပေးခဲ့သည်။ ကိုဖြိုးကလည်း ကျော်ကြီးစကားကိုနားထောင်၍ ပြန်မကြိုက်ရန် ကြိုးစားခဲ့သည်။ သို့သော် မြတ်နိုးဆိုသောကောင်မလေးက မည်သို့မျှမရ။ ကိုဖြိုး ပြန်မကြိုက်သည့်တိုင်အောင် သူမက ဇွဲမလျော့။ မိန်းကလေးဆိုသည်ကိုလည်း ထည့်မတွက်တော့ဘဲ မိန်းမနည်းမိန်းမဟန် အမျိုးမျိုးကိုသုံး၍ ကိုဖြိုးကိုချဉ်းကပ်သည်။ မိန်းမမာယာ သဲကိုးဖျာက သိပ်ကြောက်စရာကောင်းသည်ဟု ကျော်ကြီးထင်သည်။ ကြာကြာ နဲ့လာသောအခါ ကိုဖြိုးတစ်ယောက် မည်သည့်အသားနှင့်ထုထားသနည်းဟု မေးရမည်။ မြတ်နိုးကို ပြန်ကြိုက်သွားသည်။

ယခုအခါ ကိုဖြိုးနှင့်မြတ်နိုးတို့သည် ကျောင်းပြေး၍ အပြင်ဘက်တစ်နေရာတွင် ချိန်းတွေ့ရန်ဖြစ်သည်။ ထိုသို့ချိန်းတွေ့သောအခါ ကိုဖြိုးအိမ်က လူကြီးများမတွေ့ရန်နှင့် ကျောင်းက ဆရာ၊ ဆရာမများမတွေ့ရန် တို့အတွက် ကင်းစောင့်ပေးရမည်ဖြစ်သည်။ သူတို့တွေ့မည့်နေရာက ကျောင်း၏မြောက်ဘက်ကပ်လျက်တွင်ရှိသော သချိုင်းကုန်းထဲတွင်ဖြစ်သည်။

ကျော်ကြီးမှာ ကျောင်းလည်း တစ်ခါမှ မပြေးဘူးပေ။ သချိုင်းကုန်းကလည်း တစ်ခါမှမရောက်ဘူးပေ။ ယခုဖြင့် ကိုဖြိုးကောင်းမှုအကြောင်းပြု၍ ပြေးဖူး၊ ရောက်ဖူးတော့မည် ဖြစ်သည်။

(၄)

ကျော်ကြီးတို့ တက်ရောက်နေသော ကျောင်း၏အရှေ့ဘက်တွင် စာသင်ကြားလိုသောတိုင်းရင်းသားများလာရောက်နေထိုင်ကြသည့် ပရဟိတဘုန်းကြီးကျောင်းတစ်ကျောင်းရှိသည်။ တောင်ဘက်တွင် ကျောင်းဝင်ပေါက်များ ဆောက်လုပ်ထားသည်။ မြောက်ဘက်တွင် သချိုင်းကုန်းရှိသည်။ အနောက်ဘက်တွင် ကြံရာကျပန်းလုပ်ကိုင်စားသောက်ကြရသည့် လူနေအိမ်တန်းများရှိသည်။ ထိုအိမ်တန်းသည် ကျောင်းနှင့်ဆိုလျှင် ကတ္တရာလမ်းလေးတစ်ခုသာခြားသည်။ မြို့ထဲမှ လူတစ်ဦးတစ်ယောက်သေ၍ အသုဘချမည်ဆိုလျှင် ယင်းကတ္တရာလမ်းမှသာ သွားကြရသည်။

ကျော်ကြီးနှင့်ကိုဖြိုးတို့သည် သချိုင်းကုန်းမှနေ၍ ကတ္တရာလမ်းလေးအတိုင်း စက်ဘီးနင်းကာ ပြန်လာခဲ့ကြသည်။

''မြတ်နိုးကတော့ နေမကောင်းလို့ ကျောင်းမတက်တဲ့ သူ့သူငယ်ချင်းအိမ်သွား



> မချစ်ဘူးတော့ အရူးစိတ်ကို အထူးစိတ်ထင်ကြသည့်အရွယ်ဖြစ်သော ကျော်ကြီး၏အချစ်မှာ တကယ်တမ်းကျတော့ တစ်ရက်၊ နှစ်ရက်သာခံစားရသည်။ ဘာညာဖြစ်လိုက်သည်။ တစ်ရက်၊ နှစ်ရက်ကြာသောအခါ ရွှေအိနှင့်ပတ်သက်၍ မည်သည့်အရာမှ မကျန်ရှိတော့။

ပုန်းနေတာက ဟုတ်ပါပြီ၊ ငါတို့ကရော ဘယ်မှာပုန်းရမှာလဲ၊ တော်ကြာ ဆရာ၊ ဆရာမတွေ တွေ့သွားရင်မကောင်းဘူးဟ၊ ခုတောင် ငါတို့သွားနေတာကို ကျောင်းပေါ်ကနေ လှမ်းမြင်ရလားမသိဘူး''ဟု ကိုဖြိုးနင်းနေသော စက်ဘီးနောက်တွင် ထိုင်စီးနေသည့် ကျော်ကြီးက မေးလိုက်သည်။

''ငါလည်း စက်ဘီးနင်းရင်း စဉ်းစားနေတာပဲသူငယ်ချင်း''ဟုပြောပြီး စက်ဘီးဆက်နင်းလာခဲ့ရာ ခဏအကြာတွင် ကိုဖြိုးက ဆက်၍ ''ဟ... ဟိုရှေ့ကဆိုင်နားမှာ ကျောင်းဝတ်စုံနဲ့ ကျောင်းသား လေး၊ ငါးယောက်လောက်ရှိတယ်၊ သူတို့နဲ့ရောနေလိုက်ရအောင်''ဟု အားရဝမ်းသာစွာပြောသည်။

နင်းရင်းနင်းရင်းဖြင့် စောစောက ကျောင်းသားများရှိသော ဆိုင်ရှေ့သို့ရောက်သောအခါ စက်ဘီးကို ဘရိတ်ဖမ်း၍ ကျွိခနဲရပ်လိုက်သည်။ ထိုသို့ရပ်လိုက်သည်ကို ဆိုင်တွင်ရှိနေသော ကျောင်းသားငါးယောက်က ကျော်ကြီးတို့နှစ်ယောက်ကို မိုက်ကြည့်ကြည့်၍ ''မင်းတို့နှစ်ယောက်က ဘယ် ကျောင်းကလဲ''ဟု မေးလိုက်သည်။

သူတို့အမေးကို ကိုဖြိုးက မကြောက်မရွံ့ဖြင့် ''ဒီကျောင်းက''ဟု ကျောင်းကို လက်ညှိုးထိုး၍ပြောလိုက်သည်။

''ဩော်...အေးအေး၊ ဒါဆိုလည်းပြီးရော၊ ငါတို့က မင်းတို့ကို အခြားကျောင်းကကောင်တွေထင်လို့ မေးကြည့်တာ၊ ထိုင်ကြလေကွာ''ဟုပြောရင်း ဆိုင်ရှေ့တွင် ရိုက်ထားသောခုံများကို ညွှန်ပြသည်။

ကျွန်တော်တို့လည်း သူတို့ညွှန်ပြရာခုံများပေါ်သို့ ထိုင်လိုက်ကြသည်။

''မောင်လေးတို့ ဘာယူမလဲ၊ ကွမ်းလား၊ ဆေးလိပ်လား''ဟု မေးလိုက်သော အသံကြောင့် ကြည့်လိုက်ကြရာ ဆိုင်ထဲတွင် ကွမ်းယာနေသည့်ကောင်မလေးတစ်ယောက်ကို တွေ့လိုက်ရသည်။ မမြင်ဖူး မူးကိုမြစ်ထင်နေသည့်အတွက်ကြောင့် ဖြစ်သည်။ ကျော်ကြီးမှာ သူ့ကို မြင်မြင်ချင်းစိတ်ဝင်စားသွားခဲ့သည်။ ကျော်ကြီးလည်း ကောင်မလေးကို ခပ်ကြာကြာလေးငေးကြည့်နေလိုက်မိရာ ကောင်မလေးက ရှက်ပြုံးပြုံးရင်း ခေါင်းကိုငုံ့သွားသည်။ ''အတော်ပင်လှသည့် အပြုံးလေးပါရော''ဟု ကျော်ကြီးတစ်ယောက် စိတ်ထဲတွင်ကျိတ်၍ပြောနေမိသည်။ ယခုကဲ့သို့ စိတ်ထဲတွင်ကြည်နူးနေခိုက်...

''ဖုန်း...ဖုန်း...ဖုန်း''ဆိုသော အသံများကိုကြားလိုက်၍ ကြည့်လိုက်ရာ မြေကြီးပေါ်တွင် ကုန်းကုန်းလေးဖြစ်နေသည့် ကျောင်းသားများကို တွေ့လိုက်ရသည်။

ကျော်ကြီးသဘောပေါက်သွားသည်။ သူတို့သည် ကျောင်းအုတ်တံတားကိုကျော်၍ ကွယ်ယာဆိုင်ကို လာလာထိုင်ခြင်းဖြစ်သည်။ ကျောင်းသားတစ်ယောက် ကမန်းကတန်းပြေးဝင်လာပြီး ''မရွှေအိ လန်ဒန်တစ်လိပ်နော်''ဟုပြောပြီး ဆေးလိပ်ကို လက်ဖြင့်ကာ၍မီးညှိသည်။

ဩော်...ရွှေအိတဲ့လား။ ရွှေကဲ့သို့ ဝင်းဝါနေသောအသားအရေနှင့် နာမည်က လိုက်လိုက်ပါဘိ။

ထိုအချိန်မှစ၍ ရွှေအိကို နေ့တိုင်း မြင်ချင်သောကျော်ကြီးမှာ ကျောင်းမတက်ဘဲ ရှေ့ကကျောင်းသားများနည်းတူ အုတ်တံတိုင်းကိုကျော်၍ ကွမ်းဆိုင်လေးကို လာလာထိုင်ဖြစ်ခဲ့သည်။ ကျော်ကြီးတစ်ယောက်တည်းသာ လာထိုင်ခြင်းမဟုတ်။ ကျော်ကြီးနှင့်အတူ ကိုဖြိုးလည်းပါသည်။

ထိုအချိန်တွင် ကျော်ကြီးသည် ဘကြီး၏ပင်စင်လစာကိုလည်း ထည့်မတွက်တော့ပေ။ ကိုယ့်ဒူးကိုယ်ချွန်ပြီး ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်အောင်လုပ်ရမည် ဆိုသောစကားသည်လည်း အမှုမဲ့အမှတ်မဲ့ဖြစ်သွားခဲ့သည်။ စာကြိုးစားရမည်ဆိုသော အသိစိတ်လည်း ပျောက်ကွယ်သွားခဲ့သည်။ ကျော်ကြီးသိသည်မှာ ရွှေအိပင်ဖြစ်သည်။

သို့သော် ကျော်ကြီး အင်မတန်လှပါသည်ဆိုသော၊ ချစ်ပါသည်ဆိုသော နေ့တိုင်း မြင်ချင်လှပါသည်ဆိုသောရွှေအိမှာ ကောင်လေးတစ်ယောက်နှင့် ခိုးရာလိုက်ပြေးသွားပါတော့သည်။

မချစ်ဘူးတော့ အရူးစိတ်ကို အထူးစိတ်ထင်ကြသည့်အရွယ်ဖြစ်သောကျော်ကြီး၏အချစ်မှာ တကယ်တမ်းကျတော့ တစ်ရက်၊ နှစ်ရက်သာခံစားရသည်။ ဘာညာဖြစ်လိုက်သည်။ တစ်ရက်၊ နှစ်ရက်ကြာသောအခါ ရွှေအိနှင့်ပတ်သက်၍ မည်သည့်အရာမှ မကျန်ရှိတော့။ မေ့မေ့ပျောက်ပျောက်ဖြစ်သွားခဲ့သည်။

သို့သော် ကျော်ကြီးနှင့်ကိုဖြိုးတို့၏အမူအကျင့်များသည် ကျောင်းစတက်ခဲ့စဉ်ကာလနှင့် လုံးဝကွဲပြားနေပြီဖြစ်သည်။

(၅)

ကျော်ကြီးတစ်ယောက် ကျောင်း၏မမြင့်လှသောအုတ်တံတိုင်းတစ်ခုကို လွှားကနဲ ကျော်တက်လိုက်သည်နှင့် အဖြူအစိမ်းဝတ်စုံများဖြင့် စည်ကားနေသော ကွမ်းယာဆိုင်သို့ ရောက်ရှိသွားခဲ့သည်။

''အစ်ကိုကြီး လန်ဒန်တစ်လိပ်ယူမယ်၊ ကျွန်တော့်စာရင်းထဲမှတ်ထားလိုက်''ဟုပြောရင်း ဘူးထဲမှဆေးလိပ်တစ်လိပ်ကိုယူ၍ မီးညှိ လိုက်သည်။

အနီးပတ်ဝန်းကျင်တွင်လည်း ကျော်ကြီးကဲ့သို့ ဆေးလိပ်သောက်နေသူများက အပြည့်ပင်။ တချို့က ဆေးလိပ်သောက်ရင်း ကွမ်းပါစားနေကြသေးသည်။ ဘေးကကြည့်လျှင် ကျောင်းဝတ်စုံအဖြူအစိမ်း၊ အငွေ့တစ်ထောင်းထောင်းထနေသည့် ဆေးလိပ်

> ကျော်ကြီးတို့အုပ်စုသည် သမားရိုးကျဆန်သောပုံသဏ္ဌာန်များမှခွဲထွက်၍ အသစ်အဆန်းဖြစ်နေကြသည်။ တချို့ နားပေါက်တစ်ပေါက်တည်း ဖောက်ထားကြသည်။ တချို့က နှစ်ပေါက်သုံးပေါက်ဖောက်ထားကြသည်။ ကျောင်းဝတ်စုံအဖြူအစိမ်းကို သူများနှင့်မတူအောင် ကပိုကရိုဝတ်မှ စတိုင်ကျသည်ဟုထင်ကြသည်။

ငွေများနှင့်အင်မတန်နီပြန်းလှသော ပါးစပ်တို့မှာ မည်သို့မျှပန်သင့်စရာအကြောင်းမရှိလှ၊ သို့သော် ကွမ်းဆိုင်တွင် ရောက်ရှိနေသည့်ကျော်ကြီးတို့ကဲ့သို့သော ဆယ်တန်းကျောင်းသားများအတွက်မှာ အင်မတန်စတိုင်ကျလှသည့်ပုံသဏ္ဌာန်အဖြစ်ခံယူထားကြသည်။

ကျော်ကြီးတို့အုပ်စုသည် သမားရိုးကျဆန်သောပုံသဏ္ဌာန်များမှခွဲထွက်၍ အသစ်အဆန်းဖြစ်နေကြသည်။ တချို့ နားပေါက်တစ်ပေါက်တည်း ဖောက်ထားကြသည်။ တချို့က နှစ်ပေါက်သုံးပေါက်ဖောက်ထားကြသည်။ ကျောင်းဝတ်စုံအဖြူအစိမ်းကို သူများနှင့်မတူအောင် ကပိုကရိုဝတ်မှ စတိုင်ကျသည်ဟုထင်ကြသည်။ ဆံပင်များကို ဂျယ်များဖြင့် မိုးထိအောင် ထောင်ထားကြသည်။ တချို့က ဆံပင်အရှည်များကို မျက်နှာအုပ်ထားသည့်အသွင်ဖြင့်နေသည်။ တချို့က မည်သူနှင့်မှမတူအောင် ခေါင်းတုံးတုံးလိုက်သည်။ တချို့က ရိုးရိုးဦးထုပ်များကို မဆောင်းဘဲ ခမောက်များကို ဆောင်းထားကြသည်။

ထိုအထဲတွင် ကျော်ကြီးလည်း ပါသည်။

ကျော်ကြီးက အကြွေးဝယ်ထားသော လန်ဒန်ကိုဖွာရင်းက...

''ကိုဖြိုး ငါတို့ ဒီနေ့ဘယ်သွားကြမလဲ၊ လက်ဖက်ရည်ဆိုင်သွားမလား'' ဟုလှမ်း၍ မေးလိုက်သည်။

ကိုဖြိုးကလည်း စားနေသောကွမ်းများကို ထွီခနဲထွေးထုတ်လိုက်ပြီး ''ငါ့မှာ မုန့်ဖိုးမကျန်တော့ဘူး'' ဟု ပလုံးပထွေးပြန်ပြောသည်။

''ဒါဆို ဇယ်ခုံသွားပြီး ပိုက်ဆံသွားရှာမယ်'' ဟုပြောကာ ကျော်ကြီးတို့နှစ်ယောက်သည် စက်ဘီးများနင်း၍ထွက်ခဲ့ကြသည်။

ဤသည်မှာ ကျောင်းစတက်ခဲ့စဉ်ကာလနှင့် ကွဲပြားသွားသောအမူအကျင့်များဖြစ်သည်။ ကျောင်းချိန်တွင် ကျောင်းမတတ်ဘဲ အပြင်ထွက်၍ လက်ဖက်ရည်ဆိုင်ထိုင်၊ ဇယ်တောက်၊ ဖဲရိုက်ဖြင့် အချိန်များကို ဖြတ်သန်းကုန်ဆုံးစေခြင်းသည် သူတို့နှစ်ယောက်၏ဘဝပင်ဖြစ်နေတော့သည်။

(၆)

ဆယ်တန်းဖြေဆိုခွင့် ပုံစံများတင်ရမည့် နောက်ဆုံးရက်ဖြစ်သည်။

ကျော်ကြီးလည်း တင်ရမည့်ပုံစံလေးကိုကိုင်ကာ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းထဲသို့ဝင်လာခဲ့သည်။ ကျောင်းပိတ်ရက်ဖြစ်သောကြောင့် အသွားအလာများ ရှင်းလင်းလျက်ရှိနေသည်။ ကျောင်းထဲရှိ သစ်ပင်ကြီးများပေါ်မှ ငှက်ကလေးများ၏ တကျီကျီအော်မြည်နေသံက ချစ်စရာကောင်းလှသည်။ ဥဩငှက်ကလေးများ၏ ဥဩ၊ ဥဩဆိုသည့် အသံများကလည်း သာသာယာယာရှိလှသည်။ ညင်သာစွာတိုက်ခတ်နေသော လေပြည်များကလည်း ကျော်ကြီးရင်ကို အေးမြနေစေသည်။ လေပြည်ကြောင့်ပင် ကျော်ကြီး၏ မရှည်တရှည်ဖြစ်နေသော ဆံပင်ကလေးများမှာ လေထဲတွင် လွင့်စင်သွားလိုက်၊ ပြန်ကျသွားလိုက်ဖြစ်နေသည်။

ယခုကဲ့သို့အခြေအနေတွင် ကျော်ကြီးမှာ မည်သည့်အရာကိုလွမ်း၍ လွမ်းမှန်းမသိဖြစ်နေသည်။ လှမ်းနေသောခြေထောက်များကိုရပ်လိုက်ပြီး ကျေနပ်ဖွယ်ရာမရှိသော အတိတ်က ဖြစ်ရပ်ဟောင်းများကိုပြန်၍တူးဆွကြည့်လိုက်မိသည်။ ထိုသို့တူးဆွကြည့်လိုက်သောအခါ ကိုဖြိုးကို သွား၍သတိရသည်။ အနားတွင်ရှိလျှင် ''မင်းအချစ်ဟောင်းကြီး မြတ်နိုးတောင် ကလေးတွေတိုးလို့တွဲလောင်းနဲ့ဖြစ်နေပြီ'' ဟု ပြောလိုက်ချင်သည်။

''ဆယ်တန်းမအောင်လို့အိမ်ကမကြည့်ဖြူတဲ့အတွက် မလေးရှားထွက်သွားတဲ့ကိုဖြိုးတစ်ယောက် ဘာတွေလုပ်လို့ ဘာတွေကိုင်နေလဲမသိဘူး'' ဟု စိတ်ထဲတွင်စိုးရိမ်လိုက်မိ၍ သက်ပြင်းအရှည်ကြီးတစ်ချက်ချလိုက်ရပြန်သည်။ ထိုစဉ် လက်မောင်းကို ထိုး၍ ''ဟေ့ကောင်'' ဟုခေါ်လိုက်သော အသံကြောင့် ကြည့်လိုက်ရာ...

''ဟာ...ဟိန်းထက်''

''ဟိန်းထက်လုပ်မနေနဲ့၊ မင်းကိုရပ်ကြည့်နေတာကြာလှပြီ၊ ဘာတွေစဉ်းစားနေတာလဲ''

''ဘာမှမစဉ်းစားပါဘူးကွာ၊ ဒါနဲ့ မင်းက ကျောင်းထဲကို ဘာလာလုပ်တာလဲ''

ကျော်ကြီးနှင့်ထိန်းထက်သည် ကိုးတန်းစာမေးပွဲဖြေပြီးကတည်းက မတွေ့ရတော့ပေ။ ဟိန်းထက်တို့တစ်မိသားစုလုံးအခြားမြို့သို့ပြောင်းရွှေ့သွားကြခြင်းကြောင့်ဖြစ်သည်။

ဟိန်းထက်သည် ကျော်ကြီးအမေးကို မဖြေသေးဘဲ မျက်နှာကို စပ်ဖြဲဖြဲလုပ်၍ ''မင်းမသိဘူးလား၊ ဒါ ငါ့ကျောင်းလေ'' ဟု အသံကို အနည်းငယ်မြှင့်ပြောလိုက်သည်။ ကျော်ကြီး နားမလည်။

''ဘာလဲဟ ငါ့ကျောင်းဆိုတာ''

''စတာပါကွာ၊ ငါ့ကျောင်းဆိုတာက ဒီလိုကွ၊ ငါက ဆယ်တန်းအောင်ပြီး ပညာရေးကောလိပ်တက်လိုက်တာ၊ အခုပြီးသွားလို့ ဒီကျောင်းမှာ လုပ်အားပေးဆင်းနေတာ၊ ဒီနေ့က ကျောင်းပိတ်ရက်ကွာ၊ ဒါပေမဲ့ ဆရာ တချို့က ဆယ်တန်းဖောင်တင်ရမယ့် နောက်ဆုံးရက်ဆိုတော့ အလုပ်ရှုပ်နေကြတယ်၊ အဲဒါကို ငါလည်း အလိုက်တသိနဲ့ တောက်တိုမည်ရလာလုပ်ပေးတာ၊ ခုလည်း လက်ဖက်ရည်ဝယ်ခိုင်းတာ သွားဝယ်မလို့''

ကျော်ကြီးသည်သူ၏စိတ်ကိုကယောင်ကတမ်းဖြစ်မသွားရအောင် မနည်းထိန်း

ထားလိုက်ရသည်။ ထိန်းထားသည့် ကြားမှပင် မည်သူမှမသိလိုက်သော တည်တည်ငြိမ်ငြိမ် သွေးပျက်ခြင်းမျိုး တဒင်္ဂဖြစ်သွားခဲ့သည်။ ပတ်ဝန်းကျင်ရှိ လှုပ်ရှားနေသည့် အရာအားလုံးလည်း ရပ်တန့်၍ တိတ်ဆိတ်ငြိမ်သက်သွားသည်။ မွေ့နေခဲ့သည့် ကုန်ဆုံးသွားသော အချိန်များကို အပြေးအလွှား ပြန်တွက်ကြည့်သည်။ ခဏလေးပါဟု ထင်ခဲ့သောအချိန်ကို ကျော်ကြီး လန့်သွားသည်။ ထိုအခါ သူ၏ ဦးနှောက်ထဲတွင် နောင်တဆိုသော စကားလုံးက ဝင်္ကပါကဲ့သို့ လှည့်ပတ်နေပြီ။ နောင်တဆိုသော စကားလုံးကို မကြာခဏကြားဖူးသည်။ အဓိပ္ပာယ်ကိုလည်း ထပ်ခါထပ်ခါကျက်ဖူးသည်။ မှတ်ဉာဏ်ကိုပြန်နှိုးဆွသည်။ တွေ့ပြီ။ ထပ်ခါထပ်ခါကျက်ခဲ့ရသော ခက်ဆစ်။

နောင်တ=ပြုသင့်သည်ကိုမပြုမိ၊ မပြုသင့်သည်ကိုပြုမိသည့် အချိန်လွန်မှ ပူပန်ခြင်း။

''ဟုတ်တာပေါ့၊ အခု ပူပန်နေရပြီ၊ ကမ္ဘာတစ်ခြမ်းမှာလည်း နေခဲ့ရပြီ''ဟု စိတ်ထဲတွင်ရေရွတ်လိုက်သည်။ တစ်ခါ ဟိန်းထက်ကိုလည်း အသက်မဲ့သွားသော မျက်လုံးများဖြင့် ငေးကြည့်ရင်း ''မင်းတောင် ကျောင်းဆရာတစ်ယောက်ဖြစ်နေပြီလား၊ ငါ့ကိုတော့ စာပြန်မသင်လောက်ပါဘူးနော်'' ဟု ထပ်မံရေရွတ်လိုက်ပြန်သည်။ ထိုစဉ်–

''ဒါနဲ့ မင်းကရော ဘာတွေလုပ်နေတာလဲ၊ ဆရာဝန်လား၊ အင်ဂျင်နီယာလား၊ ဒါမှမဟုတ် ငါ့လိုပဲ ကျောင်းဆရာတစ်ယောက်ဖြစ်နေပြီလား၊ ကျောင်းဆရာဆိုရင်တော့ မင်းက အသင်အပြတော်တော် ကောင်းလိမ့်မယ်နော်''ဆိုသောမေးခွန်းကို ဝိုးတိုးဝါးတား ကြားလိုက်ရသည်။

မည်သို့ ပြန်ဖြေလိုက်ရမည်နည်း။ ''ကျောင်းမှာကတည်းက စာသင်ပြရတာ ငါသနာပါတော့ မင်းလိုပဲကျောင်းဆရာပေါ့ကွာ''ဟု လိမ်ညာပြီးဖြေလိုက်ရမည်လား။ သို့တည်းမဟုတ် ''ငါက ဆယ်တန်းတောင် မအောင်သေးဘူးကွ''ဟု အမှန်အတိုင်းဖြေလိုက်ရမည်လား။ စိတ်ထဲတွင် ''ဟင့်အင်း'' ဟု အကျောက်အကန်ငြင်းသည်။ လိမ်ညာပြီး ဖြေရမည့်အလုပ်ကိုလည်း ကျော်ကြီး မလုပ်ချင်။ အမှန်အတိုင်းဖြေရမည်မှာလည်း မဖြစ်နိုင်။ ရှက်သည်။ အတော်ရှက်သည်။ အင်မတန်ရှက်သည်။ အလွန်ရှက်သည်။ တစ်ချိန်က သူက ကိုယ့်ကိုအားကျခဲ့သည်။ ယခု ကိုယ်က သူ့ကိုပြန်အားကျနေရသည့် အခြေအနေ။ တွေးရင်းတွေးရင်းဖြင့် ရှက်စိတ်နှင့်အတူ သိမ်ငယ်စိတ်ပါဝင်လာ၍ ခေါင်းကို ရမ်းလိုက်ရာ···

''ဟေ့ကောင်···ဘာတွေခေါင်းရမ်းနေတာလဲ''ဆိုသော ဟိန်းထက်၏ ခပ်ဆောင့်ဆောင့်အသံကိုကြားမှ သတိပြန်ဝင်သွားခဲ့သည်။ ထိုအခါ ကျော်ကြီးက···

''ဘာမှမဟုတ်ပါဘူးကွာ၊ ငါ ဆရာတစ်ယောက်နဲ့ချိန်းထားတာ နောက်ကျနေပြီ၊ နောက်မှဆုံမယ်နော်''ဟု မြန်မြန်ဆန်ဆန်ပြောပြီး မူမမှန်သောခြေလှမ်းများဖြင့် ပြေးထွက်ခဲ့ရသည်။

ပြေးထွက်ပြီး လက်ခုပ်တစ်ချက်တီးစာခန့်အရောက်တွင် သွားရင်းဖြင့် နောက်သို့လှည့်ကြည့်လိုက်သည်။ ကျောင်းပေါက်ဝမှ တစ်ဖက်သို့ချိုးကွေ့သွားသော ဟိန်းထက်ကို တွေ့လိုက်ရသည်။ ထိုအခါ စိတ်သက်သာရာ ရသည့်အနေဖြင့် သက်ပြင်းချကာ ရှေ့ပြန်လှည့်မည်အလုပ်တွင်···

''အမယ်လေးဟဲ့၊ ဘယ်လိုဖြစ်နေတာလဲမသိဘူး''

ကောင်မလေးနှင့် ပခုံးချင်းတိုက်မိလိုက်ခြင်းဖြစ်သည်။

''ဘယ်လိုမှမဖြစ်ပါဘူးအစ်မ၊ ကျွန်တော် ဖောင်(Form)တင်ရမယ့်နေရာမတွေ့လို့ လိုက်ရှာရင်းက အခုလိုဖြစ်သွားတာပါ'' ဟု တောင်းပန်လိုက်ရသည်။

''ရတယ်၊ ရတယ်၊ ဖောင်တင်တာ ဟိုနားကစံပယ်ဆောင်မှာတင်ရမှာ''ဟုပြောပြီး လက်ညှိုးညွှန်ပြနေသောကြောင့်···

''ဟုတ်ကဲ့ပါ၊ ကျေးဇူးတင်ပါတယ်''ဟု ပြောကာ စံပယ်ဆောင်သို့ပြေးသွားခဲ့သည်။

စံပယ်ဆောင်သို့ ရောက်ခါနီးတွင် ကျော်ကြီး၏ခြေလှမ်းများမှာ အရှိန်အဟုန်ဖြင့်ပြေးနေသောမြင်းတစ်ကောင်က ချောက်တစ်ခုကိုတွေ့၍ ခြေကန်ရပ်လိုက်သည့်နှယ် ဖြစ်သွားသည်။

သေချာပြန်၍စူးစိုက်ကြည့်လိုက်သည်။ အမှန်စင်စစ် ဆရာဦးသိန်းအောင်ဖြစ်သည်။ မည်သို့မျှ လွဲနိုင်စရာအကြောင်းမရှိပေ။ ဆရာဦးသိန်းအောင်သည် ကျောင်းသားများလာတင်သောပုံစံများကို သေချာစစ်ဆေးနေသည်။



“ ဆရာ့အထင်ပြောရရင် မင်းက မြင်းကောင်းသွားလိပ် ဖြစ်သွားတယ်ထင်တယ်၊ ဘာကြောင့် လိပ်သွားတယ်ဆိုတာကိုတော့ မပြောတတ်ဘူး။ ဒါပေမဲ့ မြင်းက ဘယ်လောက်ပဲ ကောင်းနေကောင်းနေ သွားလိပ်သွားရင်တော့ ပန်းတိုင်အဝင် နောက်ကျမှာပဲကွ... ”

ကျော်ကြီး မတ်တတ်ရပ်၍မနေပြီ။ ဆယ်တန်းကို နှစ်ချင်းပေါက်အောင်မည်ဟု ပြောခဲ့သောဆရာအား မည်သို့ရင်ဆိုင်ရမည်နည်း။ ကျော်ကြီး စဉ်းစားသည်။ ချွေးဇောများလည်း ပြန်လာသည်။ မရှည်လှသော ဆံပင်များကို လက်ဖြင့် အကြိမ်ကြိမ် သတ်ပြီး သက်ပြင်းများချသည်။ ပါးစပ်မှလည်း လေများကို မကြာခဏမှုတ်ထုတ်နေရသည်။

“ဒီအတန်းထဲမှာ ဆယ်တန်းကို နှစ်ချင်းပေါက်အောင်မယ့်သူ တစ်ယောက်ပဲရှိတယ်” ဆိုသော ဆရာ၏စကားသံကိုလည်း ပြန်လည်ကြားယောင်လာသည်။

ကျော်ကြီးနောက်သို့လှည့်ရန် ဟန်ပြင်လိုက်ရာ တစောင်းအနေအထားမှာပင် စက်ရုပ်တစ်ရုပ်ကဲ့သို့ ရပ်သွားခဲ့သည်။

ဟိန်းထက်၏စကားကိုပြန်ကြားသည်။ ဟိန်းထက်၏အမေးကို ပြန်ဖြေကြည့်သည်။ ဟိန်းထက်၏မျက်နှာကို ပြန်မြင်ယောင်လာသည်။ ထို့အပြင် အင်မတန်ပင်ပန်းနွမ်းနယ်အိုမင်းလှပြီဖြစ်သည့် အဘမျက်နှာ။ ပြေးကြည့်မှ သည်မြေးအဘိုးနှစ်ယောက်တည်းဟု ပြောပြောနေသော အဘမျက်နှာ။ သွေးပူချိန်တွင် မည်သို့ပင် ဆုံးမစေကာမူ ရမည်မဟုတ်သည်ကို သိနေ၍ ဆိုးသမျှ၊ ပေသမျှကို မဆူမငေါက်ဘဲ ခါးစည်းခံခဲ့သော အဘမျက်နှာ။ တစ်နေ့တော့ ကိုယ့်အသိဖြင့် ကိုယ် အမြင်မှန်ရလာလိမ့်မည်ဆိုသောအသိဖြင့် စောင့်ကြည့်နေခဲ့သော အဘမျက်နှာ။ ယခုနှစ်ကိုဖြင့် အောင်အောင်ဖြေမည်ဟု ကတိပေးလိုက်သောအခါ ဖြစ်ပေါ်သွာသည့် အဘမျက်နှာ။ စသည့်မျက်နှာများကိုလည်း ပြန်မြင်ယောင်လာသည်။

မှန်သည်။ ကျော်ကြီးသည် ယခုနှစ်တွင် အောင်အောင်ဖြေမည်ဟု သန္ဓိဋ္ဌာန်ချကာ တစ်နှစ်လုံးနီးပါး အပင်ပန်းအဆင်းရဲခံ၍ ကြိုးစားခဲ့သည်။ သူ့စိတ်ကို တစ်နှစ်လုံးနီးပါး ချုပ်တည်းထားခဲ့ရသည်။ ဖြေလျှင် အောင်မည်မှာလည်း မြေကြီးလက်ခတ်မလွဲဟု သူ့ကိုယ်သူယုံကြည်သည်။

ကျော်ကြီးသည် နောက်သို့လှည့်မည့် ခြေလှမ်းနှင့်ခန္ဓာကိုယ်ကို ရှေ့သို့ပြန်လှည့်လိုက်သည်။ ဆရာဦးသိန်းအောင်ရှိရာဆီကို လေးကန်လှသောခြေလှမ်းများဖြင့် လျှောက်သွားခဲ့သည်။ ဆရာကြီးက ခေါင်းကိုငုံ၍ သူ့အလုပ်နှင့်သူရှုပ်နေ၍ ကျော်ကြီးရောက်လာသည်ကိုမမြင်ပေ။ သို့သော် ဖောင်လာတင်သော ကျောင်းသားတစ်ယောက် သူ့ရှေ့ ရောက်လာသည်ကိုဖြင့် သိသည်။ ထို့ကြောင့် ဆရာကြီးသည် အမည်စာရင်းမှတ်ရန် ဘောပင်ကိုကိုင်၍ ခေါင်းကိုငုံရင်းက “နာမည်ပြော” ဟုပြောလိုက်သည်။

“ကျော်စိုးပါဆရာ” ဟု ပြောလိုက်သောအခါ ခေါင်းကိုအပေါ်မော့၍...

“မင်း...မင်း”

“ဟုတ်ပါတယ်ဆရာ...ကျွန်တော်ပါ”

ဆရာကြီးက ပြုံးတုံးပြုံးတုံးလုပ်နေလျက်ရှိသည်။ ကျော်ကြီးကလည်း ဆရာကြီး၏အပြုံးများကို နားလည်နေသည်။ ထိုသို့ ပြုံးနေရင်းက...

“ဘယ်နှနှစ်ရှိပြီလဲ ငါ့တပည့်ရ”

“ဒီနှစ်နဲ့ဆို ခြောက်နှစ်ရှိပါပြီဆရာ”

“ဟ...ခြောက်နှစ်တောင်ရှိပြီလား”

“ဟုတ်ပါတယ်ဆရာ”

“အေးပေါ့ကွာ၊ ရှိလည်းရှိရောပေါ့၊ အချိန်တွေက နည်းမှမနည်းတာ၊ ဒီနှစ်ရော အခြေအနေကောင်းလား”

“ကောင်းပါတယ်ဆရာ၊ ကျွန်တော် သေချာပြင်ဆင်ထားပြီးသားပါ၊ အောင်မယ်လို့လည်း ယုံကြည်ပါတယ်”

“အေးပါ...မင်းအရည်အချင်းနဲ့ သေချာလုပ်ရင်တော့ အောင်မှာပါ” ဟုပြောပြီး ဘောပင်ကိုကိုင်ကာ တစ်ခုခုကိုစဉ်းစားနေလျက်ရှိသည်။

ခဏအကြာတွင်...

“ဆရာ့အထင်ပြောရရင် မင်းက မြင်းကောင်းသွားလိပ် ဖြစ်သွားတယ်ထင်တယ်၊ ဘာကြောင့် လိပ်သွားတယ်ဆိုတာကိုတော့ မပြောတတ်ဘူး၊ ဒါပေမဲ့ မြင်းက ဘယ်လောက်ပဲ ကောင်းနေကောင်းနေ သွားလိပ်သွားရင်တော့ ပန်းတိုင်အဝင် နောက်ကျမှာပဲကွ”

“မှန်တာပေါ့ဆရာရယ်၊ ကျွန်တော်က သွားလိပ်ရုံတင် လိပ်သွားတာ၊ ကျွန်တော့် သူငယ်ချင်းကိုဖြိုးက ခြေထောက်ပါကျိုးသွားပါသေးတယ်” ဟု စိတ်ထဲတွင်ပြောနေမိသည်။

ဤသို့ဖြင့် ကျော်ကြီး၏အိမ်အပြန်လမ်းတွင် “ငါက ဆယ်တန်းအောင်ပြီး ပညာရေးကောလိပ်တက်လိုက်တာ” ဆိုသောစကားနှင့် ပြန်မဖြေနိုင်ခဲ့သည့် “မင်းကရော ဘာတွေလုပ်နေတာလဲ” ဆိုသော မေးခွန်းတို့က တစ္ဆေတစ်ကောင်ကဲ့သို့ ခြောက်လှန့်နေခဲ့တော့သည်။ ။

မင်းထက်မြိုင်



ဘာလို့ မဖြစ်နိုင်ရမှာလဲ

အောင်ခိုးသူ(LPN)

R&B နဲ့ Pop သီချင်းတွေကို ပရိသတ်ရဲ့ရင်ထဲ တစိမ့်စိမ့်စီးဝင်လာအောင် ကျူးရင့်တတ်တဲ့ အဆိုတော်မလေးတစ်ယောက်ရှိတယ်။ သူနာမည်ကတော့ အေရီလို့ ချစ်စနိုး ခေါ်ဝေါ်ကြတဲ့ အေရိရန်နာဂရန်ဒီ ဖြစ်ပါတယ်။ သူမဟာ ကမ္ဘာ့ဂီတလောကမှာ လွှမ်းမိုးထားနိုင်သူတစ်ယောက်ဖြစ်တယ်ဆိုတာ သူမရဲ့ ရိုးပွဲဇယားက သက်သေခံလို့နေပါတယ်။ အေရီဟာ ၂၀၁၉ ခုနှစ်အတွင်းမှာ အမေရိက၊ ကနေဒါ၊ ဂျာမနီ၊ ဘယ်ဂျီယံ၊ ပြင်သစ်၊ ချက်၊ ပိုလန်၊ နယ်သာလန်၊ ဗြိတိန်တို့မှာ အဓိက ရှုံးပွဲကြီးတွေ သီဆိုဖျော်ဖြေဖို့ စီစဉ်ထားပါတယ်။ ဒါ့အပြင် အခြားသော နိုင်ငံတွေမှာလည်း ရှိုးပွဲတွေ အဆင်ပြေသလို လုပ်ဆောင်သွားဖို့လည်း အစီအစဉ်လေးတွေလည်း ရှိနေပြန်ပါတယ်။ ဒါကြောင့် သူမဟာ ၂၀၁၉ ခုနှစ်အတွင်း အားလပ်ရက် အတော်နည်းပါးနေပါတယ်။ ဒီလိုမျိုး အနုပညာလုပ်ငန်းတွေကို နေ့မအားညမနား လုပ်ဆောင်နေတဲ့ သူမက ပရိသတ်တွေကို မေတ္တာရပ်ခံချက်လေးတစ်ခုနဲ့ တောင်းဆိုလိုက်တာတော့ ရှိပါတယ်။ အဲဒါကတော့ သူမရဲ့ သီဆိုဖျော်ဖြေပွဲကို လာရောက်အားပေးကြတဲ့ ပရိသတ်တွေအနေနဲ့ ကြည်လင်ပြတ်သားပြီး အတွင်းပိုင်းကို ရှင်းရှင်းလင်းလင်းမြင်ရနိုင်တဲ့ ပလတ်စတစ်အိတ်တွေယူလာဖို့ မေတ္တာရပ်ခံလိုက်တာပါပဲ။ ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ်၊ အင်္ဂလန်နိုင်ငံ၊ မန်ချက်စတာမြို့မှာ ကျင်းပခဲ့တဲ့ သူမရဲ့ရိုးပွဲမှာ အစွယ်လာမ်မစ် အစွန်းရောက်အကြမ်းဖက်အဖွဲ့ရဲ့ အသေခံဗုံးခွဲမှုဖြစ်ပွားခဲ့တဲ့နောက် လုံခြုံရေးတင်းကြပ်တဲ့အနေနဲ့ပရိသတ်တွေ ယူဆောင်လာတဲ့ပစ္စည်းဟူသမျှကို ထွင်းဖောက်မြင်နိုင်အောင် ပလတ်စတစ်အကြည်အိတ်ပါးလေးတွေ ယူလာကြဖို့ အေရီက တိုက်တွန်းလိုက်တာပါ။ ဒီလောက် ချစ်စရာကောင်းတဲ့ အေရီရဲ့ တောင်းဆိုမှုကို ကျွန်တော်ဆိုရင်တော့ ဘာလို့ မဖြစ်နိုင်ရမှာလဲ အေရီလေးရယ်လို့သာ ဆိုလိုက်ချင်ပါတယ်။












လန်းလွန်းတယ် မမရယ်

အသက် ၃၈ နှစ်အရွယ်ရှိနေပေမယ့် လှပကျော့ရှင်းလွန်းတဲ့ ခန္ဓာကိုယ်ကောက်ကြောင်းကို ပိုင်ဆိုင်နေဆဲ၊ ပုရိသတွေရဲ့ အာရုံကို ဖမ်းစားနိုင်ဆဲ၊ အမေရိကန် အနုပညာအသိုင်းအဝိုင်းမှာ နာမည်တစ်လုံးကို ယနေ့အချိန်အထိ ထိန်းထားနိုင်ဆဲဆိုတဲ့ ဂုဏ်ပုဒ်တွေရှိနေသူကတော့ ကင်ကာဒါရှီယန်ပါ။ မော်ဒယ်နဲ့ သရုပ်ဆောင်တစ်ဦးဖြစ်တဲ့ ကာဒါရှီယန်ဟာ အမေရိကန်နိုင်ငံမှာ ကျင်းပတဲ့ PVC jumpsuit အခမ်းအနားကို ပုံစံအသစ်နဲ့အတူ တက်ရောက်လာခဲ့တာပဲဖြစ်ပါတယ်။ သူမဟာ အနီရောင်သားရေ jumpsuit (အပေါ်နှင့်အောက် တစ်ဆက်တည်းဖြစ်သော အဝတ်အစား)ကို ဝတ်ဆင်ထားပြီး ဆံကေသာကလည်း အနီရောင်နဲ့ ပုံစံအသစ်ဖြစ်ခဲ့ပါတယ်။ ဒီသတင်းကို အင်္ဂလန်အခြေစိုက် မီဒီယာ Daily Mail က ဖော်ပြခဲ့ပြီး မိနစ်ပိုင်းအတွင်းမှာတင် ဒီသတင်းဟာ ကမ္ဘာတစ်ဝန်းလုံးကို ပျံ့နှံ့သွားခဲ့တယ်။ လူမှုကွန်ရက်တွေမှာဆိုရင်လည်း မျှဝေမှုတွေထောင်နဲ့ချီခဲ့ပြီး Comment တွေလည်း ဒုနဲ့ဒေးပါ။ ဆယ်ကျော်သက် အရွယ်လောက်ရှိမယ်လို့ ခန့်မှန်းရတဲ့ ချာတိတ်လေးတစ် ယောက်ကတော့ ကာဒါရှီယန်ရဲ့ အခုစတိုင်နဲ့ပတ်သက်ပြီး ''လန်းလွန်းတယ်မမရယ်''လို့ ရေးသားသွားခဲ့ပါတယ်။ အဲဒီချာတိတ်လေးရဲ့ ရင်ထဲမှာ ဘာတွေဖြစ်နေမလဲဆိုတာတော့ သူကိုယ်တိုင်သာ အသိဆုံး ဖြစ်ပါလိမ့်မယ်။









အူနကျွဲခတ်တော့မှာလား

မြန်မာစကားပုံလေးတစ်ခုပေါ့။ ရည်စားလူလု အူနကျွဲခတ်ဆိုတာလေ။ ခန္ဓာကိုယ်ထဲက အူတောင်မှ နုနုလေးကို ကျွဲချိုနဲ့ ထိုးဖောက်သလို ခံစားရတဲ့ အခြေအနေမျိုးကို ဥပမာပေးပြီး တင်စားထားတာပါ။ ကိုယ်ရဲ့ချစ်သူကို တစ်ပါးသူ နမ်းမှာစိုးထိတ်နေရတဲ့အချိန်မျိုးမှာ လုယူခံလိုက်ရပြီဆိုရင်တော့ ဘဝဟာ ဘာမှအဓိပ္ပာယ်မရှိတော့တဲ့ ခံစားမှုမျိုး ခံစားဖူးကြတဲ့သူတွေဟာ ဒီစကားပုံရဲ့အတိမ်အနက်ကို ကောင်းကောင်းသိနားလည်ပါလိမ့်မယ်။ လူသားတွေနဲ့ တည်ဆောက်ထားတဲ့ အနုပညာရပ်ဝန်းမှာလည်း ဒီလိုအဖြစ်အပျက်မျိုးတွေရှိခဲ့၊ ရှိဆဲ၊ ရှိနေမြဲပါ။ A Star is Born ရုပ်ရှင်ဇာတ်ကားမှာ ပေါ်ပဲ့ဘုရင်မ လေဒီဂါဂါနဲ့ ဘရက်ဒလေကူးပါးတို့ အချစ်အကြောင်းကို အပီပြင်ဆုံး ဖွဲ့နွဲ့ခဲ့ကြတယ်။ ရင်ဖိုစရာကောင်းတဲ့ ချစ်ခန်းကြိုက်ခန်းလေးတွေကိုလည်း ပီပီပြင်ပြင် သရုပ်ဆောင်ထားတယ်။ ဒါက ရိုက်ကွင်းပေါ်က ဇာတ်ရုပ်မျိုးဖြစ်ပေမယ့် ပြီးခဲ့တဲ့ တနလ်ာနေ့က အမေရိကန်နိုင်ငံမှာ ကျင်းပသွားခဲ့တဲ့ အော်စကာဆုပေးပွဲမှာ လေဒီဂါဂါနဲ့ ဘရက်ဒလေကူးပါးတို့ဟာ A Star is Born ဇာတ်ကားထဲက Shallow သီချင်းကို စင်မြင့်ထက်မှာ အတူဆိုခဲ့ကြတယ်။ ဒါပေမဲ့ သူတို့နှစ်ဦးရဲ့ သီချင်းဖျော်ဖြေတင်ဆက်ပုံဟာ တကယ့်ချစ်သူနှစ်ဦးအလား ထင်ရအောင် စိတ်ခံစားမှုအပြည့်နဲ့ နှစ်ဦးသား ဟစ်ကြွေးသွားခဲ့တာပါ။ စင်အောက်မှာ ဘရက်ဒလေကူးပါးရဲ့ချစ်သူ ရုရှားလှပျိုဖြူ အီရီနာရှက်ခ်တစ်ယောက် ရှိနေပါတယ်။ အဲဒီအချိန်မှာ အီရီနာရှက်ခ်အနေနဲ့ အူနကျွဲခတ်သလိုများ ခံစားနေရလိမ့်မလား။ ဒါမှမဟုတ် မကြာခင်ကာလမှာ အူနကျွဲခတ်သလို ခံစားရတော့မှာလားဆိုတာကတော့ အချိန်ကာလတစ်ခုကို စောင့်ကြည့်ရပါဦးမယ်။ လေဒီဂါဂါဟာ ၂၀၁၉ အော်စကာဆုပေးပွဲမှာ အကောင်းဆုံးအမျိုးသမီး သရုပ်ဆောင်ဆုကို ရရှိသွားခဲ့ပါတယ်။








နယ်မြေသစ်များစွာ

သာမန်ပုထုဇဉ်လူသားတွေဟာ သံယောဇဉ်တွေ၊ ချစ်ခြင်းမေတ္တာတွေနဲ့ ရမ္မက်တွေနဲ့ နှောင်ဖွဲ့ထားတဲ့ အသိုက်အမြုံထဲမှာ ပျော်ရွှင်နေတတ်ကြပါတယ်။ အဲဒီလို ချစ်ခြင်းမေတ္တာတွေရှိနေတဲ့ ပုထုဇဉ်တွေရဲ့ ရေစီးကြောင်းအရွေ့ဟာ အချစ်မရှိ ဘဝအဓိပ္ပာယ်မရှိတော့သလို ဖြစ်နေတတ်ကြတာမျိုးလည်း ရှိတယ်။ ဒါပေမဲ့ တချို့သောသူတွေက သူဟာ ဘယ်သူနဲ့ ချစ်ကြိုက်နေကြတယ်၊ ဘယ်သူနဲ့တော့ တွဲနေပြီဆိုတာကို တရားဝင်ထုတ်ပြောဖို့ ငြင်းဆန်တတ်ကြတယ်။ ဒါဟာ အနုပညာသိုင်းအဝိုင်းလို လူအများစိတ်ဝင်စားတဲ့ ရပ်ဝန်းတစ်ခုက ဝိသေသတစ်ခုလည်းဖြစ်တယ်။ အနုပညာရှင်တွေဟာ သူတို့ရဲ့အချစ်ရေးကို လျှို့ဝှက်တတ်ကြပြီး လူသိရှင်ကြားထုတ်ပြောလေ့မရှိပါဘူး။ အခုလည်း ဗြိတိန်မော်ဒယ်နဲ့ သရုပ်ဆောင် ကာရိလိုင်းဟာ သူမရဲ့ အချစ်ရေးနဲ့ပတ်သက်ပြီး အတိအကျ ပြောဆိုရှင်းလင်းတာမျိုး မရှိသေးပေမယ့် ဗြိတိန် Dancer အေဂျေပရစ်ချတ်နဲ့ တွဲခုတ်နေပြီလို့ သတင်းထွက်လာပါတယ်။ ရုပ်သံအစီအစဉ်တစ်ခုရဲ့ ဆုပေးပွဲအခမ်းအနားပါတီတစ်ခုမှာ ကာရိလိုင်းနဲ့ အေဂျေတို့ကို ပျော်ရွှင်ကြည်နူးစွာနဲ့ အခုလိုမျိုး မြင်တွေ့ခဲ့ရပါတယ်။ ကာရိလိုင်းဟာ ပြီးခဲ့တဲ့ ၂၀၁၈ ခုနှစ်အတွင်းမှာ အတူနေချစ်သူ အန်ဒရူးဘရက်ဒီနဲ့ စေ့စပ်ကြောင်းလမ်းကို ဖျက်သိမ်းပစ်ခဲ့သူပါ။ သူမဟာ လက်ရှိအချိန်မှာ အသက် ၃၉ နှစ်အရွယ်ရှိနေပြီဖြစ်ပြီး အေဂျေပရစ်ချတ်ကတော့ ၂၄ နှစ်အရွယ်သာ ရှိပါသေးတယ်။ ဒါပေမဲ့ သူမရဲ့အချစ်ရေးမှာ အသက်ငယ်တဲ့သူနဲ့ တွဲချင်လည်းတွဲမယ် ၁၀၄ နှစ်အရွယ်နဲ့လည်း တွဲချင်တွဲမယ်လို့ ကာရိလိုင်းက ထုတ်ပြောထားပါတယ်။ ဒါကြောင့် ကာရိလိုင်းဟာ အချစ်အတွက် နယ်မြေသစ်တွေ ရှာဖွေနေတာ ဖြစ်နိုင်ခြေများသွားပြီလို့ ပြောတဲ့သူတွေ ရှိလာခဲ့ပါပြီ။





ရွှမဝ

❖ 'မဟာဒူး'ရယ်နဲ့
အလှထူးတဲ့ 'မွန်လာ'။
'မဟာန္တယ်' 'သမင်လည်ပြောက်'
ခြင်းပေါက်စုံစွာ။

❖ မြန်မာ့အားကစားခြင်းပညာ
ကမ္ဘာမှာပျံ့မွှေး။
ဆေးမင်ကြောင်
ဒူးနဲ့ပေါင်ထိုးကွင်းမှာအကွက်ဆန်းရယ်နဲ့
ညောင်ရိပ်နန်းကအကြိုထောက်
ပျိုဆဲတောက်တို့ရေခပ်အလာ
မြင်သာအောင်ဟန်ရေးပြပါလို့
အမှန်တွေးဆမေတ္တာလမ်းဆုံဝယ်
အံ့မခန်းကုန်ဘယ်,ညာခြေအလှည့်ပြေးတွေနဲ့
ခါးတောင်းမြောင်ဖို့သာအောင်ဖင်ပြောင်မဟာဖြင့်
မလျော့ဇွဲရယ်နဲ့
ခြင်းပွဲမှာပညာစွမ်းပြတယ်
(မယ်တို့ . . .မောင်တို့ရေ . . .)
ရွှစမ်းပါ့လေး။ ။

အောင်မြင့်စိုး(ရေစကြို)

CARTOON



ငတ်မွတ် CARTOON



ငေါ့ CARTOON

ကျွန်တော်တို့သည် အသက်ရှင်ရပ်တည်နိုင်ရေးအတွက် အာဟာရဓာတ်ပြည့်ဝပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် ဓာတုဆိုးဆေးကင်းသော အစားအသောက်များကို စားသုံးရန်လိုအပ်ပါသည်။
''အစာလည်းဆေး၊ ဆေးလည်းအစာ'' ဆိုသည့်အတိုင်း အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးသည် လွန်စွာအရေးကြီးပါသည်။
ပြည်သူများ ဝိုင်းဝန်းပါဝင်ဆောင်ရွက်ရပါမည်။

အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေး ပြည်သူများဝိုင်းဝန်းဆောင်ရွက်ပေး

■ ဒေါက်တာမြင့်သန်းထွန်း(ပြည်သူ့ကျန်းမာရေး)

အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေး

လူဘဝသက်တမ်းစေ့ အသက်ရှည်နေနိုင်ရန် ကျန်းမာရေး ကောင်းရပါမည်။ ရောဂါဘယကင်းဝေးပြီး ကျန်းမာရေးကောင်းရန် ဘေးဥပါဒ်အန္တရာယ်ကင်းသော အစားအစာများ၊ အာဟာရဓာတ်ပြည့်ဝသော အစားအစာများနှင့် ဓာတုဆိုးဆေးကင်းသော အစား အစာများကို စားသုံးရန်လိုအပ်ပါသည်။ သို့ပေမယ့် ''တန်ဆေး၊ လွန်ဘေး'' ဆိုသည့် စကားအတိုင်း အစားအစာများကို လိုသည်ထက်ပိုပြီး မစားသင့်ပါ။ ထို့အပြင် ''အသက်ဉာဏ်စောင့် ဥစ္စာကံစောင့်'' ဆိုသော စကားနှင့်အညီ ဆောင်ရန်၊ ရှောင်ရန်များကိုလည်း တိကျစွာလိုက်နာရပါမည်။

အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေး မပြုလုပ်ခြင်းဆိုးကျိုး

ကျန်းမာရေးနှင့်မညီညွတ်သော အစားအစာများကို စားသုံးပါက အသက်အန္တရာယ်ကို ခြိမ်းခြောက်သော ကင်ဆာရောဂါများ ဖြစ်တတ်ပါသည်။ ထို့အပြင် မသန့်ရှင်းသော အစားအစာများကို စားသုံးခြင်းကြောင့် ဝမ်းပျက်၊ ဝမ်းလျှောရောဂါ၊ အသည်းရောင် အသားဝါရောဂါ၊ အစာအဆိပ်သင့်ခြင်း၊ အူရောင်ငန်းဖျားရောဂါနှင့် သန်ကောင်စွဲကပ်ခြင်း စသောရောဂါများ ရရှိနိုင်ပါသည်။



အစားအသောက်ဘေးအန္တရာယ်ဖြစ်စေသော အကြောင်းအရင်းများ

အကြောင်းအရင်းများစွာ ရှိပါသည်။ မသန့်ရှင်းသော အစားအစာများတွင်ပါဝင်သော ဘက်တီးရီးယား ဗိုင်းရပ်စ်ပိုးနှင့် ကပ်ပါးပိုးများကြောင့် ရောဂါများဖြစ်နိုင်ပါသည်။ ထို့အပြင် ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာ စသော ဓာတုပစ္စည်းပါဝင်သည့် ဟင်းသီးဟင်းရွက်များကို စားသုံးခြင်းကြောင့်လည်း ရောဂါများဖြစ်ကာ သေဆုံးနိုင်ပါသည်။ အန္တရာယ်ရှိသော ဘက်တီးရီးယားပိုးများကြောင့် ဝမ်းပျက်၊ ဝမ်းလျှောရောဂါ၊ ဝမ်းကိုက်ရောဂါ၊ ကာလဝမ်းရောဂါနှင့် အူရောင်ငန်းဖျားရောဂါများ ဖြစ်ပွားတတ်ပါသည်။ ဗိုင်းရပ်စ်ပိုးများကြောင့် ဝမ်းလျှောပြီး အန်ခြင်း၊ ပိုလီယိုရောဂါ၊ အသည်းရောင်အသားဝါ အေရောဂါနှင့် ကြက်ငှက်တုပ်ကွေးရောဂါများ ဖြစ်ပွားတတ်ပါသည်။ ကပ်ပါးပိုးကြောင့် သန်ကောင်စွဲကပ်ခြင်းများ ခံစားရတတ်ပါသည်။

ဓာတုပစ္စည်းပါဝင်သည့် ဟင်းသီးဟင်းရွက်များ စားသုံးမိခြင်းကြောင့် ဝမ်းပျက်၊ ဝမ်းလျှောခြင်း၊ ဗိုက်ရစ်နာပြီး အော့အန်ခြင်း၊ ခေါင်းကိုက်ခြင်း၊ ခေါင်းမူးခြင်း၊ ဦးနှောက်နှင့် အာရုံကြောထိခိုက်ခြင်း၊ မျိုးပွားနိုင်စွမ်း လျော့နည်းခြင်း၊ သန္ဓေသားချို့ယွင်းခြင်းနှင့် ကင်ဆာရောဂါများ ဖြစ်တတ်ပါသည်။

အစာအဆိပ်သင့်ခြင်း

အစာအဆိပ်သင့်ခြင်းသည် အသားစိမ်း၊ ငါးစိမ်းများ စားသုံးခြင်း၊ မကျက်တကျက်ချက်ပြုတ်ထားသော အသားနှင့် ပင်လယ်စာများ စားသုံးခြင်း၊ ရက်လွန်အစားအစာများ စားသုံးခြင်း၊ မသန့်ရှင်းသော နို့နှင့် နို့ထွက်ပစ္စည်းများစားသုံးခြင်း၊ သိုးနေသောထမင်းနှင့် ဟင်းများ စားသုံးခြင်း၊ အမှည့်လွန်သစ်သီးများကို စားသုံးခြင်း၊ မသန့်ရှင်းသော အိုးခွက်ပန်းကန်များ(သို့မဟုတ်) မသန့်ရှင်းသော လက်ဖြင့် အစားအစာချက်ပြုတ်ပြင်ဆင် စားသုံးခြင်းများကြောင့် ဖြစ်တတ်ပါသည်။

ဓာတုပစ္စည်းများကြောင့် အစာအဆိပ်သင့်ခြင်းသည် မစားသင့်သော မှို၊ အသီး၊ အရွက်၊ ငါး၊ ခရုများကို စားသုံးမိခြင်း၊ ဓာတုပစ္စည်းများဖြစ်သော အင်ဂျင်ဝိုင်၊ ဒီဇယ်၊ မက်သနောများကို ထည့်ထားသော ပုလင်း၊ ပုံး၊ ခွက်များကို အစားအသောက်နှင့် ရေများထည့်ပြီး စားသောက်ခြင်း၊ ဘက်တီးရီးယားပိုးပေါက်ပြီး ဟောင်းနေသော စည်သွပ်ဘူးများကို စားသုံးခြင်းနှင့် သန့်ရှင်းမှုအားနည်းပြီး မက်သနောပါဝင်မှုများသော အရက်များသောက်မိခြင်းကြောင့် ဖြစ်တတ်ပါသည်။

ကျန်းမာရေးကို ဒုက္ခပေးနေသော ဆိုးဆေး

စီးပွားရေးလုပ်ငန်းရှင်အချို့နှင့် မသမာသော စျေးသည်များက ''ဘယ်သူသေသေ၊ ငတေမာရင်ပြီးရော'' ဆိုပြီး အစားအသောက်များတွင် ခွင့်မပြုဆိုးဆေးများကို ရောနှောပြီး လိမ်လည်ရောင်းချနေကြပါသည်။ လမ်းဘေးစျေးသည်များကလည်း ''ပေါ၊ ချောင်၊ ကောင်း'' စျေးနှုန်းဖြင့် ခွင့်မပြုဆိုးဆေး ပါဝင်သော အစားအသောက်များကို ရောင်းချခြင်းကြောင့် ကျန်းမာရေးကိုဒုက္ခပေးနေပါသည်။

ခွင့်မပြုဆိုးဆေးများသော အစားအသောက်များမှာ လက်













စီးပွားရေးလုပ်ငန်းရှင်အချို့နှင့် မသမာသော ဈေးသည်များက "ဘယ်သူသေသေ၊ ငတေမာရင်ပြီးရော" ဆိုပြီး အစားအသောက်များတွင် ခွင့်မပြုဆိုးဆေးများကိုရောနှောပြီး လိမ်လည်ရောင်းချ နေကြပါသည်။ လမ်းဘေးဈေးသည်များကလည်း "ပေါ၊ ချောင်၊ ကောင်း" ဈေးနှုန်းဖြင့် ခွင့်မပြုဆိုးဆေးပါဝင်သော . . .

ဖက်၊ ချင်းနှပ်၊ မျှစ်၊ ငရုတ်သီးမှုန့်၊ ပုစွန်ခြောက်၊ စိမ်းစားငါးပိ၊ ပုစွန်ချဉ်၊ ကြံမဆိုင်၊ ကတက်ချဉ်၊ ပဲကြီးလှော်၊ ပဲနီ၊ ပဲဝါ၊ ဆော့စ်အမျိုးမျိုး၊ အသားတုံ၊ ဝက်အူချောင်း၊ ကြက်အူချောင်း၊ အချိုရည်အမျိုးမျိုး၊ သစ်သီးယိုများ၊ ရောင်စုံဝေဖာ၊ ဂျယ်လီ၊ အစပ်ချောင်းနှင့် ဇီးထုပ်များဖြစ်ပါသည်။

အစားအသောက်များမှာ အများဆုံးတွေ့ရသော ခွင့်မပြုဆိုးဆေး (၄)မျိုးရှိပါသည်။ အနီရောင် Rhodamin B ၊ အဝါရောင် Auramin O ၊ Orange II နှင့် Sudan Dyes တို့ ဖြစ်ပါသည်။

နေ့စဉ်စားသုံးနေသော စားသုံးဆီ

''ဆီပါလျှင် လွှစာတောင် ဟင်းဖြစ်သည်''ဆိုသည့် စကားအတိုင်း စားသုံးဆီများကို အသုံးများကြပါသည်။ အဆီစားလွန်းပါက အဝလွန်ပြီး သွေးကြောမာခြင်းရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ ရင်ဘတ်အောင့်ရောဂါ၊ ဦးနှောက်သွေးကြောပိတ်ရောဂါ၊ လေဖြတ်ရောဂါ၊ အဆုတ်သွေးကြောပိတ်ရောဂါနှင့် သွေးကြောပိတ်ရောဂါများ ဖြစ်တတ်ပါသည်။

ပြန်ကြော်ဆီများ စားသုံးခြင်းနှင့် ကျန်းမာရေး

မည်သည့်ဆီအမျိုးအစားကိုမဆို အကြိမ်ကြိမ်ပြန်၍ ကြော်ပါက မပြည့်ဝသော Fatty Acid မှ ဖွဲ့စည်းပုံသဏ္ဌာန်ပြောင်းပြီး ပြည့်ဝသော Fatty Acid ကဲ့သို့ သွေးတွင်းကိုလက်စထရောပမာဏကို မြင့်မားစေကာ ကျန်းမာရေးကို ထိခိုက်စေပါသည်။ ကင်ဆာရောဂါ ဖြစ်ပွားနိုင်ပါသည်။

ကျန်းမာရေးကိုဒုက္ခပေးသော ဖော်မလင်

ဖော်မလင်သည် အသားများကို တောင့်တင်းခိုင်မာစေပါသည်။ မပုပ်မသိုးအောင် ထိန်းသိမ်းထားနိုင်သော အစွမ်းသတ္တိလည်း ရှိပါသည်။ အလွယ်တကူ အငွေ့ပျံနိုင်ပါသည်။ ရေထဲမှာလည်း ပျော်ဝင်နိုင်ပါသည်။ ကာဗွန်ဒြပ်ပေါင်းဖြစ်ပြီး သွေးလှည့်ပတ်မှုထဲတွင် ဝင်ရောက်အန္တရာယ်ပေးနိုင်ပါသည်။ ဖော်မလင်ကို လူသေကောင်နှင့် ကိုယ်ခန္ဓာအစိတ်အပိုင်းများ မပုပ်မသိုးအောင် စိမ်ရာတွင် သုံးပါသည်။

ဖော်မလင်ပါသော အစားအသောက်များကို ကြာရှည်စွာ (သို့မဟုတ်) ပမာဏများစွာ စားသုံးပါက ပြင်းထန်စွာ ဗိုက်အောင့်ခြင်း၊









အော့အန်ခြင်း၊ သတိမေ့ မေ့မျောနိုင်ခြင်း၊ ကျောက်ကပ်ပျက်စီးခြင်းနှင့် အသက်အန္တရာယ်ဆုံးရှုံးသည်ထိ ဒုက္ခပေးတတ်ပါသည်။

အယ်လ်ဖာတောက်စင် မှိုပါသော အစားအသောက်များ

အယ်လ်ဖာတောက်စင် မှိုပါသော မြေပဲနှင့် ဂရုတ်သီးများ စားပါက အသည်းကင်ဆာဖြစ်တတ်ပါသည်။

ကင်ထားသော အစားအစာများ

မကျက်တကျက်နှင့် နူးနပ်မှုမရှိသော အသားကင်များ စားသုံးခြင်းကြောင့် သန်ပြားကောင်များ၏ သန့်ဥများက အစာအိမ်မှ တစ်ဆင့် ဦးနှောက်ထဲရောက်ရှိပြီး ဝက်ရူးပြန်ရောဂါကဲ့သို့ ဖြစ်နိုင်ပါသည်။ ကလေးများမှာ သွေးကင်ဆာဖြစ်နိုင်ပြီး အစာအိမ်အူလမ်းကြောင်းတစ်လျှောက်ကိုလည်း ဒုက္ခပေးနိုင်ပါသည်။

ပြဒါးစာတ်ပါဝင်သော ငါးများကိုစားမိခြင်း

ပြဒါးစာတ်ပါဝင်သော ငါးများမှာ ငါးမန်း၊ တူနာငါးနှင့် ဓားရှည်နှုတ်သီးငါးများ ဖြစ်ပါသည်။ ထိုပင်လယ်ငါးများကို စားမိပါက ကိုယ်ဝန်ဆောင်မိခင်မှ မွေးလာသောကလေးမှာ ကိုယ်ခန္ဓာချို့ယွင်းမှုများ ဖြစ်တတ်ပါသည်။

မသန့်ရှင်းသောရေကြောင့်ဖြစ်သော ရောဂါများ

မသန့်ရှင်းသောရေကြောင့် ကူးစက်သောရောဂါတွေဖြစ်သည့် ဝမ်းပျက်၊ ဝမ်းလျှောခြင်း၊ အသည်းရောင်အသား၀ါ၊ ကြွက်ဆီးကြောင့်ဖြစ်သော အသား၀ါ၊ သန်ကောင်စွဲခြင်းနှင့် ပွေး၊ ဝဲ၊ ယားနာစသော အရေပြားရောဂါများ ဖြစ်တတ်ပါသည်။ ထို့ကြောင့် ကျန်းမာရေးနှင့်ညီညွတ်သောရေကို အသုံးပြုရပါသည်။ သောက်ရေသန့်ဘူးတိုင်းလည်း စိတ်ချမ်းသာမှု ပေးနိုင်မည်မဟုတ်ပါ။ စံချိန်မီသော သောက်ရေသန့်ကိုသာ ရွေးချယ်ပြီး စနစ်တကျသောက်ရပါမည်။ ကျိုချက်သောက်ပါက ပိုပြီးကောင်းမွန်ပါသည်။

ဘေးအန္တရာယ်ဖြစ်စေသော အခြားအစားအသောက်များ

ပဋိဇီဝဆေးများ၊ ကြီးထွားဟော်မုန်းဆေးများနှင့် အသားပွဆေးများကို ကြက်၊ ဘဲ၊ ငန်းနှင့် ဝက်၊ နွား၊ ဆိတ်များကို အစာနှင့်ကျွေးနေသည်ဟု ကြားနေရပါသည်။ ဗိုက်တာမင်အားဆေးများလည်း တိုက်ကြပါသည်။ ၎င်းအသားများကို စားမိသောလူများမှာ ပဋိဇီဝဆေး ယဉ်ပါးမှုနှင့် ကျောက်ကပ်ပျက်စီးသောရောဂါများ ဖြစ်တတ်ပါသည်။

အစားအသောက်ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် အကြံပြုချက်

အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရန်အတွက် ပြည်သူများအားလုံး ဝိုင်းဝန်းဆောင်ရွက်ရပါသည်။ ''အစာလည်းဆေး၊ ဆေးလည်းအစာ'' ဆိုသည့်အတိုင်း အစားအသောက် ကိုင်တွယ်ချက်ပြုတ်ပြင်ဆင်ရောင်းချသူအားလုံး အမြဲသန့်ရှင်းရေး ပြုလုပ်ရပါမည်။ အစားအသောက်များကို ကျက်အောင်ချက်ရပါမည်။ မချက်ရသေးသော အစားအသောက်နှင့် ချက်ပြုတ်ပြီး အစားအသောက်များကို ခွဲထားရပါမည်။ အစားအသောက်များ ထားသိုခြင်းကို ဂရုစိုက်ရပါမည်။ ရေကောင်းရေသန့်နှင့် လတ်ဆတ်သော သားစိမ်း၊ ငါးစိမ်းနှင့် ဟင်းသီးဟင်းရွက်များကို အသုံးပြုရပါသည်။

ဒေါက်တာမြင့်သန်းထွန်း(ပြည်သူ့ကျန်းမာရေး)




CARTOON


'ပြန်မှ အိတော်' ဆိုတာ
က...ကိုယ့် သိချင်း ကိုယ်
ပြန်မှ အိုချင်တော့တာ..
အရင်းပြတ်သွားတာ ဖြစ်တာ
ကားပဲ...
'ပြန်အိတော်..' ဆိုတာ
ဘာ့ကြောင့်လဲ ကိုယ်
ကိုယ်တိုင်လည်း
မသိဘူးကွာ...

CARTOON


ဒီကနေ့ ဘာဖတ်ပြီးအိပ်ပျော်သွားရင် ဆုံးဖို့ယောင် နေတော့တာပါပဲ
ငကောပူ၊ ဂျပန်ရွှေပြောင်း အလုပ်သမားမျာ:အာ: မြန်မာလစဉ်ကမှဖမ်:ဆီ: စစ်ဆေး၊ အထောက် အထား:မခိုင်လုံသူမျာ: နေရပ်ပြန်ကွတ်...
NEW

ရေးဝတ္တရား အပ်ိဳတို့ရင်ကွဲ...



ခြေရင်းအိမ်က ဆူညံပူညံသံများ နားထဲတိုးဝင်လာစဉ် လုပ်လက်စဖြစ်သည့် ကြေးစည်ထုအမျှဝေခြင်းကို ဒေါ်ရီရီခင် ခပ်တိုးတိုးပြုလိုက်မိ၏။ မသိမသာနားစွင့်မိသော်လည်း စိတ်ဝင်စားစရာအကြောင်း အရာတော့မဟုတ်။

''ငါက စျေးဝယ်ပေးပြီးပြီပဲ၊ ချက်ဖို့က နင့်တာဝန်လေ''

''နင်ဝယ်လာတာ မစုံမလင်နဲ့ ငါ ဘယ်လိုချက်ရမှာလဲ၊ လိုတာသွားဝယ်ပေးရင်ပေး၊ နို့မို့ ငါချက်မပေးနိုင်ဘူး''

''အပြင်မှာ နေဘယ်လောက်ပူသလဲ နင်သိလား၊ ခုပဲပြန်လာတဲ့ဟာကို ငါတော့ မသွားနိုင်တော့ဘူး၊ အငယ်မကို ခိုင်းလိုက်၊ ဒီမှာမောရတဲ့အထဲ''

''မမဦးဟာလေ ဘယ်တော့မှ တစ်ပါတည်းစုံအောင်ဝယ်မလာဘူး၊ ဒီမှာ မအားဘူး၊အဝတ်တွေလျှော်ရအုံးမယ်''

အကြီးနှစ်ယောက်၏စကားကို ချက်ချင်းဆိုသလိုအကြောင်းပြချက်ပေး ငြင်းဆိုလိုက်သော အငယ်ဆုံးမ၏အသံ။ ဒေါ်ရီရီခင် ပြီးလိုက်မိသည်။ သမီးသုံးယောက်ရှိသောအိမ်တွင် ပိတ်ရက်လူစုံတိုင်း ဖြစ်နေကျ မရိုးနိုင်သော သံစဉ်တွေမဟုတ်လား။

+ + + + + +

''အမေရေ ညနေ သားအလုပ်ကပြန်လာရင် စျေးဝင်ခဲ့မယ်၊ အမေ မသွားနဲ့နော်၊ လိုတာကို ဖုန်းနဲ့လှမ်းပြော၊ ဒါမှမဟုတ် သား ဖုန်းထဲစာပို့ပေးထား . . .စာပို့နည်း မှတ်မိတယ်မဟုတ်လားအမေ''

လုပ်ငန်းခွင်သို့အချိန်ပိုဆင်းရန် အိမ်မှ အထွက် လှမ်းပြောသွားသောသားဖြစ်သူကို ဒေါ်ရီရီခင် စိတ်ထဲမြင်ယောင်လာသည်။ မနက်က သားဖြစ်သူအတွက် ထမင်းဘူးထည့်ရင်း ရေခဲသေတ္တာထဲ ဟင်းချက်စရာကုန်နေတာကို ဒေါ်ရီရီခင်ပြောမိသွားသည်ကိုး။ ရပ်ကွက်ရှိ ညနေစျေးက ကားရှုပ်၊ ဆိုက်ကားရှုပ်ရုံမျှမက လမ်းလျှောက်ဖို့ရန် လူများပါခြေချင်းလိမ်နေတတ်သဖြင့် မိခင်ဖြစ်သူကို အပြင်မထွက်စေလိုသော သားတော်မောင်က တစ်ပါတည်း အသိပေးသွားခြင်း။

+ + + + + +

> **အပြင်မှာ နေဘယ်လောက်ပူသလဲ နင်သိလား၊**
>
> **ခုပဲပြန်လာတဲ့ဟာကို ငါတော့ မသွားနိုင်တော့ဘူး၊**
>
> **အငယ်မကို ခိုင်းလိုက်၊ ဒီမှာမောရတဲ့အထဲ''**

သည်ရပ်ကွက်ကလေးသို့ ဒေါ်ရီရီခင် နှင့် ဦးခင်မောင်တို့ အိမ်ထောင်ဦးစကပင် အိမ်ငှားဘဝဖြင့် စတင်ရောက်ရှိခဲ့ခြင်းဖြစ်၏။ ခုဆို သားတော်မောင် အသက်(၂၃)နှစ်ရှိပြီမို့ ပတ်ဝန်းကျင်နှင့်နေသားကျနေပြီ။ မြန်မာရပ်ကွက်ဖြစ်သည်နှင့်အညီ လှူရေးတန်းရေးကတော့ ဆယ့်နှစ်လရာသီမပြတ်ရှိ။ ဖော်ရွေသောရပ်ကွက်သူ ရပ်ကွက်သားများရှိခြင်း၊ စျေးနီး၊ ကျောင်းနီး၊ ဆေးခန်းနီးသော ရပ်ကွက်လေးဖြစ်ခြင်းတို့ကြောင့် ဤအရပ်ကို ဒေါ်ရီရီခင်တို့ အလွန်နှစ်သက်သည်။

အိမ်ငှားခမှာ နှစ်စဉ်တိုး၍ပေးခဲ့ရသော်လည်း အိမ်ရှင်က သဘောကောင်းစွာ အနှစ်နှစ်ဆယ်နီးပါးထိ ဒေါ်ရီရီခင်တို့ မိသားစုကို နေခွင့်ပေးခဲ့သည်။ ဒေါ်ရီရီခင်တို့က အိမ်ကို စည်းစနစ်ရှိစွာ ထိန်းသိမ်းစောင့်ရှောက်နေထိုင်ခြင်းကို သူတို့သဘောကျ၍လည်း ပါသည်။ လွန်ခဲ့သောလေးနှစ်ခန့်က ဒေါ်ရီရီခင်တို့ငှားနေသောအိမ်ကို အိမ်ရှင်က ရောင်းလိုသည်။ သူတို့ရောင်းလိုချိန်တွင် ဒေါ်ရီရီခင်တို့မိသားစုမှာ အိမ်ဝယ်ရန် ရည်စူးကာ အသင့်စုဆောင်းထားသော ငွေများရှိနေခြင်းကြောင့် ရေကန်အသင့်၊ ကြာအသင့်ဆိုသလို ဖြစ်ခဲ့ရ၏။ အိမ်ရှင်က ပြည့်ဝလွန်းစွာ အိမ်ပိုင်လိုချင်သော ဒေါ်ရီရီခင်တို့ကို စျေးမကိုင်သည့်ပြင် အကျိုးဆောင်ခ မထုတ်ရသည့်အတွက်ပါ ရောင်းစျေးကို အတတ်နိုင်ဆုံးလျှော့ပေးခဲ့သည်။

ဒါကို ဒေါ်ရီရီခင်က စေတနာအကျိုးခံစားခြင်းဟုယုံကြည်သည်။ သူတို့က အိမ်ရှင်တွေကျန်းမာချမ်းသာစေရန် အမြဲမေတ္တာပို့ပေးပြီး အိမ်ကိုလည်း ကိုယ့်အိမ်လို သဘောထားကာ တော်ရုံလိုအပ်သမျှကို ပြုပြင်နေထိုင်ခဲ့သည်မဟုတ်လား။ တစ်ထပ်အုတ်ညှပ်အိမ်လေးပါသော မြေကွက်လေးက လမ်း၏ ထောင့်ကွက်ဖြစ်ပြီး အလျားနှစ်ဆယ့်ငါးပေ၊ အနံပေခြောက်ဆယ်အကျယ်ရှိသည်။ သားဖြစ်သူက လာမယ့်နှစ်ထဲတွင် မိဘနှစ်ပါးအတွက် နှစ်ထပ်တိုက်ဆောက်ပေးနိုင်အောင် ကြိုးစား၍ငွေစုနေသည်ဟု ကြိုးဝါးထား၏။

+ + + + + +

ဒေါ်ရီရီခင်၏သားမှာ ဆယ်တန်းတွင် ဂုဏ်ထူးသုံးခုဖြင့် နှစ်ချင်းပေါက်အောင်ခဲ့သော်လည်း ဝါသနာပါသောလိုင်းကိုတော့ အမှတ်မမှီ၍ တက်ရောက်ခွင့်မရခဲ့။ ထိုအခါ မိဘကိုငဲ့ညှာလိုစိတ်ရှိသောသူက အဝေးသင်တက်ရင်း အသက် ၁၇ နှစ်မပြည့်ခင်ကတည်းက လုပ်ငန်းခွင်ဝင်ခဲ့သူ။ ဒေါ်ရီရီခင်၏သားက တစ်မိပေါက်တစ်ယောက်ဆိုသော်ငြား လူတကာအားကျရလောက်အောင် လိမ္မာရေးခြားရှိသူ။

သူရသောလစာကိုအလဟဿမဖြုန်း၊ ခြစ်ကုတ်စုဆောင်းပြီး ပညာဖြင့်အသက်မွေးဝမ်းကြောင်းပြုရန် ရည်ရွယ်ကာ ကွန်ပျူတာဖြင့်ဒီဇိုင်းရေးဆွဲနည်းပညာကို ထပ်မံသင်ယူ၍ အစွမ်းကုန်လေ့လာခဲ့သူဖြစ်၏။ သုံးနှစ်အကြာ ထိုပညာဖြင့်ကုမ္ပဏီကြီးတစ်ခုတွင် အလုပ်ရခဲ့ပြီး တစ်နှစ်အတွင်း သူဌေး၏အားအကိုးရဆုံးဝန်ထမ်း ဖြစ်လာခဲ့သည်။ သူ၏လစာဖြင့် မိသားစုသုံးယောက် စားဝတ်နေရေးလုံလောက်သည့်အပြင် ပိုလျှံငွေကို စုဆောင်းထားနိုင်သည်။ သူ့အလုပ်တွင် အခြေကျသည်နှင့် အသက် ၅၅ နှစ်စွန်းစွန်းသာရှိသေးသော ဖခင်ဖြစ်သူကို လုပ်သက်ပြည့်ပင်စင်ယူစေခဲ့သည်။ ထို့နောက် ဖခင်ကို အိမ်ဦးခန်းတွင် အခန့်သားထိုင်စေ၍ ဝါသနာပါရာ စာရေးစာဖတ်ခြင်းကို ဇောက်

သူတို့မိသားစု၏ထူးခြားချက်မှာ

အဖေရောအမေပါ သမီးသုံးယောက်အပေါ်

ကြင်နာနွေးထွေးစွာဆက်ဆံခြင်းကို မတွေ့ရသလို

သမီးတွေကလည်း မိဘနှစ်ပါးအပေါ် ခင်တွယ်ခြင်းမရှိ။

ချ လုပ်ခွင့်ရအောင် စီစဉ်ပေးခဲ့သူ။ ထိုမျှမက မိခင်အပေါ်လည်း လိုသည်မရှိရအောင် အရိပ်အကဲကြည့် ဂရုစိုက်ပေးနိုင်သူ။

+ + + + + +

ဒေါ်ရီရီခင်တို့မှာ ရပ်ကွက်ထဲတွင် စံပြမိသားစုဖြစ်သည်။ ဦးခင်မောင်က စည်းကမ်းကြီးပြီး ကြိုးစားသလို ဒေါ်ရီရီခင်က အိမ်ရှင်မပီသစွာ နောက်ဖေးလုံအောင် စီမံကွပ်ကဲနိုင်သူ။ လင်မယားနှစ်ယောက်စလုံး၏ ဝါသနာမှာ စာဖတ်ခြင်းနှင့်တရားနာခြင်း။ ပြောင်းစက အိမ်ထောင်ပရိဘောဂပင် စုံစုံလင်လင်မပါသော အိမ်ငှားဘဝ။ အနှစ်နှစ်ဆယ်အတွင်း အိုးပိုင်အိမ်ပိုင်ဘဝကို ထူထောင်နိုင်ခဲ့သည်။ ထို့ပြင် သိတတ်လွန်းသော သားရှိနေခြင်းက ဒေါ်ရီရီခင်အတွက် စိတ်အချမ်းသာဆုံးနှင့် မျက်နှာအပွင့်ဆုံးဖြစ်သည်။

အပေါင်းအသင်းဆုံသောဒေါ်ရီရီခင်မှာ ရပ်ကွက်အတွင်းရှိ အားလုံးနှင့်ခင်မင်ရင်းနှီးစွာ ခေါ်ပြောဆက်ဆံတတ်သလို အလှူအတန်းရက်ရောသည်။ နေမထွက်ခင် ဦးခင်မောင်၏ဘုရားရှိခိုးသံနှင့် ဒေါ်ရီရီခင်၏ အရက်ဆွမ်းကပ်လှူသံကို ဦးဆုံးကြားရလေ့ရှိသည်။ တရားခွေမျိုးစုံ နားယူတတ်သော သူတို့ဇနီးမောင်နှံအိမ်မှာ ရံဖန်ရံခါ ကာရာအိုကေဖြင့် သီချင်းဆိုသံများကြားရတတ်သော်လည်း ပတ်ဝန်းကျင်ကို အနှောင့်အယှက်မဖြစ်။ မိသားစုသုံးဦးဆုံစည်းချိန်တွင် တစ်ဦးနှင့်တစ်ဦးစနောက်ရင်း ပျော်ရွှင်စွာရယ်မောနေသံများကိုကြားရလေ့ရှိ၏။

ပြဿနာတစ်ခုကို ဖြစ်ပေါ်တိုင်း မိသားစုသုံးဦးပေါင်းစည်းရှည်လျှိုးဆွေးနွေးရင်း အဖြေထွက်အောင်ကြိုးစားတတ်သည်မှာ သူတို့မိသားစု၏ထူးခြားချက်။ ဘယ်နေရာကြည့်ကြည့် ရှင်းသန့်တောက်ပစွာ သပ်ရပ်လှပအရောင်ထက်နေသော သူတို့အိမ်လေးက တကယ့်ကို အပန်းဖြေအနားယူစရာ နေရာကောင်းလေးတစ်ခုအလား။ လာရောက်လည်ပတ်သူတိုင်း၏စိတ်ကို ချမ်းမြေ့စေသည်။

+ + + + + +

ဒေါ်ရီရီခင်တို့ခြေရင်းအိမ်မှာ မိဘနှစ်ပါးနှင့်သမီးချည်း သုံးယောက်မို့ မိသားစုဝင် ငါးယောက်။ သူတို့မိသားစုတွင် ဖခင်ဖြစ်သူက ဆယ်တန်းပင်မအောင်ခဲ့သော်လည်း အနေအေးသည့်ပြင် သမီးသုံးယောက် ဘွဲ့ရအလုပ်ဝင်သည့်တိုင် ရိုးသားကြိုးစားစွာ ပင်ပင်ပန်းပန်းရှုန်းကန် ရှာဖွေကျွေးမွေးနေဆဲ။ သောက်စားမူးယစ်ရမ်းကားခြင်းမရှိသည့်အပြင် ဇနီးနှင့် သမီးများကို ဆူပူအော်ငေါက်သံလည်း တစ်ချက်မျှ မကြားရ။ မိန်းကလေးတို့ အမေကတော့ ကလေးတွေငယ်စဉ်က ခင်ပွန်းသည်နှင့် အတူ ရုန်းကန်ခဲ့သော်လည်း အသက်ကြီးလာသည်နှင့်အမျှ အသိခေါက်ခက် အဝင်နက်သူဖြစ်လာသည်။

သူတို့မိသားစု၏ထူးခြားချက်မှာ အဖေရောအမေပါ သမီးသုံးယောက်အပေါ် ကြင်နာ နွေးထွေးစွာဆက်ဆံခြင်းကို မတွေ့ရသလို သမီးတွေကလည်း မိဘနှစ်ပါးအပေါ် ခင်တွယ်ခြင်းမရှိ။ အမေနှင့်သမီးများ၏ ဆက်ဆံရေးမှာလည်း ပြေပြစ်ချောမွေ့ခြင်းမရှိ။

သမီးတွေက ငယ်စဉ်ကတည်းက မိခင်ကို သူတို့မိထွေးကဲ့သို့ ပေစောင်းစောင်းနှင့် ပြန်မပြောနားမထောင် တုံ့ပြန်ဆက်ဆံတတ်သည်ကိုတွေ့ရသည်။ သူတို့မိခင် တစ်ခွန်းတည်းခေါ်ရုံ ခိုင်းရုံဖြင့်မလာ။ ချက်ချင်းမဆောင်ရွက်တတ်။ မသိကျိုးကျွန်ပြု၍နေတတ်သည်။ သူတို့အမေ၏ဆဲဆိုသံနှင့်အတူ ကျောပြင်ပြောတင်ခံရပါမှ၊ ဆံပင်ဆွဲ ခေါင်းခေါက်ခံရပါမှ ဆောင့်ကြိုးအောင့်ကြိုးထလာကာ မြည်တွန်တောက်တီးရင်းလုပ်တတ်ကြသည်။

မိန်းကလေးတို့အမေသည်ကလေးများကို ဆုံးမရာတွင်လည်း များသောအားဖြင့် သိမ်မွေ့ညင်သာမရှိ။ ပြောမရလျှင် ကြမ်းတမ်းသောစကားလုံးများဖြင့် ခိုင်းနှိုင်းပြောဆိုခြင်း၊ ခေါင်းခေါက်၍ ခိုင်းစေခြင်းကိုပြုတတ်သည်။ သူ့ပြောပုံအရ ထိုသို့ပြုမူခြင်းကို ကလေးတွေထက် အရင်သေရမည့်သူ့ကို မစွဲလမ်းစေလိုသောဆန္ဒကြောင့်ဟု သိရသည်။ ဒေါ်ရီရီခင်က သူ့ကို ထိုအယူအဆက မှားယွင်းကြောင်း၊ ကလေးတွေက အမေကို ခင်တွယ်အောင်နေသင့်ကြောင်း၊ ကလေးတွေအပေါ် နူတ်ချိုချိုဆက်ဆံသောကြောင့် အကျိုးသင့်အကြောင်းသင့် ရှင်းပြသော်လည်း မိန်းကလေးတို့အမေက လက်မခံ။ တလွဲဆံပင်ကောင်းခဲ့သူ။

+ + + + + +

ယခုအခါ သမီးသုံးယောက်လုံး ထိုက်သင့်သောလစာနှင့်အလုပ်ကိုယ်စီရှိကြသည်။ လုပ်ငန်းခွင်အတွင်း အနေအစားချောင်သလို ဝန်မပိသောနေရာတွင် တာဝန်ထမ်းရသူများဖြစ်၍ ကံကောင်းလှသည်။ မနက် ၈ နာရီခန့် သူတို့အလုပ်သွားလေ့ရှိပြီး ပုံမှန်အလုပ်ချိန်အတိုင်း ညနေ ၅ နာရီခွဲ၊ ၆ နာရီခန့်တွင်အိမ်သို့ပြန်ရောက်သည်။ သို့ရာတွင် အိမ်အလုပ်ဟူ၍ ဘာတစ်ခုမျှလုပ်သည်ကို မတွေ့ရ။ မိန်းကလေးသုံးယောက်စလုံးကိုယ်စီအလုပ်ရှိလာသော်ငြား ဖအေဖြစ်သူကတော့ မိုးလင်းမိုးချုပ်တိုင် မိသားစုအတွက် ပင်ပန်းကြီးစွာရှာဖွေ၍ အိမ်စရိတ်ထောက်ပံ့နေရဆဲ။ သမီးသုံးယောက်နှင့် အမေကတော့ များသောအားဖြင့် စျေးမသက်သာသော အသင့်စားအစားစာများ၊ သန့်ရှင်းမှုချို့တဲ့သောအသုပ်ဆိုင်များနှင့်ပင် သူတို့ နေ့ဖို့ညစာကို လွယ်လွယ်ကူကူ ဖြေ

ရှင်းလေ့ရှိသည်။ ထိုမိန်းကလေးတွေက ကျန်းမာရေးနှင့်ပတ်သက်လျှင် ရှေးကုသိုလ်ကံကောင်းသူတွေဟု ဆိုရမလား။ အသင့်စား အပြင်အစာတွေ ဘယ်လောက်စားစား ခေါင်းမူး၊ ခေါင်းကိုက်၊ ဝမ်းလျှော၊ ဗိုက်နာပင်မဖြစ်။

ဤသို့ ဖြစ်သလိုနေထိုင်စားသောက်နေခြင်းကို မိန်းကလေးတို့အမေက သူ့သမီးတွေက အကြမ်းပတမ်းခံနိုင်သည်ဟု ကြီဖန်ဂုဏ်ယူနေတတ်သေးသည်။ အဖွံ့ထွားဆုံးဖြစ်ရမည့်အရွယ်တွင် အပျိုသုံးယောက်ပေါင်း အလေးချိန်က ပေါင် ၂၀၀ စွန်းစွန်းရှိတာမို့ ပိန်လိုသေးကွေးသော သူတို့ခန္ဓာကိုယ်လေးများကိုကြည့်ကာ ဒေါ်ရီရီခင်သည် ဖွံ့ထွား၍ ကျန်းမာလွန်းသော သားဖြစ်သူအတွက် ကျေနပ်နေမိ၏။ သားက အမေချက်တဲ့ အိမ်ထမင်းဟင်းကိုသာ မက်မောစွာ စားလေ့ရှိသည်။

ဒါပြင် ဒေါ်ရီရီခင်သားက အလုပ်ပိတ်ရက်တိုင်း အဖေနှင့်အမေအတွက် ကိုယ်တိုင် စီမံချက်ပြုတ်ကျွေးလေ့ရှိသည်။ ထိုမျှမကသေး။ ဒေါ်ရီရီခင်အအေးမိပြီး နေမကောင်းဖြစ်မှာကို စိုးရိမ်တတ်သော သားသည် ရေချိုးခန်းအတွင်း လျှော်ဖွပ်ရန် အဝတ်များ ဆပ်ပြာစိမ်ထားသည်ကိုတွေ့ပါက မအေ့ထဘီပင်ဖြစ်လင့်ကစား ရေမချိုးခင် လျှော်ဖွပ်ပေးသွားတတ်သူ။ သူ့သားမလုပ်ချင်ဆုံးအလုပ်ဟူ၍ မီးပူတိုက်ခြင်းသာရှိသည်။ ဒါကိုပင် ခါးနာတတ်သောအမေကို ငဲ့ညှာအသနားပိုကာ ဝင်ကူညီတတ်သေးသည်။ သို့အတွက်ကြောင့်လည်း ဒေါ်ရီရီခင်သည် အိမ်အလုပ်ဟူသမျှ သားဖြစ်သူအလုပ်သွားနေချိန်အတွင်း အပြီးသတ်ဆောင်ရွက်ထားလေ့ရှိ၏။ သားက ကွန်ပျူတာဖြင့် အချိန်ပြည့်အလုပ်လုပ်ရသူမို့ အိမ်ရောက်သည်နှင့် စိတ်ရောကိုယ်ပါ နားစေချင်သည်ကိုး။

+ + + + + +

ခြေရင်းအိမ်ကမိန်းကလေးသုံးယောက် ဟင်းချက်စားသည့်နေဆိုလျှင် အသံတိတ်ပြီးစီးသည်ဟူ၍ ဘယ်တော့မှမရှိ။ ပတ်ဝန်းကျင်တစ်ခုလုံး ဆူညံနေတတ်သည်။ ဟင်းချက်သည်ဆိုသော်ငြား တစ်ခွက်တစ်မယ်ကောင်းသာဖြစ်သည်။ ဒေါ်ရီရီခင်တို့အိမ်ကဲ့သို့ အသားဟင်း၊ အသီးအရွက်ကြော်၊ အသုပ်၊ ဟင်းရည်သောက်၊ ငါးပိတို့စရာအစုံအလင်ဖြင့် စားပြိန်ဖွယ်ဖြစ်အောင် စုံစုံလင်လင်စီမံခြင်းလည်း မဟုတ်။ ဟင်းလေးတစ်ခွက်အတွက် အမြဲလို သူလုပ် ငါလုပ် အချင်းပွားနေတတ်သော ညီအစ်မများကိုလည်း ဒေါ်ရီရီခင် စိတ်ထဲဘဝင်မကျ။ တစ်ခါတလေများ သူတို့က ဟင်းချက်ရာတွင် ဝင်မပါသောအမေကို မျက်စောင်းထိုး၍ ငြူစူစောင်းမြောင်းပြောနေတတ်သေးသည်။

+ + + + + +



သားဖြစ်သူအတွက် စိတ်ချမ်းသာရသော ဒေါ်ရီရီခင်သည် အိမ်နီးချင်းလည်းဖြစ်၊ ခင်မင်ခဲ့သော မိန်းကလေးတို့အမေအကြောင်းကိုတွေးမိတိုင်း စိတ်မကောင်းဖြစ်ရသည်။ သမီးကြီးမဦး(၁၄)နှစ် ဝန်းကျင်ခန့်က ထိုအမေသည် သူ့သမီးများကို ဒေါ်ရီရီခင် ဆုံးမသွန်သင်ပေးသည့်အပေါ် နားလည်မှုလွဲကာ ကတ်ကတ်လန် ရန်တွေ့ခဲ့သူ။

မိန်းကလေးတို့အမေမှာ ကလေးတွေငယ်ငယ်က ထိုသို့မဟုတ်။ မရှိသည့်ကြားက လင်မယားနှစ်ယောက် ဒိုးတူဘောင်ဖက် ရုန်းကန်၍ သူ့သမီးတွေအတွက် ဟင်းတစ်ခွက်တော့ ဖြစ်အောင်ချက်ပေးတတ်သူ။ လင်မယားနှစ်ယောက်လုံး အလုပ်ထွက်လုပ်ကြသဖြင့် ကျန်ခဲ့သော လူမမယ်ကလေးတွေကို သားသမီးချင်း စာနာစိတ်ဖြင့် ဒေါ်ရီရီခင်က ကြည့်ရှုစောင့်ရှောက်ပေးခဲ့၏။ သူတို့သမီး အကြီးဆုံးက သားဖြစ်သူထက် ငါးနှစ်ကြီးပြီး အလတ်မက သားနှင့်ရွယ်တူဖြစ်ကာ အငယ်ဆုံးမက သားထက်နှစ်နှစ်ခန့်ငယ်သည်။ သူတို့လေးတွေက သားနှင့်လည်း ကစားဖော်ကစားဖက်တွေ ဖြစ်ခဲ့ကြသည်။

+ + + + + +

ထိုမိန်းကလေးများတွင် အလုပ်ပိတ်ရက် ပုံမှန်ရှိသော်လည်း အိမ်အလုပ်မလုပ်ချင်၍ အငြင်းထွက်နေတာများသည်။ ဖုန်တသောသောရှိနေသောအိမ်ကြွေးက ခဏတဖြုတ်တည်း ဇရပ်နှင့်...

ထိုကလေးမတွေ အရွယ်လေးရတော့ သူတို့အမေအဆုံးမ မတတ်သည်ကို ဒေါ်ရီရီခင်သတိထားမိကာ သွန်သင်ဆုံးမပေးမိသည်။ မိဘနှင့်နွေးနွေးထွေးထွေးမနေရ၍လား မပြောတတ်။ ကလေးမလေးတွေက ငယ်ငယ်ကတည်းက ပြန်မပြော နားမထောင်၊ ထောင့်မကျိုးသောစရိုက်ရှိသည်။ ဒေါ်ရီရီခင်က မိန်းမတို့တတ်အပ်သော ဖုန်သုတ်၊ အမှိုက်လှဲကအစ အဝတ်လျှော်အဝတ်ခေါက်ခြင်း၊ နောက်ဖေးချောင် ထားသိုထိန်းသိမ်းခြင်း အစရှိသည့် အိမ်မှုကိစ္စများကို စိတ်ရှည်ရှည်နှင့် စနစ်တကျသင်ပြပေးဖူးသည်။ ထောင့်မကျိုးသော်လည်း ငယ်ရွယ်သူများဖြစ်၍ ညဏ်ထက်သည်။ သင်ထားသမျှ ပြန်လုပ်ခိုင်းလျှင် အားလုံးလုပ်ကိုင်တတ်သည်။ တစ်ရက်ပြီးတစ်ရက် သူတို့ကိုသင်ပြပေးရင်း သားက ဒေါ်ရီရီခင်ကို ဝိုင်းကူညီလုပ်ကိုင်ပေးလေ့ရှိလာသည်။

တစ်ညနေတွင် ကလေးမလေးများ အိမ်သို့ အကြောင်းကိစ္စပေါ်၍သွားမိရာမှ ပြဿနာစသည်။ ဖိနပ်ချွတ်မှအစပြုကာ တစ်အိမ်လုံးပရမ်းပတာဖြင့် ပစ်စလက်ခတ် နေထိုင်ခြင်းကို ဒေါ်ရီရီခင် ရုတ်တရက်တွေ့မြင်သွားသည်။ နိစ္စဓူဝအာပေါက်မတတ် အပင်ပန်းခံသင်ပေးထားလျက်နှင့် မလိုက်နာသည်ကို စိတ်ထဲကရုဏ္ဏာဒေါသဖြစ်ကာ ဆူမိစဉ် မိန်းကလေးတို့ အမေနှင့်အဖေ အလုပ်မှ ပြန်ရောက်လာသည်။ ထို့နောက် သူတို့ကိုယ်တိုင် ကလေးတွေစိတ်ကြိုက် လွတ်လွတ်လပ်လပ်နေခွင့်ပြုထားကြောင်း၊ သူတို့ကိုကျော်၍ ဆုံးမရန်လည်း မလိုကြောင်း စသဖြင့် ဒေါ်ရီရီခင်ကို ရန်တွေ့ခဲ့သည်။ ဒေါ်ရီရီခင်၏ စေတနာက ဝေဒနာဖြစ်ခဲ့ရသည်။ မိန်းကလေးတွေရဲ့မိဘများက ကလေးတွေလုပ်တတ်ကိုင်တတ်အောင် ဒေါ်ရီရီခင် သင်ပြပေးခြင်းအပေါ် အလဟဿခေါ်ခိုင်းနေခြင်းဟု အလွဲတွေးခဲ့ကြသည်ကိုး။ ထို့နောက်ပိုင်း သူ့သမီးတွေက ဒေါ်ရီရီခင် အိမ်ဘက်သို့မလာတော့သလို ဒေါ်ရီရီခင်လည်း သူတို့ရှိရာမသွားခဲ့။

+ + + + + +

သားဖြစ်သူကိုတော့ ဒေါ်ရီရီခင်က မင်္ဂလာတရားတော်အခြေခံအစ လူမှုရေး အလယ်၊ အိမ်မှုကိစ္စအဆုံး၊ စိတ်တိုင်းကျ သွန်သင်ဆုံးမပေးခဲ့သည်။ လူပျိုပေါက် အရွယ်ရောက်လာသောအခါ ဒေါ်ရီရီခင် သားက မိဘကိုကူညီလုပ်ကိုင်ပေးတတ်သောအကျင့်စွဲမြဲနေပြီး လိမ္မာရေးခြားနှင့် ပြည့်ဝပြီးဖြစ်သည်။ သားကလူပျိုဖော်ဝင်ချိန်မှအစပြုကာ တစ်ဖက်မိန်းကလေး သုံးယောက်တို့နှင့်အနေစိမ်းလာသည်။ အခေါ်အပြောသိပ်မလုပ်တော့ပါ။ ထိုသို့ သားဖြစ်သူ သူတို့နှင့်အနေစိမ်းသွားခြင်းအပေါ် ဖွင့်မပြောသော်လည်း ဒေါ်ရီရီခင်ကျေနပ်မိသည်။

+ + + + + +

ခေါင်းရင်းအိမ်မှ မိန်းကလေးများက မွေးရာပါသန္ဓေမကောင်းခြင်းလား၊ မိခင်ဖြစ်သူ ဆုံးမသွန်သင်မတတ်မှုကြောင့်လား မပြောတတ်။ ဘယ်လောက်ပြောပြော၊ ဘယ်လောက်သင်သင်၊ ဘယ်လောက်အော်ငေါက်ငေါက် ကျဲပါးစောင်းတီးသကဲ့သို့ အရေးမစိုက်တတ်။ အလုပ်ကိုယ်စီရှိကြ၍ ဝင်ငွေတိုးကာ အဆင်ပြေလာပုံရသော်လည်း ကြမ်းပေါက်လည်းမဖာ၊ မိုးယိုလည်း ခံမည့်သူမရှိ။ ထိုအခါ ဘိုးဘွားပိုင် အမွေဆိုင်အဖြစ် ကျန်ရစ်သောအိမ်ကြီးမှာ ပြုပြင်ထိန်းသိမ်းသူမရှိဘဲ ယိုယွင်းသထက် ယိုယွင်းလာသည်။

ထိုမိန်းကလေးများတွင် အလုပ်ပိတ်ရက် ပုံမှန်ရှိသော်လည်း အိမ် အလုပ်မလုပ်ချင်၍ အပြင်ထွက်နေတာများသည်။ ဖုန်တသောသောရှိနေသောအိမ်ကြီးက ခဏတဖြုတ်တည်း ဇရပ်နှင့် အလားသဏ္ဌာန်တူနေတော့သည်။ စည်းစနစ်ကြီး၍ သန့်သန့်ရှင်းရှင်းနေတတ်သော ဒေါ်ရီရီခင်မှာ သူတို့အိမ်သွားဖို့ဝေးစွ လှမ်းကြည့်ရုံဖြင့်ပင် စိတ်တိုင်းမကျဖြစ်ရသလို သူတလူ ငါတစ်မင်းဖြင့် နေသားကျနေသောသူတို့ကလည်း ဒေါ်ရီရီခင်ကဲ့သို့ စည်းစနစ်ကျကျ နေထိုင်မှုကို အလိုမရှိ။

+ + + + + +

အဆိုးဆုံးမှာ ငယ်စဉ်ကတည်းက ပုံစံမကျခဲ့သောကလေးမတွေ အလုပ်ကိုယ်စီရှိလာသောအခါ ကျွေးမွေးပညာသင်ပေးခဲ့သောမိဘများကို တစ်နေ့ထက်တစ်နေ့ ပြန်အာခံလာသည်။ ''မွေးထားရင် ကျွေးရမှာထုံးစံပဲ''ဆိုသော မထီလေးစားပြောဆိုသံနှင့် ဘွဲ့ထူးဂုဏ်ရောင်မရှိသောမိဘများကို နှိမ့်ချ ပြောဆိုသံများကိုပါ ကြားလာရသည်။ ထိုသို့ ပမာမခန့်ပြုသံများကို ကြားရတိုင်း ဒေါ်ရီရီခင် စိတ်မချမ်းမြေ့ဖြစ်ရသည်။ ရင်ထဲကလိကလိနှင့်ခံစားရသည်။ တစ်အိမ်နှင့် တစ်အိမ် ခြံစည်းရိုးက သွပ်ချိန်းကြိုးဖြင့်သာ ကာရံထားသည့်ပြင် သုံးပေထက်ပိုသော အကွာအဝေးသာရှိခြင်းတို့ကြောင့် စကားသံကျယ်သည်နှင့် အတိုင်းသားကြားနေရခြင်းဖြစ်သည်။

ဒေါ်ရီရီခင်၏သားဖြစ်သူကို တစ်ရပ်ကွက်လုံးစံပြအဖြစ် အသိအမှတ်ပြုကြသော်လည်း တစ်ဘက်အိမ်က သမီးသုံးယောက်ကိုတော့ ရပ်ကွက်က မသိမသာကဲ့ရဲ့စကားဆိုကြသည်။ နေ့စဉ်နှင့်အမျှ ခွန်းတုံ့မခံပြန်ပက်နေသောသမီးများကို ယခုတော့ သူတို့အမေလက်မြောက်ခဲ့ရပြီ။ တစ်ချိန်စကားများစဉ်က ''မိဘဆိုတာ သားသမီးတွေကို အိုးထိန်းသည်လို အိုးမဖြစ်မီ ပုံသွင်းပေးတတ်ရမယ်လို့'' ဒေါ်ရီရီခင် စေတနာရှေ့ထား သတိပေးစကားပြောခဲ့တာကိုလည်း

မိန်းကလေးတို့အမေက အရေးမစိုက်ရုံမက အရွဲ့တိုက်၍ အထိန်းကွပ်မဲ့ရှိစေခဲ့သည်ကိုး။ အရာရာသည် ဘယ်သူမပြု မိမိမှသာဖြစ်သည်ကိုတော့ ထိုအမေက ယနေ့တိုင် လက်ခံပုံမရသေး။

အရွယ်ရောက်လေ အိမ်အလုပ်လုပ်ရန် ညီအစ်မသုံးယောက်လုံး စိတ်မဝင်စားလေ။ အလုပ်မှပြန်ရောက်သည်နှင့် ကားတိုးစီးရတာ ပင်ပန်းတယ်ဟူသော အကြောင်းပြချက်ဖြင့် တီဗွီရှေ့က တော်ရုံမထကြ။ အလုပ်နှင့်အိမ်ရှိရာ နာရီဝက်ခန့်ဖြင့် ရောက်သောခရီးကို ညည်းလိုက်ကြသည်မှာ လူကြားမကောင်း။ ကိုရီးယားဇာတ်ထုပ်များထဲက ကြိုးစားမှုနှင့် မိဘအပေါ်သိတတ်မှုတို့ကို မတုပဘဲ အကျိုးအသစ်ချုပ်ရန်နှင့် အလှပြင်ရန်သာ စိတ်ဝင်စားကြသည်။

အကြီးဆုံးသမီးမှာ ခိုကပ်တတ်သူ မဟုတ်သော်လည်း စာကောင်းပေမွန်နှင့် ဝေးကွာသူဖြစ်၍ ကောင်းသောစိတ်ကိုစွဲမြဲအောင် မဆောက်တည်နိုင်ဘဲ အငယ်များနှင့် ဖက်ပြိုင် မျက်နှာလွှဲနေထိုင်တတ်လာသည်။ အလတ်မက မူလကတည်းက အချောင်ခိုစိတ်ရှိသလို အငယ်မက အတင်းစီးမခံသူပီပီ အကြီးနှစ်ယောက်မလုပ်လျှင် သူလည်းလုပ်စရာမလိုဟု ယူဆသူ။

မိဘနှစ်ပါး၏ နေထိုင်ပုံမှာလည်း နေဝင်မိုးချုပ်တိုင် ပျံကျအလုပ်လုပ်ရသော အဖေက အိမ်ရောက်လျှင် ဘာစကားမှမဆိုနိုင်ဘဲ တုံ့ကိုဘာဝေရှိ၏။ အသက်ခြောက်ဆယ် ကပ်နေပြီဖြစ်သော အမေကလည်း ဆုံးမ မရသော သမီးများကို စိတ်ပျက်အရွဲ့တိုက်ကာ ချက်ရေးပြုတ်ရေးကအစ ဘာမှမလုပ်ဘဲ နေလာသည်။ တစ်နေ့တစ်နေ့ နှစ်လုံးထိမတွက်ပါက ဖုန်းထဲကဂိမ်းများဖြင့် အချိန်ဖြုန်းနေသောသူတို့အမေ၏ နေမှထိုင် မူပြောင်းလဲခြင်းကို ဒေါ်ရီရီခင်ကိုယ်တိုင်လည်း အံ့သြနေမိသည်။ မိန်းကလေးတို့အဖေကိုတော့ ဂိုးလွန်း အေးလွန်း အပင်ပန်းခံ ရှာဖွေလွန်းသဖြင့် ရပ်ကွက်က သနားနေကြသည်။

ရပ်ကွက်ထဲရှိ ခင်မင်ရင်းနှီးသူများက မိန်းကလေးတို့အမေကို ထိုသို့မနေသင့်မှန်း အမုန်းခံပြောကြသည်။ ထိုအခါ သူက ''ဆုံးမရခက်သောသမီးများနှင့် စကားမပြောဖြစ်အောင် ရှောင်နေခြင်းသည် သူတို့

> **နေဝင်မိုးချုပ်တိုင် ပျံကျအလုပ်လုပ်ရသောအဖေက အိမ်ရောက်လျှင် ဘာစကားမှမဆိုနိုင်ဘဲ တုံ့ကိုဘာဝေရှိ၏။ အသက်ခြောက်ဆယ် ကပ်နေပြီဖြစ်သော အမေကလည်း ဆုံးမ မရသော သမီးများကို စိတ်ပျက်အရွဲ့တိုက်ကာ...**

အတွက်ရော ကိုယ့်အတွက်ပါ အကုသိုလ်ကင်းသည်''ဟု ဆင်ခြေပေးတတ်သည်။ ပြီးတော့ သူလုပ်နေတာ ပတ်ဝန်းကျင်ကို အနှောင့်အယှက်ပေးတာမဟုတ်၍ အပြစ်မရှိဟု ယူဆနေသူ။ တရားဖက်ရမည့်အရွယ်တွင် ကစားမက်နေခြင်းကို ထိုအမေက မှန်သည်ဟု ထင်နေသူ။

+ + + + + +

နေ့စဉ် ပုံမှန်လှည်းကျင်းမည့်သူမရှိသောခြေရင်းအိမ်တွင် ဘာကိုမှနေရာတကျသိမ်းဆည်းလေ့လည်းမရှိ။ ထိုအခါ ပစ္စည်းတစ်ခုလိုချင်လျှင် ရှာကြသည်မှာ ဝန်းကျင်တစ်ခုလုံးပွက်လောညံနေတတ်၏။ အပြင်မတော်သူများက သူတို့၏နေထိုင်မှုပုံစံမှားယွင်းနေသည်ကို အမုန်းခံကာ ဝင်ရောက် ဆုံးမပေးတတ်သော်လည်း သူတို့က အသိအမှတ်မပြု။ မဆိုင်ဘဲဆရာလုပ်သည်ဟု ယူဆတတ်၊ ဆင်ခြေအပြည့်နှင့် ပြန်ခံပြောတတ်ကြသဖြင့် အားလုံးက မျက်နှာလွှဲနေလိုက်၏။ အိမ်တွင်သာမဟုတ်၊ အလုပ်တွင်လည်း တစ်ဆင့်ထက်တစ်ဆင့် တိုးတက်မြင့်မားလာရန် ကြိုးစားလိုစိတ်မရှိ၊ အနေချောင်ချောင်နေရခြင်းကိုပင် ကျေနပ်နေဟန်။ အသာစံဖို့လည်း စိတ်မဝင်စား။ အနာခံဖို့လည်း ဆန္ဒမရှိ။ သူတို့တွင် ရည်မှန်းချက်ဆိုတာလည်းမရှိ။ ဒါကိုပင် သူတို့က ရသည့်နေရာဖြင့် 'ရောင်ရဲတင်းတိမ်နိုင်သူများအဖြစ်' ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူနေကြပြန်သည်။

သူတို့သုံးယောက် အိမ်တွင်ရှိပါက အချင်းချင်းတွက်ကပ်သံကြားရမြဲ။ ပိတ်ရက်တွင် အဖေနှင့်အမေ၏အဝတ်အစားများကို လျှော်ပေးဖို့ဝေးစွ။ သူတို့ကိုယ်စီကိုယ်စီ၏ လျှော်ဖွပ်ရန် အဝတ်အစားများကပင် တောင်ပုံရာပုံ။ အချို့ကို ချောင်ထိုးထားရာမှ ပြန်ရှာမတွေ့။ ပျောက်ခြင်းမလု ပျောက်သွားသောအခါ အပြန်အလှန်အပြစ်ဖို့ရန်ဖြစ်သံထွက်ပေါ်လာ၏။

တစ်ခါတလေ သူတို့အမေက စိတ်ကောင်းဝင်လျှင် သူ့သမီးတွေစည်းကမ်းမဲ့ပစ်ထားသောအဝတ်အစားများကိုယူလျှော်ပေးတတ်သည်။ ထိုအမေက မတော်တဆ ညီးညူမိပါက သူတို့ကကျေးဇူးစကားဆိုဖို့၊ ဆေးလိမ်းနှိပ်နယ်ပေးဖို့ဝေးစွ။ 'တစ်သက်မှာ တစ်ခါထလုပ်ပြီး အမေညည်းတာ ခိုတောင် အရှုံးပေးရလိမ့်မယ်၊ အဲဒါတွေကြောင့် အိမ်မှာမနေချင်တာ''ဟု တစ်ဖန်ပြန် တရားခံရှာတတ်သေးသည်။ ထိုအခါမျိုးတွင် မိန်းကလေးတို့အမေ ဒေါသူပုန်ထပြီး သူ့သမီးတွေ အသုံးမကျကြောင်းကို ရပ်သိရွာသိကျော် ခုနစ်အိမ်ကြား အော်ပြောတတ်သည်။ တစ်ခါတစ်ရံလည်း အမေ့လက်ဖဝါးနှင့် သူတို့ကျောပြင် တဖုန်းဖုန်းမိတ်ဆက်ခြင်းကိုခံရ၏။ အမေ ဘယ်လောက်ဆဲဆို ရိုက်နေပါစေ သူတို့က 'ငရဲမှလာသူ ပြာပူမကြောက်'သကဲ့သို့ အမေကို တစ်ခွန်းမခံပြန်ပက်ရင်း 'ပြန်လုပ်ရင်တော့ သေတော့မယ်'ဟူ၍ ပြောတတ်သေးသည်။ သူတို့၏ကိုယ်နှုတ်အမူအရာများကို မြင်တွေ့ ကြားသိချိန်တိုင်း သူတို့ကိုယ်စား ဒေါ်ရီရီခင် ကြက်သီးမွေးညင်းများ ထနေမိသည်။

+ + + + + +

သူတို့နှင့်ပတ်သက်ပြီး ဒေါ်ရီရီခင် သတိထားမိသည်မှာ မိန်းကလေးသုံးယောက်လုံး စာဖတ်တတ်ချိန်မှစ၍ အတန်းစာမှအပ ပြင်ပဗဟုသုတ စာပေဖတ်ရှုခြင်း

ကို မတွေ့ရ။ မိဘများကလည်း သူတို့ပညာရေး၊ စားရေးအတွက် လုံးပန်းရင်းအချိန်ကုန်နေရသဖြင့် စာမဖတ်နိုင်။ လူတိုင်းကို စာဖတ်စေလိုသောဒေါ်ရီရီခင်က သားအတွက် စုဆောင်းထားသော စာအုပ်ကောင်းလေးများကို သူတို့အရွယ်အလိုက် ပေးဖတ်ခဲ့ဖူး၏။ သို့ရာတွင် စာဖတ်ခြင်းကို သူတို့စိတ်မဝင်စား။ ပေးဖတ်သောစာအုပ်များကို တန်ဖိုးမထားဘဲ ချောင်ထိုးထားတတ်သဖြင့် အစရှာမရဖြစ်သွားတာများသည်။

ဒေါ်ရီရီခင်သားဖြစ်သူကတော့ အမေပြောသောအိပ်ရာဝင်ပုံပြင်များကိုနားထောင်ရင်း စာဖတ်တတ်ချိန်မှစကာ ပုံပြင်စာအုပ်အစပြုပြီး စာမျိုးစုံဖတ်ရန်စိတ်ဝင်စားသူ။ တစ်ဖက်အိမ်က မိန်းကလေးများနှင့်သားဖြစ်သူတို့ ဆယ်ကျော်သက်အရွယ်တွင် ဖုန်းခွံတစ်ခုသုံးသောင်းနှင့်ဝယ်လျှင် ဖုန်းကဒ်တစ်ခုလက်ဆောင်ထည့်ပေးသည့်လူတန်းစားမရွေး ဖုန်းကိုင်နိုင်သည့်ခေတ်သို့ရောက်လာသည်။ သိန်းရာဂဏန်းနီးပါးထိ ဈေးကစားခဲ့ကြသော ဖုန်းကတ်တွေမှာ ယခုအခါ အလကားပေးသည့်တိုင် တချို့ကမယူသည်အထိ တန်ဖိုးမဲ့ခဲ့ပြီ။ ကြည့်တတ်လျှင် မမြဲခြင်းသဘောကို သံဝေဂရဖွယ်။

+ + + + + +

မိဘထက် တီဗွီဇာတ်လမ်းတွဲများကို ပိုသဘောကျသောတစ်ဖက်အိမ်က မိန်းကလေးများ ဖုန်းကိုင်နိုင်သောအခါ ဇာတ်လမ်းတွဲရော ဖုန်းပွတ်ခြင်းပါ စွဲလမ်းသွားသည်။ သို့သော် ပွတ်သဘင်ပွဲစိတ်ပါလက်ပါဝင်နွဲ့နေသောသူတို့က ဘဝတိုးတက်မြင့်မားရေးအတွက် လေ့လာနေခြင်းမဟုတ်သည်ကို မပြောင်းလဲသောအမူအကျင့်များအရ သိမြင်နိုင်သည်။ ညီအစ်မအချင်းချင်း တစ်ဦးအပေါ်တစ်ဦး အနစ်နာခံလိုစိတ်၊ ကိုယ်ချင်းစာစိတ်များက ပျောက်မှန်းမသိ ပျောက်ဆုံးနေဆဲ။ ညီညွတ်ခြင်းအားဖြင့် အရာရာကျော်လွှားမည့်စိတ်လည်း သူတို့မှာမရှိ။ သူတို့လွဲမှားနေတာကိုလည်း လက်မခံ။

နှလုံးသားနူးညံ့စေသော ရသစာပေ၊ ဦးနှောက်ဖွံ့ဖြိုးစေသော သုတစာပေများနှင့်လည်း ဝေးကွာ၊ တရားဓမ္မနှင့်လည်းမနီးစပ်သူများမို့ သူတို့အသက်တွေက အစိတ်သုံးဆယ်ဝန်းကျင် ရောက်ခဲ့ပြီဖြစ်သော်လည်း အမှားအမှန်ကို ခွဲခြားဆုံးဖြတ်နိုင်စွမ်းမရှိ။ ကိုယ်တိုင်တည်း ဦးတည်ချက်ဖြင့်ကြိုးစားလိုစိတ်မရှိသလို သူတစ်ပါးကိုချောက်တွန်းကုန်းတိုက် မနာလိုမရှစိမ့်ခြင်းလည်းမရှိ။ စိတ်ဓာတ်ယုတ်ညံ့ကောက်ကျစ်သူများထဲတွင် သူတို့မိသားစုမပါသည်ကိုပင် ကျေးဇူးတင်ရမလို။ သို့ပေမယ့် တိုင်းပြည်အတွက် လူငယ်အခန်းကဏ္ဍ မည်မျှအရေးကြီးတယ်ဆိုတာကို အမှုမထားဘဲရှိနေသော သူတို့အပေါ် ဒေါ်ရီရီခင် အားမလိုအားမရဖြစ်မိသည်။ အဓိပ္ပာယ်မဲ့အချိန်ဖြုန်းနေခြင်းအပေါ်လည်း သူတို့ကိုယ်စားအချိန်တွေကို နှမြောနေမိသည်။

+ + + + + +



ယနေ့တော့ သူတို့ရန်ပွဲကို အမှတ်မထင် နားစွင့်မိရာမှ ကြားလိုက်ရသော စကားတစ်ခွန်းကြောင့် ဒေါ်ရီရီခင်ခမျာ သွေးပျက်စွာ ထိတ်လန့်တုန်လှုပ်သွားမိသည်။ မျက်လုံးကို စုံမှိတ်လိုက်စဉ် ရှုပ်ယှက်ခတ်၍ သဲတရှပ်ရှပ်ရှိနေသော သူတို့နေအိမ်ထဲက အချင်းအရာများက အာရုံထဲ တရေးရေး ပြန်ပေါ်လာသည်။ အပျင်းတက်၍ ရေပုလင်းပင်ထည့်မထားသော မှိုအပြည့်နှင့် ရေခဲသေတ္တာ။ တိုက်ခွက်ဆေးကြောလေ့မရှိသဖြင့် ချေးအထပ်ထပ်ဖြစ်နေသော အိမ်သာနှင့် ရေချိုးခန်း။ နေ့စဉ်အလှပြင်နေပါလျက် ဖရိုဖရဲဖြစ်နေသော အလှပြင်ပစ္စည်းများနှင့်မှန်တင်ခုံ။ မလျော်ဖပ်ဘဲ အချိန်အတော်ကြာထိ လုံးထွေးထားသော အဝတ်ပုံကြီး။ တစ်နှစ်တစ်ခါပင် လဲလှယ်ပုံမရသောအိပ်ရာခင်းနှင့်ခေါင်းအုံးစွပ်များ…အစရှိသဖြင့်။

လှုပ်ရှားလွန်းသောစိတ်ကြောင့်သောက်နေကျသွေးဆေးကို ရေနှင့်အမြန် ဒေါ်ရီရီခင် မျောချလိုက်အပြီး ဝင်လေထွက်လေကို သတိကပ်ကြည့်သည်။ စိတ်ငြိမ်ဖို့ဝေးစွ။ နေ့စဉ်ပြုလုပ်နေကျ ဝင်လေထွက်လေ

သတိကပ်ခြင်းကိုပင် အပေါက်အလမ်းမတည့်။ စိတ်ထဲတွင် မည်မျှ အိမ်ခြံမြေစျေးတွေ ထိုးကျနေပါစေ၊ အိမ်နှင့်ခြံကို ဖြစ်တဲ့စျေးနဲ့အမြန်ရောင်းဖို့ ဒေါ်ရီရီခင် ဆုံးဖြတ်လိုက်၏။ အရေးကြီးသောကိစ္စကို မိသားစုနှင့် မတိုင်ပင်ဘဲ ပထမဆုံး ဆုံးဖြတ်ချက်ချမိခြင်းဖြစ်သည်။

သားအဖေသိရင် ဒီအစီအစဉ်ကို ကန့်ကွက်မှာမြင်ယောင်သေး။ သားကရော . . .

ဘယ်သူကရော ဒီလိုအနှစ်နှစ်ဆယ်ကျော် အစိတ် သံယောဇဉ်ကို လွယ်လွယ်ဖြတ်နိုင်ပါ့မလဲ။

ဘယ်သူကရော ကိုယ်အသားကျတဲ့ အရပ်ကို စွန့်ခွာချင်ပါ့မလဲ။

သို့ပေမယ့် ခင်ပွန်းသည် ဦးခင်မောင်ကို အသိပေးပြီးတာနဲ့ ဒေါ်ရီရီခင်ပွဲစားဆီသွားမယ်။ ပွဲခကို ပြည့်ပြည့်ဝဝထုတ်မယ့် အပြင် အိမ်ကို တစ်လအတွင်း ထွက်အောင်ရောင်းပေးနိုင်ရင် အပိုဘောက်ဆူးထပ်ဆောင်းပေးမယ့်အကြောင်းကိုပါ ဖြည့်ပြောဖို့ စဉ်းစားထားတယ်။ ချွေတာတတ်သော ဒေါ်ရီရီခင် ဒီလိုပိုပေးတာလည်းအကြောင်းရှိသည်။

ဒီခေတ်ကြွေးထဲ အသုံးမကျတဲ့မိန်းကလေးတွေမှ ပုံလို့၊ ယောကျ်ားလည်း မယူချင်လို့ မယူတာ၊ ပြီးတော့ ဒီခေတ်က ယောကျ်ားတွေ ထမင်းဟင်းချက်တဲ့ခေတ်မို့ လင်ယူရင်တောင်

ဒေါ်ရီရီခင်က သားကို အသက်နှင့် အမျှချစ်သူ။ သားနစ်နာမယ့်ကိစ္စဟူသမျှ ဘာမှမဖြစ်စေလို။ ဒါကြောင့်လည်း ဒီရပ်ကွက်က အမြန်ဆုံးပြောင်းသွားချင်တာ။ မဖြစ်မနေပြောင်းရမယ့် အကြောင်းလည်း ရှိခဲ့ပြီ။ ဖြစ်နိုင်ရင် ခြေရင်းအိမ်က မိန်းကလေးတွေနဲ့ အဝေးဆုံးမှာ ချက်ချင်းသွားနေလိုက်ချင်တယ်။ မိဘအပေါ် သိတတ်တဲ့ သားလိမ္မာလေး ဒင်းတို့ရန်က လွတ်ကင်းနိုင်အောင် ဒေါ်ရီရီခင်စွမ်းနိုင်သမျှ ကာကွယ်ပေးမှဖြစ်မယ်။

အတွေးပိုနေသောဒေါ်ရီရီခင် နားထဲမှာတော့ ခြေရင်းအိမ်ကအသံများက ပဲ့တင်ထပ်နေဆဲ။

''နင်တို့ ခုလို အချိန်ပြည့်ရန်ဖြစ်နေကြတာ မရှက်ဘူးလား၊ သူများတွေ ဒီအရွယ်ဆို အိမ်ထောင်ရက်သားကျလို့ လက်ကြော် တင်းနေပြီ၊ နင်တို့သာ ခုထိ လတ်လျား လတ်လျားနဲ့ ဘာတစ်ခုမှ ဖြစ်ဖြစ်မြောက်မြောက်မရှိဘူး၊ အသုံးမကျတဲ့ကောင်မတွေ၊ နင်တို့ရှေ့ရေးအတွက်ကို နည်းနည်းလေးမှ တွေးမပူကြဘူးလား''

ထိုသို့ မိန်းကလေးတို့အမေ၏အော်ငေါက်သံနှင့်အတူ . . .

''ဘာကိုတွေးပူရမှာလဲ၊ အမေတို့လို မိခင်တွေကြောင့် ကျွန်မတို့လို သမီးတွေဖြစ်လာတာပဲ''

''ရှက်ရအောင်လည်း ဒီခေတ်ကြွေးထဲ အသုံးမကျတဲ့မိန်းကလေးတွေမှ ပုံလို့၊ ယောကျ်ားလည်း မယူချင်လို့ မယူတာ၊ ပြီးတော့ ဒီခေတ်က ယောကျ်ားတွေ ထမင်းဟင်းချက်တဲ့ခေတ်မို့ လင်ယူရင်တောင် ဟိုဘက်အိမ်ကလို အသုံးကျပြီး ခိုင်းကောင်းတဲ့ကောင်မျိုးကို ရအောင်ယူမှာပေါ့ . . . ဟဲ့ကောင်မတွေ ထောက်ခံလားဟေ့''

''ဟုတ်တယ်ဟေ့၊ မှန်တယ်ဟေ့ . . . ဟား . . . ဟား . . . ဟား''

တစ်သက်လုံး တဖောင်းနဲ့မျက်ချေးဖြစ်ခဲ့သော ညီအစ်မတွေရဲ့အားပါးတရရယ်သံက ကျယ်လောင်စွာထွက်ပေါ်လာသည်။ ဒီလို သူတို့ တစ်ယောက်တစ်ခွန်း အတိုင်အဖောက်ညီနေကြတာကိုက ဒေါ်ရီရီခင်ကို သွေးပျက်စေခဲ့ပြီ။ ဒီစကားကို သူတို့ တမင်ရည်ရွယ်ပြောခြင်း ဟုတ်၊ မဟုတ်ဆိုတာတော့ သူတို့မှအပ မည်သူမျှမသိနိုင်။ ။

မြနှင်းဝေအောင်



မိုးပြည့်ဝန်း


တိတ်ဆိတ်ခြင်းအကြား ဖြိုခွဲ

(၁)

ကားလေးကိုစက်ရပ်။ ကားမှန်ပြတင်းပေါက်များကို သေချာပိတ်။ ကားပေါ်ကဆင်း လက်ထဲက အထုပ်သေးတစ်ထုပ်နဲ့ ပိုက်ဆံအိတ်ကို ချိုင်းကြားညှပ်။

ဒိတ်..ဒိတ်...ဒိတ်..ဒိတ်

သူရင်ခုန်သံသူကိုယ်တိုင်ကြားနေတာ၊



ရင်ခုန်သံက စည်းချက်သိပ်မမှန်လှဘူး။ သူ ညာဘက်နဲ့ ဘယ်ဘက်ရင်အုံကို ဖိကြည့်လိုက်တော့ တကယ်ရင်ခုန်နေတာပါပဲလား။

ရှောင်လွှဲလို့မရတဲ့ ကိစ္စကို သူ ရင်ဆိုင်ရတော့မယ်လေ။ လေးတွဲ့နေတဲ့ ခြေလှမ်းတွေ စက်နှိုးသလို နှိုးလိုက်ပြီး ဆီဒိုးနား ဟိုတယ်ထဲ ဝင်ခဲ့မိတယ်။ ဟိုတယ်ရဲ့ ဘယ်ဘက်ခြမ်း မင်းတုန်းခန်းမ။ ခန်းမအဝင် ပေါက်နားမှာ သတို့သား၊ သတို့သမီးရဲ့ Pre Wedding ပုံ ထောင်ထားတာ တွေ့လိုက်ရတော့ သူဒုးတွေ ခွေယိုင်မတတ်။

မာန်တင်းပြီး ပိုက်ဆံအိတ်ထဲက ဖုန်းထုတ်လိုက်တယ်။ စိတ်ရှိလက်ရှိနဲ့ သတို့သား၊ သတို့သမီးပုံ ဆယ်ပုံလောက် ဖုန်းနဲ့ ရိုက်ယူလိုက်တယ်။

''လှလိုက်တာ...လှလိုက်တာ အိရွှေစင်ရယ်၊ အမြဲလှနေတဲ့ အိရွှေစင် သတို့သမီး ဂါဝန်ဖြူလေးနဲ့ ပိုလှတယ်၊ သွားစွယ်ဖွေးဖွေးလေးက စံပယ်ဖူးလေးလို''

''ဟေ့...နိုင်ကြီး၊ ရွှေအိတို့ပုံ ရိုက်နေတာလား၊ အေးဟာ...ရွှေအိက တော်တော်ကို လှတာ၊ ငါလည်း ရိုက်လိုက်အုံးမယ်''

နိုင်လွင်ဦးလို့ သူနာမည်ခေါ်လို့ လှည့်ကြည့်လိုက်တော့ သူသူငယ်ချင်း ခင်မောင်ကြီးက သူနားကပ်လာပြီး ဖုန်းနဲ့ရိုက်လိုက်သေး။

''ကဲပါ...လာ...လာ၊ မင်းတုန်းမင်းကြီးခန်းမ၊ ဟာ...ဟုတ်ပါဘူး၊ မင်းတုန်းခန်းမတဲ့''

''ဟော...နိုင်ကြီး၊ သတို့သမီး မင်းသူငယ်ချင်းတော့ အလှပြင်ခန်းထဲမှာပဲ ရှိသေးတယ်၊ သွားလိုက်ပါအုံး''

အိရွှေစင်ရဲ့အစ်မက သူ့ကိုတွေ့တာနဲ့ ဆီးကြိုပြောလိုက်တယ်။ သူကော ခင်မောင်ကြီးကော အိရွှေစင်ရှိတဲ့နေရာကို သွားကြတော့ အိရွှေစင် အလှပြင်တာ လက်စသတ်နေပြီ။

''ကိုနိုင်တို့ လာပြီလား၊ အိ ဘယ်လိုနေလဲ''

အိရွှေစင်က လှမ်းအမေး–

''ဟာ...ဒီကမ္ဘာမှာ ငါ့သူငယ်ချင်း ရွှေအိက အလှဆုံးပဲဟေ့''

ခင်မောင်ကြီးက အိရွှေစင်ကို မျက်စိမှိတ်ပြီး ပြောလိုက်တယ်။

''ဟဲ့...အိက ကိုနိုင့်ကိုမေးတာ၊ ကို ခင်မောင်ကြီးကို မေးတာမှမဟုတ်ဘဲ''

''နင်ကလေ...သူငယ်ချင်းအချင်းချင်း ခွဲခြား ခွဲခြားနဲ့''

''အိ...ကိုကို ခဏလေးအပြင်ထွက်လိုက်အုံးမယ်၊ အိသူငယ်ချင်းတွေနဲ့ စကားပြောလိုက်အုံးနော်၊ မာမီချစ် ကျွန်တော့်ဇနီး ချောကို ပိုလှအောင်ပြင်ပေးလိုက်ပါ''

အိရွှေစင်ရဲ့ သတို့သား အခန်းထဲက ထွက်သွားတော့ သူကိုကြည့်ပြီး–

''ကိုနိုင်...ကိုနိုင့်ဖုန်းနဲ့ အိကိုဓာတ်ပုံရိုက်ပေးလေ''

''အေး...အေးပါဟာ''

''ငါလည်း ရိုက်မှာပဲ''

ခင်မောင်ကြီးလည်းဝင်အရိုက်၊ အိရွှေစင်က မတ်တတ်ရပ်လိုက်ပါတယ်။ ပုံတော်ဖိနပ်ကျောက်စီထားလို့ နန်းတွင်းသူလေးလိုလည်း ယဉ်နေတဲ့ အိရွှေစင်ကိုကြည့်ပြီး သူဒုးထောက်ထိုင်ချလိုက်တယ်။

''အို..ကန်တော့..ကန်တော့ ကိုနိုင်''

ထိုင်မသိမ်း(လုံချည်)အနားလေး လန်နေလို့ သူဇာထဘီစကိုဆွဲချတဲ့ ကိုနိုင့်ကို လက်အုပ်ချီ အရိုအသေပြုနေတယ်။

'ဖောက်'ဆို တိုးတိတ်ညင်သာတဲ့ ရေစက် သူလက်ပေါ် ကျလာတော့ သူ မော့ အကြည့်...

''အို...အို...အို...အို မျက်ဝန်းထဲမှာ မျက်ရည်စတွေနဲ့''

ဒဲ့ကြောင့် သူလက် ပူနွေးသွားတာကိုး။

❖ ❖ ❖ ❖ ❖ ❖ ❖ ❖

''လိုက်ဘရီလေးလည်း တို့နဲ့ဝေး၊ အာရ် စီလေးလည်း တို့နဲ့ဝေး''

''အမယ်...ကျောင်းပိတ်တော့မယ်ဆိုတော့ လွမ်းနေပြီပေါ့ ဟုတ်လား''

သူက ပါးစပ်ထဲရှိတဲ့ သီချင်းညည်းလိုက်တော့ ခင်မောင်ကြီးက သူ့ကို လှမ်းနောက်လိုက်တယ်။ စားမေးပွဲကြီးလည်း နီးပြီ။ စာတွေကလည်း ပိုများလာသလို၊ စိတ်တွေကလည်း ထွေလာတယ်။

''အိရွှေစင်နဲ့ မင်းနဲ့ အတွဲဖြစ်မယ်လို့ ထင်ထားတာက၊ ခု နောက်ဆုံးနှစ် စာမေးပွဲတောင် ဖြေရတော့မယ်၊ ဘာမှလည်း ထူး



မလာ''

''ဟေ့ကောင်၊ လျှောက်မပြောစမ်းနဲ့၊ သူငယ်ချင်းအရင်းခေါက်ခေါက်ကြီးကို၊ ကြား သွားရင်''

ခင်မောင်ကြီးကို ဟန့်တားရင်း သူ့ရဲ့ ခုန်နေတဲ့နှလုံးကို သတိထားလိုက်မိတယ်။

''ကိုနိုင်က စာတွေ့ရနေပြီလား၊ အိတော့ ကျက်ရင်းမေ့၊ ခေါင်းတွေလည်း မူးနေပြီ''

မနေ့ညနေက အိရွှေစင် သူထံပုန်းဆက် ညည်းတာကိုလည်း တစ်ဆက်တည်း သတိရလိုက်မိတယ်။

''မင်းစဉ်းစားကြည့်၊ သူကိုလိုက်တဲ့ ကောင်တွေ မနည်းဘူး၊ ဘယ်ကောင်မှ သူ ပြန်လှည့်မကြည့်ဘူး၊ ဒါပေမဲ့ အိရွှေစင်က မင်းဆိုရင် လိုက်လိုက်လျောလျော ဆက်ဆံတယ်လေ၊ မင်းကလည်း အိရွှေစင်နဲ့တွေ့ရင် ကြည်နူးတဲ့မျက်နှာနဲ့''

''တော်စမ်းပါကွာ၊ စာမရတဲ့ကြားက ပေါက်ကရတွေ ပြောမနေစမ်းနဲ့''

စက်လှေသူဌေးသမီးနဲ့ သာမန်အရာရှိ တစ်ယောက်ရဲ့သားဘဝ အခြေအနေတော် တော်ကွာခြားနေပြီ။ အိရွှေစင်ရဲ့ လက်ဝတ် လက်စားတွေက တော်တော်တန်ဖိုးကြီး တယ်လို့ သူသူငယ်ချင်းမတွေ ပြောနေကြ တာ သူကြားဖူးတယ်လေ။

''ကိုနိုင်ရေ...စာမေးပွဲပြီးရင် အိတို့ သူငယ်ချင်းတွေနဲ့ အိတို့မြို့ကို လိုက်ခဲ့လေ၊ ဘိတ်(မြိတ်)လည်း ရောက်ဖူးတာပေါ့''

''မအားပါဘူး အိရယ်၊ အမေက ကျောင်းပိတ်ရင် အမေ့အမျိုးရွာဘက် သွားမယ်လို့ ပြောထားလို့ပါ''

သူကလွဲလို့ ကျန်တဲ့သူငယ်ချင်းတွေ အိရွှေစင်ဇာတိ မြိတ်ကို အလည်လိုက်သွားကြတယ်။ အိရွှေစင်တို့အိမ်၊ မိသားစု ခမ်းနား ဆန်းပြားချမ်းသာတဲ့အကြောင်း နားထဲကြားလာရတယ်။ အဲဒီစကားကြားတော့ သူသက်ပြင်း အခါခါချမိပါရဲ့။

''ဟုတ်တယ်၊ မဆုံနိုင်တဲ့ဘဝကို မစတာကောင်းတယ်''

❖ ❖ ❖ ❖ ❖ ❖ ❖ ❖

ကံတရားကို ဘယ်သူမှ ကြိုမသိနိုင်၊ ဘုရားကလွဲရင်ပေါ့လေ။ အိရွှေစင်ရဲ့ အဖေ၊ အမေ၊ အဒေါ်၊ ဦးလေးတို့ စက်လှေနဲ့ ခရီးထွက်ခဲ့ကြတာ စက်လှေ မုန်တိုင်းမိပြီး လူတွေကော စက်လှေပါ အစပျောက်သွားခဲ့တာ။ အိရွှေစင်နဲ့ အိရွှေစင်အစ်မသာ ရန်ကုန်မှာနေခဲ့ကြလို့လွတ်ကြတာပါ။ အိရွှေစင်ရဲ့ ဆွေးမြည့်နေတဲ့ မျက်နှာကိုကြည့်ပြီး သူရင်ထဲ မချိတော့။ အကြင်နာတွေလည်း ယိုဖိတ်စီးကျလာတော့ ဖွင့်အံ့ချဖို့ ဆုံးဖြတ်လိုက်တယ်။

''ဒီလမ်းပဲရှိလို့ နိုင်ကြီးကို တိုင်ပင်တာ၊ ဝဏ္ဏတို့မိဘနဲ့ ဖေဖေ မေမေတို့က အိကျောင်းပြီးရင် လက်ထပ်ဖို့ ပြောဆိုထားပြီးသား၊ ခုဆို အစ်မတို့မှာ ပစ္စည်းဥစ္စာ တော် တော် ဆုံးရှုံးခဲ့ရပြီ၊ ခုနေတဲ့ ခြံနဲ့အိမ်ကို ဖေဖေတို့က ပေါင်ခဲ့တာတဲ့၊ ဝဏ္ဏရဲ့ အဖေ အမေက ရွှေးပေးလို့သာ၊ ဝဏ္ဏတို့မိသားစုရဲ့ ကျေးဇူးက အစ်မတို့ညီအစ်မအပေါ် တင် နေပြီ၊ ခက်တာက နိုင်ကြီးရဲ့သူငယ်ချင်း အိပဲ၊ သူမှာ ချစ်သူရှိနေပြီတဲ့၊ ဝဏ္ဏကို လက်မထပ်နိုင်ဘူးတဲ့လေ၊ အစ်မတော့ ရှုံးချင်နေပြီ၊ ဝဏ္ဏတို့မိသားစုကို ကျေးဇူးတောင် တင်ရအုံးမှာမဟုတ်ဘူးလား၊ သူမှာ ချစ်သူရှိတယ်ဆိုတာ အစ်မ စိတ်မဝင်စားပါဘူးကွာ၊ နိုင်ကြီးလည်း သူ့ချစ်သူကို သိလား''

''ဗျာ...အဲ...မသိ...မသိပါဘူး''

ထစ်ထစ်ငေါ့ငေါ့စကားတွေနဲ့ အိရွှေစင် အစ်မကို ဖြေလိုက်တယ်။

''ကိုနိုင်၊ အိကို ဝဏ္ဏနဲ့ လက်ထပ်ပေးမလို့တဲ့၊ ကိုနိုင်ကော ဘယ်လိုသဘောရလဲ၊ ဝဏ္ဏနဲ့ လက်ထပ်ဖို့ကိုလေ''

''အင်...ဟိုလေ...လူကြီးတွေက ကောင်းစေချင်လို့ လုပ်တာလေ အိရဲ့၊ ဝဏ္ဏလည်း လူကောင်းပဲမဟုတ်လား''

သူ့အိမ်ကိုရောက်လာပြီး အိရွှေစင် လာပြောတော့ အယောင်ယောင် အမှားမှား ဘာပြောရမှန်းမသိတော့။

''ကိုနိုင်ကကော အိ ဝဏ္ဏနဲ့လက်ထပ်မှာကို သဘောတူလား''

''အဲ...အဲ...သဘောတူတာပေါ့''

''ကိုနိုင်...အိမျက်နှာကို သေသေချာချာ ကြည့်ပြီးမှဖြေပါ''

''ဟာ...အိကလည်းကွာ''

သူမျက်နှာ ဟန်မဆောင်နိုင်တော့ အိရွှေစင် အဖြေသိမှာ သေချာသလောက်။ အားယူပြီး အိရွှေစင်မျက်နှာကြည့်ပြီး–

''လူကြီးတွေစီစဉ်တာ အိ ကောင်းဖို့ပဲ၊ အိ ဘဝအတွက်ပဲလေ''

အိရွှေစင်မျက်နှာ ငိုမဲ့မဲ့ကို မျက်နှာလွဲပြီး ပြောလိုက်တယ်။

''ရှေ့လထဲမှာ ကိုနိုင် သဘော်တက်ရမယ် အိရေ၊ ကိုးလ ဆယ်လလောက်ကြာမယ်၊ အရင်တစ်ခေါက်က ကုမ္ပဏီနဲ့ပဲ''

စကားလွှဲပြီးပြောရင်း မနည်းစိတ်ထိန်းရတာ။ အိရွှေစင် ခြေမသိမသာဆောင့်ရင်း ကားပေါ်တက်သွားတာကိုလည်း သိသိကြီးနဲ့ မျက်နှာလွှဲလိုက်ရတယ်။

❖ ❖ ❖ ❖ ❖ ❖ ❖ ❖

''မင်္ဂလာခန်းမထဲ သတို့သား၊ သတို့သမီး ယှဉ်တွဲဝင်လာတာကိုကြည့်ပြီး သူမျက်ဝန်းက မျက်ရည်စတွေ ဝေ့သီလာတယ်။

မင်္ဂလာအခမ်းအနားပြီးတော့ သူငယ်ချင်းတွေစုပြီး ဓာတ်ပုံစုရိုက်ကြတော့ အိရွှေစင်ရဲ့ ဟန်ဆောင်ပြုံးက အသက်မပါ။

''သိပ်ကျေးဇူးတင်ပါတယ် နိုင်ကြီး၊ အစ်မ မင်းကိုနားလည်ပါတယ်၊ ညီမအိရဲ့ စိတ်ကို မင်းသိသလို၊ မင်းရင်ထဲက စိတ်လည်း အစ်မ နားလည်ပါတယ်''

အိရွှေစင်ရဲ့အစ်မ သူပခုံးဖက်ပြီး တိုးတိုးလေး နှစ်သိမ့်စကားက သူရင်ထဲ သေရာပါမယ့် ထိခိုက်မှုပါပဲ။

ခင်လပြည့်ဝန်း







သဘင်မှဆိုင်ရာ အနုပညာကို လေ့လာခြင်း

ကိုစော(ပထဝီဝင်)

ထူးချွန်ထက်မြက်လိုသူ လူငယ်၊ လူရွယ်များအတွက် ယခင် တင်ပြဆွေးနွေးခဲ့တဲ့ အနုပညာလေ့လာရေးကဏ္ဍထဲက ပန်းချီပညာရပ်ကို အခြေခံအသိ၊ အခြေခံအချက်အလက်တွေကို လေ့လာတင်ပြခဲ့ပြီးဖြစ်တယ်။ ယခုတစ်ပတ်မှာတော့ အနုပညာလေ့လာရေးကဏ္ဍထဲက သဘင်မှဆိုင်ရာ အခြေခံအကြောင်းအရာတွေကို လေ့လာ တင်ပြသွားမှာပါ။ ယခုတင်ပြချက်များဟာ အခြေခံအသိ၊ အခြေခံဗဟုသုတမျှသာဖြစ်ပါတယ်။ ဒီအသိလေးများကို အခြေခံပြီး ဆက်လက်လေ့လာကြဖို့ လိုပါတယ်။ များများလေ့လာလျှင် များများသိမှာဖြစ်ပါတယ်။ ဘက်စုံထူးချွန်လိုရင် ဘက်စုံလေ့လာထားရမှာဖြစ်ပါတယ်။ မိမိက သိမှ၊ တတ်မှ၊ လေ့လာထားမှသာ မိမိဝန်းကျင်၊ မိမိအသိုင်းအဝိုင်း၊ နောင်လာ နောင်သားတွေကို မျှဝေနိုင်မယ်၊ သင်ပေးနိုင်မယ်၊ လက်ဆင့်ကမ်းနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ အနုပညာလေ့လာရေးရပ်ဝန်းထဲက သဘင်မှဆိုင်ရာ အနုပညာရပ်ရဲ့ အခြေခံအကြောင်းလေးများကို လေ့လာတင်ပြပေးသွားမှာ ဖြစ်ပါတယ်။





သဘင်မှဆိုင်ရာ အနုပညာရပ်တွေကို လေ့လာဆည်းပူးတဲ့သူတွေဟာ စည်းဝါးအကြောင်းကို နားလည်ကြရတယ်။ အတီးအမှုတ် အဆို အက စတာတွေဟာ စည်းချက်ဝါးချက်တွေကို





အခြေခံထားတာကြောင့် သီကုံးဖွဲ့ဆိုမှုကို လေ့ကျင့်တဲ့အခါ စည်းနဲ့ဝါး စည်းနဲ့ဝါး စည်းနဲ့ဝါးလေး စည်းနဲ့ဝါးက အစပြုကြတယ်။ ကခုန်မှုတွေကို လေ့ကျင့်တဲ့အခါမှာလည်း ပတ်ဘေတိုပို ပတ်ဘေတိုပို စသည်တို့မှာလည်း စည်းချက်ဝါးချက်တွေကို သတ်မှတ်ကြတာဖြစ်တယ်။

တေးကဗျာ လင်္ကာတွေကို သီကုံးဖွဲ့ဆိုရာမှာ အသံနဲ့ ကာရန်အကြောင်းကို နားလည်ဖို့လိုအပ်တယ်။ အကြောင်းက အသံနဲ့ ကာရန် တို့ဟာ သီဆိုမှုတွေကို သာယာနာပျော်ဖွယ်ဖြစ်စေတယ်။

သီကုံးဖွဲ့ဆိုမှုဆိုင်ရာ အသံတို့တွင် အကြမ်းအားဖြင့် လေးမျိုးလေးစားခွဲခြားထားတယ်။ (၁) တက်သံ (၂) သက်သံ (၃) နိမ့်သံနဲ့ (၄) တိုင်သံတို့ ဖြစ်တယ်။

ကာရန်တွေမှာလည်း အမျိုးအစား ခွဲခြားထားကြတယ်။ ယေဘု ယျအားဖြင့် ပဏ္ဍကာရန် ပဒကာရန်နဲ့ ဝါကျကာရန်တို့ ဖြစ်ကြတယ်။ ဒါ့အပြင် ကာရန်တွေကို ဂရု–လဟု–ဒီဃ–ရဿ စသဖြင့် ခွဲခြား ထားသေးတယ်။ ဒါကြောင့် ကာရန်ကြီး တစ်ဆယ့်ခြောက်မျိုးနဲ့ ကာရန်မျိုး ခြောက်ဆယ်ခန့်ရှိလာကြတယ်။

သီကုံးဖွဲ့ဆိုချက်တွေဟာ ပျို့လင်္ကာတို့ရဲ့ ဂုဏ်ဆယ်ပါးကို ထိန်း သိမ်းဖို့ လိုအပ်တယ်။ အဲဒီ ဂုဏ်ဆယ်ပါးတွေက (၁) ပသာဒဂုဏ် (၂) သြဇဂုဏ် (၃) မဓုရတာဂုဏ် (၄) သမတာဂုဏ် (၅) သုခုမာလတာ ဂုဏ် (၆) သိလေသဂုဏ် (၇) ဥဒါရတာဂုဏ် (၈) ကန္တိဂုဏ် (၉) အတ္ထဗျတ္တိဂုဏ်နှင့် (၁၀) သမာဓိဂုဏ်တို့ ဖြစ်ကြတယ်။

တေးကဗျာ ပျို့လင်္ကာတွေကို ရေးသားရာမှာ ရေးထုံးရေးနည်းတွေ ရှိတယ်။ အဲဒါတွေက (၁) သတ်စေ့နှက်သုံးချက်ညီ စပ်နည်း (၂) ဦးတိုက်စပ်နည်း (၃) ထိပ်ချင်းခတ် စပ်နည်း (၄) ထိပ်ချင်းထပ်စပ်နည်း (၅) ဘီးလူးရယ်စပ်နည်း (၆) ချိန်ခွင်လျှာ စပ်နည်းတို့ ဖြစ်တယ်။

ဒါ့အပြင် နဘေထပ်စပ်နည်းတွေလည်း ရှိသေးတယ်။ နဘေထပ်နည်းတွေကိုလည်း အမျိုးအစားခွဲခြားထားကြတယ်။ အကြမ်းအားဖြင့် (၁) ရှေ့နောက်ပြန်၍ ကာရန်ယှင်းသွေမပျက်စေသော စပ်နည်း (၂) ပြန်ဂဟပ်စပ်နည်း (၃) ကက္ကရာစပ်နည်း (၄) ရွက်ချပ်စပ်နည်း (၅) ချိန်ခွင်လျှာစပ်နည်း (၆) ခြေသော့်လည်ပြန်စပ်နည်း (၇) တေ့ဆက်စပ်နည်းနဲ့ (၈) နဘေပြန်ဟပ်စပ်နည်းတို့ ဖြစ်ကြတယ်။

သီကုံးဖွဲ့ဆိုချက်တွေကို ဒေါသတွေနဲ့ ကင်းစင်ဖို့လိုအပ်တယ်။ သီကုံးထားတဲ့ သံပေါက် သံဖောက် ဝဲရိုက် ဝဲသွင်း ဒွေးချိုး သဖြန်တြိချိုးလေးချိုးသံချိုတေးရိုး တေးထပ်ဘွဲ့နှင့် ရတုရကန် စတဲ့ သီကုံးချက်များမှာ ပဒေါသ ဝါကျဒေါသ စတဲ့ ဒေါသများနဲ့ ကင်းစင်ရတယ်လို့ ပညာရှိတွေက အဆိုပြုကြတယ်။

ကဇာတ် ပြဇာတ်ဆိုင်ရာ အနုပညာရပ်တွေကို လေ့လာဆည်းပူးဖူးသူတွေက ကကြိုးကကွက်အကြောင်းကို နားလည်ကြရတယ်။ ကကြိုးကကွက်ဆိုတာ စိတ်ရဲ့ခံစားချက်တွေကို သရုပ်ဖော်တဲ့ လှုပ်ရှားမှုဖြစ်တယ်။

ဒါပေမဲ့ သရုပ်ဖော်တဲ့ လှုပ်ရှားမှုတွေက ကကြိုးကကွက်နဲ့ ခြားနားမှုရှိတယ်။ စိတ်ရဲ့ခံစားချက်ကို လှုပ်ရှားမှုနဲ့ သရုပ်ဖော်ပေမယ့်လည်း စည်းချက်ဝါးချက် လိုက်ပေးတဲ့ သရုပ်ဖော်လှုပ်ရှားချက်သာ ကကြိုးကကွက်ဖြစ်ကြတယ်။

မြန်မာ့ရှေးရိုး ကကြိုးကကွက် တစ်ဆယ့်နှစ်ခန်းရှိတယ်။ အဲဒါတွေက (၁) ဗောင်းတော်ပြင်အက (၂) မှန်တော်ရွှအက (၃) ပန်းစိုက်အက (၄) သားပိုက်အက (၅) ကျောက်ကောက်အက (၆) ဆံတော် သိမ်းအက (၇) ဖျင်းချင်အက (၈) ဖျင်းဖျတ်ဖျတ်အက (၉) ခွေတ် ကြီးအက (၁၀) ခွေတ်ကလေးအက (၁၁) ကပိအကနှင့် (၁၂) ကရောင်းအကတို့ ဖြစ်ကြတယ်။

အဲဒီ ကကြိုးကကွက် တစ်ဆယ့်နှစ်မျိုးတို့မှာ အနုကနဲ့ အကြမ်း



က ဆိုပြီး နှစ်မျိုးနှစ်စား ခွဲခြားထားတယ်။ အနုကတွေမှာ (၁) ဗောင်းတော်ပြင် (၂) မှန်တော်ရှူ (၃) ပန်းစိုက် (၄) သားပိုက် (၅) ကျောက်ကောက်နဲ့ (၆)ဆံတော်သိမ်းအကတို့ဖြစ်ကြတယ်။ ကျန်တဲ့ ကကြိုးကွက်တွေဖြစ်တဲ့ ဖျင်းချင်၊ ဖျင်းဖျတ်ဖျတ်၊ ချွတ်ကြိုး၊ ချွတ်ကလေး၊ ကပိနဲ့ ကရောင်းကတို့က အကြမ်းကတွေဖြစ်တယ်။

ဒါ့အပြင် အခြား ကကြိုးကကွက်တွေလည်း ရှိသေးတယ်။ အဲဒါတွေက အပျိုတော် တစ်ဆယ့်နှစ်ကြိုး၊ အပျိုတော်ခုနစ်ထွေ၊ နှစ်ပါးသွားအကနဲ့ ယိမ်းအကတို့ ဖြစ်ကြတယ်။

ကဇာတ်နဲ့ ပြဇာတ်တွေမှာ ခြားနားမှုတွေရှိတယ်။ ကဇာတ်တွေက ဇာတ်လမ်း ဇာတ်ကွက်တွေကို ကကြိုးကဟန်တွေနဲ့ သရုပ်ဆောင်ကြပြီး ပြဇာတ်ကတော့ ဇာတ်ထုပ် ဇာတ်လမ်းတွေကို ကကြိုးကကွက်တွေနဲ့အတူ သီဆိုမှုကိုပေါင်းစပ်ပြီး သရုပ်ဖော်ကြတယ်။

ကဇာတ်ပြဇာတ်ဆိုင်ရာ အနုပညာရပ်တွေကို လေ့လာဆည်းပူးရာမှာ ဇာတ်ညွှန်းရေးသားမှုတွေကို နားလည်ကြရတယ်။ ယေဘုယျအားဖြင့် ဇာတ်ညွှန်းရေးသားရာမှာ အသုံးပြုတဲ့ အဂါရပ်တွေကို သိထားရတယ်။ (၁) နိဒါန်းပျိုးခြင်း (၂) ဇာတ်အိမ်ဖွဲ့ခြင်း (၃) ဇာတ်ကွက်ဖော်ခြင်း (၄) ဇာတ်သားပေးခြင်းနဲ့ (၅) ဇာတ်ခန်းသိမ်းခြင်းတို့ဖြစ်တယ်။

ကဇာတ်ပြဇာတ်ဆိုင်ရာ အနုပညာရပ်တွေကို လေ့လာဆည်းပူးတဲ့သူတွေဟာ သဘင်မှန်စေ့စပ်လျဉ်းတဲ့ တခြားပညာရပ်တွေကိုလည်း လေ့လာကြရတယ်။ ကဇာတ်ပြဇာတ်တွေအတွက် လိုအပ်တဲ့ အခြားပညာရပ်တွေကတော့– (၁) ရုပ်သဏ္ဌာန်ပြုပြင်ရေး (၂) ဇာတ်စင်အလင်းရောင်ပေးရေး (၃) ဇာတ်စင်မွမ်းမံရေးနဲ့ (၄) ဇာတ်ဖွဲ့အုပ်ချုပ်ရေးဆိုတာတွေ ဖြစ်ကြတယ်။

ကဇာတ်ပြဇာတ်တွေမှာ ရုပ်သဏ္ဌာန်ပြုပြင်ရေးအတတ်တွေဟာ အလွန်အရေးပါ အရာရောက်ကြတယ်။ ဇာတ်ကွက်ဇာတ်လမ်းတွေမှာ သီးခြားဇာတ်ကောင်တွေပါဝင်တဲ့ အစဉ်အလာရှိတာကြောင့် ဇာတ်ကွက်နာစေပြီး ဇာတ်သားပေးနိုင်ဖို့ အဲဒီဇာတ်ကောင်တွေအတွက် လျော်ကန်သင့်မြတ်တဲ့ ရုပ်သဏ္ဌာန်ပြုပြင်ထားဖို့ လိုအပ်တယ်။

ရုပ်သဏ္ဌာန်ပြုပြင်မှု ဘာသာရပ်မှာ ကဏ္ဍအမျိုးမျိုးရှိကြတယ်။ အခြေခံအားဖြင့် – (၁) မိတ်ကပ် သနပ်ခါးများကို လူးလိမ်းခြင်း (၂) မျက်ခုံးမွေးကို ရေးဆွဲခြင်း (၃) နှုတ်ခမ်းနီဆိုးခြင်း (၄) မျက်ခုံးတု နှုတ်ခမ်းမွေး စတာတွေကို တပ်ဆင်ခြင်းနဲ့ (၅) စိတ်ဓာတ်ရေးဆိုင်ရာ သရုပ်ဖော်ခြင်း စတာတွေပါဝင်ကြတယ်။

ကဇာတ်ပြဇာတ်ဆိုင်ရာ အနုပညာရပ်တွေမှာ ဇာတ်စင်မွမ်းမံမှုတွေဟာ အရေးကြီးတဲ့ကဏ္ဍက ပါဝင်ကြတယ်။ ပြဇာတ် ကဇာတ်တွေမှ ဇာတ်လမ်းဇာတ်ကွက်များတွင် တောကား တောင်ကား မြို့ပြကားများ စသဖြင့် ပန်းချီကားတွေကို အလိုရှိကြတဲ့အပြင် အဲဒီပန်းချီကားတွေဟာ သဘာဝယုတ္တိရှိမှု ဇာတ်ကွက်နာနိုင်ဖွယ်ရာ အကြောင်းရှိတယ်။ ဒါကြောင့် ဇာတ်စင်တွေကို ခေတ်မီတဲ့ဇာတ်အဖွဲ့တွေက မွမ်းမံပြင်ဆင်ကြတယ်။

ဇာတ်စင်မွမ်းမံမှုကိစ္စမှာ ပညာရပ်အမျိုးမျိုးပါဝင်ကြတယ်။ ယေဘုယျအားဖြင့် ပန်းချီရေးဆွဲမှုအတတ် လက်သမားပညာ အခမ်းအနားပြင်ဆင်မှုပညာ အရောင်အဆင်းဆိုင်ရာပညာ စတဲ့ ပညာရပ်တွေ ဖြစ်ကြတယ်။

ဇာတ်စင်မွမ်းမံမှုမှာ သီးခြားကဏ္ဍနဲ့ပါဝင်တဲ့ ပညာရပ်တစ်မျိုး





ရှိတယ်။ အဲဒီပညာရပ်မှာ ဇာတ်လမ်းဇာတ်ကွက်မှာပါဝင်တဲ့ ဇာတ်ကောင် ဇာတ်ဆောင်တို့ရဲ့ အဝတ်တန်ဆာ စီမံထုတ်လုပ်မှုတို့ ဖြစ်ကြတယ်။

အဲဒီပညာရပ်ဟာ အခြားပညာရပ်များနဲ့ ဆက်စပ်ပြီးနေကြတယ်။ အဲဒီပညာရပ်နဲ့ ဆက်စပ်သော အခြားပညာရပ်တွေမှာ အရောင်အသွေးနဲ့သက်ဆိုင်တဲ့ ပညာရပ်များ၊ အရောင်အသွေးနဲ့ အလင်းရောင်တို့ရဲ့ အကျိုးသက်ရောက်မှုတွေအပြင် လူမျိုးအသီးသီး၊ လူတန်းစားအသီးသီးတို့ရဲ့ လူမှုရေးနဲ့ သမိုင်းဆိုင်ရာ ဆင်ယင်ထုံးဖွဲ့မှုတွေ ဖြစ်ကြတယ်။

ကဇာတ်ပြဇာတ်ဆိုင်ရာ အနုပညာတွေကို လေ့လာဆည်းပူးတဲ့သူတွေဟာ ဇာတ်စင်အလင်းရောင်ပေးမှုဆိုင်ရာ အတတ်ပညာရပ်တွေကို သိနားလည်ထားကြရတယ်။ ဇာတ်စင်ကို မွမ်းမံထားတဲ့ ပန်းချီကားချပ်တွေဟာ ပန်းချီပညာအရ သရုပ်ဖော်ထားချက်မျှသာဖြစ်လို့ အသက်ဝင်နိုင်စွမ်းမရှိဘူး။ ဥပမာ တောကားတောင်ကားတွေကို ရှုခင်းစဖွယ်ဖြစ်ဖို့ ရေးဆွဲနိုင်စွမ်းရှိသော်လည်း အဲဒီကားပေါ်မှာ နေဝင်ခြင်း နေထွက်ခြင်း စသောအမှုများကို ဖန်တီးနိုင်စွမ်းမရှိတာကြောင့် ဇာတ်လမ်းဇာတ်ကွက်တွင် တောင်းဆိုချက်များကို အလင်းရောင်နဲ့ စီမံဖန်တီးကြရတယ်။



ဇာတ်စင်အလင်းရောင်ပေးမှုဆိုင်ရာ အတတ်ပညာရပ်တွင် အမှုကိစ္စအမျိုးမျိုးရှိတယ်။ အဲဒါတွေက ဇာတ်စင်ဓာတ်မီး အမျိုးမျိုးတို့ရဲ့ သဘာဝ၊ မီးရောင်အမျိုးမျိုးတို့ရဲ့ သဘာဝ၊ ဇာတ်ကွက် ဇာတ်လမ်းမှ တောင်းဆိုချက်ကို တီထွင်ခြင်း စတဲ့အမှုတွေ ဖြစ်ကြတယ်။

ဇာတ်စင်မွမ်းမံမှု ပညာရပ်ဟာ ပန်းချီရေးဆွဲမှုကို အခြေခံထားတယ်။ ဒါကြောင့် ပန်းချီရေးဆွဲမှုဆိုင်ရာ သဘောတရားရေးတို့ကိုလည်း ကျေညက်ဖို့လိုအပ်ပါတယ်။

ယခုတင်ပြခဲ့တဲ့ သဘင်မှုဆိုင်ရာ အနုပညာရပ်များနဲ့ပတ်သက်ပြီး အခြေခံအချက်အလက်များကိုသာ တင်ပြခဲ့တာဖြစ်ပါတယ်။ မည်သည့်ပညာရပ်မဆို လေ့လာလို့ ကုန်ဆုံးတယ်ဆိုတာ မရှိပါဘူး။ သေချာ ဂဃနဏသိဖို့ဆိုရင် ထဲထဲဝင်ဝင်လေ့လာဖို့ လိုပါတယ်။ နှံ့နှံ့စပ်စပ် လေ့လာနိုင်လေ ပို၍ပို၍ သိလေဖြစ်ပါတယ်။ မြန်မာ့သဘင်မှု အနုပညာရပ်များသည်လည်း ကျယ်ပြန့်စွာဖြစ်ထွန်းလျက်ရှိပါတယ်။ နိုင်ငံယဉ်ကျေးမှု၊ နိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးများရဲ့ ယဉ်ကျေးမှု စသည် စသည်တို့မှာလည်း သဘင်မှုအနုပညာရပ်တွေ ဆက်နွယ်ပါဝင်နေပါတယ်။ ဒါကြောင့် ယဉ်ကျေးမှုဆိုင်ရာတွေ လေ့လာရင်း သဘင်မှုဆိုင်ရာအနုပညာကိုလည်း လေ့လာဖို့ တိုက်တွန်းလိုပါတယ်။

နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုးချင်းဆီမှာ သူတို့ရဲ့ယဉ်ကျေးမှုတွေ ရှိကြသလို၊ သဘင်အနုပညာရပ်တွေလည်း ထာဝရတည်ရှိနေကြမှာဖြစ်ပါတယ်။ ဒါကြောင့် မိမိတို့ရဲ့ သဘင်ဆိုင်ရာ အနုပညာရပ်များ ကွယ်ပျောက်မသွားရအောင် ထိန်းသိမ်းကြဖို့ နိုင်ငံသားတိုင်းမှာ တာဝန်ရှိကြပါတယ်။ ဒီလို ထိန်းသိမ်းကြဖို့ သဘင်ပညာကို သိဖို့လိုတယ်။ သိဖို့အတွက် လေ့လာဖို့လိုပါတယ်။ မှတ်သားဖို့လိုပါတယ်။ ဒါကြောင့် ယခုတင်ပြခဲ့တဲ့ အခြေခံအချက်အလက်ကလေးတွေကစကာ တိုး၍တိုး၍လေ့လာမှတ်သားနိုင်ကြပါစေ။

ကိုစော(ပထဝီဝင်)

မှိုင်းမိုး – မျိုးမြင့်စော၏

'ဘာသာစုံ စာပေလေ့လာနည်း'

City MAGAZINE

ဝေသဂ်ီဝင်းလိုး

ယောကျ်ားဆိုး
အနစ်တစ်ဖျက်
ဖစ်ခဲ့သောသူ...



သူငယ်ချင်းနှစ်ယောက် ရှိကြလေသည်

တစ်ခါက ရှမ်းပြည်နယ်မြောက်ပိုင်း၌ ရှမ်းလူမျိုးများနှင့် ကချင်လူမျိုးများ အတူတကွနေထိုင်သော ရွာကြီးတစ်ရွာ ရှိခဲ့လေသည်။ သူတို့ရွာကြီး၏အလယ်၌ အရှေ့မှ အနောက်သို့ စီးဆင်းနေသည့် ချောင်းကလေးတစ်ချောင်းလည်းရှိ၏။ ကချင်လူမျိုးများသည် ချောင်း၏ မြောက်ဘက်၌ သူ့အစုနှင့်သူနေထိုင်ပြီး ရှမ်းလူမျိုးများသည် ချောင်း၏တောင်ဘက်၌ သူ့အစုနှင့်သူ နေထိုင်ကြလေသည်။

ထိုရွာ၏ မူလတန်းကျောင်းလေး၌ ကော့မိုင်အမည်ရှိ ကချင်မလေးနှင့် ခမ်းမောင်အမည်ရှိ ရှမ်းကလေးတို့သည် ကျောင်းအပ်သည့်နေ့ကပင် ကျောင်းသို့ တစ်ရက်တည်း တစ်ချိန်တည်းရောက်ရှိပြီးနောက် မောင်နှမအရင်းသဖွယ် ခင်မင်သွားခဲ့ကြလေသည်။ ကော့မိုင်တွင် ညီအစ်ကို မောင်နှမ မရှိသလို ခမ်းမောင်တွင်လည်း ညီအစ်ကို မောင်နှမ မရှိခဲ့ပေ။ တစ်မိပေါက် တစ်ယောက်များဖြစ်ကြ၏။ ထို့ကြောင့် သူတို့နှစ်ဦးသည် မောင်ရင်းနှမလို ချစ်ခင်ခဲ့ကြခြင်းဖြစ်၏။ ရွာတွင် သူတို့မိဘများ၏နေအိမ်များမှာလည်း ချောင်း၏ဟိုမှာဘက်နှင့် ဒီမှာဘက်ဖြစ်ကြသဖြင့် တစ်အိမ်နှင့်တစ်အိမ် နေ့စဉ်မြင်တွေ့နေကြရ၏။ သူတို့နှစ်ဦးသည် ကျောင်းသွားအတူတူ ကျောင်းပြန်အတူတူ နှင့် နေလာခဲ့ကြရာ မူလတန်းအောင်သည်အထိပင် ဖြစ်ခဲ့လေသည်။

မူလတန်းအောင်ပြီးသည့်အခါတွင်မူ ကော့မိုင်က အရွယ်ထောက်စပြုနေသည့် မိဘများက ယောကျ်ားလေးဖြစ်သဖြင့် စာတတ် ပေတတ်တစ်ဦးဖြစ်စေလို၍ မြို့ကိုလွှတ်ပြီး ကျောင်းဆက်တက်စေသည်။ ကော့မိုင်ရော ခမ်းမောင်ပါ တောင်ပေါ်သားများဖြစ်သဖြင့် ထွားထွားကျိုင်းကျိုင်း ရှိကြ၏။ မူလတန်းအောင်၍ အလယ်တန်း၌ ကျောင်းဆက်တက်ရန် သူတို့နှစ်ဦးခွဲခွာကြရသည့်အချိန်တွင် နှစ်ဦးလုံးအရွယ်ရောက်စပြုကြပြီ။ တစ်ခါမှ တစ်ဦးနှင့်တစ်ဦး မခွဲခွာကြဖူးကြသဖြင့် နှစ်ဦးစလုံး စိတ်မကောင်းကြပေ။

မြို့ကိုကျောင်းတက်ရန်ထွက်ခွာသည့်နေ့က ခမ်းမောင်က ကော့မိုင်တို့အိမ်လာပြီး နှုတ်ဆက်သည်။ စကားအလွန်နည်းသည့် ခမ်းမောင်က အပျိုဖြစ်စ ကော့မိုင်အား အချိန်အတန်ကြာ စူးစိုက်ကြည့်ရှုပြီးသည့်နောက် အောက်ပါအတိုင်းပြောကာ ကော့မိုင်တို့အိမ်ကလေးမှ ထွက်ခွာသွားလေတော့သည်။



''ဟောင်းဟတ်ဆူ ကော့မိုင်''

''ငါ နင့်ကိုချစ်တယ်ကော့မိုင်ရယ်''တဲ့။

ကော့မိုင်သည် ကချင်လူမျိုးဖြစ်ပြီး အသားဖြူ၏။ အရပ်အမောင်းကောင်းသော မိဘများမှမွေးဖွားလာသဖြင့် အရပ်အမောင်းလည်း ကောင်းပေသည်။ မျက်နှာဝိုင်းဝိုင်းလေးတွင် ပါးအို့နိုနိုနှင့် နှင်းဆီဖူးလို နူတ်ခမ်းလေးများကြောင့် ချစ်စရာကောင်းပေသည်။ တစ်ခုပြောစရာရှိသည်မှာ နှာခေါင်းလေးက အနည်းငယ်ပိပြားသယောင် ယောင်ရှိခြင်းနှင့် မျက်လုံးလေးများက မျက်ရစ်ကလေး မပေါ်တပေါ်ဖြစ်နေခြင်းပင်။ သို့ရာတွင် ထိုသို့ဖြစ်နေခြင်းကပင် တစ်မျိုးချစ်စရာကောင်းနေပြန်၏။

ခမ်းမောင် မြို့ကိုသွားကျောင်းတက်နေသည့် နှစ်နှစ်၊ သုံးနှစ်အတွင်းမှာပင် ကော့မိုင်သည် မိဘများ၏ စိုက်ပျိုးမွေးမြူရေးအလုပ်များကို ဝိုင်းကူညီလုပ်ကိုင်ရင်း လျင်မြန်စွာ အရွယ်ရောက်လာတော့၏။ ပီဘိ တကယ့်မိန်းမကြီးသဖွယ် ဖြစ်လာလေတော့သည်။ သားကောင်မိခင်ဖြစ်သည့် ခန္ဓာကိုယ်ဖွဲ့စည်းမှုကြောင့် သူတို့ရွာရှိ ကာလသားများက မျက်စိကျလာကြသည်။ သို့ရာတွင် ကော့မိုင်ကတော့ မည်သူ့ကိုမျှ ချစ်တုံ့မပြန်ခဲ့ပေ။ ခမ်းမောင်ကိုကား ယခုအချိန်ထိ သူမသည် မောင်ချစ်နှမချစ်ဖြင့် သူငယ်ချင်းလိုပင် ချစ်ခင်နေခဲ့သည်။ ခမ်းမောင် မြို့ကို ကျောင်းစတက်သည့်နှစ်က ပြောသွားသည့် ''ငါ နင့်ကိုချစ်တယ်''ဆိုသည့် စကားကလည်း ပီဘိအရွယ်ရောက်နေ လူကြီးစကားဟု ကော့မိုင်မထင်။ ဒီလို စကားမျိုးကို ငယ်စဉ်ကတည်းက သူတို့နှစ်ဦး ပြောခဲ့ကြဖူးပြီးသား၊ ကြားဖူးနေကြ စကားကို ပြန်ကြားရသည်ဟုသာ သူမ ထင်ခဲ့၏။ ထိုစဉ်ကလည်း သူမသည် အချစ်ဆိုသည်မှာ ဘာမှန်းမသိသေးပါ။ ငယ်ပါသေးသည်။ မစဉ်းစားတတ်သေးပါ။

ယခုအခါတွင် ကော့မိုင်အရွယ်ရောက်လာပြီ။ အချစ်ဆိုသည်ကို သိသလိုလို မြင်သလိုလိုရှိလာသည်။ သိလည်းသိချင်လာသည်။ ခမ်းမောင်ကသာ စကားနည်းသူမို့ သူ့အား ပလီပလာတီတီတာတာ ဘာမှ မပြောသော်လည်း ရွာထဲမှ သူ့အား ပိုးပမ်းနေသူ ကချင်လူမျိုးများက သူတို့ထုံးစံအရ ကော့မိုင်တို့ ကချင်အစုဝဋ်ရှိသော အပျိုလူပျို လွတ်လပ်စွာချစ်တင်းနှီးနှောနိုင်ရန် ထိုးပေးထားသည့် ချစ်ဗိမာန်တဲကလေးများသို့ မကြာခဏရောက်လာကြသည်။ ကော့မိုင်၏အလှကို စာဖွဲ့ကြသည်။ ချစ်စကားကြိုက်စကား ပြောကြသည်။ ချစ်တေးများ သီကြွေးကြသည်။ တစ်နေကုန် အဖေတို့၊ အမေတို့နှင့် တောင်ယာတွင် ဝိုင်းကူလုပ်ရင်း ပင်ပန်းခဲ့သော ကော့မိုင်အဖို့ ဖီးလိမ်းပြင်ဆင်ကာ ထိုတဲကလေးများ၌ လူပျိုကာလသားများလာရောက်ပြီး ပလွေတကျူကျူနှင့်သီကြွေးသော ချစ်တေးသံကို နားဆင်ရသည်ကား ကြည်နူးမိသည်။ သို့ရာတွင် ကော့မိုင် မည်သူ့ကိုမှ ချစ်တုံ့မပြန်မိပါ။

ဤသို့ဖြင့် ခမ်းမောင် အလယ်တန်းအောင်၍ အထက်တန်းရောက်ပြီ။ နောက်နှစ်ဆို တက္ကသိုလ်ဝင်တန်းပင် ဖြေဆိုရမည့် အချိန်သို့ ရောက်ခဲ့ပေပြီ။

ရှမ်းကလေးခမ်းမောင် ဒီတစ်ခါ နွေကျောင်းပိတ်ရက်ကိုပြန်ရောက်သည့်အခါ သူတို့နှစ်ဦးစလုံး အပျိုကြီးဖားဖား၊ လူပျိုကြီးဖားဖားဖြစ်ခဲ့ကြလေပြီ။

ခမ်းမောင်သည်လည်း ထွားကျိုင်းသော မိဘများမှမွေးဖွားလာသူမို့ ထောင်ထောင်မောင်းမောင်းနှင့် ယောကျ်ားပီသသည်။ အသက်နှစ်ဆယ်ပင် မရှိသေးသော်လည်း လူကမူ ပီဘိတကယ့်ယောကျ်ားကြီး တစ်ဦးဖြစ်၍နေခဲ့ပေပြီ။

ခမ်းမောင်ရွာပြန်ရောက်သည့်ကာလများ၌ ကော့မိုင်က ရွာပြင်ရှိ အပျိုလေးများစတည်းချသည့် ချစ်ဗိမာန်သို့မသွားတော့။ အဖေနှင့် အမေက သူမအတွက် သီးသန့်လုပ်ပေးထားသည့်အပျိုခန်းမှာပင်နေသည်။ ထိုအခန်းသို့ လူပျိုလေးများ လာရောက်လည်ပတ်ခွင့်ရှိသည်။ လွတ်လပ်စွာ တွေ့ဆုံခွင့် ချစ်စကားပြောခွင့်ရှိသည်။ ယခု နွေကျောင်းပိတ်ရက်၌ တစ်သွေးတစ်မွေး အလုကြီးနေသော ကော့မိုင်အား ခမ်းမောက် တွေ့သည်နှင့် အလွန်စကားနည်းသော ခမ်းမောင် စကားပြောဖြစ်တော့သည်။ ရွာထဲက သူ့သူငယ်ချင်းများဆီက သတင်းစကား သူကြားပြီးပြီ။

''ဟေ့ကောင် ခမ်းမောင်၊ မင်းကောင်မလေးကော့မိုင်တော့ ကြိုက်တဲ့သူတွေ သိပ်များနေပြီ၊ သူတို့ ကချင်အစုက အပျိုရိပ်သာမှာ သူ့တဲက လူအစည်ဆုံးဟေ့ကောင်ရေ၊ မင်းကောင်မလေးက ကိုယ်လုံးကိုယ်ပေါက်ရော အသားအရေရော ကြိုက်ချင်စရာကြီးမင်း လက်မနှေးနဲ့''

ခမ်းမောင်ကို သူ့သူငယ်ချင်းများက အထက်ပါအတိုင်း ဆီးပြောကြသည်။ ဒီနှစ်ကျောင်းတွင်လည်း သူ့အရင် အထက်တန်းရောက်နေသည့် ကျောင်းသားကြီးများက သူ့ကို ကျောင်းစာများတွင်မပါဝင်သည့် ချစ်မှုရေးရာများအား အလွတ်ပို့ချပေးကြ၏။ ခမ်းမောင်မှာ မိန်းကလေးမိတ်ဆွေရှိ၊ မရှိ မေးကြသည်။ ထိုအခါ ခမ်းမောင် မနေနိုင်တော့။ သူနှင့်ကော့မိုင်တို့အကြောင်း ကော့မိုင် အလွန်လှကြောင်း၊ သူအလွန်ချစ်မိနေကြောင်းနှင့် ဖွင့်တော့မပြောရသေးကြောင်း၊ ငယ်သူငယ်ချင်းဖြစ်ကြောင်း ကော့မိုင်က ကချင်၊ သူက ရှမ်းဖြစ်နေ၍ မိဘများသဘောတူ၊ မတူမသိရသေးကြောင်း၊ သူ့မှာလည်း ပညာမစုံသေးသဖြင့် ကော့မိုင်ကို လက်ထပ်နိုင်သည့်အရေး အလွန်ဝေးနေသေးကြောင်းတို့ကို ပြောပြလေတော့သည်။

ထိုအခါ ထိုကျောင်းသားကြီးများက တဟားဟားရယ်ကြလေသည်။ ပြီးတော့ အောက်ပါအတိုင်း ပြောတော့၏။

သူမအတွက် သီးသန့်လုပ်ပေးထားသည့် အပျိုခန်းမှာပင်နေသည်။

ထိုအခန်းသို့ လူပျိုလေးများ လာရောက်လည်ပတ်ခွင့်ရှိသည်။လွတ်လပ်စွာ တွေ့ဆုံခွင့် ချစ်စကားပြောခွင့်ရှိသည်။

ယခု နွေကျောင်းပိတ်ရက်၌ တစ်သွေးတစ်မွေးအလုကြီးနေသော ကော့မိုင်အား . . .

ငါတို့ရဲ့ထုံးစံလည်း နင်သိသားပဲ၊ ငါတို့က မျိုးနွယ်တူကို ဦးစားပေးရတဲ့ ဓလေ့ထုံးစံရှိတယ်ဟဲ့၊ လောလောဆယ်တော့ နင် ဆယ်တန်းမအောင်မချင်း ငါတို့ သူငယ်ချင်းတွေလိုပဲ နေကြတာပေါ့ဟာ၊ နင် ဆယ်တန်းအောင်အောင် အရင်ဖြေပါအုံး . . .

''ဟေ့ကောင်ခမ်းမောင်၊ မင်းအထက်တန်းရောက်ပါပြီကွာ၊ ဆယ်တန်းအောင်ဖို့ သိပ်မဝေးတော့ပါဘူး၊ တို့ ဒီဒေသမှာ ဆယ်တန်းအောင်ရင် လုပ်စရာအလုပ်တွေက အများကြီးပါကွ၊ မင်းကောင်မလေး သိပ်လှတယ်ဆိုရင်တော့ မြန်မြန်ဖွင့်ပြောလိုက်ကွ၊ တော်ကြာ မင်းကျန်ရစ်ဖြစ်နေအုံးမယ်၊ မင်းက မတုန်မလှုပ်နဲ့၊ ခပ်အေးအေးကောင် မင်းပြောတဲ့အတိုင်းဆိုရင် မင်းကောင်မလေး လှလှပပ သွက်သွက်လက်လက်ကလေး၊ ကြိုက်တဲ့သူတွေကလည်း အများကြီးဆိုတော့ စိုးရိမ်ရတယ်၊ ဒီမှာပေ့ကောင်ရေ၊ ငါတို့ ဆရာကြီးကပြောဖူးတဲ့စာဆိုရှိတယ်ကွ၊ အပျို၊ မှို၊ ပျား ဤသုံးပါး လက်ကားမနေးရာတဲ့ တွေ့လျှင်ခဏ ကြံဆောင်မှစိတ်ချရမည်သာတဲ့ငါ့လူရေ၊ သိပ်နေးမနေနဲ့ကွ၊ ပြောစရာရှိတာ ပြောတော့''

အထက်ပါစကားအရ ဒီတစ်ခေါက် ရွာပြန်အရောက်၌ ကော့မိုင်ကို သူ ချစ်မိနေကြောင်း၊ အရင်ကလို ကလေးချစ်၊ သူငယ်ချင်းချစ်မဟုတ်၊ အပြီးအပိုင် လက်ထပ်ယူချင်သည့်အကြောင်း သူပြောမည်ဟု ယတိပြတ်ဆုံးဖြတ်ခဲ့သည်။ မပြောလို့ကလည်း မဖြစ်တော့။ ရွာမှာ ကော့မိုင်က ကွမ်းတောင်ကိုင်ဖြစ်နေပြီ။ သူကတော့ ထွားထွားကျိုင်းကျိုင်းသာပြောတာ လူက ရှမ်းဖြစ်သော်လည်း ဘယ်ရှေးကုသိုလ်ကြောင့်လည်း မသိ။ အသားကညိုနေသည်။ သွားကလည်း နည်းနည်းကျဲချင်သည်။ အသားမဲမဲသွားကျဲကျဲ ဟုဆိုရမလိုဖြစ်နေ၏။ ကော့မိုင်က အလွန်လှသည်။ သွေးသားတက်ကြွဆူဖြိုးသည့်အရွယ်မို့ ကိုယ်လုံးကိုယ်ပေါက်ကလည်း အချိုးအဆစ်ကျကျ ဖွံ့ဖြိုးတိုးတက်နေသည်။ တစ်နေ့တခြား ပို၍ပို၍ လှလာနေသည်။

နွေတစ်ည လသာသာတွင် ခမ်းမောင်က ကော့မိုင်ကိုစကားစပြောသည်။

''နင် သိပ်လှနေပြီ ကော့မိုင်''

''အဲဒါ ဘာဖြစ်လဲ''

စကားအထူးအထွေမပြောဘူးသည့် ခမ်းမောင် သူမလှကြောင်း ဒီနေ့ညည စကားစလာ၏။ ဘာပဲဖြစ်ဖြစ် မိန်းကလေးပီပီ လှကြောင်းပြောခံရတာကိုတော့ သူမသဘောကျပါသည်။

''ဘာဖြစ်လဲဆိုတော့ နင့်ကိုချစ်တဲ့ကာလသားတွေ သိပ်များနေပြီလို့လည်း ရွာထဲက ငါ့သူငယ်ချင်းတွေပြောကြတယ်၊ နင်နဲ့ ငါနဲ့ သိပ်ချစ်ခဲ့ကြတဲ့သူငယ်ချင်းတွေ၊ အဲဒီတော့ နင် သူများနောက်ပါသွားမှာ ငါစိုးတယ်၊ ဟိုတုန်းက ငါပြောခဲ့သလိုပဲ နင့်ကို ငါသိပ်ချစ်တယ်၊ အဲဒီတုန်းက ကလေးလို ချစ်တာ၊ အခုတော့ နင့်ကိုငါ လူကြီးလိုချစ်မိနေပြီ၊ ဆယ်တန်းအောင်ရင် နင့်ကို ငါ လက်ထပ်ပါရစေ ကော့မိုင်ရယ်''

ခမ်းမောင်က မပြောစဖူး။ စကားရှည်ကြီးပြောတော့ ကော့မိုင် ပြုံးလိုက်၏။

''နင် ဘယ်လိုသဘောရလဲ ကော့မိုင်၊ ငါပြောတာ လက်ခံလား''

''အေး နင်တစ်နေ့နေ့မှာတော့ ဒီလို



ပြောလာလိမ့်မယ်လို့ ငါ ထင်တော့ထင်ထားပါတယ်၊ ဒါပေမယ့် ငါ့အဖေနဲ့အမေကို ငါတိုင်ပင်ရအုံးမယ်၊ ငါတို့ရဲ့ထုံးစံလည်း နင် သိသားပဲ၊ ငါတို့က မျိုးနွယ်တူကို ဦးစားပေးရတဲ့ဓလေ့ထုံးစံရှိတယ်ဟဲ့၊ လောလောဆယ်တော့ နင် ဆယ်တန်းမအောင်မချင်း ငါတို့ သူငယ်ချင်းတွေလိုပဲ နေကြတာပေါ့ဟာ၊ နင် ဆယ်တန်းအောင်အောင် အရင်ဖြေပါအုံး၊ ငါလည်း အဖေနဲ့အမေကို ပြောထားပါ့မယ်''

လူရိုးခမ်းမောင်က ကော့မိုင်၏ ထိုစကားလောက်နှင့်ပင် ကျေနပ်လိုက်၏။

''နင့်မှာ ရည်းစားတော့ မရှိသေးပါဘူးနော်''

''မရှိသေးပါဘူးဟာ၊ နင် ရောက်လာလို့ ငါ့သူငယ်ချင်းမတွေ့ရှိတဲ့ အပျိုစုတောင် ငါမသွားတော့ဘူးလေ''

ဒါဆို လုံလောက်ပါပြီ။ ခမ်းမောင် အလွန်ဝမ်းသာသွား၏။

''အေး ဒါဆို ငါ ဆယ်တန်းအောင် အောင်ကြိုးစားမယ်နော်၊ နင် စောင့်နေ''

ကော့မိုင်က ပြုံးပြုံးလေးခေါင်းညိတ်ပြလိုက်၏။ ထိုနှစ်ကျောင်းပြန်ဖွင့်တော့ ခမ်းမောင် ဆယ်တန်းတက်ရန် မြို့သို့ ပြန်လည်ထွက်ခွာသွားလေတော့သည်။

မမလေးထဘီဖိုး ကြိုးစားလိုက်မည်ဟု သန္နိဋ္ဌာန်စိတ်ဖြင့် မြို့ကိုပြန်သွားခဲ့ခြင်းပါ။

ကံကြမ္မာသူလှည့်စားလို့

ကံကြမ္မာဟူသည် အလွန်ဆန်းကြယ်လှ၏။ မမျှော်လင့်သောအရာများက ရုတ်တရက်ဖြစ်လာတတ်သည်။ ကော့မိုင်တို့ ဒေသ၌ လူမျိုးစုသောင်းကျန်းသူအဖွဲ့အစည်းများ လှုပ်ရှားလာသည်။

ထိုအခါ ရွာသို့ မြန်မာ့တပ်မတော်မှ စစ်ကြောင်းများ မကြာခဏာရောက်လာသည်။ ထိုစစ်ကြောင်းများ၌ တိုင်းရင်းသားလူမျိုး အများအပြားပါဝင်သည်။ နယ်မြေ

လုံခြုံရေးကိစ္စအတွက် ရောက်ရှိလာခြင်းဖြစ်သည်။ ကော့မိုင်တို့ရွာသို့ ယခုနှစ်မှ မကြာမကြာ ရောက်လာသည့် ဒေသခံသောင်းကျန်းသူများကိုရှင်းလင်းရင်း စစ်ကြောင်းတစ်ကြောင်းသည် ရက်ပေါင်းအတန်ကြာအောင် ကော့မိုင်တို့ရွာသို့ ထွက်လိုက်ဝင်လိုက် ရှိနေ၏။

ကော့မိုင်တို့ရွာသို့ သောင်းကျန်းသူများ တပ်အလစ်တွင်ရောက်လာပြီး ရိက္ခာတောင်း ဆက်ကြေးတောင်းသည်။ မပေးသည့်အခါ လူတွေကိုလိုက်ဖမ်းသည်။ တစ်ကြိမ်တွင် သောင်းကျန်းသူပြောက်ကျားတပ်ဖွဲ့နှင့် စစ်ကြောင်းမှ ခွဲထုတ်တပ်တစ်စိတ်တိုက်ပွဲဖြစ်သည်။ ထိုသောင်းကျန်းသူများက ကော့မိုင်နှင့်သူငယ်ချင်း အပျိုမသုံးလေးယောက်အား ဓားစာခံအဖြစ် ခေါ်သွားသည်ကို ထိုတပ်ဖွဲ့လေးနှင့်ကယ်တင်လိုက်နိုင်သည်။ ထိုတပ်ဖွဲ့လေး၏ခေါင်းဆောင် တပ်ကြပ်လေးမှာ မွန်ရည်သော သူဖြစ်သည်။ ပြီးတော့ အဖေ ကချင်၊ အမေ ဗမာမှ မွေးဖွားသည့်သူ ဖြစ်နေပြန်သည်။ ထိုနေ့က ကော့မိုင်ကို ထိုအကြပ်ကလေးက အိမ်တိုင်ရာရောက် ပြန်ပို့ပေးသည်။ ကော့မိုင် အဖေနဲ့အမေ တစ်ဦးတည်းသော သမီးလေးအတွက် အလွန်ဝမ်းသာရှာ၏။ သမီးလေးသာ သောင်းကျန်းသူနောက် ပါသွားပါက သူတို့ရင်ကျိုး၍ ဖြေမဆည်နိုင်ဖြစ်ကြပေမည်။

''သမီးလေးကို ဘေးမသီရန်မခဘဲ အိမ်ပြန်ပို့ပေးတာ ကျေးဇူးပါပဲဆရာရယ်၊ ဆွေမျိုးလို သဘောထားပါ၊ အိမ်ကိုလည်း လာပါ''

ကျေးဇူးတင်စကားဆိုရင်း ဖိတ်ခေါ်လိုက်၏။ ထိုနေ့မှစ၍ တပ်ကြပ်ကလေး ဇော်နောင်သည် ကော့မိုင်တို့အိမ်သို့ တာဝန်မှကင်းလွတ်ချိန်များ၌ မကြာခဏရောက်လာတတ်သည်။ ကော့မိုင်မိဘများအတွက်လည်း သူတတ်နိုင်သည့် နှီဆီ၊ သကြားကအစ လက်ဆောင်ပစ္စည်းလေးများယူလာတတ်သည်။ တပ်ကြပ်ဇော်နောင်သည် အသက်ငယ်သေး၍ ယောကျ်ားပီသသော ရုပ်ရည်ရှိသည်။ ဖခင်က ကချင်လူမျိုး စစ်မှုထမ်း၊ ၁၉၅၀ ပြည့်နှစ်လောက်က သူ့ဖခင်ပါဝင်သော မြန်မာ့တပ်မတော်မှ သေနတ်ကိုင်တပ်ရင်းတစ်ရင်းသည် ရွှေဘိုခရိုင်၌ တာဝန်ကျပြီး ရဲဘော်ဖြူနှင့် အလံနီများကို လိုက်လံနှိမ်နင်းရင်း သူ့ဖခင်သည် ရွှေဘို ဗမာအမျိုးသမီးနှင့်အကြောင်းပါခဲ့၏။ ဖခင်၏တပ်မှူးမှာ ဗိုလ်မှူးကြီးအယ်လ်ခွန်နောင်ဟုဆိုသည်။ သားကြီးဇော်နောင်အား ပြည်တွင်းသောင်းကျန်းမှု ဆူပူနေစဉ်ကာလ၌ မွေးဖွားခဲ့၏။ ဇော်နောင်အောက်၌ နှမငယ်တစ်ယောက်ရှိသည်။ မိမိတပ်မှူးကြီး အယ်လ်ခွန်နောင်ချစ်ခင်ပြီး သားကြီးကို မျိုးနွယ်စုအမည်နှင့်ပေါင်းစပ်ပြီး ဇော်နောင်ဟု အမည်မှည့်ခဲ့၏။ ဒုတိယအရာခံဗိုလ်အဆင့်ဖြင့် ၁၉၆၈ ခုနှစ်၊ အရှေ့မြောက်ဒေသတွင် အသူရာများထက္ကြောင်းကျန်းစဉ်ကာလက စစ်ဆင်ရေးတာဝန်ထမ်းဆောင်ရင်း ကျဆုံးခဲ့သည်။ သူမသေမီ ကျောင်းနေဆဲသားကြီး ဇော်နောင်အား အဖေ့အမွေဆက်ခံရန် မှာခဲ့သည်။ အမေ့ခွင့်ပြုချက်ဖြင့် ဖခင်ဆန္ဒဖြည့်ဆည်းရန် ဇော်နောင် တပ်ထဲဝင်ရောက်ခဲ့၏။ အထက်တန်းပင် ပြီးအောင်မတက်နိုင်ခဲ့။ ကော့မိုင်နှင့်တွေ့ကြချိန်၌ ဇော်နောင် တပ်မတော်သားဖြစ်သည်မှာ ဆယ်နှစ်နီးပါးပင်ရှိ၍ တပ်ကြပ်အဆင့်ပင် ရရှိနေချေပြီ။ မုဆိုးမအမေကို ထောက်ပံ့နေရ၍ အိမ်ထောင်ပင်မပြုနိုင်ခဲ့။ လွန်ခဲ့သည့်နှစ်က နှမအိမ် ထောင်ကျသွားပြီး အမေလည်း ကွယ်လွန်သွားခဲ့၏။ ထို့ကြောင့် ယခုအချိန်၌ ဇော်နောင်ကား တပ်မတော်သားအမိ တပ်မတော်သားအဖဖြစ်သည်။



ယခု ရွာကလေးသို့ရောက်ပြီး ကော့မိုင်နှင့်ရင်းနှီးသောအခါ ဆရာဇော်နောင်က ကော့မိုင်အား ချစ်မိသည်။ တပ်မတော်ထဲဝင်ရောက်ချိန်မှစ၍ စစ်ဆင်ရေးတာဝန်ဖြင့် တောထဲတောင်ထဲ၌သာ အချိန်ကုန်နေရသဖြင့် အချစ်အကြောင်းတစိုးတစိမှ သိခွင့်မရခဲ့သော ဆရာဇော်နောင် ယခုတော့ ကော့မိုင်ကိုတွေ့လိုက်ရသည်နှင့် သူ့ရင်တွင် တစ်ကြိမ်တစ်ခါမှ မခံစားရဘူးသေးသည့် အချစ်စိတ်များပေါ်ပေါက်လာ၏။ ထို့ကြောင့် ကော့မိုင်ကို သူ ချစ်ရေးဆိုမိသည်။

''အစ်ကိုမှာ မိဘမရှိတော့ပါဘူး ညီမရယ်၊ တပ်မတော်သာအမိ၊ တပ်မတော်သာအဖပါ၊ ညီမလေးကို အစ်ကိုမြင်မြင်ချင်း ချစ်မိပါတယ်၊ ဒါကြောင့် ညီမလေးကို အစ်ကို လက်ထပ်ပါရစေ၊ ညီမလေးရဲ့မိဘတွေကိုလည်း ညီမလေးကခွင့်ပြုရင် အစ်ကို လက်ထပ်ခွင့်တောင်းပါရစေ''

တပ်ကြပ်ဇော်နောင်သည် စစ်သားဆိုသော်လည်း အပြောအဆို မွန်ရည်သည်။

သောင်းကျန်းသူပြောက်ကျားတပ်ဖွဲ့နှင့် စစ်ကြောင်းမှ ခွဲထုတ်တပ်တစ်စိတ်တိုက်ပွဲဖြစ်သည်။ ထိုသောင်းကျန်းသူများက ကော့မိုင်နှင့်သူငယ်ချင်း အပျိုမ သုံးလေးယောက်အား ဓားစာခံအဖြစ် ခေါ်သွားသည်ကို . . .

ခမ်းမောင် ဘာမှမစဉ်းစားနိုင်တော့ပါ။

အဖေနဲ့အမေကို အကျိုးအကြောင်းပြောပြီး ရွာမှ တစ်ခါတည်းထွက်ခဲ့တော့၏။

ထိုအချိန်မှစပြီး ခမ်းမောင်တစ်ယောက် . . .

ယဉ်ကျေးသိမ်မွေ့သည်။ ရုပ်ကလည်း ယောကျ်ားပီသကာ ခုံညားသည်။ ချောမောသည်။ သဘောကျစရာကောင်းသည်။ ဆရာဇော်နောင်နှင့်စကားပြောရတာ ကော့မိုင် ရင်ခုန်သည်။ သူ့သူငယ်ချင်း ခမ်းမောင်နှင့်ကား အလွန်ကွာ၏။ ဆရာဇော်နောင်က အလွန်လည်း အလိုက်သိတတ်၏။ ထို့ကြောင့် အဖေနဲ့အမေကလည်း သဘောကျသည်။ ကချင်သွေးပါပြီး ကချင်လိုပြောတတ် ဆိုတတ်ခြင်းလည်းပါမည်ထင်ပါ၏။ ထို့ကြောင့် အားလုံး၏သဘောတူခွင့်ပြုချက်ဖြင့် တပ်ကြပ်ဇော်နောင်နှင့် ကော့မိုင်တို့ စစ်ကြောင်းမပြန်မီ တစ်ရက်အလိုၵ် တရားဝင် အကြင်လင်မယားအဖြစ်သို့ ရောက်ခဲ့သည်။ ကော့မိုင်ကို ဆရာဇော်နောင်၏ တပ်ခွဲမှူးကိုယ်တိုင် လာရောက်တောင်းရမ်းပေးခြင်းဖြစ်၏။

မင်္ဂလာဆောင်ပြီးသည်နှင့် ဆရာဇော်နောင်တို့စစ်ကြောင်း တာဝန်ပြီးဆုံးသဖြင့် တပ်ရင်းဌာနချုပ်သို့ပြန်ရသည်။ ကော့မိုင်အား တပ်ကလူကြီးများခွင့်ပြုချက်ဖြင့် တစ်ပါတည်းခေါ်သွားတော့၏။

ထိုသတင်းကိုကြားရသည်နှင့် မြို့တွင်ကျောင်းတက်နေသည့်ခမ်းမောင် ရွာကို အမြန်ပြန်လာ၏။

ကော့မိုင်မရှိတော့ပါ။ ယောကျ်ားနောက် ကောက်ကောက်ပါအောင် လိုက်သွားပါပြီ။

''မင်း သူငယ်ချင်းက ရွာမှာနေရတာကြောက်နေပြီ၊ ဒါကြောင့် မင်္ဂလာဆောင်ပြီး သူ့ယောကျ်ားတပ်ကို တစ်ခါတည်းလိုက်သွားပြီကွဲ့''

ထိုစကားကြောင့် ခမ်းမောင် ရင်ဆို့သွားသည်။

''ဩော် ကော့မိုင်က တို့ကိုပစ်ပြီး စစ်သားကိုချစ်သွားပြီပေါ့၊ လုပ်ရက်ပါပေ့ ကော့မိုင်ရယ်''

ခမ်းမောင် ဘာမှမစဉ်းစားနိုင်တော့ပါ။ အဖေနဲ့အမေကို အကျိုးအကြောင်းပြောပြီး ရွာမှ တစ်ခါတည်းထွက်ခဲ့တော့၏။

ထိုအချိန်မှစပြီးခမ်းမောင်တစ်ယောက် ရွာမှပျောက်ခြင်းမလှ ပျောက်ကွယ်သွားလေတော့သတည်း။

ပဲကြီးဆိုသော စစ်သားတစ်ယောက်

၁၉၈၂ ခုနှစ်၊ မိုးနှောင်းကာလ။

ကျွန်တော်ပါဝင်သော မကွေးတပ်ရင်း တစ်ရင်းလုံး မိုင်းယောင်းပြန့်အတွင်း အသူရာခေါ် ဗကပများနှင့် တစ်လ၊ နှစ်လအတွင်း မှာပင် ပွဲပေါင်းအတော်များများနဲ့ခဲ့ပြီးသွားသဖြင့် မြို့ပေါ်တွင် ခေတ္တပြန်လည်အနားယူနေချိန်။ ပွဲစိပ်သဖြင့် ကျွန်တော်တို့တပ်ရင်း၌ အထိအခိုက် အကျအဆုံးများလည်း အတော်အတန်ရှိခဲ့လေသည်။

''တပ်ရင်းမှူးနဲ့စစ်ကြောင်းမှူးကို ဗျူဟာမှူးရုံးက ခေါ်နေတယ်၊ ကျွန်တော်တို့ကားပါလာတယ်၊ အစ်ကိုကြီးလည်း တစ်ပါတည်းလိုက်ခဲ့ပါ''

တစ်နေ့သောနံနက်၌ ကျွန်တော့်စစ်ကြောင်းရုံး အိုင်အိုပိုလစိုးညွှန့်ရောက်ရှိလာပြီး အထက်ပါအတိုင်းလာခေါ်၏။ Stand by T.E ကားပေါ်မှ ကားခေါင်းတွင်ထိုင်နေသည့်တပ်ရင်းမှူးကြီးက . . .

''လာဗျာ စစ်ကြောင်းမှူး၊ ဗျူဟာက ခေါ်နေတယ်သွားရအောင်''

ကျွန်တော်သည် တပ်ရင်းမှူးနှင့်အတူ ကားရှေ့ခန်း၌ထိုင်ပြီး လိုက်ပါလာခဲ့၏။ ဗျူဟာရုံးရောက်သည်နှင့် မိုင်းယောင်း ဗျူဟာမှူး ဗိုလ်မှူးကြီးရွှေကြူးနှင့်တွေ့ရ၏။

''ကဲ တပ်ရင်းမှူးနဲ့စစ်ကြောင်းမှူး ခင်ဗျားတို့တပ်ရင်းကို နှစ်လလောက်နဲ့ တိုက်ပွဲတော်တော်များသွားလို့ ခဏအနားပေးမယ်၊ အဲဒီတော့ Outpost တစ်ခုသွားထိုင်ပေး၊ စခန်းထိန်းဆိုတော့ မပင်ပန်းပါဘူး၊ စခန်းခံစစ်သာ ခိုင်မာအောင်ပြင်ဆင်ထားပါ၊ ဘာမှစိုးရိမ်စရာမရှိပါဘူး''

''ဘယ်သွားရမှာလဲ ခင်ဗျာ''

''ကော်ဟိုလွယ်ထင်းရှူးတောင်ကို''

ကော်ဟိုလွယ်ထင်းရှူးတောင်မှာ မိုင်းယောင်းအရှေ့မြောက်ဘက် မိုင် ၂၀ ခန့် ဝေးသည့် မိုင်းယုရွာကလေးနှင့် မလှမ်းမကမ်းမှာရှိသည်။ ကော်ဟိုလွယ်က မိုင်းယု၏ အနောက်၊ ထင်းရှူးတောင်က မိုင်းယု၏ အရှေ့ဘက်၊ အလွန်ခေါင်လှသော လူမနီးသူမနီးနေရာများဖြစ်၏။

''ဘယ်တော့သွားရမှာလဲခင်ဗျာ''

''အသင့်ဖြစ်ရင်တော့ နက်ဖြန်သွားပေတော့၊ ဟိုမှာ သတ်မှတ်ကာလပြည့်သွားတဲ့ မင်းလုက ဗိုလ်မှူးကြီးမြင့်သူတို့ရှိတယ်၊ လဲ ပေးလိုက်ပါ''

''ဘယ်လိုတပ်ဖြန့်ခွဲရမှာလဲ ခင်ဗျာ''

''တပ်ရင်းမှူးနဲ့ စစ်ကြောင်း(၁)က ကော်ဟိုလွယ်၊ စစ်ကြောင်း(၂)က ထင်းရှူးတောင်လေ''

''ဟုတ်ကဲ့ပါခင်ဗျာ''

''ဘာမေးစရာရှိလဲ၊ ဘာတင်ပြစရာရှိလဲ''

''မရှိပါဘူးခင်ဗျာ''

''အဲဒါဆိုရင် နက်ဖြန်မနက် ထွက်ပေတော့၊ ထွက်ချိန် သတင်းပို့တာတော့ စက်ကပဲ ပို့လိုက်ပါ''

''ဟုတ်ကဲ့ပါခင်ဗျာ''

မိုင်းယောင်းဗျူဟာရုံးမှ အမိန့်နာခံပြီးပြန်ခဲ့ကြ၏။ ခရီးထွက်ရပေဦးတော့မည်။ စခန်းထိုင်တဲ့။

+ + + + + +

မိုင်းယောင်းမှ မိုင်းယုထိ မိုင် ၂၀ ခန့် ခရီးစဉ်တစ်လျှောက်လုံး ကျွန်တော်၏ စစ်ကြောင်း(၂)က ပို့ပြီးသွားရ၏။ ကျွန်တော်၏ စစ်ကြောင်းတွင် တပ်ခွဲနှစ်ခွဲပါသည်။ တပ်ခွဲမှူးများမှာ အလုပ်သင်(၂)ကျောင်းဆင်းဗိုလ်ကြီး သန်းဝင်းနှင့်ဗိုလ်ကြီး ဌေး

တစ်ရက်တွင် ကျွန်တော့်စခန်းမှ တပ်ကြပ်ကြီးတစ်ဦး ရေချိုးဆပ်သွားရင်းနှင့် ကာဘိုင်တစ်လက် ပျောက်ဆုံးသွားခဲ့၏။ ထိုကိစ္စနှင့်ပတ်သက်ပြီး ပတ်ဝန်းကျင်ကျေးရွာများမှ လူကြီးများကို စခန်းသို့ခေါ်ယူ၍ . . .

လွင်တို့ဖြစ်ကြသည်။ ဗိုလ်ကြီးဌေးလွင်က လူကောင်ကြီးကြီး ဗိုလ်ကြီးသန်းဝင်းက လူကောင်သေးသေး၊ သို့ရာတွင် ဗိုလ်ကြီးသန်းဝင်းက စကားနည်းပြီး ပို၍စေ့စပ်တည်ငြိမ်လေသည်။

''ဒီကနေပြီး ခရီးတစ်ဝက် ဝမ်ကျိုင်းဆုံရပ်ထိ ကိုဌေးလွင်သွားကွာ၊ ဟိုဘက်ကို တော့ ကိုသန်းဝင်းကို လဲပေးလိုက်ပါ''

မိုင်းယောင်းမှ ဝမ်ကျိုင်းထိကား သိပ်မစိုးရိမ်လှပါ။ ဟိုဘက်မှာကား စိုးရိမ်ရသည်ဟု သတင်းစကားကြားထားရ၏။ ကျွန်တော်သည် မိုင်းယု–ကော်ဟိုလွယ်ကို တစ်ခါမှ မရောက်ဖူးသေးပါ။ သံလွင်အရှေ့ခြမ်း၌ နာမည်ကြီးနေရာများဖြစ်ပါသည်။ ထို့ကြောင့် စိုးရိမ်ရသည့်နေရာများ၌ ဗိုလ်ကြီးသန်းဝင်းကို တာဝန်ပေးလိုက်၏။ တာဝန်ပေးတာမှန်သွားသည်။ ဝမ်ကျိုင်းဆုံရပ်ကျော်၍ ဟိုခိုဘုရားကုန်းရောက်သည် ဆိုလျှင်ပင် အသူရာတို့နှင့် စတွေ့ရသည်။ ဗိုလ်ကြီးသန်းဝင်းတပ်ခွဲက ရှမ်းစကားကျွမ်းကျင်သူများပါလာသည့်အပြင် သတင်းဖော်ထုတ်ခြင်း၊ အနက်ကောက်ခြင်းကောင်း၍ ဟိုခိုဘုရားကုန်းမှ ကျွန်တော်တို့အား စောင့်ပစ်ရန်ကြံနေသည့် အသူရာတပ်ဖွဲ့အား တက်ရှင်းလိုက်နိုင်သည်။

စက်လက်တွေ၊ ဘာတွေ ဖိပစ်လိုက်သောအခါ အသူရာများ အရှေ့ဘက်တောင်ကုန်းများပေါ်သို့ တက်ပြေးကုန်ကြသည်။ မနေနိုင်မထိုင်နိုင် ကျွန်တော့်စစ်ကြောင်းရုံးက ၆၀ မီလီမီတာ စိန်ပြောင်း သုံးလေးလုံး ပစ်ကူပေးလိုက်သေးသည်။

''ဘယ်လိုလဲ ကိုသန်းဝင်း၊ အခြေအနေ''

''ကျွန်တော့်တပ်ခွဲရုံးက ပဲကြီးဆိုတဲ့ရဲဘော်က ရှမ်းစကားကျွမ်းတယ်အစ်ကိုကြီး၊ ဝမ်ကျိုင်းမှာ တောင်ယာလယ်သမားတွေတွေ့လို့ သတင်းထောက်လာတာ ရန်သူသတင်းကြိုရလိုက်တယ်၊ ကံကောင်းလို့ ဟိုခိုက တပ်တွေကွဲနေကျ၊ တပ်မ ကွန်မန်ဒိုတွေတောင် ခံသွားရတာ''

''သြော်''

သူပြောသည့် ရှမ်းစကားတတ်သော ပဲကြီးဆိုသည့်ရဲဘော်ကို ကျွန်တော်မသိပါ။ စိတ်လည်း မဝင်စားမိပါ။ စက်လက်ကိုင်သည့် ခွဲရုံးကရဲဘော်ဟုဆိုပါသည်။

ထိုနေ့ညမှမိုင်းယုရွာကလေးသို့ရောက်သည်။ ခဏနား၍ တောင်ပေါ်ဆက်တက်ရသည်။ ညသန်းခေါင်မှ ထင်ရှူးတောင်ထိပ်က စခန်းရောက်တော့၏။

ထင်ရှူးတောင်စခန်းမှာ အမြင့်ပေ ၄၀၀၀ ကျော် ၅၀၀၀ နီးပါးရှိ၍ ရွာများနှင့် အလှမ်းဝေးသည်။ တောင်ခြေမှတောင်ပေါ် စခန်းအထိလည်း တစ်နာရီနီးပါးတက်ရ၏။ သိပ်မချောင်ပါ။ ရေလည်းရှားသည်။ ရေဆိပ်သို့ ၁၅ မိနစ်ခန့်ဆင်းမှရောက်သည်။ အတက်ဆို နာရီဝက်ခန့်ပြန်တက်ရ၏။ စားစရာရှား ရေရှားအားလုံးရှားသည့်စခန်းဖြစ်၏။ တစ်ခုပဲပေါသည်။ ကျွန်တော်တို့ရိက္ခာများကို ကပ်ရပ်ခိုးဖွက်စားသုံးနေသည့် ကြွက်ဝမ်းဖြူများသာတည်း။

ဘာအသီးအရွက်နှင့်အသားမှ စားစရာမရှိ၍ ရွာများကို လှမ်းမှာရသည်။ ဈေးလာရောင်းသည့်ရွာသူရွာသားများက ဗမာစကားမတတ်သဖြင့် ကျွန်တော်တို့ဆီက ရှမ်းစကားတတ်သည့်စစ်သည်များနှင့် ရှမ်းလို ပြောခိုင်းရသည်။ ကိုသန်းဝင်းတပ်ခွဲက ရှမ်းစကားတတ်သည့်ပဲကြီးက ဤဇာတ်လမ်းတွင် ဇာတ်လိုက်ဖြစ်နေ၏။ အသားရိက္ခာသွားဝယ်လည်းပဲကြီး၊ ရန်သူ့သတင်းမေးလည်း ပဲကြီး၊ စကားပြန်လုပ်ခိုင်းရင်လည်း ပဲကြီးနှင့် နေရာတကာ ပဲကြီး ပဲကြီးနှင့်ဖြစ်နေ၏။

တစ်ရက်တွင် ကျွန်တော့်စခန်းမှ တပ်ကြပ်ကြီးတစ်ဦး ရေချိုးဆပ်သွားရင်းနှင့် ကာဘိုင်တစ်လက် ပျောက်ဆုံးသွားခဲ့၏။ ထိုကိစ္စနှင့်ပတ်သက်ပြီး ပတ်ဝန်းကျင်ကျေးရွာများမှ လူကြီးများကို စခန်းသို့ခေါ်ယူ၍ သတင်းစုံစမ်းပေးရန် အကူအညီတောင်းရတော့၏။ ကျွန်တော်တို့က ရှမ်းစကားမတတ်၊ သူတို့ကလည်း ဗမာစကားမတတ်သဖြင့် ပဲကြီးကိုပင် ရှမ်းလိုရှင်းပြခိုင်းရ၏။

ပဲကြီးသည် တကယ့်ရှမ်းအစစ်အသံဖြင့် ရှမ်းစကားကို လည်လည်ဝယ်ဝယ်ပြောနိုင်ပေသည်။ ထို့ကြောင့် ကျွန်တော်ပြောခိုင်းတာအားလုံး သူပြောလိုက်နိုင်၏။ အားလုံး ဝိုင်းအကူအညီပေးကြသဖြင့် ပျောက်ဆုံးသွားသော တပ်ကြပ်ကြီး၏ ကာဘိုင်ကို ရက်အနည်းငယ်အတွင်းမှာပင် ပြန်လည်ရှာဖွေတွေ့ရှိလေသည်။

ထိုကိစ္စအတွက် စကားပြန်ပဲကြီးနှင့် ထင်ရှူးတောင်အနီးမှ ကျေးရွာလူကြီးများကို ကျေးဇူးတင်မိ၏။ လက်ဆောင်အဖြစ် ဆားနှင့်ဆေးဝါးများကို ပို့ပေးလိုက်၏။ ထင်ရှူးတောင်မှာ နှစ်လခန့်သာနေခဲ့ရပြီး မိုင်းယောင်းသို့ပြန်ခဲ့သည်။

မိုင်းယောင်း၌ နောက်ထပ် လေးငါးခြောက်လခန့်ထပ်နေရသည်။ ဗိုလ်ကြီးသန်းဝင်းတပ်ခွဲနှင့်မကြာခဏတွဲရသည်။ ထိုအခါသူ့တပည့်ပဲကြီးကို မကြာခဏခေါ်သုံးရသည်။ စိတ်မဝင်စားမဖြစ်၍ သူ့တပည့်ပဲကြီးကို စိတ်ဝင်စားရတော့၏။ လူကတော့ အရပ်မြင့်မြင့်၊ ဝဝတုတ်တုတ်၊ အသားမဲမဲသွားကျဲကျဲ၊ မျက်လုံးပြူးပြူး နှာခေါင်းချွန်ချွန်မို့ ကုလားနှင့်ပင်တူကြောင်း ကုလားဟုသာထင်ထား၏။ သာမန်အချိန်ဆို လူက မှုံကုပ်ကုပ်၊ စကားလည်း အလွန်နည်း၏။ မိုင်းယောင်းမှ ပြန်မဆင်းမီတစ်ရက် ဗိုလ်ကြီးသန်းဝင်း တပ်ခွဲရုံး၌ ထမင်းအတူစားရင်း ရောက်တက်ရာရာပြောဖြစ်ရာ ဤကဲ့သို့ စစ်ဆင်ရေးတာဝန်ထမ်းဆောင်ရသည့် ဒေသများ၌ ဒေသခံတိုင်းရင်းသားများ၏ စကား တက်ကျွမ်းပါက အလွန်တစ်ပန်းသာသည့်အကြောင်းကို ပြောဖြစ်၏။

ကျွန်တော်က မိမိအရာရှိငယ်ဘဝ

ကရင်ပြည်နယ်မှာနေခဲ့ရစဉ်က ကရင်စကား တတ်သောကြောင့် လှည်းသမားဟန် ဆောင်၍ ကရင်လိုသတင်းမေး၍ ရသည့် သတင်းကိုအကြောင်းပြုပြီးရန်သူအကောက် စခန်းတစ်ခုကိုသွားရှင်းရာ လူတစ်ယောက် နှင့် ခေါက်ကာတိုင်တစ်လက်ရခဲ့ဖူးကြောင်း ပြောပြဖြစ်၏။

ဗိုလ်ကြီးသန်းဝင်းကလည်း လွန်ခဲ့ သည့် နှစ်နှစ်သုံးနှစ်က သူ့တပည့်ကြီးပဲကြီး က ရှမ်းစကားကျွမ်းသဖြင့် ပဲကြီးကို သတင်းဖော်ထုတ်ခိုင်းရာ ပဲကြီးရသည့် သတင်းအရ မိုင်းယန်းမြောက်ဘက် ဟိုတောင်မိုင်းဖျန်ဘက် တက်ရှင်းရာ သေနတ် လေးငါးလက်ရခဲ့ဖူးကြောင်းပြော၏။

''နေပါအုံးကိုသန်းဝင်းရဲ့၊ ကိုယ့်ညီ တပည့် ပဲကြီးက ရှမ်းစကားသိပ်ကျွမ်းတာ ဘယ်ကသင်လာတာလဲ''

''အရင်ကတည်းက တတ်တာလေ''

''ဒီလောက်ကျွမ်းရအောင် ဘယ်သူ သင်ပေးတာလဲ''

''သူ့အဖေအမေက သင်ပေးတာပေါ့ အစ်ကိုကြီးရဲ့၊ သူက ရှမ်းပဲဥစ္စာ''

''ဟော–မသိပါဘူးကွာ၊ မောင်ရင့် တပည့်က ရှမ်းသာပြောတာ အသားမဲမဲ၊ သွားကျဲကျဲနဲ့ဆိုတော့ ကိုယ်က ကုလားတောင် အောက်မေ့နေတာကွ၊ လက်စ သတ်တော့ ရှမ်းဧချိတ်ပါလားကွ၊ ဟား– ဟား–––ဟား''

ဩော် ပဲကြီးက ရှမ်းဧချိတ်ကိုး။

ဤသည်မှာ မကွေးတပ်ရင်းမှ ကျွန်တော်သိသော ရှမ်းစကားတတ်သည့် အသားမဲမဲသွားကျဲကျဲနှင့် စစ်သည်တစ် ယောက် အကြောင်းပါခင်ဗျား။

+ + + + + +

ဘော်လီဘောကောင်းသည့်မိန်းကလေး

ထိုအခေါက်က ကျွန်တော်လည်း ဗိုလ် မှူးဖြစ် တပ်ရင်းမှူးကြီးလည်း ဒုတိယ ဗိုလ် မှူးကြီးဖြစ်ရာ တပ်ပြန်အရောက်၌ စားပွဲ သောက်ပွဲကြီးကျင်းပဖြစ်၏။ သင်္ကြန်မတိုင်မီ နေ့ရက်များ၌ တပ်ခွဲလိုက် အားကစားပြိုင်ပွဲ များ ဦးမှဦးမှသဲကျင်းပ၏။

တပ်ရင်းမှူးကြီးမှာ ပြေးခုန်ပစ်မြန်မာ့ လက်ရွေးစင်ဖြစ်ခဲ့သည်။ ငယ်စဉ်က ရေတပ်သားလည်းဖြစ်ခဲ့ဖူးရာ ရေတပ်မှ အဏ္ဏဝါမောင်ဘွဲ့ရခဲ့ဖူးသည်။ ထို့ကြောင့် အားကစားကိုအလွန်အားပေး၏။ ဘောလုံး ကန်လည်းကောင်းသည်။ ဘော်လီဘော တွင် ရန်ကုန်တိုင်းလက်ရွေးစင်ဖြစ်ခဲ့ဖူးသူပို့ ဘော်လီဘောနှင့်ဘောလုံးကိုလည်း အထူး အားပေးသည်။ ကျွန်တော်တို့လင်မယားက လည်း ကြက်တောင်သူရဲ၊ ဘော်လီဘော သူရဲ၊ ဘောလုံးသူရဲများဖြစ်ရာ ထိုတပ်ခွဲ လိုက်ပြိုင်ပွဲများ၌ ကျွန်တော်၏တပ်ခွဲ(၁)နှင့် တပ်ရင်းမှူးကြီး၏ ဌာနချုပ်တပ်ခွဲတို့ မကြာ ခဏထိပ်တိုက်တိုး၏။ ကျွန်တော်ကလည်း ဘာပြိုင်ပြိုင် ကိုယ်နိုင်မှ ကျေနပ်သူ။



ထိုအခေါက်က အမျိုးသမီးဘော်လီ ဘောပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် ကျွန် တော့်အသင်းက မအေးမြင့်ဆိုသူလေးက ပုသော်လည်း အခုန်အပုံ၊ အဆယ်အမ အလွန်ကောင်းလှ၏။ အလစ်အငိုက်၌ အရိုက်လည်းရ၏။ သူမက ပုပုဝဝမဲမဲ၊ ဌာန ချုပ်တပ်ခွဲသင်းမှ အသားဖြူဖြူ အရပ်မြင့် မြင့်နှင့်မကျင်မြဆိုသည့်မိန်းကလေးကလည်း အထာင်အခုတ် အလွန်ကောင်းလေသည်။ သို့ရာတွင် သူခုတ်သမျှ ကျွန်တော့်ခွဲ(၁) အသင်းမှ မအေးမြင့်တို့က ဆယ်နိုင်၊ မ,နိုင် ၏။ နိဂုံးချုပ် ကျွန်တော်ခွဲ(၁)က ဌာနချုပ် အား ၃ ပွဲ ၂ ပွဲဖြင့် Best of Five တွင် အနိုင်ရလိုက်သည်။ သို့ရာတွင် ဟိုဘက်က မကျင်မြကြောင့် ခွဲ(၁)တစ်သင်းလုံး လျှာ ထွက်အောင်တော့ ကစားလိုက်ရ၏။

ပွဲပြီး၍ အကောင်းဆုံးဆုကိုပေးတော့ ကျွန်တော့်တပ်ခွဲမှ မအေးမြင့်ကမရဘဲ ဌာန ချုပ်မှ မကျင်မြက ရသွားသည်။ အကဲဖြတ် အဖွဲ့၏အဆုံးအဖြတ်ကတော့ မကျင်မြက တည်ငြိမ်သည်။ အသင်းကိုဦးဆောင်နိုင် သည်။ မအေးမြင့်က ပျာသည်။ မကျင်မြ လောက် မတည်ငြိမ်။ ထို့ကြောင့် မကျင်မြ ကို Best Player ပေးလိုက်သည်ဟု ဆို သည်။

ဇနီးသည်မေက သိပ်မကျေနပ်။ သူ့ အသင်းမှ မအေးမြင့် Best Player ဆုမရ ၍ ပွစိပွစိလုပ်နေသည်။ မအေးမြင့်က မကွေးတိုင်းအတွက်တောင် ပဏာမအရွေး ခံထားရပြီဟုလည်း ပြောသေးသည်။

''ထားလိုက်စမ်းပါ၊ အကဲဖြတ်အဖွဲ့ သဘောပါ၊ ဌာနချုပ်က လူကိုပေးတာ ပို သဘောဝကျပါတယ်''ဟု ကျွန်တော်က ပြောသောအခါ မေက ငြိမ်သွား၏။ သို့ရာ တွင် ကျွန်တော်ထပ်ပြောသည့် စကား ကြောင့် မေက ဟင်ခနဲ နှာခေါင်းရှုံ့သွား၏။

''မင်း မအေးမြင့်က မဲတဲတဲ၊ ပုတုတု၊ ကွတတလေးကွ၊ ဟိုဘက်က မကျင်မြက

မသိပါဘူးကွာ၊ မောင်ရင့်တပည့်က ရှမ်းသာပြောတာ အသားမဲမဲ၊ သွားကျဲကျဲနဲ့ဆိုတော့
ကိုယ်က ကုလားတောင် အောက်မေ့နေတာကွ၊
လက်စသတ်တော့ ရှမ်းဧချိတ်ပါလားကွ . . .

တော့ အသားဖြူဖြူချောချောလေး တို့အကဲဖြတ်အဖွဲ့က ရုပ်ဆိုးရင် သဘောမကျဘူး'' ဟူ၍ဖြစ်ပါသည်။ ကျွန်တော်က မေ့ကို စလိုက်ခြင်းသာဖြစ်၏။ အမှန်ပင် မကျင်မြလေးက အခုတ်အရိုက်၊ အခုန်အပျံ့ မအေးမြင့်ထက် သာပါသည်။ ရုပ်ကလည်း အများကြီး ပိုလှသည်။

မကျင်မြသည် အရပ်မြင့်မြင့်အသားဖြူဖြူနှင့်အလွန်ကြည့်ကောင်းလေသည်။ ကျစ်လစ်သွယ်လျသော ကိုယ်လုံးကြောင့် ဘော်လီဘောအားကစားနှင့်လည်း လိုက်ဖက်ပေသည်။

''နေပါအုံး၊ ဒီ Best Player မလေးက အရင်က ဌာနချုပ်အသင်းမှာမတွေ့ဖူးပါဘူး၊ အပျိုလား၊ ဘယ်သူ့သမီးလဲ''

''ဘယ်တွေ့ဖူးမှာလဲ၊ အရင်လက်နက်ကြီးတပ်ခွဲကလေ၊ သူ့အမျိုးသားက လက်နက်ကြီးတပ်ခွဲက တက်ကြပ်ကြီးဇော်နောင်၊ ဒီအပတ်မှ Promotion နဲ့ ဌာနချုပ်ကို ပြောင်းသွားတာ၊ သူ့ယောကျ်ားလည်း အားကစားတော်တာ All Round ပဲ၊ ဘော်လီဘော၊ ဘောလုံး၊ သေနတ်ပစ်၊ အားလုံးရတယ်၊ အဲဒါကြောင့် တပ်ရင်းမှူးကြီးက ဌာနချုပ်ခေါ်လိုက်တာ''

''ဩော် သူက ဆရာဇော်နောင့်ဇနီးကိုး''

မကြာမီ မကွေးတပ်နယ် အမျိုးသမီးဘော်လီဘောပြိုင်ပွဲအတွက် တပ်ရင်းမှူးကြီးက မေ့အား အသင်းအုပ်ချုပ်သူအဖြစ် တာဝန်ပေး၏။ မအေးမြင့်တို့၊ မကျင်မြတို့ မိမိခင်တို့ ရှေ့ဆုံးကပါကြသည်။ ထိုအခါ မေနှင့်မကျင်မြ ပိုမို၍ ရင်းနှီးလာ၏။

''မကျင်မြက တပ်ထဲရောက်မှ သူ့ယောကျ်ားကသင်ပေးလို့ ဘော်လီဘောကစားတတ်တာတဲ့ ကိုရဲ့၊ သူကောင်းတာ gifted ပဲ''ဟုဆို၏။

မေ့ကြောင့် တပ်ရင်းလက်ရွေးစင် အမျိုးသမီးဘော်လီဘောအသင်းနှင့် ကျွန်တော် ရင်းနှီးရလေတော့သည်။ မေက ငယ်စဉ်က အားကစားဝါသနာပါပြီး ပဲခူးတိုင်း ကျောင်းသားလက်ရွေးစင်ဖြစ်ခဲ့ဖူးသူမို့ ယခုတပ်ရင်း အမျိုးသမီးဘော်လီဘော အသင်းအား တာဝန်ယူရတော့ အားသွန်ခိုက်စိုက် ကြိုးစားသည်။ သူ့အသင်းကို လေ့ကျင့်ရေးကွင်းပုံမှန်ဆင်းစေ၏။ အသင်းသူများနှင့် မကွေးမြသလွန်ဘုရား မကြာခဏသွားသည်။ ရုပ်ရှင်အတူကြည့်သည်။ စုပြီးထမင်းချက်စားသည်။ လက်ဖက်ရည်သောက်သည်။ ပုဂံသို့ ဘုရားဖူးသွားသည်။ ဤသို့ဖြင့် မကျင်မြလေး အပါအဝင် တစ်သင်းလုံးနှင့် ရင်းနှီးသွားတော့၏။ ဘော်လီဘောကောင်း၍ အသားဖြူဖြူနှင့် ရုပ်ချောသော မကျင်မြလေးအား ကျွန်တော်သတိထားမိသည်။ မကျင်မြ၊ မအေးမြင့်၊ မမိမိခင်တို့ကား အကောင်းဆုံးသုံးယောက်မို့ သူ



တို့ကိုတော့ ကျွန်တော့် ကောင်းကောင်းမှတ်မိနေ၏။ ထိုနှစ်က တပ်နယ်ဒိုင်းကို သူတို့သုံးယောက်ကောင်းလွန်း၍ ရခဲ့ခြင်းပါပေ။

ဤကား တပ်ရင်းဘော်လီဘောအသင်းမှ မကျင်မြအမည်ရ အမျိုးသမီးလေး အကြောင်းပါခင်ဗျား။

+ + + + + +

မကျင်မြအကြောင်း ဆက်ရန်ရှိပါသေးသည်။

၁၉၈၃ ခုနှစ်၊ မေလတွင် တပ်ရင်းမှူးသင်တန်း ကျွန်တော်သွားတက်လိုက်ရသည်။ စစ်ဆင်ရေးတစ်ပတ်လွတ်သွား၏။ အောက်တိုဘာ သီတင်းကျွတ်၌ တပ်ပြန်ရောက်သည်။ ကျွန်တော် တပ်ပြန်ရောက်ပြီး တစ်ပတ်အတွင်း ရှေ့တန်းမှ တပ်ရင်းပြန်ဝင်လာသည်။

ဒီတစ်ခေါက် ရှေ့တန်းမှာ ကျွန်တော် တို့တပ် မိုင်းယန်းဘက်ကိုတက်ရသည်။ မိုင်းယန်းမှ ဟိုတောင်း၊ မိုင်းဖျန်ဘက် ထိုးဖောက်ရရာ ထိုဒေသ၌ အသူရာဗဟိုမှ ဘိန်းချက်စခန်းများရှိနေသဖြင့် အသူရာတို့၏ ဘိန်းချက်လုပ်ငန်းကို အကာအကွယ်ပေးနေသည့် တပ်ဖွဲ့များနှင့်တွေ့ဆုံ၍ ပြင်းထန်စွာ တိုက်ပွဲဖြစ်ပွားလေတော့သည်။ အသူရာတို့၏ ကျိုင်းတုံမြောက်ပိုင်းခရိုင်များရှိ တပ်ဖွဲ့များက မိုင်းပုကြိုးခွင်ရှိ ၉၂၇ လားဟူတပ်ပေါင်းစုနှင့်ဆက်ကာ ဘိန်းများကို တောင်ဘက် ထိုင်း-မြန်မာနယ်စပ်သို့ သယ်ယူပို့ဆောင်ကြသည်။ အဆင်းလမ်းကြောင်းအဖြစ် မိုင်းခတ်အနောက်ခြမ်း မိုးညှင်းခွင်ကိုဖြတ်သည်။ တပ်မ ၆၈ လက်အောက်ခံ အသူရာတပ်ရင်း ဝ၈၆၊ ဝ၈၇၊ ဝ၈၉ တို့က အကာအကွယ်ပေးကြသည်။ တပ်မ ၆၈ နည်းတူ တပ်မ ၄၈ လည်း ပန်ယန်း၊ ပန်းဆန်းမှ ဗဟိုပိုင်ဘိန်းများကိုစုဆောင်းပြီး ထိုင်း-မြန်မာနယ်စပ်သို့ဆင်း

ကျွန်တော်တို့တပ် မိုင်းယန်းဘက်ကို တက်ရသည်။ မိုင်းယန်းမှ ဟိုတောင်း၊ မိုင်းဖျန်ဘက် ထိုးဖောက်ရရာ ထိုဒေသ၌ အသူရာဗဟိုမှ ဘိန်းချက်စခန်းများရှိနေသဖြင့် အသူရာတို့၏ ဘိန်းချက်လုပ်ငန်းကို အကာအကွယ်ပေးနေသည့် တပ်ဖွဲ့များနှင့်တွေ့ဆုံ၍ ပြင်းထန်စွာတိုက်ပွဲဖြစ်ပွားလေတော့သည်။

ရေတန်းမှ တပ်ရင်းပြန်ဝင်လာတော့ ဆရာကြီးဇော်နောင် ပါမလာတော့။ ရေတန်းမှာပင် သင်္ဂြိုလ်ခဲ့ပြီးပြီ။ မကျင်မြအား သူ့ယောကျ်ားကျဆုံးသွားကြောင်း အသိပေးထားပြီးဖြစ်၏။

၍ ဘိန်းအရောင်းအဝယ် အကြီးအကျယ် လုပ်သည်။ ဤသည်ကို ကျွန်တော်တို့ တပ်ရင်းက ရှင်းလင်းတိုက်ခိုက်ရသည့် ဘိန်းစစ်ဆင်ရေးပါပေ။

ထိုဘိန်းသယ်အဖွဲ့များနှင့် မိုးညှင်းခွင် တွင်ဖြစ်ပွားခဲ့သော တိုက်ပွဲများတွင် ကျွန်တော်တို့တပ်ရင်းမှ အကျအဆုံးရှိခဲ့သည်။ ရန်သူ၏နင်းမိုင်းကြောင့် စစ်ကြောင်း (၂)ရုံး အဖွဲ့မှ ရဲဘော်တစ်ဦး B.E စစ်သည် တစ်ဦးနှင့် တပ်ခွဲတပ်ကြပ်ကြီးဇော်နောင် ကျဆုံးခဲ့သည်။

ရေတန်းမှ တပ်ရင်းပြန်ဝင်လာတော့ ဆရာကြီးဇော်နောင်ပါမလာတော့။ ရေတန်းမှာပင် သင်္ဂြိုလ်ခဲ့ပြီးပြီ။ မကျင်မြအား သူ့ယောကျ်ားကျဆုံးသွားကြောင်း အသိပေးထားပြီးဖြစ်၏။

တာဝန်ရှိသူများကလည်း မကျင်မြနှင့် ကလေးနှစ်ဦးကို တပ်၌ ကြိုက်သလောက် နေပါရန် ခွင့်ပြုထားသည်။

''မကျင်မြ ရွာပြန်ချင်သလား၊ ဘာ လုပ်ချင်လဲပြောပါ''



တပ်က တာဝန်ရှိသူများကပြောသည်။

''ကျွန်မ ရွာပြန်ရအောင်လည်း အဖေ နဲ့အမေက ဆုံးသွားကြပြီ၊ ဆွေမျိုးတွေရှိပေမယ့် ရွာကထွက်လာတာကလည်း ခုနစ်နှစ်လောက်ရှိသွားလို့ မပြန်ချင်တော့ပါဘူး''

''ဒါဆို ဘာလုပ်မလဲ''

''မသိသေးပါဘူးဗိုလ်ကြီး၊ ဆရာကြီး တို့ရယ်၊ ကျွန်မ စဉ်းစားပါရစေအုံး''

''ရပါတယ်၊ ရပါတယ်မကျင်မြ၊ ဒီမှာ ကြိုက်သလောက်နေပါ၊ လုပ်ချင်တာ ရှိရင် ပြောပါ''

လောလောဆယ် ဒီတပ်ရဲ့အရိပ်ကို ခိုလှုံပြီးနေခြင်းကလွဲ၍ မကျင်မြမှာ ရွေးချယ် စရာဘာမှမရှိသေးပါ။အဆင်ပြေသလောက် ဒီမှာနေရပါဦးမည်။

+ + + + + +

မျှော်လင့်မထားသောမင်္ဂလာဆောင်တစ်ခု

''အစ်ကိုကြီး၊ နက်ဖြန်စနေနေ့ ကျွန်တော့်တပ်ခွဲ့ မင်္ဂလာဆောင်ကို ကြွရောက် ချီးမြှင့်ပေးပါအုံး''

''ဘယ်သူ့မင်္ဂလာဆောင်လဲ''

''ပဲကြီးလေ''

ဖိတ်စာလေးကမ်း၍ ဗိုလ်ကြီးသန်း ဝင်းက ပြောသည်။

ယခုအပတ်စစ်ဆင်ရေးမလိုက်ရတော့။ တပ်ရေးဗိုလ်ကြီးတာဝန်လွှဲယူရမည်။ တာ ဝန်မလွှဲမီ သူ့တပည့်အား မင်္ဂလာဆောင် ပေးရန် စီစဉ်နေခြင်းပါပေ။ ပြီးခဲ့သည့် Promotion Board ၌ ပဲကြီးအား ဒုတိယ တပ်ကြပ်ရာထူး တိုးပေးခဲ့ပြီးပြီဟုလည်း ဆိုသည်။

''ဟ-ပဲကြီး မတုန်မလှုပ် မှုန်ကုပ်ကုပ် နဲ့ တယ်ဟုတ်ပါလား၊ ရည်းစားရှိတယ် လည်း မကြားမိပါလား၊ မင်္ဂလာဆောင်မှာ ဘယ်သူနဲ့လဲ''

''မကျင်မြနဲ့လေ''

''ဟေ-ပြီးခဲ့တဲ့အပတ်တုန်းက တိုက်ပွဲ ကျခဲ့တဲ့ဆရာကြီးဇော်နောင်အမျိုးသမီးလေး လား''

ဟုတ်ပါတယ်''

''ဟ ကလေးနှစ်ယောက်နဲ့မဟုတ်လား''

''ဟုတ်ပါတယ်''

''ဘယ်ကနေပြီး ဘယ်လိုဖြစ်တာလဲ''

''ဒီလိုအစ်ကိုကြီးရဲ့၊ ပဲကြီးနဲ့မကျင်မြက အခုမှတွေ့ကြတာမဟုတ်ဘူး၊ တစ်ရွာတည်း သား ငယ်သူငယ်ချင်းတွေ၊ အခု မကျင်မြ ယောကျ်ားဆုံးသွားပြီး ကလေးနှစ်ယောက်နဲ့ ခုလိုဖြစ်နေတာကို ပဲကြီးက စောင့်ရှောက် လိုက်တာပေါ့အစ်ကိုကြီးရာ''

''ဩော်''

ဒုတိယတပ်ကြပ်စင်မောင်ဝင်း
နှင့်
မစကာ့မိုင်
တို့၏
ထိမ်းမြားမင်္ဂလာဆောင်ဖိတ်ကြားလွှာ

''ဩော်၊ ပဲကြီးနာမည်က ခင်မောင်ဝင်းတဲ့လား၊ သတို့သမီးနာမည်က ကော့မိုင်ဆို၊ မကျင်မြမဟုတ်ပါလား''

''မကျင်မြနာမည်က အရင်က ကော့မိုင်လေ''

''ဩော်-ဒါဆို ဇာတ်က သိပ်စိတ်ဝင်စားစရာကောင်းတဲ့ဇာတ်ဆန်းပဲ၊ ကဲ ကို သန်းဝင်း တပည့်သတို့သားကြီးကို ခေါ်စမ်းပါ၊ မေးစရာလေးတွေမေးရအောင်''

ကျွန်တော်က အတော်စိတ်ဝင်စားလာသည်။

''ကဲ-ပဲကြီးရေ၊ မင်းဇာတ်ကြောင်းလေး ပြန်ပြောင်းပြောစမ်းပါအုံးကွာ၊ ဘယ်ကနေ ဘယ်လိုဖြစ်ရတာလဲ''

ပဲကြီးခေါ် ခင်မောင်ဝင်းက သူ၏

ရွာပြန်လို့တော့မဖြစ်ပါဘူးဟာ၊ ငါ့ အဖေနဲ့အမေက ဆုံးပြီ၊
ငါသွားပြီး သိပ်မကြာဘူး၊ ရွာမှာ အဖေနဲ့အမေ နင်နဲ့တွေ့ပြီးတဲ့နောက်
ငါ့ကြောင့် အသတ်ခံရတယ်လေ၊ နင်မသိဘူးလား . . .

ဇာတ်ကြောင်းကိုပြန်ပြောင်းပြောပြသည်ကား ယခုဝတ္ထုအစပိုင်းတွင်ဖော်ပြခဲ့သည့်အတိုင်း ဖြစ်ပါသည်ခင်ဗျား။

+ + + + + +

''နေပါအုံးကွပဲကြီးရ၊ မင်းကကျောင်းထွက်ပြီး ဘာလုပ်သလဲ''

''ကျွန်တော့်မစောင့်ဘဲ ကော့မိုင်က စစ်သားယူလိုက်တာ့ ကျွန်တော်လည်း မခံချင်စိတ်နဲ့ တပ်ထဲဝင်လိုက်တာပါပဲဗိုလ်မှူးရာ၊ ကျန်တာတော့မရှိပါဘူး''

''ဘယ်လိုလုပ်ပြီး ခမ်းမောင်ကနေ ခင်မောင်ဝင်း ဖြစ်လာရတာလဲ''

''ကိုယ့်ဟာကိုယ်စိတ်နာပြီး ဇာတ်မြုပ်ချင်တာကြောင့်ပါ''

''ကော့မိုင်ကရော ဘာဖြစ်လို့ မကျင်မြဖြစ်သွားတာတဲ့လဲ''

''အဲဒါတော့ သူ့ပဲမေးတော့ ဗိုလ်မှူးရေ၊ ဆရာကြီးဇော်နောင်က အရင်တပ်မှာ လက်ထပ်ခွင့်တင်ကတည်းက ပြောင်းခိုင်းတာလို့ ပြောတာပါပဲ''

''အေးလေ၊ မင်းအမျိုးသမီးက အသားကသိပ်ဖြူတော့ ကချင်မထင်ရဘူးကွ၊ နာမည်ကလည်း မကျင်မြလို့မှည့်ထားတော့ တရုတ်နာမည်နဲ့တူနေတော့ တရုတ်လို့ ထင်နေတာ၊ လက်စသတ်တော့ ကချင်မလေးကိုး''

''ဩော်–မင်းတို့ဇာတိက . . .''

''လားရှိုးအရှေ့က မန်စီရွာကြီးကလေ ဗိုလ်မှူးရဲ့''

''ဩော် အေးအေး၊ ငါရောက်ဖူးတယ်ကွ၊ မင်းတို့ရွာကြီးက ကချင်တစ်ဝက်၊ ရှမ်းတစ်ဝက်ပဲ၊ အုပ်ချုပ်တာကတော့ ကချင်လူကြီးတွေပဲ၊ ဩော် မင်းတို့က အဲဒီကကိုး၊ ဒါဆို မင်းကျောင်းသွားနေတာက''

''လားရှိုးမှာပါ''

''တပ်ထဲဝင်တော့ရော''

''ကော့မိုင်သတင်းကြားလို့ ရွာပြန်စုံစမ်းတော့ မှန်နေတာနဲ့ လားရှိုးပြန်လာပြီး စာမေးပွဲတောင်မဖြေတော့ဘဲ လားရှိုးစစ်သားစုဆောင်းရေးကနေ တပ်ထဲဝင်လိုက်တော့တာပါပဲ ဗိုလ်မှူးရယ်''

''ဒီရောက်တော့ မင်းကောင်မလေးနဲ့ ပြန်တွေ့တော့ရော ဘယ်နဲ့လဲ၊ ဘယ်လိုခံစားရလဲ''

''ဘယ်လိုခံစားရမှာလဲ ဗိုလ်မှူးရာ၊ သူများမိန်းမဖြစ်နေပြီပဲ၊ မကြုံအောင်၊ မဆုံအောင် နေရတော့တာပေါ့''

''သူ့ယောကျ်ားကရော မင်းတို့ဇာတ်လမ်းတွေမသိဘူးလား''

''မသိဘူးဗိုလ်မှူးရဲ့''

''ဒါပေမယ့် ဆရာကြီးဇော်နောင်က စိတ်သဘောထားတော်တော်ကောင်းတယ်ဗျ၊ အစကတော့ ကျွန်တော့်အချစ်ကိုလုသွားတဲ့လူဆိုပြီး သူ့ကိုအမြင်မကြည်မိခဲ့ဘူး၊ ဒါပေမဲ့လက်နက်ကြီးတပ်ခွဲ၊ စက်လက်တပ်စုမှာ သူက တပ်စုတပ်ကြပ်ကြီး၊ ကျွန်တော်က စက်လက်သမားနဲ့ အတူနေရတော့မှ သူ့စိတ်သဘောထားကောင်းမှန်း အောက်လက်ငယ်သားကို ညှာတာတတ်မှန်းသိတယ်ခင်ဗျ၊ ပြီးခဲ့တဲ့အပတ် စစ်ဆင်ရေးမှာ ကျသွားတာလည်း မိုင်းထိသွားတဲ့ ရဲဘော်သွားသယ်ရင်း သူထပ်ပြီး မိုင်းထိကျသွားတာခင်ဗျ''

''ဩော်''

ဟုတ်ပေမည်။ ကျွန်တော်ဒီရောက်ခါစကပင် ဆရာကြီးဇော်နောင်ကိုသတိထားမိ၏။ အရပ်အမောင်းကောင်းကောင်းနှင့် ယောကျ်ားပီသသော ရုပ်လက္ခဏာရှိသည်။ အပြောအဆို ယဉ်ကျေးသိမ်မွေ့သည်။ အလိုက်သိတတ်သည်။ ရိုသေကျိုးနွံသည်။ အားကစားဘက်စုံထူးချွန်သည်။ တပ်ရင်းအမျိုးသားဘော်လီဘောလက်ရွေးစင်လည်းဖြစ်သည်။ သူ့ကို ကျွန်တော် စသတိထားမိသည်မှာလည်း မကွေးတပ်နယ်ဘော်လီဘောပြိုင်ပွဲ၌ဖြစ်၏။ သူက အခုတ်၊ အရိုက်၊ အဆယ်အမ၊ အပင့်အထောင်၊ အားလုံးကောင်းသူဖြစ်၏။

ထို့ကြောင့်လည်း တပ်ရင်းမှူးကြီးက Promotion ပေးပြီး ဌာနချုပ်သို့ခေါ်လိုက်ခြင်းဖြစ်၏။

သူကောင်းပြုခံရမှ သူ ကျေးဇူးသွားခဲ့သည်။

သူ့ကံက ဒီလောက်ပဲပါတာဖြစ်ပါမည်။

+ + + + + +

ခင်မောင်ဝင်းက သူ့ဇာတ်ကြောင်းကို ဆက်ပြန်ပါသည်။

တပ်ပြန်ဝင်တော့ သူ ကော့မိုင်ဆီ အပြေးအလွှားရောက်သွား၏။

''နင် ငါ့ဆီ လာသေးတယ်နော် ခမ်းမောင်''

''လာရမှာပေါ့နော်၊ ဒီအချိန်မှာ ငါ နင့်ကိုစောင့်ရှောက်ရမှာပေါ့၊ နင် ကလေးငယ်လေးတွေနဲ့ ဘာလုပ်မယ်စိတ်ကူးသလဲ ကော့မိုင်၊ ရွာပြန်မှာလား''

''ရွာပြန်လို့တော့မဖြစ်ပါဘူးဟာ၊ ငါ့ အဖေနဲ့အမေက ဆုံးပြီ၊ ငါသွားပြီး သိပ်မကြာဘူး၊ ရွာမှာ အဖေနဲ့အမေ နင်နဲ့တွေ့ပြီးတဲ့နောက် ငါ့ကြောင့် အသတ်ခံရတယ်လေ၊ နင်မသိဘူးလား''

''ငါ မကြားမိပါဘူးဟာ၊ အားလုံးကို ဇာတ်မြုပ်ပြီး ငါမေ့ထားတာ၊ အဟောင်းတွေ အသစ်ဖြစ်မှာစိုးလို့၊ ထားပါ၊ နင် အခု ဘာလုပ်မှာလဲ၊ အဲဒါ ငါသိချင်တယ်''

''ဘာလုပ်ရမှန်း မသိသေးပါဘူးဟာ၊ ငါ့ခေါင်းတွေလည်း ပူထူနေပါပြီ''

''နင် စိတ်မဆိုးနဲ့နော်၊ နင်လက်ခံရင် နင့်ကိုငါလက်ထပ်မယ်၊ ဒီတစ်ခါတော့ ငါ့ကိုလက်ထပ်ခွင့်ပြုပါဟာ၊ အရင်တစ်ခါ နင့်ကို ငါလက်လွှတ်ခဲ့ရပြီးပြီ ဒီတစ်ခါတော့

နင့်ကို ငါ လက်မလွတ်ပါရစေနဲ့တော့''

''ငါ အပျိုမဟုတ်တော့ပါဘူးခမ်းမောင်ရယ်၊ နင် ငါ့ကိုချစ်သေးလို့လား၊ လိုချင်သေးလို့လား''

''ဘယ်လိုပြောလိုက်တာလဲ ကော့မိုင်ရယ်၊ ငါ နင့်ကိုအမြဲချစ်နေတာ၊ ဟိုတုန်းကလည်း ချစ်တယ်၊ အခုလည်းချစ်တယ်၊ နောင်လည်းချစ်မယ်၊ ဒီတပ်ရောက်တုန်းက နင်နဲ့တွေ့လို့ တပ်ပြောင်းရမယ့်ဟာတောင် ငါမပြောင်းဘူး၊ လူကြီးတွေရအောင်ပြောပြီး ဆက်နေတာ၊ နင့်မျက်နှာလေးကိုမြင်နေရလို့ သိလားကော့မိုင်''

''အို ခမ်းမောင်ရယ်''

+ + + + + +

ငယ်ကအချစ် နှစ်တစ်ရာမမေ့သာသည်

''ကျွန်တော့်ဇာတ်လမ်းက အဲဒါပါပဲ ဗိုလ်မှူးခင်ဗျား''

''ဩော် အေး၊ လွမ်းမောစရာပါလားကွာ''

ဆရာခင်မောင်ဝင်းမင်္ဂလာဆောင်သို့ ကျွန်တော်သွားခဲ့ပါသည်။ တပ်ရင်းမှူးကြီး၏ ခွင့်ပြုချက်ဖြင့် တပ်ရင်းခန်းမဆောင်ကြီးတွင် ပြုလုပ်သည့် အသားညှိညှိုဖြင့် ရှမ်းဧချိတ် ဆရာခင်မောင်ဝင်းက ပိုးပုဆိုအနီ၊ တိုက်ပုံအဖြူနှင့် အသားဖြူဖြူ မကျင်မြဲ၀ါ ကော့မိုင်လေးက သတို့သားနှင့်ဆင်တူ ပိုးထဘီ အနီအပေါ်က ကျိုင်းတုံဇာအနီနှင့် ကလေးအမေဟုမထင်ရအောင် လှပနေ၏။ လှပေမပေါ့။ အသက်ကလည်း ရှိလှမှ နှစ်ဆယ့် လေးငါးနှစ်ထက် ပိုအံ့မထင်။

သူတို့စုံတွဲက ကျွန်တော့်ကို ထိုင်ကန်တော့်ကြသည်။ ကျွန်တော်က လူကြီးလုပ်ပြီး ဆုတွေပေးရ၏။ စစ်သားမို့ ဘာဆုမှ ကောင်းကောင်းမပေးတတ်ပါ။ ဘုန်းကြီးပါစေ၊ အသက်ရှည်ပါစေလောက်နဲ့စပြီး နိဂုံးချုပ်တော့---

''ကဲ ဒီလင်၊ ဒီမယား အိုအောင်မင်း အောင်ပေါင်းကြရပါစေဗျား''ဟုသာ ဆုပေးနိုင်တော့၏။ သူ့တပ်ခွဲမှူးဗိုလ်ကြီးသန်းဝင်းကတော့ သူ့တပည့်ဇနီးမောင်နှံအသစ်စက်စက်ကိုကြည့်ပြီး ဝိတိတွေဖြင့် မုဒိတာပွားနေပုံရ၏။

ကျွန်တော်ကဆုပေးသည်။ သတို့သမီးအား လက်ဖွဲ့ငွေများချီးမြှင့်လိုက်သည်။ ပြီးတော့ နှုတ်ဆက်ပြီး ပြန်ရန်ပြင်လိုက်၏။ ထိုအခိုက် မင်္ဂလာဆောင်လော်စပီကာက လူငယ်ကြိုက်သီချင်းများကို ရပ်လိုက်ပြီး အဆိုတော်ဦးသန်းဖေလေးရဲ့''ငယ်ကချစ် အနှစ်တစ်ရာ''သီချင်းကို ပြောင်းဖွင့်လိုက်သည်။

''ငယ်ကချစ် အနှစ်တစ်ရာ+++မမေ့သာသည်+++တည်ကြည်ခိုင်မြဲ+++ချစ်ခဲ့ကြသည်မို့လည်း +++ရေမြေနယ်ခြား+++ဘဝဆိုတာများမရေရာ+++အခြေအနေခြားတာလည်း+++ချစ်ခြင်းမေတ္တာယုံကြည်ချက်နဲ့ မဆိုင်ပြီ+++ဒီဘဝ ဒီကမ္ဘာဆီ+++သြော် ဒီတစ်သက်ကိုမှ ချစ်တတ်လေသည့် အမြဲ



+++ နောင်လည်းချစ်လို့နေမည်''

ကိုယ်ချစ်ရသူက စစ်သားနှင့်ရုတ်ချည်း အိမ်ထောင်ပြုသွားသည်။ ထိုအခါ မခံချင်စိတ်နှင့်သူလည်း ကျောင်းမှချက်ချင်းထွက်ပြီး စစ်သားလုပ်လိုက်၏။ ကံကြမ္မာ၏လှည့်စားမှုကြောင့် စစ်သားဖြစ်တော့ တစ်တပ်ထဲ ပြန်ဆုံနေ၏။ သိပ်မကြာလိုက်ပါ။ သူမခင်ပွန်းစစ်မြေပြင်တွင် ကျဆုံးသွားခဲ့သည်။ ထိုအခါ ချစ်သူခမျာ ဇာတိကိုမပြန်နိုင်၊ မိဘတွေကလည်း မရှိတော့။ ကလေးငယ်နှစ်ဦးနှင့် မျက်စိသူငယ်နားသူငယ်။

သူ့အချစ်စစ်ကိုသက်သေပြရန် မုဆိုးမချစ်သူကို သူလက်ထပ်လိုက်သည်။

''တော်ပါပေတယ် ဆရာခင်မောင်ဝင်းရယ်''

ကျွန်တော်က ဆရာခင်မောင်ဝင်းအား စိတ်ထဲမှချီးကျူးလိုက်၏။

မင်္ဂလာခန်းမနှင့် ကျွန်တော့်အိမ်က မဝေးလှသည်မို့ ခြေလျင်ပြန်ခဲ့သည်။ လမ်းတွင် အထက်ပါအတိုင်း အတွေးပွားလာမိ၏။ မင်္ဂလာဆောင်မှ သီချင်းသံကမူ ဝန်းကျင်တစို ပျံ့လွင့်နေဆဲ။

''ဟိုး ရှေးကာလဘဝ ဘဝတွေများမှာ +++ယခုထိတိုင်သာ+++ ရောမြစ်ရေပြင်သည် +++အမိမြေကမ္ဘာဆီ+++ စီးဆင်းနေမြဲဖြစ်သည်+++ဒီအသိတရားနဲ့ သံယောဇဉ်ကြိုးဖွဲ့နောင်ချည်+++ဖြစ်လာသမျှ အရေးအခင်းကိုလည်း+++တွေးရင်းနဲ့ပဲ တဝဲလည်လည်မို့ +++ငယ်ကချစ် အနှစ်တစ်ရာမမေ့သာသည် +++''

သီချင်းဆုံးသွားပြီ။

ကျွန်တော်ဆုတောင်းပေးလိုက်ပါသည်။

ရှမ်းကလေးခမ်းမောင်နဲ့ ကချင်မလေး ကော့မိုင်၊ သို့မဟုတ် ဒုတိယတပ်ကြပ်ခင်မောင်ဝင်းနဲ့ မကျင်မြလေးတို့ရဲ့ အိမ်ထောင်ရေး သက်ဆုံးတိုင် ရာသက်ပန် ရိုးမြေကျပေါင်းရပါစေသတည်း။ ။

သောင်းဝဦး

ဘယ်လိုပြောလိုက်တာလဲ ကော့မိုင်ရယ်၊ ငါ နင့်ကိုအမြဲချစ်နေတာ၊
ဟိုတုန်းကလည်း ချစ်တယ်၊ အခုလည်းချစ်တယ်၊ နောင်လည်းချစ်မယ်၊
ဒီတပ်ရောက်တုန်းက နင်နဲ့တွေ့လို့ တပ်ပြောင်းရမယ့်ဟာတောင် ငါမပြောင်းဘူး၊

ကြော်ငြာများ ဖိတ်ခေါ်ခြင်း

City Magazine အား

နိုင်ငံတစ်ဝန်းရှိ ပြန်ကြားရေးဝန်ကြီးဌာန၊

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏

မြို့နယ်စာကြည့်တိုက်များနှင့်

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ

မြို့နယ်အသီးသီးသို့ ဖြန့်ချိထုတ်ဝေလျက်ရှိပါသည်။

ဈေးနှုန်းချိုသာပြီး အရည်အသွေးပြည့်မီတဲ့ မိတ်ဆွေတို့ရဲ့

ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို

City Magazine မှာ

အခုပဲကြော်ငြာထည့်ပြီး

ရန်ကုန်မြို့တော် အနှံ့မှာရှိတဲ့ ဈေးကွက်တွေကို

သိမ်းပိုက်ကြပါစို့

ဆက်သွယ်ရန်လိပ်စာ

City Magazine
ဟံသာဇာလမ်းနှင့် ကမ်းနားလမ်းထောင့်၊ ကြည့်မြင်တိုင်မြို့နယ်။
Ph-0973091587, 09420170940